http://www.dhammadownload.com

၂၂၀၀

ဗုဒ္ဓအဘိဓမ္မာ

လျင်မြန်လွယ်ကူစွာ တတ်မြောက်စေနိုင်သော

# အဘိဓမ္မာလက်ဆောင်

စာပေအမှတ်စဉ်-၁၆

## အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပဉ္စမအကြိမ်

သာသနာနှစ် ၂၅၅၂ | ကောဇာ ၁၃၇၀ | ခရစ်နှစ် ၂၀၀၉

(အင်းစိန်)အရှင်တိလောကာဘိဝံသ ▼ အဘိဓမ္မာလက်ဆောင်

http://www.dhammadownload.com

၂၂၀၀

ဗုဒ္ဓအဘိဓမ္မာ
လျင်မြန်လွယ်ကူစွာ တတ်မြောက်စေနိုင်သော

# အဘိဓမ္မာလက်ဆောင်



စာပေအမှတ်စဉ်-၁၆

## အရှင် တိလောကာဘိဝံသ (အင်းစိန်)

ပဉ္စမအကြိမ်

| သာသနာနှစ် | ကောဇာ | ခရစ်နှစ် |
|---|---|---|
| ၂၅၅၂ | ၁၃၇၀ | ၂၀၀၈ |

အဘိဓမ္မာလက်ဆောင် ▼ အရှင် တိလောကာဘိဝံသ (အင်းစိန်)

http://www.dhammadownload.com

အဘိဓမ္မာ သင်ကြားပို့ချလိုသူများ အတွက်
အထူးစီစဉ်ထားသော

# အဘိဓမ္မာလက်ဆောင်

ဗုဒ္ဓအဘိဓမ္မာ နားလည်တတ်သိရန်နှင့် ဝိပဿနာအခြေခံ နာမရူပ
ပရိစ္ဆေဒဉာဏ် ရင့်သန်ဖို့အတွက် အခွင့်ကောင်းကြီးကြုံနေပါပြီ။
အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းလာ သရုပ်, အဓိပ္ပါယ်များနှင့်
အဘိဓမ္မာဆိုင်ရာ သဘောတရားများကို အချိန်အတိုဆုံးဖြင့်
လွယ်ကူစွာ တတ်မြောက်နိုင်အောင် စီစဉ်ထားသည်။

ဤကျမ်း၌

* သက်သာလွယ်ကူသော စနစ်များ
* ဆန်းသစ်သော စနစ်များ
* မမေ့ပျောက်အောင် မှတ်နည်းများပါဝင်ပါသည်။

မည်သူမဆို လိုလား၍ ကြိုးစားသူဖြစ်က ၁လ၊ ၂လ၊ ၃လ (သို့မဟုတ်) သုံးလအတွင်းမှာပင် သင်္ဂြိုဟ်(၉)ပိုင်းလုံး တတ်မြောက်နိုင်ပြီး အဘိဓမ္မာစာမေးပွဲများကို မုချဖြေဆိုနိုင်ပါလိမ့်မည်။

စာအုပ်ရရှိနိုင်သောဌာန

စာပေထိန်းသိမ်းရေးအဖွဲ့
သိမ်ကျောင်းဆောင်
ရွှာမပရိယတ္တိစာသင်တိုက်
အင်းစိန်မြို့။
ဖုန်း- ၀၁-၆၄၀၀၇၅

GRAPHIC
NAY WINN AUNG

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

## ဗုဒ္ဓအဘိဓမ္မာ

## လွယ်ကူစွာတတ်မြောက်စေနိုင်သော

# အဘိဓမ္မာလက်ဆောင်

စာပေအမှတ်စဉ်- ၁၆

**အရှင်တိလောကာဘိဝံသ (အင်းစိန်)**

သာသနာ- ၂၅၅၂-ခု၊ ကောဇာ- ၁၃၇၀၊ ခရစ်- ၇- ၁- ၂၀၀၉။

http://www.dhammadownload.com

# အဘိဓမ္မာလက်ဆောင်

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၂/၂၀၀၄ (၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၆၈/၂၀၀၄ (၅) |
| ထုတ်ဝေခြင်း | စတုတ္ထအကြိမ်<br>၂၀၀၄-ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးအောင်မြတ်သူ (၀၃၉၇၆)<br>ပြည့်မြန်မာစာအုပ်တိုက်<br>အမှတ် ၁၈၈၊ ဒု(ဝဲ)၊ ၃၈လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးတင်အောင်ကျော် (၀၇၀၅၃)<br>စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် ၈၇၊ ၅၆-လမ်းတို၊<br>ပုဇွန်တောင်မြို့နယ်။ |
| ဖြန့်ချိရေး | စာပေထိန်းသိမ်းရေးအဖွဲ့<br>သိမ်ကျောင်းဆောင်<br>ရွာမပရိယတ္တိစာသင်တိုက်<br>သံမဏိစက်ရုံလမ်း၊ ရွာမ၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၆၄၀၀၇၅ |

တန်ဘိုး ၁၈၀၀ ကျပ်

http://www.dhammadownload.com


## အဘိဓမ္မာလက်ဆောင်

အဘိဓမ္မတ္ထ(သင်္ဂြိုဟ်)ကျမ်းသည်ဘုရားရှင်အဘိဓမ္မာ(၇)ကျမ်း၌ ဟောတော်မူအပ်သော အနက်အဓိပ္ပာယ်တို့ကို တိုတိုကျဉ်းကျဉ်း, ရှင်းလင်း, လွယ်ကူစွာ တတ်သိအောင်ရေးထားသော ကောင်းမြတ်သည့် ကျမ်းဖြစ်သည်၊ ထိုသို့ ကောင်းမြတ်သည့် ကျမ်းဖြစ်သော်လည်း ပါဠိဘာသာ မကျွမ်းကျင်သူများအတွက် ထိုကျမ်း၏ အရသာကို မခံစားကြရပေ။

## အဘိဓမ္မာသင်ကြားနည်း

ဗုဒ္ဓအဘိဓမ္မာတတ်သိရန် အခြေခံအဖြစ် အရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို နည်းအမျိုးမျိုးဖြင့် သင်ကြားပေးကြ၏၊ ရှင်, ရဟန်းများသည် ပါဠိကျက်, အနက်တက်၊ အဓိပ္ပာယ်ရှင်းလင်းပြ သရုပ်ခွဲစသည်ဖြင့် ပင်ပန်းကြီးစွာ အဆင့်ဆင့် သင်ကြားတတ်မြောက် ကြရသည်၊ လပေါင်းများစွာ နှစ်ပေါင်းများစွာလည်း အချိန်ယူကြရသည်။

ပါဠိဘာသာမကျွမ်းကျင်သည့် လူဝတ်ကြောင်များကတော့ *ပါဠိကျက်, အနက်တက်၍ ပါဠိအဓိပ္ပာယ်ရှင်း*–ဟူသော အဆင့်များကို ခုန်ကျော်ပြီး *သရုပ်ကျက်မှတ်, ခွဲစိတ်* အဆင့်မှစ၍ သင်ယူကြသဖြင့် အချိန်တိုအတွင်း သက်သာလွယ်ကူစွာ တတ်မြောက်ကြရုံသာမက အဘိဓမ္မာ၏ အရသာကိုလည်း လျင်မြန်စွာ ခံစားကြရသည်။

စာရေးသူသည် အဘိဓမ္မာအခြေခံတတ်သိလိုသော အချို့ဒါယကာ, ဒါယိကာမများ အတွက် သင်ပေးဘို့ရာ အခွင့်ကြုံလာရပါသည်၊ စာအုပ်စာတမ်းစသည့် စာသင်အထောက်အကူ ပစ္စည်းကိရိယာများအဆင်သင့်မရှိသဖြင့် စာအုပ်လွတ် သက်သာလွယ်ကူစွာ တတ်မြောက်အောင် သင်ပေးသည့်နည်းကို စဉ်းစားရပါသည်၊ မိမိဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများမှ ယခု လက်ရှိသင်ယူသူများနှင့် သင့်လျော်အောင် အစွမ်းကုန် စဉ်းစားထုတ်ယူလိုက်သောအခါ –

၁။ ယခင်က သာမန်သိမှတ်ခဲ့သည်များလည်း ရှင်းလင်းသွားပါသည်။

၂။ သက်သာ, လွယ်ကူ, ရှင်းလင်းသည့် စနစ်များကိုလည်း ရရှိလာပါသည်။

၃။ မမေ့ပျောက်အောင် ထိန်းသိမ်းသည့် စနစ်များကိုလည်း ရရှိလာပါသည်။

၄။ စနစ်ဟောင်းများမှ ယူသင့်ရာကို ယူ, နှုတ်သင့်ရာကို နှုတ်, ဖြည့်စွက်သင့်ရာ ကို ဖြည့်စွက်ပြီး စုစည်းတင်ပြသည့် အဖိုးတန်နည်းများကိုလည်း ရရှိခဲ့ပါသည်။

http://www.dhammadownload.com


အဆိုပါ နတ်သုဒ္ဓါ အဆီခဲကို အနာဂတ် စာချ, စာသင် ရှင် လူ များအတွက် လက်ဆောင် ကောင်း ပေးလို၍ ဤစာအုပ်ကို ရေးသားရခြင်း ဖြစ်ပါသည်။

ကျမ်းပြုဆရာတော်

## တိုက်တွန်းချက်

စာချစာသင် အရှင်များကို တိုက်တွန်းပါရစေ–ပါဠိအနက်မှ တစ်ဆင့် သရုပ်ခွဲ သည့်နည်း များမှာရှေးခေတ်ရှင်,ရဟန်းများအတွက်အထူးသင့်လျော်သော်လည်းယခုခေတ်စာသင်သားများနှင့် သင့်လျော်မှုအားနည်းသွားပါသည်၊ မူလတန်းမှ ငယ်၊ လတ်၊ ကြီး အဆင့်အထိ အနည်းဆုံး လေးနှစ်ခန့်သင်ကြားရသော်လည်း သရုပ်မကြေသော စာသင်သားတွေသာ များပါသည်။ ထို့ကြောင့် သရုပ်ကျက်မှတ် ခွဲစိတ် အဆင့်မှ စတင် သင်ကြားလျှင် ညံ့ဖျင်းသည့် စာသင်သား ဖြစ်စေကာမူ ၆–လမှ တစ်နှစ်ခန့်ဖြင့်ပင် သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ကြေပွန်စေပါသည်၊ ဉာဏ်ကောင်းသူဖြစ်က ၁–လ ၂–လ ၃–လ ခန့်ဖြင့်ပင် သင်္ဂြိုဟ် ၉–ပိုင်း သရုပ်ကျွမ်းကျင် နိုင်ပါသည်၊ ထိုသို့သရုပ် ကျေပွန်ပြီးမှ ပါဠိအနက်ကို သင်လျှင် သင်္ဂြိုဟ်တတ်လွယ်သော နည်း စနစ် ကောင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# လေ့လာရန်အစီအစဉ်

အဘိဓမ္မာ၏ အနှစ်ချုပ်မှာ စိတ်, စေတသိက်,ရုပ်,နိဗ္ဗာန်တို့ သာဖြစ်သည်၊ ထိုလေးပါး တွင် စိတ်, စေတသိက်,ရုပ်တို့၏သရုပ်သဘောဆိုင်ရာကိုရှေးဦးစွာသင်ပေးရန် ဖြစ်သည်၊ ထိုသို့သင်ရာ၌ မြတ်စွာဘုရား၏ဟောကြားပုံကို နည်းယူ၍သင်လျှင် ပို၍သဘာဝကျသည်။

မြတ်စွာဘုရားသည် ခန္ဓဒေသနာ၌ ရုပ်ကိုဦးစွာဟောသည်၊ ထို့နောင် စိတ်အမျိုးမျိုး ဖြစ်အောင်ချယ်လှယ်တတ်သော စေတသိက်ကို ဟောသည်၊ ထို့နောင်မှ စိတ်အကြောင်းကို ဟောသည်။ ထိုသည့် ဘုရားရှင်၏ နည်းစနစ်ကိုယူ၍ –

၁။ ရုပ်အကြောင်း

၂။ စေတသိက်အကြောင်း

၃။ စိတ်အကြောင်း ဤအစဉ်ဖြင့် သင် သင့်ပါသည်၊

ထိုသို့သင်ရာ၌လည်း စာသင်သားအခြေအနေကို ကြည့်၍ လိုအပ်သလောက်သာ သင်ရမည်။

http://www.dhammadownload.com


## ပထမဆင့်

ရှေးဦးစွာ ပထမဆင့်အနေနှင့် ရုပ် ၂၈–ပါး၊ စေတသိက် ၅၂–ပါး၊ စိတ် ၈၉–ပါး သရုပ်သဘောများ ရင်းနှီးထားဘို့ အကျွမ်းတဝင် ရှိထားဘို့ လိုအပ်ပါသည်၊ အချို့ လူဝတ်ကြောင် ပုဂ္ဂိုလ်များအတွက်ဆိုလျှင် အဆိုပါ စိတ်, စေတသိက်, ရုပ် အရေအတွက် ရင်းနှီးပြီးနောက် သမုစ္စည်းပိုင်းကို သင်ပေးထားရုံမျှနှင့်ပင် အဘိဓမ္မာအခြေခံ နားရည်ဝသွားနိုင်ပါသည်။

မှန်ပါသည်၊ သမုစ္စည်းပိုင်းသည် ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ်၌လာသော အဘိဓမ္မာ ဝေါဟာရများကို စုစည်းတင်ပြထားခြင်းဖြစ်သည်။

## ဒုတိယဆင့်

တဖန် ဒုတိယအဆင့်အနေနှင့် ရူပသမုဋ္ဌာန်, ရုပ်ကလာပ်, ရုပ်ဖြစ်စဉ်များနှင့် စေတသိက် ဆိုင်ရာ သမ္ပယောဂနည်းကို သင်ပေးသင့်ပါသည်။

## တတိယဆင့်

တတိယဆင့်အနေနှင့် အခြားလိုအပ်ရာရာ သင့်လျော်သလိုသင်သင့်ပါသည်၊ အဆင့်တိုင်း အဆင့်တိုင်း၌လည်း အကြမ်းဖျင်းတစ်ခေါက်၊ အသေးစိတ်နှစ်ခေါက်, သုံးခေါက် သင်ပေးသင့် ပါသည်၊ တစ်ခေါက်တည်းဖြင့် ကြန့်ကြာစွာ အသေးစိတ် သင်ပေးလျှင် ငြီးငွေ့စိတ်ပျက်စရာ ကောင်းပါသည်။

လေ့လာရာ၌လည်း –

၁။ ဇယားများဖြင့် သရုပ်သဘောကို မှတ်သားပါ၊

၂။ မမေ့မပျောက်အောင် ဆောင်ပုဒ်ဖြင့် တွဲ၍ ကျက်မှတ်ပါ၊

၃။ လိုအပ်လျှင် ဆိုရိုးကို နှုတ်တိုက်ဖတ်ပါ၊

အဆိုပါစနစ်များဖြင့် သင်ကြားလျှင် သင်္ဂြိုဟ် ၉–ပိုင်းသရုပ် ပြမ်းပြမ်းကွဲ ကျေသွား နိုင်သည်။

http://www.dhammadownload.com

## တောင်းပန်လွှာ

ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသိ၊ သမ္ဘိဒါဉာဏ်ရ၊ သံဃိန္ဒတို့၊
ဘုရားမိန့်ရွတ်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍၊
ဆေးလေးကြပ်ကြပ်၊ အထပ်တစ်ရာ၊ တည်းဖြတ်ပါလည်း၊
အက္ခရာပုဒ်ဆွေး၊ မှားယွင်းသေး၏၊ ညစ်ကြေးစပ်ယှဉ်၊ ပုထုဇဉ်သာ၊
ငါတို့မှာကား၊ မမှားဘယ်သို့၊ ရှိလေမြို့လိမ့်၊ ယွင်းချို့အက္ခရာ၊
ပျက်ယိုရာ၌၊ ပညာကြီးရှင်၊ ငြမ်းကောင်းဆင်သို့၊ ပြင်စေသတည်း။

(ဥတောနပျို့)

ဤစာအုပ်ပါ လင်္ကာဆောင်ပုဒ်များမှာ–

* စကားလုံးသိပ်သည်းကျစ်လျစ်မှု၊
* အကြောင်းအရာ မှတ်လွယ်စေမှု၊
* ဆောင်ပုဒ် အရေအတွက် နည်းပါးစေမှု၊
* ကျက်မှတ်ရန် မလွယ်ကူသည့် ဆောင်ပုဒ်ရှည်ကြီးများ မဖြစ်စေမှု၊
* အကြောင်းအရာတစ်ခုကို ဆောင်ပုဒ်တစ်ခုထက် မပိုစေမှု –
  စသောအချက်များကို အလေးထား၍ ရေးသားထားပါသည်။

ထိုသို့ ရေးသားရသဖြင့် အဆုံးသတ်အချမ်များ ရှေ့နောက် ကာရန်သို့ မလိုက်ဘဲထားပါသည်၊ စကားလုံး သိပ်သည်း ကျစ်လျစ်မှုကို ဦးစားပေးရသဖြင့် သာမန် လူပြိန်းများ နားမလည်နိုင်သည့်အချက်များ များစွာပါရှိပါသည်။

အဘိဓမ္မာလက်ဆောင်ကျမ်း၏ အနှစ်ချုပ်ဆောင်ပုဒ်များကို တစုတဝေးတည်း အလွယ်တကူ ကျက်မှတ်နိုင်ရန် လင်္ကာဆောင်ပုဒ်သက်သက်သီးသန့် ထုတ်၍ စီစဉ်ထားပါသည်။

**ကျမ်းပြုဆရာတော်**

၁၃၅၆၊ ကဆုန်လဆန်း (၁၁)ရက် သောကြာနေ့

http://www.dhammadownload.com



# "တတိယအကြိမ် နှင့်စေတနာ"

အဘိဓမ္မာလက်ဆောင်ကျမ်းကို အဘိဓမ္မာသင်ယူလေ့လာသူများ အလွယ်တကူ သင်ယူလေ့လာနိုင်ရန် စီစဉ်ခဲ့ပါသည်၊ ပါဠိဘာသာတတ်ကျွမ်းသူ, မတတ်ကျွမ်းသူ ၂-မျိုးလုံးနှင့် သင့်လျော်အောင် စီစဉ်ထားပါသည်၊ ဆရာ့ထံ ချဉ်းကပ်သင်ယူရန် အချိန်မပေးနိုင်သူများ အတွက်လည်း အချိန်မရွေး လေ့လာဖတ်ရှုပြီး နားလည်းနိုင်ပါသည်၊ အထူးသဖြင့် ပါဠိဘာသာနှင့် မရင်းနှီးသူ အဘိဓမ္မာ သဘော သိရုံသက်သက် လေ့လာသူများအတွက် ရည်ရွယ်ပြီး စီစဉ်ထားခြင်းကြောင့် အချို့နေရာများ၌ သင်ရိုးပုံစံ မလိုက်ဘဲ စီစဉ်ခဲ့ပါသည်။

အဘိဓမ္မာလက်ဆောင်ကျမ်း ပထမအကြိမ်, ဒုတိယအကြိမ်တို့၌ အကြောင်းမျိုးမျိုးကြောင့်

- * စာလုံးများယွင်းခြင်း၊
- * အထားအသိုစနစ်မကျခြင်း၊
- * ဆိုလိုချက် မပြည့်စုံခြင်း၊
- * ပထမပြန်, အဘိဓမ္မာ စာမေးပွဲများအတွက် လိုအပ်ချက်များ ရှိနေခြင်း၊
- * ဆရာ့အကူအညီ မပါလျှင် သင်ရိုးနှင့် ဆက်စပ်မိရန် ခဲယဉ်းနေခြင်း

စသော ချို့ယွင်းချက်များ ပါရှိနေပါသည်၊ ဤတတိယအကြိမ်၌ကား အဆိုပါ ချို့ယွင်းချက်များကို ပြင်ဆင်, နုတ်ပယ်, ဖြည့်စွက်၍ စီစဉ်ထားပါသည်၊ ထိုသို့ စီစဉ်ရာ၌-

- * မူရင်းသင်္ဂြိုဟ်ကျမ်းလာ သင်ရိုးများအားလုံး ပါဝင်စေခြင်း၊
- * သင်္ဂြိုဟ်၌ တိုက်ရိုက်မလာသော်လည်း သိသင့်သော ဗဟုသုတများကို ဤကျမ်း၏ အတိုင်းအတာနှင့် သင့်လျော်ရုံ စုံနိုင်သမျှ စုံအောင် ဖြည့်စွက်ထားခြင်း၊
- * ယနေ့အချိန်အထိ စာချ, စာသင်များ လက်ကိုင်အသုံးပြုနေသော အဘိဓမ္မာသင်ရိုးစာအုပ် အမျိုးမျိုး၏ မသိမဖြစ်သော အဆိအနှစ်အားလုံး ပါဝင်စေခြင်း၊
- * စာမျက်နှာ နှစ်ရာကျော်ခန့်ဖြင့်ပင် သင်ရိုးအပြည့်အစုံပါဝင်အောင် ကျစ်လစ်သိပ်သည်းစွာ စီစဉ်ထားခြင်း၊
- * မမေ့ပျောက်စေရန်နှင့် တသက်လုံးစွဲမြဲနေစေရန် ကျစ်လစ်သိပ်သည်းသည့် ဂါထာ, လင်္ကာများဖြင့် မှတ်းမံ ပေးထားခြင်း၊
- * ကျမ်းညွှန်းများကိုလည်း သုတေသီများအတွက် စုံနိုင်သမျှ စုံလင်အောင် ညွှန်ပြထားခြင်း၊

(သင်္ဂြိုဟ်ကျမ်းကိုကား ဤကျမ်း၏ မူရင်းဖြစ်၍ အထူးမညွှန်းပါ။)

http://www.dhammadownload.com


* ဗေဿနှင့်ဆိုင်ရာ ဆိုရိုးများ, လင်္ကာဆောင်ပုဒ်များကို ပူးတွဲလေ့လာနိုင်ရန် အနီးကပ်ဆုံး စီစဉ်ထားခြင်း၊
* လင်္ကာဆောင်ပုဒ်များကိုလည်း ဆောင်ပုဒ်ဖြစ်ရုံမျှ မဟုတ်စေဘဲ ကျစ်လစ်သိပ်သည်းစွာဖြင့် အပိုအလိုမရှိ ထိထိ မိမိ ရေးသားထားခြင်း၊
* စကားပြေ အရေးအသားများ၌လည်း စကားလုံးဖောင်းပွမှု နည်းနိုင်သမျှ နည်းအောင် ပါသင့်သော အကြောင်းအရာများလည်း စုံလင်အောင်, ပါအောင် ရေးသားထားခြင်း၊

စသည် စသည်တို့ဖြင့် အသုံးပြုသူများ အကျိုးဖြစ်ထွန်းနိုင်သမျှ ဖြစ်ထွန်းအောင် စီစဉ်ထားပါသည်။

ဤစာအုပ်ကို စနစ်တကျ အသုံးပြုလေ့လာပါက အဘိဓမ္မာအခြေခံရရန်နှင့် သဂြိုဟ်ဘာသာအတွက် စာမေးပွဲများစွာ အောင်ပန်း ဆင်ခွဲနိုင်ရန် အဆင်သင့် ဖြစ်နေပါလိမ့်မည်။

ဤစာအုပ်သည် သင်ယူသူ စာသင်သားအတွက်ရော သင်ကြားပေးသူ စာချဆရာများ သင်ရိုးအတွက်ပါ လမ်းညွှန်ကောင်း အဖော်ကောင်း ဖြစ်ပါလိမ့်မည်။

စာရေးသူ ဖြတ်သန်းခဲ့ရသော စာသင်သားဘဝ ၁၆-နှစ်, စာသင်ဆရာဘဝ ၂၇-နှစ် စုစုပေါင်း ၄၃-နှစ် လုံးလုံး ဤဘာသာရပ်နှင့် မျက်ခြည်မပြတ် လေ့လာခဲ့ရသော ဗဟုသုတများမှ အဆီအနှစ်ထုတ်၍ ယနေ့ စာချ, စာသင်သားများနှင့် အသင့်တော်ဆုံးဖြစ်အောင် ပညာရှင်များ၏ အကြံဉာဏ်ကို ယူပြီး စီစဉ်ထားပါသည်။

**အထူးမှာလိုသည်မှာ**-ပါဠိ, အနက် ကျက်မှတ်မှု, သင်ပြမှု မတိုင်မီ ရှေ့ပြေးအဖြစ် ဤကျမ်းကို ကျက်မှတ်စေခြင်း, သင်ပေးခြင်းဖြင့် ပါဠိ, အနက်သင်ရာ၌ များစွာအထောက်အကူဖြစ်နိုင်ရုံမက သဂြိုဟ်ဘာသာအတွက် လုံလောက်သွားပါလိမ့်မည်။

၁၃၅၉-ခု၊ ဝါခေါင်လပြည့်ကျော် ၅-ရက်
(၂၃-၈-၉၇) စနေနေ့

အရှင်တိလောကာဘိဝံသ
ရွာမပရိယတ္တိစာသင်တိုက်
အင်းဝ။

http://www.dhammadownload.com


## စတုတ္ထအကြိမ် အတွက် သိစေချက်

အဘိဓမ္မာလက်ဆောင် ပထမ, ဒုတိယအကြိမ်တို့၌ ပါဠိမတတ်သူ လူဝတ်ကြောင်များအတွက် ရည်ရွယ်ပြီး စီစဉ်ခဲ့သဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းအသွားအလာနှင့် မတူသော အရာများ အတော် များများပါခဲ့သည်၊ တတိယအကြိမ် စီစဉ်ရာ၌ သင်္ဂြိုဟ်ကျမ်းနှင့် ညီနိုင်သလောက် ညီအောင် စီစဉ် ခဲ့ပါသည်။ သို့သော် အဓိကကျက်မှတ်စရာနှင့် အပို အဓိပ္ပါယ်များ ရောထွေးနေခြင်းကြောင့် သင်ကြားရာ၌ အခက်ခဲရှိကြောင်း အကြံပြုကြပါသည်။

ယခု စတုတ္ထအကြိမ် စီစဉ်ရာ၌ကား–

၁။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း သင်ရိုးနှင့် ညီအောင် စီစဉ်ခြင်း၊

၂။ သရုပ်ဆိုရိုးများ ကျက်မှတ်လွယ် ဆောင်ရွက်လွယ်အောင်, ရှေ့နောက် ညီနိုင်သလောက် ညီအောင် စီစဉ်ခြင်း၊

၃။ အဓိက ကျက်မှတ်စရာနှင့် အပိုမှတ်သားရန်များ သီးခြားစီ ခွဲခြားထားခြင်း၊

၄။ အပိုမှတ်သားရန်များကို အောက်ခြေမှတ်ချက်၌ ထားခြင်း၊ နောက်ဆက်တွဲ အဖြစ်ထားခြင်း၊

၅။ ပစ္စည်းပိုင်း ပဋ္ဌာန်းနည်း၌ ပ, ဒု, တ အကြိမ်တို့၌ သင်္ဂြိုဟ်သင်ရိုးမလိုက်ဘဲ ပဋ္ဌာန်းသင်ရိုးအတိုင်း စီစဉ်ခဲ့ပါသည်၊ ယခု စတုတ္ထအကြိမ်၌ကား သင်္ဂြိုဟ်သင်ရိုးအတိုင်း ပြန်ပြီး စီစဉ်၍ ပဋ္ဌာန်း အခြေခံများကို နောက်ဆက်တွဲအဖြစ် စီစဉ်ခြင်း–စသည်ဖြင့် စနစ်တကျ စီစဉ်ထားပါသည်။ ထို့ကြောင့်–

**ယခု စတုတ္ထအကြိမ် ထွက်ပေါ်လာသော အဘိဓမ္မာလက်ဆောင်ကျမ်းသည်–**

၁။ ဗုဒ္ဓ အဘိဓမ္မာလေ့လာလိုသူ မည်သူမဆို လွယ်ကူ ရှင်းလင်းစွာ လေ့လာနိုင်အောင်,

၂။ ဤဘာသာရပ်တစ်ခုတည်း တစ်နေ့ ၁–နာရီခန့် မှတ်မှတ်သားသား စူးစိုက်လေ့လာလျှင် ၂–လ, ၃–လ ခန့်ဖြင့် သင်္ဂြိုဟ်ဘာသာ ထူးချွန်သူ ဖြစ်လာနိုင်အောင်,

၃။ သင်္ဂြိုဟ်ဘာသာ အခြေခံခိုင်မာလိုသူများ အတွက် ဤစာအုပ်တစ်အုပ်တည်းဖြင့်ပင် ကိစ္စပြီးနိုင်အောင်, (ဤစာအုပ်ဖြင့် အခြေခံ ခိုင်မာပြီးနောက် အခြားစာအုပ်များ လေ့လာလျှင် အခက်ခဲ မရှိနိုင်တော့ပါ)

၄။ သင်္ဂြိုဟ်ဆိုင်ရာ ရှေးမီ နောက်မီ စာအုပ်ပေါင်းမြောက်များစွာ၏ အခြေခံ အဆီအနှစ်အားလုံးကို ဤ တစ်အုပ်တည်း တစ်နေရာတည်းမှာပင် ဆည်းပူးခွင့်ရရှိနိုင်အောင် စသည့်ဖြင့် အဘိဓမ္မာ အခြေခံ လိုလားသူများအား လျင်မြန်, လွယ်ကူ, ထိရောက်စွာ ကျေးဇူးပြုပါလိမ့်မည်။

http://www.dhammadownload.com



**ရည်သန်ချက်–**

မိမိ၏ ကျမ်းစာများမှ မည်သည့် အကြောင်းအရာမဆို လိုအပ်သူများ လိုအပ်သလို အသုံးပြုနိုင်ရန် ခွင့်ပြုပါသည်၊

**ပြစ်တင်ဝေဖန်ခြင်း၊**

**ကဲ့ရဲ့ရှုတ်ချခြင်း၊**

အကြံပြုခြင်း–စသည် စသည် မည်သည့် ကျေးဇူးမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။ သင့်လျော်သည့် အကြံပြုချက်များကို နောက်အကြိမ်များ၌ ထည့်သွင်းပါမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၁၃၆၆–ခု ကဆုန်လပြည့်ကျော် (၁)ရက် ၄–၅–၂၀၀၄ အင်္ဂါနေ့

**အရှင်တိလောကာဘိဝံသ**
ဗွာမေဝရိယတ္တိစာသင်တိုက်
အင်းစိန်၊ ရန်ကုန်။

## ပဉ္စမအကြိမ် အတွက် သိစေချက်

စတုတ္ထအကြိမ်အထိ ပစ္စည်းပိုင်း, ကမ္မဋ္ဌာန်းပိုင်းတို့၌ သင်္ကြိုဟ်သင်ရိုးနှင့် သိပ်မတူတတ်ပါ။ ဤပဉ္စမအကြိမ်၌ကား ပစ္စည်းပိုင်း, ကမ္မဋ္ဌာန်းပိုင်းတို့၌လည်း သင်္ကြိုဟ်သင်ရိုးနှင့်တူအောင် ပြန်ညှိထားပါသည်၊ အထူးအားဖြင့် ကမ္မဋ္ဌာန်းပိုင်း၌ သင်္ကြိုဟ်ဟာကရာနိသာယကို မူတည်၍ ဆိုရိုးများ ပြုထားပါသည်၊ သင်္ကြိုဟ်သင်ရိုးနှင့်ညီအောင် ပြုပြင်ပေးခြင်းသာ ဖြစ်ပါသည်၊ လွယ်ကူစွာ သင်နိုင်ကြပါစေ။

၁၃၇၀–ပြည့်၊ ပြာသိုလဆန်း (၁၂)ရက်၊ ၇– ၁– ၂၀၀၉၊ ဗုဒ္ဓဟူးနေ့။

**အရှင်တိလောကာဘိဝံသ**
ဗွာမေဝရိယတ္တိစာသင်တိုက်
အင်းစိန်၊ ရန်ကုန်။

http://www.dhammadownload.com


# မာတိကာ


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းအမှာများ | က–မှ ဈ |
| ၂။ | လက်ာကဏ္ဍ | ၁–မှ ၃၁ |
| ၃။ | စိတ်ပိုင်း | ၃၂–မှ ၅၁ |
| ၄။ | စေတသိက်ပိုင်း | ၅၂–မှ ၇၃ |
| ၅။ | ပကိဏ်းပိုင်း | ၇၄–မှ ၁၀၃ |
| ၆။ | ဝိထိပိုင်း | ၁၀၄–မှ ၁၂၀ |
| ၇။ | ဝိထိမုတ်ပိုင်း | ၁၂၁–မှ ၁၄၅ |
| ၈။ | ရုပ်ပိုင်း | ၁၄၆–မှ ၁၆၄ |
| ၉။ | သမုစ္စည်းပိုင်း | ၁၆၅–မှ ၁၈၀ |
| ၁၀။ | ပစ္စည်းပိုင်း | ၁၈၁–မှ ၂၀၉ |
| ၁၁။ | ကမ္မဋ္ဌာန်းပိုင်း | ၂၁၀–မှ ၂၄၂ |
| ၁၂။ | ကျမ်းကိုးစာရင်း | ၂၄၃–မှ ၂၄၄ |

http://www.dhammadownload.com

http://www.dhammadownload.com

# အဘိဓမ္မာ လက်ဆောင်

## လင်္ကာ ကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

* ။ အဘိဓမ်များ၊ ဟောဖော်ကြားသည့်၊ ဘုရားမြတ်စွာ၊ ဆယ်ဓမ္မာနှင့်၊ သံဃာတော်မြတ်၊ ငါဦးညွှတ်။

* ။ စိတ်, စေတသိက်၊ ရုပ်, နိဗ်, ဉတ်ပါ။

အဘိဓမ္မ၊ အတ္ထ ငါးဖြာ။

မဖောက်ပြန်တတ်၊ အမြတ် လေးဖြာ။

ပရမတ်၊ ပညတ် သူမပါ။

### စိတ်ပိုင်း

* ။ ပဋိ နောက်တွင်၊ ဘဝင် ဆယ့်ခြောက်၊ အမြဲရောက်ကာ၊ မနောဒွါရာဝဇ္ဇန်း ဇော လောဘတို့၊ ဖြစ်ကြပြီးလျှင်၊ ဘဝင်, ဝိထိ၊ လှည့်စီသိ၊ စုတိ အဆုံးနေ။

* ပဋိသန္ဓေ–ဘွင် (၁၆) မ ဇ ဇ ဇ ဇ ဇ ဇ ဇ ။ ပ ။ စုတိ။

ဘွင်ကျနေပုံ

ဝိထိစိတ်များ ဖြစ်နေပုံ

* ။ ဆင်ခြင်, မြင်သိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

* ။ ဆင်ခြင်, ကြားသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

* ။ ဆင်ခြင်, နံသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

* ။ ဆင်ခြင်, လျက်သိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

* ။ ဆင်ခြင်, ထိသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

* ။ ဆင်ခြင်, ဇော, ရုံ၊ စိတ်သုံးစုံ၊ မှတ်တုံ တွေးစိတ်တန်း။

* ။ ကာမ, ရူပ၊ အရူပနှင့်၊ တစ်ဝ လောကုတ်၊ လေးပါးထုတ်၊ အချုပ် ဘုံစိတ်ပြား။

http://www.dhammadownload.com



* ॥ အကု, အဟိတ်၊ ကာသော စိတ်နှင့် ရူစိတ်, အရူ လောကုတ်ဟူ၊ မှတ်ယူ စိတ်စဉ်ထား॥

## အကုသိုလ်စိတ်

* *॥ လောဘမူ တွင်၊ ဝေ, ဒိဋ္ဌ, သင်၊ ပွားလျှင် စိတ်ရှစ်ပါး॥*

* *॥ ဒေါမနဿ၊ ပဋိဃ– သမ်၊ အရင်းခံ၊ နှစ်တန်, သင်ပွား၊ ဒေါ် စိတ်များ॥*

* *॥ ဥ– သဟဂုတ်၊ ဝိစိ, ဥဒ်၊ ယှဉ်ထုတ် မောမူ ဒွေ॥*

* *॥ လော ရှစ်, ဒေါ် နှစ်၊ မောလည်း နှစ်၊ ဆယ့်နှစ် အကုသိုလ်॥ (ယမ်ထီ)*

* *॥ သော လေး, ဒေါ် နှစ်၊ ခြောက် ဥပေက်၊ ဆယ့်နှစ် အကုသိုလ်॥*

## အဟိတ်စိတ်

* ॥ စက်, သော, ဃာန၊ ဇိ, ကာယနှင့်၊ သမ္ပ, သန္တီ ခုနစ်လီ၊ အမည် အကု–ဝိ॥

* ॥ သန္တီ သော, ဥ၊ နှစ်ခုပွားကာ၊ ရှေးနည်းသာ၊ ရှစ်ဖြာ အဟိတ်၊ ကု– ဝိ စိတ်॥

* ॥ ပဉ်, မနောဒွါ၊ အာ နှစ်ဖြာရှိ၊ နောက် ဟသိ၊ ကြိ အဟိတ် သုံးပါး စိတ်॥

* ॥ တစ်စီ သု, ဒု၊ သောနှစ်ခုနှင့်၊ ဥ–မှာဆယ့်လေး၊ အဟိတ်တွေး၊ ပေါင်းရေး ဆယ့်ရှစ်ပါး॥

## ကာမာဝစရသောဘနစိတ်

* ॥ ဝေဒနာ, ဉာဏ်၊ သင်္ခါရ နှင့်၊ တဖန် ကု, ဝိ၊ ကြိ မြှောက်ပွား၊ ကာ–သောကား၊ မှတ်သား နှစ်ဆယ့်လေး॥

* ॥ အကုဆယ့်နှစ်၊ ကာ–ကုရှစ်တည်း၊ ဆယ့်တစ် ကြိ၊ ကာမ–ဝိ၊ မှတ်သိနှစ်ဆယ့်သုံး॥

* ॥ သု–တစ်, ဒု–တစ်၊ သော–ဆယ့်ရှစ်၊ ဒေါ–နှစ် ဥပေက် သုံးဆယ့်နှစ်॥

## ရူပါဝစရစိတ်

* ॥ တက်, စာ, ပီ, သု၊ ဧကဂ်စုတွင်၊ တစ်ခုစီ ပယ်၊ အဆုံးဝယ်၊ နှစ်သွယ် ဥ နှင့် ဧ॥

* ॥ ပ, ဒု, တ, စ၊ ပဥ္စမ၊ ငါးဝ ဈာန်အပြား॥

* ॥ ယှဉ်ပုံကွဲပြား၊ ငါးပါး အင်္ဂါ॥ ဈာန်ငါးပါးကွဲ၊ စိတ်လည်း ငါးဖြာ॥
ကု, ဝိ, ကြိ၊ ပွားဘိထပ်ကာ॥ ဆယ့်ငါးပါး၊ ဖြစ်ခြား ရူစိတ်မှာ॥

* ॥ အာကာ, ဝိညာ၊ အာကိဉ်ပါ၊ တစ်ဖြာနေဝ အရူပ॥

* ॥ ကောင်းကင် စ သား၊ ရုံ–များလေးဖြာ॥ မတူကွဲလွဲ၊ စိတ်လည်း လေးဖြာ॥
ကု, ဝိ, ကြိ၊ ပွားဘိ ထပ်ကာ၊ ဆယ့်နှစ်ပါး၊ ဖြစ်ခြား အရူပါ॥

http://www.dhammadownload.com



*　။ ကသိုဏ်း, အာကာ၊ ပထမာရုပ်၊ နတ္ထိ ထုတ်၍ တ-ရုပ် ရုံငါး၊ လေးစီထား၊ ရှေးကား အတိ နောက်လမ္ဘိ။

## လောကုတ္တရာစိတ်

*　။ သောတာ, သက၊ အနာ, အ-တို့ မဂ္ဂ, ဖလာ၊ လေးစီသာ၊ ရှစ်ဖြာ လောကုတ္တရာစိတ်။

*　။ မင်လေးပါးကွဲ၊ စိတ်လည်းလေးဖြာ။

မင်၏ အကျိုး၊ လေးမျိုးဖလာ။

အကျဉ်းရှစ်ပါး၊ ဈာန်ငါး ပွားကာ။

လေးဆယ်ပါး ကျယ်ထား လောကုတ္တာ။

## ဈာန်စိတ်ပေါင်း

*　။ ရူ, ကုတ် စိတ်များ၊ ဈာန်ကား ငါးဖြာ။

အရူဈာန၊ ပဥ္စမ-သာ။

ဆယ့်တစ်စီပြု ပ, ဒု, တ, စာ။

နှစ်ဆယ့်သုံး၊ အဆုံး ပဥ္စမာ။

## ဇာတိဘေဒ

*　။ အကု ဆယ့်နှစ်၊ နှစ်တစ် ကု-မှာ။

သုံးဆယ့်ခြောက် ဝိ၊ ကြိ-ဝီသာ။

ကျဉ်း ရှစ်ဆယ့်ကိုး၊ တစ်မျိုးကျယ်မှာ။

ဆယ့်ခြောက်ဝ၊ တိုးကြ ကု ဝိ မှာ။

## ဘူမိဘေဒ

*　။ ငါးဆယ့်လေးဝ၊ စိတ်ကာမ နှင့်၊ ရူပ-ဆယ့်ငါး၊ ဆယ့်နှစ်ပါးဟူ၊ စိတ် အရူတည်း၊ ရှစ်ဆူ, လေးဆယ်၊ ကုတ် ကျဉ်း, ကျယ်၊ မှတ်ဖွယ် ဘုံစိတ်ပြား။

*　။ သု, ဒု, ဝေကား၊ တစ်ပါးစီ သာ၊ သော ခြောက်ဆယ့်နှစ်၊ ဒေါ်-နှစ်မှန်စွာ။

ဥ-ငါးဆယ့်ငါး၊ ဖြစ်ငြားသုံးဖြာ၊ သော နှင့် ဒေါ် ရောနှော သု,ဒု မှာ။

စိတ်ပိုင်းပြီး၏။

* * * * * * * *

http://www.dhammadownload.com



## စေတသိက်ပိုင်း

* ။ အတူလေးချက်၊ ဖြစ်, ပျက်, ရုံ-မှီ။
စိတ်၌ ယှဉ်ကြ၊ ခြယ်သ ပြန့်ပြီ။
သော, အကု, ညှ၊ သုံးဝရာသီ။
ငါးဆယ့် နှစ်၊ မှတ်လစ်စေတသီ။

**အညသမာနရာသီ**

* ။ ဖဿ, ဝေ, သညာ, စေ၊ ဧ, ဇီ, မန၊ ခုနစ်ဝ၊ **သဗ္ဗစိတ္တသာဓာရဏ။**

* ။ တက်, စာ, အဓိ၊ ဝိ, ပီတိ၊ မှတ်သိ ဆန္ဒ **ပကိဏ္ဏက။**

* ။ ကောင်း, ဆိုးတိုင်းမှာ၊ သူတို့ပါ၊ ဆယ်ပြာ သုံးဝ **အညသမာန။**

**အကုသလရာသီ**

* ။ မော, ဟိ, နောတ်, ဥဒ်၊ **မောစတုက်။**
လော, ဒိဋ္ဌိ မာန၊ **လောတိက။**
ဒေါ, ဣဿ, မစ်, ကုက်၊ **ဒေါစတုက်။**
ထိ, မိ, ဝိစိ၊ အဆုံးသိ။

**သောဘနရာသီ**

* ။ သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ္ပ၊ အလောဘနှင့်၊ အဒေါသ၊ တတြမဇ္ဈတ္တတာ။

* ။ ပဿဒ်, လဟု၊ မုဒု, ကမ္မည်၊ ပါဂုည်-ယှဉ်၊ ထို့ပြင် ဥဇုကတာ။

* ။ သမ္မာ နောက်မှာ၊ ဝါစာ, ကမ္မန်၊ အာဇီဝံ၊ သုံးတန် ဝိရတီ။

* ။ မေတ္တာ, ကရု၊ မုဒိ, ဥ၊ လေးခု ဗြဟ္မစိုရ်၊ အပ္ပမညာလည်း ဆို။

* ။ အသိ အလိမ္မာ၊ ဉာဏ် ပညာ၊ ဝိဇ္ဇာ အမောဟ။ (ဃယ်တီ)

* ။ သော, ဝိ, ဗြဟ္မစိုရ်၊ ပညာကို၊ မိန့်ဆို သောဘန ကောင်းမြတ်လှ။

* ။ သောဘာ ဆယ့်ကိုး၊ သုံးမျိုး ဝိမှာ။
ဗြဟ္မစိုရ် လေး၊ တစ်ရေး ပညာ။
နှစ်ဆယ့် ငါးပါး၊ နှစ်ပါး နှစ်ခါ။
တင့်တယ်လတ်၊ ကောင်းမြတ် သောဘနာ။

http://www.dhammadownload.com


## အညသမာန်းသမ္ပယောဂနည်း

* ။ သဗ္ဗစိတ္တ၊ ခုနစ်ဝ၊ ယှဉ်ကြ စိတ်တိုင်းမှာ။
* ။ ပဉ္စဝိညာဉ်၊ ဖယ်ကြဉ် ကာမ၊ ပထမဈာန်၊ ငါးဆယ်မှန်၊ ငါးတန် ဝိတက်ယှဉ်။
* ။ ပဉ္စဝိညာဉ်၊ ဖယ်ကြဉ်ကာမ၊ ပထမ, ဒု၊ ဈာန်နှစ်ခုပါ၊ ခြောက်ဆယ်မှာ၊ ခြောက်ဖြာ ဝိစာယှဉ်။
* ။ ဒွေ, ဥ, ကာယ၊ စတုတ္ထကြဉ်၊ ကျန် သော-တွင်၊ ပီ-ယှဉ် ငါးဆယ့်တစ်။
* ။ ကာ-သောမနဿ၊ ဆယ့်ရှစ်ရပ်နှင့်၊ သုံးရပ် ဈာန၊ ပ, ဒု, တ၊ ကေပညာ ပီ-ယှဉ်ရာ။
* ။ ဝိစိကိစ္ဆာ၊ ဒွေပဉ္စာ-ကြဉ်၊ ကျန်စိတ်တွင်၊ ဝီ-ယှဉ် ခုနစ်ဆယ့်ရှစ်။
* ။ မနော, ဟသိ၊ အဟိတ် ဒွိနှင့်၊ ကုန်ဘိ ပါပ၊ သောဘန-ပါ၊ ဝိရိယာ၊ သုံးဖြာ ခုနစ်ဆယ်။
* ။ မောဟမူလာ၊ အဟိတ်ပါကြဉ်၊ ကျန်စိတ်တွင်၊ ဆန်-ယှဉ် ခြောက်ဆယ့်ကိုး။

## အကုသိုလ်သမ္ပယောဂနည်း

* ။ အကုတိုင်းမှာ၊ အမြဲပါ၊ လေးဖြာ မောစတုက်။
* ။ လောဘမူ-တွင်၊ လောဘ-ယှဉ်၍၊ လေးအင် ဒိဋ္ဌိသမ်၊ ဒိဋ္ဌိ-ရုံ၊ မာနံ ဒိဋ္ဌိဝိ လေး။
* ။ ဒေါစတုက်ဟူ၊ ဒေါသမူတည်း၊ ငါးဆူ သသင်္ခါထိ, မိဒ်ယှဉ်၊ ထိုမြင် စိကိစ် ယင်းသည့်စိတ်။

## သောဘနသမ္ပယောဂနည်း

* ။ သောဘနသာ၊ ဆယ့်ကိုးဖြာ၊ သောမှာ အကုန်ယှဉ်။
* ။ မဟာကု-ပါ၊ လောကုတ္တာ၊ ယှဉ်ရာ ဝိရတီ။
* ။ မဟာကြိ, ကု၊ ဆယ့်ခြောက်ခုနှင့်၊ ပ, ဒု, တ, စ၊ ဈာန်ရူပ၊ ယှဉ်ရ ပ္ပမညာ။
* ။ ဉာဏ်ယှဉ် ကာမ၊ ဆယ့်နှစ်ဝ နှင့်၊ မဟဂ္ဂ-ပါ၊ လောကုတ္တာ၊ ပညာ ယှဉ်ရာစိတ်။

## သင်္ဂတနည်း

* ။ သောဘနမှာ၊ စေ ယှဉ်ရှာက၊ တက်, စာ, ပီတိ၊ အဉ်-မှာကြည့်၍၊ ဝိ, အပ်, ဉာဏ် များ၊ သတိထား၊ ရှစ်ပါး သုံးဆယ်တွင်။
* ။ အကုစိတ်မှာ၊ စေယှဉ်ရှာလည်း၊ အဉ်မှာ, ပီ, ဓိ၊ ဆန္ဒ-ကြည့်၍၊ ဩ လောဘ၊ စတုက္က ဒေါ၊ ထိ, မိဒ် နှောကာ၊ စိကိစ္ဆာ၊ ကြည့်ပါ သတ္တဝိသ တည်း။
* ။ အဟိတ်စိတ်မှာ၊ ဆန်-မပါဘဲ၊ တက်, စာ, ပီ, ဓိ၊ ဝီ-ကိုကြည့်၊ ယှဉ်ဘိ အညသာ။

http://www.dhammadownload.com


## သမ္ပယောဂနည်း + သင်္ဂဟနည်း

* ။ စေယှဉ် သမ္ပ၊ ဆယ့်ခြောက်ဝ၊ စိတ်ရ သင်မှာ၊ တေတ္တိံ သာ။

* ။ သမ္ပယောဂ၊ အဉ် သတ္တ နှင့်၊ ငါးဝ အကု၊ သော–လေးခု၊ ပေါင်းစု ဆယ့်ခြောက်ဖြာ။

(စေတသိက်ယှဉ်ပုံကိုပြသော သမ္ပယောဂနည်း(၁၆) နည်း၊ စိတ်၌ရှိသော စေတသိက်တို့ကို စုပေါင်းရေတွက်သော သင်္ဂဟနည်း(၃၃)နည်း)

### အနိယတယောဂီ ၁၁–ပါး

* ။ ဝိရတီပါ၊ ပ္ပမညာနှင့်၊ ဣဿာ, မစ္ဆ၊ ကုက္ကုစ္စကား၊ သီးသီး ထား၍၊ နှစ်ပါး ထိ, မိ၊ တကွသိ၊ မာ ထည့် ဆယ့်တစ် ရုံခါဖြစ်။

### ဝိသေသတ ၁၀–ပါး

* ။ တက်, စာ, ပီ, သု၊ ကရု, မု–ပါ။ ဉာဏ်, ဝိရတိ၊ ပေါင်းဘိ ဆယ်ဖြာ။

လောကုတ်, မဟာဂ်၊ တစ်ချက် ကာမာ။ အထူးပြု– ခေါ်မူ **ဝိသေသာ။**

* ။ ဝိရတီမှာ၊ မဟာဝိ, ကြိ၊ မဟာဂ် သိ၊ ရှောင်ဘိ သူ မယှဉ်။

* ။ အပ္ပမညာ၊ ဝိမဟာနှင့်၊ တစ်ဖြာလောကုတ်၊ မဟာဂ္ဂုတ် ပဉ်၊ သူ မယှဉ်၊ ဆင်ခြင်သတိပြု။

* ။ အကု စေစု၊ အကု မှာသာ။ စေ သောဘန၊ ယှဉ်ရ သော–မှာ။

အညသမာန်း၊ ပြိုးပြွမ်း ယှဉ်ကာ။ ယှဉ်နည်းထုတ်၊ အချုပ် သုံးပါးသာ။

စေတသိက်ပိုင်းပြီး၏။

* * * * * * * *

## ပကိဏ်းပိုင်း

* ။ အာရုံ သိပြား၊ စိတ်ကား တစ်ဖြာ။ စေ–ပညာဒွိ၊ နာမ် တိပညာ။

ဝေ, ဟိတ်, ကိစ္စ၊ ဒွါရနှင့် အာ။ ဝတ္ထုထား၊ ခြောက်ပါး ပကိဏ်းမှာ။

### ဝေဒနာသင်္ဂဟ

* ။ သု, ဒု, ဝေကား၊ တစ်ပါးစီသာ။ သော ခြောက်ဆယ့်နှစ်၊ ဒေါ် နှစ် မှန်စွာ။

ဉ ငါးဆယ့်ငါး၊ ဖြစ်ခြား သုံးဖြာ။ သော နှင့် ဒေါ်၊ ရောနှော သု, ဒု မှာ။

* ။ ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏။ နှစ်မှာ ဌီ၊ သုံးလီ ဆယ့်တစ်၊ ငါးဖြစ် ခြောက်ခု၊ မ–တစ်ခု၊ ပေါင်းစု ငါးဆယ့်နှစ်။ (၀ိ)

http://www.dhammadownload.com


* ။ ဒေါစတုက် သိ၊ ပီ, ဝိစိ၊ ခြောက်ရှိ ဝေ တစ်ပါး။

* ။ လော, ဒိဋ္ဌိ, မာန၊ သောဘန၊ ရှစ်ဝ နှစ်ဆယ်၊ ဝေ နှစ်သွယ်။

* ။ မောစတုက်သိ၊ ထိ, မိဒ္ဓိ ဒွိနှင့်၊ ပီတိ ကြဉ်ထား၊ ပကိဏ်းငါး၊ သုံးပါး ဝေဒနာ။

* ။ ဝေဒနာတွင်၊ ဝေ မယှဉ်၊ ကြွင်းလျှင် သဗ္ဗ ဝေ ငါးဝ။

## ဟေတုသင်္ဂဟ

* ။ လော, ဒေါ, မောဟ၊ အ–နှင့် ပြရှု၊ ကြောင်း ဆ ဟေတု၊ ရှေ့သုံးခုမှာ၊ အကုသာ၊ ကု, ဗျာ နောက်သုံးခု။

* ။ ပဉ်, ပဉ်, သမ္ပ၊ သန္တီရ, ဝုဋ္ဌ၊ ဟသိတုပ်၊ အချုပ် ဆယ့်ရှစ်၊ အဟိတ်ဖြစ်။

* ။ ကေဟိတ် မော၊ ဒွိ–လော, ဒေါ နှင့်၊ ကာ–သော ဉာဝိပ်၊ ဒွိဝိစိတ်တည်း၊ တိဟိတ်–မှတ်ရန်၊ ဉာသမ် ကာ–သော၊ မဟဂ်, လော၊ မနော လေးဆယ့် ခုနစ်။

* ။ သုံး ကေဟိတ်၊ ဒွိဟိတ် ကိုးလီ၊ သတ္တာဝီ တိဟိတ်၊ ပဉ္စဟိတ် တစ်၊ ဆယ့်နှစ် ဆဟိတ်၊ ဒွေပညိတ်၊ နိမိတ် ထင်မျှကြံ။ (၆)

* ။ လော, ဒေါ, ဝိစိ၊ စေတြိ၊ မှတ်ဘိ ကေဟိတ်။

* ။ မော, ဒိဋ္ဌိ, မာန၊ ကြွသ်, မစ္ဆ နှင့်၊ ကုစ္စ တစ်ခြား၊ သော ဟိတ်များ၊ ကိုးပါး စေဒွိဟိတ်။

* ။ ဟိတ်ကြဉ် သောဘန၊ ဗာဝီသနှင့်၊ ထိန မိဒ္ဓတ်၊ ဟိ, နောတ်, ဥဒ်၊ တိဟုတ် နှစ်ဆယ့်ခွန်။

* ။ ပီတိ, ပဥ္စ၊ ကြွင်း အညမှာ၊ ဆယ့်နှစ်ဖြာ၊ မှတ်ပါ ဆ ဟိတ်သိ။

## ကိစ္စသင်္ဂဟ

* ။ အာဝဇ္ဇန၊ ဒဿန–နှင့်၊ သဝန, ဃာ၊ သာ, ဖု, သမ္ပ၊ သန္တီရ, ဝေါ၊ ဇ, တ– နောကာ၊ ဆယ့်တစ်ဖြာ၊ မှတ်ပါ ဝိထိ ကိစ္စသိ။

* ။ အကု–ဆယ့်နှစ်၊ ကု–နှစ်တစ်တည်း၊ ဆယ့်ရှစ်–ကြိ၊ ဇွန်းကြဉ်ဘိ၊ ဖိုလ်သိ ဇောများ၊ ငါးဆယ့်ငါး။

* ။ သန္တီ သုံးဖြာ၊ ရှစ် မဟာဝိ၊ ဆယ့်တစ်ရှိ၊ မှတ်သိ တဒါရုံ။

* ။ ဥ–သန် ငါးရှိ၊ မဟာဝိ လေး၊ တေး မဟဂ်ဝိ၊ ဒွိ မနော္ဒါ၊ သော–သန်ပါတည်း၊ တစ်မှာ ပဉ်, ပဉ်၊ သမ္ပ ဝင်၊ ထို့ပြင် ဇောစိတ်များ။

* ။ ငါးကိစ္စ နှစ်၊ လေးဖြစ် အဋ္ဌာ။ သုံးကိစ္စကား၊ ဖြစ်ငြား နဝါ။
နှစ်ကိစ္စ တပ်၊ နှစ်ရပ် စိတ္တာ။ တစ်ကိစ္စ၊ ရှစ်ဝ ခြောက်ဆယ်ဖြာ။

http://www.dhammadownload.com


* ။ တစ်ကိစ္စ ဖြစ်၊ ဆယ့်ခုနစ်တည်း၊ လေးဖြစ် နှစ်ပါး၊ ငါး ကေဝိ၊ ခြောက်လီမှာ တစ်၊ ခွန်လည်း တစ်ပင်၊ ကိုးဖြစ်ကား တေး၊ ဆယ့်လေးခုနစ်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ် ဒွိပညာသတည်း။ (ဝိ)

* ။ အကု, ဝိရတိ၊ တစ်ကိစ်စီ၊ လေးလီ ပွမညာ။

* ။ သောဘနသာ၊ ဆန်, ပညာ၊ ကိစ္စာ ငါးဖြစ်၊ နှစ်ဆယ့်တစ်။

* ။ ပီတိမှာ ဆ၊ ဝိသတ္တ နှင့်၊ နဝ တက်, စာ၊ မိ သုံးပြာ၊ စုဒ္ဒိ– သတ္တ စေ သဗ္ဗ။

## ဒွါရသင်္ဂဟ

* ။ စက်, သော, ဃာ, ဇိ၊ ကာ, မနိ၊ ခြောက်လီ ဒွါရပြား။

* ။ မနောဒွါရ၊ ဘဝင်၊ အရကောက်လေပါ။

* ။ စက္ခု– မြွေတူ၊ မိကျောင်းတူ– သောတ၊ ငှက်– ဃာနသာ၊ ဇိဝှါ – အိမ်ခွေး၊ တောနေခွေး၊ တူရေး ကာယမှာ။

* ။ ပဉ္စဝိညာ၊ ဇော–ပွနာကား၊ တစ်ဒွါထား၍၊ ငါး ပဉ်, သမ္ပ၊ ခြောက်ဒွါရမှန်၊ သောသန်, ဝုဋ္ဌော၊ ကာမဇောတည်း၊ မှတ်လောရုံခါ၊ ဥသန်ဒွါနှင့်၊ မဟာဝိထုတ်၊ မဟဂ္ဂုတ်ဝိ၊ အလွတ်သိ ဖြစ်ဘိဒွါရမှာ။

* ။ သုံးဆယ့်ခြောက်ဝ၊ ကေ ဒွါရာ။ ငါးပြာ သုံးဖြစ်၊ သုံးတစ် ခြောက်ဒွါ။ ရုံခါ ဒသ၊ နဝ မုတ္တာ။ ဒွါရဖြစ်၊ စနစ် မှတ်ဖို့ရာ။

## ဒအာရမ္မဏသင်္ဂဟ

* ။ ရူပ, သဒ္ဒ၊ ဂန်, ရသ၊ ဖောဋ္ဌ, ဓမ်–ရုံခြောက်။

* ။ ပသာ, သုခု၊ စိတ်, စေ–စုနှင့်၊ မှတ်ရှု နိဗ္ဗာန်၊ ပညတ္တာ၊ ခြောက်တန် ဓမ္မာရုံ။

* ။ ပဋိ, ဘဝင်၊ စု သုံးအင်တို့၊ ယခင် ဘဝ၊ ခြောက်ဒွါရမှတ်၊ ပွန်, တိတ်, ညတ်မှန်၊ ကံ, ကမ္မနိ၊ ဂတိနိ ထုတ်၊ ခေါ်သမုတ်ရ၊ အာရုံ ဆ၊ ပြကြ ထိုက်သင့်စွာ။

* ။ ကာမ, မဟာဂ်၊ လောကုတ် စွက်၊ တစ်ချက် ပညတ်၊ ရုံ–လေးရပ်။

* ။ ပွန်ရှု စ ပြာ၊ တစ်စီသာ၊ ပဥ္စာ ဝိညာဏ်ပြု။

* ။ မနောဓာတ်ဟာ၊ ပွန် ပဥ္စာ၊ ပြုပါ ကေန္တာ။

* ။ ဟသိ တဒါ၊ ဆယ့်နှစ်ပြာ။ သဗ္ဗာကာမ ကေန္တာ။

* ။ အကုသလ၊ ဉာဝိပ်ဇ၊ ဝိသ လောကုတ်ကြဉ်။

http://www.dhammadownload.com


* ။ မဟာကု-သံ၊ ကု-ဘိညာဏ်၊ ပြုရန် အရ- မဂ်, ဖိုလ်ကြည်။

* ။ ကြိ-သံ မဟာ၊ မနောဒွါနှင့်၊ ဘိညာ-ကြိ၊ ခြောက်ပါးသိ၊ ပြဘိအာရုံ အားလုံးကုန်။

* ။ ဝိညာ, နေဝါ၊ မဟာဂ်သာနှင့်၊ ရူပါ, ကာ, ကိဥ၊ ပညတ်ချိန်၊ နိဗ္ဗာန်-လောကုတ်ပြု။

* ။ ကာ နှစ်ဆယ့်ငါး၊ ဟဂ်ကား ခြောက်ပြာ။ ဉတ် နှစ်ဆယ့်တစ်၊ နိဗ် ရှစ်မှန်စွာ။
ကိ နှစ်ဆယ်ပါး၊ ခြောက်ပါး သဗ္ဗာ။ အရ-နှစ်၊ ကြည်ပစ် ဝိတ်ငါးပြာ။

## ဝတ္ထုသင်္ဂဟ

* ။ စက်, သော, ဃာ, ဇိ၊ ကာ,ဟဒိ၊ ခြောက်လီ ဝတ္ထုပြား။

* ။ စက်, သော, ဟဒ၊ ရူ သုံးဝ၊ မရ အရူ၊ ကာ ကုန်ယူ။

* ။ စက္ခု စ ပြာ၊ တစ်ဝိသာ၊ ပဥ္စာဝိညာဏ် မှီ။

* ။ ပဉ်, သမ္ပဋ္ဌေး၊ မနောတေးနှင့်၊ ဒေါ်ဒွေး, တဒ်၊ ဟသိတာတို့ ရူပါ, သောမဂ်၊ သုံးသုံးတွက်၊
မှီလျက် ဟဒယ ကေန္တ။

* ။ လော, မော ဆယ်ပြာ၊ မနောဒွါနှင့်၊ မဟာကု ကြိ၊ ကြည်ဝိအရူ၊ လောကုတ်မူကား၊ စ-
ကြည်ထား၍၊ မှတ်သားလေးဆယ်၊ နှစ်ခုကယ်၊ မှီဘွယ်ဟဒယ ရုံခါပ။

(လောဘမူ,မောဟမူ,မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ်,မဟာကြိယာ,ဝိပါက်ကြည်သော အရူပ,သောတာပတ္တိ မဂ်ကြည်သော လောကုတ္တရာအားဖြင့် ၄၂-ခု)

* ။ အမှီမရှိ၊ အရူဝိ၊ ဖြစ်ဘိ အရူသာ။

* ။ လေးဆယ့်သုံးမှာ၊ အမြဲသာနှင့်၊ ရုံခါ လေးနှစ်၊ မမှီလစ်၊ လေးဆစ် အရူပါ။

* ။ နှစ်ဆယ့်ငါး ကာ၊ ခြောက်ပြာ မဟာဂ်၊ တိတ်, အဇ် စွက်၍၊ ရှစ်ချက် နိဗ်လှစ်၊
နှစ်ဆယ့်တစ်၊ မှတ်လစ် ပညတ်မြဲ။

* ။ ဆယ့်သုံး ပွန်, ရုပ်၊ ဝိမုတ် နှစ်ဆယ့်ကိုး၊ နာဂတ်မျိုး၊ ပြုရိုး မြဲမရှိ။

* ။ နှစ်ဆယ့်ခြောက်ဝ၊ ဗဟိဒ္ဓတွေး၊ နာမ် ဆယ့်လေးမှတ်၊ ပရမတ်မျိုး၊ သုံးဆယ့်ကိုး၊
မှတ်ရိုး ဓမ်ကား၊ သုံးဆယ့်ငါး။

* ။ ကာမ မဟဂ္ဂုတ်၊ ဝိမုတ် ပညတ်၊ ပရမတ်၊ ငါးရပ် သုံးဆယ့်တစ်။

* ။ ပစ္စုပ်, တိတ၊ နာဂတနှင့်၊ ဓမ္မ, ရုပ်, နာမ်၊ ဤခြောက်တန်၊ မှတ်ရန်လေးဆယ့်သုံး။

* ။ ပဉ် လေးဆယ့်သုံး၊ မှတ်အုံးထိုပြင်၊ ပဉ် လေးဆယ့်ခြောက်၊ ငါးဆယ့်ခြောက်ဆစ်၊
တွင်း, ပြင်လှစ်၊ ဆယ့်တစ်, မြတ်နိဗ္ဗာန်။

* ။ ကာမ, မဟဂ္ဂုတ်၊ လောကုတ်, ပညတ်၊ ပရမတ်, ပွန်၊ တိတံ, နာ, မုတ်၊ နာမ်, ရုပ်,

http://www.dhammadownload.com


ပဉ္စ, ဓမ်၊ အဇ္ဈတ္တံ, ဗဟိဒ္ဓ၊ ဆယ့်ငါး၀၊ ပြားကြ အာရုံများ။

* ။ ကာမ, ကာလ၊ လေးစိပြ၍ သန် ပ ရုပ် အာ၊ နှစ်စီသာ၊ ခြောက်ဖြာအုပ်စု အာရုံပြု။

* ။ အကုစေ မှာ၊ လောကီသာမှတ်၊ ပညတ် ပွမညာ၊ ဣဿာ ဗဟိ၊ ကိ- ဝိ ပစ္စုပ်၊ ကာမထုတ်၊ လောကုတ်ဝိ-မှာ၊ နိဗ္ဗာန်သာ။

## ပကိဏ်းပိုင်းပြီး၏။

* * * * * * *

## ဝိထိပိုင်း

* ။ သက်တမ်း တဒါ၊ အပ္ပနာ၊ သဗ္ဗာဇောနှင့် ပုဂ်, ဘုံ, စိတ်။

### စိတ်သက်ဆိုင်ရာ

* ။ စိတ်တစ်ခုသက်၊ ဖြစ်, တည်,ပျက်၊ သုံးချက် ဥပါဒ်, ဌီ, ဘင်သိ။

* ။ ကုဋေ သိန်းမျှ ဖြစ်, ပျက်ကြ၊ မြန်လှ လျှပ်တစ်ပြက်တွင်း။

* ။ ဆယ့်ခုနစ်ချက်၊ စိတ်ပေါင်းတွက်၊ ရုပ်သက် မှတ်ကုန်ကြ။

* ။ စက္ခု-လောက၊ ရူပ ထင်ပြီ၊ မနသိ၊ လေးလို့ မြင်သိ ဖို့။

* ။ သောတာ-ကာသ၊ သဒ္ဒ ထင်ပြီ၊ မနသိ၊ လေးလီ ကြားသိ ဖို့။

* ။ ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ၊ မနသိ၊ လေးလီ နံသိ ဖို့။

* ။ ဇိဝှါ, အာပ၊ ရသ ထင်ပြီ၊ မနသိ၊ လေးလီ လျက်သိ ဖို့။

* ။ ကာယ, ပထ၊ ဖောဋ္ဌ ထင်ပြီ၊ မနသိ၊ လေးလီ ထိသိ ဖို့။

* ။ အတိမဟာန်၊ တစ်ချက်လွန်၊ မဟာန် နှစ်, သုံးချ။

* ။ လေးစ ကိုးထိ၊ ပရိတ်သိ၊ အတိ ဆယ်စ ဆယ့်ငါးကျ။

* ။ အာရုံခိုက်ငြား၊ ရှေ့ပြေး ငါးနှင့်၊ ဇောကား ခုနစ်၊ နောက်လိုက် နှစ်၊ ဖြစ်ကြတစ်သင်း၊ ဇောလိုရင်း။ (ဒွိ)

* ။ စိတ်မျိုး သတ္တ၊ စုဒ္ဒ ကြိမ်မှာ။ ပဉ္စ ပေါင်းရေး၊ ငါးလေး ကာမာ။ ဆယ်ကြိမ် သုံးမျိုး၊ မှတ်ရိုးစိတ္တာ။ လေးဆယ့်တစ်၊ ကျယ်ဖြစ် မနောဒွါ။

### တဒါရုံဆိုင်ရာ

* ။ ကာမဆိုင်ရာ၊ ပုဂ္ဂလာနှင့်၊ ဇောပါ အာရုံ၊ သုံးချက်စုံမှ၊ တဒါကျ၊ နှစ်ဝ အတိ, ဝိဘူသိ။

* ။ ဇောနောင် တဒါ၊ ဖြစ်ပုံမှာကား၊ ကြိယာ သော၊ နောက်၌ သောတည်း၊ ဒေါ်, ဥ ကြိ၊

http://www.dhammadownload.com


နောက် ဥသိ၊ ကုန်ဘိ လော, မော, ကု။

* ။ ဒေါဇော နောက်တွင်၊ ရုံ, ဘဝင်၊ ဥပင် ဖြစ်ရမည်။
* ။ သောနှင့် သန္တေ၊ နေခဲ့ပေ၍၊ စောလေ ဒေါ်သ၊ ရုံ မကျ၊ ဖြစ်ရ ဥသံ ညှော့ အာဂန်။
* ။ အနိဋ္ဌာရှိ၊ အကုဝိ၊ ကုဝိ တ္တုဋ္ဌာ သောတိ မှာ။

## အပ္ပနာဆိုင်ရာ

* ။ မဟာကု, ကြိ၊ ရှစ်ဉာဏ်ရှိကား၊ ပရိ, ဥပ၊ နု, ဂေါတြ၊ လေး၀ ပ္ပနာရှေး။
* ။ ဈာန်, မဂ်, ဖလံ၊ အဘိညာဏ်၊ တစ်ဖန် နိရောဓ။
* ။ ကုသိုလ် နောက်ဘက်၊ ပ္ပနာဆက်ဖို့၊ မဟာဂ်ကုသိုလ်၊ မဂ်, အောက်ဖိုလ်၊ မိန့်ဆို
လေးလေး သော, ဥ ရှေး။
* ။ ကြိယာ နောက်ဘက်၊ ပ္ပနာဆက်ဖို့ မဟာဂ်ကြိ၊ ဟတ်ဖိုလ်သိ၊ ခွဲဘိ သော,ဥ ဆယ့်လေးခု။

## သဗ္ဗ ဇောဆိုင်ရာ

* ။ ကာမဇောသိ၊ ပကတိခါ၊ ခွန်, ခြောက်ဖြာနှင့်၊ မရဏာ ငါး၊ ဘုရားတန်ခိုး၊ ပြုချိန်မျိုးကား၊
လေးနှင့် ငါးတည်း၊ ရှေ့သွား-ပ္ပနာ၊ လေး, သုံးဖြာ၊ စောရာ အကြိမ်ပေါင်း။
* ။ ဇော မဟဂ္ဂတ၊ ရ ကာစ နှင့်၊ တစ်ဝ ဘိညာ၊ တစ်ကြိမ်သာတည်း၊ နေဝါ နိရှေး၊
နှစ်ကြိမ် ရှေး၊ မှတ်ရေးသမာ ကြိမ်များစွာ။
* ။ နိရောဓ မှ၊ ထ ကာစ ဖိုလ်၊ မဂ်စိတ်ကိုလျှင်၊ မိန့်ဆိုတစ်ကြိမ်၊ နှစ်, သုံးကြိမ်မှာ၊
မဂ္ဂါနန္တရ၊ ဖိုလ်ဇောချ၊ များလှသမာ ဖိုလ်ဇောဖြာ။

## ပုဂ္ဂိုလ်စိတ်ရ

* ။အကုသလ၊ဟာသိတ-ကြည်၊ အဟိတ်ဝင်၍၊ ထို့ပြင် ကာကု၊ သုံးခွန်စု၊ ရမူ ဒုဂ္ဂတိ အဟိတ်။
* ။ ဝိပ် မဟာဝိ၊ ထပ်ရရှိ၊ သု, ဒွိ ပုဂ္ဂိုလ်မှာ။
* ။ အကုသလ၊ ဟာသိတ-ကြည်၊ အဟိတ်ဝင်၍၊ ထို့ပြင်မဟာ၊ ကု, ဝိပါ၊ တိမှာ လေးဆယ့်ငါး။
* ။ မဂ္ဂဋ္ဌာန်မှာ၊ သူ့ဆိုင်ရာ၊ မဂ္ဂါတစ်ခုစီ။
* ။ ဒိဋ္ဌိသံ, ဝိစိ၊ သောပယ်ဘိ၍၊ ဒေါ- ဒွိ အနာ၊ ထပ်ပယ်ကာ၊ ဆိုင်ရာဖိုလ်ယူ တိဟိတ်တူ။
* ။ အဟိတ်, မဟာ၊ ဝိ, ကြိယာနှင့်၊ အရဟာ ဖိုလ်ထား၊ သုံးဆယ့်ငါး၊ ရခြားရဟန္တာ။
* ။ ဈာန်ရ တိ သေက်၊ ကုသိုလ်လှစ်၊ အသေက် ကြိ မဟာဂ်သိ။

http://www.dhammadownload.com


## ဘုံစိတ်ရ

* ။ မဟာဂ်–ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင် ရှစ်ဆယ်သာ။
* ။ ဒေါ်, ဃာနာဒိ၊ မဟာဝိနှင့်၊ အရူဝိလေး၊ ကြဉ်ရေးနှစ်ဆယ်၊ ရူပဝယ်၊ မှတ်ဖွယ်ခြောက်ဆယ့်ကိုး။
* ။ လော,မော ဆယ်ပြာ၊ မနောဒွါနှင့်၊ မဟာကု,ကြိ၊ မှတ်သိ အရူ၊ လောကုတ်မူကား၊ စ–ကြဉ်ထား၍၊ မှတ်သားလေးဆယ်၊ ခြောက်ခုကယ်၊ ဘုံဝယ်အရူပ။
* ။ စိတ်, စေမရ၊ အသညာ၊ ရုပ်မျှ သက်သက်နေ။
* ။ ဒေါ်, ဃာနာဒိ၊ မဟာဝိမှာ၊ ကာမသာသိ၊ ရူ, ရူဝိမှာ၊ ရူ, ရူသာ၊ ဆိုင်ရာ ဘုံဖြစ်စိတ်။

ဝိထိပိုင်းပြီး၏။

* * * * * *

## ဝိထိမုတ်ပိုင်း

* ။ ဘုံ, သန္ဓိ, ကံ, စု၊ လေးစိပြု၊ လေးခု ဝိထိမုတ်။

## ဘုံဆိုင်ရာ

* ။ အပါယ် လေး၀၊ မနုသနှင့်၊ ဒေဝ ခြောက်ထပ်၊ ဆယ့်ခြောက်ရပ် ရူ၊ အရူ–မူ၊ လေးဆူ ဘုံလှစ် သုံးဆယ့်တစ်။
* ။ ငရဲ, တိရိစ်၊ ပြိတ်, အသုရာ၊ ပါယ်လေးရွာ၊ ချမ်းသာ မရှိမှတ်။
* ။ သိဗ္ဗိုဝ်း, ကာဠ၊ သံဃာတနှင့်၊ ရောရုဝ နှစ်၊ တာပန် နှစ်၊ နောက်လှစ် အဝိစိ။
* ။ သောင်း ငါးထောင်စီ၊ သန်ျာညီ၊ ရှစ်လီ ပါယ်–သုရာ။ (အေဒ္ဓါ)
* ။ အထပ်တိုင်းမှာ၊ ဘင်, ပြာ, လက်, သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒ။ (တိ)
* ။ အပါယ်ဘုံသား၊ လူအများနှင့်၊ အခြား ဝိနိပါတိ၊ မြဲမရှိ၊ မှတ်ဘိ သက်တမ်းမှာ။
* ။ စ, တာ, ယာ, တု၊ နိမ်, ပ–ရှု၊ ခြောက်ခု နတ်ဒေဝါ။
* ။ ပ, ဒု, တ–ရပ်၊ သုံးစီမှတ်၍၊ ဝေဟပ်, အသညာ၊ သုဒ်–ငါးအင်ကား၊ စ– ရှာန်ထား၊ မှတ်သား ရူဘုံ တစ်ဆယ့်ခြောက်။
* ။ အဝိ, အတပ်၊ သုဒဿ နှစ်ရိပ်၊ အကနိဋ္ဌ၊ ငါးစိပ် သုဒ္ဓါဝါ။

http://www.dhammadownload.com



## ဘုံပုဂ္ဂိုလ်

* ။ ဒု, သု, ဒွိ, တိ၊ ရှစ် အရိ၊ ပေါင်းဘိ ပုဂ္ဂိုလ် ဆယ့်နှစ်ယောက်။

* ။ အပါယ်မှာ ဒု၊ လူ့, စတုမှာ၊ ဒု မပါ၊ ငါးပြာထက်နတ် ဒု, သု–လပ်။

* ။ ဝေဟပ် တိုင်မှာ၊ ဆယ်ပြဟ္မာတွင်၊ ရိယာ, တိပု၊ အသဉ်– သု၊ သုံးခု ရိဖျား သုဒ္ဓါငါး။

* ။ သောမက် မပါ၊ အရိယာနှင့်၊ တိပါ ရှစ်ဆူ၊ ဘုံအရူ၊ ပေါင်းမူ နှစ်ရာ တစ်ဆယ့်လေး။

* ။ အပါယ်, သညာ၊ ရိယ မပါ။
ပုထု မဖြစ်၊ ငါးဆစ် သုဒ္ဓါ။
အကြွင်း ဘုမ္မိ၊ ပု, ရိ ရောရာ။
သဉ် ရုပ်မျှ၊ နာမ်မျှ အရူပါ။

## ကံ+ ပဋိသန္ဓေဆိုင်ရာ

* ။ ဇနကနှင့်၊ ဥပ–သုံးဖြာ၊ ထမ်, ပီ, ဃာ၊ လေးဖြာ ကိစ္စ ကံဘေဒ။

* ။ ဂရု, အာသန်၊ အာစိဏ္ဏံနှင့်၊ တဖန် ကဋတ်၊ လှည့်ကြိမ်မှတ်၊ လေးရပ် ကံအပြား။

* ။ ဒိဋ္ဌဓမ္မ၊ ဥပဇ္ဇ–ပါ၊ အပရာ၊ တစ်ဖြာ အဟောသိ။ (ဥပပဇ္ဇ= ဥပဇ္ဇ)

* ။ အကု, ကာကု၊ ရူ, ရူကု၊ လေးခု အဘိကမ်။

* ။ ကြောင်းပယ် အကြိ ၊ ကျိုးပယ်ဘိမူ၊ နတ္ထိယူ၊ နှစ်ဆူ ပယ်မှု အဟောတု။

## အကုသိုလ်ကံ

* ။ သတ်မူ, ခိုးမူ၊ ကာမေသု၊ သုံးခု ကာယကံ။

* ။ မုသာ, ပိသု၊ ဖရု, သမ္ဖပ်၊ ဤလေးရပ်၊ မှတ်အပ် ဝစီကံ။

* ။ ဘိဇ္ဈာ, ဗျာပါ၊ ဒိဋ္ဌိ–ပါ၊ သုံးဖြာ မနောကံ။

* ။ ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ပြား။ (ထိ)

* ။ ကာမေ, ဘိဇ္ဈာ၊ ဒိဋ္ဌိ–မှာ၊ ဖြစ်လာ လောဘကြောင့်။

* ။ ပါဏ, ဗျာပါ၊ ဖရုသာ၊ ဖြစ်လာ ဒေါသကြောင့်။

* ။ ပိသု, မုသာ၊ သမ္ဖပ္ပါ၊ ဒိဋ္ဌာ နှစ်ပါးကြောင့်။

http://www.dhammadownload.com



* ။ ဥဒ္ဓစ္စချန်၊ အကုကံကား၊ ဥသံ အကု၊ ပါယ်သန်-ပြု ဖြစ်မှု ဒုဂ္ဂတိအဟိတ်။
* ။ ပဝတ္တိ ခါ၊ ဆယ့်နှစ်ဖြာပင်၊ ရူ, ကာ-တွင်၊ ခုနစ်အင်သိ အကုစိ။

## ကာမာဝစရ ကုသိုလ်ကံ

* ။ ပုညကြိ၊ သုစရိ တို့ မှတ်သိကျဉ်း,ကျယ်၊ သုံးနှင့်ဆယ်၊ ရှစ်သွယ်စိတ်ဓာတ် ကာကုမှတ်။
* ။ ဒါန, သီလာ၊ ဘာဝနာနှင့်၊ တစ်ဖြာ အပ၊ ဝေဝစ္စ သိ၊ ပတ္တိ, ပတ္တာ၊ ဓမ္မာ နှစ်ခု၊ ဒိဋ္ဌုဇု၊ ဆယ်ခု ပုညကြိယ။
* ။ ဒါန-ဝင်ဘိ၊ ပတ္တိ, ပတ္တာ။ သီလ-ခေါ်ရ၊ အပ, ဝေယျာ။
ဓမ္မ နှစ်ခု၊ ဥဇု, ဘာဝနာ။ ဒိဋ္ဌုဇု သုံးခုလုံး၌ပါ။
* ။ ကာ ကု ရှစ်တန်၊ တိ ဒွိကံကြောင့်၊ ကိုးသန် ကာသု၊ အကျိုးပြု၍၊ နှစ်ခု ကာ,ရူ၊ ဆယ့်ခြောက်ဆူ၊ မှတ်ယူ ပဝတ္တိ အကျိုး။
* ။ ဉာဏ်ယှဉ် တိဟိတ်၊ ဉာဏ် ကင်းဆိတ်၊ ဒွိဟိတ် ကုသိုလ်မျိုး။
* ။ ကုသိုလ် ခြံရံ၊ ဥက္ကဋ္ဌ၊ အကု ရံက ဩမက။
* ။ တိ, ဒွိ နှစ်ရပ်၊ ဥက်, ဩ-မှတ်၍၊ ဥက္ကဋ္ဌ ဖြစ်မှ၊ ဆင့်တူရ၊ လျောကျ-ဩမာ သန္ဓေခါ။
* ။ ပဝတ္တိဟူ၊ သန္ဓေတူ၊ ကျန်မူနိမ့်ကျ၊ အကုန်ရ။

## ရူ + အရူပ ကုသိုလ်ကံ

* ။ ရူ ရူနှစ်တန်၊ မနောကံသာ၊ ဘာဝနာ၊ တူစွာ ကျိုးပေး ဘုံနှင့်ရွေး။
* ။ ပ ဈာန်ကံကား၊ ပ ဘုံသွား၍၊ နှစ်ပါး ဒု-တ-၊ ဒု-တွင် ကျ၍၊ စ-မ-တ-စ၊ အရူပါ၊ မှတ်ပါစဉ်တိုင်းသိ။
* ။ အနာဂါမ်များ၊ သုဒ္ဓါသွား၊ ငါးဣန္ဒြေ စဉ်တိုင်းသိ။
* ။ သမာပတ်ရှစ်၊ ရတုံလစ်၊ ကြိုက်နှစ်သက်ရာ ဘုံ၌ဖြစ်။
* ။ ဗုဒ္ဓမြတ်စွာ၊ သန္ဓေမှာ၊ မဟာဝိပါက် ပထမ။

## စုတိဆိုင်ရာ

* ။ အာယု, ကမ္မ၊ ဥဘယနှင့်၊ ခယ-သုံးထွေ၊ ဥပစ္ဆေ၊ အသေမရဏ လေးမျိုးပြ။
* ။ အာယုကွယ၊ မြတ်ဗုဒ္ဓသိ၊ စုတိမှာမူ၊ အများတူ၊ ရုံယူ ကံ, ကမ္မနိ, ဂတိနိ။
* ။ ကျောင်းကန် ဘုရား၊ စေတီများနှင့်၊ သားငါး, ဥစ္စာ၊ သူ့အိမ်ရာ၊ များစွာ ဥပလဒ်။

http://www.dhammadownload.com



* ။ ကျောင်းဆောက်လှူခန်း၊ ဆွမ်းသင်္ကန်းတည့်၊ ပန်းနှင့် ဘုရား၊ သားငါး တို့တွက်၊ လက်နက် လှံကန်၊ ခြံရံဟူသမျှ၊ အဝဝ၊ ဥပကရဏာမှတ်။ (အခြေပြု)
* ။တိုက်ရိုက် ကပ်၍၊ ရအပ်လေမည့်၊ အမိဝမ်းရေ၊ ရေပြည်နှင့်၊ တောင်ခြေမြစ်ကမ်း၊ နတ်ဘုံ နန်းဟု၊ အစုစု၊ ဥပ လဘိတစ်။
* ။ တွင်းပ သုံးဆောင်၊ များမြောင်စွာလှ၊ ခွေး, လင်းတ, ကျီး၊ ရေမီးနှင့်၊ နတ်သမီးဝေဆာ၊ ပဒေသာ-ဟု၊ အစုစု၊ ဥပဘောဂမှတ်။ (အခြေပြု)
* ။ မှီရာဝတ္ထု၊ အားနည်းမှုကြောင့်၊ ငါးခုမျှသာ၊ စောနိုင်ရာ၊ မရဏာသန္နဇော။
* ။ ဇောနောင်တစ်ပြာ၊ ရုံနောက်မှာနှင့်၊ နှစ်ပြာ နောက်တွင်၊ ဘဝင်ဝင်၊ လေးအင်စုတိ၊ ဖြစ်ပုံသိ။
* ။ အဝိဇ္ဇာနှင့်၊ တဏှာ ရင်းခံ၊ အကြောင်း ကံကြောင့်၊ တစ်ဖန် သန္ဓေ၊ စု-နောက်နေ၊ မှတ်လေ ကြားမရှိ။
* ။ အစ ပဋိ၊ ဆုံးစုတိနှင့်၊ လယ်ရှိ ဘဝင်၊ တူသုံးအင်၊ ထင်မြင် အာရုံပြား။
* ။ ဘုံ, ဇာတ်, သမ်, သင်၊ အာ ငါးအင်၊ သန်, ဘွင်, စု မပြား။
* ။ ကံ, ကမ္မနိ၊ ဂတိနိ၊ တြိ အာရုံများ။
* ။ သန္ဓေကာမ၊ အာရုံပြမှု၊ ကမ္မနိမိတ်၊ ပွန်, တိတ် ရုံဆ၊ ခြောက်ဒွါရ သိ၊ ဂတိ-ပွန်, ရူ၊ မနောယူ၍၊ ကံမူ-တိတ်, ဓမ်၊ မနောဒွါ၊ ထင်ရန် သုံးမျိုးပြား။
(ကာမပဋိသန္ဓေသည်-ပစ္စုပ္ပန်၊ အတိတ်၊ အာရုံ (၆) ပါး (၆)ဒွါရဆိုင်ရာ ကမ္မနိမိတ် အာရုံကိုငင်း၊ ပစ္စုပ္ပန်-ရူပါရုံ၊ မနောဒွါရဆိုင်ရာ၊ ဂတိနိမိတ်ကိုငင်း၊ အတိတ်-ဓမ္မာရုံ၊ မနောဒွါရ ဆိုင်ရာ ကံအာရုံကိုငင်း အာရုံပြုသည်)
* ။ ရူ, ရူသန္ဓိ၊ ကမ္မနိ သာ၊ ရူ, အာကာနှင့်၊ ကိဉ် မှာ ညတ်ပေ၊ ဝိညာ, နေ၊ ခွဲဝေမဟဂ္ဂုတ်။
(ရူပ ပဋိသန္ဓေနှင့် အာကာ, အာကိဉ် ပဋိသန္ဓေသည် ပညတ် ကမ္မနိမိတ်ကို အာရုံပြုသည်၊ ဝိညာ, နေဝ-ပဋိသန္ဓေသည် မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုသည်)
* ။ အသဉ် သန်မှာ၊ ရုပ်ချည်းသာနှင့်၊ နာမ်သာ အရူ၊ အကြွင်းမူ၊ နှစ်ဆူ နာမ်, ရုပ်ရော။
* ။ အရူစု-နောက်၊ သူအောက် မပါ၊ အရူပါ၊ ကာမာတိဟိတ် နှောင်း။
* ။ ရူစုတိ-နောက်၊ အဟိတ် ပျောက်၍၊ ထို့နောက် ကာတိ၊ နှောင်းကုန်သိ၊ အ, ဒွိ-နောက်မှာ ကာမသာ။

http://www.dhammadownload.com



* ။ အသညာဘုံ၊ စုတိတုံက၊ ကာမ ဒွိဟိတ်၊ တိဟိတ် သန္ဓေ ရှစ်ခုနေ၏။
* ။ ဖြဟ္မာ့ဘုံနေ၊ ရိယာတွေ၊ အောက်ပြည် မဆင်းပြီ။
* ။ နေဝါ, ဝေဟပ်၊ ကနိဋ္ဌ ရပ်မှာ၊ အရိယာ၊ နေရာ မပြောင်းပြီ။

ဝီထိမုတ်ပိုင်းပြီး၏။

* * * * * * *

## ရုပ်ပိုင်း

* ။ ပ, အာ, တေ, ဝါ၊ ဤလေးဖြာ၊ မှတ်ပါ မဟာဘုတ်။
* ။ စက်, သော, ဃာန၊ ဇိ, ကာယ၊ ငါး၀ ပသာဒရုပ်။
* ။ ရူပ, သဒ္ဒ၊ ဂန်, ရသ နှင့်၊ ဖောဋ္ဌ သုံးဖြာ၊ ပ, တေ, ဝါ၊ သတ္တာ ဝိသယ။
* ။ လဟု, မုဒု၊ ကမ္မည် ရှု၊ နှစ်ခု ဝိညတ် ဝိ ငါးရုပ်။
* ။ ဥ, သန်, ဇရ၊ အနိစ္စ၊ လေး၀ လက္ခဏာ။
* ။ ဘူတ, ပသာ၊ ဝိသယာနှင့်၊ ဘာဝါ, ဟဒယ၊ ဇီဝိတ, အာ၊ ဆယ့်ရှစ်ဖြာ၊ မှတ်ပါနိပ္ဖန်။
* ။ ပရိစ္ဆေဒ၊ ဝိညတ်ဒွ နှင့်၊ ပဉ္စ ဝိကာ၊ လက္ခဏာ၊ ဆယ်ဖြာ အနိပ္ဖန်။
* ။ မြေ+ ရေ+ မီး+ လေ၊ တူမိတ်ဆွေ၊ မြေ+ လေ+ မီး+ ရေ ရန်သူတွေ။
* ။ အာပေါဓလေ့၊ လွန်သိမ်မွေ့၍၊ တွေ့ထိမရ၊ ဖောဋ္ဌဗ္ဗ၊ အရသူမဝင်။
* ။ တစ်ကိုယ်လုံး ဖြစ်၊ ဆယ့်နှစ် အထည်၊ အခြယ် ခြောက်ဆူ၊ အမူရုပ် ငါး၊ ရန် လေးပါးနှင့် ပိုင်းခြားရုပ် တစ်၊ နှစ်ဆယ့်ရှစ်၊ မှတ်လစ်ရုပ်ပေါင်း တည်း။ (ဒီ)
* ။ ရာ–နီ, နက်–ဒေါ်၊ သားဆေး–မော၊ ပညော–ကြည်ပွင့်၊ နည်းသူ–ငုံ။ (ယုမှတ္တမှု)
* ။ ကာယ, ဘာဝ၊ ဇီဝိတနှင့်၊ သုက္က တစ်ထွေ၊ သွေး, သည်းခြေ၊ ခြောက်ထွေ ကိုယ်မှာ အနှံ့ပြာ။
* ။ ပ, အာ, တေ, ဝါ၊ ဆင်း, နှံ့ပြာ၊ ရသာ, ဆီသြဇ။
* ။ အဝိနိဗ္ဘောဂ၊ ခွဲမရ၊ ဖြစ်ကြ နေရာတိုင်း။
* ။ ဇီဝိ, ကာယ၊ ထိ, ပုမ၊ လေး၀ထည်ကိုယ် ကိုယ်လုံးစို။
* ။ စက်, သော, ဃာန၊ ဇိ, ဟဒ၊ သဒ္ဒ–ခြယ်လှယ်ရုပ်။
* ။ ပရိစ္ဆေဒ၊ ပိုင်းခြားပြ၊ အာကာသလည်း ခေါ်။

http://www.dhammadownload.com


## ရူပဝိဘာဂ

* ။ ရုပ်မှန်သမျှ၊ သာသဝနှင့်၊ ကာမ, အနာ၊ အပ္ပဟာတပ်၊ အဟိတ် မှတ်၍၊ တစ်ရပ် သပ္ပစ်၊ လောကီဖြစ်၊ မှတ်လစ်သင်္ခတ။
* ။ စက်, သော, ဃာ, ဇိ၊ ကာ ငါးလီ၊ အမည် အဇ္ဈ, ပသာဒ။
* ။ စက်, သော, ဃာ, ဇိ၊ ကာ, ဟဒိ၊ ခြောက်လီ ဝတ္ထုရုပ်။
* ။ ငါး ပသာဒ၊ ဝိညတ် ဒွ၊ သတ္တ ဒွါရရုပ်။
* ။ ရူပ, သဒ္ဒ၊ ဂန်, ရသနှင့်၊ ဖောဋ္ဌ, သုံးဖြာ၊ ပ, တေ ဝါ၊ သတ္တာ ဝိသယ။
* ။ ပသာ, ဘာဝ၊ ဇီဝိတ၊ ရှစ်ဝ ဣန္ဒြိယရုပ်။
* ။ ပသာ, ဝိသယ၊ ဆယ့်နှစ်ဝ မှာ၊ ရုပ် ဩဠာ၊ တစ်ဖြာ သပ္ပဋိဃ မှတ်။
* ။ ဥပါဒိန္န၊ ကမ္မဇ၊ ရူပ–သနိဒဿန။
* ။ ပသာငါးစုံ၊ ရောက်အာရုံဟု၊ ဆိုတုံ မဟာ၊ ဌကာထာ၊ သစ်မှာ စက်, သော မရောက်ပြော။

## ရူပသမုဋ္ဌာန်

* ။ နှစ်ဆယ့်ငါးခု၊ ကာ, ရူကု၊ အကု တိတ်ကံ၊ ရုပ်ဖြစ်ရန်။
* ။ ပဋိ ဥမှ၊ ကမ္မဇ တို့၊ အစပြု၍၊ စုတိ ရှေးဖြစ်၊ ဆယ့်ခုနစ်၏၊ ဥပါဒ်ထိအောင်၊ ဖြစ်ဘိမဆိုင်း၊ ခဏတိုင်း၊ နောက်ပိုင်း စုတိ အတူချုပ်။
* ။ အရူပိပါ၊ ဒွေပဥ္စာနှင့်၊ ရဟန္တာစုတိ၊ သန်ပဋိ၊ ကြဉ်ဘိ ရုပ်ဖြစ်စေ။
* ။ မနောဓာတုံ၊ တဒါရုံနှင့်၊ တစ်ဖုံ ရူ–ဝိ၊ ဆယ့်ကိုးရှိ၊ ဖြစ်ဘိ ရုပ်ကိုသာ။
* ။ အပ္ပနာရောက်၊ ဇော–နှစ်ခြောက်၊ ခိုင်ထောက် ဣရိယာပုထ်ကိုလည်း။
* ။ မနောဒွါရာဝဇ္ဇန၊ ဇော ကာမနှင့်၊ နှစ်ဝ ဘိညာ၊ ဒွတ္တိံသာ၊ နှစ်ဖြာ ဝိညတ် ကိုလည်းတတ်။
* ။ သောမနသ် ဆယ့်သုံး၊ ရယ်ရွှင် ပြုံး၊ ငိုမှုန်း မဲ့ရွဲ့၊ ဒေါ– ဇော နဲ့။
* ။ ပုထုဇန် ရှစ်၊ ခြောက်ခု သေက်၊ ငါးဆစ် ရဟန္တာ။
* ။ အေး, ပူ နှစ်ရပ်၊ တေဇောဓာတ်မှာ၊ ဥတုသာ၊ ဩဇာ အာဟာရ။
* ။ ရုပ်သဘောမျှ၊ လေးဝ ရန်မှာ။ အကြောင်းမရှိ၊ ဖြစ်ဘိ သေချာ။
မှတ်ရုံ, ပိုင်းခြား၊ ရန်များ, အာကာ။ ကလာပ်တွင်း၊ မသွင်းထားရျှာ။
* ။ အဝိနိဗ္ဘောဂ၊ အာကာသ၊ ဖြစ်ရ ကံ, စိတ်, ဥ, ဟာ ကြောင့်။
* ။ ဇီဝိ, ကာယ၊ ထိ, ပုမ နှင့်၊ စ, သော, ဃာ, ဇိ၊ ဟဒယိ၊ ကိုးလီ ကံသက်သက်။

http://www.dhammadownload.com


* ။ စိတ်, ဥ–သဒ္ဒ၊ ဝိညတ်ဒွ မှာ၊ စိတ်ကြောင့်သာ၊ သုံး–တာ စိတ်, ဥ, ဟာ။
* ။ ဇီဝိ, ကာယ၊ ထိ, ပုမနှင့်၊ စ, သော, ဃာန၊ ဇိ, ဟဒ သိ၊ အဝိနိ, အာ၊ ဆယ့်ရှစ်ဖြာ၊ မှတ်ပါ ကမ္မဇ။
* ။ ဝိညတ်, သဒ္ဒါ၊ လဟုတာဒိ၊ အဝိနိ, အာ၊ ဆယ့်ငါးဖြာ၊ မှတ်ပါ စိတ္တဇ။
* ။ သဒ်, လဟုတာဒိ၊ အဝိနိ, အာ၊ ဆယ့်သုံးဖြာ၊ မှတ်ပါ ဥတုဇ။
* ။ လဟုတာဒိ၊ အဝိနိ, အာ၊ ဆယ့်နှစ်ဖြာ၊ မှတ်ပါ အာဟာရဇ။
* ။ ကံကြောင့် ရုပ်ဖြစ်၊ ဆယ့်ရှစ် ကမ္မဇာ။ စိတ္တဇကား၊ ဆယ့်ငါး မှန်စွာ။ တစ်ဆယ့်သုံးခု၊ ဥတုဇ မှာ။ ဟာ ဆယ့်နှစ်၊ တွက်စစ် စတုဇာ။

## ကလာပ်

* ။ ဖြစ်, ပျက်, မှီရာ၊ တူ သုံးဖြာ၊ အင်္ဂါ ကလာပ်များ။
* ။ ကလာပ်ပေါင်းကွယ့်၊ နှစ်ဆယ့်တစ်ဖြာ။ ကမ္မဇ ကိုး၊ ခြောက်မျိုး စိတ္တာ။ လေး ဥတုဇ၊ နှစ်ဝ အာဟာ။ တွင်း ကုန်ဖြစ်၊ ပြင်–နှစ် ဥ– စ သာ။

## ရူပပဝတ္တိက္ကမ

* ။ ရုပ်စိတ္တဇ၊ ဒုတိယ ဥ၊ အစပြုကာ၊ စုနောက်မှာဝယ်၊ ခဏငယ်၊ မှတ်ဖွယ် လေးဆယ့်ရှစ်။
* ။ ပဋိ ဋ္ဌိမှ၊ ဥတုဇတို့၊ အစပြု၍၊ စုတေ့ ပြီးနောင်၊ အလောင်းကောင်၊ တိုင်အောင်ဆက်လက်ဖြစ်။
* ။ ဩဇာပြန့်ရာ၊ အစဖြာ၍၊ အာဟာရုပ်များ၊ စုနောက်ပါး၊ ချုပ်ကြွေးငါးဆယ် ခဏငယ်။
* ။ အာယု, ဥဣွာ၊ ဝိညာဏာ၊ ကိုယ်မှာ ကင်းပြတ် သေဆုံးလတ်။
* ။ ဂဗ္ဘသေယျကာ၊ သန္ဓေစဥ်၌၊ ကာယ,ဘာ,ဝတ်၊ သုံး–ကလာပ်၊ မှတ်အပ် ကလလရေကြည်။
* ။ သံသေ ဥပပါတ်၊ ကာ ဘာ ဝတ်၊ နောက်ထပ် စက်, သော, ဃာ, ဇိ–တိုး။
* ။ ရုပ်အားလုံးရ၊ ကာမ ဘုံမှာ။ ပုဂ္ဂိုလ် အလိုက်၊ ဖြစ်ထိုက်သင့်စွာ။ ဝိကာ ငါးဝ၊ သဒ္ဒ, ဇရာ။ အနိစ္စ၊ မရ သန္ဓေခါ။
* ။ ဃာ, ဇိ, ကာယ၊ ဘာဝ ကြဉ်ပါ။ နှစ်ဆယ့်သုံးမျှ၊ ရူပ ဘုံမှာ။ ဇီဝိ, ဝတ္ထု၊ စက္ခု, သောတာ။ ကံကလာပ်၊ လေးရုပ် သန္ဓေခါ။
* ။ ဇီဝိ နဝ၊ ကေ သန်မှာ။ လဟုတာဒိ၊ တြိ, အာကာ။ လက္ခဏာ လေး၊ ပေါင်းရေး ရှစ်ဖြာ။ ဆယ့်ခုနစ်၊ ရုပ်ဖြစ် အသညာ။

http://www.dhammadownload.com


* ။ ဝိကာ, သဒ်, ဇ၊ အနိစ္စတို့၊ မရ သန္တေ၊ တထွေ စုတိ၊ ဥ, သဒ်, ဝိ၊ မရှိ ခုနှစ်ပြား။

**နိဗ္ဗာန်အခန်း**

* ။ မဂ်ဉာဏ် လေးခု၊ မျက်မှောက်ပြုရာ၊ မဂ်, ဖိုလ် အာပြစ်၊ လောကုတ်စစ်ကို၊ ဆိုးညစ်ငါန၊ တဏှာမှ၊ ထွက်ရ မြတ်နိဗ္ဗာန်။

* ။ သဥပါဒိ၊ ခန္ဓကြွင်းရှိ၍၊ မရှိလေရာ၊ အနုပါဟု၊ နိဗ်-နှစ်ခု၊ ပြားမှု ကာရဏာပရိယာယ်။

* ။ သုည ကင်းဆိတ်၊ အနိမိတ္တံ၊ ပုံဟန်မရှိ၊ အပ္ပဏိဟိ၊ မရှိတောင့်တ၊ နိဗ် သုံး၀၊ ပြားကြခြင်းအရာ။

* ။ အစ္စု, အစ္စန်၊ အသင်္ခနှင့်၊ ပဒံ, အနုတ်၊ နိဗ်ဂုဏ်ပုဒ်၊ ဖွင့်ထုတ် သဂြိုဟ်ကျမ်း။

**ဓာတ်ကြီး ၄-ပါးဆိုင်ရာ**

* ။ ဆံပင် အစ၊ ဦးနှောက်ကျ၊ ဝီသ ပထဝီ ဓာတ်လွန်။

* ။ သည်းခြေမှ စ၊ ကျင်ငယ်ကျ၊ ဒွါဒ အာပေါ လွန်။

* ။ သန္တပ္ပန၊ ဇီရဏနှင့်၊ ဍာဟ တစ်ပြား၊ ပါစကား၊ လေးပြား တေဇော လွန်။

* ။ ဥဒ္ဓင်္ဂမ၊ အဓောဂနှင့်၊ ကုစ္ဆိ, ကောဋ္ဌာ၊ အင်, အဿာ၊ ခြောက်ပြား ဝါယောလွန်။

* ။ ပထဝီ နှစ်ဆယ်၊ ဆယ့်နှစ်သွယ် အာပေါ၊ လေး တေဇောနှင့်၊ ဝါယော ခြောက်ဆစ်၊ လေးဆယ့်နှစ်၊ မှတ်လှစ် ရုပ်ကြီးပေါင်း။

ရုပ်ပိုင်းပြီး၏။

* * * * *

**သမုစ္စည်းပိုင်း**

* ။ အာရုံ သိပြား၊ စိတ်ကား တစ်ပြား။ စေ ပညာသ္တိ၊ နာမ် တိပညာ။
နိပ္ဖန် ဆယ့်ရှစ်၊ နိဗ်-တစ်ပေါင်းပါ။ သတ္တတိ၊ ဒွေသိ ဝတ်ဓမ္မာ။

* ။ အကု, မိဿ၊ ဗော, သဗ္ဗ၊ လေး၀ သမုစ္စည်း။

**အကုသလသင်္ဂဟ**

* ။ အာ, ဩ, ယော, ဂန်၊ ဥ, နီ မှန်၊ နု, သံ, ကိလေ ကိုးဌာနေ။

* ။ အာ, ဩ, ယော၊ ဂန္ထ ဥပါ။ လေးပါးစီ ထား၊ နီ-ကား ခြောက်ပြား။
အနုသယ၊ သတ္တ မှန်စွာ။ ဆယ်စီ ဟော၊ သံယော, ကိလေသာ။

* ။ ကာမ, ဘဝ၊ ဒိဋ္ဌိ, အ၊ ပြားကြ အာ, ဩ, ယော။

* ။ အဘိဇ်, ဗျာ, သီ၊ ဣဒံ မှီ၊ လေးလီ ဂန္ထပြား။

http://www.dhammadownload.com


* ။ ကာ, ဒိဋ္ဌိ, သီ, အတ်၊ စွဲလမ်းတတ်၊ လေးရပ် ဥပါဒါန်။
* ။ ကာမစ္ဆန္ဒ၊ ဗျာပါဒ နှင့်၊ ထိန, မိဒ္ဓ၊ ဥဒ္ဓ, ကုက်ပါ, ဝိ၊ အဝိဇ် သိ၊ ခြောက်ရှိ နီဝရဏာ။
* ။ ကာမ, ဘဝ၊ ပဋိဃနှင့်၊ မာန, ဒိဋ္ဌိ၊ ဝိစိ, အဝိဇ္ဇာ၊ ခုနစ်ပြား၊ မှတ်ပါ နုသယ။
* ။ ကာမ, ဘဝ၊ ပဋိဃနှင့်၊ မာန, ဒိဋ္ဌိ၊ သီ, ဝိစိ, ဣဿ၊ မစ်, အဝိဇ်၊ ဆယ်စိတ် အဘိသံ။
* ။ ဘဝ အစား၊ ရူ, ရူ ပွား၍၊ နှစ်ပါး ဣဿ, မစ်၊ ပြောင်း ဥဒ္ဓစ်၊ သံ–ဖြစ် သုတ္တန်နည်း။
* ။ လော, ဒေါ်, မော, မာ၊ တစ်ပြာ ဒိဋ္ဌိ၊ ဝိ, ထိ, ဥဒ်, အ၊ နောတ္တပ္ပ၊ ဆယ်ဝ ကိလေသာ။

## တရားကိုယ် ကောက်နည်း

* ။ ဘိဇ္ဈာ, ကာမ၊ ဘဝ–လောဘာ။
  ဗျာပါ, ပဋိ၊ တွေ့ရှိ ဒေါသာ။
  ဣဒံ သီလ၊ အတ္တဝါဒါ။
  ခြင်းရာမျှ ၊ ကွဲကြ ဒိဋ္ဌိသာ။
* ။ အာ, ဩ, ယောဂ၊ ဂန္ထ–လေးပြာ။
  တရားကိုယ်များ၊ သုံးပါးစီသာ။
  ဥ–နှစ် နီ–ရှစ်၊ ခြောက်ဆစ် နု မှာ။
  သံယော ကိုး၊ ဆယ်မျိုး ကိလေသာ။
* ။ လော–ကိုး မည်ရှိ၊ ဒိဋ္ဌိ ရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသာ၊ ကဒီလေးထုတ်၊မာနဒွစ္စ၊
  သုံးမည် ရ၏၊ ထိန နှစ်မည်၊ ကြွင်းသည် ခြောက်ဝ၊ တစ်မည်ရ၊ ပေါင်းက စုဒ္ဒသ။ (ဗျိုး)
* ။ နာမ် တေပညာ၊ ရုပ် နိပ္ဖန်နှင့်၊ လက္ခဏာ ကို၊ သန္တာန် နှစ်ထွေ၊ ဆယ်ကိလေများ၊
  ဆက်မြှောက် ပွား၊ မှတ်သား ကိလေသာ ထောင့် ငါးရာ။

## မိဿကသင်္ဂဟ

* ။ ခြောက်ပြာ ဟေတု၊ ခုနစ်ခု ဈာန်နင်၊ မဂ္ဂင် ဆယ့်နှစ်၊ နှစ်ဆယ့်နှစ် ဣန္ဒြေ၊ ဗိုလ်ကိုးထွေ
  နှင့်၊ မှတ်လေ ဓိ, အာ၊ လေးစီသာ၊ ရောရာ မိဿက။
* ။ လော, ဒေါ်, မောဟ၊ အ–နှင့်ပြ၍၊ ကြောင်းဆ ဟေတု၊ ရှေ့သုံးခုမှာ၊ အကုသာ၊
  ကု, ဗျာ နောက်သုံးခု။
* ။ တက်, စာ, ပီ, ဧ၊ ဝေ သုံးထွေ သော၊ ဒေါ်, ဥ နှော၊ မှတ်လော ဈာနင် ခုနစ်ပါး။
* ။ ဒိဋ္ဌိ, သင်, ဝါစာ၊ ကမ္မန်, အာ နှင့်၊ ဝါယာ, သတိ၊ သမာဓိ၊ ရှစ်သိ သမ္မာ မဂ္ဂင်များ။

http://www.dhammadownload.com



* ။ ဒိဋ္ဌိ, သင်, ဝါယာ၊ နောက် သမာ၊ မိစ္ဆာ မဂ္ဂင် လေး။

* ။ စက်, သော, ဃာ, ဇိ၊ ကာယ, ထိနှင့်၊ ပု, ဇီ, မန၊ ဝေ ငါးဝပါ။ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ, အနညိ၊ အညိ နှစ်အညိ၊ ပေါင်းလျှင် ဣန္ဒြိယ ဗာဝီသ။

* ။ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ တစ်လီ၊ ဟိရီ, ဩတ္တပ်၊ အ နှင့် ကပ်၊ ကိုးရပ် ဗိုလ် အပြား။

* ။ ဆန်, ဝီရိယံ၊ စိတ်, ဝီမံ၊ လေးတန် ဓိပတိ။

* ။ ကဗဠီ, ဖဿ၊ စေ, ဝိဉ် မှတ်၊ လေးရပ် အာဟာရ။

## တရားကိုယ်ကောက်နည်း

* ။ ပညာ ငါးမည်၊ လေးမည် ဝီ, ဧ၊ သုံးထွေ စိတ်, သ၊ နှစ်ဝ ဝေ, သဒ်၊ ဝိတက် မှတ်၊ ကြွင်းလတ် တစ်မည်စီ။

* ။ အနဉ် စ မဂ်၊ ခြောက်ချက် လယ်မှာ။
အညိန္ဒြိ၊ ဆုံးသိ အညာ။
ဇော ဒွိနှင့် တိ၊ အဓိ ကော။
ဈာန် မရ၊ ပဉ္စဝိညာဏာ။

* ။ အဟိတ်ဆယ့်ရှစ်၊ မဖြစ် မဂ္ဂါ။
မယှဉ် ဝီရိ၊ မရှိ ဗလာ။
အဝီရိစိတ်၊ ဝိကိစ် ဧ မှာ။
ဈာန် မရ၊ မဂ္ဂ ဗိုလ်လည်းပါ။

* ။ မဂ္ဂင် သမ္မာ၊ သောစိတ်မှာ၊ မိစ္ဆာ အကုသိုလ်။

* ။ တရားကိုယ်များ၊ မှတ်သားဘို့ရာ။
ဟိတ်–ခြောက်, ဈာ–ငါး၊ မဂ်ကား ကိုးဖြာ။
ဣန် ဆယ့်ခြောက်ပါး၊ ကိုးပါး ဗိုလ်မှာ။
လေးစီရ၊ နှစ်ဝ မိနှင့် အာ။

## ဗောဓိပက္ခိယသင်္ဂဟ

* ။ သတိ, သမ္မပ်၊ ဣဒ္ဓိပါဒ်တို့၊ လေးရပ် စီသာ၊ ဣန်, ဗိုလ်မှာကား၊ ငါးစီထား၍၊ ခုနစ်ပါး

http://www.dhammadownload.com


ဗောဇ္ဈင်၊ မဂ် ရှစ်အင်၊ ပေါင်းလျှင် ဗောဓိ သုံးဆွန်ရှိ။

* ။ ကာယ, ဝေဒနာ၊ စိတ်, ဓမ္မာ၊ လေးဖြာ နုပဿ သတိမှတ်။

* ။ အကု ပယ်ရှား။ မဖြစ်ပွားဆို့ ကုများဖြစ်စေ၊ တိုးပွားစေ၊ လေးထွေသမ္မပ် အားထုတ်အပ်။

* ။ ဆန်, ဝီရိယံ၊ စိတ်, ဝီမံ၊ လေးတန် ဣဒ္ဓိပါဒ်။

* ။ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ ပါ။ ငါးဖြာ ဣန္ဒြေနှင့် ဗိုလ်။

* ။ သတိ ဓမ္မ၊ ဝီရိယ, ပီတိ၊ ပဿဒ္ဓိ, သမာ၊ ဥပေက္ခာ၊ သတ္တာ သမ္ဗောဇ္ဈင်။

* ။ ဝတ္တ, ဂန္ထ ဓုတင်နှင့်၊ ဈာန, ဝိပဿ၊ တစ်ရပ် နဝကမ်၊ ဖြဟ္မာပြန်၊ ငြိမ်းရန်အကု ခုနစ်ခု။

**တရားတိုကောက်နည်း**

* ။ သမ္မပ်, ဣဒ္ဓိ၊ ကုသာ ရှိ၍၊ သတိ, ဣန္ဒြေ, ဗ၊ ဗော, မဂ္ဂ၊ ရကြ သော– ဇောကုန်။

* ။ လုံးစုံ ဗောဓိ၊ ရရှိ ကုတ်မှာ။ ဝိတက်, ပီတိ၊ မရှိ ချို့မှာ။
ဝိသုဒ္ဓိ ဆ၊ ဖြစ်က ကီ မှာ။ သောဘန၊ ဇောမျှ ရထိုက်ပါ။

* ။ သတိပဋ္ဌာ၊ သတိသာ၊ ဝီ သာ သမ္မပ္ပဓာန်မှတ်။

* ။ ဝီရိ ကိုးဖြစ်၊ သတိ ရှစ်တည်။၊ ငါးဆစ် ပညာ၊ ၆ လေးဖြာနှင့်၊ သဒ္ဓါ နှစ်တန်၊ ဆန်, စိတ်,ပီ,ပဿ၊ တတ်,တက်,ဝိရတီ၊ တစ်ဌာစီထား။ ဆယ့်လေးပါး၊ မှတ်သား တရားကိုယ်။

* ။ စင်ကြယ် ပူဆွေး၊ ငိုကြွေးကင်းရန်။ ကိုယ်, စိတ်ဆင်းရဲ၊ အမြဲ ချုပ်ရန်။
မဂ်ဉာဏ်သို့ရောက်၊ မျက်မှောက် နိဗ္ဗာန်။ စသည်ကျိုး၊ ပွားတိုး သတိပဋ္ဌာန်။

**သဗ္ဗသင်္ဂဟ,**

* ။ ခန်, အာ, ဓာ, သစ်၊ ဂဏ်လေးဆစ်၊ မှတ်လစ် သဗ္ဗသင်္ဂဟာ။

* ။ ပွန်, တိတ်, နာဂတ်၊ အဇ္ဈတ်, ဗဟိ၊ ဩဠာရိက၊ သုခုမနှင့်၊ ဟီန, ပဏီတော၊ ဒူရေ, သန္တိကာ၊ ဆယ့်တစ်ဝ ပြား။ တရားများ။ ပေါင်းထား ခန္ဓာ ခေါ်။

* ။ ရုပ်, ဝေဒနာ၊ သဉ်, သင်္ခါ၊ ဝိညာ–ငါးခု၊ ခန္ဓာ, ဥ။

* ။ ရေမြှုပ် ရုပ်သာ၊ ဝေဒနာ ရေပွက်၊ သညာက် တံလှပ်၊ တစ်ရပ် သင်္ခါ၊ ငှက်ပျောသာ၊ ဝိညာ မျက်လှည့်သွင်။

* ။ ဥပါဒါနက္ခန္ဓာ၊ လောကီသာ၊ ခန္ဓာ ကီ, ကုတ် နှစ်ပါးထုတ်။

* ။ ဒွါရ–ခြောက်စုံ၊ အာရုံ ခြောက်ခု၊ ကွဲပြားမှု၊ နှစ်ခု ဆယ်ဝ အာယတန။

http://www.dhammadownload.com



* ။ ဒွါရ, အာရုံ၊ ဆယ့်နှစ်စုံတွင်၊ စိတ်ဝိညာဏ်များ၊ သတ္တပွား၊ ဓာတ်ကား တစ်ဆယ့်ရှစ်။

* ။ စေ, သုခုမ၊ နိဗ္ဗာန၊ ဓမ္မ–အာနှင့် ဓာတ်။

* ။ ဒု, သ, နိ, မဂ်၊ မှန် လေးချက်၊ မိန့်မြွက် သစ္စာများ။

* ။ သမုဒယ၊ လောဘ တဏှာ။ ကြွင်း စိတ်, စေ, ရုပ်၊ ကီထုတ် ဒုက္ခာ။
နိဗ္ဗာန် နိရော၊ မဂ်လော မဂ္ဂါ။ ကြွင်း လောကုတ်၊ ဝိမုတ် သစ္စာမှာ။
(မဂ်စိတ်လေးခု၌ ရှိသောလောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ။)

သမုစ္စည်းပိုင်းပြီး၏။

* * * * * *

## ပစ္စည်းပိုင်း

### ပဋိစ္စသမုပ္ပါဒ်နည်း

* ။ ပဋိစ္စမှာ၊ ကြောင်း, ကျိုးသာ၊ ပဋ္ဌာ သတ္တိ အပိုသိ။

* ။ ဖြစ်စေ, တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

* ။ နှစ်ပါး အတိတ်၊ အဝိဇ်, သင်္ခါ။ နာဂတ် ဆုံးခွဲ၊ ဇာတိ ဇ, မာ။ (ဇ=ဇရာ၊ မာ=မရဏ)
ဝိညာဏ် အစ၊ ဘဝ တိုင်းမှာ၊ ပ္ပန်, ရှစ်ဝ၊ အင်္ဂ ဆယ့်နှစ်ဖြာ။

* ။ သုံးပါး အစပ်၊ လေးရပ် အလွှာ။ ငါးပါးစီရ၊ ဝီသ ခြင်းရာ။
မူလ နှစ်ပါး၊ ဝဋ်ကား သုံးဖြာ။ ကျိုးဆက်မျှ၊ သောစ အင်မပါ။

* ။ အင်္ဂ ဆယ့်နှစ်၊ သုံးဆစ် ကာလ၊ သုံးဝ အစပ်၊ လေးရပ် အလွှာ၊ ခြင်းရာ နှစ်ဆယ်၊
ဝဋ်သုံး သွယ်နှင့်၊ နှစ်သွယ် မူလ၊ ခုနစ်ဝ၊ သိကြ ပဋိစ်မှာ။

* ။ ပုညာ, ပုည၊ အာနဉ္ဇ၊ သုံးဝ သင်္ခါရာ။

* ။ ကိလေ, ကမ္မ၊ ဝိပါက၊ သုံးဝ ဝဋ် အပြား။

* ။ တဏှာ သုံးစုံ၊ အာရုံ ခြောက်ခု၊ နှစ်စု သန္တာန်၊ သုံးတန် ကာလ၊ ဆက်မြောက်က၊
တစ်ရာ့ ရှစ်ပါး တဏှာပွား။

* ။ ဇရာ, မရဏ၊ သောက စဖြာ။ နှိပ်စက်လေက၊ ဖြစ်ရ သဝ။ (သဝ= အာသဝ)
အာသဝ ရှိ၊ မသိ ဖြစ်လာ။ ဆက်မပြတ်၊ ရဟတ်ချား ပမာ။ (မသိ=အဝိဇ္ဇာ)

* ။ အကြောင်း ရှိခြား၊ ကျိုးများ ပေါ်လာ။ လောကီ သက်သက်၊ ဖြစ်ပျက် ဒုက္ခာ။

http://www.dhammadownload.com



အစ မရှိ၊ လည်ဘိ ချာချာ။ မြတ်ဗုဒ္ဓ၊ ဟောပြ ပဋိစ္စာ။

* ။ အတိတ် စေတနာ၊ သင်္ခါရာ၊ ကမ်မှာ ပစ္စယ္ပြန်။

## ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ

အာသဝပွား၊ အမြင်မှားကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျှက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျှက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အို, နာ, သေ, ရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပင်ပန်းရ၍၊ ထိုမှ အာသဝ၊ အဝိဇ္ဇာ စ၊ ဖြစ်ပြန်ကြသည်၊ လုံးဝဆင်းရဲစု သက်သက်မျှသာတည်း။

## ပဋ္ဌာန်းနည်း

* ။ နန်, နန် နှစ်ရပ်၊ သေ, သမ်, နတ်၊ ဝိဂတ် ခြောက်ပါး၊ နာမ်နာမ်အား။

* ။ ဟေ, ကမ်, ဝိပါ၊ ဈာ, မဂ်၊ ငါးဖြာနာမ်က နာမ်ရုပ်အား။

* ။ နာမ်က ရုပ်အား၊ ပစ္ဆာထား၊ နာမ်အား ရုပ်က ပု-ဇော။

* ။ နာမ် ရုပ် ပညတ်၊ နာမ်အားတပ်၊ နှစ်ရပ် အာနှင့် ဥ။

* ။ နာမ်, ရုပ် နှစ်ဝ၊ ချင်းချင်းကျမှာ၊ ဓိ, သ, အဉ်, နိသ်၊ ဟာ, ဣန်, ဝိပ်၊ နောက်ပိတ် အတ်, အဝိ။

* ။ သန္တိ စဖြာ၊ ကုသလာနှင့်၊ ရာဂါ စပြု၊ အကုစုနှော၊ ဥတု, ဘောဇနံ၊ ပုဂ္ဂလံ သေနာ၊ သု, ဒုက္ခာ စ၊ တွင်း, ပြင်မှ၊ များလှ ပကတူ။

* ။ သ, ပု, ပစ္ဆာ၊ ရုပ်အာဟာနှင့်၊ ရူပါဇီဝိ၊ ငါးပါးရှိ၊ အတ္ထိ, အဝိဂတမှတ်။

## ပညတ်အပြား

* ။ သဒ္ဒ ပညတ်၊ သိစေတတ်၊ အတ်ဥတ် သိစေအပ်။

* ။ ပဋ္ဌာန်းအားလုံး၊ ကျဉ်းချုံးယူရာ။ နှစ်ဆယ့်လေးပါး၊ မျိုးကား ကိုးဖြာ။
ခေါင်းဆောင် ရှစ်ခု၊ စတု ကျဉ်းမှာ။ ဥတ်, နာမ်, ရုပ်၊ အချုပ် သုံးပါးသာ။

* ။ သဟ, ည, နိ၊ အတ်, အဝိ မှာ၊ ဇဟိန္ဒိ၊ သဗ္ဗာ အဗျတ္တ။

* ။ အနန်နှစ်ထွေ၊ နတ်, ဝိ, သေ ငါး၊ တိတေထား၍၊ ကမ်ကား ပွန်, တိ၊
တစ်လီ မှတ်ရှု အာ, ဓိ, ဥ မှာ၊ သုံးကာလာ၊ တစ်ဖြာ ဝိမုတ် ကြွင်းပစ္စုပ်။

http://www.dhammadownload.com



## အတ္ထပညတ်

။ ဘုတ်များ ဖောက်ပြန်၊ ပုံသဏ္ဌာန်နေ၊ စွဲ ၍ပေ၊ တောင်, မြေ, မြစ်စ, သဏ္ဌာန်။

။ ဆောက်ဦ ပေါင်းစပ်၊ စွဲပညတ်သည့်၊ ဇရပ်, အိမ်, လှည်း၊ ရထားတွဲ၊ ခေါ်မြဲ သမူဟ။

။ ခန္ဓာငါးရပ်၊ စွဲပညတ်သည့်၊ လူ, နတ်, ကျွဲ, မ၊ ပုဂ္ဂိုလ်စ၊ ခေါ်ကြ သတ္တပညတ်တည်း။

။ နေ, လ ထွက်, ဝင်၊ စွဲ၍ပင်၊ ခေါ်ငင် ဒိသာကာလာ ဒီ။

။ ကိုင်တွယ် တွေ့ထိ၊ မရရှိရာ၊ စွဲ၍သာ၊ တွင်းပါ ဂူစ၊ အာကာသ။

။ ပွားများ အားထုတ်၊ မဟာ ဘုတ်စ၊ စွဲခေါ်ကြ၊ ကသိဏ နိမိတ္တာဒီ။

## သဒ္ဒပညတ်

* ။ ဖဿ, မောင်ဝ၊ ဉာဏ ရှိသူ။ သူ့စိတ်, နာမ်+ရုပ်၊ ကိုတုတ်+မဖြူ။
ဝိဇ္ဇနှင့် အ၊ ဝိဇ်, အ ပြန်ယူ။ ဝိဇ် ဝိဇ္ဇ၊ အ အ သဒ် ခြောက်ဆူ။

* ။ ပထမ စိတ်၊ ပုံရိပ်, အသံ။ လွန်ပြီး အတိတ်၊ ဒုစိတ် သိပြန်။
တတိ စိတ်က၊ သိရ နာမံ။ စတုတ္ထ၊ အတ္ထ ပညတ္တံ။

* ။ အာ, အဓိ, နိသ်၊ ဥ, ပု, ဝိပ်၊ နောက်ပိတ် အတ်, အဝိ။

* ။ အာဓိ, အာပု၊ ဝတ္ထာရှု၊ သုံးခု အာ–အုပ်စု။

* ။ ဓိ, ဥ နှစ်ရပ်၊ အာဓိ မှတ်၍၊ ပု, အတ်, အဝိ၊ အာပု သိ၊ ဝိပ်, နိ–ထပ်ထား ဝတ္ထာငါး။

* ။ စိတ်, စေ, ရူပ၊ နိဗ္ဗာန, ဥတ်၊ ရုံ ခြောက်ရပ်ကား၊ စိတ်, စေအား၊ ပြုပြား အာသတ္တိ။

* ။ လေးမြွတ်ပြုအပ်၊ ရုံ ခြောက်ရပ်ကား၊ ရှစ်ပါး လောဘာ၊ ရှစ် မဟာကု၊ လေးခုဈံဟာ၊
ကြိယာသမ်၊ လောကုတ္တံ၊ ပြုရန် အာ–ဓိ သုံး။

* ။ ပွန် နိပ္ပန္န၊ ရုပ်ဌာရသည်၊ ကာမ မနော၊ ဘိဉ် စက်, သော၊ တယော အာပု၊ ကျေးဇူးပြု။

* ။ စုတိရှေးဖြစ်၊ ဆယ့်ခုနစ်နှင့်၊ တူဖြစ် ဟဒယ၊ ဝတ္ထုက ကား၊ မရဏာသန်၊ မနော္ဒွံရှိ
စိတ်ဝီထိအား၊ ဝတ္ထာ ငါး၊ မှတ်သား ကျေးဇူးပြု။

* ။ ဟေ, ဓိ, သဟံ၊ အဉ်, နိ, ကမ်၊ ဝိပံ, ဟာ, ဣန်, ဈာန်။

* ။ မဂ်, သမ်, ဝိပ်, အတ်၊ အဝိ မှတ်၊ သဟတ် ဆယ့်ငါးတန်။

* ။ ဟေ, ဓိ, ကံ, ဟာ၊ ဣန်နှင့် ဈာ၊ မဂ္ဂ သတ္တ ငယ်သဟ။

http://www.dhammadownload.com



* ။ ဟေတု ခြောက်ဆယ်၊ လေးမိ တစ်သာ၊ စေတနာနှင့်၊ နာမ်ဟာသုံးဝ၊ အဋ္ဌ ဣန္ဒြနမ်၊ ငါးတန် ဈာနင်၊ မဂ္ဂင် ကိုးပါး၊ ပစ္စည်းများကား၊ ယှဉ်ပြားဓမ္မ၊ စိတ္တဇနှင့်၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန် ကျေးဇူးပြု။

* ။ သဟ, နိဿ၊ အတ်၊ အဝိ မှတ်၊ လေးရပ် သဟကြီး။

* ။ နာမ်ခန္ဓာများ၊ ချင်းချင်းအားနှင့်၊ ရုပ်များစိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန်ကျေးဇူးပြု။

* ။ မဟာဘုတ်များ၊ ချင်းချင်းအားနှင့်၊ ရုပ်များ ဥပါ၊ ဖြစ်ဘို့ရာ၊ မှန်စွာကျေးဇူးပြု။

* ။ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန် နှင့်၊ ဟဒယံ ဝတ္ထု၊ ချင်းချင်းပြု၊ သုံးစု သဟကြီး။

* ။ အည, ဝိပါ၊ သမ်, ဝိပ်မှာ၊ လေးဖြာ သဟလတ်။

* ။ နာမ်ခန္ဓာများ၊ ချင်းချင်းအားတည်း၊ ဘုတ်များ မဟာ၊ ချင်းချင်းသာပင်၊ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန် နှင့်၊ ဟဒယံဝတ္ထု၊ ချင်းချင်းပြု၊ သုံးစု အညမှာ။

* ။ ဝိပါက်နာမ်များ၊ ချင်းချင်းအားနှင့်၊ ရုပ်များစိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန်ကျေးဇူးပြု။

* ။ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန် ကား၊ ဝတ္ထုအား၊ ပြုပြား ဝိပါက်၊ နောက်တစ်ချက်။

* ။ နာမ်ခန္ဓာများ၊ ချင်းချင်းအား၊ ပြုပြား သမ္ပယုတ်။

* ။ အရူပဝိပါ၊ ဒွေးပဉ္စာ ထား၊ စိတ်, စေများကား၊ ရုပ်များ စိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန်ကျေးဇူးပြု။

* ။ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန် နှင့်၊ ဟဒယံဝတ္ထု၊ ချင်းချင်းပြု၊ နှစ်ခု သဟဝိပ်။

* ။ နန်, နန်, ဥပ၊ အာသေဝနှင့်၊ ကမ္မ နတ္ထိ၊ ဝိ–ကိုထည့်၊ ခွန်ရှိ အနန်မျိုး။

* ။ ခြားမဲ့ချုပ်သွား၊ စိတ်, စေများကား၊ နောက်ပါးဖြစ်လာ၊ နာမ်ခန္ဓာအား၊ အနန် ငါး၊ မှတ်သား ကျေးဇူးပြု။

* ။ ရှေးရှေးဖြစ်ပြား၊ ကီဇောများကား၊ ဖိုလ်များဖယ်ထား၊ နောက်ဇောအား၊ ပြုပြား နန် သေ–ခြောက်။

* ။ မဂ်ဌ်ယှဉ်လာ၊ စေတနာသည်၊ မဂ္ဂါနန္တရ၊ ဖိုလ် လေးဝ၊ ပြုကြ နန် ကမ်–ခြောက်။

* ။ နိ, ပု, ဣန္ဒြိ၊ ဝိပ်, အတ္ထိ၊ အဝိ ဝတ္ထု ခြောက်။

* ။ ဝတ္ထုခြောက်ပါး၊ သတ်ဝိဉ်အား၊ ကြန်ထား ဝတ်ငါးပြု။

* ။ ပဉ်ဝတ္ထုကား၊ ပဉ်ဝိဉ်အား၊ ပြုပြား ဝတ္ထုခြောက်။

* ။ ပစ္ဆာ, ဝိပ်, အတ်၊ အဝိမှတ်၊ လေးရပ် ပစ္ဆာမျိုး။

http://www.dhammadownload.com



* ။ နောက်နောက်ဖြစ်ပြား။ စိတ်, စေများကား။ ရှေ့များသန္ဓေ၊ စ–ပြုလေ၍၊ လေးထွေ ၄–၀၊ ရုပ်ကာယအား။ ပစ် လေးပါး။ မှတ်သား ကျေးဇူးပြု။

* ။ ဟာ, အတ်, အဝိ၊ သုံးပါးရှိ၊ မှတ်သိ ရုပ်ဟာမျိုး။

* ။ ကဗဠီကာရ၊ အာဟာရဖြစ်၊ ဩဇာ စစ်သည်၊ ကြွင်းလစ်ကာယ၊ စတုဇ၊ သုံးဝ ရုပ်ဟာပြု။

* ။ တွာန်, အတ်, အဝိ၊ သုံးပါးရှိ၊ မှတ်သိ ရူပဇီဝိတိန္ဒြိယမျိုး။

* ။ ရုပ်ဇီဝိတ၊ ကမ္မဇကြွင်း။ ကလာပ်တွင်း။ တြင်း ရူပဇီဝိတိန္ဒြိယပြု။

* ။ ဥပနှင့် ကမ်၊ ဤနှစ်တန်၊ မှတ်ရန် ပကတူ။

* ။ စိတ်, စေ, ရုပ်, ညတ်၊ ဗလဝတ်ကား။ စိတ်, စေအား၊ ပြုပြား ပကတူ

* ။ တိတ်ကု, အကု၊ ကမ် စေစုသည်၊ ခြားမှု ဝိပါ၊ ကမ္မဇာ၊ နာနာကမ္မပြု။

* ။ အာ, သ, ဥ, ရေ၊ ဋ္ဌာ, ကမ္မေ၊ ဟာရေ, တ္တန္ဒြိ၊ ရှစ်ပါးသိ။ (မျှဆရာ)

* ။ ဆယ့်ငါး သတာ၊ ရှစ်ဝ အာနှင့်၊ ခုနစ်ပြာ နန်၊ ခြောက်တန် ဝတ္တု၊ လေးခု ပဋ္ဌာ၊ သုံးပြာဟာရေ၊ တယော တ္တန္ဒြိ၊ ဒွိ ပကတူ၊ တစ်ခုမူ ကမ်၊ မျိုးကိုးတန်၊ ဆောင်ရန် နှုတ်တတ် အာဂုံတည်။ (မျှ)

* ။ နိသ်, အတ်, အဝိ၊ သုံးပါးရှိ၊ ရောဘိ သဟ+ ပုရေမိသ်။

* ။ ကုနှင့် အကု၊ တ–ဝတ္ထုကား။ နာမ်ချင်းအား။ ပြုပြား သဟ+ ပုရေမိသ်။

* ။ အတ္ထိ, အဝိ၊ နှစ်စိသိ၊ ရောဘိ ပစ်ဟာ၊ ပစ်တ္တန် မိသ်။

* ။ ကု, အကုပါ။ ရုပ်ဩဇာက၊ ရှေးကာယ၊ ပြုကြ ပစ်ဟာ မိသ်။

* ။ ကု, အကုဒွိ၊ ရုပ်ဇီဝိ က၊ ကမ္မဇ၊ ပြုကြ ပစ်တ္တန် မိသ်။

* ။ အာ, ဥ, ကမ်, အတ်၊ ဤလေးရပ်တွင်၊ အကုန်ဝင်၊ ထိုပြင် ကိုးမျိုးထား။

ပစ္စည်းပိုင်းပြီး၏။

* * * * * * *

http://www.dhammadownload.com


## ကမ္မဋ္ဌာန်းပိုင်း

* ။ ကသိုဏ်း ဆယ်ဝ၊ ဒသ အသု၊ အနု ဆယ်ဖြာ၊ လေးဖြာ အပ္ပ၊ ကေ စိသာ၊ သညာ, ဝဝတ္ထာန်၊ လေးတန် အာရုပ္ပ၊ ခုနှစ်ဝ မှတ်ကြ သမထသင်္ဂဟ။

* ။ ပ, အာ, တေ, ဝါ၊ နီ, ပီတာနှင့်၊ တစ်ဖြာ လော, ဩ၊ အာ, အာလော၊ ပြန့်ပြောဆယ် ကသိုဏ်း။

* ။ ဥဒ္ဓု, ဝိနီ၊ တလီ ဝိပုဗ်၊ ဝိစ္ဆိဒ္ဒ ထုတ်ပါ၊ ဝိက္ခာ, ဝိက္ခိတ်၊ ဟတဝိက် မှတ်၊ လော, ပု, အဋ္ဌ၊ ဆယ်ရပ် အသုဘ။

* ။ ဗုဒ္ဓ, ဓမ္မ၊ သံ, သီလနှင့်၊ စာဂ, ဒေဝတာ၊ ဥ, မ, ကာ၊ အာနာ ဆယ် အနုသ်။

* ။ မေတ္တာ–ကရု၊ မုဒိ–ဥ၊ လေးခု ဗြဟ္မစိုရ်၊ အပ္ပမညာလည်းဆို။

* ။ အာကာ, ဝိညာ၊ အာကိဉ်ပါ၊ တစ်ဖြာနေဝ အာရုပ္ပ။

* ။ ဘေးရန်, ကြောင့်ကြ, ဆင်းရဲပဉ္စ ကာယနှစ်လုံး ရွှင်ပြုံးကြပါစေ။

* ။ အနောဓိသ် ငါး၊ ဩဓိသ်ကား ခွန်၊ ဆယ့်နှစ်တန်၊ လေးတန် နွှံ–လှစ် လေးဆယ့်ရှစ်။

* ။ လေးဆယ့်ရှစ်ဖြာ၊ သတ္တဝါကို၊ ဆယ်ဖြာအရပ်၊ မြောက်တုံလတ်၊ မှတ်အပ်လေးရာ ရှစ်ဆယ်ပွား။

* ။ လေးဆယ့်ရှစ်ဝ၊ သာမညတွင်၊ လေးရာ့ရှစ်ဆယ်၊ ပေါင်းနှံ့ဆွယ်၊ အကျယ်ငါးရာ့ နှစ်ဆယ့်ရှစ်။

* ။ ချမ်းသာ အိပ်,နိုး၊ အိပ်မက်ဆိုး ကင်း၊ ချစ်ခြင်း လူ, နတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်, မီး, ဆိပ်၊ ကင်းဆိတ် မငြိ သမာဓိ တည်၊ မျက်နှာကြည်၍၊ သေသည် မတွေဝေ၊ ဗြဟ္မာ့ပြည်လား၊ ဆယ့်တစ်ပါး၊ ကျိုးများ မေတ္တာရှင်။

* ။ စွမ်းနိုင်, ဖြောင့်မတ်၊ ပိုလတ်ဖြောင့်စေ။ — သက္ကော, ဥဇူ စ, သုဟုဇူ စ။
။ ဆိုလွယ်, နူးညက်၊ မတက် မာန်တွေ့။ — သုဝစော စဿ, မုဒု, အနတိမာနီ။
။ ရောင့်ရဲ သမွှ၊ ပြုစု လွယ်စေ။ — သန္တုဿကော စ, သုဘရော စ။
။ ကိစ္စသေး၊ သက်မွေး ပေါ့ပါးစေ။ — အပ္ပကိစ္စော စ, သလ္လဟုကဝုတ္တိ။
။ တ္ကန္ဒြေ ငြိမ်သက်၊ ရင့်ကျက် ဉာဏ်တွေ့။ — သန္တိန္ဒြိယော စ, နိပကော စ။
။ မကြမ်းတမ်းဘဲ၊ မစွဲမျိုးဆွေ။ — အပ္ပဂဗ္ဘော, ကုလေသွနနုဂိဒ္ဓေါ။
။ ကဲ့ရဲ့ဘွယ်ဟုတ်၊ သေးနုပ်ပါစေ။ — န စ ခုဒ္ဒမာစရေ ကိဉ္စိ။
။ မပြုဘဲ၊ ရှောင်လွှဲ နိုင်ကြစေ။ — ယေန ဝိညူ ပရေ ဥပဝဒေယျုံ။

* ။ ကြောက်, မြင်, ဝေး, ဆုံး၊ နှစ်လေးလုံး၊ သုံး, သုံး, ရှည်, ကြီး, ဆု။

http://www.dhammadownload.com



၁။ ကြောက်တတ်, မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ ဥပါဒ်ရန်ဘေး ကင်းစင်စေ၍ ငြိမ်းအေးကြပါစေ။

၂။ မြင်အပ်, မမြင်အပ် နှစ်ရပ် များစွာ သတ္တဝါ ။ ။

၃။ ဝေးနေ, နီးနေ နှစ်ထွေ များစွာ သတ္တဝါ ။ ။

၄။ ဘဝဓာတ်ဆုံး မဆုံး များစွာ သတ္တဝါ ။ ။

၅။ ရှည်,တို,အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ။ ။

၆။ ကြီး,ငယ်,အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ။ ။

၇။ ဆူ,ကြုံ,အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ။ ။

၈။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

၉။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၁၀။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

* ။ ပိုးစာ, ဓာတ်မီး၊ ကျင်ကြီး, ကျင်ငယ်၊ တစ်သွယ်သွေးသား၊ ဖြစ်လေငြားသည်၊ ငါးပါး အစု ခွဲဝေတည်း။ (ရှေး)
* ။ ရာ, ဒေါ်, မော, တက်၊ တစ်ချက် သန္ဓိ၊ ဗုဒ္ဓိပါ၊ ခြောက်ဖြာ စရိုက်ပြား။
* ။ အသု, ကာယ၊ သင့် ရာဂတည်း၊ လေး၀ ရောင်မှာ၊ ပွမညာကား၊ ဒေါသတား၍၊ နှစ်ပါးမော, တက်၊ အာနာ ဖျက်၍၊ ခြောက်ချက် ဗုဒ်စ၊ သန္ဓိ မျှလျက်၊ ဥပ, မရဏာ၊ ဝ, သညာ၊ သင့်ရာ ဗုဒ္ဓိမှတ်။
* ။ ပ, အာ, တေ, ဝါ၊ အာကာ, အာနှင့်၊ လေးဖြာ အရူ၊ ဤဆယ်ဆူ၊ မှတ်ယူ အများဆိုင်။

## ဘာဝနာ

* ။ ပရိကမ္မ၊ လုပ်ငန်းစနှင့်၊ နီးက ဥပစာ၊ ရှာန်ရလာ၊ မှတ်ပါ အပ္ပနာ။
* ။ ပရိကမ္မ၊ ဥဂ္ဂဟာနှင့်၊ တစ်ဝ ပဋိဘာ၊ ဤသုံးဖြာ၊ ထင်လာ နိမိတ်ပြား။
* ။ ပရိကမ်တွင်၊ ပ, ဥဂ်ထင်၍၊ ဥ လျှင် ပဋိဘာ၊ ထင်မြင်လာ၊ အပ္ပနာ ဆက်လက်ဖြစ်။
* ။ ကသိုဏ်း, အာနာ၊ ရှာန်ငါးပြားတည်း၊ ကာယာ, အသု၊ ပ ရှာန်ပြု၍၊ သုံးခု မေတ်စ၊ ရှာန်လေး၀နှင့်၊ ပဉ္စမ ဥ၊ အရူပ မှာ၊ သူ့ဆိုင်ရာ၊ ဆယ်ဖြာ ရှာန်မရ။
* ။ အစွမ်းထက်အောင်၊ ပြုလုပ်ဆောင်၊ အခေါင် ဝသီဘော်။

http://www.dhammadownload.com



* ။ အာဝဇ်, သမာ၊ အဓိဋ္ဌာန်နှင့်၊ ဝုဋ္ဌာန လှစ်၊ ပစ္စဝေက်၊ ငါးဆစ် ဝသီဘော်။
* ။ ဝသီဘော်များ၊ လေ့လာပွားက၊ ဈာန်များစွမ်းထက်၊ ထက်လှမ်းတက်နိုင်၊ လိုတိုင်းပိုင်ဖြေ။
* ။ စ, သော, ကွန်, ပ၊ ပုဇ်, ယ, အ–ဟု၊ သတ္တ ဘိညာ၊ ငါးဖြာဖြစ်က၊ ယ နှင့် အ–ကို၊ စ–၌သွင်း ယူ၊ ခြောက်မူ အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက်နားလည်စေ။ (အဖြေပြုသဂြိုဟ်)

## ပညာသိက္ခာ

* ။ သီလ, စိတ္တာ၊ ဒိဋ္ဌိ, ကင်္ခါနှင့်၊ မဂ္ဂါ, ပဋိ၊ ဉာဏသိ၊ သုဒ္ဓိ ခုနစ်ပါး။
* ။ ပါ, ဣန္ဒ်, အာ, ပစ်၊ လေးဆစ် သီလ၊ စင်ကြယ်မှ၊ သီလ ဝိသုဒ္ဓိ။
* ။ ဥပစာရာ၊ အပ္ပနာထိ၊ သမာဓိရ၊ စင်ကြယ်မှ၊ စိတ္တ ဝိသုဒ္ဓိ။
* ။ နာမ်, ရုပ်ပေါ်မှာ၊ လက္ခဏာနှင့်၊ ရသာ, ပစ္စု၊ သိမ်းဆည်းမှု၊ မှတ်ရှု ဒိဋ္ဌိ ဝိသုဒ္ဓိ။
* ။ နာမ်ရုပ်ကြောင်းတိုင်၊ သိမ်းဆည်းနိုင်က၊ ပါယ်မကျဘဲ၊ စူဠသောတာ၊ ခေါ်နိုင်ပါ၊ ကင်္ခါဝိ တရဏ ဝိသုဒ္ဓိ။
* ။ ဖြစ်ပူးသလား၊ မဖြစ်ပူးလားနှင့်၊ မျိုးကားဘယ်မူ၊ ခြင်းရာယူ၊ ဘယ်သူဖြစ်၍ ဖြစ်သနည်း။
* ။ ဖြစ်လတ္တံ့လား၊ မဖြစ်လားနှင့်၊ မျိုးကားဘယ်မူ၊ ခြင်းရာယူ၊ဘယ်သူဖြစ်၍ ဖြစ်သနည်း၊
* ။ ဖြစ်ဆဲဟုတ်လား၊ မဟုတ်လားနှင့်၊ မျိုးကားဘယ်မူ၊ ဘယ်မူခြင်းရာ၊ ဘယ်က လာလို့ အဘယ်သို့ သွား၊ ဤခြောက်ပါး၊ ယုံမှား ပစ္စုပ္ပန်။
* ။ သီ, စိတ်, ဒိဋ္ဌိ ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မရောက်သေး။
* ။ သမ္မ, ဥဒ၊ ဘင်, ဘယ နှင့်၊ အာဒီ, နိဗ္ဗိ၊ မုစ္စိ, ပဋိသင်္ခါ၊ သင်္ခါ, အနု၊ ဤဆယ်ခု၊ မှတ်ရှု ဉာဏ်စဉ်များ။
* ။ အဝိဇ်, တဏှာ၊ ကံ, အာဟာနှင့်၊ တစ်ဖြာ ဖဿ၊ နာမ်ရုပ်ပြ၊ မှတ်ကြ ပစ္စယ အကြောင်း။
* ။ အရောင်, ပီတိ၊ ပဿဒ္ဓိ, သဒ္ဓါ၊ ဝိရိယာ, သုခ၊ ဉာဏ, သတိ၊ နိကန္တိ, ဥပေက္ခာ၊ ဆယ်ဖြာ ဝိပဿ ညစ်ညူးလတ်။
* ။ သမ္မသန၊ ဥဒယဉာဏ်၊ အမြင်သန်၊ လမ်းမှန်မြင်သိ မဂ္ဂါဝိ။
* ။ ဥဒယဉာဏ်၊ အခြေခံပြီး၊ ကိုးတန်ဉာဏ်များ၊ ကျင့်ကြံပွား၊ မှတ်သား ပဋိ ဝိသုဒ္ဓိ။
* ။ မင်္ဂဖြစ်နီးလာ၊ အနိစ္စာဒိ၊ အာရုံရှိ၊ ပရိ, ဥ, နု ဝိ–သုံးခု။
* ။ ထွက်ထိပ်ရောက်မှု၊ သင်္ခါရနှင့်၊ အနုလောမ၊ ဂေါ္ဘညာဏ၊ ခေါ်ကြ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ။
* ။ ပုထုဇဉ်နွယ်၊ ချိုးနိမ့်ပယ်၍၊ ရိနွယ်ဖြစ်စေ၊ ကြောင်းနှစ်ထွေကြောင့်၊ ခေါ်လေ ဂေါတြဘူ၊

http://www.dhammadownload.com


မြတ်နိဗ္ဗူ ၊ ရှံယူ မဂ်ရှေ့သွား။

* ။ ပဋိဉာဏ၊ စခန်းက ကျော်၊ မဂ်ဖြစ်ပေါ်၊ မိန့်သော် ဉာဏ ဒသသန။

* ။ သိ, ပယ်, ဆိုက်, ပွား၊ ကိစ် လေးပါး၊ ကျယ်ကား- ဆယ့်ခြောက်ချက်။

* ။ မှောင်ပယ်, လင်းပြူ ဆိခန်းမှူ၊ မှတ်ရှု မီးစာကုန်။

* ။ သောတာပတ္တိ၊ ဒိဋ္ဌိ, ဝိစိနှင့်၊ ပဋိ, ကာမ၊ နာ ပယ်ချ၊ အရ ကြွင်းကျန်ပယ်။

**ပစ္စဝေက္ခဏာဉာဏ် (၁၉) တန်**

* ။ မဂ်, ဖိုလ်, နိဗ္ဗာန်၊ မြဲသုံးတန်နှင့်၊ ပယ်, ကျန် ရှံခါ၊ ပစ် ငါးပြား၊ ကျယ်မှာဆယ့်ကိုးတန်။

**ဉာဏ်စဉ် (၁၆) ပါး**

* ။ ဉာဏ်စဉ် ဆယ်ဝ၊ မူတည်ပြ၍ နာမရူပ၊ ပစ္စယစွက်၊ အောက်နှစ်ချက်နှင့်၊ ဝေါ, မဂ်, ဖိုလ်, ပစ်၊ ထက်လေးဆစ်၊ ပေါင်းလစ် ဉာဏ်စဉ် ဆယ့်ခြောက်ပါး။

* ။ သန္တိ အနိစ်၊ အနိမိတ်သိ၊ သမာဓိ မှာ၊ ဒုက် အပ် သာ၊ ပညာ အနတ် သုညမှတ်။

* ။ သောတာ, သက၊ ဆယ့်နှစ်ဝ စီ၊ စတုဝိ အနာ၊ ရဟန္တာ နှစ်၊ မဂ်လေးဆစ်တွေ့၊ ငါး ဆယ့်လေးကို၊ မြောက်ရေး ဓုရ၊ သဒ်, ပဉ္ဉ၊ တစ်ရာ့ ရှစ်ယောက် ရိယာမြောက်။

**ကမ္မဋ္ဌာန်းပိုင်းပြီး၏**

* * * * * * *

http://www.dhammadownload.com



# စိတ် (၈၉/၁၂၁) အကြောင်း

| အသောဘနစိတ် ၃၀ | | သောဘနစိတ် ၅၉/၉၁ | | | |
|---|---|---|---|---|---|
| အကုသိုလ်စိတ် ၁၂ | အဟိတ်စိတ် ၁၈ | ကာမသောဘနစိတ် ၂၄ | ရူပစိတ် ၁၅ | အရူပစိတ် ၁၂ | လောကုတ္တရာစိတ် ၈/၄၀ |
| လောဘမူ ၈ | အကုသလဝိပါက် ၇ | မဟာကုသိုလ် ၈ | ကုသိုလ် ၅ | ကုသိုလ် ၄ | မဂ် ၄ (၂၀) |
| ဒေါသမူ ၂ | အဟိတ်ကုဝိ ၈ | မဟာဝိပါက် ၈ | ဝိပါက် ၅ | ဝိပါက် ၄ | ဖိုလ် ၄ (၂၀) |
| မောဟမူ ၂ | အဟိတ်ကြိယာ ၃ | မဟာကြိယာ ၈ | ကြိယာ ၅ | ကြိယာ ၄ | |
| ကာမာဝစရစိတ် ၅၄ | | | မဟဂ္ဂုတ်စိတ် ၂၇ | | |

လောဘမူ ၈ = သောမနဿသဟဂုတ် (ဥပေက္ခာသဟဂုတ်) ဒိဋ္ဌိဂတသမ္ပယုတ် (ဒိဋ္ဌိဂတဝိပ္ပယုတ်) အသင်္ခါရိက (သသင်္ခါရိက)

ဒေါသမူ ၂ = ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက (သသင်္ခါရိက)

မောဟမူ ၂ = ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် (ဥဒ္ဓစ္စသမ္ပယုတ်)

အကုသလဝိပါက် ၇ = ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (သောတဝိညာဏ်, ဃာန, ဇိဝှါဝိညာဏ်)
ဒုက္ခသဟဂုတ် ကာယဝိညာဏ်, ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်း (သန္တီရဏ)

အဟိတ်ကုသလဝိပါက် ၈ = ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (သောတဝိညာဏ်, ဃာန, ဇိဝှါဝိညာဏ်)
သုခသဟဂုတ် ကာယဝိညာဏ်, ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်း, သောမနဿသဟဂုတ် သန္တီရဏ, ဥပေက္ခာသဟဂုတ် သန္တီရဏ

အဟိတ်ကြိယာ ၃ = ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်း (မနောဒွါရာဝဇ္ဇန်း) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်

မဟာကုသိုလ်(ဝိပါက်, ကြိယာ)၈ = သောမနဿသဟဂုတ် (ဥပေက္ခာသဟဂုတ်) ဉာဏသမ္ပယုတ် (ဉာဏဝိပ္ပယုတ်) အသင်္ခါရိက (သသင်္ခါရိက)

ရူပကုသိုလ်(ဝိပါက်, ကြိယာ)၅ = ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-(၄/၃/၂/၂)ပါးနှင့်ယှဉ်သော ပထမဈာန်စိတ် (ဒုတိယ/တတိယ/စတုတ္ထ/ပဉ္စမဈာန်စိတ်)

* ။ တက်, စာ, ပီ, သု၊ ကောက်ရတွင်၊ တစ်ခုစီပယ်၊ အဆုံးဝယ်၊ နှစ်သွယ် ဥ နှင့် ဧ။

အရူပကုသိုလ်(ဝိပါက်, ကြိယာ)၄ = အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန။

လောကုတ္တရာ ၈ = သောတာပတ္တိ, သကဒါဂါမိ, အနာဂါမိ, အရဟတ္တ-(မဂ်/ ဖိုလ်)။

ပထမဈာန် သောတာပတ္တိ မဂ်, ဒု ဈာန်-, တ ဈာန်-, စ ဈာန်-, ပ ဈာန် သောတာပတ္တိမဂ်အစဉ့် သောတာပတ္တိမဂ်စိတ် ၅-ပါးစသည်ဖြင့် ရေတွက်သော် အကျဉ်း ၈-ပါးကို ဈာန် ၅-ပါးဖြင့် မြှောက်လျှင် (၈×၅) အကျယ် ၄၀- ဖြစ်သည်။

http://www.dhammadownload.com


နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အဘိဓမ္မာလက်ဆောင်ကျမ်း

### ပဏာမ

။ အဘိဓမ်များ၊ ဟောဖော်ကြားသည့်၊ ဘုရားမြတ်စွာ၊ ဆယ်ဓမ္မာနှင့်၊ သံဃာတော်မြတ်၊ ငါဦးညွတ်။

အဘိဓမ္မတ္ထများကို ဖော်ထုတ်ဟောကြားသည့် မြတ်စွာဘုရားကိုရင်း၊ မဂ် ၄–တန်၊ ဖိုလ် ၄–တန်၊ နိဗ္ဗာန်၊ ပရိယတ် ၁၀–ပါးသော တရားတော်မြတ်ကိုရင်း၊ မြတ်စွာဘုရား၏ တပည့်သား သမ္မုတိ၊ ပရမတ် နှစ်ရပ်သော သံဃာတော်မြတ်ကိုရင်း၊ ငါသည် ဦးညွှတ်ရှိကျိုး ရှိခိုးပါသည်။

### ဘုရားစကားတော်

**သတ္တဝါဝေနေယျများအတွက် မြတ်စွာဟောကြားဝညတ်ခဲ့သည့် အရာများသည် အချုပ်အားဖြင့် ဓမ္မ,ဝိနယ နှစ်မျိုးဖြစ်သည်။ (ဒီ။ ၂–၁၂၆)**

**ဆောင်ထားရမည့် ဓမ္မနှင့် ဖျောင့်ဖြားရမည့် ဝိနယဟု အဆိုရှိခဲ့သည်၊ ရဟန်းတော်အတွက် ပညတ်ခဲ့သည့် ဝိနည်းပိဋကမှာ ဝိနယဖြစ်ပြီး၊ သုတ္တန်,အဘိဓမ္မာ ပိဋကလာ တရားအားလုံးကား ဓမ္မဖြစ်သည်။ သုတ္တန္တဓမ္မ,အဘိဓမ္မဓမ္မဟု ဓမ္မနှစ်စား ကွဲပြားပုံကို သတိပြုပါ။**

**ဓမ္မ, အဘိဓမ္မ**

**၁။ ဓမ္မ– သာမန်တရား။**

**၂။ အဘိဓမ္မ–သာလွန်ထူးတဲသောတရား။**

**သတ္တဝါများနှင့် သင့်လျော်ရုံလိုအပ်သလောက်သာ သာမန်ဟောအပ်သော သုတ္တန် တရားတော်များကို ဓမ္မဟုခေါ်သည်။**

**ပုဂ္ဂိုလ်အကြိုက် မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ပြည့်ပြည့်စုံစုံ သုတ္တန်တရားထက် သာလွန်ထူးတဲစွာ ဟောအပ်သော တရားများကိုကား အဘိဓမ္မဟု သတ်မှတ်ထားသည်။**

http://www.dhammadownload.com


## အဘိဓမ္မတ္ထ

အဘိဓမ္မာပိဋကတ် တရားအားလုံး၏ အချုပ်မှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် အားဖြင့် ၅-မျိုးသာ ဖြစ်သည်။ ယင်းအဘိဓမ္မတ္ထ ၅-မျိုးအနက်-

## ပရမတ္ထ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ၄-မျိုးသည် မိမိသဘောမှ မဖောက်ပြန်သည်ဖြစ်၍ မှန်ကန် တည့်မတ် မြတ်သောကြောင့် ပရမတ္ထမည်သည်၊ မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့်လည်း ပရမတ္ထမည်သည်၊ ယင်းပရမတ္ထ၌ ပညတ်မပါဝင်ပါ။

| | အဘိဓမ္မတ္ထ-၅ | ပရမတ္ထ-၄ |
|---|---|---|
| ၁ | စိတ် | စိတ် |
| ၂ | စေတသိက် | စေတသိက် |
| ၃ | ရုပ် | ရုပ် |
| ၄ | နိဗ္ဗာန် | နိဗ္ဗာန် |
| ၅ | ပညတ် | |

။ စိတ်, စေတသိက်၊ ရုပ်, နိဗ်, ညတ်ပါ။ အဘိဓမ္မ၊ အတ္ထ ငါးဖြာ။
မဖောက်ပြန်တတ်၊ အမြတ် လေးဖြာ။ ပရမတ်၊ ပညတ် သူမပါ။

**စိတ်**= အာရုံကို သိတတ်သော သဘော။

**စေတသိက်**= စိတ်၌မှီ၍ ဖြစ်တတ်သော သဘော။

**ရုပ်**= အချမ်း,အပူ, စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘော။

**နိဗ္ဗာန်**= ဆင်းရဲခပ်သိမ်း ငြိမ်းအေးခြင်း သဘော။

---

## စိတ်အကြောင်း

အာရုံကိုသိတတ်သောတရားသည် စိတ်မည်သည်၊ ယင်းစိတ်သည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းမျှ ဖြစ်ပျက်သည်အထိ လျင်မြန်သည်။ (အဘိ၊ ဋ္ဌ ၂-၃၁)

ထိုစိတ်များသည် သူ့သဘာဝအတိုင်း စိတ္တနိယာမအားဖြင့် စနစ်တကျ အစီအစဉ်နှင့်ဖြစ်ကြသည်။

**ပရမတ္ထ**- မိမိသဘောမှ မပြောင်းလွဲခြင်း သဘော။ **ရုပ်**- ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်သည့် သဘော။
ဖောက်ပြန်သည့်သဘောမှ မပြောင်းလွဲခြင်းသည်ပင် ရုပ်ပရမတ်။


http://www.dhammadownload.com



## စိတ္တနိယာမ

တစ်ဘဝအတွက် အစဦးဆုံး ပဋိသန္ဓေစိတ်၊ ထို့နောက် ဘဝင် (၁၆) ကြိမ်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိကလောဘဇော (၇) ကြိမ် ဖြစ်ကြပြီးလျှင် ဘဝ မဆုံး မချင်း ဘဝင်နှင့် ဝီထိစိတ်တို့ အကြောင်းအားလျော်စွာ တစ်လှည့်စီ ဖြစ်နေကြသည်၊ ဘဝဆုံးသောအခါ၌ စုတိစိတ်ဖြစ်သည်။

### တစ်ဘဝအတွင်း စိတ်ဖြစ်စဉ်




* *။ ပဋိ နောက်တွင်၊ ဘဝင် ဆယ့်ခြောက်၊ အမြဲရောက်တာ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောလောဘတို့၊ ဖြစ်ကြပြီးလျှင်၊ ဘွင်, ဝီထိ၊ လှည့်စီသိ၊ စုတိ အဆုံးနေ။*

---

## ဝီထိ(စိတ်တန်းများ)

လောကဥ္စနိုင်ငံ၏အဓိကလုပ်ငန်းများကို အကြီးအကဲဖြစ်သူ ဘုရင် (သို့မဟုတ်) သမ္မတ စသူတို့ကသာ စီမံခန့်ခွဲကြသည်။ ထိုအကြီးအကဲ ပုဂ္ဂိုလ်တို့ထံ သွားရောက်သောအခါ အပြင်တင်း, တံခါးစောင့်, အတွင်းလက်ခံသူ, စစ်ဆေးသူ, အကြီးအကဲထံ ဝင်ရောက်ခွင့်ဆုံးဖြတ်ပေးသူ, အကြီးအကဲ၏ အဓိကဆောင်ရွက်ပေးမှု, နောက်ဆက်တွဲ အလွှာ+သလွှာ ပြောဆိုမှုများ အဆင့်ဆင့် ဆောင်ရွက်ရသကဲ့သို့ ကောင်းမှု, မကောင်းမှုဇောစိတ်များ အဓိကလုပ်ငန်းဆောင်ရွက်ရာတွင် ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝေါဋ္ဌဗ္ဗန ဟူသော ဇွေခြေး ၅–ချက်နှင့် နောက်လိုက်တဒါရုံတို့ စီတန်း၍ဖြစ်ကြသည်၊ ထိုစိတ်တန်းများကို ဝီထိဟု ခေါ်သည်။

http://www.dhammadownload.com



# စိတ္တနိယာမ

## တံခါး ၆-ပေါက်၌ စိတ်များဖြစ်ပုံ

| | | အဆင့်ဆင့် ဇာတ်ခန်း | စိတ်မည် ပါဠိ | မြန်မာ | သင်္ကေတ | သဘောတရား |
|---|---|---|---|---|---|---|
| ရှေ့ပြေး ၅-ချက် | ၁ | အပြင်ကင်း | ပဉ္စဒွါရာဝဇ္ဇန | ပဉ္စဒွါရာဝဇ္ဇန်း | ပ | စုံစမ်း ထောက်လှမ်း |
| | ၂ | တံခါးပေါက် | (စက္ခု)ဝိညာဏ | (စက္ခု)ဝိညာဉ် | စ | မြင်သိစိတ် |
| | ၃ | အတွင်းလက်ခံ | သမ္ပဋိစ္ဆန | သမ္ပဋိစ္ဆိုင်း | သံ | လက်ခံစိတ် |
| | ၄ | စစ်ကြော | သန္တီရဏ | သန္တီရဏ | ဏ | စစ်ကြော |
| | ၅ | ဆုံးဖြတ် | ဝေါဋ္ဌဗ္ဗန | ဝုဋ္ဌော | ဝု | အရာရှိထံပို့ပေးရန်ဆုံးဖြတ် |
| လိုရင်း | ၆ | ပဓာနလုပ်ငန်း | ဇဝန | ဇော | ဇ | အောင်မြင်သည်အထိ အကြိမ်ကြိမ်လုပ်ဆောင် |
| နောက်ဆက် | ၇ | နောက်ဆက်တွဲလုပ်ငန်း | တဒါရမ္မဏ | တဒါရုံ | ရုံ | နောက်ဆက်တွဲဆောင်ရွက် |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြင်သိစိတ်တန်း | ပ | စ | သံ | ဏာ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| ၂ | ကြားသိစိတ်တန်း | ပ | သော | သံ | ဏာ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| ၃ | နံသိစိတ်တန်း | ပ | ဃာ | သံ | ဏာ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| ၄ | လျက်သိစိတ်တန်း | ပ | ဇိ | သံ | ဏာ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| ၅ | ထိသိစိတ်တန်း | ပ | ကာ | သံ | ဏာ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| ၆ | တွေးသိစိတ်တန်း | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | | | | | ရုံ | ရုံ |

သောတဝိညာဉ် = သော၊ ဃာနဝိညာဉ် = ဃာ၊ ဇိဝှါဝိညာဉ် = ဇိ၊ ကာယဝိညာဉ်=ကာ ၊ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်ဖြစ်။

http://www.dhammadownload.com


## ဝိထိစိတ်များ ဖြစ်နေပုံ

။ ဆင်ခြင်, မြင်သိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

။ ဆင်ခြင်, ကြားသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

။ ဆင်ခြင်, နံသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

။ ဆင်ခြင်, လျက်သိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

။ ဆင်ခြင်, ထိသိ၊ လက်ခံဘိ၍၊ စိစစ်, ဆုံးဖြတ်၊ ဇော, ရုံမှတ်၊ စိတ်ဓာတ် နိယာမ။

။ ဆင်ခြင်, ဇော, ရုံ၊ စိတ်သုံးစုံ၊ မှတ်တို့ တွေးစိတ်တန်း။

## ဘုံစိတ်အပြား

စိတ်သည် ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဟု ဘူမိဘေဒ(ဘုံအပြား) အားဖြင့် ၄-မျိုးရှိသည်၊ ကာမာဝစရစိတ်သည်လည်း အကုသိုလ်, အဟိတ်, ကာမာဝစရ သောဘန အားဖြင့် သုံးမျိုးကွဲပြား ပြန်သည်။

* ***။ ကာမ, ရူပ၊ အရူပနှင့်၊ တစ်ဝ လောကုတ်၊ လေးပါးထုတ်၊ အချုပ် ဘုံစိတ်ပြား။***

* ***။ အကု, အဟိတ်၊ ကာသော စိတ်နှင့်၊ ရူစိတ်, အရူ၊ လောကုတ်တူ၊ မှတ်ယူစိတ်စဉ်ထား။***

---

## စိတ်အမျိုးအစား မှတ်သားပုံ

စိတ်ကို ၁။ အဓိကလုပ်ငန်းဆောင်ရွက်သော ဇောစိတ်၊ ၂။ အကြောင်းကံကြောင့် ဖြစ်ပေါ်ရသော အကျိုးဝိပါက်စိတ်များဟု နှစ်မျိုးခွဲခြားနိုင်သည်။

ဇောစိတ်သည်လည်း မကောင်းသော အကုသိုလ်ဇော, ကောင်းသော သောဘနဇောဟု နှစ်မျိုးကွဲပြားနိုင်သည်။

သောဘနဇောများကိုလည်း အကျိုးလိုအပ်သူ ပုထုဇဉ်, သေက္ခသန္တာန်မှာဖြစ်လျှင် ကုသိုလ်ဇော၊ အကျိုးမလိုအပ်သူ ဘုရား, ရဟန္တာသန္တာန်မှာ ဖြစ်လျှင် ကြိယာဇောဟု နှစ်မျိုး ခွဲခြားရမည်။

ဝိပါက်စိတ်များမှာထား သောဘနဇောများ၏ အကျိုးဝိပါက်များနှင့် အစွမ်းသတ္တိမပါသော အဟိတ်ဝိပါက်များဟု နှစ်ပိုင်းရှိသည်၊ အာဝဇ္ဇန်းနွေးသည် ဝိထိစိတ်များ ဖြစ်ပေါ်ဖို့ စတင်ဦးဆောင် ရသဖြင့် အဖြုသဘောပါ၍ ကြိယာဖြစ်သော်လည်း အစွမ်းသတ္တိမရှိရကား ဇောမဟုတ်သော အဟိတ်ကြိယာသာ ဖြစ်ရသည်။

http://www.dhammadownload.com



## အကုသိုလ်စိတ် ၁၂

| | | | | |
|---|---|---|---|---|
| လောဘမူစိတ် (၈) | ၁ | သောမနဿ သဟဂုတ် | ဒိဋ္ဌိဂုတ်သမ္ပယုတ် | အသင်္ခါရိက |
| | ၂ | ။ | ။ ။ | သ ။ |
| | ၃ | ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၄ | ။ | ။ ။ | သ ။ |
| | ၅ | ဥပေက္ခာသဟဂုတ် | ။ သမ္ပယုတ် | အ ။ |
| | ၆ | ။ | ။ ။ | သ ။ |
| | ၇ | ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၈ | ။ | ။ ။ | သ ။ |
| ဒေါသမူ ၂ | ၁ | ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | အ ။ |
| | ၂ | ။ | ။ | သ ။ |
| မောဟမူ ၂ | ၁ | ဥပေက္ခာသဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ် | |
| | ၂ | ။ | ဥဒ္ဓစ္စ ။ | |

* ။ *လောဘမူ တွင်၊ ဝေ, ဒိဋ္ဌိ, သင်၊ ပွားလျှင် စိတ်ရှစ်ပါး။*

* ။ *ဒေါမနဿ၊ ပဋိဃသမ်၊ အရင်းခံ၊ နှစ်တန် သင် ပွား၊ ဒေါ စိတ်များ။*

* ။ *ဥ သဟဂုတ်၊ ဝိစိ, ဥဒ်၊ ယှဉ်ထုတ် မောမူ‌ဒွေ။*

* ။ *လော ရှစ်, ဒေါ နှစ်၊ မောလည်း နှစ်၊ ဆယ့်နှစ် အကုသိုလ်။ (ထယ်ကီ)*

* ။ *သော လေး, ဒေါ နှစ်၊ ခြောက် ဥပေက်၊ ဆယ့်နှစ် အကုသိုလ်။*

---

လောဘအရင်းခံရှိသောကြောင့် **လောဘမူစိတ်**၊ ဒေါသအရင်းခံရှိသောကြောင့် **ဒေါသမူစိတ်**၊ (မောဟအရင်းခံကြောင့်သာ ဖြစ်ရသောကြောင့် **မောဟမူစိတ်**မည်သည်။)

ဘဝ၌ ငြိုသနွေယူသော သတ္တဝါအား ဇောဝီထိစိတ်၏ အစွမ်းအားဖြင့် လောဘမူစိတ်သာ ရှေးဦးစွာ ဖြစ်သင့်သောကြောင့် လောမူစိတ်ကို ရှေးဦးစွာပြသည်။ (ဇောတို့တွင် လောဘဇောသာ ဘဝ၌ အစဆုံးဖြစ်သောကြောင့် ဟူလို)

အကုသိုလ်အရာဖြစ်သောကြောင့် ဒိဋ္ဌိအရ မိစ္ဆာဒိဋ္ဌိကို ယူရမည်။

http://www.dhammadownload.com


## ဆိုရိုး

**အကုသိုလ်စိတ်သည်**– မူလဘေဒအားဖြင့် လောဘမူစိတ် ၈–ခု၊ ဒေါသမူစိတ် ၂–ခု၊ မောဟမူစိတ် ၂–ခု၊ ပေါင်း ၁၂–ခု။

**လောဘမူစိတ်သည်**– သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊

(ပ)

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁.ခု၊ ပေါင်း ၈.ခု။

**ဒေါသမူစိတ်သည်**– ဒေါမနဿသဟဂုတ် ပဋိဃ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁.ခု၊ ပေါင်း ၂.ခု။

**မောဟမူစိတ်သည်**–ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ခု၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁–ခု၊ ပေါင်း ၂–ခု။

## အကုသိုလ်စိတ်သရုပ်ခွဲ

အကုသိုလ်စိတ်သည် **ဝေဒနာဘေဒအားဖြင့်** –

သောမနဿဝေဒနာ ၄–ခု၊
ဒေါမနဿဝေဒနာ ၂–ခု၊
ဥပေက္ခာဝေဒနာ ၆–ခု၊ ပေါင်း ၁၂–ခု။

**သင်္ခါရဘေဒအားဖြင့်**

အသင်္ခါရိက ၅–ခု၊
သသင်္ခါရိက ၅–ခု၊
သင်္ခါရဝိမုတ် ၂–ခု၊ ပေါင်း ၁၂–ခု။

---

**လောဘမူစိတ်** ၈–ဝါး– လောဘမူစိတ်သည် ဝေဒနာ, သမ္ပယောဂ, သင်္ခါရအပြားတို့ကြောင့် ၈–ပါးပြားရသည်။

**ဒေါသမူစိတ်** ၂–ပါး– ဒေါသမူစိတ်သည် သင်္ခါရအပြားကြောင့် ၂–ပါးပြားရသည်။

**မောဟမူစိတ်** ၂–ပါး– မောဟမူစိတ်သည် သမ္ပယောဂအပြားကြောင့် ၂–ပါးပြားရသည်။

**အကုသိုလ်**= ကုသိုလ်ကောင်းမှု၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ်မည်သည်။ အကုသိုလ်သည် အပြစ်ရှိခြင်း, မကောင်းသောအကျိုးကိုပေးခြင်း သဘောလက္ခဏာရှိသည်။

## အဟိတ်စိတ် ၁၈

| | | | |
|---|---|---|---|
| အကုသလဝိပါက် ၇ | ၁ | ဥပေက္ခာသဟဂုတ် | စက္ခု ဝိညာဉ် စိတ် ၁-ခု |
| | ၂ | ။ ။ | သောတ ။ ။ |
| | ၃ | ။ ။ | ဃာန ။ ။ |
| | ၄ | ။ ။ | ဇိဝှါ ။ ။ |
| | ၅ | ဒုက္ခ ။ | ကာယ ။ ။ |
| | ၆ | ဥပေက္ခာ ။ | သမ္ပဋိစ္ဆိုင်း စိတ် ၁-ခု |
| | ၇ | ။ ။ | သန္တီရဏ ။ |
| အဟိတ်ကုသလဝိပါက် ၈ | ၁ | ဥပေက္ခာသဟဂုတ် | စက္ခု ဝိညာဉ် စိတ် ၁-ခု |
| | ၂ | ။ ။ | သောတ ။ ။ |
| | ၃ | ။ ။ | ဃာန ။ ။ |
| | ၄ | ။ ။ | ဇိဝှါ ။ ။ |
| | ၅ | သုခ ။ | ကာယ ။ ။ |
| | ၆ | ဥပေက္ခာ ။ | သမ္ပဋိစ္ဆိုင်း စိတ် ၁-ခု |
| | ၇ | သောမနဿ ။ | သန္တီရဏ ။ |
| | ၈ | ဥပေက္ခာ ။ | သန္တီရဏ ။ |
| အဟိတ်ကြိယာ ၃ | ၁ | ဥပေက္ခာ ။ | ပဉ္စဒွါရာဝဇ္ဇန်း စိတ် ၁-ခု |
| | ၂ | ။ ။ | မနောဒွါရာဝဇ္ဇန်း ။ |
| | ၃ | သောမနဿ ။ | ဟသိတုပ္ပါဒ် ။ |

***။ စက်, သော, ဃာန၊ ဇိ, ကာယနှင့်၊ သမ္ပ, သန္တီ ၊ ခုနစ်လီ၊ အပယ် အကုဝိ။***

***။ သန္တီ- သော, ဥ၊ နှစ်ခု ပွားတာ၊ ရှေးနည်းသာ၊ ရှစ်ဖြာ အတိတ်၊ ကု ဝိ စိတ်။***

***။ ပဉ်, မနောဒွါ၊ အာ နှစ်ဖြာရှိ၊ နောက် ဟသိ၊ ကြိ အတိတ်၊ သုံးပါးစိတ်။***

***။ တစ်ဝိ သု, ဒု၊ သော နှစ်ခုနှင့်၊ ဥ မှာဆယ့်လေး၊ အတိတ်တွေး၊ ပေါင်းရေး ဆယ့်ရှစ်ပါး။***

---

၇, ၈, ၃ - ဖါး - စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုင်းအစရှိသော ကိစ္စအပြားကြောင့် အကုသလဝိပါက် ၇-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါးပြားရသည်၊ အာဝဇ္ဇန်းအစရှိသော ကိစ္စအပြားကြောင့် အဟိတ်ကြိယာ ၃-ပါးပြားရသည်၊ **ဝိပါက** = အချင်းချင်းဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တို့၏ ရင့်ကျက်သောအကျိုး။ **အဟိတ်စိတ်** = ယှဉ်ဖေါ် ယှဉ်ဖက် သမ္ပယုတ်ဟိတ်မရှိသောစိတ်၊ **အကုသလဝိပါက်** = အကုသိုလ်၏ အကျိုး၊ **ကြိယာ** = အကျိုးရေ ပြုရုံမျှဖြစ်သောစိတ်။

http://www.dhammadownload.com


## ဆို့ရှိုး

**အကုသလဝိပါက်စိတ်သည်**– ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် ၁–ခု၊
ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ် ၁–ခု၊ ......ပ....
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁–ခု၊ ပေါင်း ၇ –ခု။

**အဟိတ်ကုသလဝိပါက်စိတ်သည်** –
ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် ၁ –ခု၊ ........ပ....
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ –ခု၊ ပေါင်း ၈ –ခု။

**အဟိတ်ကြိယာစိတ်သည်** –
ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁–ခု၊ ........ပ....
သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁ –ခု၊ ပေါင်း ၃ –ခု။

### အဟိတ်စိတ် သရုပ်ခွဲ

အဟိတ်စိတ်သည် **ဝေဒနာဘေဒအားဖြင့်** –
သုခ ၁–ခု၊ ဒုက္ခ ၁–ခု၊ သောမနဿ ၂–ခု၊ ဥပေက္ခာ ၁၄–ခု၊ ပေါင်း ၁၈–ခု။
**ဇာတိဘေဒအားဖြင့်**– ဝိပါက် ၁၅–ခု၊ ကြိယာ ၃–ခု၊ ပေါင်း ၁၈–ခု။

အဟိတ်စိတ်၌· စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဉ်ဒွေး၊ ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ် ဒွေး၊ ကာယဝိညာဉ်ဒွေး အားဖြင့် ဒွေးပဉ္စဝိညာဉ် ၁၀။

**စက္ခုဝိညာဉ်ဒွေး**= အကုသလဝိပါက် စက္ခုဝိညာဉ်၊ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဉ်၊ပေါင်း ၂–ခု ။ ( သောတဝိညာဉ် စသည် နည်းတူ )

**အာဝဇ္ဇန်းဒွေး**= ပဉ္စဒွါရာဝဇ္ဇန်း + မနောဒွါရာဝဇ္ဇန်း ပေါင်း ၂–ခု။

**အသောဘနစိတ်သည်** အကုသိုလ် ၁၂–ခု၊ အဟိတ် ၁၈–ခု၊ ပေါင်း ၃၀–ခု။

**ဇာတိဘေဒအားဖြင့်**– အကုသိုလ် ၁၂–ခု၊ ဝိပါက် ၁၅–ခု၊ ကြိယာ ၃–ခု၊ ပေါင်း ၃၀–ခု။
(အသောဘန= သောဘနမဟုတ်သောစိတ်)

**ဝေဒနာဘေဒအားဖြင့်**– သုခ ၁–ခု၊ ဒုက္ခ ၁–ခု၊ သောမနဿ ၆–ခု၊ ဒေါမနဿ ၂–ခု၊ဥပေက္ခာ ၂၀–ခု၊ ပေါင်း ၃၀–ခု။

---

**သဒိရ** –ဝိထိမှတ်ပိုင်း ကမ္ဘစတုက္က၌ အဟိတ်စိတ်ကို အသင်္ခါရိက, သသင်္ခါရိက ၂–မျိုးလုံး၏ အကျိုး၌ ပြထားသောကြောင့် သဒိရအလွတ် ဖြစ်သည်။

http://www.dhammadownload.com

## ကာမာဝစရသောဘန ၂၄

* ။ ဝေဒနာ, ဉာဏ်၊ သင်္ခါရ်နှင့်၊ တစ်ဝန် ကု, ဝိ၊ ကြိမ်ပြောက်ပွား။ ကာသောကား။ မှတ်သားနှစ်ဆယ့်လေး။။

### ကာမာဝစရသောဘန

| | | | | |
|---|---|---|---|---|
| မဟာကုသိုလ် ၈ | ၁ | သောမနဿ သဟဂုတ် | ဉာဏ သမ္ပယုတ် | အသင်္ခါရိက |
| | ၂ | ။ ။ | ။ ။ | သ ။ |
| | ၃ | ။ ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၄ | ။ ။ | ။ ။ | သ ။ |
| | ၅ | ဥပေက္ခာ သဟဂုတ် | ။ သမ္ပယုတ် | အ ။ |
| | ၆ | ။ ။ | ။ ။ | သ ။ |
| | ၇ | ။ ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၈ | ။ ။ | ။ ။ | သ ။ |
| မဟာဝိပါက် ၈ | ၁ | သောမနဿ ။ | ဉာဏသမ္ပယုတ် | အ ။ |
| | ၂ | ။ ။ | ။ ။ | သ ။ |
| | ၃ | ။ ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၄ | ။ ။ | ။ ။ | သ ။ |
| | ၅ | ဥပေက္ခာ ။ | ။ သမ္ပယုတ် | အ ။ |
| | ၆ | ။ ။ | ။ ။ | သ ။ |
| | ၇ | ။ ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၈ | ။ ။ | ။ ။ | သ ။ |
| မဟာကြိယာ ၈ | ၁ | သောမနဿ သဟဂုတ် | ဉာဏသမ္ပယုတ် | အ ။ |
| | ၂ | ။ ။ | ။ ။ | သ ။ |
| | ၃ | ။ ။ | ။ ဝိပ္ပယုတ် | အ ။ |
| | ၄ | ။ ။ | ။ ။ | သ ။ |
| | ၅ | ဥပေက္ခာ သဟဂုတ် | ။ သမ္ပယုတ် | အ ။ |
| | ၆ | ။ ။ | ။ ။ | သ ။ |
| | ၇ | ။ ။ | ။ ဝိမ္ပယုတ် | အ ။ |
| | ၈ | ။ ။ | ။ ။ | သ ။ |

**မဟာ**= အခြားသော မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့ထက် အရေအတွက် များသောကြောင့် မဟာ- တပ်၍ ဆိုသည်။

**သောဘန**– တင့်တယ်ကောင်းမြတ်သော သဒ္ဓါစသည်တို့နှင့် ယှဉ်ခြင်းကြောင့် သောဘနမည်သည်။

http://www.dhammadownload.com


## ဆိုရိုး

**မဟာကုသိုလ်စိတ်သည်**–သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု (ပ)
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁.ခု၊ ပေါင်း ၈.ခု။
(မဟာဝိပါက်စိတ်, မဟာကြိယာစိတ်တို့လည်း နည်းတူ)

**ကာမာဝစရသောဘနစိတ်သည်**–

**(က)** ဝေဒနာ, ဉာဏ်, သင်္ခါရ ၂–ပါးစီ ပြားခြင်းကြောင့် (၂×၂=၄×၂)၈–ပါး၊ ယင်းသည်ပင် ကုသိုလ်, ဝိပါက်, ကြိယာ ၃–ပါးပြားခြင်းကြောင့် ၂၄ –ပါးပြားသည်။

**(ခ) ဇာတိဘေဒအားဖြင့်** –မဟာကုသိုလ်–၈၊ မဟာဝိပါက်–၈၊ မဟာကြိယာ–၈၊ ပေါင်း ၂၄–ခု။

**(ဂ) ဝေဒနာဘေဒအားဖြင့်** –သောမနဿ ၁၂–ခု၊ ဥပေက္ခာ ၁၂–ခု၊ ပေါင်း ၂၄–ခု။

**(ဃ) သင်္ခါရဘေဒအားဖြင့်** –အသင်္ခါရိက ၁၂–ခု၊ သသင်္ခါရိက ၁၂–ခု ၊ ပေါင်း ၂၄–ခု။

**(င) ဉာဏဘေဒအားဖြင့်** –ဉာဏသမ္ပယုတ် ၁၂–ခု၊ ဉာဏဝိပ္ပယုတ် ၁၂–ခု၊ ပေါင်း ၂၄–ခု။

## ကာမစိတ်သရုပ်ခွဲ

**ကာမဝိပါက်သည်**– အကုသလဝိပါက် ၇–ခု၊ အဟိတ်ကုသလဝိပါက် ၈–ခု၊ မဟာဝိပါက် ၈–ခုပေါင်း ၂၃–ခု။

**ကာမကြိယာသည်**– အဟိတ်ကြိယာ ၃–ခု၊ မဟာကြိယာ ၈–ခု၊ ပေါင်း ၁၁–ခု။

**ကာမသောမနဿသည်**– လောဘမူသောမနဿ ၄–ခု၊ အဟိတ်သောမနဿ ၂–ခု၊ ကာမာဝစရသောဘန သောမနဿ ၁၂–ခု၊ ပေါင်း ၁၈–ခု။

**ကာမဥပေက္ခာသည်**– အကုသိုလ် ဥပေက္ခာ ၆–ခု၊ အဟိတ် ဥပေက္ခာ ၁၄–ခု၊ ကာမာဝစရသောဘန ဥပေက္ခာ ၁၂–ခု၊ ပေါင်း ၃၂–ခု။

---

သာယာ ဝ, ပြောအောင်နှင့် တော်မွတ်ခေါင်းပါးအောင် ၂–မျိုးလုံးကိုပင် မိုးက ဖြုသကဲ့သို့ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဟူသော ဉာဏ်အပြား ၂–မျိုးလုံးကိုလည်း ဉာဏ်တဝင် ဖြုသည်။

**သောမနဿဖြစ်ကြောင်း**– သဒ္ဓါအားကောင်းခြင်း, ဉာဏ်အမြင်နှင့်ပြည့်စုံခြင်း, ဝစ္စည်း, အလှူခံပုဂ္ဂိုလ်စသည်ပြည့်စုံခြင်း စသည်တို့ကြောင့် သောမနဿဖြစ်ရသည်။ (ထို့မှ အပြန်အားဖြင့် ဥပေက္ခာဖြစ်ကြောင်းသိလေ)။

**ဉာဏသမ္ပယုတ် ဖြစ်ကြောင်း**–ပညာကိုဖြစ်စေတတ်သော ကံ၊ ဗြဟ္မာဘုံ၌ ဝင်္ငသန္ဓေနေခြင်း၊ ပညိန္ဒြေရင့်ကျက်ခြင်း၊ ကိလေသာမှ ဝေးခြင်းတို့ကြောင့် ဉာဏသမ္ပယုတ် ဖြစ်ရသည်။ (ထို့မှ အပြန်အားဖြင့် ဉာဏဝိပ္ပယုတ် ဖြစ်ရသည်)။

http://www.dhammadownload.com



## ကာမစိတ် ၅၄–ပါးသရုပ်ခွဲ

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ |
| အဟိတ်စိတ် | ၁၈ |
| ကာမာဝစရသောဘနစိတ် | ၂၄ |
| ပေါင်း | ၅၄ |

**ဇာတိဘေဒ**

| | |
|---|---|
| အကုသိုလ် | ၁၂ |
| ကာမကုသိုလ် | ၈ |
| ကာမဝိပါက် | ၂၃ |
| ကာမကြိယာ | ၁၁ |
| ပေါင်း | ၅၄ |

**ဝေဒနာဘေဒ**

| | |
|---|---|
| သုခ သဟဂုတ် | ၁ |
| ဒုက္ခ သဟဂုတ် | ၁ |
| သောမနဿ ။ | ၁၈ |
| ဒေါမနဿ ။ | ၂ |
| ဥပေက္ခာ ။ | ၃၂ |
| ပေါင်း | ၅၄ |

## ကာမစိတ် ၅၄–ပါး

| အကုသိုလ်စိတ် ၁၂ | | အဟိတ်စိတ် ၁၈ | | ကာမာဝစရသောဘနစိတ် ၂၄ | |
|---|---|---|---|---|---|
| လောဘမူစိတ် | ၈ | အကုသလဝိပါက် | ၇ | မဟာကုသိုလ် | ၈ |
| ဒေါသမူစိတ် | ၂ | အဟိတ်ကုသလဝိပါက် | ၈ | မဟာဝိပါက် | ၈ |
| မောဟမူစိတ် | ၂ | အဟိတ်ကြိယာစိတ် | ၃ | မဟာကြိယာ | ၈ |
| အကုသိုလ် + အဟိတ် = အသောဘနစိတ် ၃၀ | | | | | |

**ကာမစိတ်သည်** – (က) အကုသိုလ်စိတ် ၁၂–ခု၊ အဟိတ်စိတ် ၁၈–ခု၊ ကာမာဝစရသောဘနစိတ် ၂၄–ခု၊ ပေါင်း ၅၄ –ခု ။

(ခ) **ဇာတိဘေဒအားဖြင့်**–အကုသိုလ်စိတ် ၁၂–ခု၊ ကုသိုလ်စိတ် ၈–ခု၊ ဝိပါက်စိတ် ၂၃–ခု၊ ကြိယာစိတ် ၁၁–ခု၊ ပေါင်း ၅၄–ခု။

(ဂ) **ဝေဒနာဘေဒအားဖြင့်**–သုခ ၁–ခု၊ ဒုက္ခ ၁–ခု၊ သောမနဿ ၁၈–ခု၊ ဒေါမနဿ ၂–ခု၊ ဥပေက္ခာ ၃၂ –ခု၊ ပေါင်း ၅၄ –ခု။

** ။ အကုဆယ့်နှစ်၊ တာကု ရှစ်တည်း၊ ဆယ့်တစ် ကြိ၊ ကာမ ဝိ၊ မှတ်သိ နှစ်ဆယ့်သုံး။*

** ။ သု–တစ်, ဒု–တစ်၊ သော–ဆယ့်ရှစ်၊ ဒေါ–နှစ် ဥပေက် သုံးဆယ့်နှစ်။*

http://www.dhammadownload.com



## ရူပစိတ် (၁၅)

| | | | | | |
|---|---|---|---|---|---|
| ရူပကုသိုလ် - ၅ | ၁ | တက်၊ စာ၊ ပီ၊ သု၊ ငေ၊ ဈာန်အင်္ဂါ | ၅–ပါးနှင့် | တကွဖြစ်သော | ပဌမဈာန်စိတ် |
| | ၂ | စာ၊ ပီ၊ သု၊ ငေ ။ | ၄–ပါး | ။ | ဒုတိယဈာန်စိတ် |
| | ၃ | ပီ၊ သု၊ ငေ ။ | ၃–ပါး | ။ | တတိယဈာန်စိတ် |
| | ၄ | သု၊ ငေ ။ | ၂–ပါး | ။ | စတုတ္ထဈာန်စိတ် |
| | ၅ | ဥ၊ ငေ ။ | ၂–ပါး | ။ | ပဥ္စမဈာန်စိတ် |
| ရူပဝိပါက် - ၅ | ၁ | တက်၊ စာ၊ ပီ၊ သု၊ ငေ ဈာန်အင်္ဂါ | ၅–ပါးနှင့် | တကွဖြစ်သော | ပဌမဈာန်စိတ် |
| | ၂ | စာ၊ ပီ၊ သု၊ ငေ ။ | ၄–ပါး | ။ | ဒုတိယဈာန်စိတ် |
| | ၃ | ပီ၊ သု၊ ငေ ။ | ၃–ပါး | ။ | တတိယဈာန်စိတ် |
| | ၄ | သု၊ ငေ ။ | ၂–ပါး | ။ | စတုတ္ထဈာန်စိတ် |
| | ၅ | ဥ၊ ငေ ။ | ၂–ပါး | ။ | ပဥ္စမဈာန်စိတ် |
| ရူပကြိယာ - ၅ | ၁ | တက်၊ စာ၊ ပီ၊ သု၊ ငေ ဈာန်အင်္ဂါ | ၅–ပါးနှင့် | တကွဖြစ်သော | ပဌမဈာန်စိတ် |
| | ၂ | စာ၊ ပီ၊ သု၊ ငေ ။ | ၄–ပါး | ။ | ဒုတိယဈာန်စိတ် |
| | ၃ | ပီ၊ သု၊ ငေ ။ | ၃–ပါး | ။ | တတိယဈာန်စိတ် |
| | ၄ | သု၊ ငေ ။ | ၂–ပါး | ။ | စတုတ္ထဈာန်စိတ် |
| | ၅ | ဥ၊ ငေ ။ | ၂–ပါး | ။ | ပဥ္စမဈာန်စိတ် |

**ဈာန်အင်္ဂါ – ၅ –** ဝိတက် , ဝိစာရ, ပီတိ, သုခ, (ဥပေက္ခာ), ဧကဂ္ဂတာ။

**ဆိုရိုး –** ရူပကုသိုလ်သည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဈာန်အင်္ဂါ ၅–ပါးနှင့် တကွဖြစ်သောပဌမဈာန်စိတ် ၁ –ခု၊.....ပ.... ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂–ပါးနှင့် တကွဖြစ်သော ပဥ္စမဈာန် ၁–ခု၊ အားဖြင့် ၅–ခု။ ( ရူပဝိပါက်, ရူပကြိယာ နည်းတူ )

**ဝေဒနာဘေဒ–** ပ, ဒု, တ, စ ဈာန်တို့သည် သောမနဿ၊ ပဥ္စမဈာန်သည် ဥပေက္ခာ၊ ထို့ကြောင့် သောမနဿ ၄–ပါးစီ (၄ × ၃) ၁၂။ ဥပေက္ခာ ၁–ပါးစီ (၁ × ၃) ၃။

* ***။ တက်, စာ, ပီ, သု, တောင်စုတွင်၊ တစ်ခုစီပယ်၊ အဆုံးဝယ်၊ နှစ်သွယ် ဥ–နှင့် ငေ။***

* ***။ ပ, ဒု, တ, စ၊ ပဥ္စမ၊ ငါးဝ ဈာန်အပြား။***

* ***။ ယှဉ်ပုံတွဲပြား၊ ငါးပါး အင်္ဂါ၊ ဈာန် ငါးပါးတွဲ၊ စိတ်လည်း ငါးဖြာ၊***
***တု, ဝိ, ကြိ၊ ပွားဘိ ထပ်တာ၊ ဆယ့်ငါးပါး၊ ဖြစ်ငြား ရူစိတ်မှာ။***

http://www.dhammadownload.com



## ရူပစိတ်သရုပ်ခွဲ

**ရူပစိတ်သည် ဇာတိဘေဒအားဖြင့်**-ကုသိုလ်၅.ခု၊ ဝိပါက် ၅.ခု၊ ကြိယာ ၅.ခု၊ ပေါင်း ၁၅.ခု။

**ဈာနဘေဒအားဖြင့်**-ပထမဈာန် ၃-ခု၊ ဒုတိယဈာန် ၃-ခု၊ တတိယဈာန် ၃-ခု၊ စတုတ္ထဈာန် ၃-ခု၊ပဉ္စမဈာန် ၃-ခု၊ ပေါင်း ၁၅-ခု။

**ဝေဒနာဘေဒအားဖြင့်**-သောမနဿ ၁၂-ခု၊ ဥပေက္ခာ ၃-ခု၊ ပေါင်း ၁၅-ခု။

**အရူပစိတ်- ၁၂ (ပဉ္စမဈာန်, ဥပေက္ခာဝေဒနာ)**

| | | | | | |
|---|---|---|---|---|---|
| ၁ | အာကာသာနဉ္စာယတန | ကုသိုလ် | ဝိပါက် | ကြိယာ | ၃ |
| ၂ | ဝိညာဏဉ္စာယတန | ။ | ။ | ။ | ၃ |
| ၃ | အာကိဉ္စညာယတန | ။ | ။ | ။ | ၃ |
| ၄ | နေဝသညာနာသညာယတန | ။ | ။ | ။ | ၃ |

* ***။ အာကာ, ဝိညာ၊ အာကိဉ်-ပါ၊ တစ်ဖြာ နေဝ အရူပ။***

* ***။ ဘောင်းတင်စသား၊ ရုံများ လေးဖြာ၊ မတူကွဲလွဲ၊ စိတ်လည်း လေးဖြာ၊ တု, ဝိ, ကြိ၊ ပွားဘိ ထပ်တာ၊ ဆယ့်နှစ်ပါး၊ ဖြစ်ငြား အရူပါ။***

**ဆို့ရိုး**

**အရူပကုသိုလ်စိတ်သည်** - အာကာသာနဉ္စာယတနကုသိုလ်စိတ် ၁-ခု၊
ဝိညာဏဉ္စာယတနကုသိုလ်စိတ် ၁-ခု၊
အာကိဉ္စညာယတနကုသိုလ်စိတ် ၁-ခု၊
နေဝသညာ နာသညာယတနကုသိုလ်စိတ် ၁-ခု၊ ပေါင်း ၄-ခု။

(အရူပ ဝိပါက်, ကြိယာ နည်းတူ)

---

**ဈာန်အင်္ဂါ**- ဟူသည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော အစိတ် အစိတ်တည်း။

**ဈာန်**- ဟူသည် ဝိတက်စသော ဈာန်အင်္ဂါအပေါင်းတည်း။

**ဈာန်စိတ်**- ဟူသည် ဈာန်နှင့် ယှဉ်သောစိတ်တည်း။

**ရူပစိတ်သည်**- ဈာန်အင်္ဂါယှဉ်ပုံ ၅-မျိုးပြားခြင်းကြောင့် ဈာန် ၅ -မျိုးပြားသည်။ ဈာန် ၅-မျိုးပြားခြင်းကြောင့် ဈာန်နှင့်ယှဉ်သောစိတ်သည်လည်း ၅ -မျိုးပြားရသည်။ ဈာန်စိတ် ၅ -မျိုးသည်ပင် ကုသိုလ်, ဝိပါက်, ကြိယာ ၃- မျိုးပြားခြင်းကြောင့် ၁၅ -မျိုးပြားရသည်။

ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ ၂ -ပါးနှင့် ယှဉ်သည်ဖြစ်၍ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါတူမှုသောကြောင့် **အရူပစိတ်ကို ပဉ္စမဈာန်၌** သွင်းယူရသည်။

http://www.dhammadownload.com


## အရူပစိတ်သရုပ်ခွဲ

**အရူပစိတ်**သည် ကောင်းကင်စသောအာရုံ ၄–မျိုးပြားခြင်းကြောင့် စိတ် ၄–မျိုးပြားသည်။ ယင်းစိတ် ၄ –မျိုးသည်ပင် ကုသိုလ်, ဝိပါက်, ကြိယာ ၃–မျိုးပြားခြင်းကြောင့် ၁၂–မျိုးပြားသည်။

**အရူပစိတ်**သည် **ဇာတိဘေဒ**အားဖြင့် ကုသိုလ် ၄–ခု၊ ဝိပါက် ၄–ခု၊ ကြိယာ ၄–ခု၊ ပေါင်း ၁၂.ခု။ အရူပစိတ်သည် ဈာန်အားဖြင့် ပဥ္စမဈာန်ဖြစ်သည်၊ ဝေဒနာအားဖြင့် ဥပေက္ခာဖြစ်သည်။

## မဟဂ္ဂုတ် (ရူပ+အရူပ) စိတ်သရုပ်ခွဲ

မဟဂ္ဂုတ်စိတ်သည် **ဘူမိဘေဒ**အားဖြင့် ရူပစိတ် ၁၅–ခု၊ အရူပစိတ် ၁၂–ခု၊ ပေါင်း၂၇–ခု။
**ဇာတိဘေဒ**အားဖြင့် ကုသိုလ် ၉–ခု၊ ဝိပါက် ၉–ခု၊ ကြိယာ၉–ခု၊ပေါင်း၂၇–ခု။
**ဈာနဘေဒ**အားဖြင့် ပထမဈာန် ၃–ခု၊ ဒုတိယဈာန် ၃–ခု၊ တတိယဈာန်၃–ခု၊ စတုတ္ထဈာန် ၃–ခု၊ ပဥ္စမဈာန် ၁၅–ခုပေါင်း ၂၇–ခု။
**ဝေဒနာဘေဒ**အားဖြင့် သောမနဿ ၁၂–ခု၊ ဥပေက္ခာ ၁၅–ခု၊ ပေါင်း ၂၇–ခု။

| | | | အာရုံ | အာရမ္မဏိကစိတ် |
|---|---|---|---|---|
| အတိက္ကမိတဗ္ဗ | | ၁ | ကသိုဏ်းပညတ် | |
| | အာလမ္ဗိတဗ္ဗ | ၂ | ကောင်းကင်ပညတ် | အာကာသာနဥ္စာယတနစိတ် |
| | | ၃ | ပထမာရုပ္ပဝိညာဏ် | ဝိညာဏဥ္စာယတနစိတ် |
| | | ၄ | နတ္ထိဘောပညတ် | အာကိဉ္စညာယတနစိတ် |
| | | ၅ | တတိယာရုပ္ပဝိညာဏ် | နေဝသညာနာသညာယတနစိတ် |

**** ။ တသိုဏ်း, အာတာ၊ ပထမာရုပ်၊ နတ္ထိထုတ်၍၊ တ, ရုပ် ရှုံငါး၊ လေးစီထား၊ ရှေ့တား အတိ နောက်လမ္ဗိ။*** *(အာရုံ ၅–မျိုးတွင် ရှေး ၄–ပါးသည် အတိက္ကမိတဗ္ဗ နောက် ၄–ပါးသည် အာလမ္ဗိတဗ္ဗ)*

**လောကီစိတ်သရုပ်ခွဲဆိုရိုး လောကီစိတ်သည်–**

**ဘူမိဘေဒ**အားဖြင့် ကာမစိတ် ၅၄–ခု၊ ရူပစိတ် ၁၅–ခု၊ အရူပစိတ် ၁၂–ခု၊ ပေါင်း ၈၁–ခု။
**ဇာတိဘေဒ**အားဖြင့် ကုသိုလ် ၁၇–၊ အကုသိုလ် ၁၂–၊ ဝိပါက် ၃၂၊ ကြိယာ ၂၀၊ ပေါင်း ၈၁။
**ဝေဒနာဘေဒ**အားဖြင့် သုခ ၁၊ ဒုက္ခ ၁၊ သောမနဿ ၃၀၊ ဒေါမနဿ ၂၊ ဥပေက္ခာ ၄၇၊ပေါင်း ၈၁။

---

ဖြတ်သည်ငါအဖြစ်သို့ ရောက်တတ်, ဖြတ်သောဈာန်ရပ္ပဂ္ဂိုလ်တို့ရအပ် ရောက်အပ်သောကြောင့် ရူပ, အရူပစိတ်တို့ကို **မဟဂ္ဂုတ်** ဟုခေါ်သည်။

http://www.dhammadownload.com


## လောကုတ္တရာစိတ် (၈) (သောမနဿ + ဥပေက္ခာ ၂ –ပါးဆိုင်)

| | မဂ်စိတ် – ၄ | ဖိုလ်စိတ် – ၄ |
|---|---|---|
| ၁ | သောတာပတ္တိမဂ်စိတ် | သောတာပတ္တိဖိုလ်စိတ် |
| ၂ | သကဒါဂါမိ ။ | သကဒါဂါမိ ။ |
| ၃ | အနာဂါမိ ။ | အနာဂါမိ ။ |
| ၄ | အရဟတ္တ ။ | အရဟတ္တ ။ |

** ။ သောတာ, သတ၊ အနာ, အ တို့၊ မဂ္ဂ, ဖလာ၊ လေးစီသာ၊ ရှစ်ဖြာ လောကုတ္တရာစိတ်။*

** ။ မဂ်လေးပါးတွဲ၊ စိတ်လည်း လေးဖြာ။ မဂ်ဖိုအကျိုး၊ လေးမျိုး ဖလာ။*

*အကျဉ်း ရှစ်ပါး၊ ဈာန်ငါး ပွားတာ၊ လေးဆယ်ပါး၊ ကျယ်ထား လောကုတ္တာ။*

## လောကုတ္တရာ အကျယ် – ၄၀ – ပြားပုံ

| တစ်ခုတစ်ခုသော လောကုတ္တရာစိတ် | | | ဈာန် ၅–ပါးနှင့် ယှဉ်ခြင်းကြောင့် | | | | | |
|---|---|---|---|---|---|---|---|---|
| မဂ်စိတ် – ၂၀ | ၁ | သောတာပတ္တိ မဂ် | ပဌမဈာန် | ဒု ဈာန် | တ ဈာန် | စ ဈာန် | ပဉ္စမဈာန် | ၅ |
| | ၂ | သကဒါဂါမိ ။ | ။ | ။ | ။ | ။ | ။ | ၅ |
| | ၃ | အနာဂါမိ ။ | ။ | ။ | ။ | ။ | ။ | ၅ |
| | ၄ | အရဟတ္တ ။ | ။ | ။ | ။ | ။ | ။ | ၅ |
| ဖိုလ်စိတ် – ၂၀ | ၁ | သောတာပတ္တိ ဖိုလ် | ။ | ။ | ။ | ။ | ။ | ၅ |
| | ၂ | သကဒါဂါမိ ။ | ။ | ။ | ။ | ။ | ။ | ၅ |
| | ၃ | အနာဂါမိ ။ | ။ | ။ | ။ | ။ | ။ | ၅ |
| | ၄ | အရဟတ္တ ။ | ။ | ။ | ။ | ။ | ။ | ၅ |

ပဌမဈာန်သောတာပတ္တိမဂ်, ဒုဈာန်–, တဈာန်–, စဈာန်–, ပဉ္စမဈာန် သောတာပတ္တိမဂ်အားဖြင့် သောတာပတ္တိမဂ်စိတ် ၅ –ပါးစသည်ဖြင့် ရေတွက်လေ။

၁ –ကြိမ်ဖြစ်ရုံမျှဖြင့် တိလေသာဝယ်သတ်မှုထိစွမ်းသည့်အတွက် ဖော်စိတ် ၁–ကြိမ်သာဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာမရှိ။ နိဗ္ဗာန်သို့ကပ်ရောက်တတ်, ညွတ်တတ်သည်ဖြစ်၍ ရေအယာဉ်နှင့်တူသောကြောင့် အရိယအဋ္ဌင်္ဂိကမဂ်သည် သောတမည်သည်။ ထိုအရိယအဋ္ဌင်္ဂိကမဂ်သောတသို့ ရှေးဦးစွာ ရောက်တတ်သောကြောင့် သောတာပတ္တိမည်သည်။

http://www.dhammadownload.com


## ဆိုရိုး

လောကုတ္တရာကုသိုလ်သည် **အကျဉ်းအားဖြင့်** – သောတာပတ္တိမဂ် ၁–ခု၊ (ပ) အရဟတ္တမဂ်စိတ် ၁–ခု၊ ပေါင်း ၄–ခု။

လောကုတ္တရာဝိပါက်စိတ်သည် **အကျဉ်းအားဖြင့်** – သောတာပတ္တိဖိုလ် ၁–ခု၊ (ပ) အရဟတ္တဖိုလ် ၁–ခု၊ ပေါင်း ၄–ခု။

**အကျယ်အားဖြင့်** သောတာပတ္တိမဂ်စိတ်သည် –ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော ပထမဈာန်သောတာပတ္တိမဂ်စိတ် ၁–ခု၊ (ပ) ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန်သောတာပတ္တိမဂ်စိတ် ၁–ခု၊ ပေါင်း ၅–ခု။ ကြွင်းသော မဂ်စိတ်, ဖိုလ်စိတ်တို့ကိုလည်း ဤနည်းတူဆိုလေ။

## လောကုတ္တရာစိတ်သချုပ်ခွဲ

လောကုတ္တရာစိတ်သည် **ဇာတိဘေဒအားဖြင့်** ကုသိုလ်အကျဉ်း ၄–ခု၊ အကျယ် ၂၀–ခု၊ ဝိပါက်အကျဉ်း ၄–ခု၊ အကျယ် ၂၀–ခု၊ ပေါင်း အကျဉ်း ၈–ခု၊ အကျယ် ၄၀–ခု။

**လောကုတ္တရာစိတ်သည်–**

(က) **ဈာနဘေဒအားဖြင့်** ပထမဈာန် ၈–ခု၊ (ပ) ပဥ္စမဈာန် ၈–ခု၊ ပေါင်း ၄၀–ခု။

(ခ)**ဝေဒနာဘေဒအားဖြင့်** သောမနဿ ၃၂–ခု၊ ဥပေက္ခာ ၈–ခု၊ ပေါင်း ၄၀–ခု။

## မဟဂ္ဂုတ်, လောကုတ္တရာသချုပ်ခွဲ

မဟဂ္ဂုတ်,လောကုတ္တရာစိတ်သည် ဈာနဘေဒအားဖြင့် ပထမဈာန် ၁၁ –ခု၊ ဒုတိယဈာန် ၁၁ –ခု၊ တတိယဈာန် ၁၁ –ခု၊ စတုတ္ထဈာန် ၁၁ –ခု၊ ပဥ္စမဈာန် ၂၃ –ခု၊ ပေါင်း ၆၇ –ခု။

**ဝေဒနာဘေဒအားဖြင့်** သောမနဿ ၄၄–ခု၊ ဥပေက္ခာ ၂၃–ခု၊ ပေါင်း ၆၇–ခု။

---

**လောကုတ္တရာစိတ်အဆင့်ဆင့်ထွဲပြားပုံ**

ကိလေသာတို့ မထက်ခြင်း, ထက်ခြင်း, အထူးထက်ခြင်း, အလွန်အကျူးအထူးထက်ခြင်း ဟူသော သတ္တိပြားသဖြင့် သံယောဇဉ်တို့ကို ပယ်ပုံကိစ္စ ၄–မျိုးပြားသောကြောင့် မဂ် ၄–မျိုးပြားသည်။

မဂ် ၄ –ဝါးပြားခြင်းကြောင့် မဂ်နှင့်ယှဉ်သောစိတ် ၄ –မျိုးပြားသည်၊ မဂ်စိတ် ၄–မျိုးပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ် ၄–မျိုးပြားရသည်၊ မဂ်စိတ် ၄–ဝါး၊ ဖိုလ်စိတ် ၄–ဝါးပြားခြင်းကြောင့် လောကုတ္တရာစိတ် ၈–ဝါးပြားရသည်၊ လောကုတ္တရာစိတ်အကျဉ်း ၈–ဝါးသည်ပင် ဈာန် ၅–ဝါးစီ ပြားခြင်းကြောင့် (၈×၅) ၄၀ ပြားရသည်။

http://www.dhammadownload.com



## လောကီ,လောကုတ္တရာ ဈာန်စိတ်သရုပ်ခွဲ

| | | | ဈာန်အမျိုးအစား | | | | | |
|---|---|---|---|---|---|---|---|---|
| | | စိတ်အမျိုးအစား | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဉ္စမ | |
| မဟဂ္ဂုတ် ၂၇ | ရူပါဝစရ | ရူပါဝစရ ကုသိုလ် | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | ״ ဝိပါက် | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | ״ ကြိယာ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | အရူပါဝစရ | အရူပါဝစရ ကုသိုလ် | | | | | ၄ | ၄ |
| | | ״ ဝိပါက် | | | | | ၄ | ၄ |
| | | ״ ကြိယာ | | | | | ၄ | ၄ |
| လောကုတ္တရာ ၄၀ | မဂ်စိတ် | သောတာပတ္တိမဂ် | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | သကဒါဂါမိ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | အနာဂါမိ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | အရဟတ္တ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | ဖိုလ်စိတ် | သောတာပတ္တိ ဖိုလ် | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | သကဒါဂါမိ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | အနာဂါမိ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | အရဟတ္တ ״ | ၁ | ၁ | ၁ | ၁ | ၁ | ၅ |
| | | ဈာန်စိတ်ပေါင်း | ၁၁ | ၁၁ | ၁၁ | ၁၁ | ၂၃ | ၆၇ |

** ။ ၅၅, တုတ်စိတ်များ။ ဈာန်တား ငါးဖြာ။ အစ္စ ဈာန။ ပဉ္စမ သာ။*

*ဆယ့်တစ်စီပြု ပ, ဒု, တ, စ။ နှစ်ဆယ့်သုံး။ အဆုံး ပဉ္စမာ။*

### စိတ်အားလုံးသရုပ်ခွဲဆိုရိုး

**စိတ်သည် ဇာတိဘေဒအားဖြင့်** အကုသိုလ် ၁၂–ခု၊ ကုသိုလ်အကျဉ်း ၂၁–ခု၊ အကျယ် ၃၇–ခု၊ ဝိပါက်အကျဉ်း ၃၆–ခု၊ အကျယ် ၅၂–ခု၊ ကြိယာ–၂၀–ခု၊ ပေါင်း အကျဉ်း–၈၉–ခု၊ အကျယ်–၁၂၁–ခု။

**ဘူမိဘေဒအားဖြင့်** ကာမစိတ် ၅၄–ခု၊ ရူပစိတ် ၁၅–ခု၊ အရူပစိတ် ၁၂–ခု၊ လောကုတ္တရာအကျဉ်း ၈–ခု၊ အကျယ် ၄၀–ခု၊ ပေါင်း အကျဉ်း ၈၉–ခု၊ အကျယ် ၁၂၁–ခု။

**ဝေဒနာဘေဒအားဖြင့်** သုခ–၁–ခု၊ ဒုက္ခ–၁–ခု၊ သောမနဿ–၆၂–ခု၊ ဒေါမနဿ–၂–ခု၊ ဥပေက္ခာ–၅၅–ခု၊ ပေါင်း–၁၂၁–ခု။

http://www.dhammadownload.com



## စိတ်ပိုင်းသရုပ်ခွဲ

| စိတ်အမျိုးအစား | | ဇာတိဘေဒ | | | | ဝေဒနာဘေဒ | | | | | သမ္ပယောဂဘေဒ | | သင်္ခါရဘေဒ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကု | အကု | ဝိ | ကြိ | သု | ဒု | သော | ဒေါ | ဥ | သမ္ပ | ဝိပ္ပ | အသင်္ခါရိ | သသင်္ခါရိ |
| အကုသိုလ်စိတ် | ၁၂ | | ၁၂ | | | | | ၄ | ၂ | ၆ | ၈ | ၄ | ၅ | ၅ |
| အဟိတ်စိတ် | ၁၈ | | | ၁၅ | ၃ | ၁ | ၁ | ၂ | | ၁၄ | | ၁၈ | | |
| ကာမာဝစရသောဘနစိတ် | ၂၄ | ၈ | | ၈ | ၈ | | | ၁၂ | | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| ကာမစိတ်အပေါင်း | ၅၄ | ၈ | ၁၂ | ၂၃ | ၁၁ | ၁ | ၁ | ၁၈ | ၂ | ၃၂ | ၂၀ | ၃၄ | ၁၇ | ၁၇ |
| ရူပါဝစရစိတ် | ၁၅ | ၅ | | ၅ | ၅ | | | ၁၂ | | ၃ | ၁၅ | | | |
| အရူပါဝစရစိတ် | ၁၂ | ၄ | | ၄ | ၄ | | | | | ၁၂ | ၁၂ | | | |
| မဟဂ္ဂုတ်စိတ်အပေါင်း | ၂၇ | ၉ | | ၉ | ၉ | | | ၁၂ | | ၁၅ | ၂၇ | | | |
| လောကီစိတ်အပေါင်း | ၈၁ | ၁၇ | ၁၂ | ၃၂ | ၂၀ | ၁ | ၁ | ၃၀ | ၂ | ၄၇ | ၄၇ | ၃၄ | ၁၇ | ၁၇ |
| လောကုတ္တရာ အကျဉ်း | ၈ | ၄ | | ၄ | | | | ၈ | | | | | | |
| 〃 အကျယ် | ၄၀ | ၂၀ | | ၂၀ | | | | ၃၂ | | ၈ | ၄၀ | | | |
| စိတ်အပေါင်း အကျဉ်း | ၈၉ | ၂၁ | ၁၂ | ၃၆ | ၂၀ | ၁ | ၁ | ၃၈ | ၂ | ၄၇ | ၄၇ | ၃၄ | | |
| 〃 အကျယ် | ၁၂၁ | ၃၇ | ၁၂ | ၅၂ | ၂၀ | ၁ | ၁ | ၆၂ | ၂ | ၅၅ | ၈၇ | ၃၄ | ၁၇ | ၁၇ |

### ဇာတိဘေဒ

* ။ အကု ဆယ့်နှစ်၊ နှစ်တစ် ကုမှာ။ သုံးဆယ့်ခြောက် ဝိ၊ ကြိ ဝီသာ။
တျဉ်း ရှစ်ဆယ့်ကိုး၊ တစ်မျိုးကျယ်မှာ။ ဆယ့်ခြောက်ဝ၊ တိုးတြ ကု, ဝိမှာ။

### ဘူမိဘေဒ

* ။ ငါးဆယ့်လေးဝ၊ စိတ်ကာမနှင့်၊ ရူပဆယ့်ငါး၊ ဆယ့်နှစ်ပါးတူ၊ စိတ်အရူတည်း၊
ရှစ်ဆူလေးဆယ်၊ ကုတ် ကျဉ်း, ကျယ်၊ မှတ်ဖွယ် ဘုံစိတ်ပြား။

* ။ သု, ဒု, ဝေတား၊ တစ်ပါးဝီသာ။ သော ခြောက်ဆယ့်နှစ်၊ ဒေါ် နှစ်မှန်စွာ။
ဥ– ငါးဆယ့်ငါး၊ ဖြစ်ပြား သုံးဖြာ။ သောနှင့်ဒေါ်၊ ရောနှော သု, ဒုမှာ။
စိတ်ပိုင်းပြီး၏။

* * * * * *

http://www.dhammadownload.com


## စေတသိက်ပိုင်း

စိတ်၌ယှဉ်တတ်သော ၅၂-ခုသော သဘောတရားတို့သည် **စေတသိက်မည်ကုန်၏**။ စိတ်နှင့်စေတသိက်တို့ ယှဉ်တွဲနိုင်ရန်-

၁။ ဧကုပ္ပါဒ - အတူတကွဖြစ်ခြင်း၊

၂။ ဧကနိရောဓ- အတူတကွချုပ်ခြင်း၊

၃။ ဧကာလမ္ဗဏ- အာရုံတူခြင်း၊

၄။ ဧကဝတ္ထုက - မှီရာ တည်ရာတူခြင်း-ဟူသော သမ္ပယောဂလက္ခဏာ ၄-ချက် လိုအပ်သည်။

* ။ *အတူ လေးချက်၊ ဖြစ်, ပျက်, ရုံ, မှီ။*
*စိတ်၌ ယှဉ်ကြ၊ ခြယ်သ ပြန်ပြီ။*
*သော, အက, ည၊ သုံးဝ ရာသီ။*
*ငါးဆယ့်နှစ်၊ မှတ်လစ် စေတသီ။*

---

စိတ်၌မှီတွယ် စိတ်ကို ခြယ်လှယ်တတ်သော သဘောတရားများကို စေတသိက် ဟုခေါ်သည်၊ စိတ်သည် အခံပိတ်ကားနှင့်တူ၍ စေတသိက်သည် ပန်းချီဆေးနှင့် တူသည်။

**ဧကနိရောဓ**-သဒ္ဒါဖြင့် စိတ်နှင့် အတူဖြစ်ပြီး နောက်ကျမှချုပ်သော စိတ္တဇရုပ်ကို နှစ်စေသည်။

**ဧကာလမ္ဗဏ**-သဒ္ဒါဖြင့် စိတ်နှင့် အဖြစ်, အပျက်တူသော်လည်း အာရုံကိုမယူတတ်သော ဝိညတ်ရုပ်ကို နှစ်စေသည်။

ရှေ့အင်္ဂါ ၃-ပါးပြည့်စုံလျှင် ဧကဝတ္ထုက ဖြစ်တော့သည်ဟု သိစေရန် **ဧကဝတ္ထုက**-သဒ္ဒါကို ဆိုသည်။

(အဆိုပါ ၄-ချက်တွင် ဧကဝတ္ထုက လက္ခဏာကို အရူပဘုံ၌ မရ)

စေတသိက်များကို အညသမာနရာသီ ၊ အကုသလရာသီ ၊ သောဘနရာသီဟု ပင်မအုပ်စုကြီးသုံးရပ် သတ်မှတ်နိုင်သည်၊ ထိုအုပ်စုများကို ရာသီ အမည်ဖြင့် သုံးနှုန်းခဲ့ကြသည်။

http://www.dhammadownload.com


## အညသမာန်းစေတသိက် ၁၃-ပါး

| အမည် | | | သဘောလက္ခဏာ |
|---|---|---|---|
| အညသမာန်း ၁၃ | သဗ္ဗစိတ္တသာဓာရဏ ၇ | ဖဿ | အာရုံကို တွေ့ထိခြင်း (ချိုသီးစားသည်ကို မြင်၍ သွားရည်ယိုခြင်းစသည်နှင့်တူ) |
| | | ဝေဒနာ | အာရုံ၏ အရသာကို ခံစားခြင်း (အရသာကောင်းကို အစိုးတရ ခံစားသော မင်းနှင့်တူ) |
| | | သညာ | အာရုံ၏ သဘောကို မှတ်သားခြင်း, အမှတ်ပြု၍သိခြင်း (လက်သမားခဲမှတ်နှင့်တူ) |
| | | စေတနာ | အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း(တပည့်ကြီး, လက်သမားကြီး, မိုလ်ဗိုလ်မှူးနှင့်တူ) |
| | | ဧကဂ္ဂတာ | တစ်ခုတည်းသောအာရုံ၌ရှိသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း |
| | | ဇီဝိတိန္ဒြေ | တကွဖြစ်ဘက်နာမ်ရုပ်တရားတို့ကို စောင့်ရှောက်ခြင်း၌ အစိုးရခြင်း |
| | | မနသိကာရ | အာရုံ၌ နှလုံးသွင်းခြင်း (အဖေနည်းမြင်းတို့ကို ယှဉ်စပ်ပေးသော ရထားထိန်းနှင့်တူ) |
| | ပကိဏ္ဏက ၆ | ဝိတက် | သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း, ကြံစည်ခြင်း |
| | | ဝိစာရ | အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်း |
| | | အဓိမောက္ခ | အာရုံကို ဆုံးဖြတ်ခြင်း (မြဲမြံသော တံခါးတိုင်နှင့်တူ) |
| | | ဝီရိယ | သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း, အားထုတ်ခြင်း |
| | | ပီတိ | အာရုံကို နှစ်သက်ခြင်း (ချမ်းသာမခံစားရသေး ရေအိုင်ကိုမြင်၍ နှစ်သက်ခြင်းနှင့်တူ) |
| | | ဆန္ဒ | ပြုလိုကာမျှဖြစ်သော (မြားကိုကိုင်ယူသော လေးသမားနှင့်တူ) |

**ဆိုရိုး**-ဖဿ-အာရုံကို တွေ့ထိခြင်းသဘောလက္ခဏာ။

(စသည်ဖြင့် သရုပ်, သဘောလက္ခဏာတို့ကို ဖော်အတိုင်းဆိုလေ)

* ။ *ဖဿ်, ဝေ, သဉ်, စေ၊ ဧ, ဇီ, မန၊ ခုနစ်ဝ၊ သဗ္ဗစိတ္တ သာဓာရဏ။*

* ။ *တက်, စာ, အဓိ၊ ဝီ, ပီတိ၊ မှတ်သိ ဆန္ဒ ပကိဏ္ဏက။*

* ။ *ကောင်း, ဆိုးတိုင်းမှာ၊ သူတို့ပါ၊ ဆယ့်ဖြာ သုံးဝ အညသမာန။*

---

စိတ်အားလုံးနှင့် ဆက်ဆံသောကြောင့် **သဗ္ဗစိတ္တ သာဓာရဏ** မည်သည်။

စိတ်အားလုံး မဟုတ်ဘဲ အချို့စိတ်များနှင့်သာ ပြန့်ပြန့်ယှဉ်သောကြောင့် **ပကိဏ္ဏက** မည်သည်။

ဤသဗ္ဗစိတ္တသာဓာရဏ ၇-ပါး, ပကိဏ္ဏက ၆-ပါးအားဖြင့် ၁၃-ပါး တို့သည် အကောင်း (သောဘန), အဆိုး( အကုသိုလ်) နှစ်မျိုးလုံးနှင့် ယှဉ် တွဲနိုင်ခြင်းကြောင့် **အညသမာန်း** မည်သည်။ (သောဘနစိတ်၌ယှဉ်ခိုက် အသောဘနစိတ်မှ တစ်ပါး သောဘနစိတ်နှင့် တူသည်၏ အဖြစ်, အသောဘနစိတ်၌ ယှဉ်ခိုက် သောဘနစိတ်မှတစ်ပါး အသောဘနစိတ်နှင့် တူသည်၏ အဖြစ်ကြောင့် အညသမာန်းမည်)

http://www.dhammadownload.com



## အကုသိုလ်စေတသိက် ၁၄-ပါး

| အမည် | | သဘောလက္ခဏာ |
|---|---|---|
| အကုသိုလ်စေတသိက် ၁၄ | မောဟ | အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း, မသိ မလိမ္မာ မိုက်မဲတွေဝေခြင်း |
| | အဟိရိက | ကာယဒုစရိုက်စသည်မှ မရှက်ခြင်း (မစင်ထားရှုမှာ မရှက်သော ဝက်နှင့်တူ) |
| | အနောတ္တပ္ပ | ကာယဒုစရိုက်စသည်မှ မလန့်ခြင်း (မီးကို မကြောက်လန့်သော ပိုးဖလံနှင့်တူ) |
| | ဥဒ္ဓစ္စ | စိတ်၏ မငြိမ်သက်ခြင်း, ပြန့်လွင့်ခြင်း (ကျောက်ခဲခတ်မိ၍ လွင့်ထွက်သောပြာပုံနှင့်တူ) |
| | လောဘ | အာရုံ၌ငြိသောအားဖြင့် တပ်မက်ခြင်း, လိုချင်ခြင်း (မျောက်ကပ်ကော်နှင့်တူ) |
| | ဒိဋ္ဌိ | မှားသောအားဖြင့် နှလုံးသွင်းခြင်း, ရှုမြင်ခြင်း (မျက်စိလည်သူ, လမ်းမှားသူနှင့်တူ) |
| | မာန | မိမိကိုယ်ကို ငါသာလျှင် မြတ်သည်ဟု မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း |
| | ဒေါသ | ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်း (ထိုးကပ်ခံရသော မြွေဟောက်နှင့်တူသည်) |
| | ဣဿာ | သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်း, မနာလို မရှုစိမ့်ခြင်း ( မီးလျှံနှင့်တူ) |
| | မစ္ဆရိယ | မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်း (ခါးသော အရသာနှင့်တူ) |
| | ကုက္ကုစ္စ | ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အပန် တလဲလဲစိုးရိမ်ခြင်း, နောင်တပူပန်ခြင်း (တာဝန်မကျေပွန်သဖြင့် ပူပန်နေသူနှင့်တူ) |
| | ထိန | စိတ်၏ မခံ့ခြင်း, လေးလံထိုင်းမှိုင်းခြင်း (နေထိသောကြာ, ပွင့်ဆိုသူနှင့်တူ) |
| | မိဒ္ဓ | စေတသိက်၏ မခံ့ခြင်း ။ (မီးထိသောကြာ, အားအင်ချိနဲ့သူ, လူမမာနှင့်တူ) |
| | ဝိစိကိစ္ဆာ | အာရုံကို မဆုံးဖြတ်နိုင်ခြင်း, ယုံမှားသံသယဖြစ်ခြင်း(လမ်းဆုံလမ်းခွရောက်နေသူနှင့်တူ) |

**ဆိုရိုး**-မောဟ- အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း, မသိ မလိမ္မာ မိုက်မဲတွေဝေခြင်း သဘော လက္ခဏာ။
(စသည်ဖြင့် သရုပ်, သဘောလက္ခဏာတို့ကို ဇယားအတိုင်းဆိုလေ)

ဆိုးညစ်ယုတ်ညံ့သော အကုသိုလ်စိတ်ဓာတ်များဖြစ်အောင် ခြယ်လှယ်ပေးသော စေတသိက်များကို အကုသိုလ် စေတသိက်များဟုခေါ်သည်။(ဆိုရိုး-သရုပ်,သဘောလက္ခဏာတို့ကို ဇယားအတိုင်းဆိုလေ)

** ။ မော, တိ, နော𝑡်, ဥဒ်၊ မောစတုက်၊ လော, ဒိဋ်, မာန, လောတိက။*

** ။ ဒေါ်, ဣဿ်, မစ်, ကုတ်၊ ဒေါစတုက်၊ ထိ, မိ, ဝိစိ အဆုံးသိ။*

---

အဟိတ်စိတ်၌ သိမ်းခြားယှဉ်သော စေတသိက်မရှိသောကြောင့် အဟိတ်စေတသိက်မရှိ။

ရဟန္တာတို့ အိပ်ခြင်းသည် ကိုယ်ခန္ဓာပင်ပန်းနွမ်းနယ်ခြင်းကြောင့် ဖြစ်သည်၊ ထိနမိဒ္ဓကြောင့် မဟုတ်၊

http://www.dhammadownload.com


## သောဘနသာဓာရဏစေတသိက် ၁၉–ပါး

| | အမည် | သဘောလက္ခဏာ |
|---|---|---|
| သောဘနစေတသိက် ၁၉ | သဒ္ဓါ | ဘုရားစသောကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်း |
| | သတိ | ။ ။ အောက်မေ့စေခြင်း |
| | ဟိရီ | ကာယဒုစရိုက်စသည်မှ ရှက်ခြင်း (မိမိဂုဏ်ကိုထိန်းသော အမျိုးကောင်းသမီးနှင့်တူ) |
| | ဩတ္တပ္ပ | ကာယဒုစရိုက်စသည်မှ လန့်ခြင်း (ကိုယ်ဝန်တည်မှာကို ကြောက်သောပြည့်တန်ဆာမနှင့်တူ) |
| | အလောဘ | အာရုံ၌ငြိသောအားဖြင့် မတပ်မက်ခြင်း (ရေမတင်သော ပိန်းကြာဖက်နှင့်တူ) |
| | အဒေါသ | ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်း (လိုက်လျောတတ်သော မိတ်ဆွေနှင့်တူ) |
| | တတြမဇ္ဈတ္တတာ | ထိုထိုသို့သောအာရုံ၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုစေခြင်း။ |
| | ကာယပဿဒ္ဓိ | စေတသိက်တို့၏ ငြိမ်းခြင်း (စမ်းရေ၌ချထားအပ်သော ငါးနှင့်တူ) |
| | စိတ္တပဿဒ္ဓိ | စိတ်၏ငြိမ်းခြင်း ။ |
| | ကာယလဟုတာ | စေတသိက်တို့၏ ပေါ့ပါးခြင်း (လေ၌လွင့်သော ဝါဂွမ်းနှင့်တူ) |
| | စိတ္တလဟုတာ | စိတ်၏ ပေါ့ပါးခြင်း ။ |
| | ကာယမုဒုတာ | စေတသိက်တို့၏ နူးညံ့ခြင်း (မိုက်ထုတ်ပြီးသော ရွှေစင်နှင့်တူ) |
| | စိတ္တမုဒုတာ | စိတ်၏နူးညံ့ခြင်း ။ |
| | ကာယကမ္မညတာ | စေတသိက်တို့၏ အမှု၌ ကောင်းသောအဖြစ်လျှင်(အပူပေးထားသောရွှေစင်နှင့်တူ) |
| | စိတ္တကမ္မညတာ | စိတ်၏အမှု၌ ကောင်းသောအဖြစ်လျှင် ။ |
| | ကာယပါဂုညတာ | စေတသိက်တို့၏ လေ့လာပွဲမ်းတီးခြင်း(ရေနက်ထဲရောက်နေသော မိကျောင်းနှင့်တူ) |
| | စိတ္တပါဂုညတာ | စိတ်၏ လေ့လာပွဲမ်းတီးခြင်း ။ |
| | ကာယုဇုကတာ | စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်း(ကျွမ်းကျင်သော လေးသမားပစ်အပ်သောမြှားနှင့်တူ) |
| | စိတ္တုဇုကတာ | စိတ်၏ဖြောင့်စွာဖြစ်ခြင်း |

ဆိုရိုး– ဇယားအတိုင်းဆိုလေ။

** ။ သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ္ပ၊ အလောဘနှင့်၊ အဒေါသ၊ တတြမဇ္ဈတ္တတာ။*

** ။ ပဿဒ်, လဟု၊ မုဒု, ကမ္မည်၊ ပါဂုည်ယှဉ်၊ ထို့ပြင် ဥဇုကတာ။ (ဘီ)*

---

သောဘနစိတ်အားလုံးနှင့် ဆက်ဆံသောကြောင့် **သောဘနသာဓာရဏ** မည်သည်။

http://www.dhammadownload.com



## ဝိရတီစေတသိက်စသည်

| | အမည် | သဘောလက္ခဏာ |
|---|---|---|
| ဝိရတီ ၃-ပါး | သမ္မာဝါစာ | အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း |
| | သမ္မာကမ္မန္တ | ။ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း |
| | သမ္မာအာဇီဝ | အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ဝစီဒုစရိုက်၄ပါး၊ ကာယဒုစရိုက် ၃ပါး- မှရှောင်ကြဉ်ခြင်း (အဆိပ်ယိုးကို မစားဝံ့သူနှင့်တူ) |
| ဗြဟ္မစိုရ် (အပ္ပမညာ) ၄-ပါး | * မေတ္တာ(အဒေါသ) | အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ အမျှချစ်ခြင်း၊ |
| | ကရုဏာ | အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း |
| | မုဒိတာ | အတိုင်းမသိသောသုခိတသတ္တဝါပညတ်ကို အာရုံပြု၍ဝမ်းမြောက်ခြင်း |
| | * ဥပေက္ခာ (တတြမဇ္ဈတ္တတာ) | အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း၊ |
| ပညာ | | အနိစ္စ၊အစရှိသောအာစွမ်းဖြင့် ထိုးထွင်း၍သိခြင်း(အလင်းရောင်,ဆီမီးသည်နှင့်တူ) |

* ။ *သမ္မာနောက်မှာ၊ ဝါစာ, ကမ္မန်၊ အာဇီဝံ၊ သုံးတန် ဝိရတီ။*

* ။ *မေတ္တာ, ကရု၊ မုဒိ, ဥ၊ လေးခု ဗြဟ္မစိုရ်၊ အပ္ပမညာလည်းဆို။*

* ။ *အသိ အလိမ္မာ၊ ဉာဏ် ပညာ၊ ဝိဇ္ဇာ အမောဟ။ (တိ)*

* ။ *သော, ဝိ, ဗြဟ္မစိုရ်၊ ပညာကို၊ မိန့်ဆိုသောဘန ကောင်းမြတ်လှ။*

* ။ *သော- သာ ဆယ့်ကိုး၊ သုံးမျိုး ဝိမှာ၊ ဗြဟ္မစိုရ်လေး တစ်ရေးပညာ။*

* ။ *နှစ်ဆယ့်ငါးပါး၊ နှစ်ပါး နှစ်ခါ၊ တင့်တယ်လတ်၊ ကောင်းမြတ် သောဘနာ။*

ဝိရတီဟူသည် စောင့်စည်းခြင်း, ရှောင်ကြဉ်ခြင်းသဘော၊

မြင့်မြတ်သူတို့ ကျင့်သုံးသည့်တရားများကို **ဗြဟ္မစိုရ်**ဟုခေါ်သည်၊ မည်သည့်သတ္တဝါဟု သတ်မှတ်ချက် မရှိလောက်အောင် ကျယ်ပြန့်သောကြောင့် **အပ္ပမညာ**လည်း မည်သည်။

သောဘနစေတသိက်ပေါင်းမှာ- မေတ္တာအရ အဒေါသ ဥပေက္ခာအရ တတြမဇ္ဈတ္တတာ ပင်ဖြစ်၍ အရေအတွက်မတိုးသောကြောင့် ၂၅-ပါးသာ ဖြစ်သည်။

သောဘနသည်- သောဘနသာဓာရဏ၊ ဝိရတီ၊ အပ္ပမညာ၊ ပညာ ဟု လေးမျိုးပြားသည်။

**ဝိရတီ**-သမ္မာဝါစာ,သမ္မာကမ္မန္တာ- တို့သည် အသက်မွေးဝမ်းကြောင်းနှင့် မပတ်သက်သည့် ရှောင်ကြဉ်ခြင်းသဘော၊ သမ္မာအာဇီဝသည် အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သည့် ရှောင်ကြဉ်ခြင်းသဘော၊

http://www.dhammadownload.com


## စေတသိက်နှင့် ဥပမာများ

### သဗ္ဗစိတ္တသာဓာရဏ–

၁။ **ဖဿ**– ချဉ်သီးစားသည်ကို မြင်ရသူမှာ သွားရည်ယိုးခြင်း စသည်နှင့် တူခြင်း။
၂။ **ဝေဒနာ**– ကောင်းသောအရသာကို အစိုးတရ ခံစားသော မင်းနှင့် တူသည်။
၃။ **သညာ**– နောင်သိဖို့ရန် မှတ်ထားသော လက်သမားခဲမှတ် စသည်နှင့် တူသည်။
၄။ **စေတနာ**– တပည့်ကြီး, လက်သမားခေါင်းဆောင်, လယ်ပိုင်ရှင်, ဗိုလ်မှူးတို့နှင့် တူသည်။
၅။ **ဧကဂ္ဂတာ**– အခြင်ရနယ် စသည်တို့၏ စုဝေးရာအိမ်၏ အထွတ်အချက်နှင့် တူသည်။
၆။ **ဇီဝိတိန္ဒြေ**– ကြာစသည်ကို စောင့်ရှောက်သော ရေနှင့် တူသည်။
၇။ **မနသိကာရ**– အာဇာနည်မြင်းတို့ကို ယှဉ်စပ်ပေးသော ရထားထိန်းနှင့် တူသည်။

### ပကိဏ်း–

၁။ **ဝိတက်**– မင်းထံသို့ပေးသော မင်းကျွမ်းဝင်သူ, ပထမဆုံးမြည်သော ခေါင်းလောင်းသံ, ကောင်းကင်ပျံတက်သော ငှက်၏ အတောင်ခတ်ခြင်းနှင့် တူသည်။
၂။ **ဝိစာရ**– ဆက်လက်မြည်သော ခေါင်းလောင်းငြီးသံ, ကောင်းကင်ပျံတက်သော ငှက်၏ အတောင် ဆန့်တန်းရပ်စဲခြင်းနှင့် တူသည်။
၃။ **အဓိမောက္ခ**– လှုပ်ရှားမယိုင် မြဲခိုင်သောတံခါးတိုင်, ကျောက်စာတိုင်နှင့် တူသည်။
၄။ **ဝီရိယ**– အိမ်အိုကို ကျားကန်ပေးသော ထောက်တိုင်, နွားလားဥသဘနှင့် တူသည်။
၅။ **ပီတိ**– နေပူထဲသွား၍ ခရီးပန်းနေသူအား အရိပ်နှင့်ရေကိုတွေ့ရ၍ ချမ်းသာမခံစားရမီ ရှေးဦး နှစ်သက်ခြင်းနှင့် တူသည်။
၆။ **ဆန္ဒ**– ပစ်ဖို့မြားကိုနှိုက်ယူသော လေးသမားနှင့် တူသည်။

### အကုသိုလ်–

၁။ **မောဟ**– အမိုက်မှောင်နှင့် တူသည်၊
၂။ **အဟိရိက**– မစင်စားရမှာ မရှက်သောရွာဝက်နှင့် တူသည်၊
၃။ **အနောတ္တပ္ပ**– မီးကိုမကြောက်သော ပိုးဖလံနှင့် တူသည်၊
၄။ **ဥဒ္ဓစ္စ**– ကျောက်ခဲပစ်ချမှုကြောင့် လွင့်တက်သောပြာမှုန့်, လေခတ်သောတံခွန်နှင့် တူသည်။
၅။ **လောဘ**– မျောက်ကိုဖမ်းသော မျောက်နဲ့စေးနှင့် တူသည်၊
၆။ **ဒိဋ္ဌိ**– မျက်စိလည်သူ, လမ်းမှားသူနှင့်တူသည်၊
၇။ **မာန**– ထိပ်ဖျား၌ နေသောမှန်ကင်း, အလံတံခွန်နှင့် တူသည်၊
၈။ **ဒေါသ**– တုတ်ဖြင့် ပုတ်ခတ်ခံရသော မြွေပွေး,မြွေဟောက်, တောမီးနှင့် တူသည်၊

http://www.dhammadownload.com


၉။ **ဣဿာ**– မီးလျှံနှင့်တူသည်၊

၁၀။ **မစ္ဆရိယ**– ခါးစပ်သောအရသာနှင့်တူသည်၊

၁၁။ **ကုက္ကုစ္စ**– တာဝန်မကျေပွန်သဖြင့် ပူပန်နေသူနှင့် တူသည်၊

၁၂။ **ထိန**– နေထိသော ကြာ, ပျင်းရိသူနှင့် တူသည်၊

၁၃။ **မိဒ္ဓ**– မိုးထိသော ကြာ, အားအင်ချိနဲ့သူ လူမမာနှင့်တူသည်၊

၁၄။ **ဝိစိကိစ္ဆာ**– လမ်းနှစ်ခွရောက်နေပြီး မဝေခွဲနိုင်သူနှင့် တူသည်၊

## သောဘန စေတသိက်

၁။ **သဒ္ဓါ**– ရေကိုကြည်စေတတ်သော ပတ္တမြား, လက်, ဥစ္စာ, မျိုးစေ့တို့နှင့် တူသည်။

၂။ **သတိ**– တံခါးစောင့်, ဘဏ္ဍာစိုးနှင့် တူသည်။

၃။ **ဟိရီ**– အမျိုးကောင်းသမီးနှင့် တူသည်။

၄။ **ဩတ္တပ္ပ**– ကိုယ်ဝန်တည်မှုကိုကြောက်လန့်သော ပြည့်တန်ဆာမနှင့် တူသည်။

၅။ **အလောဘ**– ပိန်းကြာဖက်ပေါ်မှ ရေ, ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာနှင့် တူသည်။

၆။ **အဒေါသ**– လိုက်လျောတတ်သော မိတ်ဆွေ, ပူလောင်မှုကို ငြိမ်းအေးစေသော စန္ဒကူးနံ့သာရေနှင့်တူသည်။

၇။ **တတြမဇ္ဈတ္တတာ**– အညီအမျှသွားနေသော မြင်းများအပေါ်၌ ဂျာပါသမပြု, လျစ်လျူရှုနေသော ရထားထိန်းနှင့် တူသည်။

၈–၉။ **ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ**– အေးမြသောစမ်းရေ၌ချထားအပ်သော ငါးနှင့် တူသည်။

၁၀–၁၁။ **ကာယလဟုတာ, စိတ္တလဟုတာ**– လေ၌လွင့်သော ဝါဂွမ်းနှင့် တူသည်။

၁၂–၁၃။ **ကာယမုဒုတာ, စိတ္တမုဒုတာ**– အညစ်အကြေးကင်းစင်အောင် မိုက်ထုတ်ပြီးသော ရွှေစင်နှင့် တူသည်။

၁၄–၁၅။ **ကာယကမ္မညတာ, စိတ္တကမ္မညတာ**– လက်ဝတ်တန်ဆာလုပ်ရန် အဆင်သင့်ဖြစ်အောင် အပူပေးထားသောရွှေစင်နှင့်တူသည်။

၁၆–၁၇။ **ကာယပါဂုညတာ, စိတ္တပါဂုညတာ**– ရေနက်ထဲ ရောက်နေသော မိကျောင်းနှင့် တူသည်။

၁၈–၁၉။ **ကာယုဇုကတာ, စိတ္တုဇုကတာ**– ကျွမ်းကျင်သော လေးသမားပစ်အပ်သော မြားနှင့် တူသည်။

၂၀။ **သမ္မာဝါစာ**– ရဲတောက်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့် တူသည်။

၂၁။ **သမ္မာကမ္မန္တ**– မစင်ပေသော သံတွေခဲကို မကိုင်ဝံ့သူနှင့် တူသည်

၂၂။ **သမ္မာအာဇီဝ**– အဆိပ်သီးကို မစားဝံ့သူနှင့် တူသည်။

၂၃။ **ကရုဏာ**– ရောဂါရနေသောသားကို မြင်ရသောမိဘနှင့် တူသည်။

၂၄။ **မုဒိတာ**– သား /သမီး၏ အောင်မြင်ပြည့်စုံမှုကို ဝမ်းမြောက်နေသော မိဘနှင့် တူသည်၊

၂၅။ **ပညာ**– အလင်းရောင်, ဆီမီးရောင်နှင့် တူသည်။

http://www.dhammadownload.com



## အထူးများ

၁။ (က) **ဝိတက်**– အာရုံ၌ထည့်သွင်းပေးသကဲ့သို့ သမ္ပယုတ်တရားတို့ကို အာရုံပေါ်သို့ တင်ပေးခြင်းသဘော။

(ခ) **စေတနာ**– ဝိတက်တင်ပေးသောတရားတို့ကို ထိုထိုအာရုံ၌ ယှဉ်ခပ်ပေးခြင်းသဘော။

(ဂ) **မနသိကာရ**– ထိုတင်အပ်ပြီး, ယှဉ်ခပ်ပြီးတရားတို့ကို အာရုံသို့ ရှေးရှုပြောင်နှံအောင်ပြု ပေးခြင်းသဘော။ ဤသို့ထူးသည်။

၂။ (က) **ဝိတက်**– စိတ်၏ ရှေးဦးစွာ အာရုံ၌ ကျရောက်ခြင်း သဘော, တုန့်လှုပ်ခြင်း သဘောရှိ၏။

(ခ) **ဝိစာရ**– အဖန်တလဲလဲ အာရုံကို သုံးသပ်ခြင်းသဘော, ငြိမ်သက်ခြင်း သဘောရှိ၏။ ဤသို့ထူးသည်။

၃။ (က) **ပီတိ**– အာရုံကို ကြား, သိ, တွေ့ မြင်သောအခါ နှစ်သက်ခြင်း သဘော၊ သင်္ခါရက္ခန္ဓာ၊

(ခ) **သုခ**– ရပြီးအာရုံကို ခံစားခြင်း သဘော၊ ဝေဒနာက္ခန္ဓာ၊ ဤသို့ထူးသည်။

၄။ (က)**အတိရိက**– ရှာဝက်သည် မစင်မှမရှက်သကဲ့သို့ ဒုစရိုက်မှ မရှက်ခြင်းသဘော။

(ခ) **အနောတ္တပ္ပ**– ပိုးဖလံသည် မီးမှမကြောက်လန့်သကဲ့သို့ ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။ ဤသို့ထူးသည်။

၅။ (က) **ဆန္ဒ**– အာရုံ၌ ငြိကပ်မှုမရှိဘဲ ပြုလိုကာမတ္တသဘော။

(ခ) **လောဘ**– အာရုံ၌ ငြိကပ်သောအားဖြင့် လိုချင်တပ်မက်ခြင်းသဘော။ ဤသို့ထူးသည်။

၆။ (က)**ဉာဏ်**– အာရုံကို ဟုတ်တိုင်းမှန်စွာ သိခြင်းသဘော။

(ခ) **ဒိဋ္ဌိ**– အမှန်သဘောကို စွန့်၍ အမှားရှုမြင်ခြင်းသဘော။ ဤသို့ထူးသည်။

၇။ (က) **ဟိရီ**– အမျိုးကောင်းသမီးကဲ့သို့ မိမိကို လေးစားသောအားဖြင့် မကောင်းမှုမှ ရှက်ခြင်း, စက်ဆုတ်ခြင်းသဘော။

(ခ)**ဩတ္တပ္ပ**– ပြည့်တန်ဆာမကဲ့သို့ သူတစ်ပါးကိုလေးစားသောအားဖြင့် မကောင်းမှုမှ ကြောက်လန့်ခြင်းသဘော။ ဤသို့ထူးသည်။

၈။ (က) **သညာ**– သူငယ်သည် အသပြာကို အညို, အဖွေးစသောအရောင်များကိုသာ သိသကဲ့သို့ သညာသည် အညို, အဖွေးသည်တို့၏ နှမ်းအားဖြင့် အမှတ်ပြု၍သိခြင်းမျှကိုသာ သိနိုင်၏။ အနိစ္စစသောလက္ခဏာကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်။

(ခ) **ဝိညာဉ်**–ရွာသားသည် အညို, အဖွေးစသည်တို့ကိုလည်း သိ၏။ အသပြာဟူ၍ လည်းသိ၏။ တန်ဖိုးကိုကား မသိသကဲ့သို့ ဝိညာဉ်သည် အနိစ္စစသောလက္ခဏာကို ထိုးထွင်း၍ သိနိုင်၏။ ဝိပဿနာတင်၍ မဂ်သို့ ရောက်စေခြင်းငှါ မစွမ်းနိုင်။

(ဂ)**ပညာ** – ရွှေပန်းတိမ်သည်သည် အရောင်အဆင်း, ရွှေအဖြစ်, တန်ဘိုး ၃–မျိုးလုံးကို သိသကဲ့သို့ ပညာသည် အညိုရောင် စသည်ကို အမှတ်ပြု၍ သိခြင်း, လက္ခဏာကို ထိုးထွင်း၍ သိခြင်း, ဝိပဿနာ တင်၍ မဂ်သို့ရောက်စေခြင်း ၃–မျိုးလုံးကို သိနိုင်၏၊ ဤသို့ထူးသည်။

http://www.dhammadownload.com



## အညသမာန်း သမ္ပယောဂနည်း ၇– နည်း

| | | ပကိဏ်းစေတသိက် | | | | | |
|---|---|---|---|---|---|---|---|
| ယှဉ်ရာစိတ် | [illegible] | ဝိတက် | ဝိစာရ | အဓိမောက္ခ | ဝီရိယ | ပီတိ | ဆန္ဒ |
| အကုသိုလ် ၁၂ | ။ | ၁၂ | ၁၂ | ဝိစိကြဉ်ဒ၁၁ | ၁၂ | သော–၄ | ၁၀ |
| အဟိတ် ၁၈ | ။ | ပဉ္စဝိညာဉ်ကြဉ် ၈ | ပဉ္စဝိညာဉ်ကြဉ် ၈ | ပဉ္စဝိညာဉ်ကြဉ် ၈ | မနောဒွါ ဟသိ ၂ | သော–၂ | |
| ကာမ–သောဘန၂၄ | ။ | ၂၄ | ၂၄ | ၂၄ | ၂၄ | သော–၁၂ | ၂၄ |
| ရူပါဝစရ ၁၅ | ။ | ပဈာန် ၃ | ပ,ဒု,ဈာန် ၆ | ၁၅ | ၁၅ | ၉ | ၁၅ |
| အရူပါဝစရ ၁၂ | ။ | | | ၁၂ | ၁၂ | | ၁၂ |
| လောကုတ္တရာ ၈/၄၀ | ။ | ပ,ဈာန် ၈ | ပ,ဒု,ဈာန်– ၁၆ | ၈/၄၀ | ၈/၄၀ | ၃၄ | ၈/၄၀ |
| ယှဉ်–၈၉/၁၂၁ | ။ | ၅၅ | ၆၆ | ၇၈/၁၁၀ | ၇၃/၁၀၅ | ၅၁ | ၆၉/၁၀၁ |
| မယှဉ် | ။ | ၆၆ | ၅၅ | ၁၁ | ၁၆ | ၇၀ | ၂၀ |

## သမ္ပယောဂနည်း (၁၆) နည်း

ဧစေတသိက်တို့ စိတ်၌ယှဉ်ပုံကို ပြသောနည်းသည် သမ္ပယောဂနည်းမည်၏။

* ။ သဗ္ဗစိတ္တ၊ ခုနစ်ဝ၊ ယှဉ်ကြ စိတ်တိုင်းမှာ။

* ။ ပဉ္စဝိညာဉ်၊ ဖယ်ကြဉ် ကာမ၊ ပထမဈာန်၊ ငါးဆယ်မှန်၊ ငါးတန် ဝိတက်ယှဉ်။

* ။ ပဉ္စဝိညာဉ်၊ ဖယ်ကြဉ် ကာမ၊ ပထမ,ဒု၊ ဈာန်နှစ်ခုပါ၊ ခြောက်ဆယ်မှာ၊ ခြောက်ဖြာ ဝိစာယှဉ်။

* ။ ဒွေ, ဥ, တာယ၊ စတုတ္ထကြဉ်။ ကျန်သောတွင်၊ ပီယှဉ် ငါးဆယ်တစ်။

* ။ တာသောမနသ်၊ ဆယ့်ရှစ်ရပ်နှင့်၊ သုံးရပ် ဈာန၊ ပ, ဒု, တ၊ ဝေပညာ ပီယှဉ်ရာ။

* ။ ဝိစိကိစ္ဆာ၊ ဒွေပဉ္စာကြဉ်၊ ကျန်စိတ်တွင်၊ မိယှဉ် ခုနစ်ဆယ့်ရှစ်။

* ။ မနော, ဟသိ၊ အဟိတ်ဒွိနှင့်၊ တုန်ဘိ ပါပ၊ သောဘနပါ၊ ဝီရိယာ၊ သုံးဖြာ ခုနစ်ဆယ်။

* ။ မောဟမူလာ၊ အဟိတ်ပါကြဉ်၊ ကျန်စိတ်တွင်၊ ဆန် ယှဉ် ခြောက်ဆယ်တိုး။

## ဆိုရိုး

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခုတို့သည် အလုံးစုံသော စိတ် ၈၉–ခုတို့၌ ယှဉ်ကြသည်။

---

မှတ်ချက် ။ ။ ဈာန်အင်္ဂါထိုက်သော ဝိတက်, ဝိစာရ, ပီတိတို့ကို စိတ်အကျယ် ၁၂၁–ပါးဖြင့်ပြမည်၊ ဈာန်အင်္ဂါမထိုက်သည့် ကြွင်းသောစေတသိက်တို့ကို စိတ်အကျဉ်း ၈၉–ပါးဖြင့်ပြမည်၊ အကျဉ်းရလျှင် အကျယ်လည်းရနိုင်သည်ဟုမှတ်။

http://www.dhammadownload.com



၂။ ဝိတက်စေတသိက်သည် ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ် ကာမစိတ် ၄၄-ခု၊ ပဌမဈာန် ၁၁-ခု အားဖြင့် ၅၅-ခုသော စိတ်တို့၌ ယှဉ်သည်။

၃။ ဝိစာရစေတသိက်သည် ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ် ကာမစိတ် ၄၄-ခု၊ ပဌမဈာန် ၁၁-ခု၊ ဒုတိယဈာန် ၁၁-ခု အားဖြင့် ၆၆-ခုသော စိတ်တို့၌ ယှဉ်သည်။

၄။ ဝီရိယစေတသိက်သည် ဒေါသမူ၊ ဥပေက္ခာ၊ ကာယဝိညာဉ်၊ စတုတ္ထဈာန်တို့၌မယှဉ်။ ကျန်သော ကာမသောမနဿ ၁၈-ခု၊ ပဌမဈာန် ၁၁-ခု၊ ဒုတိယဈာန် ၁၁-ခု၊ တတိယဈာန် ၁၁-ခု အားဖြင့် ၅၁-ခုသော စိတ်တို့၌ ယှဉ်သည်။

၅။ အဓိမောက္ခစေတသိက်သည် ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁-ခု၊ ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ် အဟိတ်စိတ် ၈-ခု၊ သောဘနစိတ်အကျဉ်း ၅၉-ခု, အကျယ် ၉၁-ခု အားဖြင့် အကျဉ်း ၇၈-ခု, အကျယ် ၁၁၀-သောစိတ်တို့၌ ယှဉ်သည်။

၆။ ဝီရိယစေတသိက်သည် အကုသိုလ် ၁၂-ခု၊ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်ဟူသော အဟိတ်စိတ်၂-ခု၊ သောဘနစိတ် ၅၉-ခုအားဖြင့် ၇၃/၁၀၅-ခုသော စိတ်တို့၌ ယှဉ်သည်။

၇။ ဆန္ဒစေတသိက်သည် မောဟမူကြဉ် အကုသိုလ်စိတ် ၁၀-ခု၊ သောဘနစိတ် အကျဉ်း ၅၉-ခု၊ အကျယ် ၉၁-ခု အားဖြင့် အကျဉ်း ၆၉-ခု, အကျယ် ၁၀၁-ခုသော စိတ်တို့၌ ယှဉ်သည်။

---

၂။ သဘောအားဖြင့် ဝိတက်ကင်းသော ဒွေပဉ္စဝိညာဉ်, ဘာဝနာအစွမ်းဖြင့် ပယ်ထားသော ဒုတိယဈာန် စသည်တို့၌ ဝိတက်မယှဉ်။

၃။ ဝိစာရသည် ဝိတက်နောက်လိုက်ဖြစ်သောကြောင့် ဝိတက်ကင်းသောဒွေပဉ္စဝိညာဉ် ၁၀-၌၎င်း, ဘာဝနာအစွမ်းအားဖြင့် ပယ်ထားသောကြောင့် တ-ဈာန်စသည်တို့၌ ၎င်း မယှဉ်။

၄။ ကြမ်းတမ်းသောသဘောရှိသော ဒေါသမူ, လျစ်လျူရှုခြင်းသဘောရှိသော ဥပေက္ခာ, ကိုယ်၌ဖြစ်သောကာယဝိညာဉ်တို့သည် စိတ်နှစ်သက်ခြင်းသဘောရှိသော ပီတိနှင့်ဆန့်ကျင်ဘက်ဖြစ်ကြသည်။ စတုတ္ထဈာန်ကလည်း ဘာဝနာအစွမ်းအားဖြင့်ပီတိကို ပယ်ထားသည်။ ထို့ကြောင့် ယင်းစိတ်တို့၌ ပီတိမယှဉ်။

၅။ အာရုံယူကာမျှ ဖြစ်သောဒွေပဉ္စဝိညာဉ် ၁၀-နှင့် ယုံမှားသံသယဖြစ်သောဝိစိကိစ္ဆာတို့သည် အာရုံကို မဆုံးဖြတ်နိုင်ခြင်းကြောင့် ယင်းစိတ်တို့၌ အဓိမောက္ခ မယှဉ်။

၆။ ဒွေပဉ္စဝိညာဉ် -၁၀, မနောဓာတ် ၃, သန္တီရဏ-၃, အားဖြင့် ၁၆-ခုတို့သည် အားနည်းသောကြောင့် ဝီရိယမယှဉ်။

၇။ အလိုဆန္ဒကင်းသော မောဟမူ, အဟိတ်စိတ်တို့သည် အလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ယင်းစိတ်တို့၌ ဆန္ဒမယှဉ်။

**အညသမာန်းသမ္ပယောဂနည်း-**

စိတ်ယှဉ်ပုံချင်း ကွဲပြားခြင်းကြောင့် သဗ္ဗစိတ္တသာဓာရဏသမ္ပယောဂနည်း-၁၊ ပကိဏ်း သမ္ပယောဂနည်း-၆၊ ပေါင်း ၇-နည်း။

**သင်္ဂဟနည်း → အကုသိုလ်သမ္ပယောဂနည်း (၅) နည်း**

| ယှဉ်ရာစိတ် (အမှုယောဂနည်း ↓) | | ယှဉ်သောအကုသိုလ် စေတသိက်အမျိုးအစား | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | အညသမာန်း | ၁ | ၂ | | | ၃ | ၄ | ၅ | |
| | | | မောစတုက် | လောဘ | ဒိဋ္ဌိ | မာန | ဒေါသစတုက် | ထိနမိဒ္ဓ | ဝိစိကိစ္ဆာ | |
| လောဘမူ ၈ | ဒိဋ္ဌိ–သံ ၄ | ၁၃ | ၊ | ၊ | ၊ | | | သသင်၂ | | ၂၃ |
| | ဒိဋ္ဌိ–ဝိ ၄ | ၁၃ | ၊ | ၊ | | ၊ | | သသင်၂ | | ၂၃ |
| ဒေါသမူ ၂ | | ပီတိကြဉ်–၁၂ | ၊ | | | | ၊ | သသင် ၁ | | ၂၂ |
| မော–၂ | ဝိစိ–သထုတ် ၁ | ဆန္ဒ,ပီ,အဓိ–ကြဉ် ၁၀ | ၊ | | | | | | ၊ | ၁၅ |
| | ဥဒ္ဓစ္စသထုတ် ၁ | ဆန္ဒ,ပီ–ကြဉ် ၁၁ | ၊ | | | | | | | ၁၅ |
| ယှဉ်–စိတ်ပေါင်း– ၁၂ | | | ၁၂ | ၈ | ၄ | ၄ | ၂ | ၅ | ၁ | |

* ဤဇယား၌ အညသမာန်းစေတသိက်ကို သင်္ဂဟနည်းအတွက် ရည်ရွယ်၍ ထည့်ထားခြင်းဖြစ်သည်။

**** ။ အတုတိုင်းမှာ၊ အမြဲပါ၊ လေးဖြာ မောစတုက်။***

**** ။ လောဘမူတွင်၊ လောဘယှဉ်၍၊ လေးအင် ဒိဋ္ဌိသမ်၊ ဒိဋ္ဌိရုံ၊ မာန် ဒိဋ္ဌိဝိလေး။***

**** ။ဒေါစတုက်တူ၊ ဒေါသမူတည်း။ ငါးဆူသသင်၊ ထိ,မိဒ်ယှဉ်၊ထို့ပြင် ဝိတိစ်၊ ယင်းသည့်စိတ်။***

**ဆိုရိုး**

၁။ **မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ**ဟူသော မောစတုက် ၄–ပါးတို့သည် အကုသိုလ်စိတ် ၁၂–ပါးလုံးနှင့် ယှဉ်သည်၊ ယင်းမောစတုက်၄–ပါးကို အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသော ကြောင့် **သဗ္ဗာကုသလသာဓာရဏ** ဟုလည်း ခေါ်သည်။

၂။ (က) လောဘသည် လောဘမူစိတ် ၈–ခု၌သာ ယှဉ်သည်။

(ခ) ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၌သာ ယှဉ်သည်။

(ဂ) မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌သာ ယှဉ်သည်။

၃။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဟူသော ဒေါစတုက် ၄.ပါးသည် ဒေါသမူဒွေ၌သာ ယှဉ်သည်။

၄။ ထိန, မိဒ္ဓ ၂–ပါးသည် သသင်္ခါရိကစိတ် ၅–ခု၌သာ ယှဉ်သည်။

၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ ယှဉ်သည်။

---

။ လောဘ, ဒိဋ္ဌိ, မာန တို့သည် လောဘမူစိတ်၌ ယှဉ်ခြင်းတူကြ၍ ယင်း ၃–ပါးကို အမှုယောဂနည်း တစ်နည်းသာ ယူရမည်။ နမြော်မှုသည် လောဘအရင်းခံသော်လည်း သူတစ်ပါးနှင့် ဆက်ဆံမှုကို သည်းမခံနိုင်မှုမှာ ဒေါသသာဖြစ်သည်

http://www.dhammadownload.com



## သင်္ဂဟနည်း → သောဘန သမ္ပယောဂနည်း (၄)နည်း

← သမ္ပယောဂနည်း

| ယှဉ်ရာစိတ်အမျိုးအစား | | | ယှဉ်သောစေတသိက်အမျိုးအစား: အညသမာန်း ၁၃ | သော-သာ ၁၉ | ဝိရတိ-၃ | အပ္ပမညာ-၂ သမာန | အပ္ပမညာ-၂ ကောဝိ | ပညာ ၁ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| [illegible] | မဟာကုသိုလ် | ၈ | ။ | ။ | ။ | ၈ | ဿော-၄ | သံ-၄ | ၃၈ |
| | မဟာဝိပါက် | ၈ | ။ | ။ | | | | သံ-၄ | ၃၃ |
| | မဟာကြိယာ | ၈ | ။ | ။ | | ၈ | ဿော-၄ | သံ-၄ | ၃၅ |
| မဟဂ္ဂုတ်-၂၇ | ရူပါဝစရ | ၁၅ | ။ | ။ | | ပဥ္စမဈာန်ကြဉ် ၁၂ | | ၁၅ | ၃၅ |
| | အရူပါဝစရ | ၁၂ | ထင်, တ, ဝိ-ကြဉ် | ။ | | | | ၁၂ | ၃၀ |
| | လောကုတ် | ၈/၄၀ | ၁၃ | ။ | ။ | | | ၈/၄၀ | ၃၆ |
| | ယှဉ်ရာစိတ်ပေါင်း | | | ၅၉/၉၁ | ၁၆/၄၈ | ၂၈ | ၂၀ | ၄၇/၇၉ | |

* ဂျဲထားပါ အညသမာန်းစေတသိက်ကို သင်္ဂဟနည်းအတွက် သုံးရန် ထည့်ထားသည်။

** ။ သောဘနသာ၊ ဆယ့်ကိုးဖြာ၊ သောမှာ အတုန်ယှဉ်။*

** ။ မဟာတုပါ၊ လောကုတ္တာ၊ ယှဉ်ရာ ဝိရတီ။*

** ။ မဟာကြို, ကု၊ ဆယ့်ခြောက်ခုနှင့်၊ ပ, ဒု, တ, စ၊ ဈာန်ရူပ၊ ယှဉ်ရ ပ္ပမညာ။*

** ။ ဉာဏ်ယှဉ် ကာမ၊ ဆယ့်နှစ်ဝ နှင့်၊ မဟဂ္ဂ-ပါ၊ လောကုတ္တာ၊ ပညာ ယှဉ်ရာစိတ်။*

### ဆိုရိုး

၁။ သောဘနသာဓာရဏ စေတသိက် ၁၉-ခုတို့သည် သောဘနစိတ် ၅၉-ခုလုံး၌ ယှဉ်ကြသည်။

၂။ ဝိရတီတို့သည် မဟာကုသိုလ်, လောကုတ္တရာ အားဖြင့် ၁၆-ခုသော စိတ်တို့၌ ယှဉ်ကြသည်။ ထိုတွင် မဟာကုသိုလ်စိတ်၌ ရံခါ,အသီးသီး၊ လောကုတ္တရာစိတ်၌ အမြဲ,တစ်ပြိုင်နက် ယှဉ်သည်။

၃။ ကရုဏာ, မုဒိတာ ဟူသော အပ္ပမညာတို့သည် မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ ပဥ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂-ခုအားဖြင့်၂၈-ခုသောစိတ်တို့၌ ရံခါ, အသီးသီး ယှဉ်ကြသည်။

၄။ ပညာစေတသိက်သည် ဉာဏသမ္ပယုတ် ကာမာဝစရသောဘနစိတ် ၁၂-ခု၊ မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ခုအားဖြင့် ၄၇-ခုသော စိတ်တို့၌ ယှဉ်သည်။

မဟာကုသိုလ်, မဟာကြိယာ ဥပေက္ခာသဟဂုတ် ၈-ခုတို့၌ မယှဉ်ဟု ကောဝိ(အချို့ဆရာ) တို့က ဆိုကြသည်။ ထိုကောဝိ ဆရာတို့ အလို မဟာကု, ကြိ သောမနဿ ၈-ခုတို့၌သာ ယှဉ်သဖြင့် ၂၀- သော စိတ်တို့၌သာ ယှဉ်သည်။ မေတ္တာလည်း ကရုဏာ, မုဒိတာတို့နှင့် အတူ ၂၈-ခု၌ယှဉ်၏။ ဥပေက္ခာအပ္ပမညာကား မဟာကု,ကြိ ၁၆-ခုနှင့် ရူပပဥ္စမဈာန် ၃-ခု ပေါင်း ၁၉-ခု၌သာ ယှဉ်သည်။

http://www.dhammadownload.com



## သောဘနစိတ် သင်္ဂဟနည်း ၂၂

| စိတ်အမျိုးအစား | | | | အညသမာန်း ၁၃ | သောဘန ၂၅ | |
|---|---|---|---|---|---|---|
| လောကုတ္တရာ | | ပထမဈာန်စိတ် | ၈ | ၁၃ | အပ္ပမညာကြဉ် ၂၃ | ၃၆ |
| | | ဒုတိယ ။ | ၈ | တက်-ကြဉ် ၁၂ | ။ ၂၃ | ၃၅ |
| | | တတိယ ။ | ၈ | တက်,စာ-ကြဉ် ၁၁ | ။ ၂၃ | ၃၄ |
| | | စတုတ္ထ ။ | ၈ | တက်,စာ,ပီ-ကြဉ် ၁၀ | ။ ၂၃ | ၃၃ |
| | | ပဉ္စမ ။ | ၈ | ။ ၁၀ | ။ ၂၃ | ၃၃ |
| မဟဂ္ဂုတ် | | ပထမ ။ | ၃ | ၁၃ | တီ ကြဉ် ၂၂ | ၃၅ |
| | | ဒုတိယ ။ | ၃ | တက်-ကြဉ် ၁၂ | ။ ၂၂ | ၃၄ |
| | | တတိယ ။ | ၃ | တက်,စာ ကြဉ် ၁၁ | ။ ၂၂ | ၃၃ |
| | | စတုတ္ထ ။ | ၃ | တက်,စာ,ပီ-ကြဉ်၁၀ | ။ ၂၂ | ၃၂ |
| | | ပဉ္စမ ။ | ၁၅ | ။ ၁၀ | တီ, အပ္ပကြဉ် ၂၀ | ၃၀ |
| ကာမာဝစရသောဘန-၂၄ | မဟာကု-၈ | ပထမဒွေ | ၂ | ၁၃ | ၂၅ | ၃၈ |
| | | ဒုတိယဒွေ | ၂ | ၁၃ | ဉာဏ် ကြဉ် ၂၄ | ၃၇ |
| | | တတိယဒွေ | ၂ | ပီတိ-ကြဉ် ၁၂ | ၂၅ | ၃၇ |
| | | စတုတ္ထဒွေ | ၂ | ။ ၁၂ | ဉာဏ် ကြဉ် ၂၄ | ၃၆ |
| | မဟာကြိ-၈ | ပထမဒွေ | ၂ | ၁၃ | တီ-ကြဉ် ၂၂ | ၃၅ |
| | | ဒုတိယဒွေ | ၂ | ၁၃ | တီ, ဉာဏ် ကြဉ် ၂၁ | ၃၄ |
| | | တတိယဒွေ | ၂ | ပီတိ-ကြဉ်၁၂ | တီ-ကြဉ် ၂၂ | ၃၄ |
| | | စတုတ္ထဒွေ | ၂ | ။ ၁၂ | တီ, ဉာဏ်ကြဉ် ၂၁ | ၃၃ |
| | မဟာဝိပါက်-၈ | ပထမဒွေ | ၂ | ၁၃ | တီ, အပ္ပကြဉ် ၂၀ | ၃၃ |
| | | ဒုတိယဒွေ | ၂ | ၁၃ | သောဘနသာဓာရဏ ၁၉ | ၃၂ |
| | | တတိယဒွေ | ၂ | ပီတိ-ကြဉ် ၁၂ | တီ, အပ္ပကြဉ် ၂၀ | ၃၂ |
| | | စတုတ္ထဒွေ | ၂ | ။ ၁၂ | သောဘနသာဓာရဏ ၁၉ | ၃၁ |

** ။ သောဘနမှာ၊ စေယျဉ်ရာတ၊ တက်,စာ,ပီတိ၊ အဉ်မှာကြည့်၍၊ ဝိ,အပ်,ဉာဏ်များ။ သတိထား၊ ရှစ်ပါးသုံးဆယ်တွင်။*

http://www.dhammadownload.com



## လောကုတ္တရာ သင်္ဂဟနည်း ၅–နည်း ဆိုရိုး

၁။ လောကုတ္တရာ ပဌမဈာန် ၈–ခု၌ အညသမာန်းစေတသိက် ၁၃–ခု၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃–ခုအားဖြင့် ၃၆–ခုသော စေတသိက်တို့ ရနိုင်သည်။

၂။ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈–ခု၌ ဝိတက်ကြဉ်သော အညသမာန်းစေတသိက် ၁၂–ခု၊ အပ္ပမညာကြဉ်သော သောဘနစေတသိက်၂၃–ခုအားဖြင့် ၃၅–ခုသော စေတသိက်တို့ ရနိုင်သည်။

၃။ လောကုတ္တရာ တတိယဈာန်စိတ် ၈–ခု၌ ဝိတက်, ဝိစာရကြဉ်သော အညသမာန်းစေတသိက် ၁၁–ခု အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ခုအားဖြင့် ၃၄–ခုသော စေတသိက်တို့ ရနိုင်သည်။

၄။ လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈–ခု၌ တက်, စ, ပီ–ကြဉ် အညသမာန်းစေ–၁၀–ခု အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃–ခုအားဖြင့် ၃၃–ခုသော စေတသိက်တို့ ရနိုင်သည်။

၅။ လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈–ခု၌လည်း ထို့အတူ ၃၃–ခု ရနိုင်သည်၊ ဥပေက္ခာဖြစ်ခြင်းသာထူး၏။

## မဟဂ္ဂုတ် သင်္ဂဟနည်း ၅– နည်း

၁။ မဟဂ္ဂုတ် ပဌမဈာန်စိတ် ၃–ခုတို့၌ အညသမာန်းစေတသိက် ၁၃–ခု၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂–ခုအားဖြင့် အများဆုံး ၃၅–ခုသော စေတသိက်တို့ ရနိုင်သည်။

(အမြွက်မပြလျှင် အပ္ပမညာနှုတ် ၃၃–ပါး၊ တစ်မျိုးစီနှုတ်ပြလျှင် ကရုဏာ,မုဒိတာ ၁–ပါးပါးထည့်၍ ၃၄–ပါး)

၂။ ၃။ ၄။ ဒု, တ, စ တို့ကိုလည်း နည်းမှီ၍ ဆိုလေ။

၅။ မဟဂ္ဂုတ် ပဉ္စမဈာန် ၁၅–ခု တို့၌ ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညမသမာန်းစေတသိက် ၁၀–ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀–ခု အားဖြင့် ၃၀–ခု သောစေတသိက်တို့ ရနိုင်သည်။

## ကာမာဝစရသောဘန သင်္ဂဟနည်း ၁၂– နည်း

၁။ မဟာကုသိုလ် ပဌမဒွေ၌ အညသမာန်းစေတသိက် ၁၃–ခု၊ သောဘနစေတသိက် ၂၅ –ခုအားဖြင့် အများဆုံး ၃၈–ခုသော စေတသိက်တို့ ရနိုင်သည်။

(အမြွက်မပြလျှင် ဝိရတီ, အပ္ပမညာ ၅–ပါး နှုတ် ၃၃–ပါး တစ်မျိုးစီနှုတ်ပြလျှင် ဝိရတီ, အပ္ပမညာ ၅ –ပါးမှ ၁–ပါးပါးထည့်၍ ၃၄ ပါး)

၂။ မဟာကုသိုလ် ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃–ခု၊ ဉာဏ်ကြဉ် သောဘနစေတသိက် ၂၄ –ခု အားဖြင့် ၃၇–ခုသော စေတသိက်တို့ ရနိုင်သည်။

၃။ မဟာကုသိုလ် တတိယဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂–ခု၊ သောဘနစေတသိက် ၂၅ –ခု အားဖြင့် ၃၇–ခုသော စေတသိက်တို့ ရနိုင်သည်။

၄။ မဟာကုသိုလ် စတုတ္ထဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂–ခု၊ ဉာဏ်ကြဉ် သောဘနစေတသိက် ၂၄–ခုအားဖြင့် ၃၆–ခုသော စေတသိက်တို့ ရနိုင်သည်။

၅–၁၂။ မဟာကြိယာ၌ ဝိရတီ ကြဉ်၊ မဟာဝိပါက်၌ ဝိရတီ, အပ္ပမညာကြဉ်သည်သာ ထူးသည်။ မဟာကုသိုလ် အတိုင်းဆိုလေ။

http://www.dhammadownload.com


## အကုသိုလ်စိတ် သင်္ဂဟနည်း ၇-နည်း

*✱ ။ အကုစိတ်မှာ၊ စေယုဉ်ရှာလည်း၊ အဉ်မှာ ပီ, ဓိ၊ ဆန္ဒ ကြည့်၍၊ တြိ လောဘ၊ စတုတ္ထ ဒေါ၊ ထိ, မိဒ်နှောတာ၊ စိတ်ိစ္ဆာ၊ ကြည့်ပါ သတ္တဝိသတည်း။*

| | | | အကုသိုလ်စေတသိက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စိတ်အမျိုးအစား | အညသမာန်း ၁၃ | မောစတုက် | လောတြိ | ဒေါစတုက် | ထိနဒွိ | ဝိစိကိစ္ဆာ | ပေါင်း | အစုနည်း |
| လောဘမူ | ပထမအသင်္ခါရိက | ၁၃ | ၄ | လော, ဒိဋ္ဌိ | | | | ၁၉ | ၁ |
| | ဒုတိယ ။ | ၁၃ | ၄ | လော, မာန | | | | ၁၉ | |
| | တတိယ ။ | ပီတိကြဉ် ၁၂ | ၄ | လော, ဒိဋ္ဌိ | | | | ၁၈ | ၁ |
| | စတုတ္ထ ။ | ။ ၁၂ | ၄ | လော, မာန | | | | ၁၈ | |
| ဒေါ | ပဥ္စမ ။ | ။ ၁၂ | ၄ | | ၄ | | | ၂၀ | ၁ |
| လောဘမူ | ပထမသသင်္ခါရိက | ၁၃ | ၄ | လော, ဒိဋ္ဌိ | | ၂ | | ၂၁ | ၁ |
| | ဒုတိယ ။ | ၁၃ | ၄ | လော, မာန | | ၂ | | ၂၁ | |
| | တတိယ ။ | ပီတိကြဉ် ၁၂ | ၄ | လော, ဒိဋ္ဌိ | | ၂ | | ၂၀ | ၁ |
| | စတုတ္ထ ။ | ။ ၁၂ | ၄ | လော, မာန | | ၂ | | ၂၀ | |
| ဒေါ | ပဥ္စမ ။ | ။ ၁၂ | ၄ | | ၄ | ၂ | | ၂၂ | ၁ |
| မောဟမူ | ဥဒ္ဓစ္စသဟဂုတ်စိတ် | ဆန္ဒ, ပီတိကြဉ် ၁၁ | ၄ | | | | | ၁၅ | ၁ |
| | ဝိစိကိစ္ဆာသဟဂုတ်စိတ် | ဆန္ဒ, ပီ, အဓိ-ကြဉ် ၁၀ | ၄ | | | | ၁ | ၁၅ | |

### ဆိုရိုး

၁။ (က) လောဘမူ ပထမ အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃-ခု၊ မောစတုက် ၄-ခု၊လောဘ,ဒိဋ္ဌိအားဖြင့် ၁၉-ခု သောစေတသိက်တို့ ရနိုင်သည်။

(ခ) လောဘမူ ဒုတိယ အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃-ခု၊ မောစတုက် ၄-ခု၊ လောဘ, မာနအားဖြင့် ၁၉-ခု သောစေတသိက်တို့ ရနိုင်သည်။

http://www.dhammadownload.com


၂။ (က) လောဘမူ တတိယအသင်္ခါရိကစိတ်၌ပီတိကြဉ်အညသမာန်းစေတသိက် ၁၂-ခု၊ မောစတုက် ၄-ခု၊ လောဘ,ဒိဋ္ဌိအားဖြင့် ၁၈-ခု သောစေတသိက်တို့ ရနိုင်သည်။
(ခ) လောဘမူ စတုတ္ထ အသင်္ခါရိကစိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂-ခု။ မောစတုက် ၄-ခု၊ လောဘ,မာနအားဖြင့် ၁၈-ခု သောစေတသိက်တို့ ရနိုင်သည်။

၃။ ပဋ္ဌမအသင်္ခါရိကစိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂-ခု၊ မောစတုက် ၄-ခု၊ဒေါစတုက် ၄-ခုအားဖြင့် ၂၀-ခုသော စေတသိက်တို့ ရနိုင်သည်။
ထိုတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-တို့သည် အာရုံကွဲပြားသောကြောင့် အသီး အသီးယှဉ်ကြသည်။

၇။ (က) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဆန္ဒ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၁-ခု၊ မောစတုက် ၄-ခုအားဖြင့် ၁၅-ခုသော စေတသိက်တို့ ရနိုင်သည်။
(ခ) ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ် အညသမာန်းစေတသိက် ၁၀-ခု၊ မောစတုက် ၄-ခု၊ ဝိစိကိစ္ဆာအားဖြင့် ၁၅-ခုသော စေတသိက်တို့ ရနိုင်သည်။

## သဗ္ဗာကုသလယောဂီ

မောစတုက် ၄-ခု၊ ဆန္ဒ,ပီတိ,အဓိမောက္ခမှတပါး အညသမာန်းစေတသိက် ၁၀-ခုအားဖြင့် ဤ ၁၄-ခုတို့သည် အကုသိုလ်စိတ်အားလုံး၌ယှဉ်သောကြောင့် **သဗ္ဗာကုသလယောဂီစေတသိက်**များဖြစ်ကြသည်။

---

၃။ ဤပဋ္ဌမ အသင်္ခါရိက စိတ်၌ ၂၀-ကား အများဆုံးရခြင်းဖြစ်သည်၊ ယင်း ၂၀-တို့တွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃-ပါးတို့သည် ရံခါ, အသီးသီး ယှဉ်ခြင်းကြောင့် အမြဲတမ်းဆိုလျှင် ယင်း၃-ပါးနှုတ် ၁၇-ပါး၊ တစ်ပြိုင်နက်ဆိုလျှင် ယင်း ၃-ပါးတို့တွင် ၁-ပါးပါးအားဖြင့် ၁၈-ပါး။
၄, ၅, ၆-သသင်္ခါရိကစိတ် ၅-ခုတို့ကိုလည်း ထိနှ, မိဒ္ဓထည့်၍ အသင်္ခါရိကအတိုင်း ရေတွက်လေ။ ထို့ကြောင့်, အသင်္ခါရိကစိတ်၌ ၃-နည်း၊ သသင်္ခါရိကစိတ်၌ ၃-နည်း အားဖြင့်, သင်္ဂဟနည်း ၆-နည်းဖြစ်သည်။
၇။ (ခ) အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိသော အဓိမောက္ခသည် နှစ်လုံးနှစ်ခွဖြစ်ခြင်း သဘောရှိသော ဝိစိကိစ္ဆာစိတ်၌ မယှဉ်နိုင်သောကြောင့်, အဓိမောက္ခကြဉ်ရသည်။ (ဋီကာကျော်)

http://www.dhammadownload.com


## အတိတ်စိတ် သင်္ဂဟနည်း

** ။ အတိတ်စိတ်မှာ၊ ဆန် မပါဘဲ၊ တတ်, တ, ပီ, ဝိ၊ ဝီ–တို့ကြည့်၊ ယှဉ်ဘိ အညသာ။*

| | စိတ်အမျိုးအစား | အညသမာန်းစေတသိက် | သင်္ဂဟနည်း |
|---|---|---|---|
| အတိတ်စိတ် ၁၀–ပါး | ဟသိတုပ္ပါဒ်စိတ် | ဆန္ဒကြဉ် ၁၂ | ၁ |
| | မနောဒွါရာဝဇ္ဇန်း | ဆန္ဒ, ပီတိကြဉ် ၁၁ | ၁ |
| | သောမနဿသန္တီရဏ | ဆန္ဒ, ဝီရိယကြဉ် ၁၁ | |
| | ဒွိုင်း၂၊ ဥသံ၂၊ ပဉ္စဒွါရာဝဇ္ဇန်း | ဆန္ဒ,ပီတိ,ဝီရိယကြဉ် ၁၀ | ၁ |
| | ဒွေပဉ္စဝိညာဉ် ၁၀ | သဗ္ဗစိတ္တသာဓာရဏ ၇ | ၁ |

## ဆိုရိုး

(က) ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂–ခု ရနိုင်သည်။

(ခ) ၁။ မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ,ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁–ခု ရနိုင်သည်။

၂။ သောမနဿသန္တီရဏစိတ်၌ ဆန္ဒ,ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁–ခု ရနိုင်သည်။

(ဂ) သမ္ပဋိစ္ဆိုင်း ဒွေ, ဥပေက္ခာသန္တီရဏ ၂–ခု, ပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ,ပီတိ,ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၀–ခု ရနိုင်သည်။

(ဃ) ဒွေးပဉ္စဝိညာဉ် ၁၀–၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခု ရနိုင်သည်။

## သမ္ပယောဂနည်း သင်္ဂဟနည်း

စေတသိက်တို့ စိတ်၌ ယှဉ်ပုံကိုပြသော သမ္ပယောဂနည်း ၁၆–နည်း။

စိတ်၌ ရသော စေတသိက်တို့ကို စုပေါင်းရေတွက်သော သင်္ဂဟနည်း ၃၃–နည်း။

** ။ စေယှဉ် သမ္ပ၊ ဆယ့်ခြောက်ဝ၊ စိတ်ရသင်္ဂ၊ တေတ္တိံ သာ။*

** ။ သမ္ပယောဂ၊ အဉ် သတ္တ နှင့်၊ ငါး အတု၊ သော–လေးခု၊ ပေါင်းစု ဆယ့်ခြောက်ဖြာ။*

---

သမ္ပယောဂနည်းအတွက်– စိတ်အနည်းဆုံးယှဉ် ဝိစိကိစ္ဆာ စေတသိက်၊ စိတ်အများဆုံးယှဉ် သဗ္ဗစိတ္တသာဓာရဏစေတသိက်၊

သင်္ဂဟနည်းအတွက်– စေတသိက် အနည်းဆုံးယှဉ် ဒွေပဉ္စဝိညာဉ်၊ စေတသိက်အများဆုံးယှဉ် မဟာကုသိုလ်။

http://www.dhammadownload.com



## အနိယတယောဂီစေတသိက် (၁၁)

| စေတသိက်အမည် | ယှဉ်ပုံ | |
|---|---|---|
| ကုက္ကုစ္စ,မစ္ဆရိယ,ကုက္ကုစ္စ ၃ | ကဒါစိ(ရံခါ) | နာနာ(အသီးသီး) |
| ဝိရတီ ၃ | ။ | ။ |
| အပ္ပမညာ ၂ | ။ | ။ |
| မာန ၁ | ။ | |
| ထိန,မိဒ္ဓ ၂ | ။ | သဟ(တကွ) |
| ပေါင်း ၁၁ | | |

** ။ ဝိရတီပါ၊ ပ္ပမညာနှင့်၊ ဣဿာ,မစ္ဆ ၊ ကုက္ကုစ္စတား၊ သီးသီးထား၍၊ နှစ်ပါးထိ,မိ၊ တကွသိ၊ မာ,ထည့် ဆယ့်တစ်၊ ရံခါဖြစ်။*

**ဆိုရိုး** ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိရတီ,အပ္ပမညာတို့သည် ရံခါ, အသီးသီးယှဉ်ကုန်၏။

မာနသည် ရံခါ ယှဉ်သည်၊ ထိန,မိဒ္ဓသည် ရံခါ,အတူတကွ ယှဉ်သည်။

ဤ ၁၁-ခုမှ ကြွင်းသော ၄၁-ခုတို့သည် နိယတယောဂီ(အမြဲယှဉ်သော) စေတသိက်မည်ကုန်၏။

---

ဝိရတီသည် လောကုတ္တရာ၌ အမြဲ, မဟာကုသိုလ်၌ ရံခါ ယှဉ်ခြင်းကြောင့် ဝိရတီကို နိယတာနိယတယောဂီ-ဟုဆိုနိုင်သည်

### ရံခါ အသီးသီးယှဉ်ပုံ

ရံခါယှဉ်ပုံကို ကျက်မှတ်ရာ၌ စေတသိက်တို့၏ သဘောလက္ခဏာဖြင့်ပင် ကိစ္စပြီးအောင် ကျက်မှတ်ပါလေ။

### ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့ ရံခါယှဉ်ပုံ

ဣဿာသည် သူတစ်ပါး စည်းစိမ်ချမ်းသာကို ငြူစူသောအခါ ယှဉ်၏၊ မငြူစူသောအခါ မယှဉ်၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ ယှဉ်၏၊ မလျှို့ဝှက်သောအခါ မယှဉ်။ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသောသုစရိုက်ကို အာရုံပြု၍ အဖန်တလဲလဲ စိုးရိမ်သောအခါ ယှဉ်၏၊ မစိုးရိမ်သောအခါ မယှဉ်၊ ဤသို့ယှဉ်သည်ကို ရံခါယှဉ်သည်ဟု ဆိုသည်။

### ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့ အသီးသီးယှဉ်ပုံ

ဣဿာယှဉ်သောအခါ မစ္ဆရိယ,ကုက္ကုစ္စတို့မယှဉ်၊ မစ္ဆရိယယှဉ်သောအခါ ဣဿာ,ကုက္ကုစ္စတို့ မယှဉ်၊ ကုက္ကုစ္စယှဉ်သောအခါ ဣဿာ, မစ္ဆရိယတို့ မယှဉ်၊ ဤသို့ယှဉ်သည်ကို အသီးသီးယှဉ်သည်ဟု ဆိုသည်။

http://www.dhammadownload.com


## ဝိရတီ, အပ္ပမညာတို့ရံခါယှဉ်ပုံ

အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ ယှဉ်၏။ မရှောင်ကြဉ်သောအခါ မယှဉ်။

အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ ယှဉ်၏။ မရှောင်ကြဉ်သောအခါ မယှဉ်။

အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ ယှဉ်၏၊ မရှောင်ကြဉ်သောအခါ မယှဉ်။

အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာ ယှဉ်၏၊ မသနားသောအခါ မယှဉ်။

အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာ ယှဉ်၏၊ ဝမ်းမမြောက်သောအခါ မယှဉ်။ ဤသို့ ယှဉ်သည်ကို ရံခါယှဉ်သည် ဟုဆိုသည်။

## ဝိရတီ,အပ္ပမညာတို့ အသီးသီးယှဉ်ပုံ

သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာတို့ မယှဉ်၊
သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာတို့ မယှဉ်၊
သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ, ကရုဏာ, မုဒိတာတို့ မယှဉ်၊
ကရုဏာယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, မုဒိတာတို့ မယှဉ်၊
မုဒိတာယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာတို့ မယှဉ်၊
ဤသို့ယှဉ်သည်ကို အသီးသီးယှဉ်သည်ဟုဆိုသည်။

## မာန ရံခါယှဉ်ပုံ

မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟု မှန်ကင်းကဲ့သို့ ထောင်လွှားသောအခါ မာနယှဉ်၏၊ မထောင်လွှားသောအခါ မာနမယှဉ်၊ ဤသို့ယှဉ်သည်ကို ရံခါယှဉ်သည်ဟုဆိုသည်။

## ထိန,မိဒ္ဓတို့ ရံခါတကွယှဉ်ပုံ

စိတ်၏ မခံ့သောအခါ ထိနယှဉ်၏၊ ခံ့သောအခါ မယှဉ်၊
စေတသိက်တို့၏ မခံ့သောအခါ မိဒ္ဓယှဉ်၏၊ ခံ့သောအခါ မယှဉ်၊
ယှဉ်သောအခါ ထိနနှင့် မိဒ္ဓတို့ အတူတကွယှဉ်ကြသည်။

http://www.dhammadownload.com


## ဝိသေသတဆိုရိုး

| စိတ်၌ | တို့အထူးပြုကုန်၏ | | | | ပေါင်း |
|---|---|---|---|---|---|
| | တက်, စာ, ပီ, သု ဈာန်တရား-၄ | အပ္ပမညာ ၂ | ဝိရတိ ၃ | ဉာဏ် ၁ | ၁၀-ပါး |
| လောကုတ္တရာ | ။ | | | | ၄ |
| မဟဂ္ဂုတ် | ။ | ။ | | | ၆ |
| ကာမသောဘန | ပီ | ။ | ။ | ။ | ၇ |

**ဆိုရိုး** ၁။ လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခဈာန်တရားတို့ အထူးပြုကုန်၏။
၂။ မဟဂ္ဂုစိတ်၌ ဈာန်တရားနှင့် အပ္ပမညာတို့ အထူးပြုကုန်၏။
၃။ ကာမာဝစရသောဘနစိတ်၌ ပီတိ, အပ္ပမညာ, ဝိရတိ, ဉာဏ်တို့ အထူးပြုကုန်၏။

** ။ တက်, စာ, ပီ, သု၊ တရု, မု ပါ။ ဉာဏ် ဝိရတိ၊ ပေါင်းဘိ ဆယ်ဖြာ။*
*လောကုတ်, မဟာဂ်၊ တစ်ချက် ကာမာ။ အထူးပြု ခေါ်မူ ဝိသေသာ။*

---

## အထူးပြုပုံ

၁။ **ဈာန်တရား**တို့တွင် ဝိတက်သည် ပ-ဈာန်၌သာယှဉ်၍ ဒု-ဈာန်စသည်၌မယှဉ်၊ ဝိစာရသည် ပ-ဒုဈာန်၌သာ ယှဉ်၍ တ-ဈာန်စသည်၌ မယှဉ်၊ ပီတိသည် ပ,ဒု,တဈာန်နှင့် သောမနဿတို့၌သာ ယှဉ်သည်၊ စ-မဈာန်နှင့် ဥပေက္ခာတို့၌ မယှဉ်၊ သုခသည် ပ-ဒု-တ-စ-ဈာန်၌သာယှဉ်၍ ပဉ္စမဈာန်၌ မယှဉ်၊ ဤကဲ့သို့ ယှဉ်,မယှဉ်အားဖြင့် အထူးပြုသည်။

၂။ အပ္ပမညာတို့သည် ကာမသောဘနတို့တွင် မဟာကု-ကြိတို့၌သာယှဉ်၍ မဟာဝိပါက်၌ မယှဉ်၊ မဟဂ္ဂုတ်တို့တွင် ပ-ဒု-တ-စဈာန်တို့၌သာယှဉ်၍ ပဉ္စမဈာန်၌မယှဉ်၊ ဤသို့ယှဉ်, မယှဉ်အားဖြင့် အထူးပြုသည်။

၃။ ဝိရတိတို့သည် မဟာကု-၌သာယှဉ်၍ မဟာဝိ, ကြိတို့၌မယှဉ်၊ ဤသို့ယှဉ်, မယှဉ်အားဖြင့် အထူး ပြုသည်။

၄။ ဉာဏ်သည် ဉာဏသမ္ပယုတ်စိတ်၌သာ ယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ်၌မယှဉ်၊ ဤသို့ယှဉ်, မယှဉ်အားဖြင့် အထူးပြုသည်။

http://www.dhammadownload.com


## ဝိရတီ,အပ္ပမညာ မယှဉ်သော သောဘနစိတ်

၁။ ဝိရတီသည် မဟာဝိပါက်, မဟာကြိယာ, မဟဂ္ဂုတ်စိတ်တို့၌ မယှဉ်၊

၂။ အပ္ပမညာသည် မဟာဝိပါက်, (မဟဂ္ဂုတ်ပဥ္စမရှာန်), လောကုတ္တရာစိတ်တို့၌ မယှဉ်၊

** ။ ဝိရတီမှာ၊ မဟာဝိ,ကြိ၊ မဟဂ်သိ၊ ရှောင်ဘိ သူမယှဉ်။*

** ။ အပ္ပမညာ၊ ဝိမဟာနှင့်၊ တစ်ဖြာလောကုတ်၊ မဟဂ္ဂုတ် ပဉ်၊ သူမယှဉ်ဆင်ခြင် သတိပြု။*

## စေတသိက်ချင်း ယှဉ်ပုံရှာနည်း

| စိတ်–၈၉ | စေတသိက် ၅၂ | | | |
|---|---|---|---|---|
| | အညၥ ၁၃ | အကု ၁၄ | သောဘန ၂၅ | ပေါင်း |
| အကု ၁၂ | ။ | ။ | | ၂၇ |
| အဟိတ်၁၈ | ဆန္ဒကြဉ် ၁၂ | | | ၁၂ |
| သောဘန၅၉ | အညၥ ၁၃ | | ။ | ၃၈ |

** ။ အကုစေစု၊ အကုမှာသာ။ စေ သောဘန၊ ယှဉ်ရ သောမှာ။*

*အညသမာန်။ ပြိုးပြွမ်းယှဉ်တာ။ ယှဉ်နည်းထုတ်၊ အချုပ် သုံးပါးသာ။*

*ဆိုရိုး*

အကုသိုလ်စေတသိက်တို့သည် အကုသိုလ်စိတ်၌သာ ယှဉ်ကြသည်။

သောဘနစေတသိက်တို့သည် သောဘနစိတ်၌သာ ယှဉ်ကြသည်။

အညသမာန်းစေတသိက်တို့သည် စိတ်အားလုံး၌ ပြိုးပြွမ်းယှဉ်ကြသည်။

## စိတ္တေန သမယုတ္တသော= စိတ်နှင့်အမျှပြပုံ

ဖဿ-သည် စိတ်၈၉-ခု၌ယှဉ်သောကြောင့် ဖဿစေတသိက်လည်း ၈၉-ခုဖြစ်သည်။

(ဝေဒနာ,သညာ–စသည် နည်းတူ)

ဝိတက်-သည်စိတ်၅၅-ခု၌ယှဉ်သောကြောင့် ဝိတက်စေတသိက် ၅၅-ခုဖြစ်သည်၊

မောဟ-သည် အကုသိုလ်စိတ် ၁၂-ခု၌ ယှဉ်သောကြောင့် မောဟစေတသိက် ၁၂-ခုဖြစ်သည်။ (ကျန်အတူ ယှဉ်ရာစိတ်နှင့် ညီမျှသော စေတသိက်အရေအတွက်ကို သိပါလေ)

http://www.dhammadownload.com



## အပိုမှတ်သားရန်
## စေတသိက်ချင်းယှဉ်ပုံ

| စေတသိက်အမည် | ယှဉ်သောစေတသိက် |
|---|---|
| ဖဿစသော သဗ္ဗစိတ္တသာဓာရဏ ၇–တက်, စာ, ဝိ (၁၀) | (မိမိ ကြည်) ဖဲ ၅၁–ခု စီ |
| အဓိမောက္ခ,ဆန္ဒ (၂) | (မိမိ,ဝိစိကိစ္ဆာကြည်) ၅၀–ခု စီ |
| ပီတိ (၁) | (မိမိ,ဒေါသတုက်,ဝိမိကြည်) ၄၆ |
| မောစတုက် (၄) | အညသမာန်း ၁၃ (မိမိကြည်)အကု ဖဲ ၁၃=၂၆–ခု စီ |
| လောဘ (၁) | အည ၁၃ မောဟတုက် ၄ ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ ၄=၂၁–ခု |
| ဒိဋ္ဌိ,မာန (၂) | အည ၁၃ မောဟတုက် ၄ လောဘ,ထိန,မိဒ္ဓ ၃=၂၀–ခု စီ |
| ဒေါသ (၁) | ပီတိကြည် အည ၁၂ မောဟတုက် ၄ ဣဿ,မစ်,ကုက်,ထိန,မိဒ္ဓ ၅=၂၁ စီ |
| ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ (၃) | ပီတိကြည် အည ၁၂ မောဟတုက် ၄ ဒေါသ,ထိန,မိဒ္ဓ ၃=၁၉–ခုစီ |
| ထိန,မိဒ္ဓ (၂) | အည ၁၃ မိမိ, ဝိမိကြည် အကု ဖဲ ၁၂=၂၅–ခု စီ |
| ဝိစိကိစ္ဆာ (၁) | အဓိမောက္ခ,ပီတိ,ဆန္ဒကြည် အည ၁၀ မောဟတုက် ၄=၁၄ ခု |
| သောဘနသာဓာရဏ (၁၉) | အည ၁၃ (မိမိကြည်) သောဘန ဖဲ ၂၄=၃၇–ခု စီ |
| ဝိရတီ (၃) | အည ၁၃ (မိမိ,အပ္ပမညာကြည်) သောဘန ဖဲ ၂၂=၃၅–ခု စီ |
| ကရုဏာ,မုဒိတာ (၂) | အည ၁၃ (ဝိရတီ,အပ္ပမညာကြည်) သောဘန ဖဲ ၂၀=၃၃–ခုစီ |
| ပညာ (၁) | အည ၁၃ (မိမိကြည်) သောဘန ဖဲ ၂၄=၃၇ |

### ဆိုရိုး

(က) သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု,ဝိတက်,ဝိစာရ,ဝိရိယအားဖြင့် ၁၀–ခုတို့သည် အသီးသီး မိမိကြည် စေတသိက် ၅၁–ခုစီနှင့်ယှဉ်ကြသည် စသည်ဖြင့် ဆိုလေ။

## စေတသိက်ပိုင်းပြီး၏။

* * * * * * * * * *

http://www.dhammadownload.com


# ပကိဏ်းပိုင်း

စိတ်, စေတသိက်ဖြစ်သည့် ၅၃–ပါးသော နာမ်တို့ကို ဝေဒနာစသော သင်္ဂဟ(၆)မျိုးတို့ဖြင့် ရောပြွမ်း၍ပြသော အပိုင်းဖြစ်သောကြောင့် **ပကိဏ်းပိုင်း**မည်သည်။

## နာမ်တေပညာသ

အာရုံကိုသိခြင်း သဘောအားဖြင့် တူသော စိတ်– ၁ –ခု
ဖဿ စသော လက္ခဏာကွဲပြားသော စေတသိက်– ၅၂ –ခု
ပေါင်း ၅၃ –ခု။

* ။ *အာရုံသိငြား၊ စိတ်ကား တစ်ဖြာ၊*
*စေ–ပညာသ္မိ၊ နာမ်–တိပညာ။*
*ဝေ, ဟိတ်, ကိစ္စ၊ ဒွါရနှင့် အာ။*
*ဝတ္ထုထား၊ ခြောက်ပါး ပကိဏ်းမှာ။*

## ဝေဒနာသင်္ဂဟ

### စိတ်ကိုဝေဒနာဖြင့်ရေတွက်ပုံ

| ယှဉ်ရာစိတ် | | ယှဉ်သောဝေဒနာ | | | | | ယှဉ်ဝေဒနာပေါင်း |
|---|---|---|---|---|---|---|---|
| | အနုဘဝနလက္ခဏာ | သုခဝေဒနာ | | ဒုက္ခဝေဒနာ | | ဥပေက္ခာ | |
| | တူ(ကွဲပြား)ဘေဒ | သု | သော | ဒု | ဒေါ | ။ | |
| သုခ သဟဂုတ် ကာယဝိညာဉ် | | ။ | | | | | ၁ |
| ကာမ သောမနဿ သဟဂုတ်–၁၈<br>ပ–ဒု–တ–စ–ရျာန်စိတ်– ၄၄ | | | ။ | | | | ၆၂ |
| ဒုက္ခ သဟဂုတ် ကာယဝိညာဉ် | | | | ။ | | | ၁ |
| ဒေါသမူဒွေ | | | | | ။ | | ၂ |
| ကာမ ဥပေက္ခာ ၃၂<br>ပဥ္စမရျာန် ၂၃ | | | | | | ။ | ၅၅ |

http://www.dhammadownload.com


## ပကိဏ္ဏက သင်္ဂဟ ၆–ပါး

ပကိဏ်းပိုင်း၌–ဝေဒနာသင်္ဂဟ, ဟေတုသင်္ဂဟ, ကိစ္စသင်္ဂဟ, ဒွါရသင်္ဂဟ, အာရမ္မဏသင်္ဂဟ, ဝတ္ထုသင်္ဂဟ အားဖြင့် (၆) မျိုးရှိသည်။

### ဝေဒနာသင်္ဂဟ

စိတ်, စေတသိက်တို့ကို ဝေဒနာများဖြင့် သိမ်းယူရေတွက်ရာအခန်းကို **ဝေဒနာသင်္ဂဟ** ဟုခေါ်သည်။

**ဆိုရိုး**– ဝေဒနာသည် သုခ, ဒုက္ခ, ဥပေက္ခာ ဟု အနုဘဝနလက္ခဏာနည်းအားဖြင့် ၃–ပါး။

တစ်နည်း– သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဟု ဣန္ဒြိယဘေဒ နည်းအားဖြင့် ၅–ပါး။ (သုခသဟဂုတ်စိတ်= သုခဝေဒနာနှင့် တကွဖြစ်သောစိတ်)

၁။ သုခသဟဂုတ်စိတ်ကား – သုခသဟဂုတ်ကာယဝိညာဉ် စိတ် ၁–ခုတည်း။

၂။ ဒုက္ခသဟဂုတ်စိတ်ကား – ဒုက္ခသဟဂုတ်ကာယဝိညာဉ် စိတ် ၁–ခုတည်း။

၃။ သောမနဿသဟဂုတ်စိတ်ကား –

| | |
|---|---|
| လောဘမူသောမနဿ – | ၄ –ခု |
| သောမနဿသန္တီရဏ, ဟသိတုပ္ပါဒ်အားဖြင့် | |
| အဟိတ်သောမနဿ – | ၂ –ခု၊ |
| ကာမာဝစရသောဘန သောမနဿ – | ၁၂ –ခု၊ |
| ပထမဈာန် – | ၁၁ –ခု၊ |
| ဒုတိယဈာန် – | ၁၁ –ခု၊ |
| တတိယဈာန် – | ၁၁ –ခု၊ |
| စတုတ္ထဈာန် – | ၁၁ –ခု၊ |
| ပေါင်း = | ၆၂ –ခု၊ |

၄။ ဒေါမနဿသဟဂုတ်စိတ်ကား– ဒေါသမူဒွေးတည်း။

---

**ဝေဒနာ ၁–ပါး၊ ၂–ပါး၊ ၅–ပါး–**

(က) သဗ္ဗံ ဒုက္ခအဖြစ်ဖြင့် ဝေဒနာအားလုံး ဒုက္ခသာလျှင်ရှိသောကြောင့် ဝေဒနာ ၁–ပါးသာ ဟောသည်။

(ခ) အနဝဇ္ဇ ပဏီတ ဥပေက္ခာကို သုခ၌, သာဝဇ္ဇဟီန ဥပေက္ခာကို ဒုက္ခ၌ သွင်း၍ ဟောအပ်သောကြောင့် ဝေဒနာ ၂–ပါးသာ ဟောသည်။

(ဂ) ကာယိက, မာနသိက သာတ အသာတ အပြားအားဖြင့် သုခ, ဒုက္ခတို့ကို အသီး အသီး ဝေဘန် ဟောကြားအပ်သောကြောင့် ၅–ပါးပြားသည်။

http://www.dhammadownload.com


၅။ ဥပေက္ခာသဟဂုတ်စိတ်ကား—

| | |
|---|---|
| အကုသိုလ်ဥပေက္ခာ— | ၆ —ခု၊ |
| အဟိတ်ဥပေက္ခာ— | ၁၄ —ခု၊ |
| ကာမာဝစရ သောဘန ဥပေက္ခာ— | ၁၂ —ခု၊ |
| ပဥ္စမဈာန်— | ၂၃ —ခု၊ |
| ပေါင်း = | ၅၅ —ခု။ |

## တစ်နည်း ဝေဒနာသုံးပါး

၁။ သုခသဟဂုတ်စိတ်ကား—

| | |
|---|---|
| သုခသဟဂုတ်ကာယဝိညာဉ်စိတ်— | ၁ —ခု၊ |
| သောမနဿသဟဂုတ်စိတ်— | ၆၂ —ခု၊ |
| ပေါင်း = | ၆၃ —ခု။ |

၂။ ဒုက္ခသဟဂုတ်စိတ်ကား —

| | |
|---|---|
| ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်— | ၁ —ခု၊ |
| ဒေါမနဿသဟဂုတ်စိတ် — | ၂ —ခု၊ |
| ပေါင်း = | ၃ —ခု။ |

၃။ ဥပေက္ခာသဟဂုတ်စိတ်ကား—

| | |
|---|---|
| အကုသိုလ်ဥပေက္ခာ— | ၆ —ခု၊ |
| အဟိတ်ဥပေက္ခာ— | ၁၄ —ခု၊ |
| ကာမာဝစရသောဘန ဥပေက္ခာ— | ၁၂ —ခု၊ |
| ပဥ္စမဈာန်— | ၂၃ —ခု၊ |
| ပေါင်း = | ၅၅ —ခု။ |

* ။ *သု, ဒု, ဝေတား၊ တစ်ပါးစီသာ၊ သောခြောက်ဆယ့်နှစ်၊ ဒေါနှစ် မှန်စွာ၊ ဥ ငါးဆယ့်ငါး၊ ဖြစ်ပြား သုံးပြား၊ သော နှင့် ဒေါ၊ ရောနှော သု, ဒု, မှာ။*

(ဝေဒနာ ၅—ပါးကို ၃—ပါးအဖြစ်ယူလျှင် သောမနဿကို သုခ၌, ဒေါမနဿကို ဒုက္ခ၌ သွင်းယူရမည်)

http://www.dhammadownload.com



## ထက်မြက်သူတို့အတွက် အပိုမှတ်ရန်

### စေတသိက်ကို ဝေဒနာဖြင့်ရေတွက်ပုံ

| | ယှဉ်သောဝေဒနာ | | | | | |
|---|---|---|---|---|---|---|
| | သု | ဒု | သော | ဒေါ | ဥ | |
| ပီတိ | | | ။ | | | ၆ |
| ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ | | | | ။ | | |
| ဝိစိကိစ္ဆာ | | | | | ။ | |
| လောဘ, ဒိဋ္ဌိ, မာန, သောဘန-၂၅ | | | ။ | | ။ | ၂၈ |
| ပီတိကြဉ် ပကိဏ်းစေ-၅, ဇောစတုက်-၄, ထိန, မိဒ္ဓ | | | ။ | ။ | ။ | ၁၁ |
| ဝေဒနာကြဉ် သဗ္ဗစိတ္တသာဓာရဏ | ။ | ။ | ။ | ။ | ။ | ၆ |
| ဝေဒနာ | | | | | | ၁ |
| ပေါင်း | | | | | | ၅၂ |

* ***။ ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏၊ နှစ်မှာ ၄ဝီ။ သုံးလီဆယ့်တစ်၊ ငါးဖြစ်ခြောက်ခု၊ မ–တစ်ခု၊ ပေါင်းစု ငါးဆယ့်နှစ်။ (ဝိ)***

* ***။ ဒေါစတုက်သီ၊ ပီ, ဝိစိ၊ ခြောက်ရှိ ဝေ တစ်ပါး။***

* ***။ လော, ဒိဋ္ဌိ, မာန၊ သောဘန၊ ရှစ်ဝ နှစ်ဆယ်၊ ဝေနှစ်သွယ်။***

* ***။ မောစတုက်သီ၊ ထိ,မိဒ္ဓိနှင့်၊ ပီတိကြဉ်ထား၊ ပကိဏ်းငါး၊ သုံးပါးဝေဒနာ။***

* ***။ဝေဒနာတွင်၊ ဝေ မယှဉ်၊ ကြွင်းလျှင် သဗ္ဗ ဝေ ငါးဝ။***

## ဆိုရိုး

၁။ **ဝေဒနာတစ် ခြောက်ပါးဖြစ်၏**–ဝေဒနာ ၁–ပါးနှင့် ယှဉ်သောစေတသိက်များမှာ–

| | |
|---|---|
| သောမနဿ ဝေဒနာနှင့်သာယှဉ်သော ပီတိစေတသိက် | ၁ –ခု၊ |
| ဒေါမနဿ ဝေဒနာနှင့်သာယှဉ်သော ဒေါစတုက် | ၄ –ခု၊ |
| ဥပေက္ခာ ဝေဒနာနှင့်သာယှဉ်သော ဝိစိကိစ္ဆာစေတသိက် | ၁ –ခု၊ |
| ပေါင်း = | ၆ –ခု။ |

http://www.dhammadownload.com


၂။ **နှစ်မှာငြိ–** သောမနဿ, ဥပေက္ခာဝေဒနာ ၂–ပါးနှင့်ယှဉ်သော–
လောဘ, ဒိဋ္ဌိ, မာန, သောဘနစေတသိက် ၂၅၊ ပေါင်း ၂၈–ခု။

၃။ **သုံးလီဆယ့်တစ်–** သော, ဒေါ, ဥပေက္ခာဝေဒနာ ၃–ပါးနှင့်ယှဉ်သော–
ပီတိကြဉ် ပကိဏ်း ၅, မောစတုက် ၄, ထိန,မိဒ္ဓ ၂၊ ပေါင်း ၁၁–ခု။

၄။ **ငါးဖြစ်ခြောက်ခု–** ဝေဒနာ ၅–ပါးလုံးနှင့်ယှဉ်သော–
ဝေဒနာကြဉ် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ခု။

၅။ **မ– တစ်ခု–** ဝေဒနာစေတသိက်သည် မည်သည့်ဝေဒနာနှင့်မျှ မယှဉ်။

## တေတုသင်္ဂဟ

စိတ်,စေတသိက်တို့ကို ဟိတ်များဖြင့် သိမ်းယူရေတွက်ရာအခန်းကို **တေတုသင်္ဂဟ–** ဟုခေါ်သည်။

## ဆိုရိုး

**တိတ်တို့သည်–** လောဘ,ဒေါသ,မောဟ အားဖြင့် အကုသိုလ်ဟိတ် ၃–ပါး၊ အလောဘ, အဒေါသ,အမောဟအားဖြင့် ကုသိုလ်နှင့် ဝိပါက် + ကြိယာ ဟူသော အဗျာကတဟိတ် ၃–ပါးစီ အားဖြင့် (၆)ပါးရှိသည်။

၁။ ပဉ္စဒွါရာဝဇ္ဇန်း,ဒွေပဉ္စဝိညာဏ်–၁၀,သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃–ခု,ဝုဋ္ဌော,ဟသိတုပ္ပါဒ် အားဖြင့် ၁၈–ခုသော စိတ်တို့သည် ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် **အတိတ်စိတ်**မည်ကုန်၏။

၂။ မောဟမူဒွေသည် မောဟဟိတ် ၁–ပါးသာရှိသောကြောင့် **ဧကတိတ်စိတ်** မည်၏။

၃။ လောဘမူစိတ်သည် **လောဘ,မောဟ** ဟိတ် ၂–ပါးရှိသောကြောင့်လည်းကောင်း,ဒေါသမူစိတ်သည် **ဒေါသ,မောဟ** ဟိတ် ၂–ပါးရှိသောကြောင့်လည်းကောင်း, ကာမာဝစရသော ဘနညာဏဝိပ္ပယုတ်စိတ်သည် **အလောဘ,အဒေါသ** ဟိတ် ၂–ပါးရှိသောကြောင့်လည်း ကောင်း **ဒွိတိတ်စိတ်**မည်၏။

၄။ ကာမာဝစရသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂–ခု,မဟဂ္ဂုတ်,လောကုတ္တရာစိတ် ၃၅–ခု အားဖြင့် ၄၇–ခုတို့သည် **အလောဘ,အဒေါသ,အမောဟ**ဟိတ်သုံးပါးရှိသောကြောင့် **တိတိတ်စိတ်**မည်ကုန်၏။

http://www.dhammadownload.com



| စိတ်သရုပ် | ယှဉ်သောဟိတ် | | | | | | အမျိုးအစား | | အရေအတွက် | |
|---|---|---|---|---|---|---|---|---|---|---|
| | အကုသိုလ် | | | ကု+ဗျာ | | | | | | |
| | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | | | | |
| ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဉ်–၁၀၊ သမ္ပဋိစ္ဆိုင်း ဒွေး၊ သန္တီရဏ–၃၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ် | | | | | | | အဟိတ် | | ၁၈ | ၁၈ |
| မောဟမူဒွေ | | | ။ | | | | သဟိတ်စိတ် | ဧကဟိတ် | ၂ | ၇၁ |
| လောဘမူ ၈ | ။ | | ။ | | | | | ဒွိဟိတ် | ၂၂ | |
| ဒေါသမူ ၂ | | ။ | ။ | | | | | | | |
| ကာမသောဘနဉာဏဝိပ္ပယုတ် ၁၂ | | | | ။ | ။ | | | | | |
| ကာမသောဘနဉာဏသမ္ပယုတ် ၁၂<br>မဟဂ္ဂုတ်, လောကုတ္တရာ ၃၅ | | | | ။ | ။ | ။ | | တိဟိတ် | ၄၇ | |

* ။ လော, ဒေါ်, မောဟ၊ အ–နှင့်ပြ၍၊ ကြောင်း ဆ ဟေတု၊ ရှေ့သုံးခုမှာ၊ အကုသာ၊
ကု ဗျာ နောက်သုံးခု။

* ။ ပဉ်, ပဉ်, သမ္ပ၊ သန္တီရ, ဝုဋ်၊ ဟသိတုပ်၊ အချုပ် ဆယ့်ရှစ် အဟိတ်ဖြစ်။

* ။ ဧကဟိတ်–မော၊ ဒွိ, လော, ဒေါ်နှင့်၊ ကာသော ဉာဝိပ်၊ ဒွိဟိစိတ်တည်း၊
တိဟိတ် မှတ်ရန်၊ ဉာသမ် ကာသော၊ မဟဂ်လော၊ မနော လေးဆယ့်ခုနစ်။

---

**ပုဂ္ဂိုလ်နှင့်ဟိတ်** = ပုထုဇဉ်,သောတာပန်,သကဒါဂါမ် တို့၌ ဟိတ် ၆–ပါး၊
အနာဂါမ်၌ ဒေါသကြဉ် ဟိတ် ၅–ပါး၊
ရဟန္တာနှင့် မဂ္ဂဋ္ဌာန်တို့၌ အလောဘစသော ဟိတ် ၃–ပါး။

**ဘုံနှင့်ဟိတ်** = ကာမဘုံ၌ ဟိတ် ၆–ပါး
ရူပ, အရူပဘုံ၌ ဒေါသကြဉ်ဟိတ် ၅–ပါး။

http://www.dhammadownload.com



## ထက်မြက်သူတို့အတွက် အပိုမှတ်ရန်

| စေတသိက်သရုပ် | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | အမျိုးအစား | |
|---|---|---|---|---|---|---|---|---|
| လောဘ,ဒေါသ,ဝိစိကိစ္ဆာ | | | ▯ | | | | ကေဟိတ် | ၃ |
| မောဟ | ▯ | ▯ | | | | | ဒွိဟိတ် | ၉ |
| ဒိဋ္ဌိ, မာန | ▯ | | ▯ | | | | | |
| ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ | | ▯ | ▯ | | | | | |
| အလောဘ | | | | | ▯ | ▯ | | |
| အဒေါသ | | | | ▯ | | ▯ | | |
| အမောဟ | | | | ▯ | ▯ | | | |
| အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ | ▯ | ▯ | ▯ | | | | တိဟိတ် | ၂၇ |
| ဟိတ်ကြဉ် သောဘနစေတသိက် ၂၂ | | | | ▯ | ▯ | ▯ | | |
| ပီတိ | ▯ | | ▯ | ▯ | ▯ | ▯ | ပဉ္စဟိတ် | ၁ |
| ပီတိကြဉ် အညသမာန်း ၁၂ | ▯ | ▯ | ▯ | ▯ | ▯ | ▯ | ဆဟိတ် | ၁၂ |
| စုစုပေါင်း | | | | | | | | ၅၂ |

*✱ ။ သုံး ကေဟိတ်၊ ဒွိဟိတ် ကိုးလီ၊ သတ္တဝီ တိဟိတ်၊ ပဉ္စ ဟိတ် တစ်၊ ဆယ့်နှစ် ဆ ဟိတ်၊ ဒွေးပညီတ်၊ နိမိတ်ထင်မျှကြံ။ (ဝိ)*

*✱ ။ လော, ဒေါ, ဝိစိ၊ စေ တြိ၊ မှတ်ဘိ ကေဟိတ်။*

*✱ ။ မော, ဒိဋ္ဌိ, မာန၊ ဣဿ,မစ္ဆ နှင့်၊ ကုစ္စ တစ်ခြား၊ သော ဟိတ်များ၊ ကိုးပါး ဧဒွိဟိတ်။*

*✱ ။ ဟိတ်ကြဉ် သောဘန၊ ဇာဝီသနှင့်၊ ထိန, မိဒ္ဓတ်၊ ဟိ, နောတ်, ဥဒ်၊ တိဟာတ် နှစ်ဆယ့်ခုနစ်။*

*✱ ။ ပီတိ ပဉ္စ၊ ကြွင်းအညမှာ၊ ဆယ့်နှစ်ပြာ၊ မှတ်ပါ ဆ ဟိတ်သိ။*

### ဆိုရိုး

၁။ **သုံး ကေတိတ်-** ကေဟိတ်စေတသိက်များမှာ-

မောဟဟိတ်တစ်ပါးနှင့်သာယှဉ်သော လောဘ,ဒေါသ,ဝိစိကိစ္ဆာအားဖြင့် ၃-ခု။

http://www.dhammadownload.com


၂။ **ဒွိဟိတ် ကိုးလီ–** ဒွိဟိတ်စေတသိက်များမှာ–

လောဘ ဒေါသ ဟိတ် ၂–ပါးနှင့်ယှဉ်သော မောဟ ၁ –ခု၊

လောဘ မောဟ ဟိတ် ၂–ပါးနှင့်ယှဉ်သော ဒိဋ္ဌိ, မာန ၂ –ခု၊

ဒေါသ မောဟ ဟိတ် ၂–ပါးနှင့်ယှဉ်သော ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၃ –ခု၊

မိမိကြဉ်သော သောဘနဟိတ် ၂–ပါးနှင့်ယှဉ်သော သောဘနဟိတ် ၃ –ခု၊

ပေါင်း = ၉ –ခု။

၃။ **သတ္တဝီ တိဟိတ်–** တိဟိတ်စေတသိက်များမှာ–

သောဘနဟိတ်သုံးပါးရှိသော ဟိတ်မှကြွင်းသော သောဘနစေတသိက် ၂၂ –ခု၊

အကုသိုလ်ဟိတ်သုံးပါးရှိသော ထိန, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဒစ္စ စေတသိက် ၅ –ခု၊

ပေါင်း = ၂၇ –ခု။

၄။ **ပဥ္စဟိတ် တစ်–** ပဥ္စဟိတ်စေတသိက်မှာ–

ဒေါသဟိတ်ကြဉ်သော ဟိတ်ငါးပါးရှိသော ပီတိစေတသိက် ၁ –ခု။

၅။ **ဆယ့်နှစ် ဆဟိတ်–** ဆဟိတ်စေတသိက်များမှာ–

ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ –ခု။

## ကိစ္စသင်္ဂဟ

စိတ်,စေတသိက်တို့ကို ကိစ္စများဖြင့် သိမ်းယူရေတွက်ရာအခန်းကို ကိစ္စသင်္ဂဟ ဟုခေါ်သည်။

---

**မှတ်ချက်။** ။ ဘဝ ၁–ခု၌ ပဋိသန္ဓေနေ့နှင့်စ၍ စုတိဖြင့် အဆုံးသတ်သည်၊ စုတိမရောက်မချင်း ဘဝင်,ဝီထိတို့ အကြောင်းအားလျော်စွာ တစ်လှည့်စီ ဖြစ်နေပါသည်၊ ဘဝအစ ပဋိသန္ဓိ,ဘဝင်နှင့် အဆုံးသတ် စုတိ ဤ ၃–ကိစ္စတို့သည် ဝီထိမှ အလွတ်ဖြစ်သည်။ ဝီထိစိတ်များ၏ ကိစ္စများမှာ အာဝဇ္ဇန ကိစ္စမှစ၍ တဒါရုံကိစ္စတိုင်အောင် ၁၁ – ကိစ္စရှိပါသည်။

ဝီထိ

ပဋိ,ဘ,ဘ,ဘ,ဘ,ဘ,__အာ,(ဒ/သ/ဃာ/သာ/ဖု,) သံ,ဏ,ဝု,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ရုံ,ရုံ,ဘ,ဘ,ဘ,__စုတိ

ပဋိသန္ဓိ=ဘဝဟောင်းနှင့် ဘဝသစ်ဆက်စပ်ပေးမှု ဘဝင်=ဘဝမပြတ်အောင် ကြားခံဆက်လက်ဖြစ်နေမှု အာဝဇ္ဇန= အာရုံသစ်ကို ဆင်ခြင်မှု ဒဿန=မြင်မှု သဝန=ကြားမှု ဃာယန=နံမှု သာယန=လျက်မှု ဖုသန=တွေ့ထိမှု သမ္ပဋိစ္ဆန=လက်ခံမှု သန္တီရဏ=စစ်ဆေးမှု ဝေါဋ္ဌဗ္ဗန= ပိုင်းခြားဆုံးဖြတ်မှု ဇဝန= လိုအပ်သော အကျိုးဖြစ်မြောက်အောင် ဆောင်ရွက်မှု တဒါရမ္မဏ= ဇောအာရုံကို ဆက်လက်ယူမှု စုတိ= ဖြစ်ဆဲဘဝမှ ရွေ့လျောသွားမှု။

http://www.dhammadownload.com


**ကိစ္စများမှာ— ပဋိသန္ဓိ, ဘဝင်, အာဝဇ္ဇန, ဒဿန, သဝန, ဃာယန, သာယန, ဖုသန, သမ္ပဋိစ္ဆန, သန္တီရဏ, ဝေါဋ္ဌဗ္ဗန, ဇဝန, တဒါရမ္မဏ, စုတိအားဖြင့် ၁၄—ပါး။**

(ဒဿနစသော ၅—ကိစ္စကို ပဉ္စဝိညာဏဌာန ၁—ဌာနသာ ယူထားသဖြင့် ဌာန ၁၀—ပါးသာ ရှိရသည်။ ဇယားအတိုင်း ဆိုလေ)

| ကိစ္စ ၁၄ | ပဋိသန္ဓိ | ဘဝင် | အာဝဇ္ဇန | ဒဿန, သဝန, ဃာ, သာ, ဖု | သမ္ပဋိစ္ဆ | သန္တီရဏ | ဝေါဋ္ဌဗ္ဗ | ဇဝန | တဒါရမ္မဏ | စုတိ |
|---|---|---|---|---|---|---|---|---|---|---|
| ဌာန ၁၀ | ။ | ။ | ။ | ပဉ္စဝိညာဏ | ။ | ။ | ။ | ။ | ။ | ။ |
| | | | ပ | စ | သံ | ဏ | ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | |
| | | | ပ | သော | သံ | ဏ | ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | |
| | ဒွါရဝိမုတ် | | ပ | ဃာ | သံ | ဏ | ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | ဒွါရဝိမုတ် |
| | | | ပ | ဇိ | သံ | ဏ | ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | |
| | | | ပ | ကာ | သံ | ဏ | ဝု | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | |
| | | | မ | | | | | ဇ ဇ ဇ ဇ ဇ ဇ ဇ | ဒုံ ဒုံ | |
| | ဥ—သန္တီ ၂<br>မဟာဝိ— ၈<br>မဟဂ္ဂုတ်ဝိ ၉<br>၁၉ | | အာဝဇ္ဇန်း—၂ | ဒွေပဉ္စဝိညာဏ်—၁၀ | သမ္ပဋိစ္ဆိုင်း—၂ | သန္တီရဏ—၃ | မနောဒွါရာဝဇ္ဇန်း—၁ | အကုသိုလ်— ၁၂<br>ကုသိုလ်— ၂၁<br>ရှေ့နကြိယာကြိ—၁၈<br>ဖိုလ် — ၄ | သန္တီ— ၃<br>မဟာဝိ—၈<br>၁၁ | |

***။ အာဝဇ္ဇန၊ ဒဿနနှင့်၊ သဝန,ဃာ၊ သာ,ဖု,သမ္ပ၊ သန္တီရ,ဝေါ၊ ဇ,တ,နှောတာ၊ ဆယ့်တစ်ဖြာ၊ မှတ်ပါ ဝိထိ ကိစ္စသိ။***

## စိတ်နှင့်ကိစ္စ ဆိုရိုး

၁။ **ပဋိသန္ဓိ,ဘဝင်,စုတိကိစ္စတပ်သော စိတ်များမှာ—** ဥပေက္ခာသန္တီရဏ ၂—ခု၊ မဟာဝိပါက် ၈—ခု၊ မဟဂ္ဂုတ်ဝိပါက် ၉—ခုအားဖြင့် ၁၉—ခု တို့တည်း။

၂။ **အာဝဇ္ဇနကိစ္စတပ်သောစိတ်များမှာ—**ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်းအားဖြင့် အာဝဇ္ဇန်း ၂—ခုတည်း။

၃။ **ဒဿနကိစ္စတပ်သောစိတ်မှာ—**စက္ခုဝိညာဏ်ခွေ။ **သဝနကိစ္စတပ်သောစိတ်မှာ**သောတဝိညာဏ်ခွေ၊ **ဃာယနကိစ္စတပ်သောစိတ်မှာ—** ဃာနဝိညာဏ်ခွေ၊ **သာယနကိစ္စတပ်**

http://www.dhammadownload.com


သောစိတ်မှာ–ဇိဝှါဝိညာဏ်ဒွေးဖုသနကိစ္စတပ်သောစိတ်မှာ–ကာယဝိညာဏ် ဒွေတည်း။

၄။ **သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ်မှာ–** သမ္ပဋိစ္ဆိုင်းဒွေတည်း။

၅။ **သန္တီရဏကိစ္စတပ်သောစိတ်များမှာ–** သန္တီရဏသုံးခုတို့တည်း။

၆။ **မနောဒွါရာဝဇ္ဇန်းသည်ပင် ပဉ္စဒွါရအရာ၌ ဝေါဋ္ဌဗ္ဗနကိစ္စတပ်သည်။**

၇။ **ဇဝနကိစ္စတပ်သောစိတ်များမှာ–** အကုသိုလ်၁၂–ခု၊ ကုသိုလ်၂၁–ခု၊ အာဝဇ္ဇန်း ဒွေကြဉ်သော ကြိယာစိတ် ၁၈ –ခု၊ ဖိုလ် ၄ –ခုအားဖြင့် ၅၅–ခုတို့တည်း။

(ကာမ ၂၉၊ အပ္ပနာ ၂၆) (မဟဂ္ဂုတ် ၈, ကြိနှင့်မဂ်,ဖိုလ် တို့ကို **အပ္ပနာဇောဟုခေါ်သည်**)

၈။ **တဒါရမ္မဏကိစ္စတပ်သော စိတ်များမှာ–** သန္တီရဏ ၃ –ခု၊ မဟာဝိပါက် ၈ –ခုအားဖြင့် ၁၁ –ခုတို့တည်း။

*  ***။ အတု– ဆယ့်နှစ်၊ တု– နှစ်တစ်တည်း၊ ဆယ့်ရှစ်–ကြိ၊ ဇွန်းကြဉ်ဘိ၊ ဖိုလ်သိဇောများ၊ ငါးဆယ့်ငါး။***

*  ***။ သန္တီ သုံးဖြာ၊ ရှစ် မဟာဝိ၊ ဆယ့်တစ်ရှိ၊ မှတ်သိ တဒါရုံ။***

## စိတ်တစ်ခု၏ ရနိုင်သောကိစ္စများ

*  ***။ ဥသန် ငါးရှိ၊ မဟာဝိ လေး၊ ဝေး မဟဂ်ဝိ၊ ဒွိ မနောဒွါ၊ သောသန်ပါတည်း၊ တစ်မှာ ပဉ်, ပဉ်၊ သမ္ပ ဝင်၊ ထိုပြင် ဇောစိတ်များ။***

*  ***။ ငါးကိစ္စ နှစ်၊ လေးဖြစ် အဋ္ဌာ၊ သုံးကိစ္စတား၊ ဖြစ်ပြား နဝါ၊ နှစ်ကိစ္စတပ်၊ နှစ်ရပ် စိတ္တာ၊ တစ်ကိစ္စ၊ ရှစ်ဝ ခြောက်ဆယ်ဖြာ။***

၁။ ဥပေက္ခာသန္တီရဏ ၂ –ခုသည် ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီရဏ, တဒါရမ္မဏအားဖြင့် ၅–ကိစ္စတပ်သည်။

၂။ မဟာဝိပါက်စိတ် ၈ –ခုသည် ပဋိသန္ဓိ,ဘဝင်,စုတိ,တဒါရမ္မဏအားဖြင့် ၄–ကိစ္စတပ်သည်။

၃။ မဟဂ္ဂုတ်ဝိပါက် ၉ –ခုသည် ပဋိသန္ဓိ,ဘဝင်,စုတိအားဖြင့် ၃–ကိစ္စတပ်သည်။

၄။ မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန,ဝေါဋ္ဌဗ္ဗနအားဖြင့် ၂–ကိစ္စတပ်သည်။

၅။ သောမနဿသန္တီရဏသည် သန္တီရဏ, တဒါရမ္မဏအားဖြင့် ၂–ကိစ္စတပ်သည်။

၆။ ပဉ္စဒွါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်းဒွေ, ဇော ၅၅–ခုအားဖြင့် ၆၈–ခုတို့သည် ထိုက်သင့်သလို ၁–ကိစ္စစီသာ တပ်ကုန်၏။

http://www.dhammadownload.com



## ထက်မြက်သူတို့အတွက် အပိုမှတ်ရန်

### စေတသိက်နှင့်ကိစ္စ

*** ။ *တစ်ကိစ္စဖြစ်၊ ဆယ့်ခုနစ်တည်း။ လေးဖြစ်နှစ်ပါး၊ ငါး တေဝီ၊ ခြောက်လီမှာတစ်၊ ခွန်လည်း တစ်ပင်၊ ကိုးဖြစ်တားတော။ ဆယ့်လေးခုနစ်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ်နှိပညာသတည်း။*

၁။ အကုသိုလ်စေတသိက်,ဝိရတိစေတသိက်တို့သည် ဇောကိစ္စ ၁-ကိစ္စသာတပ်ကြသည်။

၂။ အပ္ပမညာဒွေသည် ပဋိသန္ဓိ,ဘဝင်,စုတိ,ဇဝနအားဖြင့် ၄-ကိစ္စတပ်ကြသည်။

၃။ သောဘနသာဓာရဏ, ဆန္ဒ, ပညာအားဖြင့် ၂၁-ပါးတို့သည် ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရမ္မဏ, ဇဝနအားဖြင့် ၅ -ကိစ္စစီတပ်ကြသည်။

(အသနှ-စသော ၅-ကိစ္စ, အာဝဇ္ဇန, သမ္ပဋိစ္ဆန, သန္တီရဏ, ဝေါဋ္ဌပန ဤ ၉-ကိစ္စတို့သည် အဟိတ်စိတ်၌သာ ရှိကြသည်)

၄။ ပီတိသည် (ဆိုခဲ့ပြီးသော ၅-ကိစ္စအပြင် သန္တီရဏပို၍) ၆-ကိစ္စ၊ဝိရိယ (၅-ကိစ္စအပြင် အာဝဇ္ဇန, ဝေါဋ္ဌပန ၂-ကိစ္စပို၍) ၇ -ကိစ္စ၊ ဝိတက်, ဝိစာရ, အဓိမောက္ခ ၃-ပါးသည် (ပဉ္စဝိညာဉ်အတွက် ဒဿနစသော ၅-ကိစ္စမှကြွင်းသော) ၉ -ကိစ္စ၊ သဗ္ဗစိတ္တသာဓာရဏ ၇-ပါးသည် ၁၄ -ကိစ္စ။

*** ။ *အတု, ဝိရတီ၊ တစ်တိစ်စီ၊ လေးလီ ပ္ပမညာ။*

*** ။ *သောဘနသာ၊ ဆန်, ပညာ၊ ကိစ္စာ ငါးဖြစ်၊ နှစ်ဆယ့်တစ်။*

*** ။ *ပီတိမှာ ဆ၊ ဝိ သတ္တနှင့်၊ နဝ တတ် တာ၊ မိ သုံးဖြာ၊ စုဒ္ဒါ သတ္တ စေသဗ္ဗ။*

---

ဌာန ၂၅ -ပါး စုတိနှင့် ဘဝင်အကြားသည် ပဋိသန္ဓေဌာန၊ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း အကြားသည် ပဉ္စဝိညာဉ်ဌာန၊ ပဉ္စဝိညာဉ်နှင့် သန္တီရဏ အကြားသည် သမ္ပဋိစ္ဆိုင်းဌာန၊ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌော အကြားသည် သန္တီရဏဌာန၊ ပဋိသန္ဓေနှင့် အာဝဇ္ဇန်း, တဒါရုံနှင့် အာဝဇ္ဇန်း, ဇောနှင့် အာဝဇ္ဇန်း,ဝုဋ္ဌောနှင့် အာဝဇ္ဇန်း, တဒါရုံနှင့် စုတိ, ဇောနှင့် စုတိတို့၏အကြားသည် ဘဝင် ၆ -ဌာန။ ဘဝင်နှင့် ပဉ္စဝိညာဉ်, ဘဝင်နှင့် ဇောတို့၏ အကြားသည် အာဝဇ္ဇန်း ၂ -ဌာန။ သန္တီရဏနှင့် ဇော, သန္တီရဏနှင့် ဘဝင်တို့၏ အကြားသည် ဝုဋ္ဌော ၂ -ဌာန။ ဝုဋ္ဌောနှင့် တဒါရုံ, ဝုဋ္ဌောနှင့် ဘဝင်, ဝုဋ္ဌောနှင့် စုတိ,အာဝဇ္ဇန်းနှင့် တဒါရုံ, အာဝဇ္ဇန်းနှင့် ဘဝင်, အာဝဇ္ဇန်းနှင့် စုတိ တို့၏ အကြားသည် ဇော ၆ -ဌာန။တဒါရုံနှင့် ပဋိသန္ဓေ, ဇောနှင့် ပဋိသန္ဓေ, ဘဝင်နှင့် ပဋိသန္ဓေ တို့၏အကြားသည် စုတိ ၃ -ဌာန။ ဇောနှင့် ဘဝင်, ဇောနှင့် စုတိတို့၏ အကြားသည် တဒါရုံ ၂ -ဌာန။

**ဘဝင် ၆ - ဌာန=** * ။ ဘဝင်ခြောက် ဌာ၊ ပအာ, တအာ၊ ဇအာ,ဝေါအာ၊ တစု, ဇစုန္တရံ။

**အာဝဇ္ဇန်းနှင့် ဝုဋ္ဌော ၂ - ဌာန။** * ။ ဘပဉ်, ဘဇ၊ အာနှစ်ပြ၊ တီဇ, တီဘ ဝေါနှစ်ပြ။

**ဇော ၆-ဌာန=** * ။ ဝေါတ, ဝေါဘ, ဝေါစုန္တရံ၊ အာတ, အာဘ, အာစုန္တရံ၊ ဇော ခြောက်တန်။

**စုတိ ၃ - ဌာန, တဒါရုံ ၂ - ဌာန=** * ။ တပ,ဇပ၊ ဘနှင့်ပ မှာ၊ စုသုံးဖြာ၊ တဒါ ဇဘ, ဇစုပြ။

*(သင်္ခေပဋီကာ)*

http://www.dhammadownload.com



## ဒွါရသင်္ဂဟ

| ဒွါရ | | | အရကောက် |
|---|---|---|---|
| ရုပ်ဒွါရ | ပသာဒ | စက္ခုဒွါရ | စက္ခုပသာဒရုပ် |
| | | သောတဒွါရ | သောတပသာဒရုပ် |
| | | ဃာနဒွါရ | ဃာနပသာဒရုပ် |
| | | ဇိဝှါဒွါရ | ဇိဝှါပသာဒရုပ် |
| | | ကာယဒွါရ | ကာယပသာဒရုပ် |
| နာမ်ဒွါရ | | မနောဒွါရ | ဘဝင်္ဂပစ္စေ့ဒစိတ်– ၁၉ |

**စိတ်,စေတသိက်တို့ကို ဒွါရတို့ဖြင့် သိမ်းယူရေတွက်ရာအခန်းကို ဒွါရသင်္ဂဟ တုခေါ်သည်။**

ယင်းဒွါရများမှာ– စက္ခုဒွါရ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောဒွါရအားဖြင့် ၆–ပါး။

**ဆိုရိုး**

စက္ခုဒွါရဟူသည် စက္ခုပသာဒရုပ်တည်း၊ သောတဒွါရဟူသည် သောတပသာဒရုပ်တည်း၊ ဃာနဒွါရဟူသည် ဃာနပသာဒရုပ်တည်း – (ပ) – မနောဒွါရဟူသည် ဘဝင်္ဂပစ္စေ့ဒ ၁၉–ခုတည်း။

စက္ခုစသော ၅–ဒွါရသည် ရုပ်ဒွါရ။ မနောဒွါရသည် နာမ်ဒွါရ။

** ။ စက် သော ဃာ ဇိ၊ ကာ မနီ၊ ခြောက်လီ ဒွါရပြား။*

** ။ မနောဒွါရ၊ ဘဝင်၊ အရကောက်လေပါ။*

---

ပြောင်ဗင် ရှင်းလင်းသောနေရာကို မနှစ်သက်၊ ရှုပ်ထွေးသော ချောင်ကြို ချောင်ကြားကိုသာ နှစ်သက်သောမြွေကဲ့သို့ စက္ခုသည် ရှေ့ပြူးပြဗ်စေကာမူ ပြောင်ကို မနှစ်သက်။ သောတသည် နက်ရှိုင်းသော ရေ့သော မွေပျော်သော မိကျောင်းနှင့်တူသည်။ ငှက်သည် ခဲတမ်းပစ်, နှစ်ပစ်လွတ်လောက်ရာ ကောင်းကင်ပြင်၌ လေဟုန်စီးနေရခြင်းကို နှစ်သက်သကဲ့သို့ ဃာနသည် လေကိုမှီသော ဂန္ဓာရုံရှိရာ အာကာသကို နှစ်သက်သည်။ တုတ်,ခဲ စသည်နှိပ်စက်ခံရသော အိမ်ခွေးသည် ပြင်ပ၌နေရခြင်းထက် မီးဖိုလယ် ပိုခနောက်ကြား၌ အိပ်ရခြင်းကိုသာ နှစ်သက်သကဲ့သို့ ဇိဝှါသည် လျှာအလယ် အာပေါ်ဓာတ်ကို မှီရသော အရသာ၌သာ မွေပျော်သည်။ တောခွေးသည် တောဧပြင်ပ၌ နေရခြင်းထက် လောလောလတ်လတ် သုသေကောင်မြုပ်နှံရာ သင်္ချိုင်း၌ သုသေကောင်ကို စားပြီး အိပ်နေရမှသာ ပျော်မွေသကဲ့သို့ ကာယသည် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို ယူ၏။ မှီတွယ် နေရမှ ကျေနပ်၏၊ အခြားမှီစရာမရှိလျှင် မိမိလက်ပေါ်ကို ခေါင်းအုံးအိပ်၏။ (အဘိ–ဌ၊ ၁ – ၃၅၁)

** ။စက္ခု မြွေတူ၊ မိကျောင်းတူ သောတ၊ ငှက် ဃာနသာ၊ ဇိဝှါ အိမ်ခွေး၊ တောနေခွေး၊ တူရေး ကာယမှာ။*

http://www.dhammadownload.com



## စိတ်နှင့်ဒွါရ

| ဒွါရဝိမုတ် | ဆဒွါရိက | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဥပေက္ခာသန္တီရဏ-၂ မဟာဝိပါက်-၈ မဟဂ္ဂုတ်ဝိပါက်-၉ | | ပဉ္စဒွါရာဝဇ္ဇန်း | ဒွေပဉ္စဝိညာဏ် ၁၀ | သမ္ပဋိစ္ဆိုင်း-၂ | သန္တီရဏ-၃ | မနောဒွါရာဝဇ္ဇန်း | ကာမဇော-၂၉ | သန္တီရဏ-၃ မဟာဝိပါက်-၈ | | |
| ပဋိ-ဘဝင်-စုတိ (ဒွါရဝိမုတ်) | ပဉ္စဒွါရ | ပ | စ | သံ | ဏ | ဝု | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၄၆ | ကာမစိတ် ၅၄ |
| | | ပ | သော | သံ | ဏ | ဝု | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၄၆ | |
| | | ပ | ဃာ | သံ | ဏ | ဝု | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၄၆ | |
| | | ပ | ဇိ | သံ | ဏ | ဝု | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၄၆ | |
| | | ပ | ကာ | သံ | ဏ | ဝု | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၄၆ | |
| | မနော | မ | | | | | ဇဇဇဇဇဇဇ | ဒုံ ဒုံ | ၆၇ | |
| | | မနောဒွါရာဝဇ္ဇန်း | | | | | ကာမဇော - ၂၉ အပ္ပနာဇော - ၂၆ ၅၅ | သန္တီရဏ - ၃ မဟာဝိပါက်-၈ ၁၁ | | |

## ဆိုရိုး
## ဒွါရ၌ ဖြစ်နိုင်သောစိတ်

၁။ စက္ခုဒွါရ၌ ဖြစ်သောစိတ်များမှာ- ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ဒွေ,သမ္ပဋိစ္ဆိုင်းဒွေ,သန္တီရဏ ၃ -ခု, ဝုဋ္ဌော,ကာမဇော ၂၉-ခု,တဒါရုံ မဟာဝိပါက်စိတ် ၈-ခုအားဖြင့် ၄၆-ခုတို့တည်း။

၂။ သောတဒွါရ၌ဖြစ်သော စိတ်များမှာ- ပဉ္စဒွါရာဝဇ္ဇန်း, သောတဝိညာဏ်ဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, ဝုဋ္ဌော, ကာမဇော ၂၉-ခု, တဒါရုံမဟာဝိပါက်စိတ် ၈-ခုအားဖြင့် ၄၆-ခုတို့တည်း။ (ဃာန, ဇိဝှါ, ကာယ ဒွါရ-တို့ကိုလည်း နည်းတူဆိုလေ)

၃။ မနောဒွါရ၌ဖြစ်သောစိတ်များမှာ- မနောဒွါရာဝဇ္ဇန်း, ဇော ၅၅, တဒါရုံ ၁၁-ခုအားဖြင့် ၆၇ - ခုတို့တည်း။

---

စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ-

စက္ခုဒွါရ၌သည် ၄၆-ပါး ဆိုသော်လည်း ဤဌာန၌ စသည်၌ ဖြောင့်သော မနသိကာရ, အဖြောင့်သော မနသိကာရ, နိဗ္ဗာနအားသည်သွန် စသည်တို့အား လျော်စွာ ဖြစ်သည်။ (ဋီကာကျော်)

http://www.dhammadownload.com


## စိတ်၏ဖြစ်နိုင်သောဒွါရ

၁။ ဒွေပဥ္စဝိညာဉ် ၁၀, အပ္ပနာဇော ၂၆-ခုအားဖြင့် ၃၆-ခုတို့သည် ထိုက်သင့်သလို ၁ - ဒွါရစီ၌သာ ဖြစ်ကြသည်။

၂။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေအားဖြင့် မနောဓာတ်သုံးခုသည် ၅-ဒွါရ၌ ဖြစ်သည်။

၃။ သောမနဿသန္တီရဏ, ဝုဋ္ဌော, ကာမဇော ၂၉-ခုအားဖြင့် ၃၁-ခုတို့သည် ၆-ဒွါရ၌ ဖြစ်ကြသည်။

၄။ ဥပေက္ခာသန္တီရဏ ၂-ခု, မဟာဝိပါက် ၈ -ခုအားဖြင့် ၁၀ -ခုတို့သည် ရံခါ ၆-ဒွါရ၌ဖြစ်၍ ရံခါ ၆-ဒွါရမှ လွတ်ကြသည်။

၅။ မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့သည် အချင်းခပ်သိမ်း ၆-ဒွါရမှ လွတ်ကြသည်။

** ။ ပဥ္စဝိညာ၊ ဇောပ္ပနာတာ။ တစ်ဒွါထား၍၊ ငါး-ပဉ့်, သမ္ပ၊ ခြောက်ဒွါရမှန်၊ သောသန်, ဝုဋ္ဌော၊ ကာမဇောတည်း။ မှတ်လောရံခါ၊ ဥသန်ဒွါနှင့်၊ မဟာဝိထုတ်၊ မဟဂ္ဂုတ်ဝိ၊ အလွတ်သီ၊ ဖြစ်ဘိ ဒွါရမှာ။*

** ။ သုံးဆယ် ခြောက်ဝ၊ ဧ ဒွါရာ။ ငါးဒွါ သုံးဖြစ်၊ သုံးတစ် ခြောက်ဒွါ။ ရံခါ ဒသ၊ နဝမုတ္တာ။ ဒွါရဖြစ်၊ စနစ်မှတ်ဖို့ရာ။*

---

၄။ သန္တီရဏ, တဒါရမ္မဏာကိစ္စတပ်ခိုက် ၆-ဒွါရ၌ဖြစ်၍ ပဋိသန္ဓိ,ဘဝင်,စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှလွတ်သည်။

၅။ ဆိုပြီးခဲ့သောစိတ် ၁၉-ခုလုံး ပဋိသန္ဓိ, ဘဝင်, စုတိကိစ္စတပ်ခိုက် ၆ -ဒွါရမှ လွတ်သည်၊ သို့သော် မဟဂ္ဂုတ်ဝိပါက် ၉-ခုကား ပဋိသန္ဓိ, ဘဝင်, စုတိကိစ္စသာ တပ်သည့်အတွက် ၆-ဒွါရမှ အမြဲလွတ်သည်။

**ပဉ္စဒွါရ၌သာ-** ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃ -ခုအားဖြင့် ၁၃ -ခုသည် ပဉ္စဒွါရ၌သာဖြစ်သည်။

**မနောဒွါရ၌သာ-** အပ္ပနာဇော ၂၆ -ခုသည် မနောဒွါရ၌သာ ဖြစ်သည်။

**ဒွါရအလွတ်သာ-** မဟဂ္ဂုတ်ဝိပါက် ၉ -ခုသည် ဒွါရမှအလွတ်ဖြစ်သည်။

## ဒွါရ၌ဖြစ်သော စေတသိက်

အပ္ပမညာနှင့် ဝိရတီ ၅-ပါးတို့သည် မနောဒွါရ၌သာဖြစ်ကုန်၏။ ပဉ္စဒွါရ၌ မဖြစ်ကုန်၊ ကြွင်းသော စေတသိက် ၄၇ - ခုတို့သည် ၆-ဒွါရလုံး၌ဖြစ်သည်၊ မဟဂ္ဂုတ်ဝိပါက်၌ ယှဉ်ဖိုက် ဖြစ်သော စေတသိက် ၃၅ - ခုတို့သည် ဒွါရဝိမုတ်ဖြစ်ကုန်၏။

**အာရမ္မဏသင်္ဂဟ**

| | အာရုံ | အရကောက် |
|---|---|---|
| ၁ | ရူပါရုံ | ဝဏ္ဏခေါ်သော အဆင်းရုပ် |
| ၂ | သဒ္ဒါရုံ | သဒ္ဒခေါ်သော အသံရုပ် |
| ၃ | ဂန္ဓာရုံ | ဂန္ဓခေါ်သော အနံ့ရုပ် |
| ၄ | ရသာရုံ | ရသခေါ်သော အရသာရုပ် |
| ၅ | ဖောဋ္ဌဗ္ဗာရုံ | ပ-တေ-ဝါ-ခေါ်သော မဟာဘုတ်ရုပ်-၃ |
| ၆ | ဓမ္မာရုံ | ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ် |

စိတ်, စေတသိက်တို့ကို အာရုံပြင့် သိမ်းယူရေတွက်ရာအခန်းကို **အာရမ္မဏသင်္ဂဟ** ဟုခေါ်သည်။

ထိုရူပါရုံစသော ၆-ပါးသည် စိတ်, စေတသိက်တို့၏ ပျော်မွေ့ရာဖြစ်သောကြောင့် **"အာရမ္မဏ"**မည်သည်၊ စိတ်,စေတသိက်တို့၏ စွဲမှီဖြစ်ပေါ်ရာဖြစ်သောကြောင့် **"အာလမ္ဗဏ"** လည်း မည်သည်။

**ဆိုရိုး**

အာရုံသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ အားဖြင့် ၆-ပါးပြားသည်။

၁။ ရူပါရုံဟူသည် ဝဏ္ဏခေါ်သော အဆင်းရုပ်တည်း။

၂။ သဒ္ဒါရုံဟူသည် သဒ္ဒခေါ်သော အသံရုပ်တည်း။

၃။ ဂန္ဓာရုံဟူသည် ဂန္ဓခေါ်သော အနံ့ရုပ်တည်း။

၄။ ရသာရုံဟူသည် ရသခေါ်သော အရသာရုပ်တည်း။

၅။ ဖောဋ္ဌဗ္ဗာရုံဟူသည် ပထဝီ, တေဇော, ဝါယောဟူသော တွေ့ထိ၍ ရကောင်းသော မဟာဘုတ်ရုပ်သုံးပါးတည်း။

၆။ ဓမ္မာရုံဟူသည် ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်အားဖြင့် ၆-မျိုးတည်း။

*** ။ ရူပ, သဒ္ဒ၊ ဂန်, ရသ၊ ဖောဋ္ဌ, ဓမ်- ရုံခြောက်။**

*** ။ ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှု နိဗ္ဗာန်၊ ပညတ်တွဲ၊ ခြောက်တန် ဓမ္မာရုံ။**

http://www.dhammadownload.com


## စိတ်နှင့်အာရုံ

| အာရုံ | အာရမ္မဏိကစိတ် |
|---|---|
| ပစ္စုပ္ပန် ရူပါရုံ | စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆ |
| 〃 သဒ္ဒါရုံ | သောတဒွါရ၌ဖြစ်သောစိတ် ၄၆ |
| 〃 ဂန္ဓာရုံ | ဃာန 〃 ၄၆ |
| 〃 ရသာရုံ | ဇိဝှါ 〃 ၄၆ |
| 〃 ဖောဋ္ဌဗ္ဗာရုံ | ကာယ 〃 ၄၆ |
| ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ – ၆ | မနော 〃 ၆၇ |
| အခြားမဲ့ဘဝ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟုသမုတ်အပ်သော အာရုံ– ၆–ပါး | ပဋိသန္ဓေ,ဘဝင်,စုတိ–ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ် – ၁၉ |

### ဆိုရိုး

၁။ စက္ခုဒွါရဖြစ်ရသော စိတ် ၄၆–ခုတို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုကြသည်။

၂။ သောတဒွါရ၌ဖြစ်သော စိတ် ၄၆–ခုတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြုကြသည်။

၃။ (ဃာန, ဇိဝှါ, ကာယဒွါရတို့၌ဖြစ်သော စိတ်တို့ကိုလည်း နည်းမှီ၍ ဆိုပါလေ။)

၄။ မနောဒွါရ၌ဖြစ်သော စိတ် ၆၇–ခုတို့သည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ၆–ပါးကို ထိုက်သင့်သလို အာရုံပြုကုန်၏။

### ဒွါရဝိမုတ်စိတ်၏အာရုံ

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉–ခုတို့သည် များသောအားဖြင့် အခြားမဲ့ လွန်ပြီးသောဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆ –ပါးကို ထိုက်သင့်သလို အာရုံပြုသည်။

* ။ *ပဋိ, ဘဝင်၊ စု–သုံးအင်တို့၊ ယခင်ဘဝ၊ ခြောက်ဒွါရမှတ်၊ ပွန်, တိတ်, ညတ်မှန်၊*
*ကံ,ကမ္မနိ၊ ဂတိနိထုတ်၊ ခေါ်သမုတ်ရ၊ အာရုံ ဆ၊ ပြုကြ ထိုက်သင့်စွာ။*

http://www.dhammadownload.com



**အာရုံအချုပ် ၄ – မျိုး**

| | အာရုံ | အရကောက် |
|---|---|---|
| ၁ | ကာမ | ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ |
| ၂ | မဟဂ္ဂုတ် | မဟဂ္ဂုတ်စိတ် ၂၇၊ စေတသိက် ၃၅၊ |
| ၃ | လောကုတ္တရာ | လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆၊ နိဗ္ဗာန်၊ |
| ၄ | ပညတ် | ပညတ် ၂၅၊ |

**** ။ ကာမ မဟာ၊ လောကုတ်စွတ်၊ တစ်ချက် ပညတ်၊ ရုံ လေးရပ်။***

**ဆိုရိုး**–ကာမအာရုံဟူသည် ကာမစိတ် ၅၄ –ခု၊ စေတသိက် ၅၂ –ခု၊ ရုပ် ၂၈ –ခုတို့တည်း။

(စသည်ဖြင့် ယောဉ်ကြည့်၍ ဆိုလေ)

| | အာရုံ | ကာမ | မဟဂ္ဂုတ် | လောကုတ္တရာ | ပညတ် | အာရမ္မဏိက | |
|---|---|---|---|---|---|---|---|
| ၁ | ပစ္စုပ္ပန်ရုပ်ရုံ စသော ၁–ပါးစီ | ။ | | | | စက္ခုဝိညာဉ်စသော ဒွေပဉ္စဝိညာဉ် | ၁၀ |
| ၂ | ပစ္စုပ္ပန်ပဉ္စာရုံ | ။ | | | | မနောဓာတ် | ၃ |
| ၃ | အလုံးစုံသော ကာမအာရုံ | ။ | | | | ဟသိတုပ္ပါဒ်– တဒါရုံ–၁၁ | ၁၂ |
| ၄ | လောကုတ္တရာကြဉ် အလုံးစုံအာရုံ | ။ | ။ | | ။ | အကု–၁၂၊ ဉာဏဝိပ္ပယုတ်ဇော–၈ | ၂၀ |
| ၅ | အရဟတ္တမဂ်,ဖိုလ်ကြဉ်အလုံးစုံ | ။ | ။ | ။ | ။ | မဟာကုသိုလ်ဉာဏ်–၄ ကု အဘိညာဉ် | ၅ |
| ၆ | အလုံးစုံ | ။ | ။ | ။ | ။ | မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏ်– ၄ ကြိယာအဘိညာဉ် | ၆ |
| ၇ | (အတိတ်, အဇ္ဈတ္တ အာကာ) မဟဂ္ဂုတ် | | ။ | | | ဝိညာဏဉ္စာယတနစိတ်–၃ | |
| | ( ။ ။ အာကိဉ် ) ။ | | ။ | | | နေဝသညာနာသညာယတနစိတ်–၃ | ၆ |
| ၈ | အလုံးစုံသော ပညတ် | | | | ။ | ရူပစိတ်–၁၅ အာကာ, အာကိဉ်–၆ | ၂၁ |
| ၉ | နိဗ္ဗာန် | | | ။ | | လောကုတ္တရာစိတ် | ၈ |

---

**မှတ်ချက်။** ။ အာရုံသည် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ် ဟူ၍ အချုပ်အားဖြင့် ၄ –မျိုးသာ ရှိသည်၊ တစ်မျိုးမျိုးကိုသာ အာရုံပြုလျှင် ဧကန်၊ တစ်မျိုးထက်ပိုလျှင် အနေကန်ဟူ၍ မှတ်လေ။

**အဘိညာဉ်**– ရူပါဝစရ ကုသိုလ်, ကြိယာ ပဉ္စမဈာန်နှင့်ယှဉ်သော ပညာကို ကု, ကြိအဘိညာဉ် ဟုခေါ်သည်။

http://www.dhammadownload.com



## ဆိုရိုး

၁။ စက္ခုဝိညာဉ်ငွေသည် ပစ္စုပ္ပန် ရူပါရုံကိုသာ အာရုံပြုသည်။ (ပ) ကာယဝိညာဉ်ငွေသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုသည်။

၂။ မနောဓာတ်သုံးခုသည် ပစ္စုပ္ပန်ပဉ္စာရုံကိုသာ အာရုံပြုသည်။

၃။ ဟသိတုပ္ပါဒ်, တဒါရုံ ၁၁-ခု အားဖြင့် ၁၂-ခုသည် အလုံးစုံသော ကာမတရားကိုသာ အာရုံပြုသည်၊

၄။ အကုသိုလ် ၁၂-ခု၊ ဉာဏဝိပ္ပယုတ် ကာမဇော ၈-ခု အားဖြင့် ၂၀-ခုသည် လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

၅။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ -ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅ -ခုသည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်။

၆။ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ -ခု၊ ကြိယာအဘိညာဉ်အားဖြင့် ၆-ခုသည် အလုံးစုံကို အာရုံပြုသည်။

၇။ ဝိညာဏဉ္စာယတနစိတ် ၃ -ခု၊ နေဝသညာ နာသညာယတနစိတ် ၃-ခု အားဖြင့် ဝိညာ, နေဝ ၆-ခုသည် (အတိတ် အမျှတ္တဖြစ်သော အာဏာ, အာကိဉ္စိစိတ်) မဟဂ္ဂုတ်ကိုသာ အာရုံပြုသည်။

၈။ အဘိညာဉ်ငွေကြဉ်သော ရူပစိတ် ၁၅-ခု၊ အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃ -ခု အားဖြင့် ၂၁ -ခုသည် ပညတ်ကိုသာ အာရုံပြုသည်။

၉။ လောကုတ္တရာစိတ် ၈-ခုသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်။

* ။ ***ပွန်ရူစဖြာ၊ တစ်စီသာ၊ ပဥ္စာဝိညာဏ်ပြု။***

* ။ ***မနောဓာတ်တာ၊ ပွန်ပဥ္စာ၊ ပြုပါ် တေန္တု။***

* ။ ***တသိ, တဒါ၊ ဆယ့်နှစ်ဖြာ၊ သဗ္ဗာကာမ တေန္တု။***

* ။ ***အကုသလ၊ ဉာဝိပ်ဇ၊ ဝီသ လောကုတ်ကြဉ်။***

* ။ ***မဟာကုသံ၊ ကုဘိညာဏ်၊ ပြုရန် အရ-မဂ်, ဖိုလ်ကြဉ်။***

* ။ ***ကြိသံ မဟာ၊ မနောဒွါနှင့်၊ ဘိညာကြိ၊ ခြောက်ပါးသိ၊ ပြုဘိအာရုံ အားလုံးတုန်။***

* ။ ***ဝိညာ နေဝါ၊ မဟဂ်သာနှင့်၊ ရူပါ ကာ ကိဉ်၊ ပညတ်ချိန်၊ နိဗ္ဗိန်လောကုတ်ပြု။***

* ။ ***ကာ နှစ်ဆယ့်ငါး၊ တင်တား ခြောက်ဖြာ၊ ဥတ် နှစ်ဆယ့်တစ်၊ နိဗ် ရှစ်မှန်စွာ၊ တိ နှစ်ဆယ်ပါး၊ ခြောက်ပါး သဗ္ဗာ၊ အရ-နှစ်၊ ကြဉ်ပစ် စိတ်ငါးဖြာ။***

http://www.dhammadownload.com



## ဝတ္ထုသင်္ဂဟ

စိတ်, စေတသိက်တို့ကို ဝတ္ထုတို့ဖြင့် သိမ်းယူရေတွက်ရာ အခန်းကို **ဝတ္ထုသင်္ဂဟ** ဟုခေါ်သည်။ ဝတ္ထုတို့သည် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု အားဖြင့် ခြောက်ပါးတို့တည်း။

ကာမဘုံ၌ ဝတ္ထု ၆-ပါးလုံးရသည်၊ ရူပဘုံ၌ စက္ခု, သောတ, ဟဒယဝတ္ထု ၃-ပါးသာရသည်၊ အရူပဘုံ၌ ဝတ္ထုအားလုံးမရ။

## ဆိုရိုး

၁။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝတ္ထုကိုသာ အမြဲမှီသည်။
သောတဝိညာဏ်ဒွေသည် သောတဝတ္ထုကိုသာ အမြဲမှီသည်။
(ဃာန, ဇိဝှါ, ကာယ ဝိညာဏ်ဒွေ တို့လည်း နည်းတူ)

၂။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ- ဟုဆိုအပ်သော မနောဓာတ်သုံးခုသည် ဟဒယဝတ္ထုကို အမြဲမှီသည်။

၃။ ဒေါသမူဒွေ၊ တဒါရုံ ၁၁-ခု၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅-ခု၊ သောတာပတ္တိမဂ်အားဖြင့် မနောဝိညာဏဓာတ် ၃၀- ခုသည် ဟဒယဝတ္ထုကို အမြဲမှီသည်။ (ပဉ္စဝေါကာရဘုံ၌သာ ဖြစ်သောကြောင့်တည်း)

၄။ လောဘမူ ၈-ခု၊ မောဟမူ ဒွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိပါက်ကြဉ်သော အရူပစိတ် ၈-ခု၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခုအားဖြင့် မနောဝိညာဏဓာတ် ၄၂-ခုသည် ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကို ရံခါမှီ၍, စတုဝေါကာရဘုံ၌ ဖြစ်ခိုက် ရံခါမမှီ။

၅။ အရူပဝိပါက် ၄-ခုသည် အရူပဘုံ၌သာ ဖြစ်သောကြောင့် ဝတ္ထုရုပ်ကို လုံးဝ မမှီ။

* ***။ စက်, သော, ဃာ, ဇိ၊ ကာ, ဟဒ်၊ ခြောက်လီ ဝတ္ထု ပြား။***

* ***။ စက်, သော, ဟဒ၊ ရူ သုံးဝ၊ မရ အရူ၊ ကာ ကုန်ယူ။***

* ***။ဝတ္ထု ၈-ဖြာ၊ တစ်စီသာ၊ ပဉ္စဝိညာဉ်မှီ။***

* ***။ပဉ်, သမ္ပဋ္ဌေး၊ မနော ဓာတ်နှင့်၊ ဒေါ ဒွေး, တဒါ၊ ဟသိတ်တာတို့၊ ရူပါ သောမဂ်၊ သုံးသုံးတွက်၊ မှီလျှက် ဟဒယ စေတ္တ။***

* ***။လော, မော ဆယ်ဖြာ၊ မနောဒွါနှင့်၊ မဟာကု, ကြိ၊ ကြဉ်ဝိ အရူ၊ လောကုတ်မူ ကား၊ ၈- ကြဉ်ထား၍၊ မှတ်သားလေးဆယ်၊ နှစ်ခုတယ်၊ မှီဘွယ် ဟဒယ ရံခါပ။***

http://www.dhammadownload.com



| ဝိညာဏဓာတ်-၇ | | ကာမဘုံ / ရူပဘုံ: စက္ခုဝတ္ထု | သောတ〃 | ဃာန〃 | ဇိဝှါ〃 | ကာယ〃 | ရူပ: ဟဒယ〃 | |
|---|---|---|---|---|---|---|---|---|
| စက္ခုဝိညာဏဓာတ် | ၂ | ။ | | | | | | ပဉ္စဒွါရ |
| သောတဝိညာဏဓာတ် | ၂ | | ။ | | | | | |
| ဃာနဝိညာဏဓာတ် | ၂ | | | ။ | | | | |
| ဇိဝှါဝိညာဏဓာတ် | ၂ | | | | ။ | | | |
| ကာယဝိညာဏဓာတ် | ၂ | | | | | ။ | | |
| ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းခွေး ဟုဆိုအပ်သော မနောဓာတ် | ၃ | | | | | | ။ | |
| မနောဝိညာဏဓာတ်: ဒေါသမူ ၂၊ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ်၊ ရူပ ၁၅၊ သောတာပတ္တိမဂ် | ၃၀ | | | | | | ။ | |
| မနောဝိညာဏဓာတ်: လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု-၈၊ မဟာကြိ ၈၊ အရူပ-ကု ၄၊ ကြိ ၄၊ သောမဂ်ကြဉ် လောကုတ် ၇၊ | ၄၂ | | | | | | ။ | မနောဒွါရ |
| မနောဝိညာဏဓာတ်: အရူပဝိပါက် | ၄ | | | | | | | |

*** ။ အမှီ မရှိ၊ အရှုပ်၊ ဖြစ်ဘိ အရှုသာ။**

*** ။ လေးဆယ့်သုံးမှာ၊ အမြဲသာနှင့်၊ ရုံခါ လေးနှစ်၊ မမှီလစ်၊ လေးဆစ် အရှုပါ။**

## ဓာတ် ၃-မျိုးအထူး

၁။ **မနောဓာတ်=** သာမန်သိရုံမျှ သိကာမတ္တဖြစ်သော ဓာတ်၊

၂။ **ပဉ္စဝိညာဏဓာတ်=** မနောဓာတ်ထက် ထူးကဲစွာ သိတတ်သော ဓာတ်၊

၃။ **မနောဝိညာဏဓာတ်=** မနောဓာတ်, ပဉ္စဝိညာဏဓာတ်တို့ထက် ပိုမိုထူးကဲစွာ သိတတ်သော ဓာတ်၊

http://www.dhammadownload.com



# ပကိဏ်းပိုင်း နောက်ဆက်တွဲ

## အာရုံအုပ်စု (၆)မျိုး

| အုပ်စု | အာရုံ | အရကောက် |
|---|---|---|
| ကာမာဒိ | ကာမ | ကာမစိတ်–၅၄၊ စေတသိက်–၅၂၊ ရုပ်–၂၈ |
| | မဟဂ္ဂုတ် | မဟဂ္ဂုတ်စိတ်–၂၇၊ စေတသိက်–၃၅၊ |
| | လောကုတ္တရာ | လောကုတ္တရာစိတ်–၈၊ စေတသိက်–၃၆၊ နိဗ္ဗာန် |
| | ပညတ် | ပညတ်–၂၅ |
| ကာလ | ပစ္စုပ္ပန် | ဖြစ်ဆဲ စိတ်– စေတသိက်– ရုပ် |
| | အတိတ် | လွန်ပြီး စိတ်–စေတသိက်–ရုပ် |
| | အနာဂတ် | လာမည့် စိတ်–စေတသိက်–ရုပ် |
| | ကာလဝိမုတ် | နိဗ္ဗာန်, ပညတ် |
| သန္တာန် | အဇ္ဈတ္တ | အဇ္ဈတ္တ– စိတ်, စေတသိက်, ရုပ် |
| | ဗဟိဒ္ဓ | ဗဟိဒ္ဓ– စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် |
| ပရမတ် | ပရမတ် | စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် |
| | ပညတ် | ပညတ်–၂၅ |
| ရုပ်နာမ် | ရုပ် | ရုပ်–၂၈ |
| | နာမ် | စိတ်, စေတသိက်, နိဗ္ဗာန်, |
| အာရုံ | ပဉ္စာရုံ | ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ (ပ, တေ, ဝါ) |
| | ဓမ္မာရုံ | ပသာဒရုပ်, သုခုမရုပ်, စိတ်, စေ, နိဗ္ဗာန်, ပညတ် |

* ။ နှစ်ဆယ့်ငါး ကာ၊ ခြောက်ဖြာ မဟာဂ်၊ တိတ်, အဇ်–စွတ်၍၊ ရှစ်ချက် နိဗ်–လှစ်၊ နှစ်ဆယ့်တစ်၊ မှတ်လစ် ပညတ်မြဲ။

* ။ ဆယ့်သုံး ပွန်, ရုပ်၊ ဝိမုတ် နှစ်ဆယ့်ကိုး၊ နာဂတ်မျိုး၊ ပြုရိုး မြဲမရှိ။

* ။နှစ်ဆယ့်ခြောက်ဝ၊ ဗဟိဒ္ဓတွေး၊ နာမ်–ဆယ့်လေးမှတ်၊ ပရမတ်မျိုး၊ သုံးဆယ့်ကိုး၊ မှတ်ရိုး ဝမ်တား သုံးဆယ့်ငါး။

* ။ ကာမ, မဟဂ္ဂုတ်၊ ဝိမုတ်, ပညတ်၊ ပရမတ်၊ ငါးရုပ် သုံးဆယ့်တစ်။

http://www.dhammadownload.com


# အာရုံပြုအကျယ်

| | | ကာမာဒိ | | | | ကာလ | | | | သန္တာန် | | ပရမတ် ပညတ် | | ရုပ်–နာမ် | | အာရုံ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အာရုံပြုသောစိတ် | ကာမ | မဟဂ္ဂုတ် | လောကုတ္တရာ | ပညတ် | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | အဇ္ဈတ္တ | ဗဟိဒ္ဓ | ပရမတ် | ပညတ် | ရုပ် | နာမ် | ပဉ္စာရုံ | ဓမ္မာရုံ | |
| ၁ | စက္ခုဝိညာဉ်စသော ဒွေပဉ္စဝိညာဉ် ၁၀ | ။ | | | | ။ | | | | ။ | ။ | ။ | | ။ | | ။ | | ၁၀ |
| ၂ | မနောဓာတ် ၃ | ။ | | | | ။ | | | | ။ | ။ | ။ | | ။ | | ။ | | ၃ |
| ၃ | တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် | ။ | | | | ။ | ။ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | ။ | ၁၂ |
| ၄ | အကု ၁၂၊ မဟာကု, ကြိ ဉာဝိ ၈ | ။ | ။ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၂၀ |
| ၅ | မဟာကု သံ ၄ ကု အဘိဉ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၅ |
| ၆ | မနောဒွါရာဝဇ္ဇန်း ကြိသံ ၄ ကြိ အဘိဉ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၆ |
| ၇ | ဝိညာ ၃ နေဝ ၃ | | အာကာ အာကိဉ် | | | | ။ | | | ။ | | ။ | | | ။ | | ။ | ၆ |
| ၈ | ရူပ ၁၅ အာကာ, အာကိဉ် ၆ | | | | ။ | | | | ။ | | ။ | | ။ | | | | ။ | ၂၁ |
| ၉ | လောကုတ္တရာစိတ် ၈ | | | နိ | | | | | ။ | | ။ | ။ | | | ။ | | ။ | ၈ |
| | ကျန် | ၂၅ | ၆ | ၈ | ၂၁ | ၁၃ | ၆ | | ၂၉ | ၆ | ၂၆ | ၃၉ | ၂၁ | ၁၃ | ၁၄ | ၁၃ | ၁၅ | |
| | အနေကျန် | ၃၁ | ၃၁ | ၁၁ | ၃၁ | ၄၃ | ၄၃ | ၄၃ | ၃၁ | ၅၆ | ၅၆ | ၃၁ | ၃၁ | ၄၃ | ၄၃ | ၄၃ | ၄၃ | |

* ။ ပစ္စုပ်, တီတ၊ နာဂတနှင့်၊ ဓမ္မ, ရုပ်, နာမ်၊ ဤ ခြောက်တန်၊ မှတ်ရန် လေးဆယ့်သုံး။

* ။ ပဉ် လေးဆယ့်သုံး။ မှတ်အိုးထို့ ပြင်၊ ပဉ် လေးဆယ့်ခြောက်၊ ငါးဆယ့် ခြောက်ဆစ်၊
တွင်း, ပြင် လှစ်၊ ဆယ့်တစ် မြတ်နိဗ္ဗာန်။

http://www.dhammadownload.com


**အာရုံပြုအကျယ်**

အာရုံတို့သည် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်, ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ပရမတ်, ရုပ်, နာမ်, ပဉ္စာရုံ, ဓမ္မာရုံအားဖြင့် ၁၅–မျိုးကွဲ ပြားသည်။ အုပ်စုအားဖြင့်–

(၁) **ကာမာဒိအုပ်စု**

ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ် အားဖြင့် ၄–ပါး။

(၂) **ကာလအုပ်စု**

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ် အားဖြင့် ၄–ပါး။

(၃) **သန္တာန်အုပ်စု**

အဇ္ဈတ္တ, ဗဟိဒ္ဓ အားဖြင့် ၂–ပါး။

(၄) **ပရမတ်အုပ်စု**

ပရမတ်, ပညတ် အားဖြင့် ၂–ပါး။

(၅) **ရုပ်,နာမ်အုပ်စု**

ရုပ်, နာမ် အားဖြင့် ၂–ပါး။

(၆) **အာရုံအုပ်စု**

ပဉ္စာရုံ, ဓမ္မာရုံ အားဖြင့် ၂–ပါး။

***။ ကာမ, မဟဂ္ဂုတ်၊ လောကုတ်, ပညတ်၊ ပရမတ်, ပွန်၊ တီတံ, နာ, မုတ်၊ နာမ်, ရုပ်, ပဉ်, ဓမ်၊ အဇ္ဈတ္တံ, ဗဟိဒ္ဓ ဆယ့်ငါး၀၊ ပြားကြ အာရုံများ။**

***။ ကာမ, ကာလ၊ လေးစီပြ၍၊ သန်, ပ, ရုပ်, အာ၊ နှစ်စီသာ၊ ခြောက်ဖြာအုပ်စု၊အာရုံပြု။**

## ဆိုရိုး

၁။ ( ကာမာဒိအုပ်စု အာရုံများကို ဖွေးနွဲပြခဲ့ပြီးသော အာရုံ အချုပ် ၄–မျိုးအတိုင်းသိ)

၂။ **ကာလအုပ်စု** (က) **ပစ္စုပ္ပန်အာရုံ**ဟူသည် ဖြစ်ဆဲ စိတ်, စေတသိက်, ရုပ်တို့တည်း။

(ခ) **အတိတ်အာရုံ**ဟူသည် လွန်ပြီး စိတ်, စေတသိက်, ရုပ်တို့တည်း။

(ဂ) **အနာဂတ်အာရုံ**ဟူသည် မဖြစ်ပေါ်သေးသော စိတ်, စေတသိက်, ရုပ်တို့တည်း။

(ဃ) **ကာလဝိမုတ်အာရုံ**ဟူသည် နိဗ္ဗာန်, ပညတ်တည်း။

http://www.dhammadownload.com


၃။ **သန္တာန်အုပ်စု**

(က) **အဇ္ဈတ္တအာရုံ**ဟူသည် အတွင်းသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်တို့တည်း။

(ခ) **ဗဟိဒ္ဓအာရုံ**ဟူသည် ပြင်ပသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တို့တည်း။

၄။ **ပရမတ်အုပ်စု** (က) **ပရမတ်အာရုံ**ဟူသည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့တည်း။

(ခ) **ပညတ်အာရုံ**ဟူသည် ပညတ် ၂၅-ပါးတည်း။

၅။ **ရုပ်,နာမ်အုပ်စု** (က) **ရုပ်အာရုံ**ဟူသည် ရုပ် ၂၈-ပါးတို့တည်း။

(ခ) **နာမ်အာရုံ**ဟူသည် စိတ်, စေတသိက်, နိဗ္ဗာန်တို့တည်း။

(ဂ) **ပညတ်**သည် ရုပ်, နာမ်မှ အလွတ်ဖြစ်သည်။

၆။ **အာရုံအုပ်စု** (က) **ပဉ္စာရုံ**ဟူသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တည်း။

(ခ) **ဓမ္မာရုံ**ဟူသည် ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့တည်း။

## အာရုံပြုအကျယ်လေ့ကျင့်ပုံ

ဆိုခဲ့ပြီးသောအာရုံပြုအချုပ် ၉-ချက်တို့၏ အာရုံများကို အုပ်စု ၆-မျိုးသွင်းယူ၍ တစ်အုပ်စုချင်း လေ့ကျင့်ရမည်။ လေ့ကျင့်ပုံမှာ-

၁။ ပဉ္စဝိညာဏ်၏ အာရုံဖြစ်သော ရူပါရုံစသော အာရုံများသည် ကာမာဒိအုပ်စု၌ ကာမကေန်၊ ကာလအုပ်စု၌ ပစ္စုပ္ပန်ကေန်၊ သန္တာန်အုပ်စု၌ အဇ္ဈတ္တ, ဗဟိဒ္ဓအနေကန်၊ပရမတ်အုပ်စု၌ ပရမတ်ကေန်၊ ရုပ်,နာမ်အုပ်စု၌ ရုပ်ကေန်၊ အာရုံအုပ်စု၌ ပဉ္စာရုံကေန်ဖြစ်သည်။

၂။ မနောဓာတ်၏ အာရုံဖြစ်သော ပဉ္စာရုံသည် ကာမာဒိအုပ်စု၌ ကာမကေန်၊ ကာလအုပ်စု၌ ပစ္စုပ္ပန် ကေန်၊ သန္တာန်အုပ်စု၌ အဇ္ဈတ္တ, ဗဟိဒ္ဓအနေကန်၊ ပရမတ်အုပ်စု၌ ပရမတ်ကေန်၊ ရုပ်,နာမ်အုပ်စု၌ ရုပ်ကေန်၊ အာရုံအုပ်စု၌ ပဉ္စာရုံကေန်ဖြစ်သည်။

၃။ အလုံးစုံသော ကာမအာရုံသည် ကာမာဒိအုပ်စု၌ ကာမကေန်၊ ကာလအုပ်စု၌ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အနေကန်၊ သန္တာန်အုပ်စု၌ အဇ္ဈတ္တ,ဗဟိဒ္ဓ အနေကန်၊ ပရမတ်အုပ်စု၌ ပရမတ်ကေန်၊ ရုပ်,နာမ်အုပ်စု၌ ရုပ်,နာမ် အနေကန်၊ အာရုံအုပ်စု၌ ပဉ္စာရုံ, ဓမ္မာရုံ အနေကန်ဖြစ်သည်။

၄။ လောကုတ္တရာကြဉ် အလုံးစုံအာရုံသည် ကာမာဒိအုပ်စု၌ ကာမ, မဟဂ္ဂုတ်, ပညတ် အနေ ကန်၊ ကာလအုပ်စု၌ ပွန်, တိတ်, နာဂတ်, ကာလဝိမုတ် အနေကန်၊ သန္တာန်အုပ်စု၌

http://www.dhammadownload.com


အဇ္ဈတ္တ, ဗဟိဒ္ဓ အနေကန်၊ ပရမတ်အုပ်စု၌ ပရမတ်, ပညတ်အနေကန်၊ ရုပ်,နာမ်အုပ်စု၌ ရုပ်,နာမ် အနေကန်၊ အာရုံအုပ်စု၌ ပဉ္စာရုံ, ဓမ္မာရုံအနေကန်တို့ဖြစ်ကြသည်။

၅။ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်အလုံးစုံအာရုံသည် ကာမာ, ကာလ, သန်, ပ, ရုပ်, အာ ဟူသော အုပ်စုအားလုံးအတွက် အနေကန်ချည်းဖြစ်သည်။

၆။ အလုံးစုံသောအာရုံများသည်လည်း ထို့အတူ အနေကန်ချည်းဖြစ်သည်။

မှတ်ချက်။ ။ နံပါတ် ၄- ၅- ၆ အာရုံများသည် အုပ်စုအားလုံးအတွက် အနေကန်ချည်းဖြစ်သည်။

၇။ မဟဂ္ဂုတ်အာရုံသည် ကာမာဒိအုပ်စု၌ မဟဂ္ဂုတ်ကေန်၊ ကာလအုပ်စု၌ အတိတ်ကေန်၊ သန္တာန်အုပ်စု၌ အဇ္ဈတ္တကေန်၊ ပရမတ်အုပ်စု၌ ပရမတ်ကေန်၊ ရုပ်, နာမ်အုပ်စု၌ နာမ်ကေန်၊ အာရုံအုပ်စု၌ ဓမ္မာရုံကေန်ဖြစ်သည်။

၈။ ပညတ်အာရုံသည် ကာမာဒိအုပ်စု၌ ပညတ်ကေန်၊ ကာလအုပ်စု၌ ကာလဝိမုတ်ကေန်၊ သန္တာန်အုပ်စု၌ ဗဟိဒ္ဓကေန်၊ ပရမတ်အုပ်စု၌ ပညတ်ကေန်၊ ရုပ်, နာမ်အုပ်စု၌ ရုပ်, နာမ်အလွတ်၊ အာရုံအုပ်စု၌ ဓမ္မာရုံကေန် ဖြစ်သည်။

၉။ နိဗ္ဗာန်အာရုံသည်- ကာမာဒိအုပ်စု၌ လောကုတ္တရာကေန်၊ ကာလအုပ်စု၌ ကာလဝိမုတ် ကေန်၊ သန္တာန်အုပ်စု၌ ဗဟိဒ္ဓကေန်၊ ပရမတ်အုပ်စု၌ ပရမတ်ကေန်၊ ရုပ်,နာမ်အုပ်စု၌ နာမ်ကေန်၊ အာရုံအုပ်စု၌ ဓမ္မာရုံကေန်ဖြစ်သည်။

**မှတ်ချက်။** ။ ပညတ်တို့တွင် နတ္ထိဘောပညတ်သည် အဇ္ဈတ္တ,ဗဟိဒ္ဓနှစ်ပါးလုံးမှ အလွတ်ဖြစ်သည်၊ ထို့ကြောင့် ယင်းနတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ် ၃-ခုကို ဗဟိဒ္ဓ ကေန်ကို ဖော်ပြရာ၌ ချန်ထားရမည်။

ကေန်, အနေကန်ရှာရာ၌ အုပ်စုတစ်ခုအတွင်း စိစစ် ရှာကြံ ရမည်။ **ဥပမာ**-ကာမာဒိ အုပ်စု၌ ကာမကေန်ကို ရှာဖွေရန် အခြားတွဲဘက် မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်ကေန်များကို ဖယ်ထားရမည်၊ ၎င်းအပြင် ကာမ, မဟဂ္ဂုတ်စသော နှစ်ပါးဆိုင်, သုံးပါးဆိုင် အနေကန်များကိုလည်း ဖယ်ထားရမည်။

ဆိုပြီးသော အာရုံပြုပုံ အချုပ် ၉-ချက်ကို ခေါ်ဝေါ်လွယ်စေရန် နံပါတ်စဉ်ဖြင့်လည်း မှတ် သားထားနိုင်သည်။

ယင်း ၉-ချက်တွင် ၁-၂-၃-သည် ကေန်၊ ၄-၅-၆-သည် အနေကန်၊ ၇-၈-၉-သည် ကေန်စသည်ဖြင့်လည်းကောင်း၊ ကာမကေန် အတွက် နံပါတ် ၁-၂-၃-ဖြစ်သည်၊ မဟဂ္ဂုတ်ကေန်

http://www.dhammadownload.com


အတွက် နံပါတ် ၇-ဖြစ်သည်၊ လောကုတ္တရာကေန်အတွက် နံပါတ် ၉-ဖြစ်သည်၊ ပညတ်ကေန် အတွက် နံပါတ် ၈-ဖြစ်သည်၊ စသည်ဖြင့်လည်းကောင်း ထပ်တလဲလဲလေ့ကျင့်ပေးလျှင် အာရုံပြု မှန်သမျှ အချုပ် ၉-ချက်၌သာ ဝင်နေကြောင်းကို သိရပေမည်။

ကေန်သက်သက်ချည်း သတ်သတ်အုပ်စုအလိုက် လေ့ကျင့်ပြီး အနေကန်အတွက် သတ်သတ်လေ့ကျင့်ပါ။

## ကေန်အာရုံ

**ကာလအုပ်စုတွင်** ပစ္စုပ္ပန်ကေန်မှာ နံပါတ် ၁,၂ အရ ၁၃-ပါးဖြစ်သည်၊ အတိတ်ကေန်မှာ နံပါတ် ၇-အရ ၆-ခုဖြစ်သည်၊ အနာဂတ်ကေန်မရှိပါ။ ကာလဝိမုတ်ကေန်မှာ နံပါတ် ၈,၉ အရ ၂၉-ပါးဖြစ်သည်။

**သန္တာန်အုပ်စုတွင်** အဇ္ဈတ္တကေန်မှာ နံပါတ် ၇-အရ ၆-ခု၊ ဗဟိဒ္ဓကေန်မှာ အာကိဉ် ၃-ကြည်သော နံပါတ် ၈, ၉ အရ ၂၆-ခုဖြစ်သည်။

**ပရမတ်အုပ်စုတွင်** ပရမက်ကေန်မှာ နံပါတ် ၁, ၂, ၃, ၇, ၉-အရ ၃၉-ခုဖြစ်သည်၊ ပညတ်ကေန်မှာ နံပါတ်၈-အရ ၂၁-ခုဖြစ်သည်။

**ရုပ်,နာမ်အုပ်စုတွင်** ရုပ်ကေန်မှာ နံပါတ် ၁, ၂- အရ ၁၃-ပါး၊ နာမ်ကေန်မှာ နံပါတ် ၇, ၉-အရ ၁၄-ပါးဖြစ်သည်။

**အာရုံအုပ်စုတွင်** ပဥ္စာရုံကေန်မှာ နံပါတ် ၁,၂-အရ ၁၃-ပါး၊ ဓမ္မာရုံကေန်မှာ နံပါတ် ၇, ၈, ၉-အရ ၃၅-ပါးဖြစ်သည်။

(ပဥ္စာရုံဆိုသော်လည်း ရူပါရုံချသော ၁-ပါးစီအတွက် ဆိုလိုသည်၊ ပဥ္စာရုံအနေကန်လည်း နည်းတူ)

## အနေကန်အာရုံ

ကာမ, မဟဂ္ဂုတ်, ကာလဝိမုတ်, ပရမတ်, ပညတ် အနေကန်အာရုံပြုသော စိတ်များမှာ နံပါတ် ၄, ၅, ၆-အရ ၃၁-ပါးစီဖြစ်သည်။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ပဥ္စာရုံ, ဓမ္မာရုံ, ရုပ်, နာမ်, ဤ ၆-မျိုးကို အနေကန် အာရုံပြုသော စိတ်များမှာ နံပါတ် ၃, ၄, ၅, ၆-အရ ၄၃-ပါးစီ ဖြစ်ကြသည်။

**မှတ်ချက်။** ။ပဥ္စာရုံ- အနေကန် ၄၆-ဟု- မိန့်ဆိုကြသည်။ ၂-နံပါတ် မနောဓာတ် ၃-ခုကို ထည့်သွင်းလိုဟန်ရှိသည်၊ မနောဓာတ် ၃-ခုသည် ဓမ္မာရုံကို အာရုံမပြု၊ ပဥ္စာရုံတစ်မျိုးကိုသာ အာရုံ ပြုသည်။

http://www.dhammadownload.com



အဇ္ဈတ္တ, ဗဟိဒ္ဓ အနေကန် အာရုံပြုသောစိတ်များမှာ နံပါတ် ၁, ၂, ၃, ၄, ၅, ၆,အရ ၅၆–ခုဖြစ်သည်။

နိဗ္ဗာန် အနေကန်အာရုံမှာ နံပါတ် ၅, ၆–အရ ၁၁–ခုဖြစ်သည်။

## စေတသိက်နှင့်အာရုံ
## ဆိုရိုး

**အကုသိုလ်**– စေတသိက်သည် လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

**အပ္ပမညာ**–သည် သတ္တဝါပညတ်, ဗဟိဒ္ဓ, ကာလဝိမုတ်, ဓမ္မာရုံကိုသာ အာရုံပြုသည်၊ (ပဉ္စာရုံကို အာရုံ မပြု)

**တ္တသာ**–သည် လောကုတ္တရာကြဉ် ဗဟိဒ္ဓကိုသာ အာရုံပြုသည်။ (အဇ္ဈတ္တကို အာရုံမပြု)

**လောကီဝိရတီ**–သည် ဝိရမိတဗ္ဗဝတ္ထုဟု သမုတ်အပ်သည့် ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်, စေတသိက်, ရုပ်, နာမ် တရားကိုသာ အာရုံပြုသည်။

**လောကုတ္တရာဝိရတီ**–သည် နိဗ္ဗာန်ကာလဝိမုတ် အပ္ပမာဏ တရားကို အာရုံပြုသည်။ ကြွင်းသော စေတသိက် ၃၃–ခုသည် အလုံးစုံကို အာရုံပြုသည်။

**** ။ အကုစေမ္မာ၊ လောကီသာမှတ်၊ ပညတ် ပွမညာ၊ တ္တသာ ဗတီ၊ ကီ, ဝိ ပစ္စုပ်၊ ကာမထုတ်၊ လောကုတ် ဝိ–မှာ၊ နိဗ္ဗာန်သာ။***

## ဝေဒနာဒိဆတ္တ (ဝေဒနာ–စသော– ၆–မျိုး)

၁။ **လောဘမူစိတ်သည်**–

ဝေဒနာအားဖြင့် သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊

ဟိတ်အားဖြင့် ဒွိဟိတ်၊

ကိစ္စအားဖြင့် ဇောကိစ္စ၊

ဒွါရအားဖြင့် ၆–ဒွါရ၊

အာရုံအားဖြင့် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။(ကျန်စိတ်ကို နည်းမှီ၍ ရေးပါလေ၊ နောက်နောက်၌ ချုံ၍ ရေးမည်)

http://www.dhammadownload.com


၂။ **ဒေါသမူသည်–**

ဝေဒနာအားဖြင့် ဒေါမနဿဝေဒနာ၊ ဟိတ်အားဖြင့် ဒွိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၃။ **မောဟမူသည်–** ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် ဧကဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၄။ **စက္ခုဝိညာဉ်ဒွေသည်–**

ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် ဒဿနကိစ္စ၊ ဒွါရအားဖြင့် စက္ခုဒွါရ၊ အာရုံအားဖြင့် ပစ္စုပ္ပန်ရူပါရုံ၊ ဝတ္ထုအားဖြင့် စက္ခုဝတ္ထုကို အမြဲမှီသည်။

(**သောတဝိညာဉ်ဒွေ**–သဝနကိစ္စ၊ သောတဒွါရ၊ သဒ္ဒါရုံ၊ သောတဝတ္ထု။ **ဃာနဝိညာဉ်**–ဃာယနကိစ္စ၊ ဃာနဒွါရ၊ ဂန္ဓာရုံ၊ ဃာနဝတ္ထု။ **ဇိဝှါဝိညာဉ်**–သာယနကိစ္စ၊ ဇိဝှါဒွါရ၊ ရသာရုံ၊ ဇိဝှါဝတ္ထု။)

၅။ **ကာယဝိညာဉ်သည်–**

ဝေဒနာအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် ဖုသနကိစ္စ၊ ဒွါရအားဖြင့် ကာယဒွါရ၊ အာရုံအားဖြင့် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ ဝတ္ထုအားဖြင့် ကာယဝတ္ထုကို အမြဲမှီသည်။

၆။ **သမ္ပဋိစ္ဆိုန်းဒွေ သည်**–ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် သမ္ပဋိစ္ဆိုန်း ၁–ကိစ္စ၊ ဒွါရအားဖြင့် ၅–ဒွါရ၊ အာရုံအားဖြင့် ပစ္စုပ္ပန်ပဉ္စာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၇။ **သောမနဿသန္တီရဏသည်–** ဝေဒနာအားဖြင့် သောမနဿဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် သန္တီရဏ, တဒါရမ္မဏအားဖြင့် ၂–ကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် အလုံးစုံသော ကာမအာရုံ၊ ဝတ္ထု အားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၈။ **ဥပေက္ခာသန္တီရဏ ၂ –ခုသည်–** ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီရဏ, တဒါရမ္မဏအားဖြင့် ၅–ကိစ္စ၊ ဒွါရအားဖြင့် ရံခါ ၆–ဒွါရ၌ ဖြစ်၍ ရံခါ ၆–ဒွါရမှ လွတ်သည်။ အာရုံအားဖြင့် အလုံးစုံသော ကာမအာရုံကို အာရုံပြုသည်၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

http://www.dhammadownload.com


၉။ **ပဥ္စဒွါရာဝဇ္ဇန်းသည်**– ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် အာဝဇ္ဇန ကိစ္စ၊ ဒွါရအားဖြင့် ၅–ဒွါရ၊ အာရုံအားဖြင့် ပစ္စုပ္ပန် ပဥ္စာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၁၀။ **မနောဒွါရာဝဇ္ဇန်းသည်**– ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် အာဝဇ္ဇန, ဝေါဋ္ဌဗ္ဗနအားဖြင့် ၂–ကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယ ဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၁၁။ **ဟသိတုပ္ပါဒ်သည်**– ဝေဒနာအားဖြင့် သောမနဿဝေဒနာ၊ ဟိတ်အားဖြင့် အဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် အလုံးစုံသောကာမအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲ မှီသည်။

၁၂။ **မဟာကုသိုလ်စိတ်သည်**– ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် ဉာဏသမ္ပယုတ်သည် တိဟိတ်, ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် ဉာဏသမ္ပယုတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ, ဉာဏဝိပ္ပယုတ်သည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၁၃။ **မဟာဝိပါက်စိတ်သည်**– ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် ဉာဏသမ္ပယုတ်သည် တိဟိတ်, ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ်၊ ကိစ္စအားဖြင့် ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရမ္မဏအားဖြင့် ၄–ကိစ္စ၊ ဒွါရအားဖြင့် ရံခါ ၆–ဒွါရ၌ဖြစ်၍ ရံခါ ၆–ဒွါရမှလွတ်သည်၊ အာရုံအားဖြင့် အလုံးစုံသော ကာမအာရုံကို အာရုံပြုသည်၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၁၄။ **မဟာကြိယာစိတ်သည်**– ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် ဉာဏသမ္ပယုတ်သည် တိဟိတ်, ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် ဉာဏသမ္ပယုတ်သည် အလုံးစုံအာရုံ, ဉာဏဝိပ္ပယုတ်သည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၁၅။ **ရူပစိတ်သည်** –ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် တိဟိတ်၊ ကိစ္စအားဖြင့် ကုသိုလ်, ကြိယာသည် ဇောကိစ္စ, ဝိပါက်သည် ပဋိသန္ဓိ, ဘဝင်, စုတိအားဖြင့် ၃–ကိစ္စ၊ ဒွါရအားဖြင့် ကုသိုလ်, ကြိယာသည် မနောဒွါရ, ဝိပါက်သည် ဒွါရဝိမုတ်၊

http://www.dhammadownload.com



အာရုံအားဖြင့် ပညတ် ကေန်အာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီသည်။

၁၆။ **အရူပစိတ်သည်–** ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် တိဟိတ်၊ ကိစ္စအားဖြင့် ကုသိုလ်, ကြိယာ သည် ဇောကိစ္စ, ဝိပါက်သည် ပဋိသန္ဓိ, ဘဝင်, စုတိအားဖြင့် ၃–ကိစ္စ၊ ဒွါရအားဖြင့် ကုသိုလ်, ကြိယာ သည် မနောဒွါရ, ဝိပါက်သည် ဒွါရဝိမုတ်၊ အာရုံအားဖြင့် အာကာ, အာကိဉ် ၆– ခုသည် ပညတ် ကေန်အာရုံ၊ ဝိညာ, နေဝ ၆–ခုသည် မဟဂ္ဂုတ်ကေန်အာရုံ၊ ဝတ္ထုအားဖြင့် ကုသိုလ်, ကြိယာသည် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ၊ ဝိပါက်သည် ဝတ္ထုရုပ်ကို လုံးဝမမှီ။

၁၇။ **လောကုတ္တရာစိတ်သည်–** ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဟိတ်အားဖြင့် တိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် မနောဒွါရ၊ အာရုံအားဖြင့် နိဗ္ဗာန် ကေန်အာရုံ၊ ဝတ္ထုအားဖြင့် သောတာပတ္တိမဂ်သည် ဟဒယဝတ္ထုကို အမြဲမှီသည်၊ ကြွင်းလောကုတ္တရာစိတ် ၇– ခုသည် ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

**ပညတ်အာရုံ**

| အာရုံပညတ် | | အာရမ္မဏိကစိတ် | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ရူပ | | | | | အရူပ | |
| | | ပ | ဒု | တ | စ | မ | အာကာ | အာကိဉ် |
| ကသိုဏ်း ၁၀၊ **အာ**နာပါန ၁ | ၁၁ | ။ | ။ | ။ | ။ | ။ | | |
| အသုဘ ၁၀၊ ကာယဂတာသတိ ၁ | ၁၁ | ။ | | | | | | |
| မေတ္တာ, ကရုဏာ, မုဒိတာ၏အာရုံပညတ် | ၃ | ။ | ။ | ။ | ။ | | | |
| ဥပေက္ခာ၏အာရုံပညတ် | ၁ | | | | | ။ | | |
| ကောင်းကင်ပညတ် | ၁ | | | | | | ။ | |
| နတ္ထိဘောပညတ် | ၁ | | | | | | | ။ |
| | | ၂၅ | ၁၄ | ၁၄ | ၁၄ | ၁၂ | ၁ | ၁ |

**ပကိဏ်းပိုင်းပြီး၏။**

* * * * *

http://www.dhammadownload.com



# ဝီထိပိုင်း

## ဆက္က ၆–မျိုး

| | ဆက္ကအမည် | ဆက္ကသရုပ် | | | | | | သင်္ချာ | |
|---|---|---|---|---|---|---|---|---|---|
| | အာရမ္မဏဆက္က | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ | ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ | ဓမ္မာရုံ | ၆ | |
| | ဝတ္ထု ။ | စက္ခုဝတ္ထု | သောတ | ဃာန | ဇိဝှါ | ကာယ | ဟဒယ | ၆ | |
| ဒွါရ ဝိညာဏ | ဒွါရ ။ | စက္ခုဒွါရ | သောတ | ဃာန | ဇိဝှါ | ကာယ | မနော | ၆ | ဒွါရနှင့်ဝင် |
| | ဝိညာဏ ။ | စက္ခုဝိညာဏ | သောတ | ဃာန | ဇိဝှါ | ကာယ | မနော | ၆ | ဝိညာဉ်နှင့်ဝင် |
| | ဝိသယပ္ပဝတ္တိ ။ | ပဉ္စဒွါရ | | | | မနောဒွါရ | | ၆ | |
| | | အတိမဟန္တာရုံ | မဟန္တာရုံ | ပရိတ္တာရုံ | အတိပရိတ္တာရုံ | ဝိဘူတာရုံ | အဝိဘူတာရုံ | | |

(ယောဇနာကား – မှတ်လွယ်စေရန် နီးစပ်ရာနှင့် သဘောတူရာ နေပေါင်း၍ ပြထားပါသည်)

### ဆိုရိုး

**ဝတ္ထုဆက္က**–ဝတ္ထုတို့သည် – စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု အားဖြင့် ၆–ပါး။

**ဒွါရဆက္က**–ဒွါရတို့သည် စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရအားဖြင့် ၆–ပါး။

**အာရမ္မဏဆက္က**–အာရုံတို့သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် ၆–ပါး။

**ဝိညာဏဆက္က**–ဝိညာဏ်တို့သည် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်အားဖြင့် ၆–ပါး။

### ဝီထိ

ဒွါရ၌ ဖြစ်ကုန်သော စိတ်တို့၏ ဖြစ်ပုံ အစဉ်အတန်းကို ဝီထိ–ဟု ခေါ်သည်။
(ဆ ဝီထိယော ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော –သင်္ဂဟ။ ဒွါရပ္ပဝတ္တာ–ဟု ဆိုခြင်းကြောင့် ဘဝင်အစဉ်ကို ဝီထိ–ဟု မခေါ်ရ)

http://www.dhammadownload.com



**ဝီထိဆက္က**- ဝိထိတို့သည် စက္ခုဒွါရဝိထိ, သောတဒွါရဝိထိ, ဃာနဒွါရဝိထိ, ဇိဝှါဒွါရဝိထိ, ကာယဒွါရဝိထိ, မနောဒွါရဝိထိအားဖြင့် ဒွါရနှင့် စပ်သဖြင့် ၆-ပါး။

စက္ခုဝိညာဏဝိထိ, သောတဝိညာဏဝိထိ, ဃာနဝိညာဏဝိထိ, ဇိဝှါဝိညာဏဝိထိ, ကာယ ဝိညာဏဝိထိ, မနောဝိညာဏဝိထိအားဖြင့် ဝိညာဏနှင့် စပ်သဖြင့် ၆-ပါး။

**ဝိသယပ္ပဝတ္တိဆက္က**-ဝိသယပ္ပဝတ္တိတို့သည် အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိ ပရိတ္တာရုံ-ဟု ပဥ္စဒွါရ၌ ၄-ပါး၊ ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု မနောဒွါရ၌ ၂-ပါးအားဖြင့် ၆-ပါး။

**ဝိသယပ္ပဝတ္တိ**-အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း၊ (ဝီထိ ဝိသယပ္ပဝတ္တိအတွက်)

**တစ်နည်း** - အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်း။ (ဝီထိမုတ္တာနံ··· တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ သင်္ဂဟ)

## ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ

ဝိထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိကား - ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ၃-ပါး ။

## ကဏ္ဍဆက္က


ဆိုခဲ့ပြီးသော ဆက္ကများအပြင် ဝိထိပိုင်း၌ အချုပ်သိဖို့ရန် အခဏ်း ၆-ခန်းကိုလည်း သိထားရမည်။

ဝိထိပိုင်း၌ သက်တမ်းဆိုင်ရာ, တဒါရုံဆိုင်ရာ, အပ္ပနာဆိုင်ရာ, ဇောအားလုံးဆိုင်ရာ, ပုဂ္ဂိုလ် စိတ်ရဆိုင်ရာ, ဘုံစိတ်ရဆိုင်ရာ အခဏ်း ၆-ခန်းတို့ဖြင့် ပြမည်။

* ။ **သက်တမ်း တဒါ၊ အပ္ပနာ၊ သဗ္ဗာဇောနှင့် ပုဂ်, ဘုံ, စိတ်။**

## အသက်တမ်းဆိုင်ရာအခန်း

## နာမ်သက် ရုပ်သက်ဖြစ်နေပုံ



http://www.dhammadownload.com



## ဥပါဒ်+ဌီ+ဘင်

ဥပါဒ်= စတင် ဖြစ်ပေါ်ချိန်
ဌီ = အဖြစ်, အပျက်တို့၏ ကြားကာလတည်တံ့ချိန်
ဘင် = ပျက်ချိန်

**နာမ်တရားများသည်** ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက်မျှသာ သက်တမ်းရှည်သည်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ ကုဋေတစ်သိန်းမက နာမ်တရားများ ဖြစ်, ပျက်ကြသည်၊ နာမ်တရားတို့၏ ဖြစ်, ပျက်မှုသည် အလွန်လျင်မြန်လှ၏။ (အဘိ ဋ္ဌ–၂–၃၁)

## ရုပ်သက်တမ်း

ဝိညတ်ရုပ် ၂–ခုနှင့် လက္ခဏာရုပ် ၄–ခုမှ ကြွင်းသော ၂၂–ခုသော ရုပ်တရားများကား – (ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက် သက်တမ်းရှိသည့်) စိတ္တက္ခဏ ၁၇–ချက်ကြာအောင် သက်တမ်း ရှည်သည်။

### စိတ်သက်ဆိုင်ရာ

* ***။ စိတ်တစ်ခု သက်၊ ဖြစ်, တည်, ပျက်၊ သုံးချက် ဥပါဒ်, ဌီ, ဘင် သိ။***
* ***။ ကုဋေသိန်းမျှ ဖြစ်, ပျက်ကြ၊ မြန်လှ လျှပ်တစ်ပြက်တွင်း။***
* ***။ ဆယ့်ခုနစ်ချက်၊ စိတ်ပေါင်းတွက်၊ ရုပ်သက် မှတ်တုန်ကြ။***
* ***။ စက္ခု,သောတ၊ ရူပ ထင်ပြီ၊ မနသိ၊ လေးလီ မြင်သိဖို့။***
* ***။ သောတ,တာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီ ကြားသိဖို့။***
* ***။ ဃာန, ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီ နံသိဖို့။***
* ***။ ဇိဝှါ, အာပ၊ ရသ ထင်ပြီ၊ မနသိ၊ လေးလီ လျှက်သိဖို့။***
* ***။ ကာယ, ပထ၊ ဖောဋ္ဌ ထင်ပြီ၊ မနသိ၊ လေးလီ ထိသိဖို့။***

---

၁၇–ချက် သက်တမ်းမပြည့်သော ရုပ်များ– ဝိညတ်ရုပ် ၂–ခုသည် စိတ်နှင့် သက်တမ်းတူစွာ ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက် သက်တမ်းရှိသည်၊ လက္ခဏာရုပ် ၄–ခုတို့တွင် ဥပစယနှင့် သန္တတိ နှစ်ခုတို့သည် စိတ်၏ ဥပါဒ်ခဏမျှသာ သက်တမ်းရှိသည်၊ ဇရတာသည် ခဏငယ် ၄၉–ချက် သက်တမ်းရှိသည်၊ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှ သက်တမ်းရှိသည်၊ ဥပစယ, သန္တတိ, အနိစ္စတာတို့သည် စိတ်ထက် သက်တမ်း တိုကြသည်၊ ရုပ်၏ ဥပါဒ်, ဘင်သည် နာမ်ကဲ့သို့ ခဏငယ် ၁–ချက်ခန့်သာ သက်တမ်းရှိပြီး ရုပ်၏ ဌီခဏမှာ ခဏငယ် ၄၉–ချက်ခန့် သက်တမ်းရှိသည်။

http://www.dhammadownload.com


**၁။ စက္ခုဒွါရဝီထိဖြစ်ရန်** –

(က) စက္ခုပသာဒ = မျက်စိ အကြည်ဓာတ်၊

(ခ) အာလောက = အလင်းရောင်၊

(ဂ) ရူပါရုံ = မြင်စရာ အဆင်း၊

(ဃ) မနသိကာရ = နှလုံးသွင်းခြင်း၊

ဤအကြောင်းများ လိုအပ်သည်။

**၂။ သောတဒွါရဝီထိဖြစ်ရန်** – သောတပသာဒ, အာကာသ ( အပေါက်အကြား), သဒ္ဒါရုံ ထင်ခြင်း ထိခိုက်ခြင်း, မနသိကာရ၊ ဤအကြောင်းများ လိုအပ်သည်။

**၃။ ဃာနဒွါရဝီထိဖြစ်ရန်** – ဃာနပသာဒ, ဝါတ (လေ), ဂန္ဓာရုံထင်ခြင်း ထိခိုက်ခြင်း, မနသိကာရ၊ ဤအကြောင်းများ လိုအပ်သည်။

**၄။ ဇိဝှါဒွါရဝီထိဖြစ်ရန်** – ဇိဝှါပသာဒ, အာပ ( ရေ), ရသာရုံထင်ခြင်း ထိခိုက်ခြင်း, မနသိကာရ၊ ဤအကြောင်းများ လိုအပ်သည်။

**၅။ ကာယဒွါရဝီထိဖြစ်ရန်** –ကာယပသာဒ, ပထ ( ပထဝီဓာတ်), ဖောဋ္ဌဗ္ဗာရုံ ထင်ခြင်း ထိခိုက်ခြင်း, မနသိကာရ ဤအကြောင်းများလိုအပ်သည်။

**ပဉ္စဒွါရဝီထိဖြစ်ပုံ**

ရူပါရုံ စက္ခုပသာဒ၌ ထင်လာသောအခါ အတီတဘဝင် ၁–ကြိမ်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, (စက္ခုဝိညာဏ်), သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ကာမဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်, ထို့နောက် ဘဝင်များဖြစ်ကြသည်။ (ဤဝီထိသည် ဝီထိစိတ် အများဆုံးပါဝင်သောကြောင့် အတိမဟန္တာရုံမည်သည်)

**အတိမဟန္တာရုံဝီထိပုံစံ**

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

---

**အတီတဘဝင်** = ဒွါရ၌ အာရုံထင်ခြင်းသို့ မရောက်မီ ချုပ်ပျောက် ကျော်လွန်သွားသော ဘဝင်၊ **ဘဝင်စလန** = ဒွါရ၌ အာရုံ ထင်လာ ထိခိုက်လာခြင်းကြောင့် ပင်ကိုယ်သဘောမှ ဖောက်ပြား၍ ၂–ကြိမ်တိုင်တိုင် ဘဝင်လှုပ်ချောက်ချားလာမှု၊ **ဘဝင်ုပစ္ဆေဒ** = ဘဝင်အစဉ်ကို ဖြတ်တောက်တတ်သော ဘဝင်၊ **ပဉ္စဒွါရာဝဇ္ဇန** = ပဉ္စဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင်တတ်သောစိတ်၊ **စက္ခုဝိညာဏ** = ရူပါရုံကို မြင်တတ်သောစိတ်၊ **သမ္ပဋိစ္ဆန**= ယင်းရုံကို ခံယူသကဲ့သို့ဖြစ်သောစိတ်၊ **သန္တီရဏ** = စုံစမ်းသကဲ့သို့ ဖြစ်သောစိတ်၊ **ဝုဋ္ဌော** = ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သောစိတ်၊ **ဇော** = အဟုန်ပြင်းစွာ ဖြစ်သောစိတ်၊ **တဒါရမ္မဏ** = ဇောသို့ အစဉ်လိုက်၍ ဇောအာရုံကို ယူတတ်သောစိတ်။

http://www.dhammadownload.com


## မဟန္တာရုံစသည်

ပသာဒ, အာလောက–စသော အကြောင်းများ အားကောင်းလျှင် ဆိုခဲ့ပြီးသည့်အတိုင်း အတီတဘဝင် ၁–ချက်လွန်ရုံဖြင့် အာရုံများထင်လာနိုင်သည်၊ အကြောင်းများ ၁–ခုဖြစ်စေ၊ ၂–ခုထက် ပို၍ဖြစ်စေ ညံ့ဖျင်းနေလျှင် အတီတဘဝင် ၂–ကြိမ်, ၃–ကြိမ် စသည် လွန်ပြီးမှ အာရုံထင်လာနိုင်သည်၊ ထိုသို့ ထင်လာသော အာရုံတို့တွင် အတီတဘဝင် ၂–ကြိမ်, ၃–ကြိမ် စသည် လွန်ပြီးမှ ထင်လာလျှင် **တဒါရုံ ၂–ကြိမ် မဖြစ်လောက်သောကြောင့် ဇောနောင် ဘဝင်ကျသည်၊**

ထိုအာရုံကို တဒါရုံပါသလောက် မများသော်လည်း အခြားအာရုံထက် ဝီထိစိတ်များသောကြောင့် **မဟန္တာရုံ**ဟု ခေါ်သည်။

အတီတဘဝင် ၄–ကြိမ်မှ ၉–ကြိမ်အထိ လွန်ရာ၌ကား **ဇော ၇–ကြိမ် မဖြစ်လောက်သောကြောင့် ဝုဋ္ဌော ၂–ကြိမ်ဖြစ်ပြီး** ဘဝင်ကျသည်၊ ထိုဝီထိကို ဝီထိစိတ် နည်းသောကြောင့် **ပရိတ္တာရုံ** ဟုခေါ်သည်။

အတီတဘဝင် ၁၀–ကြိမ်မှ ၁၅–ကြိမ်အထိ လွန်လျှင်ကား ဝုဋ္ဌော ၂–ကြိမ် မဖြစ်လောက်သောကြောင့် အခြားဝီထိစိတ်များလည်း မဖြစ်တော့၊ ဝီထိစိတ် အလွန်နည်းသောကြောင့် **အတိပရိတ္တာရုံ**–ဟု ခေါ်သည်။

* **။ အတိမဟန်၊ တစ်ချက်လွန်၊ မဟန် နှစ်,သုံးချ။**

* **။ လေးစ ကိုးထိ၊ ပရိတ် သိ၊ အတိ ဆယ်စ၊ ဆယ့်ငါးကျ။**

စက္ခုဒွါရဝီထိ ၁၅–မျိုး ရှိနိုင်သလို သောတ, ဃာန, ဇိဝှါ, ကာယဒွါရဝီထိတို့လည်း ၁၅–ဝီထိစီ ရှိနိုင်သောကြောင့် (၁၅×၅=၇၅) ပဉ္စဒွါရဝီထိပေါင်း ၇၅–ဝီထိရှိနိုင်သည်။

**ဇောဇောပုံ** – ယောနိသော မနသိကာရကြောင့် ကုသိုလ်ဇော, အယောနိသောမနသိကာရကြောင့် အကုသိုလ်ဇော, နိရာနုသယသန္တာန်ကြောင့် ကြိယာဇော ဇောရသည်။

(များသောအားဖြင့် ကာမဇောတို့သည် ၇–ကြိမ် ဇောလေ့ရှိသည်)

---

### ဇောလိုရင်း

ဝီထိဖြစ်ရာ၌ ဇောစိတ်များသာ လိုရင်းဖြစ်သည်၊ အဓိကလုပ်ငန်းကို ဆောင်ရွက်ကြသည်၊ ဇောမတိုင်မီ စိတ်များမှာ ဇောစိတ်အတွက် အထူးအညီပေးကြသော စိတ်များသာ ဖြစ်ကြသည်၊ ဇောနောင်ဖြစ်သော တဒါရုံမှာလည်း အကြွင်းအကျန်စားသူကဲ့သို့ နောက်ဆက်တွဲ သိမ်းဆည်း ရုံမျှသာ ဖြစ်သည်၊ လိုရင်းမဟုတ်။

http://www.dhammadownload.com



## ဝိသယပ္ပဝတ္တိများ

| ဝီထိ | စက္ခုဒွါရဝီထိ-၁၅ | | | | | | | | | | | | | | | | | ဝါရ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အတိ မဟန္တာရုံ | တိ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | တဒါ |
| မဟန္တာရုံ ၂ | တိ-၂ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘ | | ဇော |
| | တိ-၃ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | | | |
| ပရိတ္တာရုံ ၆ | တိ-၄ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဘ | ဘ | ဘ | ဘ | ဘ | | | | ဝုဋ္ဌော |
| | တိ-၅ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဘ | ဘ | ဘ | ဘ | | | | | |
| | တိ-၆ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဘ | ဘ | ဘ | | | | | | |
| | တိ-၇ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဘ | ဘ | | | | | | | |
| | တိ-၈ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဘ | | | | | | | | |
| | တိ-၉ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | | | | | | | | | |
| အတိပရိတ္တာရုံ ၆ | တိ-၁၀ | န | န | ဘ | ဘ | ဘ | ဘ | ဘ | | | | | | | | | | မောဃ |
| | တိ-၁၁ | န | န | ဘ | ဘ | ဘ | ဘ | | | | | | | | | | | |
| | တိ-၁၂ | န | န | ဘ | ဘ | ဘ | | | | | | | | | | | | |
| | တိ-၁၃ | န | န | ဘ | ဘ | | | | | | | | | | | | | |
| | တိ-၁၄ | န | န | ဘ | | | | | | | | | | | | | | |
| | တိ-၁၅ | န | | | | | | | | | | | | | | | | |

---

ပရမတ္ထစက္ခုကျမ်း၌ ဤသို့ ဆိုထားသည် - - -

* ။ အာရုံခိုက်ပြား၊ ရှေ့ပြေးငါးနှင့်၊ ဇောကား ခုနစ်၊ နောက်လိုက် နှစ်၊ ဖြစ်ကြ တစ်သင်း၊ ဇောလိုရင်း။ (ပရမတ္ထစက္ခု)

အဓိပ္ပါယ်မှာ - ရှေ့ပြေး ၅-ခုတို့သည် မိမိတို့ ထိစွဖြင့် အာရုံကို ဖမ်းယူ၍ ဇောအား အစ်နှင်း သကဲ့သို့သာ ဖြစ်ကြတုန်၏။ အကောင်း, အဆိုး အာရုံ၏ အရသာကို မခံစားတတ်ကြတုန်၊ ဇောသာ အာရုံ၏အရသာကို ခံစားတတ်သည်၊ နောက်လိုက်နှစ်ကြိမ်တို့လည်း ဘဝင်မျိုးဖြစ်၍ တစ်စုံတစ်ခု သတ္တိ မရှိ၊ ဇော၏ အာရုံကို ထပ်မံ၍ အာရုံပြုကာမျှသာဖြစ်သည်၊ ထို့ကြောင့် တဒါရုံဟူ၍ ဆိုရသည်။

http://www.dhammadownload.com



## မနောဒွါရဝီထိ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဝိဘူတာရုံ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
| အဝိဘူတာရုံ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘ | ဘ |

## ဆိုရိုး

ဝိဘူတာရုံ ကာမဇောဝါရ မနောဒွါရဝီထိဖြစ်ပုံမှာ – ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်။

အဝိဘူတာရုံ ကာမဇောဝါရ မနောဒွါရဝီထိဖြစ်ပုံမှာ – ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇–ကြိမ်၊ ထို့နောက် ဘဝင်။

* ***။ စိတ်မျိုး သတ္တ၊ ဝုဒ္ဓ ကြိမ်မှာ။***
***ပဉ္စပေါင်းရေး၊ ငါးလေး တာမာ။***
***ဆယ်ကြိမ် သုံးမျိုး၊ မှတ်ရိုး ဝိတ္တာ။***
***လေးဆယ့်တစ်၊ တျယ်ဖြစ် မနောဒွါ။***

---

ယင်းတဒါရုံကိုဝင် နောက်လိုက် နာမ်ဆိုသည်၊ ဤသို့ ဇောလိုရင်းဖြစ်သည်ဟု သိရမည်။

**ဥပမာဆောင်၍ ဖြစ်ပုံဆိုး** – ဒါယကာ ဆွမ်းလှူလာသည်ကို တံခါးစောင့် ကျောင်းသား သိ၍ အဝေး၌ နေသော သော့ကိုင်မောင်ရင်ကို ခေါ်, သော့ကိုင်မောင်ရင် လာ၍ တံခါးဖွင့်, တစ်ပါး မောင်ရင်က ကောင်းမကောင်းကို စုံစမ်း, တစ်ပါးမောင်ရင်က ကောင်း၏ဟု ဘုန်းကြီးအား ကပ်၊ ဘုန်းကြီးက ဘုဉ်းပေး၊ တစ်ပါးမောင်ရင်က ခွက်ဆေး၊ ဤဥပမာဖြင့် ဇောလိုရင်း ဖြစ်ပုံ သိလေ။

ဆွမ်းလှူလာသည်နှင့် အာရုံတိုက်ခိုက်လာခြင်း တူသည်၊ တံခါးစောင့် ကျောင်းသားနှင့် အာဝဇ္ဇန်းတူသည်၊ အဝေးသော့ကိုင် မောင်ရင်နှင့် ဒွါရအရှင် ဝိညာဏ်တူသည်၊ ၁ယူသော မောင်ရင်နှင့် သမ္ပဋိစ္ဆိုန်း၊ စုံစမ်းသော မောင်ရင်နှင့် သန္တီရဏ၊ ကပ်သော မောင်ရင်နှင့် ဝုဋ္ဌော၊ ဘုန်းကြီးနှင့် ဇော၊ ခွက်ဆေး မောင်ရင်နှင့် နောက်လိုက်နာမ် တူသည်၊ ဒွါရအရှင် ဝိညာဏ် ငါးပါးတို့ကား မိမိတို့ အိမ်တွင်း၌သာ ဖြစ်ပေါ်ကြကုန်၏၊ ကြွင်းသော ဘဝင်၊ ဇွေ့ပြေး၊ ဇောနောက်လိုက်နာမ်တို့မှာ နှလုံးအိမ် အတွင်း၌သာ ဖြစ်ပေါ်ကြကုန်၏၊ ဖြစ်ရာမတူသောကြောင့် ဒွါရအရှင် ဝိညာဏ်ကို အဝေးနေ မောင်ရင်နှင့် တူသည်ဟူ၍ ဆိုသည်မှတ်။ (ပရမတ္ထသင်္ချေ)

http://www.dhammadownload.com



## အမျိုးအစား, အကြိမ်, စိတ်စုစုပေါင်း

## ကာမဇောဝါရ ပဉ္စဒွါရဝီထိ

| ဝီထိစိတ်များ | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | | | | | | | ၇ | | ၇-မျိုး | |
| ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ၁၄-ကြိမ် | အကျယ်စိတ်ပေါင်း- ၅၄ |
| ပ | သော | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | | |
| ပ | ဃာ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | | |
| ပ | ဇိ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | | |
| ပ | ကာ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | | |

## ကာမဇောဝါရ မနောဒွါရဝီထိ

| ၁ | ၂ | | | | | | | ၃ | | ၃-မျိုး |
|---|---|---|---|---|---|---|---|---|---|---|
| မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ၁၀-ကြိမ် |
| ၁ | ကာမဇော-၂၉ | | | | | | | | ၁၁ | ၄၁-ပါး |

**ဆိုရိုး** **ပဉ္စဒွါရဝီထိ၌** –

**စိတ်အမျိုးအစားတို့သည်** – ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံအားဖြင့် ၇–မျိုး။

**စိတ်အကြိမ်တို့သည်** – ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်, ပဉ္စဝိညာဏ် ၁–ကြိမ်, သမ္ပဋိစ္ဆိုန်း ၁–ကြိမ်, သန္တီရဏ ၁–ကြိမ်, ဝုဋ္ဌော ၁–ကြိမ်, ဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်အားဖြင့် ၁၄–ကြိမ်။

**စိတ်စုစုပေါင်းတို့သည်** –ပဉ္စဒွါရာဝဇ္ဇန်း ၁–ခု၊ ဒွေပဉ္စဝိညာဏ် ၁၀–ခု၊ သမ္ပဋိစ္ဆိုန်း ၂–ခု၊ သန္တီရဏ ၃–ခု၊ ဝုဋ္ဌော ၁–ခု၊ ကာမဇော ၂၉–ခု၊ တဒါရုံ မဟာဝိပါက် ၈–ခုအားဖြင့် ကာမစိတ် ၅၄–ခုတို့တည်း။

**မနောဒွါရဝီထိ၌**–စိတ်အမျိုးအစားတို့သည်–မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံအားဖြင့် ၃–မျိုး။

**စိတ်အကြိမ်**တို့သည်–မနောဒွါရာဝဇ္ဇန်း ၁–ကြိမ်,ဇော ၇–ကြိမ်,တဒါရုံ ၂–ကြိမ်အားဖြင့်၁၀–ကြိမ်။

**စိတ်စုစုပေါင်း**တို့သည် – မနောဒွါရာဝဇ္ဇန်း ၁–ခု၊ ကာမဇော ၂၉–ခု၊ တဒါရုံ ၁၁–ခု အားဖြင့် ၄၁–ခုတို့တည်း။

http://www.dhammadownload.com



## တဒါရုံဆိုင်ရာအခန်း

### တဒါရုံအင်္ဂါ

**တဒါရုံသည်** (၁) ကာမပုဂ္ဂိုလ်၌သာ ဖြစ်သည်။ (ရူပ, အရူပ ပုဂ္ဂိုလ်၌ မဖြစ်)

(၂) ကာမဇောနောက်၌သာ ဖြစ်သည်။ (အပ္ပနာဇောနောင် မဖြစ်)

(၃) ကာမအာရုံ၌သာ ဖြစ်သည်။ (အခြားအာရုံ၌ မဖြစ်)

**ကာမအာရုံတွင်လည်း** အတိမဟန္တာရုံ, ဝိဘူတာရုံ၌သာ တဒါရုံဖြစ်သည်။

* **။ကာမဆိုင်ရာ၊ ပုဂ္ဂလာနှင့်၊ ဇောပါ အာရုံ၊ သုံးချက်စုံမှ၊ တဒါကျ။ နှစ်ဝ အတိ ဝိဘူသိ။**

### ဇောနောင်တဒါရုံဖြစ်ပုံ

| ကာမဇော | ၂၉ | တဒါရုံ | ၁၁ |
|---|---|---|---|
| (ဟသိတုပ္ပါဒ်, မဟာကြိယာသောမနဿ) ကြိယာသောမနဿဇော | ၅ | သောမနဿတဒါရုံ | ၅ |
| ကြိယာဥပေက္ခာ ဇော | ၄ | ဥပေက္ခာတဒါရုံ | ၆ |
| ဒေါသဇော | ၂ | | |
| လောဘမူ, မောဟမူ, မဟာကုသိုလ်ဇော | ၁၈ | တဒါရုံ | ၁၁ |

* *။ ဇောနောင် တဒါ၊ ဖြစ်ပုံမှာကား၊ ကြိယာသော၊ နောက်၌ သောတည်း၊ ဒေါ, ဥ ကြို၊ နောက်ဥသိ၊ တုန်သိ လော, မော, ကု။*

* *။ ဒေါဇောနောက်တွင်၊ ရုံဘဝင်၊ ဥ-ပင် ဖြစ်ရသည်။*

**ဆိုလိုရင်း။** ၁။ ဟသိတုပ္ပါဒ်၊ မဟာကြိယာ သောမနဿ ၄-ခု၊ အားဖြင့် ကြိယာ သောမနဿ ဇော ၅-ခု နောင် သောမနဿ တဒါရုံ ၅-ခု ဖြစ်သည်။

၂။ ကြိယာ ဥပေက္ခာ ဇော ၄-ခုနှင့် ဒေါသဇော ၂-ခု နောင် ဥပေက္ခာ တဒါရုံ ၆-ခု ဖြစ်သည်။

၃။ လောဘမူ, မောဟမူ, မဟာကုသိုလ် ဇော ၁၈-ခုနောင် တဒါရုံ ၁၁-ခု ဖြစ်သည်။

### အာဂန္တုကဘဝင်

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ပြီး ဒေါသဇောစောသူမှာ တဒါရုံမကျလျှင် ဘဝင်ကျရမည်၊ ယင်းသို့ ဘဝင်ကျရာ၌ ဇောကိုငဲ့၍ ဥပေက္ခာဘဝင်ကျလျှင် ပဋိသန္ဓေနှင့် ဆန့်ကျင်နေမည်၊ ပဋိသန္ဓေကို ငဲ့၍ သောမနဿဘဝင်ကျပြန်လျှင်လည်း ဒေါသဇောနှင့် ဆန့်ကျင်နေမည်၊ ထိုသို့ ဘဝင်ကျဖို့ အခက်အခဲ ကြုံနေသောကြောင့် ဥပေက္ခာသန္တီရဏစိတ်သည် ဧည့်သည် အာဂန္တုကဘဝင် အဖြစ်ဖြင့် ဖြစ်ရသည်၊ ယင်းအာဂန္တုကဘဝင်သည် - ရှေ့၌ လေ့ကျက်အပ်ဖူးသော ကာမအာရုံ

http://www.dhammadownload.com


တစ်မျိုးမျိုးကို အာရုံပြုရသည်၊ အာဂန္တုကဘဝင်နှောင် မူလဘဝင်ပြန်ကျသည်။

** ။သောနှင့် သန္တွေ၊ နေခဲ့ပေ၍၊ စောလေ ဒေါ်သ၊ ရုံမကျ၊ ဖြစ်ရ ဥ သံ ညှော် အာဝန်။*

**အာရုံနှင့်ဝိပါက်**

အနိဋ္ဌာရုံ၌ အကုသလဝိပါက်, ဣဋ္ဌာရုံ၌ ကုသလဝိပါက်ဆိုင်ရာ ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, တဒါရုံတို့ ဖြစ်ရသည်၊ ထိုသို့ဖြစ်ရာ၌ အတိဣဋ္ဌာရုံဖြစ်လျှင် သန္တီရဏနှင့် တဒါရုံမှာ သောမနဿသာ ဖြစ်ရသည်။

** ။ အနိဋ္ဌာရုံ၊ အကုဝိ၊ ကုဝိ ဣဋ္ဌာ၊ သော တိ မှာ။*

**အပ္ပနာဆိုင်ရာအခန်း**

အပ္ပနာဇောများစောသည့် မနောဒွါရဝီထိများကို အပ္ပနာဇောဝါရ–ဟု ခေါ်သည်၊ အပ္ပနာဇောဝါရ မနောဒွါရဝီထိ၌ ဝိဘူတ, အဝိဘူတ ၂–မျိုးမကွဲပြားဘဲ ဝိဘူတ ၁–မျိုးတည်းသာ ရှိသည်၊ မှန်၏၊ အပ္ပနာဇောများသည် အာရုံထင်ရှားသောအခါ၌သာ ဖြစ်ပေါ်လာသောကြောင့် ဝိဘူတ ၁–မျိုးသာ ရှိသည်၊ အပ္ပနာဇောဝါရ၌ တဒါရုံလည်း မကျ။

**ဥပစာရသမာဓိဇော**

မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၈–ခုသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘု–ဟူသော အမည်ဖြင့် အပ္ပနာဇောများ၏ ရှေ့ပြေးဖြစ်သည်၊ ယင်းဇောများကို ဥပစာရသမာဓိ (အပ္ပနာ၏ အနီးဖြစ်၍ တည်ကြည်သော) ဇော ဟုလည်း ခေါ်သည်။

** ။ မဟာကု, ကြိ၊ ရှစ် ဉာဏ်ရှိတာ။ ပရိ, ဥပ၊ နု, ဂေါ်တြ၊ လေး၀ ပ္ပနာရှေ့။*

---

**ဝိပါက်အမှန် ဇောအပြန်, ဝိပါက်အမှန် ဇောအမှန်**

ဤသို့ ဝိပါက်များ၌ အာရုံအလိုက် ဝေဒနာယှဉ်ပုံ မှန်ကန်သည်ကို ဝိပါက်အမှန်–ဟု ဆိုသည်၊ ပုထုဇဉ်သေက္ခတို့ သန္တာန်၌ဖြစ်သော ကုသိုလ်, အကုသိုလ်ဇောများသည် ဝိပလ္လာသမကင်းသေးသောကြောင့် အာရုံအလိုက် ဝေဒနာယှဉ်ပုံ မမှန်ဘဲ ဖောက်ပြန်တတ်သည်ကို ဇောအပြန်ဟု ဆိုသည်၊ ဘုရားရဟန္တာတို့ သန္တာန်၌ဖြစ်သော ဝိပါက်များနှင့် ကြိယာဇောတို့သည် ဝိပလ္လာသကင်းပြီးသောကြောင့် အာရုံအလိုက် ဝေဒနာယှဉ်ပုံမြဲမြဲ မှန်ကန်သည်ကို ဝိပါက်လည်း အမှန် ဇောလည်းအမှန်–ဟု ဆိုသည်။

**ပရိကမ္မ (ပ)** = အပ္ပနာကို ပြုပြင်တတ်သောစိတ်၊ **ဥပစာရ (ဥ)** = အပ္ပနာ၏ အနီးအနား၌ ဖြစ်တတ်သောစိတ်၊ **အနုလုံ (နု)** = ရှေ့ နောက် လျော်စွာ ဖြစ်တတ်သောစိတ်၊ **ဂေါ်တြဘု (ဂေါ်)** = ကာမအနွယ်, ပုထုဇဉ်အနွယ်ကို လွှမ်းမိုး နှိပ်စက်တတ်, မဟဂ္ဂုတ်အနွယ်, အရိယာအနွယ်ကို ဖြစ်ပွားစေတတ်သောစိတ်။

အပ္ပနာဇောဝါရ

| ဝီထိအမည် | ဘဝင် | | | ဥပစာရသမာဓိဇော | | | | အပ္ပနာဇော | |
|---|---|---|---|---|---|---|---|---|---|
| ရူပါန | န | ဒ | မ | ပ | ဥ | နု | ဂေါ | ရူပါန်ဇော ၁–ကြိမ် / များစွာ | ဘ |
| မဂ္ဂ | န | ဒ | မ | ပ | ဥ | နု | ဂေါ / ဝေါ | မဂ်, ဖိုလ် ၂/၃–ကြိမ် | ဘ |
| ဖလသမာပတ္တိ | န | ဒ | မ | နု | နု | နု | နု | ဖိုလ်ဇောများစွာ | ဘ |
| အဘိညာ | န | ဒ | မ | ပ | ဥ | နု | ဂေါ | အဘိညာဉ်ဇော ၁–ကြိမ် | ဘ |
| နိရောဓ သမာပတ္တိ | န | ဒ | မ | ပ | ဥ | နု | ဂေါ | နေဝ ကု/ကြိ ရူပါန်ဇော ၂ (နိရောဓ) အနာဂါမိ/အရဟတ္တ ဖိုလ် | ဘ |

* ***။ ရူပါန်, မဂ်, ဖလ၊ အဘိညာဏ်၊ တစ်ဝန် နိရောဓ။***

**ဆိုရိုး** အပ္ပနာဝီထိသည် ရူပါနဝီထိ, မဂ္ဂဝီထိ,ဖလသမာပတ္တိဝီထိ,အဘိညာဝီထိ,နိရောဓသမာပတ္တိ ဝီထိ အားဖြင့် ၅–ပါး ပြား၏၊ ထိုတွင် –

၁။ **ရူပါနဝီထိဖြစ်ပုံမှာ** –ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘု၊ အာဒိကမ္မိကရူပါနဝီထိ၌ ရူပါန်ဇော ၁–ကြိမ်, သမာပတ္တိရူပါနဝီထိ၌ ရူပါန်ဇော များစွာ, ထို့နောင် ဘဝင်။ (သမာပတ္တိ = လိုအပ်သလောက် ထပ်တလဲလဲ ဝင်စားမှု)

၂။ **မဂ္ဂဝီထိဖြစ်ပုံမှာ** –ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘု/ဝေါဒါန်, မဂ်ဇော ၁–ကြိမ်, မဂ္ဂါနန္တရဖိုလ်ဇော ၂–ကြိမ်, ၃–ကြိမ်, ထို့နောင် ဘဝင်။ (သောတာပတ္တိမဂ္ဂဝီထိ၌ ဂေါ်တြဘု, အထက်မဂ္ဂဝီထိ၌ ဝေါဒါန်။ အာဝဇ္ဇန်း ၁–ခုရှိသောဝီထိ၌ ဇော ၇–ကြိမ် ဇောစောလျှင် မန္ဒပုဂ္ဂိုလ်၏ ၅–ကြိမ်မြောက် မဂ်နောင် ဖိုလ်ဇော ၂–ကြိမ်, တိက္ခပုဂ္ဂိုလ်၏ ၄–ကြိမ်မြောက် မဂ်နောင် ဖိုလ်ဇော ၃–ကြိမ် ဇောသည်–ဟု မှတ်)

၃။ **ဖလသမာပတ္တိဝီထိဖြစ်ပုံမှာ** – ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, အနုလုံ၄–ကြိမ်, ဖိုလ်ဇောများစွာ, ထို့နောင် ဘဝင်။ (ဖလသမာပတ္တိ = ဖလဈာန်များ မိမိဆိုင်ရာဖိုလ်ကို လိုသလို ဝင်စားမှု)

၄။ **အဘိညာဝီထိဖြစ်ပုံမှာ** –ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘု, အဘိညာဏ်ဇော ၁–ကြိမ်, ထို့နောင် ဘဝင်။

၅။ **နိရောဓသမာပတ္တိဝီထိဖြစ်ပုံမှာ** – ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘု, နေဝသညာနာသညာယတနကုသိုလ် ကြိယာ ရူပါန် ဇော၂–ကြိမ်, ထို့နောင် နိရောဓ, နိရောဓသမာပတ်မှ ထသောအခါအနာဂါမိပုဂ္ဂိုလ်အား အနာဂါမိ ဖိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တ ဖိုလ် ဇော ၁–ကြိမ်စီ, ထို့နောင် ဘဝင်။

http://www.dhammadownload.com


## ကာမဇောနှောင် အပ္ပနာဇောနှောင်းပုံ

| ပုဂ္ဂိုလ် | ဥပစာရသမာဓိဇော | အပ္ပနာသမာဓိဇော | | | |
|---|---|---|---|---|---|
| | မဟာကု,ကြိ သံ ၈ | မဟဂ္ဂုတ်ဇော ၁၈ | မဂ်ဇော ၂၀ | ဖိုလ်ဇော ၂၀ | ၅၈ |
| တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် | မဟာကု သံ ၄ | ။ ကု ၉ | ။ ၂၀ | အောက်ဖိုလ် ၁၅ | ၄၄ |
| | ။ သံ-သော ၂ | ။ ကုသော ၄ | ။ သော ၁၆ | ။ သော ၁၂ | ၃၂ |
| | ။ သံ-ဥ ၂ | ။ ကု ဥ ၅ | ။ ဥ ၄ | ။ ဥ ၃ | ၁၂ |
| ရဟန္တာ | မဟာကြိ သံ ၄ | ။ ကြိ ၉ | | အရဟတ္တဖိုလ် ၅ | ၁၄ |
| | ။ သံ-သော ၂ | ။ ကြိ သော ၄ | | ။ သော ၄ | ၈ |
| | ။ သံ-ဥ ၂ | ။ ကြိ ဥ ၅ | | ။ ဥ ၁ | ၆ |

* ▪ *တုသိုလ် နောက်ဘတ်၊ ပ္ပနာ ဆတ်ဖို့၊ မတာဂ် ကုသိုလ်၊ မဂ်, အောက်ဖိုလ်၊ မိန့်ဆိုလေးလေး၊ သော, ဥ ရွေး။*

* ▪ *ကြိယာ, နောက်ဘတ်၊ ပ္ပနာ ဆတ်ဖို့၊ မတာဂ်ကြိ၊ တတ်ဖိုလ်သိ၊ ခွဲဘိ သော ဥ ဆယ့်လေးခု။*

**ဆိုရိုး**

၁။ တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုနောင် မဟဂ္ဂုတ် ကုသိုလ် ၉-ခု၊ မဂ်ဇော ၂၀၊ အောက်ဖိုလ် ၃-ခု၊ ဇော ၁၅-ခုအားဖြင့် ၄၄-ခုသော အပ္ပနာဇောတို့ နှောင်းကုန်၏။ ထိုတွင် -

(က) မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော ၂-ခုနောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ခု၊ မဂ်သောမနဿ ၁၆-ခု၊ အောက်ဖိုလ် သောမနဿ ၁၂-ခုအားဖြင့် ၃၂-ခုသော အပ္ပနာဇောတို့ နှောင်းကုန်၏။ **(ဒွတ္တိံသ သုခ ပုညမှာ)**

(ခ) မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ခု၊ မဂ် ဥပေက္ခာ ၄-ခု၊ အောက်ဖိုလ် ဥပေက္ခာ ၃-ခု အားဖြင့် ၁၂-ခုသော အပ္ပနာဇောတို့ နှောင်းကုန်၏။ **(ဒွါဒသောပေက္ခကာ ပရံ)**

၂။ ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခုနောင် မဟဂ္ဂုတ်ကြိယာ ၉-ခု၊ အရဟတ္တဖိုလ် ၅-ခုအားဖြင့် ၁၄-ခုသော အပ္ပနာဇောတို့ နှောင်းကုန်၏။ ထိုတွင် -

(က) မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿဇော ၂-ခုနောင် မဟဂ္ဂုတ် ကြိယာ

http://www.dhammadownload.com



သောမနဿ ၄–ခု၊ အရဟတ္တဖိုလ် သောမနဿ ၄–ခုအားဖြင့် ၈–ခုသော အပ္ပနာဇောတို့ နောင်းကုန်၏။ **(သုခိတ ကြိယာဇော အစ္ဆ)**

(ခ) မဟာကြိယာဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂–ခုနောင် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ၅–ခု၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁–ခုအားဖြင့် ၆–ခုသော အပ္ပနာဇောတို့ နောင်းကုန်၏။ **(ဆသမ္ဘောန္တိ ဥပေက္ခကာ)**

**မှတ်ချက်။** ။ တိဟိတ်ပုထုဇဉ်နှင့် အောက်အလွှာန်ပုဂ္ဂိုလ်တို့အား အပ္ပနာဇောနောင်းရာ၌ မဟဂ္ဂုတ်ဇောသာ ဟူကြသည်။ လောကုတ္တရာ ဇောများကား အရမကျကြ။ မတူပုံကို အောက်ပါအတိုင်း သိလေ။

| ပုဂ္ဂိုလ် | မဟာဂုတ် | ဗိဇ္ဇိပိုင်ဖိုလ် | အထက်မဂ် | ပေါင်း |
|---|---|---|---|---|
| တိဟိတ်ပုထုဇဉ်အား – | မဟာကုသိုလ် ၈–ခု | | သောတာပတ္တိမဂ် ၅–ခု | ၁၃–ခု။ |
| သောတာပန်အား – | ။ | သောတာပတ္တိဖိုလ် ၅–ခု | သကဒါဂါမိမဂ် ၅–ခု | ၁၀–ခု။ |
| သကဒါဂါမိအား – | ။ | သကဒါဂါမိဖိုလ် ၅–ခု | အနာဂါမိမဂ် ၅–ခု | ၁၀–ခု။ |
| အနာဂါမိအား – | ။ | အနာဂါမိဖိုလ် ၅–ခု | အရဟတ္တမဂ် ၅–ခု | ၁၀–ခု။ |

| ဇော | အခြေအနေ အချိန်အခါ | ဇောသောအကြိမ် |
|---|---|---|
| ကာမ | ပကတိအခါ | ၇/၆ |
| | မရဏာသန္နအခါစသည်တို့၌ | ၅ |
| | မြတ်စွာဘုရား၏ ယမကပါဋိဟာရိယ ကာလ စသည်၌ | ၄/၅ |
| | အပ္ပနာဇော၏ရှေး ဥပစာရသမာဓိ ဇော | ၄/၃ |
| မဟဂ္ဂုတ် | အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထမကပ္ပနာအခါ၌ | ၁ |
| | အဘိညာဉ်ဇော | ၁ |
| | နိရောဓသမာပတ်၏ရှေး နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာနှစ်ခု ဇော | ၂ |
| | သမာပတ္တိဈာနဝီထိ၌ | များစွာ |
| လောကုတ္တရာ | နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော | ၁ |
| | မဂ်ဇော | ၁ |
| | မဂ္ဂါနန္တရဖိုလ်ဇော | ၂/၃ |
| | ဖလသမာပတ္တိ ဝီထိ၌ ဖိုလ်ဇော | များစွာ |

http://www.dhammadownload.com


**ဇောအားလုံးနှင့် အကြိမ်**

** ။ ကာမဇောသို၊ ပကတိခါ။ ခွန်, ခြောက်ကြာနှင့်၊ မရဏာ ငါး၊ ဘုရားတန်ခိုး၊ပြုချိန်မျိုးတာ၊ လေးနှင့် ငါးတည်း၊ ရှေ့သွား–ပွနာ၊ လေး, သုံးကြာ၊ စောရာ အကြိမ်ပေါင်း။*

** ။ ဇော မဟဂ္ဂုတ၊ ရ ကာစ နှင့်။ တစ်ဝ ဘိညာ၊ တစ်ကြိမ်သာတည်း၊ နေဝါ နိရှေး၊ နှစ်ကြိမ်ရွေး၊ မှတ်ရေး သမာ၊ ကြိမ်များစွာ။*

** ။ နိရောဓ မှ၊ ထ ကာစ ဖိုလ်၊ မဂ်စိတ်ကိုလျှင်၊ မိန့်ဆိုတစ်ကြိမ်၊ နှစ်, သုံးကြိမ်မှာ၊ မဂ္ဂါနန္တရ၊ ဖိုလ်ဇော ချ၊ များလှ သမာ ဖိုလ်ဇောကြာ။*

**ဆိုရိုး**

၁။ **ကာမဇောတို့သည်** –

(က) ပကတိအခါ ၇–ကြိမ်၊ ၆–ကြိမ်၊

(ခ) မရဏာသန္နအခါ စသည်တို့၌ ၅–ကြိမ်၊

(ဂ) မြတ်စွာဘုရား၏ ယမက ပါဋိဟာရိယ ကာလ စသည်တို့၌ ပစ္စဝေက္ခဏာဇော ၄–ကြိမ်၊ ၅–ကြိမ်။

(ဃ) အပ္ပနာဇော၏ရှေး ဥပစာရ သမာဓိဇော ၄–ကြိမ်၊ ၃–ကြိမ်၊

၂။ **မဟဂ္ဂုတ်ဇောတို့သည်** –

(က) အာဒိကမ္မိက ပုဂ္ဂိုလ်၏ ပဌမကပ္ပနာ အခါ၌ ၁–ကြိမ်၊

(ခ) အဘိညာဉ်ဇော ၁–ကြိမ်၊

(ဂ) နိရောဓသမာပတ်၏ရှေး နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာရျာန်ဇော ၂–ကြိမ်၊

(ဃ) သမာပတ္တိ ရျာနဝိထိ၌ ရျာန်ဇောများစွာ။

၃။ **လောကုတ္တရာဇောတို့သည်**–

(က) နိရောဓသမာပတ်မှ ထ–သောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော ၁–ကြိမ်၊

(ခ) မဂ်ဇော ၁–ကြိမ်၊

(ဂ) မဂ္ဂါနန္တရ ဖိုလ်ဇော ၂–ကြိမ်၊ ၃–ကြိမ်၊

(ဃ) ဖလသမာပတ္တိဝိထိ၌ ဖိုလ်ဇောများစွာ။

# ကာမ ပုဂ္ဂိုလ်စိတ်ရ

| ပုဂ္ဂိုလ် | | စိတ် | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | အကုသိုလ် | အဟိတ် | [illegible] | [illegible] | မဟာဝိ | မဟဂ္ဂုတ် | လောကုတ္တရာ | သင်္ချာ |
| ပုထုဇဉ် ၄ | ဒုဂ္ဂတိအဟိတ် | ၁၂ | ဟသိကြဉ် ၁၇ | ၈ | | | | | ၃၇ |
| | သုဂတိအဟိတ်, ဒွိဟိတ် | ၁၂ | ဟသိကြဉ် ၁၇ | ၈ | | ဝိ ၄ | | | ၄၁ |
| | တိဟိတ် ပုထုဇဉ် | ၁၂ | ဟသိကြဉ် ၁၇ | ၈ | | ၈ | (ဈာန်ရ) ကု ၉ | | ၄၅ / ၅၄ |
| အရိယာ ၈ | မဂ္ဂဋ္ဌာန် ၄ | | | | | | | ဆိုင်ရာမဂ် ၁–၃ ဝိ | ၁ |
| | သော, သက– ဖလဋ္ဌာန် | ဒိဋ္ဌိသံ, ဝိစိ ကြဉ် ၇ | ဟသိကြဉ် ၁၇ | ၈ | | ၈ | (ဈာန်ရ) ကု– ၉ | ဆိုင်ရာဖိုလ် ၁–၃ ဝိ | ၄၁ / ၅၀ |
| | အနာ ဖလဋ္ဌာန် | ဒိဋ္ဌိ သံ, ဝိစိ ဒေါ၊ ကြဉ် ၅ | ဟသိကြဉ် ၁၇ | ၈ | | ၈ | (ဈာန်ရ) ကု– ၉ | အနာဖိုလ် ၁ | ၃၉ / ၄၈ |
| | အရဟတ္တဖလဋ္ဌာန် | | ၁၈ | | ၈ | ၈ | (ဈာန်ရ) ကြိ ၉ | အရ–ဖိုလ် ၁ | ၃၅ / ၄၄ |

* ။အကုသလ၊ ဟသိတ–ကြဉ်၊ အဟိတ်–ဝင်၍၊ ထို့ပြင် ကာကု၊ သုံးခွန်စု၊ ရမှု ဒုဂ္ဂတိအဟိတ်။

* ။ ဝိဝ် မဟာဝိ၊ ထပ်ရရှိ၊ သု. ဒွိ ပုဂ္ဂိုလ်မှာ။

* ။အကုသလ၊ ဟသိတ–ကြဉ်၊ အဟိတ်ဝင်၍၊ ထို့ပြင် မဟာ၊ ကု. ဝိပါ၊ တိမှာ လေးဆယ့်ငါး။

* ။မဂ္ဂဋ္ဌာန်မှာ၊ သူ့ဆိုင်ရာ၊ မဂ်တစ်ခုစီ။

* ။ဒိဋ္ဌိသံ ဝိစိ၊ သော–ပယ်ဘိ၍၊ ဒေါ ဒွိ အနာ၊ ထပ်ပါယ်ကာ၊ ဆိုင်ရာဖိုလ်ယူ တိဟိတ်တူ။

* ။အဟိတ် မဟာ၊ ဝိ, ကြိယာနှင့်၊ အရဟာ ဖိုလ်ထား၊ သုံးဆယ့်ငါး၊ ရကြောင်း ရဟန္တာ။

* ။ဈာန်ရ တိ, သေက်၊ ကုသိုလ်လှစ်၊ အသေက် ကြိ မဟာဂ်သိ။

ဆိုရိုး။ ပုထုဇဉ်ပုဂ္ဂိုလ်သည်ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်,တိဟိတ်အားဖြင့် ၄ယောက်။

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ–အကုသိုလ်စိတ်–၁၂–ခု၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်–၁၇–ခု၊ မဟာကုသိုလ် ၈–ခုအားဖြင့် ၃၇–ခု ရသည်။

http://www.dhammadownload.com



၂။ **သုဂတိအတိတ်,ဒွိတိတ်ပုဂ္ဂိုလ်မှာ**–အကုသိုလ်စိတ် ၁၂–ခု၊ ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ်၁၇–ခု၊ မဟာကုသိုလ်၈–ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်၄–ခုအားဖြင့် ၄၁–ခုရသည်။

၃။ **တိတိတ် ပုထုဇဉ်ပုဂ္ဂိုလ်မှာ** – အကုသိုလ်စိတ်–၁၂–ခု၊ ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ်၁၇–ခု၊ မဟာကုသိုလ်–၈–ခု၊ မဟာဝိပါက် ၈–ခုအားဖြင့် ၄၅–ခုရသည်။

၄။ **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များမှာ** – သူတို့၏ သက်ဆိုင်ရာ မဂ်စိတ် ၁–ခုစီသာ ရသည်။

၅။ **သောတာပန်, သကဒါဂါမိပုဂ္ဂိုလ်မှာ**–ဒိဋ္ဌိဂတသမ္ပယုတ်,ဝိစိကိစ္ဆာကြဉ်သောအကုသိုလ် ၇–ခု၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇–ခု မဟာကုသိုလ်၈–ခု၊ မဟာဝိပါက် ၈–ခု၊ မိမိဖိုလ် ၁–ခု၊အားဖြင့် ၄၁–ခုရသည်။

၆။ **အနာဂါမိပုဂ္ဂိုလ်မှာ**– ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာ,ဒေါသမူ ၂–ကြဉ် အကုသိုလ် ၅ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇–ခု၊ မဟာကုသိုလ် ၈–ခု၊ မဟာဝိပါက် ၈–ခု၊ အနာဂါမိဖိုလ် ၁–ခု အားဖြင့် ၃၉–ခု ရသည်။

၇။ **ရဟန္တာပုဂ္ဂိုလ်မှာ**– အဟိတ်စိတ် ၁၈–ခု၊ မဟာဝိပါက် ၈–ခု၊ မဟာကြိယာ ၈–ခု၊ အရဟတ္တဖိုလ် ၁–ခု အားဖြင့် ၃၅–ခု ရသည်။

၈။ **ဈာန်ရပုဂ္ဂိုလ်ဖြစ်လျှင်** – တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်အတွက် မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ အသေက္ခခေါ် ရဟန္တာပုဂ္ဂိုလ်အတွက်–မဟဂ္ဂုတ် ကြိယာ ၉–ခု အပိုထပ်ရသည်။

---

ဒု, သု, ဒွိ ပုဂ္ဂိုလ်တို့၌ ကြိယာဇောနှင့် အပ္ပနာဇောများ မရနိုင်သောကြောင့် ဈာန်ရပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ် မဖြစ်နိုင်။ ရဟန္တာပုဂ္ဂိုလ်၌–အကုသိုလ်အားလုံး ပယ်ပြီးဖြစ်၍ အကုသိုလ်များ မရတော့၊ ပြုသမျှ ကောင်းမှုများလည်း အကျိုးမဖြစ်၊ ပြုကာမတ္တဖြစ်၍ ကုသိုလ် မမည် ကြိယာသာ မည်သည်။ (ဒိဋ္ဌ သံ ၄, ဝိစိကိစ္ဆာ ၁–သည် ပုထုဇဉ်၌သာဖြစ်၊ လောကုတ္တရာသည် အရိယာ၌သာဖြစ်) ဈာန်, ဆိုင်ရာတို့၌ ပြုထားသည်ကား ကာမဘုံသားအတွက် ဖြစ်သည်၊ ရူပဘုံသား, အရူပဘုံသားဖြစ်လျှင် မဟာဝိပါက်အစား သက်ဆိုင်ရာ ရူပဝိပါက်, အရူပဝိပါက်ပြောင်း၍ ဘုံမှာ မရသော စိတ်များကိုလည်း ပယ်ထုတ်ရမည်။

**ဒုဂ္ဂတိအတိတ်** = အပါယ် အုဂ္ဂတိဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ (အဟိတ်) စိတ်ဖြင့် ပဋိသန္ဓေနေသူ။

**သုဂတိအတိတ်** = လူ, စတုမဟာရာဇ် ဟူသော သုဂတိဘုံ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသူ။

**ဒွိတိတ်** = ဟိတ် ၂–ပါးရှိသည့် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေသူ။

**တိတိတ်** = ဟိတ် ၃–ပါးရှိသည့် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄၊ မဟဂ္ဂုတ်ဝိပါက် ၉–ခုတို့ ဖြင့် ပဋိသန္ဓေနေသူ ၊

(တိဟိတ်ပုထုဇဉ်မှအရိယာအဆင့်သို့ တက်ရသောကြောင့် တိဟိတ်ပုထုဇဉ်နှင့် အရိယာ ၈–ယောက်ကို တိဟိတ်ပုဂ္ဂိုလ် ၉–ယောက်ဟုဆိုသည်။

http://www.dhammadownload.com


## ဘုံစိတ်ရ

| ဘုံ | စိတ် | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အကုသိုလ် | အဟိတ် | မဟာကု | မဟာဝိ | မဟာကြိ | မဟဂ္ဂုတ် | လောကုတ် | |
| ကာမ–၁၁ | ၁၂ | ၁၈ | ၈ | ၈ | ၈ | ဝိပါက် ကြဉ် ၁၈ | ၈ | ၈၀ |
| အသညကြဉ် ရူပ ၁၅ | ဒေါသမူကြဉ် ၁၀ | ဃာနာဒိကြဉ် ၁၂ | ၈ | | ၈ | အရူဝိ ကြဉ် ၂၃ | ၈ | ၆၉ |
| အရူပ ၄ | လောဘမူ မောဟမူ | မနောဒွါ ရာဝဇ္ဇန်း | ၈ | | ၈ | အရူ ၁၂ | သောမဂ် ကြဉ် ၇ | ၄၆ |
| အသညသတ် | | | | | | | | |

(သင်္ဂြိုဟ်၌ ပုဂ္ဂိုလ်စိတ်ရ, ဘုံစိတ်ရတို့ကို ဝီထိစိတ်နှင့်သာ ပြသည်။ ဝီထိမုတ် စိတ်တို့ပါ ရှမ်း ကြည့်၍ ရနိုင်သမျှ ပြထားသည်)

* ။ မတင် ဝိ–ကြဉ်၊ ကာမ– တွင်၊ စိတ်လျှင် ရှစ်ဆယ်သာ။

* ။ ဒေါ်, ဃာနာဒိ၊ မဟာဝိနှင့်၊ အရူဝိ လေး၊ ကြဉ်ရေး နှစ်ဆယ်၊ ရူပဝယ်၊ မှတ်ဖွယ်ခြောက်ဆယ့်ကိုး။

* ။ လော, မော ဆယ်ဖြာ၊ မနောဒွါနှင့်၊ မဟာကု, ကြိ၊ မှတ်သိ အရူ၊ လောကုတ် မူကား။စ ကြဉ်ထား၍၊ မှတ်သား လေးဆယ်၊ ခြောက်ခုကယ်၊ ဘုံဝယ် အရူပ။

* ။ စိတ်, စေ မရ၊ အသည၊ ရုပ်မျှ သက်သက်နေ။

*။ ဒေါ်, ဃာနာဒိ၊ မဟာဝိ–မှာ၊ ကာမသာသိ၊ ရူ, ရူ ဝိမှာ၊ ရူ, ရူသာ၊ ဆိုင်ရာ ဘုံဖြစ်စိတ်။

ဆိုရိုး ၁။ ကာမဘုံ၌ – မဟဂ္ဂုတ်ဝိပါက်ကြဉ်သော စိတ်ရှစ်ဆယ်ရသည်။

၂။ ရူပဘုံ၌ – ဒေါသမူကြဉ်သော အကုသိုလ်–၁၀၊ဃာနာဒိတွဲယှဉ် ၆–ခုကြဉ် အဟိတ်–၁၂၊ မဟာကုသိုလ်–၈၊ မဟာကြိယာ–၈၊ ရူပ–၁၅၊ ဝိပါက်ကြဉ်သော အရူပ–၈၊ လောကုတ္တရာ ၈–ခု အားဖြင့် ၆၉။ (ရူပ ဈာနလာဘီ စုတေသည့်–အရ ဝီထိမုတ်ဖြစ်သော ရူပဝိပါက် ၅–ခုကို နှုတ်)

၃။ အရူပဘုံ၌ – လောဘမူ, မောဟမူ–၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်–၈၊ မဟာကြိယာ– ၈၊ အရူပ–၁၂၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ၇–ခုအားဖြင့် ၄၆။ ( အရူပ ဒွေးဝတ္ထုလီသ လဒ္ဓရေ – အရ ဝီထိမုတ်ဖြစ်သော အရူပဝိပါက် ၄–ကို နှုတ်ပါ)

၄။ အသညသတ်ဘုံ၌ – စိတ်, စေတသိက်လုံးဝမရ၊ ရုပ်မျှသာရှိသည်။

ဝီထိပိုင်းပြီး၏။

http://www.dhammadownload.com



# ဝီထိမုတ်ပိုင်း

## စတုက္က ၄–ဝါး

| | စတုက္ကအမည် | | သရုပ် | | | |
|---|---|---|---|---|---|---|
| ၁ | ဘူမိစတုက္က | | အပါယ် | ကာမသုဂတိ | ရူပါဝစရ | အရူပါဝစရ |
| ၂ | ပဋိသန္ဓိစတုက္က | | အပါယ် | ကာမသုဂတိ | ရူပါဝစရ | အရူပါဝစရ |
| ၃ | ကမ္မစတုက္က | ကိစ္စ | ဇနက | ဥပတ္ထမ္ဘက | ဥပပီဠက | ဥပဃာတက |
| | | ပါကဒါန | ဂရုက | အာသန္န | အာစိဏ္ဏ | ကဋတ္တာ |
| | | ပါကကာလ | ဒိဋ္ဌဓမ္မဝေဒနီယ | ဥပပဇ္ဇဝေဒနီယ | အပရာပရိယဝေဒနီယ | အဟောသိ |
| | | အဘိဓမ္မနည်း | အကုသိုလ် | ကာမကုသိုလ် | ရူပကုသိုလ် | အရူပကုသိုလ် |
| ၄ | မရဏုပ္ပတ္တိစတုက္က | | အာယုက္ခယ | ကမ္မက္ခယ | ဥဘယက္ခယ | ဥပစ္ဆေဒက |

* ***။ ဘုံ, သန္, ကံ, စု၊ လေးစီပြု၊ လေးခု ဝီထိမုတ်။***

**ဘုံဆိုင်ရာအခန်း**

**ဘူမိစတုက္က** – သတ္တဝါတို့၏ ဖြစ်ရာဌာနကို ဘူမိ (ဘုံ)ဟုခေါ်သည်၊ ထိုဘုံသည် အပါယ်ဘုံ, ကာမ သုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ ဟု ၄–မျိုးရှိသည်။ (ပဋိသန္ဓိစတုက္က သေသည်တို့ကိုလည်း ဆိုလေ)

---

**ငရဲဘုံ** – – – ချမ်းသာသုခ မရှိသော ဘုံဌာနကို နိရယ(ငရဲ)ဟုခေါ်သည်။ ထိုငရဲဘုံသည် သိဉ္ဇိုဝ်း, ကာဠသုတ်, သံဃာတ, ရောရုဝ, မဟာ ရောရုဝ,တာပန,မဟာတာပန, အဝီစိ–ဟု ရှစ်ထပ်ရှိ၏။ ယင်းတို့ကို မဟာနိရယ=ငရဲကြီးများဟုခေါ်သည်။ (ဇာတက ၂–၆၀)

* ***။ သိဉ္ဇိုဝ်း, ကာဠ၊ သံဃာတနှင့်၊ ရောရုဝနှစ်၊ တာပန် နှစ်၊ နောက်လှစ် အဝီစိ။***

**ငရဲဘုံ၏ တည်ရာ** – မြင်းမိုရ်တောင်အောက်၌ အသုရာပြည် တည်ရှိသည်။ ယင်းအသုရာပြည် အောက် ယူဇနာ ၁၅၀၀၀–စီ ခြားလျက် ငရဲကြီး ရှစ်ထပ်တည်ရှိ၏။ (ဘာဒနီ)

* ***။ သောင်းငါးထောင်စီ၊ သချာညီ၊ ရှစ်လီ ပါယ်, သုရာ (ဘာဒနီ)***

**ငရဲငယ်။** ။ ငရဲကြီးရှစ်ထပ်၏ အထပ်တိုင်းတွင်– ဘင်ပုပ်ငရဲ, ပြာပူငရဲ, လက်ပံတောငရဲ, သန်လျက်ရွက်တော ငရဲ, ကြိမ်ပိုက်ချောင်း ငရဲ ဟု ဥဿဒငရဲငယ် ၅–ခု တံတိုင်းခတ်သလို ရံပတ်၍ နေသည်။ (မ ၃–၂၂၃၊ ပရမတ္ထသံခိပ်၊ ၁၄၀)

* ***။ အထပ်တိုင်းမှာ၊ ဘင်, ပြာ, လတ်, သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒ။ (တိ)***

**တိရစ္ဆာန်** = မတ်မတ် မသွား၊ ဖီလာ အလျားလိုက်သွားတတ်သော ခွေး, ဝက်, ကြက်, ငှက်–စသော တိရစ္ဆာန်အပေါင်း။ တိရစ္ဆာန်တို့၏ နေရာအရပ်နှင့် ခန္ဓာကိုယ်သည်ပင် တိရစ္ဆာန် ဘုံဖြစ်သည်။ (ဋီကာကျော်)

http://www.dhammadownload.com



<table>
<tr><th colspan="4">ဘုံအမျိုးအစား</th><th>၃၁-ဘုံအမည်</th><th colspan="2">သက်တမ်း</th></tr>
<tr><td rowspan="13">ဗြဟ္မာဘုံ ၂၀</td><td rowspan="4" colspan="3">အရူပ ၄-ဘုံ</td><td>နေဝသညာနာသညာယတန</td><td rowspan="12">မဟာကပ်</td><td>၈၄၀၀၀</td></tr>
<tr><td>အာကိဉ္စညာယတန</td><td>၆၀၀၀၀</td></tr>
<tr><td>ဝိညာဏဉ္စာယတန</td><td>၄၀၀၀၀</td></tr>
<tr><td>အာကာသာနဉ္စာယတန</td><td>၂၀၀၀၀</td></tr>
<tr><td rowspan="9">ရူပ ၁၆-ဘုံ</td><td rowspan="6">စတုတ္ထဈာန် ၇-ဘုံ</td><td rowspan="5">သုဒ္ဓါဝါသ ၅-ဘုံ</td><td>အကနိဋ္ဌာ</td><td>၁၆၀၀၀</td></tr>
<tr><td>သုဒဿီ</td><td>၈၀၀၀</td></tr>
<tr><td>သုဒဿာ</td><td>၄၀၀၀</td></tr>
<tr><td>အတပ္ပါ</td><td>၂၀၀၀</td></tr>
<tr><td>အဝိဟာ</td><td>၁၀၀၀</td></tr>
<tr><td></td><td>ဝေဟပ္ဖိုလ်, အသညသတ်</td><td>၅၀၀</td></tr>
<tr><td rowspan="3"></td><td>တတိယဈာန် ၃-ဘုံ</td><td>ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ<br>၁၆ ၃၂ ၆၄</td><td></td></tr>
<tr><td>ဒုတိယဈာန် ၃-ဘုံ</td><td>ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ<br>၂ ၄ ၈</td><td></td></tr>
<tr><td>ပဌမဈာန် ၃-ဘုံ</td><td>ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ<br>၁/၃ ၁/၂ ၁</td><td colspan="2">အသင်္ချေယျ</td></tr>
<tr><td rowspan="8">ကာမ ၁၁-ဘုံ</td><td rowspan="7">ကာမသုဂတိ ၇-ဘုံ</td><td rowspan="6" colspan="2">နတ်ပြည် ၆-ထပ်</td><td>ပရနိမ္မိတဝသဝတ္တီ</td><td colspan="2">နတ် ၁၆၀၀၀ / လူ ၉၂၁၆ -သန်း</td></tr>
<tr><td>နိမ္မာနရတိ</td><td colspan="2">နတ် ၈၀၀၀/ လူ ၂၃၀၄ -သန်း</td></tr>
<tr><td>တုသိတာ</td><td colspan="2">နတ် ၄၀၀၀/ လူ ၅၇၆ -သန်း</td></tr>
<tr><td>ယာမာ</td><td colspan="2">နတ် ၂၀၀၀/ လူ ၁၄၄ -သန်း</td></tr>
<tr><td>တာဝတိံသာ</td><td colspan="2">နတ် ၁၀၀၀/ လူ ၃၆ -သန်း</td></tr>
<tr><td>စာတုမဟာရာဇ်</td><td colspan="2">နတ် ၅၀၀/ လူ ၉ -သန်း</td></tr>
<tr><td colspan="2">လူဘုံ</td><td>လူဘုံ</td><td colspan="2"></td></tr>
<tr><td colspan="3">အပါယ် ၄-ဘုံ</td><td>ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်</td><td colspan="2"></td></tr>
</table>

သက်တမ်းမမြဲသူများ။ ။ အပါယ်ဘုံသား၊ လူအများနှင့်၊ အခြား ဝိနိပါတိ၊ မြဲမရှိ၊ မှတ်ဘိ သက်တမ်းမှာ။

http://www.dhammadownload.com


**အပါယ်ဘုံ** – လူ, နတ်, နိဗ္ဗာန် သုံးတန် သမ္ပတ္တိ ရရှိကြောင်း ကောင်းမှုမှ ကင်းရာဘုံ။

ထိုအပါယ်ဘုံသည်– ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်အားဖြင့် ၄–ပါး။

* ***။ အပါယ် လေး၀၊ မနုဿနှင့်၊ ဒေဝ ခြောက်ထပ်၊ ဆယ့်ခြောက်ရပ် ရူ၊ အရူ ပူ၊ လေးဆူဘုံလှစ်၊ သုံးဆယ့်တစ်။***

* ***။ ငရဲ, တိရိစ်၊ ပြိတ်, အသုရာ၊ ပါယ်လေးရွာ၊ ချမ်းသာ မရှိမှတ်။***

* ***။ စ, တာ, ယာ, တု၊ နိမ်, ပ–၅ု၊ ခြောက်ခု နတ်ဒေဝါ။***

* ***။ ပ, ဒု, တ ရပ်၊ သုံးစိမှတ်၍၊ ဝေတပ်, အသဉ်၊ သုဒ် ငါးအင်တား၊ ဈ ရှာန်ထား၊ မှတ်သား ၅–ဘုံ တစ်ဆယ့်ခြောက်။***

* ***။ အဝိ အတပ်၊ သုဒဿ နှစ်ရိပ်၊ အတနိဋ္ဌ၊ ငါးစိပ် သုဒ္ဓါဝါ။***

---

**ပြိတ္တာ**– ထိတ်ထိတ် ပြာပြာ ဆင်းဆင်းရဲရဲ နေရသောတစ္ဆေ, အသီး, သရဲ, ဘီလူး, သဘက် စသော သတ္တဝါမျိုး၊ ထိုသူတို့၏ နေရာအရပ်နှင့် ခန္ဓာကိုယ်သည်ပင် ပြိတ္တာဘုံ။ (ဋီကာကျော်)

**အသုရကာယ်** – ပြိတ္တာအကြီးစားများအပေါင်း သူတို့နေရာနှင့် ခန္ဓာကိုယ်သည်ပင် သူတို့ ဘုံ။ (ဋီကာကျော်)

**ကာမသုဂတိ** =ကာမတဏှာ၏ ကျက်လည်ရာဘုံသည် ကာမဘုံ ကောင်းမြတ်သော လားရောက်ရာ ကာမဘုံသည် ကာမသုဂတိဘုံ။ (စတုမဟာရာဇ်ဘုံသည် မြင်းမိုရ်တောင်အလယ် လောက်မှစ၍) မြေပြင်ရောက်အောင် ပြန့်နှံ့၍ တည်၏။ တာဝတိံသာဘုံသည် မြင်းမိုရ်တောင်ထိပ်၌ တည်သည်၊ ယာမာ–စသော အထက်နတ်ဘုံများကား မြင်းမိုရ်တောင်အထက် ကောင်းကင်၌ တည်သည်၊ ကာမသုဂတိ ၇–ဘုံတို့သည်ယူဇနာ ၄–သောင်း ၂–ထောင်စီ ခြား၏။ ဗြဟ္မာဘုံများကား ၅–သန်း, ၅–သိန်း, ၈–ထောင်စီ ခြား၏) (သင်္ဂြိုဟ်ဘာသာဋီကာ စသည်)

**သက်တမ်းတွက်ပုံ**– ဖော်ပြအပ်ခဲ့သော သက်တမ်းများကို ကာမဘုံသားများအတွက် နှစ်ဖြင့် ၎င်း၊ ပထမဈာန်ဘုံသားများအတွက် အသင်္ချေယျကပ်ဖြင့်၎င်း၊ အထက်ဗြဟ္မာများအတွက် မဟာကပ်ဖြင့်၎င်းရေတွက်ပါလေ။ ဥပမာ–စတုမဟာရာဇ်နတ်တို့သည် နတ်အရေအတွက် နှစ် ၅၀၀၊ လူ့အရေ အတွက် နှစ် ၉–သန်း သက်တမ်းရှိသည် စသည်ဖြင့် နတ် ၆–ဘုံသက်တမ်းကိုသိလေ၊ နတ်–၆ ဘုံသက်တမ်း အောက်ဆင့်မှ ထက်ဆင့်သို့ တက်ရာ၌ နတ်အရေ အတွက်ကို ၂–ဖြင့်မြှောက်၊ လူ့အရေအတွက်ကို ၄–ဖြင့်မြှောက်။

| | စတုမဟာရာဇ်×တာဝတိံသာ | တာဝတိံသာ×ယာမာ | ယာမာ×တုသိတာ |
|---|---|---|---|
| **နတ်အရေအတွက်-** | ၅၀၀×၂=၁၀၀၀၊ | ၁၀၀၀×၂=၂၀၀၀၊ | ၂၀၀၀×၂=၄၀၀၀၊ |
| **လူ့အရေအတွက်-** | ၉,၀၀၀,၀၀၀×၄=၃၆,၀၀၀,၀၀၀၊ | ၃၆,၀၀၀,၀၀၀×၄=၁၄၄,၀၀၀,၀၀၀၊ | ၁၄၄,၀၀၀,၀၀၀×၄=၅၇၆,၀၀၀,၀၀၀ |

ဗြဟ္မပါရိသဇ္ဇာဘုံသားတို့သည် အသင်္ချေယျကပ်၏ ၃–ပုံ ၁–ပုံ၊ ဗြဟ္မပုရောဟိတာဘုံသားတို့သည် အသင်္ချေကပ်၏ ထက်ဝက်၊ မဟာဗြဟ္မာဘုံသားတို့သည် အသင်္ချေယျ ၁–ကပ်၊ ပရိတ္တာဘာဘုံသားတို့သည် မဟာကပ် ၂–ကပ် သက်တမ်းရှိသည် စသည်ဖြင့်သိလေ။

## ဘုံပုဂ္ဂိုလ်ရ

## ပုဂ္ဂိုလ် ၁၂–ယောက်

| ဘုံ | | ပုဂ္ဂိုလ် ၁၂ ယောက် | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပုထုဇဉ် ၄ | | | | အရိယာ ၈ | | | | | | | | | |
| | | ဒုဂ္ဂတိအဟိတ် | သုဂတိအဟိတ် | ဒွိဟိတ် | တိဟိတ် | သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ် | သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ် | သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် | သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် | အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် | အနာဂါမိဖလဋ္ဌပုဂ္ဂိုလ် | အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ် | အရဟတ္တဖလဋ္ဌပုဂ္ဂိုလ် | ပုဂ္ဂိုလ်အလိုက်ပေါင်း | ဘုံပုဂ္ဂိုလ်အလိုက်ပေါင်း |
| အပါယ် | ၄ | ॥ | | | | | | | | | | | | ၁ | ၄ |
| လူ၊ စတုမဟာရာဇ် | ၂ | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၁ | ၂၂ |
| အထက်နတ်ပြည် | ၅ | | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၀ | ၅၀ |
| ပ–ဒု–တ ရှာန် ၃–ဘုံ ဝေဟပ္ဖိုလ်ဘုံ | ၁၀ | | | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၉ | ၉၀ |
| အသညသတ် | ၁ | | ॥ | | | | | | | | | | | ၁ | ၁ |
| သုဒ္ဓါဝါသ | ၅ | | | | | | | | | | ॥ | ॥ | ॥ | ၃ | ၁၅ |
| အရူပ | ၄ | | | | ॥ | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၈ | ၃၂ |
| ဘုံပေါင်း | ၃၁ | ၄ | ၃ | ၇ | ၂၁ | ၁၇ | ၂၁ | ၂၁ | ၂၁ | ၂၁ | ၂၆ | ၂၆ | ၂၆ | | ၂၁၄ |

***॥ ဒု, သု, ဒွိ, တိ၊ ရှစ် အရိ၊ ပေါင်းဘိ ပုဂ္ဂိုလ် ဆယ့်နှစ်ယောက်॥***

***॥ အပါယ်မှာ–ဒု၊ လူ, စတုမှာ၊ ဒု– မပါ၊ ငါးဖြာ ထက်နတ်၊ ဒု, သု လပ်॥***

***॥ ဝေဟပ်တိုင်မှာ၊ ဆယ်ဖြာတွင်၊ ရိယာ, တိပု၊ အသဉ်, သု၊ သုံးခု ရိဗျား သုဒ္ဓါ ငါး॥***

***॥ သောမဂ် မပါ၊ အရိယာနှင့်၊ တိပါ ရှစ်ဆူ၊ ဘုံ အရူ၊ ပေါင်းမူ နှစ်ရာ တစ်ဆယ့်လေး॥***

***॥ အပါယ် သညာ၊ ရိယ မပါ။ ပုထု မဖြစ်၊ ငါးဆစ် သုဒ္ဓါ॥***

***အတွင်း ဘုမ္မိ၊ ပု, ရိ ရောရာ။ သဉ် ရုပ်မျှ နာမ်မျှ အရူပါ॥***

## ဆိုရိုး

၁။ ပုဂ္ဂိုလ်သည်– ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဟူသော ပုထုဇဉ် ၄– ယောက်၊ အရိယာ ၈–ယောက်အားဖြင့် ၁၂–ယောက်။

http://www.dhammadownload.com



၂။ အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၁-ယောက်စီ ရသောကြောင့် (၄×၁) စုစုပေါင်း ၄-ယောက်။

၃။ လူဘုံ, စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ကြဉ်သော ၁၁-ယောက်စီ ရသောကြောင့် (၂×၁၁) စုစုပေါင်း ၂၂-ယောက်။

၄။ အထက်နတ်ပြည် ၅-ထပ်၌ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ကြဉ်သော ပုဂ္ဂိုလ် ၁၀-ယောက်စီ ရသောကြောင့် (၅×၁၀) စုစုပေါင်း ၅၀-ယောက်။

၅။ ဝေဟပ္ဖိုလ် တိုင်အောင်သော ဗြဟ္မာ ၁၀-ဘုံ၌ တိဟိတ် ပုထုဇဉ်နှင့် အရိယာ ၈-ယောက်အားဖြင့် ၉-ယောက်စီ ရသောကြောင့် (၁၀×၉) စုစုပေါင်း ၉၀ယောက်။

၆။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုဂ္ဂိုလ်တစ်ယောက်သာ ရသောကြောင့် (၁×၁) စုစုပေါင်း ၁-ယောက်။

၇။ သုဒ္ဓါဝါသ ၅-ဘုံ၌ ထိပ်ဖျားအရိယာပုဂ္ဂိုလ် ၃-ယောက်စီ ရသောကြောင့် (၅×၃) စုစုပေါင်း ၁၅-ယောက်။

၈။ အရူပ ၄-ဘုံ၌ တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်အားဖြင့် ၈-ယောက်စီ ရသောကြောင့် (၄×၈) စုစုပေါင်း ၃၂-ယောက်။

၉။ ၃၁-ဘုံ၌ အသီးသီးရသော ပုဂ္ဂိုလ်များကိုပေါင်းလျှင် စုစုပေါင်း ၂၁၄-ယောက်ဖြစ်သည်။

၁၀။ အပါယ်ဘုံ, အသညသတ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်မပါဝင်၊ ပုထုဇဉ်သက်သက်သာရသည်၊
သုဒ္ဓါဝါသ ဘုံ၌ ပုထုဇဉ်မပါသောအရိယာသက်သက်သာရသည်။
ကြွင်းသောဘုံတို့၌ အရိယာ, ပုထုဇဉ် ၂-မျိုးလုံး ရောလျက်ရှိသည်။
အသညသတ်ဘုံ၌ ရုပ်မျှသာရှိပြီး အရူပဘုံ၌ နာမ်မျှသာ ရှိသည်။

---

အရူပဘုံဟု ဘုံသီးခြားမရှိ၊ အရူပဝိပါက်နာမက္ခန္ဓာကိုပင် အရူပဘုံဟုဆိုသည်။ (ဋီကာကျော်)

**သတ္တာဝါသ ၉-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး (ဒီ-၃-၂၁၀၊ ၂၆၇)**

**ကာယ**=ကိုယ်ခန္ဓာ **နာနတ္တ**= ကြီး, ငယ်, နိမ့်, မြင့်စသည်ဖြင့် ထူးခြား **ဧကတ္တ**=ကြီး, ငယ်, နိမ့်, မြင့်စသည် တူညီ **သညီ**=ပဋိသန္ဓေစိတ်

၁။ နာနတ္တကာယ နာနတ္တသညီ(ကာမသုဂတိ ၇-ဘုံသားများ)
၂။ နာနတ္တကာယဧကတ္တသညီ(အပါယ်ဘုံ, ပထမဈာန်ဘုံသားများ)
၃။ ဧကတ္တကာယနာနတ္တသညီ(ဒုတိယဈာန်ဘုံသားများ)
၄။ ဧကတ္တကာယဧကတ္တသညီ (တတိယဈာန်ဘုံ,ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသဘုံသားများ)
၅။ အသညီ (အသညဘုံသားများ)
၆။ အာကာသာနဉ္စာယတန
၇။ ဝိညာဏဉ္စာယတန
၈။ အာကိဉ္စညာယတန
၉။ နေဝသညာနာသညာယတန

(အသညသတ်နှင့် နေဝသညာနာသညာယတန ၂-ပါးနုတ်လျှင် ဝိညာဏဋ္ဌိတိ ၇-ပါးဖြစ်၏)

http://www.dhammadownload.com



## ကမ္မစတုက္က

| ကမ္မစတုက္က | | ကံ | သဘော တရားကိုယ် |
|---|---|---|---|
| သုတ္တန်နည်း | ကိစ္စစတုက္က ကံ ၄ | ဇနက | ကိုယ်တိုင်ဖြစ်စေသော ကုသိုလ်, အကုသိုလ်စေတနာ |
| | | ဥပထမ္ဘက | ထောက်ပံ့ကူညီသော ။ |
| | | ဥပပီဠက | အားနည်းအောင်နှိပ်စက်တတ်သော ။ |
| | | ဥပဃာတက | သတ်ဖြတ်တတ်သော ။ |
| | ပါကဒါနပရိယာယစတုက္က ကံ ၄ | ဂရုက | အားကောင်းသော ။ |
| | | အာသန္န | သေခါနီး၌ ပြုအပ်,အောက်မေ့အပ်သော ။ |
| | | အာစိဏ္ဏ | မပြတ်လေ့ကျင့်အပ်သော ။ |
| | | ကဋတ္တာ | ဂရုက,အာသန္န,အာစိဏ္ဏအဖြစ်သို့ မရောက် သာမန်ပြုရုံမျှဖြစ်သော ။ |
| | ပါကကာလစတုက္က ကံ ၄ | ဒိဋ္ဌဓမ္မဝေဒနီယ | မျက်မှောက်ဘဝ၌ အကျိုးပေးသော ပထမဇော ။ |
| | | ဥပပဇ္ဇဝေဒနီယ | ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇော ။ |
| | | အပရာပရိယဝေဒနီယ | တတိယဘဝမှစ၍ အကျိုးပေးသော အလယ်ဇော ၅–ချက် ။ |
| | | အဟောသိ | အကျိုးမပေးဘဲ အကျိုးပေးရာကာလကို ကျော်လွန်သွားသော ။ |
| အဘိဓမ္မာနည်း | ပါကဌာနစတုက္က ကံ ၄ | အကုသိုလ် | ဒုစရိုက်အကျဉ်း ၃/ အကျယ် ၁၀/ စိတ် ၁၂ |
| | | ကာမာဝစရကုသိုလ် | သုစရိုက် အကျဉ်း ၃/အကျယ် ၁၀/ ပုညကြိယာ အကျဉ်း ၃/ အကျယ် ၁၀/ စိတ် ၈ |
| | | ရူပါဝစရကုသိုလ် | မနောကံ၊ ဘာဝနာ၊ ဈာန်အပြားအားဖြင့် စိတ် ၅ |
| | | အရူပါဝစရကုသိုလ် | မနောကံ၊ ဘာဝနာ၊ အာရုံ အပြားအားဖြင့် စိတ် ၄ |

---

**ကိစ္စစတုက္က** – ဖြစ်စေခြင်းစသော လုပ်ငန်းကိစ္စအားဖြင့် ကွဲပြားသော ကံ ၄–မျိုး။

**ဇနကနှင့် ဥပဃာတကအထူး** – ဇနကကံသည် အခြားကံ၏ အကျိုးကို မတားမြစ်ဘဲ မိမိ၏ အကျိုးကိုသာ ပေးတတ်သည်။ ဥပဃာတကကံသည်ကား အခြားကံ၏ အကျိုးကို သတ်ဖြတ်ပြီးမှ မိမိအကျိုးကို ပေးသည်၊ ဤသို့ထူးသည်။ **(ဋီကာကျော်)**

**ပါကဒါနပရိယာယစတုက္က** – ပဋိသန္ဓေအကျိုးကို ပေးခြင်း အလှည့်အကြိမ်အားဖြင့် ပြားသော ကံ ၄–မျိုး။

**ဂရုကကံ** – အခြားကံတို့က မတားမြစ်နိုင်လောက်အောင် ကြီးလေးသောကံ။ (စုတိ၏ အခြားမဲ့၌ မလွဲမသွေ အကျိုးပေးမည့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံ၊ ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံများ) (ဋီကာကျော်)

http://www.dhammadownload.com



***။ ဇနကနှင့်၊ ဥပ သုံးဖြာ၊ ထမ်, ပီ, ဃာ၊ လေးဖြာ ကိစ္စ ကံသေဒ။**

***။ ဂရု, အာသန်၊ အာစိဏ္ဏနှင့်၊ ကစ်ဖန် ကဋတ်၊ လှည့်ကြိမ်မှတ်၊ လေးရပ်ကံအဖြာ။**

***။ ဒိဋ္ဌဓမ္မ၊ ဥပဇ္ဇဝါ၊ အပရာ၊ တစ်ဖြာ အဟောသိ။ (ဥပပဇ္ဇ= ဥပဇ္ဇ)**

***။ အတု, တာတု၊ ရှု, ရှု တု၊ လေးခု အဘိတမ်။**

**ကမ္မစတုက္ကဆိုရိုး** –ကိစ္စစတုက္ကကံဟူသည် –ဇနကကံ, ဥပထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံအားဖြင့် ၄–ပါး၊ ထိုတွင် – ကိုယ်တိုင် ဖြစ်စေသော ကုသိုလ်, အကုသိုလ်စေတနာသည် ဇနကကံမည်၏၊ ထောက်ပံ့ကူညီသော ကုသိုလ်, အကုသိုလ်စေတနာသည် ဥပထမ္ဘက ကံမည်၏။ (ကျဲသို့စသည်ဖြင့် ဖောဖကြည့်၍ ဆိုပါလေ)

---

**ပဉ္စာနန္တရိယကံ** **–မာတုဃာတက**(အမိသတ်မှု) **ပိတုဃာတက**(အဖသတ်မှု)၊ **အရဟန္တဃာတက** (ရဟန္တာ သတ်မှု)**လောဟိတုပ္ပါဒက**(ဘုရားရှင်ကို သွေးစိမ်းတည်စေမှု) **သံဃဘေဒက**(သံဃာသင်းခွဲမှု)။ (အဘိ ၂–၃၉၂)

**နိယတမိစ္ဆာဒိဋ္ဌိကံ–အကိရိယဒိဋ္ဌိ** (အကြောင်းမရှိဟုယူခြင်း)၊ **နတ္ထိကဒိဋ္ဌိ** (အကျိုးမရှိဟုယူခြင်း) **အဟေတုကဒိဋ္ဌိ** (အကြောင်း, အကျိုးမရှိဟုယူခြင်း) (မ ဋ္ဌ ၃–၈၅)

***      ။ ကြောင်းပယ် အကိရိ၊ ကျိုးပယ်ဘိမူ၊ နတ္ထိယူ၊ နှစ်ဆူပယ်မူ အဟေတု။**

**အာစိဏ္ဏကံ** – အမြဲမပြတ် ပြုအပ်, တစ်ကြိမ်မှုပြုပြီး အကြိမ်များစွာ မှီဝဲအပ်သော ကံ။

**အာသန္နနှင့် အာစိဏ္ဏ** – နွားခြံအတွင်းသို့ နွားများသွင်းသောအခါ အင်အားမရှိသော နွားအိုသည် တိုးမဝင်နိုင်၍ ခြံအဝမှာပင်ရှိ၏၊ ထွက်သောအခါ ခြံဝမှာ နေရခြင်းကြောင့် ဦးစွာ ပထမထွက်ရသကဲ့သို့ နီးကပ်နေခြင်းကြောင့် အားကောင်းသော အာစိဏ္ဏကံထက် စော၍ အာသန္နကံ အကျိုးပေးသည်။

**ကဋတ္တာကံ** – ဂရုက, အာသန္န, အာစိဏ္ဏအဖြစ် မရောက်ဘဲ ယခုဘဝ သာမန်ပြုအပ်သော ကံများနှင့် ရှေးရှေးဘဝက ပြုခဲ့သော အပရာပရိယာယကံများ ဂရုကစသော ရှေးကံ ၃–မျိုးသည် ယခုဘဝ၌ ပြုအပ်သောကံများဖြစ်သည်၊ ကဋတ္တာကံကား– ယခုဘဝ၌ အမှတ်တမဲ့ပြုထား၍ ဂရုကစသော အဖြစ်သို့ မရောက်သောကံနှင့် ရှေးရှေးဘဝတို့၌ ပြုခဲ့ပြီးသော ကံများတည်း၊ ထို့ကြောင့် ကဋတ္တာကံနှင့် ကင်းသောသူမရှိနိုင်။ ဂရုကစသော ရှေးကံ ၃–ပါးမရှိလျှင် ဤကဋတ္တာကံသည်ပင် ပဋိသန္ဓေအကျိုးကို ပေးရသည်။ (သင်္ဂြိုဟ်ဘာ–ဋီ)

**ပါကကာလ စတုက္က** –     အကျိုးပေးရာကာလအားဖြင့် ကွဲပြားသော ကံ ၄–မျိုး။

**ဒိဋ္ဌဓမ္မဝေဒနီယ** – အစဆုံးဖြစ်ရသော ပထမဇောစေတနာသည် အာသေဝနသတ္တိအကူအညီကို မရသောကြောင့် အခြားဇောများလောက် အားမကောင်းချေ၊ ထို့ကြောင့် ပဋိသန္ဓေအကျိုးကိုပေး၍ ဘဝတစ်ခုဖြစ်အောင် မတူထောင်နိုင်၊ ယခုဘဝအပဟိတ်ဝိပါက် အကျိုးကိုသာပေးနိုင်သည်။

**အဟောသိကံ** – ဒိဋ္ဌဓမ္မစသော ဇောစေတနာများသည် ဆိုင်ရာ ဘဝ၌ အကျိုးမပေးလျှင် အဟောသိကံ ဖြစ်ကြ၏၊ ပထမဇောသည် အကျိုးမပေးဘဲ ပစ္စုပ္ပန်ဘဝကိုလွန်လျှင်, သတ္တမဇောသည်လည်း အကျိုးမပေးဘဲ ဒုတိယဘဝကိုလွန်လျှင်, အလယ်ဇော ၅–ချက်သည်လည်း အကျိုးမပေးဘဲ ဘဝဖြတ်၍ နိဗ္ဗာန်ရောက်လျှင် အဟောသိကံ ဖြစ်၏။ (ဋီကာကျော်)

http://www.dhammadownload.com



## အကုသိုလ်ကံ၏ ပါကဋ္ဌာန

| ကံ-၃ | ဒုစရိုက် - ၁၀ | မူလ | စိတ် | အကျိုးပေးပုံ | | |
|---|---|---|---|---|---|---|
| ကာယကံ-၃ | ပါဏာတိပါတ | ဒေါသ | အကုသိုလ်-၁၂ | | အကြောင်းကံ | အကျိုးစိတ်ကို |
| | အဒိန္နာဒါန | လော,ဒေါ | | ပဋိသန္ဓေကာလ | ဥဒ္ဒစ္စကြဉ် အကုကံ - ၁၁ သည် | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်ကိုအပါယ်၄- ဘုံ၌ဖြစ်စေသည် |
| | ကာမေသုမိစ္ဆာစာရ | လောဘ | | | | |
| ဝစီကံ-၄ | မုသာဝါဒ | လော,ဒေါ | | | | |
| | ပိသုဏဝါစာ | လော,ဒေါ | | | | |
| | ဖရုသဝါစာ | ဒေါသ | | | | |
| | သမ္ဖပ္ပလာပ | လော,ဒေါ | | ပဝတ္တိကာလ | အကုသိုလ်ကံ ၁၂-ခုလုံး သည် | အကုသလဝိပါက် ၇-ခုကို ကာမ,ရူပ ဘုံတို့၌ဖြစ်စေသည် |
| မနောကံ-၃ | အဘိဇ္ဈာ | လောဘ | | | | |
| | ဗျာပါဒ | ဒေါသ | | | | |
| | မိစ္ဆာဒိဋ္ဌိ | လောဘ | | | | |

***။ သတ်မှု, ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။***

***။ မုသာ, ပိသု၊ ဖရု, သမ္ဖပ်၊ ဤလေးရပ်၊ မှတ်အပ် ဝစီကံ။***

***။ အဘိဇ္ဈာ, ဗျာပါ၊ ဒိဋ္ဌိပါ၊ သုံးဖြာ မနောကံ။***

***။ ကိုယ်တိုင်, ကိုက်တွန်း။ ချီးမွမ်း, စိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ပြား(ဟိ)***

***။ ကာမေ, အဘိဇ္ဈာ၊ ဒိဋ္ဌိမှာ၊ ဖြစ်လာ လောဘကြောင့်။***

***။ ပါဏာ, ဗျာပါ၊ ဖရုသာ၊ ဖြစ်လာ ဒေါသကြောင့်။***

***။ ပိသု, မုသာ၊ သမ္ဖပ္ပါ၊ ဒိန္နာ နှစ်ပါးကြောင့်။***

***။ ဥဒ္ဒစ္စချန်၊ အကုကံကား၊ ဥ-သံ အကု၊ ပါယ်သန္ဓေပြု ဖြစ်မှု ဒုဂ္ဂတိအဟိတ်။***

***။ ပဝတ္တိ၌၊ ဆယ့်နှစ်ဖြာဝင်၊ ရူ,ကာတွင်၊ ခုနစ်အင်သိ အကုဝိ။***

**ဆိုရိုး**

အကုသိုလ်ကံဟူသည် ကာယကံ, ဝစီကံ, မနောကံဟု ကမ္မဒွါရအားဖြင့် ၃-ပါး၊ ပါဏာတိပါတစသော ဒုစရိုက်အားဖြင့် ၁၀-ပါး၊ စိတ္တုပ္ပါဒ်အားဖြင့် အကုသိုလ်စိတ် ၁၂-ပါးတို့တည်း။ **ကာယကံ** ၃-ပါး ဟူသည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-တို့တည်း။ (ဆောည်သိလေ)

http://www.dhammadownload.com


- ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့သည် လောဘအရင်းခံကြောင့် ဖြစ်ရသည်။
- ပါဏာတိပါတ, ဗျာပါဒ, ဖရုသဝါစာတို့သည် ဒေါသအရင်းခံကြောင့် ဖြစ်ရသည်။
- အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ တို့သည် လောဘ, ဒေါသ အရင်းခံ ၂-ပါးကြောင့် ဖြစ်ရသည်။
- ဥဒ္ဓစ္စကြည်သော အကုသိုလ်ကံ ၁၁-ခုသည် ပဋိသန္ဓေအခါ အပါယ်ဘုံ၌ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ကို ဖြစ်စေသည်၊ ယင်းစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရသည်၊ ပဝတ္တိအခါ အကုသိုလ်ကံ ၁၂-ပါးလုံးပင် ကာမဘုံ, ရူပဘုံတို့၌ အကုသလဝိပါက် ၇-ခု အကျိုးကို ထိုက်သင့်သလို ဖြစ်စေသည်။

---

## အခက်ပွါယ်ရှင်းချက်

**ကာယကံ** - ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ အဖြစ်များသည့် ကံများဖြစ်သောကြောင့် ကာယကံ ဟု ခေါ်သည်။ (အချို့စေခိုင်း၍ သတ်ခြင်းစသည်သည် ဝစီဒွါရ၌လည်း အနည်းငယ်ဖြစ်သေးသည်) (ဋီကာကျော်)

**ပါဏာတိပါတ** - သေစေလိုသော စိတ်ထားဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်မှု။

**အဒိန္နာဒါန** - သူတစ်ပါးပစ္စည်းကို မတရားယူမှု, ပျက်စီးစေမှု။

**ကာမေသု မိစ္ဆာစာရ** - ကိုယ်ပိုင်မဟုတ်သော ကာမဂုဏ်များ၌ မှားယွင်းမှု။

**ဝစီကံ** - ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များသည့် ကံများဖြစ်သောကြောင့် ဝစီကံ ဟု ခေါ်သည်။( ကိုယ်အမူအရာဖြင့်, လိမ်ခြင်းစသည်သည် ကာယဒွါရ၌လည်း အနည်းငယ်ဖြစ်သေးသည်)

**မုသာဝါဒ** - လိမ်ညာမှု၊ **ပိသုဏာဝါစာ** - ကုန်းတိုက်မှု၊ ဖရုသဝါစာ - ကြမ်းတမ်းစွာ ပြောဆိုမှု၊

**သမ္ဖပ္ပလာပ** - အကျိုးမဲ့စကားပြောမှု။

**မနောကံ** - ကုသိုလ်, အကုသိုလ်ဇောဟု ဆိုအပ်သော မနောဒွါရ၌ အဖြစ်များသည့် ကံများ ဖြစ်သောကြောင့် မနောကံဟု ခေါ်သည်။ (ပဟိတ်ထိုင်း ၌ရှသူဟု၌ ကာယမသာအစုပ်ကို ကာယဒွါရ ၊ ဘဝင်ကို မနောဒွါရဟုဆိုသည်)

**အဘိဇ္ဈာ** - သူတစ်ပါးစည်းစိမ်ကို မတရားလိုချင်မှု၊ ဗျာပါဒ - သူတစ်ပါး ပျက်စီးစေလိုမှု၊

**မိစ္ဆာဒိဋ္ဌိ** - မှားယွင်းစွာ ရှုမြင်ယူဆမှု။

**ဒုစရိုက်** - မကောင်းသော အမူအကျင့်။

**အကုသလကမ္မပထ** - အပါယ်လားကြောင်း မကောင်းမှုကြီးများ။ (ပဋိသံ၊ ၄၊ ၂၊ ၁၃)

**သုရာမေရယနှင့် ဒုစရိုက်** - ရသာရုံ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ဖြစ်သောကြောင့် သုရာမေရယ(သေအရက်သောက်မှု)ကို ကာမေသု မိစ္ဆာစာရ၌ သွင်းယူရမည်။ (ဋီကာကျော်)

http://www.dhammadownload.com



## ကာမာဝစရကုသိုလ်ကံ

| သုစရိုက် | | ပုညကြိယဝတ္ထု | | စိတ် |
|---|---|---|---|---|
| ကျဉ်း | ကျယ် ၁၀ | ကျဉ်း ၃ | ကျယ် ၁၀ | |
| ကာယကံ-၃ | ပါဏာတိပါတဝိရတိ | ဒါန | ဒါန–ပေးလှူမှု | မဟာကု-၈ |
| | အဒိန္နာဒါနဝိရတိ | | သီလ–ကိုယ်, နှုတ်စောင့်စည်းမှု | |
| | ကာမေသုမိစ္ဆာစာရဝိရတိ | | ဘာဝနာ–ကုသိုလ်စိတ်များ ဖြစ်ပွားစေမှု | |
| ဝစီကံ-၄ | မုသာဝါဒဝိရတိ | သီလ | အပစာယန–ရိုသေ လေးစားမှု | |
| | ပိသုဏာဝါစာဝိရတိ | | ဝေယျာဝစ္စ–ကောင်းသောလုပ်ငန်း လုပ်ဆောင်မှု | |
| | ဖရုသဝါစာဝိရတိ | | ပတ္တိဒါန–အမျှ ပေးဝေမှု | |
| | သမ္ဖပ္ပလာပဝိရတိ | | ပတ္တာနုမောဒန–သာဓု ခေါ်မှု | |
| မနောကံ-၃ | အနဘိဇ္ဈာ | ဘာဝနာ | ဓမ္မဿဝန–တရားနာမှု | |
| | အဗျာပါဒ | | ဓမ္မဒေသနာ–တရားဟောမှု | |
| | သမ္မာဒိဋ္ဌိ | | ဒိဋ္ဌိဇုကမ္မ–ဖြောင့်မှန်စွာ ယူမှု | |

* ။ ပုညကြိ၊ သုစရိုက်၊ မှတ်သိကျဉ်း,ကျယ်၊ သုံးနှင့် ဆယ်၊ ရှစ်သွယ်စိတ်တက် ကာကုမှတ်။

* ။ ဒါန, သီလာ၊ ဘာဝနာနှင့်၊ တစ်ဖြာ အပ၊ ဝေဝစ္စသိ၊ ပတ္တိ, ပတ္တာ၊ ဓမ္မာ နှစ်ခု၊ ဒိဋ္ဌိဇု၊ ဆယ်ခု ပုည ကြိယ။

---

**သုစရိုက်** – ကောင်းသော အမူအကျင့်။

**ပုညကြိယာဝတ္ထု** – ကောင်းကျိုး၏ တည်ရာဖြစ်၍ ပြုသင့် ပြုထိုက်သော လုပ်ငန်းများ။ (အဘိ၊ ဌ၊ ၁၊ ၂၀၁)

**ကုသလကမ္မပထ** – လူ့ရပ် နတ်ထံ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုများ။

**ပါဏာတိပါတဝိရတိ** – ပါဏာတိပါတမှ ရှောင်ကြဉ်မှု။ (အဒိန္နာဒါနဝိရတိ–စသည်လည်းနည်းတူ)

**အနဘိဇ္ဈာ** – အဘိဇ္ဈာမဖြစ်အောင် နှလုံးသွင်းမှု။

**အဗျာပါဒ** – ဗျာပါဒမဖြစ်အောင် နှလုံးသွင်းမှု။

**သမ္မာဒိဋ္ဌိ** – ဖြောင့်မှန်စွာ ရှုမြင်ယူဆမှု။

http://www.dhammadownload.com


## ဆိုရိုး

ကာမာဝစရကုသိုလ်ကံသည် ကာယကံ, ဝစီကံ, မနောကံဟု ကမ္မဒွါရအားဖြင့် ၃-ပါး၊ ပါဏာတိပါတဝိရတီစသော သုစရိုက်အားဖြင့် ၁၀-ပါး၊ ဒါန, သီလ, ဘာဝနာဟု ပုညကြိယဝတ္ထု အကျဉ်းအားဖြင့်၃-ပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယနစသော ပုညကြိယဝတ္ထုအကျယ်အားဖြင့် ၁၀-ပါး၊ မဟာကုသိုလ်စိတ်ဟူသော စိတ္တုပ္ပါဒ်အားဖြင့် ၈-ပါး အသီးသီးပြားသည်။

ကာယသုစရိုက်၃-ပါး ဟူသည် ပါဏာတိပါတဝိရတိ, အဒိန္နာဒါနဝိရတိ, ကာမေသုမိစ္ဆာစာရဝိရတိ တို့တည်း။ (စသည်ဖြင့် သိလေ)

---

## ကျဉ်း, ကျယ် ပုညကြိယဝတ္ထု

၁။ ဒါန-ဣဿာ, မစ္ဆရိယနှင့် ဆန့်ကျင်ဘက်ခြင်းတူသည်ဖြစ်၍ ဒါနသဘောရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒန ၂-ပါးကို ဒါန၌ သွင်းယူရသည်။

၂။ **သီလ**-စာရိတ္တသီလ သဘောရှိသောကြောင့် အပစာယန, ဝေယျာဝစ္စ ၂-ပါးကို သီလ၌ သွင်းယူ ရသည်။

၃။ **ဘာဝနာ** - ကုသိုလ်တရားကို ပွားစေခြင်း တူသောကြောင့် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မ ၃-ပါးကို ဘာဝနာ၌ သွင်းယူ ရသည်။

(တစ်နည်း) ဒိဋ္ဌုဇုကမ္မသည် ဒါန, သီလ, ဘာဝနာ ၃-မျိုးလုံး၌ ဝင်သည်။ (ဋီကာကျော်)

* ။ *ဒါန ဝင်ဘိ၊ ပတ္တိ ပတ္တာ။* ။ *သီလ ခေါ်ရ၊ အပ, ဝေယျာ။* ။
*ဓမ္မ နှစ်ခု၊ ဥဇုဘာဝနာ။* ။ *ဒိဋ္ဌိဇု၊ သုံးခုလုံး၌ပါ။* ။

## ထပ်ဆင့်အကျယ်

ပုညကြိယ ဝတ္ထုများကို ပုဗ္ဗ, မုဉ္စ,အပရစေတနာ ၃-တန်ဖြင့် မြှောက်ပွားလျှင် ၃၀-ပြား၏။ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ ၄-ပါးဖြင့် မြှောက်ပွားလျှင် ၄၀-ပြားရ၏။

**(တစ်နည်း)** မဟာကုသိုလ်စိတ် ၈-ပါးကို ပုညကြိယ ဝတ္ထု ၁၀-ပါးဖြင့် မြှောက်လျှင် (၈×၁၀) ၈၀-ဖြစ်၏။ တစ်ဖန် အာရုံ ၆-ပါးဖြင့် မြှောက်လျှင် (၈၀×၆) ၄၈၀-ဖြစ်၏။ ယင်းကို ဉာဏသမ္ပယုတ် အတွက် ၂၄၀, ဉာဏဝိပ္ပယုတ် အတွက် ၂၄၀-စီ ခွဲ၍ ဉာဏဝိပ္ပယုတ် အတွက် ၂၄၀-ကို အဓိပတိ (ဆန္ဒ, ဝီရိယ, စိတ္တ) ၃-ပါးဖြင့် မြှောက်လျှင် (၂၄၀×၃) ၇၂၀-ဖြစ်၏။ ဉာဏသမ္ပယုတ် ၂၄၀-ကို အဓိပတိ ၄-ပါးဖြင့် မြှောက်လျှင် (၂၄၀×၄) ၉၆၀-ဖြစ်၏။ ယင်းဉာဏဝိပ္ပယုတ်, ဉာဏသမ္ပယုတ် ၂-ရပ်ကို ပေါင်းလျှင် (၇၂၀+၉၆၀) ၁၆၈၀-ဖြစ်၏။ တစ်ဖန် ကာယကံ, ဝစီကံ, မနောကံ ၃-ပါးဖြင့် မြှောက်လျှင် (၁၆၈၀×၃) ၅၀၄၀-ဖြစ်၏။ အခြား ဟီန-စသည်, ကာလ-စသည်, သန္တာန်စသည်တို့ဖြင့် မြှောက်ပွားလျှင်ကား အလွန်များပြားနိုင်သည်။ (ဋီကာကျော်စိတ်ပိုင်း)

http://www.dhammadownload.com


# ကာမာဝစရကုသိုလ်ကံ အကျိုးပေးပုံ

| အကြောင်းကံ | | | အကျိုးဝိပါက် | | | |
|---|---|---|---|---|---|---|
| | | | ပဋိသန္ဓေ | | ပဝတ္တိ | |
| | | | စိတ် | ဘုံ | စိတ် | ဘုံ |
| အကျဉ်း | မဟာကု -၈ | | မဟာဝိ -၈ | ကာ-သု-၇ | မဟာဝိ(တိ,ဒွိ) -၈ | ကာမ |
| | | | အဟိတ်ကု ဥ-သံ ၁ | လူ+စတု ၂ | အဟိတ်ကုဝိ | ရူပ |
| | | | | | | |
| အကျယ် | တိဟိတ် | ဥက္ကဋ္ဌ | တိဟိတ်ပဋိသန္ဓေ -၄ | | တိ + ဒွိ + အဟိတ်- ၁၆ | |
| | | ဩမက | ဒွိဟိတ်ပဋိသန္ဓေ -၄ | | ဒွိ + အဟိတ်- ၁၂ | |
| | ဒွိဟိတ် | ဥက္ကဋ္ဌ | | | | |
| | | ဩမက | အဟိတ်ပဋိသန္ဓေ -၁ | | အဟိတ်- ၈ | |

***။ ကာကု ရှစ်တန်၊ တိ, ဒွိကံကြောင့်၊ ကိုးသန် ကာသု၊ အကျိုးပြု၍၊ နှစ်ခု ကာရူ၊ ဆယ့်ခြောက် ဆူ၊ မှတ်ယူ ပဝတ္တိအကျိုး။**

***။ ဉာဏ်ယှဉ် တိတိတ်၊ ဉာဏ်ကင်းဆိတ်၊ ဒွိတိတ် ကုသိုလ်မျိုး။**

***။ ကုသိုလ်ခြံရံ၊ ဥက္ကဋ္ဌံ၊ အကုရံတ ဩမက။**

***။ တိ,ဒွိ နှစ်ရပ်၊ ဥက်, ဩ မှတ်၍၊ ဥက္ကဋ္ဌ်ဖြစ်မှ၊ ဆင့်တူရ၊ လျော့ကျ-ဩမာ သန္ဓေခါ။**

***။ ပဝတ္တိတူ၊ သန္ဓေတူ၊ ကျန်မူ နိမ့်ကျ အကုန်ရ။**

**ဖယား ဆိုရိုး**-ကာမာဝစရ ကုသိုလ်ကံ ၈-ခု တိဟိတ်, ဒွိဟိတ်ကံကြောင့် ကာမသုဂတိ ၇-ဘုံ၌ ၉-ခုသောပဋိသန္ဓေကို ဖြစ်စေသည်၊ ပဝတ္တိအခါ၌ကား မဟာဝိပါက် ၈-ခုကို ကာမဘုံ၌ ဖြစ်စေသည်၊ အဟိတ်ကုသလဝိပါက် ၈-ကိုကား ကာမဘုံ, ရူပဘုံတို့၌ထိုက်သင့်သလိုဖြစ်စေသည်။

---

**တိဟိတ်ကုသိုလ်** - ဉာဏ်ယှဉ်သော ကုသိုလ်၊ **ဒွိဟိတ်ကုသိုလ်** - ဉာဏ်မယှဉ်သော ကုသိုလ်။

**ဥက္ကဋ္ဌကုသိုလ်** - ရှေ့, နောက် ကုသိုလ်ခြံရံသော ကုသိုလ်၊ **ဩမကကုသိုလ်** - ရှေ့,နောက် အကုသိုလ် ခြံရံသော ကုသိုလ်။

http://www.dhammadownload.com



**အကျယ်အားဖြင့်ကား -**

ကာမကုသိုလ်ကံ ၈-ခုသည် မဟာဝိပါက် ၈-ခုကို ကာမသုဂတိ ၇-ဘုံ၊ အဟိတ်ကုသလဝိပါက် ၈-ခုကို ကာမ, ရူပဘုံတို့၌ ဖြစ်စေသည်။ (ဉာဏသမ္ပယုတ်ကို တိဟိတ်, ဝိပ္ပယုတ်ကို ဒွိဟိတ်ဟုမှတ်)

ထိုတွင် -

၁။ **တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်** ပဋိသန္ဓေအခါ တိဟိတ် ပဋိသန္ဓေ ၄-ခု အကျိုးကို ဖြစ်စေ၍ ပဝတ္တိအခါ တိဟိတ်, ဒွိဟိတ်, အဟိတ် ၁၆-ပါးသော အကျိုးကို ဖြစ်စေသည်။

၂။ **တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်** ပဋိသန္ဓေအခါ ဒွိဟိတ်ပဋိသန္ဓေ ၄-ခု အကျိုးကိုဖြစ်စေ၍ ပဝတ္တိအခါ ဒွိဟိတ်, အဟိတ် ၁၂-ပါးသော အကျိုးကို ဖြစ်စေသည်။

၃။ **ဒွိဟိတ်ဩမက ကုသိုလ်ကံသည်** ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ခုကို ဖြစ်စေ၍ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ခုကို ဖြစ် စေသည်။

**ကေစိဆရာတို့ကား - အသင်္ခါရိက ကုသိုလ်ကံသည် အသင်္ခါရိက အကျိုးကိုသာ ဖြစ်စေသည်၊ သသင်္ခါရိက ကုသိုလ်ကံသည်လည်း သသင်္ခါရိက အကျိုးကိုသာ ဖြစ်စေသည်**-ဟု ဆိုကြသည်။(ထိုကေစိဝါဒ အရ - အကြောင်း, အကျိုး အသင်္ခါရိက, သသင်္ခါရိက ခွဲခြားပြရမည်၊ အဟိတ်ဝိပါက်ကား သင်္ခါရ ၂-မျိုးလုံးနှင့်ဆိုင်)

| ကုသိုလ်အကြောင်းကံ | | ပဋိသန္ဓေကျိုး | ပဝတ္တိကျိုး | | | |
|---|---|---|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | အသင်္ခါရိက ၂ | တိဟိတ်အသင်္ခါရိက ၂ | တိဟိတ်အသင်္ခါရိက ၂ | ဒွိဟိတ်အသင်္ခါရိက ၂ | အဟိတ်ကုဝိ ၈ | ၁၂ |
| | သသင်္ခါရိက ၂ | တိဟိတ်သသင်္ခါရိက ၂ | တိဟိတ်သသင်္ခါရိက ၂ | ဒွိဟိတ်သသင်္ခါရိက ၂ | ။ | ၁၂ |
| တိဟိတ်ဩမက | အသင်္ခါရိက ၂ | ဒွိဟိတ်အသင်္ခါရိက ၂ | | ဒွိဟိတ်အသင်္ခါရိက ၂ | ။ | ၁၀ |
| ဒွိဟိတ်ဥက္ကဋ္ဌ | သသင်္ခါရိက ၂ | ဒွိဟိတ်သသင်္ခါရိက ၂ | | ဒွိဟိတ်သသင်္ခါရိက ၂ | ။ | ၁၀ |
| ဒွိဟိတ်ဩမက | | အဟိတ်ကုဝိ-၁ သံ ၁ | | | ။ | ၈ |

---

**သတိပြုစရာ**

ကုသိုလ်ပြုရာ၌ ၁-ဉာဏ်ယှဉ်မှု ၂-အကုသိုလ် မရောမှု ကြံအင် ၂-ချက်လိုအပ်သည်။

ကြံအင် ၂-ချက်စုံလျှင် တိဟိတ်ဥက္ကဋ္ဌကုသိုလ် မျိုးဖြစ်၍ တိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်နိုင်သည်၊ တစ်ချက်ချက် လျော့လျှင်ကား ဒွိဟိတ်ပုဂ္ဂိုလ်မျိုးသာ ဖြစ်နိုင်သည်။ ၂-ချက်လုံး လျော့လျှင်ကား အဟိတ်ပုဂ္ဂိုလ် မျိုးသာ ဖြစ်နိုင်သည်။

http://www.dhammadownload.com



## ရူပါဝစရ အရူပါဝစရ ကုသိုလ်ကံ

| ကုသိုလ် | ကမ္မဒွါရ | ပုညကြိယာ | ပြားခြင်းကြောင့် | ပြားရသည် |
|---|---|---|---|---|
| ရူပါဝစရ | မနောကံ | ဘာဝနာ | ဈာန် ၅–မျိုး | ၅–မျိုး |
| အရူပါဝစရ | ။ | ။ | အာရုံ ၄–မျိုး | ၄–မျိုး |

**ဆိုရိုး–** ရူပါဝစရ, အရူပါဝစရ ကုသိုလ်ကံသည် မနောကံ, ဘာဝနာသာဖြစ်သည်၊ ဈာန် ၅–မျိုး ပြားသဖြင့် ရူပါဝစရ ကုသိုလ်ကံ ၅–မျိုးပြားသည်၊ အာရုံ ၄–မျိုးပြားသဖြင့် အရူပါဝစရကုသိုလ်ကံ ၄–မျိုးပြားသည်၊ ရူပါဝစရ, အရူပါဝစရ ကုသိုလ်ကံနှစ်မျိုးလုံးပင် သက်ဆိုင်ရာ ဘုံအလိုက် ထိုက်သင့်သလို တူသောအကျိုးကို ပေးသည်။

* ***။ ရူ,ရူ နှစ်တန်၊ မနောကံသာ၊ ဘာဝနာ၊ တူစွာ ကျိုးပေး၊ ဘုံနှင့်ရွေး။***

* ***။ ပ–ဈာန် ကံတား။ ပ–ဘုံ သွားၿငါ၊ နှစ်ပါး ဒု–တ၊ ဒု–တွင်တျှ၊ စ–မ–တ–စ၊ အရူပါမှတ်ပါ စဉ်တိုင်းသိ။***

ယာဘက်ဇယားအတွက် **ဆိုရိုး** ၁။ ရူပါဝစရ ပဌမဈာန် ကုသိုလ်ကံကို –

(က) ပရိတ္တဖြစ်အောင် ပွားများလျှင် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်ရသည်။

(ခ) မဇ္ဈိမဖြစ်အောင် ပွားများလျှင် ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ရသည်။

(ဂ) ပဏီတဖြစ်အောင် ပွားများလျှင် မဟာဗြဟ္မာဘုံ၌ ဖြစ်ရသည်။

၂။ ရူပါဝစရ ဒုတိယ, တတိယဈာန် ကုသိုလ် ကံကို –

(က) ပရိတ္တဖြစ်အောင် ပွားများလျှင် ပရိတ္တာဘာဘုံ၌ ဖြစ်ရသည်။

(ခ) မဇ္ဈိမဖြစ်အောင် ပွားများလျှင် အပ္ပမာဏာဘာဘုံ၌ ဖြစ်ရသည်။

(ဂ) ပဏီတဖြစ်အောင် ပွားများလျှင် အာဘဿရာဘုံ၌ ဖြစ်ရသည်။

၃။ ရူပါဝစရ စတုတ္ထဈာန် ကုသိုလ်ကံကို –(က) ပရိတ္တဖြစ်အောင် ပွားများလျှင် ပရိတ္တသုဘာဘုံ၌,(ခ) မဇ္ဈိမဖြစ်အောင် ပွားများလျှင် အပ္ပမာဏသုဘာဘုံ၌, (ဂ) ပဏီတဖြစ်အောင် ပွားများလျှင် သုဘကိဏှာဘုံ၌ ဖြစ်ရသည်။

---

**ပရိတ္တ, မဇ္ဈိမ, ပဏီတဈာန် –** မှိုဲမှု အာသေဝန နည်းလျှင် ပရိတ္တ, အလယ်အလတ်ဖြစ်လျှင် မဇ္ဈိမ, အလွန်များလျှင် ပဏီတ။ (တစ်နည်း) ဈာန်ကို ရအောင် အားထုတ်စဉ်အခါ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာတို့ ယုတ်ညံ့နေလျှင် ပရိတ္တ, အလယ်အလတ်ဖြစ်လျှင် မဇ္ဈိမ, ထက်မြက်လျှင် ပဏီတ–ဟု မှတ်လေ။ (ဋီကာကျော်)

http://www.dhammadownload.com


| | ကုသိုလ်ကံကို | ဖြစ်အောင်ပွားများလျှင် | ဘုံ၌ဖြစ်သည် | သက်တမ်းရှည်သည် |
|---|---|---|---|---|
| ရူပါဝစရ | ပထမဈာန် | ပရိတ္တ ။ | ဗြဟ္မပါရိသဇ္ဇာ | အသင်္ချေယျ ၁/၃ ကပ် |
| | | မဇ္ဈိမ ။ | ဗြဟ္မပုရောဟိတာ | ။ ၁/၂ ။ |
| | | ပဏီတ ။ | မဟာဗြဟ္မာ | ။ ၁ ။ |
| | ဒုတိယဈာန် | ပရိတ္တ ။ | ပရိတ္တာဘာ | မဟာကပ် ၂ ။ |
| | | မဇ္ဈိမ ။ | အပ္ပမာဏာဘာ | ။ ၄ ။ |
| | တတိယဈာန် | ပဏီတ ။ | အာဘဿရာ | ။ ၈ ။ |
| | စတုတ္ထဈာန် | ပရိတ္တ ။ | ပရိတ္တသုဘာ | ။ ၁၆ ။ |
| | | မဇ္ဈိမ ။ | အပ္ပမာဏသုဘာ | ။ ၃၂ ။ |
| | | ပဏီတ ။ | သုဘကိဏှာ | ။ ၆၄ ။ |
| | ပဉ္စမဈာန် | | ဝေဟပ္ဖိုလ် | ။ ၅၀၀ ။ |
| | | သညာကင်းအောင် ။ | အသညသတ် | ။ ၅၀၀ ။ |
| | | အနာဂါမ်ဖြစ်လျှင် | သုဒ္ဓါဝါသ | ၁၀၀၀/ ၂၀၀၀ / ၄၀၀၀/ ၈၀၀၀ /၁၆၀၀၀ |
| အရူပါဝစရ | အာကာ .... | | အာကာ .... | မဟာကပ် ၂၀၀၀၀ ။ |
| | ဝိညာ .... | | ဝိညာ .... | ။ ၄၀၀၀၀ ။ |
| | အာကိဉ္စညာ | | အာကိဉ္စညာ ..... | ။ ၆၀၀၀၀ ။ |
| | နေဝ .... | | နေဝ .......... | ။ ၈၄၀၀၀ ။ |

၄။ (က) အဘိညာဉ်အဖြစ်သို့ မရောက်သော ပဉ္စမဈာန်ကုသိုလ်ကံကို ပွားများလျှင် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ရသည်။(ခ) သညာကင်းအောင် ပွားများလျှင် အသညသတ်ဘုံ၌ ဖြစ်ရသည်။

(ဂ) ထိုပဉ္စမဈာန်ကို ပွားများထားသောအနာဂါမ်ပုဂ္ဂိုလ်တို့သည်သာ လွန်ကဲသည့် သဒ္ဓါ, ဝီရိယ,သတိ, သမာဓိ, ပညာဣန္ဒြေ ၅-ပါးအစဉ်ဖြင့် သုဒ္ဓါဝါသ ၅-ဘုံတို့၌ ဖြစ်ရသည်။

* ***။ အနာဂါမ်များ၊ သုဒ္ဓါသွား၊ ငါး ဣန္ဒြေ စဉ်တိုင်းသိ။***

---

**သမာပတ် ၈-ပါးလုံးရသူနှင့်ဘုံ** — သမာပတ် ၈-ပါးလုံးရသူသည် မိမိဖြစ်လိုရာ ဘုံ၌ ဖြစ်နိုင်သည်။ (ဋီကာကျော်)

* ***။ သမာပတ် ရှစ်၊ ရတုံလစ်၊ ကြိုက်နှစ်သက်ရာ ဘုံ၌ဖြစ်။***

**အာယုကပ်** = အခါအားလျော်စွာ သတ်မှတ်ထားသော သက်တမ်း။ **အန္တရကပ်** = အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်း, ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းဟူသော ဆုပ်ကပ် တက်ကပ် ၁-စုံ **မဟာကပ်** =သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီ-ဟူသောအသင်္ချေယျ ၄-ကပ်။

## ပဋိသန္ဓိစတုက္က
## ဆိုရိုး

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အပါယ် ၄–ဘုံ၌ အပါယ်ဘုံသား ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် လူ, စတုမဟာရာဇ်ဟူသော ကာမသုဂတိ ၂–ဘုံ၌ ဇစ္စန္ဓစသော လူ, ဘုမ္မသိတဝိနိပါတိကအသုရာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။ ဤ ၂–ခုသည် အဟိတ်ပဋိသန္ဓေများဖြစ်သည်။

မဟာဝိပါက်စိတ် ၈–ခုသည် ကာမသုဂတိ ၇–ဘုံ၌ ကာမသုဂတိဘုံသားပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။ (ဤ ၉–ခုသည် ကာမသုဂတိပဋိသန္ဓေ၊ စုစုပေါင်း ကာမပဋိသန္ဓေ ၁၀–ဖြစ်သည်)

ပဌမဈာန်ဝိပါက်စိတ်သည် ပဌမဈာန် ၃–ဘုံ၌ ပဌမဈာန်ဘုံသား ဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

ဒုတိယ, တတိယ ဈာန်ဝိပါက်စိတ်သည် ဒုတိယဈာန် ၃–ဘုံ၌ ဒုတိယဈာန်ဘုံသား ဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန် ၃–ဘုံ၌ တတိယဈာန်ဘုံသား ဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

ပဉ္စမဈာန်ဝိပါက်စိတ်သည် ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသဘုံတို့၌ ယင်းဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

ဇီဝိတ နဝက ကလာပ်ရုပ်သည်ပင် အသညသတ်ဘုံ၌ အသညသတ် ဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိ ဖြစ်သည်။ (နာမ်ဘဝင်, စုတိကိုနှင့်သလို ရုပ်ဘဝင်, စုတိလည်း ရှိနိုင်သည်ဟုမှတ်) (ဋီကာကျော်)

အာကာသာနဉ္စာယတန ဝိပါက်စိတ်သည်အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတန ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

ဝိညာ, အာကိဉ်, နေဝ ဝိပါက်စိတ်တို့သည်လည်း အစဉ်အတိုင်း ဝိညာ, အာကိဉ်, နေဝ ဘုံတို့၌ ယင်းဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

### ဘုရားရှင်၏ ပဋိသန္ဓေစိတ်

ဘုရားရှင်တို့သည် မေတ္တာပုဗ္ဗဘာဂစိတ်၏ အကျိုးဖြစ်သော မဟာဝိပါက်ပဌမစိတ်ဖြင့် ပဋိသန္ဓေနေကြသည်။ (အဘိ၊ ဋ္ဌ ၃၀၇)

* ၊ ဇုဒ္ဒ မြတ်စွာ၊ သန္ဓေမှာ၊ မဟာဝိပါက် ပဌမ၊

http://www.dhammadownload.com


## ပဋိသန္ဓိစတုက္က

| ပဋိသန္ဓေ | | စိတ်သည် | ဘုံ၌ | ပုဂ္ဂိုလ်တို့၏ | ကိစ္စ |
|---|---|---|---|---|---|
| ကာမ | အပါယ် | အကု-ဝိ-ဥ-သံ ၁ | အပါယ် - ၄ | အပါယ်ဘုံသား | ပဋိ-ဘ-စု |
| | သုဂတိ | အဟိတ်ကုဝိ-ဥ-သံ ၁ | လူ+စတု ကာမသုဂတိ-၂ | ဇစ္စန္ဓ စသော လူ ဘုမ္မသိတဝိနိပါတိက | ။ |
| | | မဟာဝိပါက် - ၈ | ကာမသုဂတိ-၇ | ကာမသုဂတိဘုံသား | ။ |
| ရူပ | | ပထမဈာန်ဝိပါက် - ၁ | ပထမဈာန် | ပ-ဈာန်ဘုံသား | ။ |
| | | ဒု-တ ဈာန်ဝိပါက်-၂ | ဒုတိယဈာန် | ဒု ။ | ။ |
| | | စတုတ္ထဈာန်ဝိပါက်-၁ | တတိယဈာန် | တ ။ | ။ |
| | | ပဉ္စမဈာန်ဝိပါက် - ၁ | စတုတ္ထဈာန် | စ ။ | ။ |
| | | ဇီဝိတနဝက ကလာပ်ရုပ် | အသညသတ် | အသဉ် ။ | ။ |
| အရူပ | | အာကာ-ဝိပါက်- ၁ | အာကာ . . . | အာကာ ။ | ။ |
| | | ဝိညာ - ဝိပါက်- ၁ | ဝိညာ . . . | ဝိညာ ။ | ။ |
| | | အာကိဉ်-ဝိပါက်- ၁ | အာကိဉ် . . . | အာကိဉ် ။ | ။ |
| | | နေဝ - ဝိပါက်- ၁ | နေဝ . . . | နေဝ ။ | ။ |

---

### ဇစ္စန္ဓ-စသော သူများ

**ဇစ္စန္ဓ** (ပဋိသန္ဓေအားဖြင့်ကန်းသူ)၊ **ဇစ္စဗဓိရ** (ပဋိသန္ဓေအားဖြင့် နားပင်းသူ)၊ **ဇစ္စဃာနက** (ပဋိသန္ဓေအားဖြင့် ယာနချို့သူ)**ဇစ္စမူဂ**(ပဋိသန္ဓေအားဖြင့် ဆွံ့အသူ)၊ **ဇစ္စဇဠ** (ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ)၊ **ဇစ္စုမ္မတ္တက** (ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ)၊ **ပဏ္ဍက**(လိင်ချို့တဲ့သူ)၊ **ဥဘတောဗျဉ္ဇနက** (မိန်းမတစ်လှည့် ယောက်ျားတစ်လှည့် ဖြစ်ရသူ) **နပုံသက** (ကျား/မ အင်္ဂါဇာတ် နှစ်မျိုးလုံး မထင်ရှားသူ)၊ **မမ္မ** (မန်းစွဲသူ = စကားပြောလျှင် အမြဲမပြတ်ဘဲ ဒွတ်ဆွဲ၍ ပြောရသူ)၊ စသည်တို့တည်း။ (ဤသူတို့သည် လူအဆင့် မမီသူများ ဖြစ်ကြသည်) (ဋီကာကျော်)

**ဘုမ္မသိတဝိနိပါတိကအသုရာ**- ဘုမ္မစိုးနတ်ကြီးများကို မှီခိုနေရသည့် စားဝတ်နေရေး အလွန် ဆင်းရဲ နွမ်းပါးသည့် နတ်ကလေးများ၊ တစ္ဆေ ပြိတ္တာ မြေဘုတ်များ-စသည်။ (ဋီကာကျော်)

http://www.dhammadownload.com


## မရဏုပ္ပတ္တိစတုက္က

| သချာ | သေခြင်း-၄-မျိုး | အဓိပ္ပါယ် | ဥပမာ |
|---|---|---|---|
| ၁ | အာယုက္ခယ | အသက်တမ်းကုန်၍သေခြင်း | မီးစာကုန် |
| ၂ | ကမ္မက္ခယ | ကံကုန်၍သေခြင်း | ဆီခန်း |
| ၃ | ဥဘယက္ခယ | အသက်,ကံနှစ်ပါးကုန်၍သေခြင်း | မီးစာကုန်, ဆီခန်း |
| ၄ | ဥပစ္ဆေဒက | ကံဆိုးဖြတ်ခြွေ၍လတ်တလောသေခြင်း | လေတိုက်ခြင်းစသည် |

* ***။ အာယု, ကမ္မ၊ ဥဘယနှင့်၊ ခယ သုံးထွေ၊ ဥပစ္ဆေ၊ အသေမရဏ လေးမျိုးပြ။***

**သေခါနီးအာရုံထင်ပုံ**- သေခြင်း ၄-မျိုးတို့ဖြင့် သေသူတို့အား သေခါနီးအခါ၌ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၁-မျိုးမျိုးသည် ကံ၏ အစွမ်းကြောင့် ၆-ဒွါရ တို့တွင် တစ်ပါးပါး၌ ထိုက်သင့်သလို ထင်လာတတ်သည်။

၁။ **ကံအာရုံ** - နောက်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ဇနကကံများ။ (တစ်နည်း) မိမိကိုယ်ကို အသစ်ပြုသည့်၏ အစွမ်းဖြင့် မနောဒွါရသို့ ရောက်လာသော ကုသိုလ်, အကုသိုလ် ကံများ။

၂။ **ကမ္မနိမိတ်အာရုံ** - (က) ကံပြုစဉ်က တွေ့ကြုံရသော ကျောင်း, ကန်, ဘုရား, စေတီ, သား, ငါး, သူ့ဥစ္စာ, သူ့အိမ်ရာ စသော ဥပလဒ္ဓ (တိုက်ရိုက် ရအပ်သည့် ပဓာန) အာရုံများ။

(ခ) ဆွမ်း, သင်္ကန်း, ပန်း, လက်နက်, လှံကန် စသော ဥပကရဏ (ကံပြီးမြောက်ဖို့ရန် အဆောက်အဦး အခြံအရံ များဖြစ်သော အပဓာန) အာရုံများ။

* ***။ ကျောင်းကန် ဘုရား၊ စေတီများနှင့်၊ သားငါး ဥစ္စာ၊ သူ့အိမ်ရာ၊ များစွာ ဥပလဒ်။***

* ***။ ကျောင်းဆောက် လှူခန်း၊ ဆွမ်း သင်္ကန်းတည့်၊ ပန်းနှင့် ဘုရား၊ သားငါး တို့တွက်၊လက်နက် လှံကန်၊ ခြံရံ ကူသမျှ၊ အဝဝ၊ ဥပကရဏမှတ်။*** (အမြွက်)

၃။ **ဂတိနိမိတ်အာရုံ** - (က) အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝ၌ တိုက်ရိုက်ရောက်အပ်သော အမိဝမ်းရေ, ငရဲဘုံ, တော တောင်, ရေကန်, နတ်ဗိမာန်စသော (ဥပလဘိတဗ္ဗ) အာရုံများ။

**ဘုရားရှင် သေခြင်းနှင့် အာရုံ** - ဘုရားရှင်တို့သည် အာယုက္ခယသေခြင်းမျိုးဖြင့် သေသည်၊ စုတိစိတ်လည်း အများနည်းတူ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်မျိုးမျိုးကို အာရုံပြုသည်။

* ***။ အာယုက္ခယ၊ ဖြတ်ဗုဒ္ဓသိ၊ စုတိမှာမူ၊ အများတူ၊ ရုံယူ ကံ, ကမ္မနိ, ဂတိနိ။***

http://www.dhammadownload.com


(ခ) ထိုလားရောက်ရမည့် ဘဝ၌ တွေ့ကြုံရမည့် လင်းတ, ခွေး, ကျီး, ငရဲမီးလျှံ, ငရဲထိန်း,နတ်သမီး, နတ်သား, ဥယျာဉ်, ပဒေသာပင် စသော ဥပဘောဂ (အတွင်းအပ အသုံးအဆောင်) အာရုံများ။

* ***။ တိုက်ရိုက် တပ်၍၊ ရအပ်လေမည့်၊ အဗိ ဝမ်းရေ၊ ငရဲပြည်နှင့်၊ တောင်ခြေ မြစ်တမ်း၊နတ်ဘုံနန်းဟု၊ အစုစု ဥပလဘိတစ်။***

* ***။ တွင်းပ သုံးဆောင်၊ မြားမြောင်စွာလှ၊ ခွေး လင်းတ ကျီး၊ ငရဲမီးနှင့်၊ နတ်သမီး ဝေဆာ၊ ပဒေသာ–တု၊ အစုစု၊ ဥပဘောဂမှတ်။*** (အခြေပြု)

**သေခါနီးစိတ်အစဉ်ဖြစ်ပုံ**

ထို ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်လာပြီးနောက် ထိုထင်လာတိုင်းသော တစ်ပါးပါးသော အာရုံကို အာရုံပြု၍ ကုသိုလ်ကံအကျိုးပေးမည့်သူဖြစ်လျှင် ဖြူစင်သော ကုသိုလ်စိတ်အစဉ် ဖြစ်နေသည်၊ အကုသိုလ်ကံအကျိုးပေးမည့်သူ ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ်အစဉ် ဖြစ်နေသည်၊ စုတိပြီးနောက် ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်မည့်ဘဝ၌ ညွတ် နေသကဲ့သို့ များသောအားဖြင့် စိတ်အစဉ် မပြတ်မလပ် ဖြစ်နေသည်။

**စုတိစိတ်** – ပစ္စုပ္ပန်ဘဝမှ ရွေ့လျောသည်၏ အစွမ်းအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်စိတ်။

**မရဏာသန္နဝီထိ**

သေခါနီးအခါဖြစ်သော စိတ်အစဉ်အတန်းများကို မရဏာသန္နဝီထိ– ဟုခေါ်သည်။ ထိုမရဏာသန္နဝီထိသည် ပဉ္စဒွါရဝီထိ, မနောဒွါရဝီထိ နှစ်မျိုးလုံး ဖြစ်နိုင်သည်။

**မရဏာသန္နဇောနှင့် စုတိဖြစ်ပုံအချုပ်**

တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ
တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဘ
တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ
တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘ
— စုတိ–ပဋိ–ဘ

* ***။ မှိုရာဝတ္ထု၊ အားနည်းမှုကြောင့်၊ ငါးခုမျှသာ၊ ဇောနိုင်ရှာ၊ မရဏာသန္နဇော။***

* ***။ ဇောနောင် တစ်ဖြာ၊ ရုံ နောက်မှာနှင့်၊ နှစ်ဖြာနောက်တွင်၊ ဘဝင် ဝင်၊ လေးအင် စုတိ၊ဖြစ်ပုံသိ။***

---

မှိုရာဝတ္ထုအားနည်းမှုကြောင့် မရဏာသန္နဇော ၅–ကြိမ်သာ ဇောနိုင်ရာသည်။ စုတိစိတ်သည် ဇောနောက်၌၎င်း ဇော, ဘဝင်နောက်၌ ၎င်း တဒါရုံနောက်၌၎င်း တဒါရုံ, ဘဝင်နောက်၌၎င်း ၄–မျိုး ၄–စား ဖြစ်လေ့ ရှိသည်။

http://www.dhammadownload.com



## စုတိနှင့် ပဋိသန္ဓေအကြားမရှိ

အဝိဇ္ဇာနှင့် တဏှာအရင်းခံရှိသော ကံကြောင့် စုတိပြီးလျှင်ပြီးချင်း ပဋိသန္ဓေစိတ် ဆက်လက်ဖြစ်သည်၊ စုတိနှင့် ပဋိသန္ဓေတို့သည် အကြားမရှိ။

* ***။ အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ အကြောင်းကံကြောင့်၊ တစ်ဖန် သန္ဓေ၊ စုနောက်နေ၊ မှတ်လေ၊ ကြားမရှိ။***

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်၍ ဖြစ်သောစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်၊ ထိုပဋိသန္ဓေစိတ်သည် – – –

* စုတိစိတ်၏ အခြားမဲ့၌သာလျှင် ဖြစ်သည်၊ (စုတိနှင့် ပဋိသန္ဓေအကြား ဘဝထားခံရ မရှိ)
* မရဏာသန္နဇော ယူအပ်သော အာရုံကို အာရုံပြုသည်၊
* ပဉ္စဝေါကာရဘုံ၌ ဟဒယဝတ္ထုကို မှီ၍လည်းကောင်း၊ အရူပဘုံ၌ ဝတ္ထုရုပ်ကို မမှီဘဲလည်းကောင်း ဖြစ်သည်။
* အဝိဇ္ဇာနုသယခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ် ကံကြောင့်ဖြစ်သည်၊ (အခြား ထင်မှိုရှင် ဖန်ဆင်းမှုအသည်တို့ကြောင့် ဖြစ်ရသည် မဟုတ်)
* သမ္ပယုတ်တရားများလည်း ခြံရံလျက်ပါရှိသည်၊ တစ်ကွဖြစ်ဖက် တရားတို့၏ မှီရာ တည်ရာလည်းဖြစ်, ရှေ့သွားခေါင်းဆောင်လည်း ဖြစ်သည်၊
* ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ ဖြစ်တည်သည်၊ (**လောက်လန်းသမ္ပယ် ဝိညာဉ်တွယ်** ဆိုသကဲ့သို့ ဘဝဟောင်းမှာ ဥပါဒ်ခဲ့ပြီး ငှါအခိုက်ကျမှ ဘဝသစ်၌ တည်သည်မဟုတ်)

## တူမြဲတရား သုံးပါး

၁။ ဘဝအစ ပဋိသန္ဓေ၊ ၂။ ပဝတ္တိအခါဖြစ်သော ဘဝင်၊ ၃။ ဘဝအဆုံးသတ် စုတိ၊ ဤ ၃–မျိုးတို့သည် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံအားဖြင့် တူကြသည်၊ ထိုပဋိသန္ဓေ, ဘဝင်, စုတိ သုံးမျိုးစလုံးသည်ပင် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြုသည်။ (အာဂန္တုကဘဝင်သည် ပဋိသန္ဓေနှင့် မတူသောကြောင့် တူရမည်ဆိုသော စကားသည် ယေဘုယျစကားဖြစ်သည်)

* ***။ အစ ပဋိ၊ ဆုံးစုတိနှင့်၊ လယ်ရှိ ဘဝင်၊ တူသုံးအင်၊ ထင်–မြင် အာရုံပြား။***

* ***။ ကံ, ကမ္မနိ၊ ဂတိနိ၊ ထိုအာရုံများ။***

* ***။ ဘုံ, ဇာတ်, သပ်, သင်၊ အာ ဖါးအင်၊ သန်, ဘွင်, စု ပပြား။***

http://www.dhammadownload.com


## ပဋိသန္ဓေများ၏ အာရုံများထူးခြားပုံ

| ပဋိသန္ဓေ | ကာလ | အာရုံ | ဒွါရ | အာရုံ |
|---|---|---|---|---|
| ကာမ | အတိတ် | ဓမ္မာရုံ | မနောဒွါရ | ကံ |
| | ပွ+တိတ် | အာရုံ ၆-ပါး | ၆-ဒွါရ | ကမ္မနိမိတ် |
| | ပစ္စုပ္ပန် | ရူပါရုံ | မနောဒွါရ | ဂတိနိမိတ် |

| ရူပ | | ပညတ် | ကမ္မနိမိတ် |
|---|---|---|---|
| အရူပ | အာကာ, အာကိဉ် | ။ | ။ |
| | ဝိညာ, နေဝ | မဟဂ္ဂုတ် | ။ |

***။ သန္ဓေကာမ၊ အာရုံပြမူ၊ ကမ္မ နိမိတ်၊ ပွန်, တိတ် ရုံ ဆ၊ ခြောက်ဒွါရ သိ၊ ဂတိ ပွန်, ရူပနော ယှဉ်၊ ကံမူတိတ်-ဓပ်၊ မနောဒွါ၊ ထင်ရန် သုံးမျိုးပြား။**

***။ရူ, ရူ သန္ဓိ၊ ကမ္မနိသာ၊ ရူ, အာကာနှင့်၊ ကိဉ်မှာ ဉတ်ပေ၊ ဝိညာ, နေ၊ ခွဲဝေ မဟဂ္ဂုတ်၊ ဆို့ရိုး**

၁။ ကာမပဋိသန္ဓေသည် -

(က) ပစ္စုပ္ပန်, အတိတ် အာရုံခြောက်ပါး, ဒွါရခြောက်ပါးဆိုင်ရာ **ကမ္မနိမိတ်**ကိုငင်း၊

(ခ) ပစ္စုပ္ပန်, ရူပါရုံ, မနောဒွါရဆိုင်ရာ **ဂတိနိမိတ်**ကိုငင်း၊

(ဂ) အတိတ်, ဓမ္မာရုံ, မနောဒွါရဆိုင်ရာ **ကံအာရုံ**ကိုငင်း အာရုံပြုသည်။

၂။ ရူပပဋိသန္ဓေသည် **ပညတ် ကမ္မနိမိတ်**ကိုသာ အာရုံပြုသည်။

၃။ (က) အာကာ, အာကိဉ် အရူပ ပဋိသန္ဓေသည် **ပညတ်ကမ္မနိမိတ်**ကိုသာ အာရုံပြုသည်။

(ခ) ဝိညာ, နေဝ အရူပ ပဋိသန္ဓေသည် **မဟဂ္ဂုတ်ကမ္မနိမိတ်**ကိုသာ အာရုံပြုသည်။

## ပဋိသန္ဓေ ဘဝင်တို့ ပစ္စုပ္ပန်အာရုံပြုပုံ

စုတိပြီးနောက် ပဋိသန္ဓေ, ဘဝင် ဖြစ်သည့်တိုင်အောင် ပစ္စုပ္ပန်အာရုံ မချုပ်သေးလျှင် ယင်းပဋိသန္ဓေ, ဘဝင်တို့သည် ဘဝဟောင်းက ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက် အာရုံပြုသည်။ (များသောအားဖြင့် ဇောနောင် စုတိကျလျှင် ပဋိသန္ဓေ, ဘဝင်တို့ ပစ္စုပ္ပန်အာရုံ ပြုကြသည်)

http://www.dhammadownload.com



## ပဋိသန္ဓေနှင့် ရုပ်, နာမ်

| | ရှိသောအရာ | | |
|---|---|---|---|
| ပဋိသန္ဓေ | ရုပ် | နာမ် | အသုံး |
| အသညသတ် | ။ | | ဧကဝေါကာရ |
| အရူပ | | ။ | စတုဝေါကာရ |
| ကြွင်း–ကာမ,ရူပ | ။ | ။ | ပဉ္စဝေါကာရ |

၁။ အသညသတ် ပဋိသန္ဓေသည် ဇီဝိတနဝက ကလာပ်ရုပ်သက်သက်သာ ဖြစ်သည်။ (ရုပ်ကန္ဒာ ၁–ပါးသာရှိ၍ ဧကဝေါကာရ)

၂။ အရူပပဋိသန္ဓေသည် အရူပဝိပါက်နာမက္ခန္ဓာ နာမ်သက်သက်သာ ဖြစ်သည်။ (နာမက္ခန္ဓာ ၄–ပါးရှိ၍ စတုဝေါကာရ)

၃။ ကြွင်းသော ကာမ, ရူပ ပဋိသန္ဓေများသည် ရုပ်, နာမ်ရောယှက် ဖြစ်ကြသည်။ (ခန္ဓာ ၅–ပါးလုံးရှိ၍ ပဉ္စဝေါကာရ)

* *။ အသဉ် သန်မှာ၊ ရုပ်ချည်းသာနှင့်၊ နာမ်သာ အရူ၊ အကြွင်းမူ၊ နှစ်ဆူ နာမ်, ရုပ်ရော။*

## စုတိနောင် ပဋိသန္ဓေနှောင်းပုံ ဆိုရိုး

၁။ အရူပစုတိနောင် အောက်အောက် ပဋိသန္ဓေကြဉ်သော အရူပပဋိသန္ဓေ ၄–ခုနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄–ခု၊ ပေါင်း ၈–ခု နှောင်းသည်။ (ကာမတိဟိတ် ပဋိသန္ဓေကား ထိ–ပု အတွက်သာ)

၂။ ရူပစုတိနောင် အဟိတ်မပါသော သဟိတ် ပဋိသန္ဓေ ၁၇–ခု နှောင်းသည်။ (ကာမတိဟိတ်, ဒွိဟိတ် ပဋိသန္ဓေများကား ပုထုဇဉ်အတွက်သာ)

၃။ ကာမတိဟိတ်စုတိနောင် ပဋိသန္ဓေအားလုံး နှောင်းသည်။

၄။ ကြွင်းကျန်သည့် အဟိတ်, ဒွိဟိတ်စုတိနောင် ကာမပဋိသန္ဓေ ၁၀–ခုသာ နှောင်းသည်။

၅။ အသညသတ်စုတိနောင် ကာမဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ၈–ခု နှောင်းသည်။

၆။ ဖြုဟ္မဘုံရောက်နေသော အရိယာပုဂ္ဂိုလ်များသည် အောက်အောက်ဘုံ၌ ပဋိသန္ဓေ မနေတော့ပြီ။

၇။ နေဝသညာနာသညာယတနဘုံ, ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌာဘုံ၌ရှိသော အရိယာပုဂ္ဂိုလ်များသည် အခြားဘုံသို့ မပြောင်းပြီ၊ ယင်းဘုံ၌သာ ပဋိသန္ဓေနေသော်လည်း နေနိုင်သည်၊ ပရိနိဗ္ဗာန်သော်လည်း စံရသည်၊ ဤ ၃–ဘုံကို **ဘဝသီသ**–ဟုလည်း ခေါ်သေးသည်။

၈။ သုဒ္ဓါဝါသဖြုဟ္မာများသည် မိမိဘုံ၌ ထပ်မဖြစ်၊ ဘဝမဆုံးသေးလျှင် အထက်သုဒ္ဓါဝါသ ဘုံ၌သာ ဖြစ်သည်၊ အကနိဋ္ဌာဘုံ၌ကား ထပ်၍လည်း မဖြစ်၊ ပြောင်းလည်း မပြောင်းတော့။

http://www.dhammadownload.com


## စုတိနောင်ပဋိသန္ဓေနှောင်းပုံအချုပ်

| စုတိ-(၁၉/၂၀)နောင် | | | ပဋိသန္ဓေ (၁၉/၂၀) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကာမ-၁၀ | | | ရူပ-၆ | | အရူပ-၄ | | | | ပေါင်း |
| | | | အဟိတ် ၂ | ဒွိဟိတ် ၄ | တိဟိတ် ၄ | ပဌမ ၁ | ဒုတိယာဒိ ၄ | အာကာ-၁ | ဝိညာ-၁ | အာကိ-၁ | နေဝ-၁ | ၁၉/၂၀ |
| အရူပ-၄ | နေဝသညာ | ၁ | | | ॥ | | | | | | ॥ | ၅ |
| | အာကိဉ္စညာ | ၁ | | | ॥ | | | | | ॥ | ॥ | ၆ |
| | ဝိညာဏဉ္စာ | ၁ | | | ॥ | | | | ॥ | ॥ | ॥ | ၇ |
| | အာကာ | ၁ | | | ॥ | | | ॥ | ॥ | ॥ | ॥ | ၈ |
| ရူပ-၆ | အသညသတ် | ၁ | | ॥ | ॥ | | | | | | | ၈ |
| | ကြွင်းရူပ | ၅ | | ॥ | ॥ | | ॥ | ॥ | ॥ | ॥ | ॥ | ၁၇ |
| ကာမ-၁၀ | တိဟိတ် | ၄ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၉/၂၀ |
| | ဒွိဟိတ် | ၄ | ॥ | ॥ | ॥ | | | | | | | ၁၀ |
| | အဟိတ် | ၂ | ॥ | ॥ | ॥ | | | | | | | ၁၀ |

* ။ အရူစုနောက်၊ သူ့အောက်မပါ၊ အရူပါ၊ ကာမာ-တိဟိတ်နှောင်း။

* ။ ရူစုတိနောက်၊ အဟိတ်ဖျောက်၍၊ ထို့နောက် ကာတိ၊ နှောင်းတုန်သိ၊ အ,ဒွိနောက်မှာ၊ ကာမသာ။

* ။ အသညာဘို၊ စုတိတို့က၊ ကာမဒွိတိတ်၊ တိဟိတ်သန္ဓေ၊ ရှစ်ခုနေ၏။

* ။ ဖြတ္တွဲဘုံနေ၊ ရိယာတွေ၊ အောက်ပြည် မဆင်းပြီ။

* ။ နေဝါ, ဝေဟပ်၊ တနိဋ္ဌ ရပ်မှာ၊ အရိယာ၊ နေရာ မပြောင်းပြီ။

---

ဖယားနှင့် ဆိုရိုးမှာ ပုထုဇဉ်/အရိယာ/ချာန်ရ/မရ မခွဲဘဲ သာမညပြထားသည်။ အရိယာဖြစ်မှာများ မည်သည့်အောက်ဆင့်မှာမှ ပဋိသန္ဓေ မနေတော့။

**ကာမတိဟိတ်တွင်** — ချာန်မရ တိဟိတ်ဖြစ်လျှင် ကာမပဋိသန္ဓေ ၁၀၊ ချာန်ရ တိဟိတ် ပုထုဇဉ်ဖြစ်လျှင် မဟဂ္ဂုတ် ပဋိသန္ဓေ ၉-ခုနှင့် အသညသတ်၊ သောတာပန်, သကဒါဂါမ်၊ ချာန်မရဖြစ်လျှင် ကာမတိဟိတ် ၄, ချာန်ရ သောတာပန်, သကဒါဂါမ်နှင့် ချာန်ရ/မရ အနာဂါမ်ဖြစ်လျှင် မဟဂ္ဂုတ် ပဋိသန္ဓေ ၉-ခု။

http://www.dhammadownload.com


## ဘဝင်အကြောင်း

ဥပပတ္တိဘဝ၏ မပြတ်စဲကြောင်း ဖြစ်သောကြောင့် ဘဝင်ဟု ဆိုသည်၊ ဘဝဿ အင်္ဂံ ဘဝင်္ဂံ-ဟု ဝိဂြိုဟ်ဝစနတ္ထပြု၊ (ဘဝ+အင်္ဂ=ဘဝင်္ဂ)၊ ထိုဘဝင်စိတ်များသည် -

* ပဋိသန္ဓေစိတ်ချုပ်သည်မှ စ၍ စုတိ တိုင်အောင်
* ဝီထိစိတ် မဖြစ်သော အခါ၊
* ဘဝမပြတ်စဲဖို့ ဖြစ်ပေးရသည်၊
* မြစ်ရေ အလျဉ်ကဲ့သို့ မပြတ်ဖြစ်နေသည်၊
* ပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြုသည်။

ဖော်ပြပါ စကားရပ်တို့ကို ကြည့်၍ အောက်ပါ မေးခွန်းတို့ကို ဖြေပါလေ။

* အဘယ့်ကြောင့် ဘဝင်ဟု ခေါ်ပါသနည်း၊
* ဘဝင်္ဂ-ပုဒ်ကို ဝိဂြိုဟ် ဆိုပြပါ၊
* ဘဝင်သည် ဘယ်အချိန်မှ စ၍ ဘယ်အချိန်အထိ ဖြစ်သနည်း၊
* ဘဝင်သည် အမြဲတမ်း ဖြစ်နေသလား၊
* ဘယ်အချိန်မှာ ဖြစ်သနည်း၊
* ဖြစ်သောအခါ အဘယ်သို့ ဖြစ်သနည်း၊
* အဘယ်ကို အာရုံပြု၍ ဖြစ်သနည်း၊

## နာမ်သံသရာလည်ပုံ

ဘဝအစ၌ ပဋိသန္ဓေဖြစ်သည်၊ ပဋိသန္ဓေ၏ အခြားမဲ့မှ စပြီး ဘဝင်, ဝီထိစိတ်များ အဆက်မပြတ် ဖြစ်၍ အဆုံး၌ စုတိ ဖြစ်သည်၊ တစ်ဖန် ပဋိသန္ဓေ, ဘဝင်, ဝီထိများ နောက်ဘဝ၌ ဖြစ်ပြန်သည်၊ ဤသို့ ရထားစက်ဘီးကဲ့သို့ အဆက်မပြတ် ဖြစ်နေသည်ကို နာမ်သံသရာလည်သည်-ဟု ဆိုသည်။


---

ရူပစုတိနောင် တိဟိတ်ပုထုဇဉ်အတွက်သာ သဟိတ်ပဋိသန္ဓေ ၁၇-ခု နောင်းသည်၊ အရိယာဖြစ်လျှင် အောက်အောက် ကြဉ်သော မဟဂ္ဂုတ်ပဋိသန္ဓေသာ ရနိုင်သည်၊ တိတ်ဟိတ်ပုထုဇဉ်အတွက်လည်း အောက်အောက် မဟဂ္ဂုတ်ပဋိသန္ဓေ မရဟု ဆိုကြသည်။

အရူပစုတိနောင်လည်း တိဟိတ်ပုထုဇဉ်အတွက်သာ ၈-ခုလုံး ရသည်၊ အရိယာဖြစ်လျှင် ကာမတိဟိတ်မရ၊ အရူပ ပဋိသန္ဓေသာ ရသည်။

http://www.dhammadownload.com






## သံသရာစက် ပြတ်ပုံ

**ပဋိသန္ဓိယ ပနေတာမဒ္ဒုဝံ၊ အဓိဂန္တွာပဒမစ္စုတံ ဗုဓာ။။**

**သုသမုစ္ဆိန္နသံနေဟာပန္နာ၊ သမမေသန္တိဝိရာယ သုဗ္ဗတာ။**

ပညာရှိပုဂ္ဂိုလ်သည် ကြာမြင့်စွာသော ကာလပတ်လုံး ကောင်းမွန်သော အကျင့်ရှိပါက ပဋိသန္ဓေ, ဘဝင်, စိထိ, စုတိတို့၏ မမြဲခြင်းသဘောကို ဉာဏ်ဖြင့် ဆင်ခြင်၍ တဏှာ အနှောင်အဖွဲ့ကို မဂ်ဉာဏ်ဖြင့် ဖြတ်တောက်လိုက်လျှင် စုတေခြင်းကင်းရာ နိဗ္ဗာန်သို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ရောက်ရှိပြီး ဝဋ်ဒုက္ခငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်သို့ ကေန် ရောက်နိုင်လိမ့်မည်၊ သံသရာစက်ကြီး လည်း ပြတ်သွားတော့မည် ဖြစ်သည်။

---

**ဝိထိမုတ်ပိုင်း = ဘုံပိုင်း**

သဂြိုဟ်ကျမ်း၌ ဝိထိမုတ်ဖြစ်သော စုတိ, ပဋိသန္ဓေကို အဓိကထားပြသောကြောင့် ဝိထိမုတ်ပိုင်းဟု ဆိုထားသည်၊ သို့သော် ပဋိသန္ဓေနှင့်စပ်သော ကံစသော ဝိထိဆိုင်ရာများလည်း ပါဝင်နေသည်။
ဤဝိထိမုတ်ပိုင်း၌ ဘူမိစတုက္ကဆိုင်ရာ ဘုံများကို စ, တင်ပြသောကြောင့် ဘုံပိုင်းဟုလည်း ခေါ်ကြသေးသည်။

ဝိထိမုတ်ပိုင်းပြီး၏

* * * * * * *

http://www.dhammadownload.com



## ရုပ်ပိုင်း

| မူရင်းအမည် | | | သရုပ်အမည် | သင်္ချာ |
|---|---|---|---|---|
| နိပ္ဖန္န (သဘာဝ/သလက္ခဏ/ရုပ/သမ္မသန) ၁၈ | ဘူတ | | ပထဝီ, အာပေါ, တေဇော, ဝါယော | ၄ |
| | ဂေါစရ | ပသာဒ | စက္ခုပသာဒ, သောတ, ဃာန, ဇိဝှါ, ကာယပသာဒ | ၅ |
| | | ဝိသယ(ဂေါစရ) | ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ (ပ,တေ,ဝါ) | ၇ |
| | ဘာဝ | | ဣတ္ထိဘာဝ, ပုမ္ဘာဝ | ၂ |
| | ဟဒယ | | ဟဒယဝတ္ထု | ၁ |
| | ဇီဝိတ | | ဇီဝိတိန္ဒြေ | ၁ |
| | အာဟာရ | | ကဗဠီကာရ အာဟာရ | ၁ |
| အနိပ္ဖန္န (အသဘာဝ) ၁၀ | ပရိစ္ဆေဒ | | အာကာသ ဓာတ် | ၁ |
| | ဝိညတ္တိ | | ကာယဝိညတ်, ဝစီဝိညတ် | ၂ |
| | ဝိကာရ | | ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ်-၂ | ၅ |
| | လက္ခဏ | | ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ | ၄ |

ရုပ်သည် မဟာဘုတ်, မဟာဘုတ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ်အားဖြင့် ၂-ပါး။

ဥပါဒါရုပ်သည် ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး စသည်ဖြင့် ၂၄-ပါး ပြားသည်။ **နိပ္ဖန္နရုပ် ၁၈-ခု** ဘူတရုပ်မှ အာဟာရရုပ်တိုင်အောင် ၁၈-ပါးကို သဘာဝရုပ်, လက္ခဏရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ် ဟုခေါ်သည်။

---

**နိပ္ဖန္န** (ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်းတရားတို့ကြောင့် ပြီးစီးသော) ရုပ်၊ **သဘာဝ** (မိမိသဘောအားဖြင့် ရအပ်သော) ရုပ်၊ **သလက္ခဏ** (ဥပါဒ်အစရှိသော လက္ခဏာ, အနိစ္စအစရှိသော လက္ခဏာတို့နှင့် တစ်ကွ ဖြစ်သော ) ရုပ်၊ **ရူပ** (အချမ်း, အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်, အချမ်း, အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့သည် ဖောက်ပြန်စေအပ်သောကြောင့် ဖောက်ပြန်မှု သဘော ထင်ရှားသော)ရုပ်၊ **သမ္မသန** (လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ သုံးသပ်အပ်သော)ရုပ် ဟု ခေါ်ရသည်။ **ရူပသဒ္ဒါဖြင့် အထူးပြုပုံ** ရူပသဒ္ဒါသည် ဖောက်ပြန်ခြင်းသဘောမရှိသော အနိပ္ဖန္နရုပ်တို့၌လည်း ရုဠ်အားဖြင့်ဟောသည်ဖြစ်၍ ထိုအနိပ္ဖန္နရုပ် တို့နှင့် မရောယှက်စေဘဲ ရုပ်အစစ်သက်သက်ကိုသာ ယူစေလိုသော ကြောင့် ရူပသဒ္ဒါတစ်ခုဖြင့် အထူးပြု၍ ရူပ ရူပ (ရူပ ရုပ်) ဟု ဆိုသည်။ **မဟာဘုတ် ၄-** ဥပါဒါရုပ်တို့ထက် ထကျွင်စသောလက္ခဏာအားဖြင့်၎င်း, အထည်ကိုယ် သဏ္ဌာန်အားဖြင့်၎င်း ကြီးကျယ်ထင်ရှားသောကြောင့် မဟာတပ်၍ မဟာဘုတ်-ဟု ခေါ်သည်။ (ကြွင်းသောရုပ်များသည် မဟာဘုတ်တို့ကို မှီ၍သာ ဖြစ်သောကြောင့် ဥပါဒါရုပ်မည်ကုန်၏)

http://www.dhammadownload.com



ဘူတရုပ်ဟူသည် – ပထဝီ, အာပေါ်, တေဇော, ဝါယောအားဖြင့် ၄–ပါး(ယထာဒရုပ်သေသည်နည်းတူဆိုလေ)
ဇီဝိတရုပ်တူသည် – ဇီဝိတိန္ဒြေတည်း။ (သေသည်ဖြင့် ဗေဟာကြည့်၍ ဆိုလေ)

* ။ ပ, အာ, တေ, ဝါ၊ ဤလေးဖြာ၊ မှတ်ပါ မဟာဘုတ်။

* ။ စက်, သော, ဃာန၊ ဇိ, ကာယ၊ ငါး၀ ပသာဒရုပ်။

* ။ ရူပ, သဒ္ဒ၊ ဂန်, ရသ နှင့်၊ ဖောဋ္ဌ သုံးဖြာ၊ ပ, တေ, ဝါ၊ သတ္တာ ဝိသယ။

* ။ လတု, မုဒု၊ ကမ္မည် ရှု၊ နှစ်ခု ဝိညတ် ဝိ–ငါးရုပ်။

* ။ ဥ, သန်, ဇရ၊ အနိစ္စ၊ လေး၀ လက္ခဏာ။

* ။ ဘူတ, ပသာ၊ ဝိသယာနှင့်၊ ဘာဝ်, ဟဒယ၊ ဇီဝိတ, အာ၊ ဆယ့်ရှစ်ဖြာ၊ မှတ်ပါ နိပ္ဖန္န။

* ။ ပရိစ္ဆေဒ၊ ဝိညတ်ဒွနှင့်၊ ပဥ္စ ဝိကာ၊ လက္ခဏာ၊ ဆယ်ဖြာ အနိပ္ဖန်။

ဇာတိရုပ် –ဇာတိရုပ် ၁–ခုတည်းကိုပင် ရှေးဦးစွာဖြစ်ခြင်း,အထက်၌ဖြစ်ခြင်းဟု ဖြစ်ပုံအခြင်းအရာ ထူးသဖြင့် ဝေနေယျတို့အလိုသို့လိုက်၍ ဥပစယ, သန္တတိ–ဟု ၂–မျိုးဟောသည်။

၁။ **ပထဝီ** – မြေဓာတ်၊ မာ, ပျော့, ကြမ်း, ချော, လေး, ပေါ့ ခြင်းသဘော။
၂။ **အာပေါ်** – ရေဓာတ်၊ ယိုစီး, ဖွဲ့စည်းခြင်းသဘော။ (ပထဝီနှင့်အာပေါ်တို့ သဘောတူ မိတ်ဆွေ)
၃။ **တေဇော** – မီးဓာတ်၊ ပူခြင်း, အေးခြင်းသဘော။
၄။ **ဝါယော** – လေဓာတ်၊ တွန်း, ထောက်ကန် ခြင်းသဘော။ (တေဇောနှင့် ဝါယောတို့ သဘောတူမိတ်ဆွေ)

* ။ *မြေ+ရေ, မီး+လေ၊ တူမိတ်ဆွေ၊ မြေ+လေ, မီး+ရေ၊ ရန်သူတွေ။*

**ပသာဒရုပ်** – မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒမည်သည်။
၁။ **စက္ခုပသာဒ** – မျက်စိအကြည် (အရှင်းမကြိုက် အရှုပ်ကြိုက်သော မြွေနှင့်တူ၏။ မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သန်းဦးခေါင်းပမာဏရှိသော အရပ်၌ မျက်လွှာ ၇–ထပ်ကို ပြန့်နှံ့၍ တည်၏)။ ၂။ **သောတပသာဒ** – နားအကြည် (နက်ရှိုင်းသော ရေကိုကြိုက်သော မိကျောင်းနှင့်တူ၏။ နားအတွင်း လက်စွပ်ကွင်းသဏ္ဍာန်ရှိ အမွေးနီများ ပေါက်လျက်ရှိသော နေရာ၌ တည်၏)။
၃။ **ဃာနပသာဒ** နှာခေါင်းအကြည် (ကောင်းကင်ပြင်ကို ကြိုက်သော ငှက်နှင့်တူ၏။ နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဍာန်နှင့်တူသော အရပ်၌တည်၏)။
၄။ **ဇိဝှါပသာဒ** – လျှာအကြည် (မီးသင်္ချိုင်းကို ကြိုက်သော အိမ်ခွေးနှင့်တူ၏။ လျှာ၏အလယ် ကြာပွင့်ဖတ်များနှင့်တူသော အရပ်၌ တည်၏)။

**အာပေါနှင့် ဖောဋ္ဌဗ္ဗာရုံ** * *အာပေါ်ခေလေ့၊ လွန်သိမ်မွေ့၍၊ ထိတွေ့မရ၊ ဖောဋ္ဌဗ္ဗ၊ အရသူမဝင်။*

**အာဟာရ** – မျိုသုံး စားသောက်အပ်သော အဆီ,အစေးသည်မှသာ အာဟာရ အဆီ, အစေးဓါတ်တည်းဟု အထုပ်အလွေးသည် ဥပစာအားဖြင့် အာဟာရမည်သည်။ **ဝိညတ်** မိမိအလိုဆန္ဒကိုသူတစ်ပါးတို့အားသိစေတတ်သောအမူအရာ။

http://www.dhammadownload.com



## အပိုမှတ်ရန် ရုပ်သင်နည်းတစ်မျိုး

| အမျိုးအစား | | သရုပ် | ရုပ်ဖြစ်ကြောင်း ကံ | စိတ် | ဥတု | အာဟာရ |
|---|---|---|---|---|---|---|
| နိပ္ဖန္နရုပ် – ၁၈ | အကောင်အထည်ရုပ် ၁၂ | ပထဝီ,အာပေါ်,တေဇော,ဝါယော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ } အဝိနိဗ္ဘောဂ–၈ | ။ | ။ | ။ | ။ |
| | | ဇီဝိတ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ | ။ | | | |
| | ကြည်လင်ရုပ် ၆ | စက္ခု, သောတ, ဃာန, ဇိဝှါ, ဟဒယဝတ္ထု | ။ | | | |
| | | သဒ္ဒ | | ။ | ။ | |
| အနိပ္ဖန္နရုပ် – ၁၀ | အပြောင်းရုပ် ၅ | ကာယဝိညတ္တိ, ဝစီဝိညတ္တိ | | ။ | | |
| | | လဟုတာ,မုဒုတာ,ကမ္မညတာ | | ။ | ။ | ။ |
| | ရုန်သူရုပ်၄ | ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ | | | | |
| | ပိုင်းခြားရုပ်သ | ပရိစ္ဆေဒ (အာကာသ) | ။ | ။ | ။ | ။ |

*။ တစ်ကိုယ်လုံးဖြစ်၊ ဆယ့်နှစ် အထည်၊ အခြယ် ခြောက်ဆူ၊ အမူရုပ် ငါး၊ ရုန်လေးပါးနှင့်၊ ပိုင်းခြားရုပ် တစ်၊ နှစ်ဆယ့်ရှစ်၊ မှတ်လစ် ရုပ်ပေါင်းတည်း။*

(ပရမတ္ထစက္ခု)

---

၅။ ကာယပသာဒ –ကိုယ်အကြည်(လူသူကောင်းဆိုတ်သည့် တောသုသာန်ကို ကြိုက်သော တောခွေးနှင့် တူ၏ တွေ့ထိ မှီတွယ်မှုကို နှစ်သက်၏ မှီစရာ မရှိလျှင် မိမိလက်ကိုပင် ခေါင်းအုံး အိပ်လို၏ ပါးကောင်းမီးကို ချန်၍ အစိုဓာတ်ရှိသော တစ်ကိုယ်လုံး၌ အနှံ့တည်၏ အသားချောက်, အမွေးဖျား စသည်တို့၌မတည်)။

ဟဒယဝတ္ထု – မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာရုပ်၊ (နှလုံးအိမ်အတွင်း တစ်ဆယ်ယက် မျှလောက်သော သွေးကိုမှီ၍ တည်၏ နှလုံးသွေးသည် – ရာဂ ကြီးသူအား နီ၏ ဒေါသကြီးသူအား နက်၏ မောဟကြီးသူအား သားဆေးရည်နှင့်တူ၏ ပညာကြီးသူအား အလွန်ကြည်၏ နှလုံးသည် ပညာကြီးသူအား စုံးငယ်ပွင့်၏ ပညာနည်းသူအား ငုံ၏)။

* ။ *ရာ–နီ, နက်–ဒေါ၊ သားဆေး–မော၊ ပညော–ကြည်ပွင့်, နည်းသူ–ငုံ။* (ပရမတ္ထစက္ခု)

ဇီဝိတရုပ် – တကျွန်းမြတ် ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်သော အသက်ရုပ်၊ (ပါးကောင်းမီးနှင့် တကွ တစ်ကိုယ်လုံး၌ ပြန့်နှံ့၍ တည်၏)

တစ်ကိုယ်လုံး ပျံ့နှံ့သော ရုပ် * *ကာယ, ဘာဝ၊ ဇီဝိတနှင့်၊ သုက္က တစ်ထွေ၊ သွေး, သည်းခြေ၊ ခြောက်ထွေကိုယ်မှာ၊ အနှံ့ပြာ။*

http://www.dhammadownload.com


* ။ ပ, အာ, တေ, ဝါ၊ ဆင်း, နံ့ ဖြာ၊ ရသာ, ဆီဩဇ။
* ။ အဝိနိဗ္ဘောဂ၊ ခွဲမရ၊ ဖြစ်ကြနေရာတိုင်း။
* ။ ဇီဝိ, ကာယ၊ ထိ, ပုမ၊ လေး၀ ထည်ကိုယ် ကိုယ်လုံးစို။
* ။ စက်, သော, ဃာန၊ ဇိ, ဟဒ၊ သဒ္ဒ ခြယ်လှယ်ရုပ်။
* ။ ပရိစ္ဆေဒ၊ ပိုင်းခြားပြ၊ အာကာသလည်းခေါ်။

**ဆိုရိုး**။ ။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့်၊ ဇီဝိတ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ အားဖြင့် ၁၂-ခုသည် တစ်ကိုယ်လုံး၌ ဖြစ်သော အထည်ကိုယ်ရုပ် ဖြစ်သည်။

စက္ခု, သောတ, ဃာန, ဇိဝှါ, ဟဒယဝတ္ထု, သဒ္ဒ-အားဖြင့် ၆-ခုသည် ခြယ်လှယ်ရုပ်။

(စသည်ဖြင့် ဖယ်ားအတိုင်း ဆိုလေ)

---

**အဝိနိဗ္ဘောဂ**- တစ်ခုစီသီးခြားခွဲထုတ်၍ မရသောရုပ်၊ အရာဝတ္ထုတိုင်း နေရာတိုင်း၌ ဤ ၈-ခုရှိသည်။

ဇီဝိတ- အသက်၊ ကာယပသာဒ- အတွေ့အထိကို ခံယူသောရုပ်၊ ဣတ္ထိဘာဝ-မ-ဓာတ်၊ ပုမ္ဘာဝ-ဖို-ဓာတ်၊ ဤ ၄-ခုသည် အမြဲဓာတ် ရှိသည့် တစ်ကိုယ်လုံး၌ တည်နေသည်။

**အခြယ် ခြောက်ဆူ**- မျက်စိ, နား, နှာ, လျှာ, နှလုံး, အသံ တို့သည် သတ္တဝါ ပုံသဏ္ဌာန်ပေါ်အောင်ကွဲပြားအောင်ခြယ်လှယ်ပေးသည်၊

**အမှုရုပ်-ငါး**- ကိုယ်, နှုတ်-အမူအရာ, ပေါ့ပါးမှု, နူးညံ့မှု, အဆင်သင့်ဖြစ်မှု ဤငါးမျိုးသည် အမူအရာရုပ်များဖြစ်သည်။

**ရန်သူရုပ် လေးပါး** ရန်သူ ၄-ယောက် ပူးပေါင်းပြီး လူတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ကြရာ၌ တစ်ယောက်က စ,တင် ခေါ်ယူသည်၊ နောက်တစ်ယောက်က သတ်လိုရာဌာနရောက်အောင် ဆက်လက် ခေါ်ဆောင်သွားသည်၊ တတိယရန်သူက ချည်နှောင် လဲပြိုသွားအောင်ရိုက်နှက် နှိပ်စက်သည်၊ စတုတ္ထလူက အသေသတ်လိုက်သည်။ ထို့အတူ -**ဥပစယ** (စတင်ဖြစ်ပေါ်မှု) **သန္တတိ** (ဆက်လက်ဖြစ်ပေါ်မှု) **ဇရတာ** (ရင့်ရော်မှု) **အနိစ္စတာ** (ပျက်စီးမှု) ဤရုပ် ၄-ခုက နိပ္ဖန္နရုပ်များကို နှိပ်စက်သတ်ဖြတ်နေသည်၊ ထို့ကြောင့် ရန်သူရုပ်ဟု ခေါ်သည်။ (အဘိ၊ ဋ္ဌ ၁၊ ၃၆၃)

**သင်္ခိုဟ်ချုပ်ကျမ်း** -ဤကား ရုပ်တရားတို့၏ ထိုထိုပြုဖိနှိပ်ခြင်းစသော အခိုက်အတန့်အစွမ်းဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် **လက္ခဏ**ရုပ်ဟုဆိုသည်။

## ခန္ဓာကောင်း-

လက်ဝဲဘက် ဇယားဖြင့်ဖော်ပြသော ရုပ်အစဉ်သည် ပရမတ္ထဝကျမ်းကျမ်း၌ ဖော်ပြသော အစဉ်ဖြစ်သည်၊ ဤအစဉ်သည် နားလည်လွယ်သော အစဉ်ဖြစ်သည်၊ နောက်လာမည့် ရူပသမုဋ္ဌာန်, ရူပကလာပ, ရူပပဝတ္တိက္ကမ တို့အတွက်လည်း ပိုမိုလွယ်ကူသည့် နည်းဖြစ်သည်။

http://www.dhammadownload.com



## ရူပဝိဘာဂ

ရုပ်မှန်သမျှသည် သာသဝ, ကာမာဝစရ, အနာရမ္မဏ, အပ္ပဟာတဗ္ဗ, အဟေတုက, သပ္ပစ္စယ, လောကိယ, သင်္ခတ ဟု အမည်ရသည်။ (အနာသဝ,ရူပါဝစရ,သာရမ္မဏ,ပဟာတဗ္ဗ—စသည်မဟုတ်)

* *။ ရုပ်မှန်သမျှ သာသဝနှင့်၊ ကာမ, အနာ၊ အပ္ပဟာတစ်၊ အတိတ်မှတ်၍၊ တစ်ရုပ် သပ္ပစ်၊ လောကီဖြစ်၊ မှတ်လစ် သင်္ခတ။* (ဤကား ဧကနည်းတည်း)

ဒုကနည်း ရုပ်အမည်များ

| ရုပ်သရုပ် | | သင်္ချာ | အမည် | ကြွင်းရုပ်အမည် |
|---|---|---|---|---|
| စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ | | ၅ | အဇ္ဈတ္တိက (ပသာဒ) | ဗာဟိရ |
| ပသာဒ–၅, ဟဒယဝတ္ထု | | ၆ | ဝတ္ထု | အဝတ္ထု |
| ပသာဒ–၅, ဝိညတ်–၂ | | ၇ | ဒွါရ | အဒွါရ |
| ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ (ပ–တေ–ဝါ) | | ၇ | ဝိသယ | အဝိသယ |
| ပသာဒ–၅, ဘာဝ–၂, ဇီဝိတ | | ၈ | ဣန္ဒြိယ | အနိန္ဒြိယ |
| ပသာဒ–၅, ဝိသယ–၇ | | ၁၂ | ဩဠာရိက, သန္တိကေ | သုခုမ, ဒူရေ |
| ကမ္မဇ | | ၁၈ | ဥပါဒိန္န | အနုပါဒိန္န |
| ရူပါရုံ | | ၁ | သနိဒဿန | အနိဒဿန |
| စက္ခု, သောတ (အသမ္ပတ္တ) | သမ္ပတ္တ (ရွေးအဌကထာ) | ၅ | ဂေါစရဂ္ဂါဟိက | အဂေါစရဂ္ဂါဟိက |
| ဃာန, ဇိဝှါ, ကာယ (သမ္ပတ္တ) | | | | |
| မဟာဘုတ် ၄၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ | | ၈ | အဝိနိဗ္ဘောဂ | ဝိနိဗ္ဘောဂ |

သာသဝ= အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်သည်၊ ကာမာဝစရ—ကာမဘုံ၌ကျင်လည်ကျက်စားဖြစ်သည်၊ အနာရမ္မဏ အာရုံကို မယူတတ်၊ (ဤအနာရမ္မဏသည် မုချစကား၊ နောက် ဆိုမည့် ဂေါစရဂ္ဂါဟိကသည် တင်စားသော ဥပစာစကား)။ အပ္ပဟာတဗ္ဗ= တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ–ပဟာန်တို့၏ အစွမ်းအားဖြင့် မပယ်အပ်၊ အဟေတုက= အလောဘ– အစရှိသော သမ္ပယုတ်ဟိတ် မရှိ၊ သပ္ပစ္စယ= ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား ၄–ပါးတို့နှင့် တကွဖြစ်သည်၊ လောကိယ= ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၊ သင်္ခတ= ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား ၄–ပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သည်၊ ဒွါရ=ပဉ္စဒွါရိကဝီထိစိတ်တို့၏ ဖြစ်ကြောင်း, ကာယကံ, ဝစီကံတို့၏ ဖြစ်ကြောင်းရုပ်၊ ဣန္ဒြိယ=မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ရုပ်၊ ဩဠာရိက= ဉာဏ်၌ ပေါ်လွင် ထင်ရှားသောရုပ်။ သနိဒဿန= မြင်ခြင်းနှင့် တကွ ဖြစ်သောရုပ်။

http://www.dhammadownload.com


* *။ စက်, သော, ဃာ, ဇိ၊ ကာ ငါးလီ၊ အမည်အဇ္ဈ ပသာဒ။*

* *။ စက်, သော, ဃာ, ဇိ၊ ကာ, တဒီ၊ ခြောက်လီ ဝတ္ထုရုပ်။*

* *။ ငါး ပသာဒ၊ ဝိညာဏ် ဒွါ၊ သတ္တ ဒွါရရုပ်။*

* *။ ရူပ, သဒ္ဒ၊ ဂန်, ရသနှင့်၊ ဖောဋ္ဌ သုံးဖြာ၊ ပ, တေ, ဝါ၊ သတ္တာ ဝိသယ။*

* *။ ပသာ, ဘာဝ၊ ဇီဝိတ၊ ရုပ်ဝ ဣန္ဒြိယရုပ်။*

* *။ ပသာ, ဝိသယ၊ ဆယ့်နှစ်ဝ မှာ၊ ရုပ် ဩဠာ၊ တစ်ဖြာ သပ္ပဋိဃ မှတ်။*

* *။ ဥပါဒိန္န၊ တမ္ပဝ၊ ရူပ သနိဒဿန။*

* *။ ပသာ ငါးစုံ၊ ရောက်အာရုံဟူ၊ ဆိုတုံ မဟာ၊ ဋ္ဌကထာ၊ သစ် မှာ စက်,သော မရောက်ပြော။*

**ဆိုရိုး**

၁။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဤ ၅-ပါးသည် အဇ္ဈတ္တိကလည်း မည်သည်၊(ပသာဒ လည်း မည်သည်) ကြွင်းရုပ်များသည် ဗာဟိရရုပ်မည်ကြသည်(အဇ္ဈတ္တိက=ကျေးဇူးအများဆုံးရုပ်)

၂။ ပသာဒရုပ် ၅-ခု, ဟဒယဝတ္ထုအားဖြင့် ၆-ခုသည် ဝတ္ထုရုပ်မည်သည်၊ ကြွင်းရုပ်များသည် အဝတ္ထုရုပ် မည်ကြသည်။ (**ဝတ္ထု**= စိတ်, စေတသိက်တို့၏ မှီရာရုပ်)

၃။ ရူပ, သဒ္ဒ, ဂန္ဓ, ရသနှင့် ပထဝီ, တေဇော, ဝါယောဟူသော ဖောဋ္ဌဗ္ဗအားဖြင့် ၇-ခုသည် ဝိသယရုပ်, ဂေါစရရုပ်မည်သည်၊ ကြွင်းရုပ်များသည် အဝိသယ, အဂေါစရရုပ် များဖြစ်ကြသည်။ (**ဂေါစရ**=ကျက်စားရာ အာရုံရုပ်)

၄။ ပသာဒရုပ် ၅-ခုသည် ဂေါစရဂ္ဂါဟိကရုပ်မည်သည်၊ ထိုတွင် စက္ခု, သောတ ၂-ခုသည် အသမ္ပတ္တ-မရောက်သောအာရုံကိုယူသည်၊ ဃာနာဒိတ္တယ ၃-ခုသည် သမ္ပတ္တ-ရောက်သောအာရုံကိုယူသည်၊(ဤကားအဋ္ဌကထာသစ် အလိုတည်း။ ရှေးမဟာအဋ္ဌကထာ၌ကား ပသာဒရုပ် ၅-ခုလုံးပင် သမ္ပတ္တဟုဆိုသည်)(အဘိ၊ ဋ္ဌ ၁၊ ၃၅၁) (ဤသို့ စသည်ဖြင့် ဖေါ်ပြ၍ ဆိုရိုး ဆိုလေ့ ထုံးရှိကိုသာ အနည်းငယ် ပြမည်)

---

**ဥပါဒိန္န**=အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောရုပ်။

အဋ္ဌကထာသစ်ဝါဒထက် မဟာအဋ္ဌကထာဝါဒ-က ပို၍ သိမ်မွေ့နည်းကျသည်။ ဓာတ်ပုံ ကင်မရာကဲ့သို့ မျက်စိ မြင်ကွင်းသို့ ရောက်ခြင်းတည်း၊ အသံလည်း ရောက်မှုကြားသည်။ ပသာဒရုပ်နှင့် ပဋိဃာတ်တို့ကို သပ္ပဋိဃရုပ်ဟု ဓမ္မသင်္ဂဏီ၌ ဘုရားဟောထားခြင်းကြောင့် ပသာဒရုပ် ၅-ခုလုံး သမ္ပတ္တ(ထိရောက်မှ အာရုံကိုယူသည်)ဟု မိန့်ဆိုသော မဟာအဋ္ဌကထာဝါဒကိုသာ အလေးထား မှတ်သားရမည်။ ဆာယာ အာတပေါ် အာလောကော - အရိပ် အရောင် အလင်းတို့ကို ရူပါရုံဟု ဓမ္မသင်္ဂဏီ-၌ ဟောထားခြင်းကြောင့် အဆင်း,အသံတို့၏တည်ရာ အထည်ဝတ္ထုဒြပ်သည် ရူပါရုံ, သဒ္ဒါရုံ မဟုတ်၊ အဆင်း, အသံသာ ရူပါရုံ, သဒ္ဒါရုံဖြစ်သည်။ အဆင်း, အသံရောက်မှုနှင့် ဝတ္ထုဒြပ် မရောက်မှု မရောသင့်ပေ။

http://www.dhammadownload.com


## ရူပသမုဋ္ဌာန

**ဆိုရိုး–** ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့သည် **ကံ, စိတ်, ဥတု, အာဟာရ** အားဖြင့် ၄–ပါးတို့တည်း။

**ကံ –** ရုပ်ကိုဖြစ်စေတတ်သော ကံဟူသည် အတိတ်ကပြုခဲ့သော အကုသိုလ်, ကာမကုသိုလ်, ရူပကုသိုလ် အားဖြင့် ၂၅–ခုတို့တည်း။ ထို ကံသည် အလွန်ပြုပြင်အပ်သည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်ကို ဖြစ်စေသည်။

**စိတ်–** ရုပ်ကိုဖြစ်စေတတ်သော စိတ်ဟူသည်–အရူပဝိပါက် ၄–ခု၊ ဒွေးပဥ္စဝိညာဉ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၇၅–ခုတည်း။ (ပဋိသန္ဓေစိတ်လည်း ရုပ်ကို မဖြစ်စေနိုင်၊ အဘိ–၄–၂–၂၂) ထိုစိတ်သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ ဖြစ်ဆဲ ဖြစ်၍သာလျှင် ဝါ– ဥပါဒ် ခဏ၊ ဥပါဒ် ခဏ၌သာ စိတ္တဇရုပ်ကို ဖြစ်စေသည်။

### စိတ်နှင့် စိတ္တဇရုပ်

| | | | စိတ္တဇရုပ်အမျိုးအစား | | | | |
|---|---|---|---|---|---|---|---|
| စဉ် | ရုပ်ကိုဖြစ်စေသောစိတ် | | ရုပ် သာမည | ဝိညတ် | ဝိညတ် | ရယ်ခြင်း | ငိုခြင်း |
| ၁ | မနောဓာတ်–၃,တဒါရုံ–၁၁,ရူပဝိပါက်–၅ | ၁၉ | ။ | | | | |
| ၂ | အပ္ပနာဇော | ၂၆ | ။ | ။ | | | |
| ၃ | ဝုဋ္ဌော,ကာမဇော–၂၉, အဘိညာဉ်–၂ | ၃၂ | ။ | ။ | ။ | | |
| ၃ (က) | ကာမသောမနဿဇော | ၁၃ | ။ | ။ | ။ | ။ | |
| ၃ (ခ) | ဒေါသဇော | ၂ | ။ | ။ | ။ | | ။ |

**ဇယားဆိုရိုး–** ၁။ မနောဓာတ် ၃–ခု၊ တဒါရုံ ၁၁–ခု၊ ရူပဝိပါက် ၅–ခု အားဖြင့် ၁၉–ခုသည်ရုပ်သာမညကိုသာ ဖြစ်စေသည်။

---

ပဉ္စဒွါရိကစိတ်တို့သည် အလွန်အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။ ရုပ်မှလွတ်သော ဣရိယာပုထ်, ဝိညတ်ဟူ၍ မရှိသော်လည်း ရုပ်ကို ဖြစ်စေသော စိတ်တိုင်း ဝိညတ်နှင့် ဣရိယာပုထ်ကို မဖြစ်စေနိုင်၊ ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်သည်ကား ရုပ်သာမညကိုလည်း ဖြစ်စေသည်၊ ဝိညတ်နှင့်ယှဉ်သော ဣရိယာပုထ်မရှိသောကြောင့် ဣရိယာပုထ်ကိုလည်း ဖြစ်စေသည်၊ ဤသို့သော အထူးကို ပြလိုသောကြောင့် ဣရိယာပုထ်နှင့် ဝိညတ်တို့ကို ရုပ်မှ သီးခြားခွဲ၍ ဆိုထားသည်)(ဋီကာကျော်)

http://www.dhammadownload.com


၂။ အဘိညာဏ်ဒွေကြဉ်သော အပ္ပနာဇော ၂၆-ခုသည် ရုပ်သာမညကိုလည်း ဖြစ်စေသည်၊ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်စေသည်။

၃။ မနောဒွါရ၌ဖြစ်သော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉-ခု, အဘိညာဏ်ဒွေအားဖြင့် ၃၂-ခုသည် ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်ကိုလည်း ဖြစ်စေသည်။

၄။ ထို ၃၂-ခုတို့တွင် -

(က) သောမနဿဇော ၁၃-ခုသည် ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်, ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေသည်။

(ခ) ဒေါသဇော ၂-ခုသည် ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်, ငိုခြင်းကိုလည်း ဖြစ်စေသည်။

၁။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူ သောမနဿ ၄-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခုအားဖြင့် ၈-ခုဖြင့် ရယ်ရွှင်သည်။

၂။ သေက္ခပုဂ္ဂိုလ်တို့သည် လောဘမူသောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ခု၊ မဟာကုသိုလ်သောမနဿ ၄-ခု အားဖြင့် ၆-ခုဖြင့်ရယ်ရွှင်သည်။

၃။ ဘုရားရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿ ၄-ခု အားဖြင့် ၅-ခုဖြင့် ရယ်ရွှင်သည်။

* ။ နှစ်ဆယ့်ငါးခု၊ ကာ, ရူ, တု၊ အတု တိတ်တံ၊ ရုပ်ဖြစ်ရန်။

* ။ ပဋိ ဥပ္ပ၊ တမ္ဗဇတို့၊ အစပြု၍၊ စုတိရှေးဖြစ်၊ ဆယ့်ခုနစ်၌၊ ဥပါဒ်ထိအောင်၊ ဖြစ်ဘိ မဆိုင်း၊ ခဏတိုင်း၊ နောက်ပိုင်း စုတိ အတူချုပ်။

* ။ အရူပိပါ၊ ဒွေပဉ္စာနှင့်၊ ရဟန္တာစုတိ၊ သန် ပဋိ၊ ကြဉ်ဘိ ရုပ်ဖြစ်စေ။

* ။ မနောဓာတုံ၊ တဒါရုံနှင့် ။တစ်ဖုံ ၅-ဝိ၊ ဆယ့်တိုးရှိ၊ ဖြစ်ဘိ ရုပ်တိုသာ။

* ။ အပ္ပနာရောက်၊ ဇော-နှစ်ခြောက်၊ နိုင်ထောက် ဣရိယာပုထ်ကိုလည်း။

* ။ မနောဒွါရာဝဇ္ဇန၊ ဇော ကာမနှင့်။ နှစ်ဝ ဘိညာ၊ ဒွတ္တိံ သာ၊ နှစ်ဖြာ ဝိညတ်ကိုလည်းတတ်။

* ။ သောမနဿ် ဆယ့်သုံး၊ ရယ်ရွှင်ပြုံး၊ ငို မှုန်း မဲ့ရွဲ့ ဒေါ-ဇောနှဲ့။

* ။ ပုထုဇနော် ရှစ်၊ ခြောက်ခု သေက်၊ ငါးဆစ် ရဟန္တာ။

**ဥတု**— ရုပ်ကိုဖြစ်စေတတ်သော ဥတုဟူသည် အအေး, အပူ (သီတ, ဥဏှ) ဥတု ဟုဆိုအပ်သော တေဇောဓာတ်တည်း၊ ထို သီတ, ဥဏှ, ဥတုသည် ဌီသို့ရောက်မှသာ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ထိုက်သင့်သလို ဥတုဇရုပ်ကို ဖြစ်စေသည်။

* ။ အေး, ပူ နှစ်ရပ်၊ တေဇောဓာတ်မှာ၊ ဥတုသာ၊ ဩဇာ အာဟာရ။

**အာဟာရ**— ဩဇာဟုဆိုအပ်သော အာဟာရသည် မျိုသုံးစားသောက်ရာ ကာလ၌ ဌီသို့ ရောက်သည်ဖြစ်၍သာလျှင် အာဟာရဇရုပ်ကို ဖြစ်စေသည်။

http://www.dhammadownload.com


## ရူပသမုဋ္ဌာန်

၁။ ဟဒယရုပ်, ဣန္ဒြိယရုပ်အားဖြင့် ၉–ခုသည် ကံကြောင့်သာ ဖြစ်သည်။

၂။ ဝိညတ်ခွေးသည် စိတ်ကြောင့်သာ ဖြစ်သည်။ (ပေါင်း– ဧကဇရုပ် ၁၁–ခု)

၃။ သဒ္ဒရုပ်သည် စိတ်, ဥတု ၂–ပါးကြောင့် ဖြစ်သည်။ (ဒွိဇရုပ် ၁–ခု)

၄။ လဟုတာဒိတ္တယ ၃–ခုသည် စိတ်, ဥတု, အာဟာရကြောင့် ဖြစ်သည်။(တိဇရုပ် ၃–ခု)

၅။ အဝိနိဗ္ဘောဂရုပ် ၈–ခု၊ အာကာသအားဖြင့် ၉–ခုသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်း ၄–ကြောင့် ဖြစ်သည်။ (စတုဇရုပ် ၉–ခု)

၆။ လက္ခဏာရုပ် ၄–ခုသည် မည်သည့် အကြောင်းကြောင့်မှ မဖြစ်။
(န ကုတောစိ သမုဋ္ဌာန်ရုပ် ၄–ခု)

ဆောင်– * *ပသာ, ဘာဝ၊ ဟဒယနှင့်၊ ဇီဝိတပါ၊ ဤကိုးဖြာ၊ မှတ်ပါ ကံသက်သက်။*
(ထလာပ်ဖွဲ့ရာ၌ လွယ်ကူစေရန် ထမ္မဇ ဇော်–ဆောင်ပုဒ်ကို သဂြိုဟ်ဆိုရိုးအတိုင်း မလိုက်ဘဲ အစဉ်ထမျိုးဖြင့် ဆိုထားသည်)

* *ဝိညတ် နှစ်ဖြာ၊ စိတ်ကြောင့်သာနှင့်၊ သဒ္ဒါ စိတ်, ဥ၊ တာ–သုံးခု၊ မှတ်ရှု စိတ်, ဥ, တာ။*

* *အဝိနိဗ္ဘောဂ၊ အာကာသ၊ ဖြစ်ရ ကံ, စိတ်, ဥ, တာ–ကြောင့်။*

* *ရုပ်သဘောများ၊ လေးဝ လက္ခဏာ၊ အကြောင်း မရှိ၊ ဖြစ်ဘိ သေချာ။*

* *မှတ်ရုံ ပိုင်းခြား၊ လက်များ အာကာ၊ ကလာပ်တွင်း၊ မသွင်း ထားရရှာ။*

## ရှင်းလင်းချက်

၁။ ရုပ်၏ သဘောမျှဖြစ်သောကြောင့် လက္ခဏာရုပ် ၄–ခုသည် အကြောင်းမရှိဘဲ ဖြစ်သည်၊

၂။ မှတ်သားရုံမျှ ဖြစ်သောကြောင့် လက္ခဏာရုပ်ကိုလည်းကောင်း, ပိုင်းခြားရုံမျှ ဖြစ်သောကြောင့် အာကာသဓာတ်ကိုလည်းကောင်း ကလာပ်ထည်းသို့ မသွင်းဘဲ ထားရသည်။

**ကမ္မဇရုပ်များမှာ-** ဧကန်ကမ္မဇ ၉–ခုနှင့် အနေကန်ကမ္မဇ ၉–ခု ပေါင်း ၁၈–ခု။

**စိတ္တဇရုပ်များမှာ-** ဝိညတ်, သဒ္ဒ, လဟုတာဒိ, အဝိနိဗ္ဘောဂ, အာကာသ–အားဖြင့် ၁၅–ခု။

**ဥတုဇရုပ်များမှာ-** သဒ္ဒ, လဟုတာဒိ, အဝိနိဗ္ဘောဂ, အာကာသ–အားဖြင့် ၁၃–ခု။

**အာဟာရဇရုပ်များမှာ-** လဟုတာဒိ, အဝိနိဗ္ဘောဂ, အာကာသ–အားဖြင့် ၁၂–ခု။

http://www.dhammadownload.com


**ရူပသမုဋ္ဌာန် ယေား**

| | | | ရုပ်ဖြစ်ကြောင်း | | | | အမျိုးအစား |
|---|---|---|---|---|---|---|---|
| | ရုပ်သရုပ် | အရေအတွက် | ကံ | စိတ် | ဥတု | အာဟာ | |
| ၁။ | ပသာဒ, ဘာဝ, ဟဒယ, ဇီဝိတ | ၉ | ။ | | | | ကေဇ |
| ၂။ | ဝိညတ် | ၂ | | ။ | | | ဧကဇ |
| ၃။ | သဒ္ဒ | ၁ | | ။ | ။ | | ဒွိဇ |
| ၄။ | လဟုတာ, မုဒုတာ, ကမ္မညတာ | ၃ | | ။ | ။ | ။ | တိဇ |
| ၅။ | အဝိနိဗ္ဘောဂ, အာကာသ | ၉ | ။ | ။ | ။ | ။ | စတုဇ |
| ၆။ | လက္ခဏာရုပ် | ၄ | | | | | နှ ဏုတောဇ |
| | ပေါင်း | | ၁၈ | ၁၅ | ၁၃ | ၁၂ | |

*ဆောင်–ကံကြောင့် ရုပ်ဖြစ်၊ ဆယ့်ရှစ် ကမ္မဇာ၊ စိတ္တဇကား၊ ဆယ့်ငါး မှန်စွာ။*

*တစ်ဆယ့်သုံးခု၊ ဥတုဇမှာ၊ တာ–ဆယ့်နှစ်၊ တွက်စစ် စတုဇာ။*

**အပိုမှတ်ရန် ဋီကာကျော် အစိပ္ပါယ်များ**

မိမိကို ဖြစ်စေတတ်သော အကြောင်းရျာနက ရုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း, ရုပ်၏ ဖြစ်ရာ မဟုတ်သော အရူပဘုံ၌သာ ဖြစ်ရသောကြောင့်လည်းကောင်း အရူပဝိပါက် ၄–ခုသည် ရုပ်ကို မဖြစ်စေ။

ရုပ်ကို ဖြစ်စေခြင်း၌ ထူးသော အကြောင်းဖြစ်သည့် ဈာန်အင်္ဂါတို့နှင့် မယှဉ်သောကြောင့် ဒွေပဉ္စဝိညာဉ် ၁၀–သည် ရုပ်ကို မဖြစ်စေနိုင်။

ဘဝင်၌ အကျုံးဝင်သောကြောင့် ပဋိသန္ဓေစိတ်နှင့် စုတိစိတ်ကို သီးခြား မကြဉ်ပါ။

သီးခြား မကြဉ်သော်လည်း ပဋိသန္ဓေစိတ်နှင့် စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။ **အကြောင်းကား–** ပစ္ဆာဇာတပစ္စည်း ကင်းသဖြင့်လည်းကောင်း, အာဟာရ–စသော ပစ္စည်းတို့ အထောက်အပံ့ မရသဖြင့်လည်းကောင်း, အားနည်းသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရသောကြောင့်လည်းကောင်း, မိမိဟူသော ပဋိသန္ဓေစိတ်သည် ဘဝသို့ ရောက်သစ်စ အာဂန္တုက ဖြစ်သောကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။

ဝဋ်မြစ်ပြတ်ပြီးသော ရဟန္တာတို့သန္တာန်၌ဖြစ်၍ ငြိမ်သက်သောဖြစ်ခြင်းရှိသောကြောင့် ရဟန္တာတို့ စုတိစိတ်သည် ရုပ်ကို မဖြစ်စေ။

လဟုတာဒိ ၃–ခုသည် ပစ္စုပ္ပန်အကြောင်းကို ငဲ့သောကြောင့် ကမ္မဇရုပ် မဖြစ်။

http://www.dhammadownload.com


## ရူပကလာပ

**ရုပ်ကလာပ်အင်္ဂါ-** ၁။ ဧကုပ္ပါဒ- အတူတကွဖြစ်ခြင်း၊ ၂။ ဧကနိရောဓ- အတူတကွချုပ်ခြင်း၊
၃။ ဧကနိဿယ- တူသောမှီရာရှိခြင်း။

**သဟဝုတ္တိ-** အသီးသီးသော ကလာပ်၌ဖြစ်သော ရုပ်တို့၏ အစွမ်းအားဖြင့် တကွဖြစ်ခြင်း၊

ဤအချက်များနှင့်ညီစွာ အတူတကွဖြစ်သော ရုပ်တို့၏ အစုအပေါင်းကို ကလာပ်-ဟုခေါ်သည်။ (သဟဝုတ္တိ-ကို ကလာပ်အင်္ဂါ ၁-ခုဟု အချို့ဆိုကြသည်၊ အင်္ဂါမဟုတ် ကလာပ် သဘောပြယုဂ်ဟု ဆရာတို့ ဆိုကြသည်)

***ဆောင်-ဖြစ်, ပျက်, မှီရာ၊ တူသုံးဖြာ၊ အင်္ဂါ ကလာပ်များ။***

ကမ္မဇကလာပ်အတွက်- စတုဇ အဝိနိဗ္ဘောဂ ၈-ခုကို မူတည်၍ ကေန်ကမ္မဇဖြစ်သည့် ပသာ, ဘာဝ, ဟဒယ, ဇီဝိတ-ဟူသော ၉-ခု အစဉ်အတိုင်း ထည့်၍ ရေတွက်လေ။

**ဆိုရိုး- (က) ကမ္မဇကလာပ်များမှာ-** (ကလာပ်အမည်သာ လိုရင်း ကျက်မှတ်ပါ)

၁။ စက္ခုဒသကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ စက္ခုပသာဒ-အားဖြင့် ၁၀-ခု အပေါင်း။
၂။ သောတဒသကကလာပ်-အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ သောတပသာဒ-အားဖြင့် ၁၀-ခု အပေါင်း။
၃။ ဃာနဒသကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ဃာနပသာဒ-အားဖြင့် ၁၀-ခု အပေါင်း။
၄။ ဇိဝှါဒသကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ဇိဝှါပသာဒ-အားဖြင့် ၁၀-ခု အပေါင်း။
၅။ ကာယဒသကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ကာယပသာဒ-အားဖြင့် ၁၀-ခု အပေါင်း။
၆။ ဣတ္ထိဘာဝဒသကကလာပ်-အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ဣတ္ထိဘာဝ-အားဖြင့် ၁၀-ခု အပေါင်း။
၇။ ပုမ္ဘာဝဒသကကလာပ်-အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ပုမ္ဘာဝ-အားဖြင့် ၁၀-ခု အပေါင်း။
၈။ ဝတ္ထုဒသကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ၊ ဟဒယဝတ္ထု-အားဖြင့် ၁၀-ခု အပေါင်း။
၉။ ဇီဝိတနဝကကလာပ်- အဝိနိဗ္ဘောဂ-၈၊ ဇီဝိတ-အားဖြင့် ၉-ခု အပေါင်း။

**(ခ) စိတ္တဇကလာပ်များမှာ-**(ကာယဝိညတ္တိ, ဝစီဝိညတ္တိသဒ္ဒ, လဟုတာဒိ-ဟူသော ဝိကာရ ၃-အုပ်စုကို မူတည်၍ တွဲလေ)

၁။ သုဒ္ဓဋ္ဌကကလာပ်- အဝိနိဗ္ဘောဂရုပ် ၈-ခု သက်သက်အပေါင်း။
၂။ ကာယဝိညတ္တိနဝက- အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ကာယဝိညတ်-အားဖြင့် ၉-ခု အပေါင်း။
၃။ ဝစီဝိညတ္တိသဒ္ဒဒသက- အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ်၊ သဒ္ဒ-အားဖြင့် ၁၀-ခု အပေါင်း။
၄။ လဟုတာဒေကာဒသက-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ လဟုတာဒိ ၃-ခု-အားဖြင့် ၁၁-ခု အပေါင်း။
၅။ **ကာယဝိညတ္တိလဟုတာဒိဒွါဒသက-** အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ကာယဝိညတ်၊ လဟုတာဒိ ၃-ခု-အားဖြင့် ၁၂-ခု အပေါင်း။
၆။ **ဝစီဝိညတ္တိလဟုတာဒိတေရသက-** အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ်၊ သဒ္ဒ၊ လဟုတာဒိ ၃-ခု-အားဖြင့် ၁၃-ခု အပေါင်း။

http://www.dhammadownload.com


| ကလာပ်အမျိုးအစား | စဉ် | ကလာပ်အမည် | ကလာပ်တွင် ပါဝင်သော ရုပ်များ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အဝိနိဗ္ဘောဂ-၈ | ဇီဝိတ | စက္ခု ပသာဒ | သောတ = | ဃာန = | ဇိဝှါ = | ကာယ = | ဣတ္ထိဘာဝ | ပုမ္ဘာဝ | ဟဒယဝတ္ထု | |
| ကမ္မဇကလာပ် ၉-မျိုး | ၁ | စက္ခုဒသက | ။ | ။ | ။ | | | | | | | | ၁၀ |
| | ၂ | သောတဒသက | ။ | ။ | | ။ | | | | | | | ၁၀ |
| | ၃ | ဃာနဒသက | ။ | ။ | | | ။ | | | | | | ၁၀ |
| | ၄ | ဇိဝှါဒသက | ။ | ။ | | | | ။ | | | | | ၁၀ |
| | ၅ | ကာယဒသက | ။ | ။ | | | | | ။ | | | | ၁၀ |
| | ၆ | ဣတ္ထိဘာဝဒသက | ။ | ။ | | | | | | ။ | | | ၁၀ |
| | ၇ | ပုမ္ဘာဝဒသက | ။ | ။ | | | | | | | ။ | | ၁၀ |
| | ၈ | ဝတ္ထုဒသက | ။ | ။ | | | | | | | | ။ | ၁၀ |
| | ၉ | ဇီဝိတနဝက | ။ | ။ | | | | | | | | | ၉ |
| စိတ္တဇကလာပ် ၆-မျိုး | | | | ကာယဝိညတ္တိ | | | ဝစီဝိညတ္တိ+သဒ္ဒ | | | လဟုတာဒိ | | | |
| | ၁ | သုဒ္ဓဋ္ဌက | ။ | | | | | | | | | | ၈ |
| | ၂ | ကာယဝိညတ္တိနဝက | ။ | ။ | | | | | | | | | ၉ |
| | ၃ | ဝစီဝိညတ္တိ+သဒ္ဒဒသက | ။ | | | | ။ | | | | | | ၁၀ |
| | ၄ | လဟုတာဒိ ဧကာဒသက | ။ | | | | | | | ။ | | | ၁၁ |
| | ၅ | ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက | ။ | ။ | | | | | | ။ | | | ၁၂ |
| | ၆ | ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက | ။ | | | | ။ | | | ။ | | | ၁၃ |
| ဥတုဇကလာပ် ၄-မျိုး | | | | | | | သဒ္ဒ | | | လဟုတာဒိ | | | |
| | ၁ | သုဒ္ဓဋ္ဌက | ။ | | | | | | | | | | ၈ |
| | ၂ | သဒ္ဒနဝက | ။ | | | | ။ | | | | | | ၉ |
| | ၃ | လဟုတာဒိဧကာဒသက | ။ | | | | | | | ။ | | | ၁၁ |
| | ၄ | သဒ္ဒလဟုတာဒိဒွါဒသက | ။ | | | | ။ | | | ။ | | | ၁၂ |
| အာဟာရဇကလာပ် ၂-မျိုး | ၁ | သုဒ္ဓဋ္ဌက | ။ | | | | | | | | | | ၈ |
| | ၂ | လဟုတာဒိဧကာဒသက | ။ | | | | | | | ။ | | | ၁၁ |

http://www.dhammadownload.com


(ဂ) ဥတုဇကလာပ်များမှာ–(သဒ္ဒ, လဟုတာဒိ–၏ ဥတုဇ ၂–အုပ်စုကို မှတ်သည်၊ တွဲလေ)

၁။ သုဒ္ဓဋ္ဌကကလာပ် – အဝိနိဗ္ဘောဂရုပ် ၈–ခု သက်သက်အပေါင်း။

၂။ သဒ္ဒနဝကကလာပ် – အဝိနိဗ္ဘောဂရုပ် ၈–ခု၊ သဒ္ဒအားဖြင့် ၉–ခု အပေါင်း။

၃။ လဟုတာဒိဧကာဒသက–အဝိနိဗ္ဘောဂရုပ် ၈–ခု၊ လဟုတာဒိ ၃–ခုအားဖြင့် ၁၁–ခု အပေါင်း။

၄။ သဒ္ဒလဟုတာဒိဒွါဒသက– အဝိနိဗ္ဘောဂရုပ် ၈–ခု၊ သဒ္ဒ, လဟုတာဒိ ၃–ခုအားဖြင့် ၁၂–ခု အပေါင်း။

(ဃ) အာဟာရဇကလာပ်များမှာ–

၁။ သုဒ္ဓဋ္ဌကကလာပ် – အဝိနိဗ္ဘောဂရုပ် ၈–ခု သက်သက်အပေါင်း။

၂။ လဟုတာဒိဧကာဒသက–အဝိနိဗ္ဘောဂရုပ် ၈–ခု၊ လဟုတာဒိ ၃–ခုအားဖြင့် ၁၁–ခု အပေါင်း။

### အဇ္ဈတ္တ, ဗဟိဒ္ဓ

အဇ္ဈတ္တသန္တာန်၌ ကလာပ်အားလုံးရသည်၊ ဗဟိဒ္ဓသန္တာန်၌ကား သုဒ္ဓဋ္ဌက, သဒ္ဒနဝက– ဟူသော ဥတုဇကလာပ် အစ ၂–စည်းသာရသည်။

* ***။ ကလာပ်ပေါင်းတွယ်၊ နှစ်ဆယ့်တစ်ဖြာ။ ကမ္မဇ ကိုး၊ ခြောက်မျိုး စိတ္တာ။***

***လေး ဥတုဇ။ နှစ်ဝ အာဟာ။ တွင်း–ကုန်ဖြစ်၊ ပြင်နှစ် ဥ–စ သာ။***

### ရူပပဝတ္တိက္ကမ

### ကမ္မဇရုပ်

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ စုတိ၏ ရှေး ၁၇–ချက်မြောက်သော စိတ်၏ ဥပါဒ်ထိအောင် ခဏတိုင်း, ခဏတိုင်းဖြစ်ပြီး စုတိစိတ်နှင့်အတူ ချုပ်သည်။

(စုတိစိတ်မှ ပြန်၍ ရေသော် ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်၌ ကမ္မဇရုပ်တို့ နောက်ဆုံးဖြစ်သည်။ ၎င်းမှစ၍ မဖြစ်တော့)

---

### (တစ်နည်း) စိတ္တဇကလာပ် ၈–စည်း

စိတ္တဇသဒ္ဒသည် များသောအားဖြင့် ဝစီဝိညတ်နှင့် မကင်းသောကြောင့် သင်္ဂြိုဟ်ကျမ်း၌ သဒ္ဒသက်သက် မယူဘဲ ဝစီဝိညတ်နှင့် သဒ္ဒတွဲလျှက် စိတ္တဇကလာပ် ၆–စည်းသာ ဆိုသည်။ ထွက်သက် ဝင်သက်လေ–စသည်တို့၌ ဝစီဝိညတ်မပါသောကြောင့် ဝစီဝိညတ်မပါသော စိတ္တဇသဒ္ဒလည်း ရှိနိုင်သည်–ဟု ဝိသုဒ္ဓိမဂ်၌ ဆိုသည်၊ ဝစီဝိညတ်မပါသော စိတ္တဇသက်သက်ကိုယူလျှင် – သဒ္ဒနဝက ကလာပ်, သဒ္ဒလဟုတာဒိဒွါဒသကကလာပ် ၂–စည်း ပိုလာနိုင်သောကြောင့် စိတ္တဇကလာပ် ၈–စည်းအထိ ရှိနိုင်သည်၊ ထို့ကြောင့် –

သုဒ္ဓဋ္ဌက, သဒ္ဒနဝက, ကာယဝိညတ္တိနဝက, ဝစီဝိညတ္တိသဒ္ဒဒသက, လဟုတာဒိဧကာဒသက, သဒ္ဒလဟုတာဒိဒွါဒသက, ကာယဝိညတ္တိလဟုတာဒိဒွါဒသက, ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကအား ဖြင့် ၈–စည်း။ (ပရမတ္ထဒီပနီ, ပရမတ္ထသံခိပ်)

http://www.dhammadownload.com


**စိတ္တဇရုပ်** – စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော ဒုတိယစိတ်၏ ဥပါဒ်မှ စ၍ ဖြစ်သည်၊ နောက်ဆုံး စုတိပြီးနောက် ခဏငယ် ၄၈–ချက်ခန့် ကျမှ ချုပ်သည်။

* ***။ ရုပ်စိတ္တဇ၊ ဒုတိယ ဥ၊ အစ ပြုတာ၊ စုနောင်မှာဝယ်၊ ခဏငယ်၊ မှတ်ဖွယ် လေးဆယ့်ရှစ်။***

**ဥတုဇရုပ်** – ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဖြစ်သည်၊ နောက်ဆုံးမှာလည်း စုတေပြီး နောက် အလောင်းကောင်တိုင်အောင် ဆက်လက် ဖြစ်နေသေးသည်။

* ***။ ပဋိ–ဌီမှ၊ ဥတုဇတို့၊ အစပြု၍၊ စုတေ့ ပြီးနောင်၊ အလောင်းကောင်၊ တိုင်အောင် ဆက်လက်ဖြစ်။***

**အာဟာရဇရုပ်** – ဩဇာဟူသော အာဟာရသည် ဩဇာပြန့်နှံ့ချိန်မှ စ၍ ဌီအခိုက်အတန့်၌ အာဟာရဇရုပ်ကို အဇ္ဈတ္တသန္တာန်ဝယ် ဖြစ်စေသည်၊ နောက်ဆုံးစုတေပြီးနောက်ခဏငယ် ၅၀–ခန့်ကျမှ ချုပ်သည်။

* ***။ ဩဇာပြန့်ရာ၊ အစပြု၍၊ အာဟာရုပ်များ၊ စုနောက်ပါး၊ ချုပ်ခြား ငါးဆယ် ခဏငယ်။***

### ဘဝ အတွင်း စတုဇရုပ်များ ဖြစ်နေပုံ

လေးပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်အဆက်ဆက်သည် ကာမဘုံ၌ သိမ်းလျှံ့၊ မြစ်ရေအလျဉ်ပမာ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်နေသည်။

---

### သေဆုံးချိန်

၁။ **အာယု**–ခေါ်သော ရုပ်, နာမ် ဇီဝိတ၊

၂။ **ဥသ္မာ**–ခေါ်သော ကမ္မဇတေဇောဟူသော ကိုယ်ငွေ့၊

၃။ **ဝိညာဏ်၊** ဤ ၃–မျိုး ကိုယ်မှာ မရှိလျှင် သေသည်ဟု ခေါ်သည်။ (ဋီကာကျော်)

* ***။ အာယု, ဥသ္မာ၊ ဝိညာဏ၊ ကိုယ်မှာ တင်းပြတ်၊ သေဆုံးလတ်။***

စုတိစိတ်လည်း ရုပ်ကို ဖြစ်စေနိုင်သဖြင့် စုတိစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော စိတ္တဇရုပ်သည် စုတိစိတ်နောက် စိတ္တက္ခဏ ၁၆–ချက်= ခဏငယ် ၄၈–ချက်ခန့်ကျမှ ချုပ်ခြင်းဖြစ်သည်၊ ထွက်သက် ဝင်သက် စိတ္တဇရုပ်သည်ကား စုတိစိတ်မှ ပြန်၍ ရေသော် ၁၇–ခုမြောက်စိတ်မှ စ၍ မဖြစ်တော့။

(သင်္ဂြိုဟ်ဘာသာဋီကာ အဘိ၊ ဋီ ၁–၁၅၁၊ ၁၈–၁၆၅)

### ရုပ်/ နာမ်ကြောင့် ဖြစ်သော ရုပ်

ကမ္မဇ, စိတ္တဇရုပ်တို့သည် နာမ်ကြောင့်ဖြစ်သော ရုပ်တို့တည်း။ ဥတုဇ, အာဟာရဇရုပ် တို့သည် ရုပ်ကြောင့်ဖြစ်သော ရုပ်တို့တည်း။

http://www.dhammadownload.com



## ရုပ်သံသရာလည်ပုံ

ယခုဘဝ၌ ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ အဆက်မပြတ် ဖြစ်နေသကဲ့သို့ သေပြီးသတ္တဝါတို့အား နောက်နောက် ဘဝတို့၌လည်း ပဋိသန္ဓေ ဥပါဒ်မှစ၍ ကမ္မဇ– စသော ရုပ်များ ဆိုခဲ့ပြီးအတိုင်း အဆက်မပြတ် ဖြစ်နေသည်ကို ရုပ်သံသရာလည်သည် ဟု ဆိုသည်။

## ဆိုရိုး

**ဂဗ္ဘသေယျက** ပုဂ္ဂိုလ်တို့ ပဋိသန္ဓေ အခါ၌ ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃–စည်း ဖြစ်သည်၊ ယင်းကလာပ်များကို ကလလ ရေကြည်ဟု ခေါ်သည်၊ ယင်းကလာပ် ၃–စည်းတွင် အချို့သော ပုဂ္ဂိုလ်မှာ ဘာဝဒသက ကလာပ် ချို့တဲ့နိုင်သည်။

**သံသေဒဇ, ဥပပါတ်–** ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခါ၌ ကာယ, ဘာဝ, ဝတ္ထု, စက္ခု, သောတ, ဃာန, ဇိဝှါအားဖြင့် အများဆုံး ကလာပ် ၇–စည်း ဖြစ်နိုင်သည်၊ ယင်းတို့အနက် စက္ခု, သောတ, ဃာန, ဘာဝဒသက ကလာပ်ချို့တဲ့သူများလည်း ရှိနိုင်သည်။

* ***။ ဂဗ္ဘသေယျတ၊ သန္ဓေခ–၌၊ ကာယ, ဘာ, ဝတ်၊ သုံးကလာပ်၊ မှတ်အပ် ကလလရေ ကြည်။ (ထပ်–ကို ဝပ်–ယူ ဖတ်)***

* ***။ သံသေ, ဥပပါတ်၊ ကာ, ဘာ, ဝတ်၊ နောက်ထပ် စက်, သော, ဃာ, ဇိ တိုး။***

---

ဘာဝဟူသည် မ–အတွက် ဣတ္ထိဘာဝ, ကျားအတွက် ပုမ္ဘာဝတည်း။ ဘာဝ ချို့သူကို နပုံးဟုဆိုသည်။

၁။ ယင်းကလလရေကြည် တည်သည်မှ ၇–ရက်အတွင်း ကလလ သတ္တာဟ ဟုခေါ်သည်၊ (ပဌမံ ကလလံ ဟောတိ) (သံ၊ ၁၊ ၂၀၈)

၂။ ဒုတိယပတ်၌ အဗ္ဗုဒ–မည်သော သားဆေးရည်နှင့် တူသော အမြှုပ် ဖြစ်သည်၊ (ကလလာ ဟောတိ အဗ္ဗုဒံ)

၃။ တတိယပတ်၌ ပေသိ–မည်သော အသားတစ်, အသားဆိုင်ဖြစ်သည်၊ (အဗ္ဗုဒါ ဇာယတေ ပေသိ)

၄။ စတုတ္ထပတ်၌ ဃန–မည်သော မာမာခက်ခက် အသားတုံးဖြစ်သည်၊ (ပေသိ နိဗ္ဗတ္တတေ ဃနော)

၅။ ပဉ္စမပတ်၌ လက်, ခြေ, ခေါင်းပေါက်မည့်နေရာ အဖု ၅–ခု, ခက်မ ၅–ပြာ ဖြစ်သည်၊ (ဃနာ ပသာခါ ဇာယန္တိ)

ထို ၅–ပတ် အချိန်၌ ရုပ်တို့မှာ နုနယ်လှသေး၍ ရုပ်သစ်, ကလာပ်သစ်များ ထပ်မပေါ်သေးဘဲ ခက်မ ၅–ပြာတို့ ရင့်မှာအောင် နောက်ထပ် ၅–ပတ်(၃၅–ရက်) အချိန်ကြာသွားသည်။

၆။ ၁၁–ပတ် (၇၇–ရက်)မြောက်၌ ကံအားလျော်စွာ စက္ခု, သောတ, ဃာန, ဇိဝှါဒသက ကလာပ်များ မရှေးမနှောင်း အစီအရီ ပေါ်လာကြသည်၊ (အဘိ၊ ဋ္ဌ၊ ၃၊ ၂၄၀)

ထို့နောက် ၄၂–ပတ်အတွင်း ဆံပင်, မွေးညှင်း, လက်သည်းတို့ ဖြစ်လာကြသည်၊ (ကေသာ လောမာ နခါပိစ)

http://www.dhammadownload.com



| ဘုံ | သတ္တဝါ | ပဋိသန္ဓေအခါ ကမ္မဇကလာပ် | | | | | | | ပဝတ္တိအခါ ကမ္မဇကလာပ် | စိတ္တဇ | ဥတုဇ | အာဟာရဇ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကာမ | ဂဗ္ဘသေယျက | ကာယ | ဘာဝ* | ဝတ္ထု | | | | | စက္ခုစသည် | ၆ | ၄ | ၂ | ၂၈ |
| | သံသေဒဇ ဥပပါတ် | ကာယ | ဘာဝ* | ဝတ္ထု | စ* | သော* | ဃာ* | ဇိ | ၉–စည်း | ၆ | ၄ | ၂ | ၂၈ |
| ရူပ | အသညကြဉ် ရူပ | ဇီဝိတ | | ဝတ္ထု | စ | သော | | | ဃာ–ဇိ–ကာ ဘာဝကြဉ် ၄–စည်း | ၆ | ၄ | | ၂၃ |
| | အသညသတ် | ဇီဝိတ | | | | | | | ဇီဝိတနဝက ၁ | | [illegible] | | ၁၇ |

* ဤအမှတ်ဖြင့် ချို့တဲ့ကောင်းသော ရုပ်ကလာပ်ကို ပြသည်။

၁။ **ကာမဘုံ၌** ပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သည်အားလျော်စွာ ရုပ်အားလုံးရသည်။

၂။ အသညသတ်ကြဉ်သော **ရူပဘုံ၌** ဃာန, ဇိဝှါ, ကာယ, ဘာဝကြဉ်သော ရုပ် ၂၃–ခု ရသည်၊ ပဋိသန္ဓေအခါ၌ကား ဇီဝိတနဝက ကလာပ်, ဝတ္ထု, စက္ခု, သောတဒသက ကလာပ် အားဖြင့် ကမ္မဇကလာပ် ၄–စည်းရသည်။ (ကာယဒသက မရခြင်းကြောင့် ကာယဒသက အရာ၌ ဇီဝိတနဝက ရသည်)

၃။ **အသညသတ်ဗြဟ္မာ** တို့၏ ပဋိသန္ဓေအခါ၌ ဇီဝိတနဝက ကလာပ် ၁–စည်းသာ ရသည်၊ ပဝတ္တိအခါ၌ကား ယင်းဇီဝိတနဝက ကလာပ်ရုပ် ၉–ခုအပြင် လဟုတာဒိတ္တက ၃–ခု, အာကာသ, လက္ခဏာရုပ် ၄–ခုအားဖြင့် နောက်ထပ် ၈–ခု၊ ပေါင်းလျှင် ၁၇–ခု ရသည်။

* ***၊ ရုပ်အားလုံးရ၊ ကာမဘုံမှာ၊ ပုဂ္ဂိုလ်အလိုက်၊ ဖြစ်ထိုက်သင့်စွာ၊***
***ဝိကာ ငါး၀၊ သဒ္ဒ, ဇရာ၊ အနိစ္စ၊ မရ သန္ဓေခါ၊***

* ***၊ ဃာ, ဇိ, ကာယ၊ ဘာဝကြဉ်ပါ၊ နှစ်ဆယ့်သုံးမျှ၊ ရူပဘုံမှာ၊***
***ဇီဝိ, ဝတ္ထု၊ စက္ခု, သောတာ၊ တံတလာပ်၊ လေးရုပ် သန္ဓေခါ၊***

* ***၊ ဇီဝိ–နဝ၊ တေ သန်မှာ၊ လဟုတာဒိ၊ တြိ အာကာ၊***
***လက္ခဏာ လေး၊ ပေါင်းရေး ရှစ်ဖြာ၊ ဆယ့်ခုနစ်၊ ရုပ်ဖြစ် အသညာ၊***

**ပဋိသန္ဓေအခါ မရသောရုပ်** –ဝိကာရရုပ် ၅–ခု, သဒ္ဒ, ဇရတာ, အနိစ္စတာအားဖြင့် ၈–ပါး။

http://www.dhammadownload.com


## နိဗ္ဗာန်အခန်း

မဂ်ဉာဏ် ၄-ခုဖြင့် မျက်မှောက်ပြုအပ်သော မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သည့် လောကုတ္တရာတရားကို (ဝါန ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့်) နိဗ္ဗာန်ဟု ခေါ်သည်။

* ***။ မဂ်ဉာဏ် လေးခု၊ မျက်မှောက်ပြုရာ၊ မဂ်, ဖိုလ် အာဖြစ်၊ လောကုတ်စစ်ကို၊ ဆိုးညစ်ဝါန၊ တဏှာမှ၊ ထွက်ရ မြတ်နိဗ္ဗာန်။***

## နိဗ္ဗာန်အပြား

**နိဗ္ဗာန်သည် -**

၁။ သဉပါဒိသေသ(ခန္ဓာအကြွင်းအကျန်ရှိသော)နိဗ္ဗာန်၊

၂။ အနုပါဒိသေသ (ခန္ဓာအကြွင်းအကျန်မရှိသော) နိဗ္ဗာန်-ဟူ၍ ပရိယာယ (အကြောင်း အမြွက်)အားဖြင့် ၂-ပါး။

* ***။ သဉပါဒိ၊ ခန်ကြွင်းရှိ၍၊ မရှိလေရာ၊ အနုပါတု၊ နိဗ် နှစ်ခု၊ ပြားမှု တာရဆာပရိယာယ်။***

---

**စုတိအခါ မရသော ရုပ်များမှာ -**

ဥပစယ, ဝိကာရ-၅၊ သဒ္ဒအားဖြင့် ၇-ခု။ (အဘိဓမ္မတ္ထဝိဘာဝနီ)

* ***။ ဝိကာ, သန်, ဇ၊ အနိစ္စတို့၊ မရ သဒ္ဒေ၊ တစ်ထွေ စုတိ။ ဉ, သန်, ဝိ၊ မရှိ ခုနစ်ပြား။***

**နတ်ဗြဟ္မာ များစုတေလျှင်** - လူတို့ကဲ့သို့ အလောင်းကောင် မကြွင်းကျန်တော့၊ ဆီမီးလျှံကဲ့သို့ ချုပ်ငြိမ်း သွားသည်၊ မြေမြှုပ် မီးသင်္ဂြိုဟ်စရာ မလိုတော့။ (ပိဋကကျော် -၂၁၅)

* ***၊ နတ်ဗြဟ္မာစုတေက လူပြကတေ့သမုဒ္ဒာန်လို ရုပ်မကျန်လေဘဲ၊ မြေပြီးတွင် မြှုပ်ဖုတ်ကင် ဘယ်မှာရပ်ပါ့မယ်၊ ဆီမီးလျှံ ငြိမ်းချုပ်ဟန် ပုံတူမျှတယ်၊ ကင်းချုပ်ကြမြဲ*** (သင်္ဂဟဒီပကဉ္ဆန်ကျမ်း)

ခန္ဓာကို အပိုင်းအားလျော်စွာ ရုပ်များ တည်နေပုံ-

၁။ လည်မျိုမှ အထက်ပိုင်းကိုယ်၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝဒသက ၆-စည်း။

၂။ ချက်မှ လည်မျိုအထိ အလယ်ပိုင်းကိုယ်၌ ကာယ, ဘာဝ, ဝတ္ထုဒသက ၃-စည်း။

၃။ ချက်မှ အောက်ပိုင်းကိုယ်၌ ကာယ, ဘာဝဒသက ၂-စည်း။

http://www.dhammadownload.com


**(တစ်နည်း)** ၁။ သုညတ (ရာဂစသည်ကင်းဆိတ်ရာ) နိဗ္ဗာန်၊
၂။ အနိမိတ္တ (ပုံဟန်သဏ္ဌာန်မရှိရာ) နိဗ္ဗာန်၊
၃။ အပ္ပဏိဟိတ (တောင့်တမှု တဏှာမရှိရာ) နိဗ္ဗာန်–ဟူ၍ အခြင်းအရာ
အာကာရအားဖြင့် ၃–ပါး။

* ***။ သုည–တင်းဆိတ်၊ အနိမိတ္တ၊ ပုံတန် မရှိ၊ အပ္ပဏိဟိ၊ မရှိ တောင့်တ၊ နိဗ်သုံး၀၊ ပြားတြ ခြင်းအရာ။***

---

## ပထဝီဓာတ်လွန်ကဲသော ရုပ်–၂၀

ကေသာ–ဆံပင် လောမာ–အမွေး၊ နခါ–ခြေသည်း, လက်သည်း၊ ဒန္တာ–သွား၊ တစော–အရေ (တစပဉ္စက)
မံသံ–အသား၊ နှာရု–အကြော၊ အဋ္ဌိ–အရိုး၊ အဋ္ဌိမိဉ္ဇ–ရိုးတွင်းခြင်ဆီ၊ ဝက္ကံ–အညို့ (ဝက္ကပဉ္စက)
ဟဒယံ–နှလုံး၊ ယကနံ–အသည်း၊ ကိလောမကံ–အမြှေး၊ ပိဟကံ–အဖျဉ်း(အရက်ရွက်)၊ ပပ္ဖာသံ–အဆုတ် (ပပ္ဖာသပဉ္စက)
အန္တံ–အူမ၊ အန္တဂုဏံ–အူသိမ်၊ ဥဒရိယံ–အစာသစ်၊ ကရီသံ–အစာဟောင်း၊ မတ္ထလုင်္ဂ–ဦးနှောက်။ (မတ္ထလုင်္ဂ ပဉ္စက)

## အာပေါဓာတ်လွန်ကဲသော ရုပ်–၁၂

ပိတ္တံ–သည်းခြေ၊ သေမှံ–သလိပ်၊ ပုဗ္ဗော–ပြည်၊ လောဟိတံ–သွေး၊ သေဒေါ–ချွေး၊ မေဒေါ–အဆီခဲ (မေဒဆက္က)
အဿု–မျက်ရည်၊ ဝသာ–ဆီကြည်၊ ခေဠော–တံတွေး၊ သိင်္ဃာဏိကာ–နှပ်၊ လသိကာ–အစေး၊ မုတ္တံ–ကျင်ငယ်။
(မုတ္တဆက္က)

## တေဇောဓာတ်လွန်ကဲသော ရုပ်–၄

သန္တပ္ပနတေဇော–အမြဲဂရိုတိုးထက်လျက် ထိရက်ခြားအစရှိသော ပူအေးစေတတ်သော တေဇော။
ဇီရဏတေဇော–ဆံဖြူ, သွားကျိုး, မျက်စိမှုန်, အရေတွန့်အောင်, အိုမင်းအောင်ပြုလုပ်တတ်သော တေဇော။
ဒါဟတေဇော–သန္တပ္ပနထက် အပူကဲ၍ "ပူလောင်လှချေရဲ့ ယပ်ခပ်ပေးပါ, ရေချိုး ချင်တယ်" ဆေသည့်သို့ ငြီးငြူရလောက်အောင် ပူလောင်သောတေဇော။
ပါစကတေဇော– စားသောက်အပ်သော အစာအာဟာရတို့ကို ကျေကျက်စေတတ်သောတေဇော။ (ပါစက ဝမ်းမီးဟုလည်းခေါ်သည်)

## ဝါယောဓာတ်လွန်ကဲသော ရုပ်–၆

ဥဒ္ဓင်္ဂမ–အထက်သို့ဆန်သောလေ၊ အဓောဂမ–အောက်သို့စုန်သောလေ၊ ကုစ္ဆိသယ– အူ၏အပြင် ဝမ်း၏ အတွင်း၌ တည်သောလေ၊
ကောဋ္ဌာသယ–အူ၏အတွင်း၌ တည်သောလေ၊ အင်္ဂမင်္ဂါနုသာရီ– အင်္ဂါ ကြီး, ငယ်သို့ အစဉ်လျှောက်သောလေ၊
အဿာသ, ပဿာသ–ထွက်သက်, ဝင်သက်လေ၊ (သစ္စ သင်္ခေပ ၅၁/၃)

http://www.dhammadownload.com


## နိဗ္ဗာန်ဂုဏ်ပုဒ်များ

နိဗ္ဗာန်သည် –

၁။ အစ္စုတံ – စုတေ ရွေ့လျောခြင်း မရှိသောတရား၊

၂။ အစ္စန္တံ – စုတိဟုဆိုအပ်သော အဆုံးကို လွန်သောတရား၊

၃။ အသင်္ခတံ – ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့ မပြုပြင်အပ်သောတရား၊

၄။ အနုတ္တရံ – အတုမရှိ လွန်မြတ်သော တရား၊

၅။ ပဒံ – အရိယာပုဂ္ဂိုလ်တို့ ရောက်အပ်သော တရားဖြစ်သည်။

ဤသို့ သင်္ဂြိုဟ်ကျမ်း၌ နိဗ္ဗာန်၏ ဂုဏ်ပုဒ် ၅–ပုဒ် ထုတ်ပြထားသည်။

* *။ အစ္စု,အစ္စန်၊ အသင်္ခ နှင့်၊ ပဒံ, အနုတ်၊ နိဗ် ဂုဏ်ပုဒ်၊ ဖွင့်ထုတ် သင်္ဂြိုဟ်ကျမ်း။*

---

* *။ ဆံပင်အစ၊ ဦးနှောက်ကျ၊ ဝိသ ပထဝီဓာတ်လွန်။*

* *။ သည်းခြေမှစ၊ ကျင်ငယ်ကျ၊ ဒွါဒ အာပေါလွန်။*

* *။ သန္တပ္ပန၊ ဇီရဏနှင့်၊ ဍာဟတစ်ဖြာ၊ ပါစကာ၊ လေးဖြာ တေဇောလွန်။*

* *။ ဥဒ္ဓင်္ဂမ၊ အဓောဂနှင့်၊ ကုစ္ဆိဋ္ဌ, ကောဋ္ဌာ၊ အင်, အဿာ၊ ခြောက်ဖြာ ဝါယောလွန်။*

* *။ ပထဝီ နှစ်ဆယ်၊ ဆယ့်နှစ်သွယ် အာပေါ၊ လေး တေဇောနှင့်၊ ဝါယော ခြောက် ဆစ်လေးဆယ့်နှစ်၊ မှတ်လစ် ရုပ်ကြီးပေါင်း။*

ယောနိ ၄–ပါး– အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ် အားဖြင့် ၄–ပါး။ အဏ္ဍဇနှင့် ဇလာဗုဇ တို့သည် ဂဗ္ဘသေယျက အမျိုးအစားဖြစ်သည်။ (အဏ္ဍဇ=အဥ၌ဖြစ်သော ဥကာဆသော သတ္တဝါ၊ ဇလာဗုဇ=သားအိမ်၌ ဖြစ်သော လူ စသော သတ္တဝါ)

ဘုမ္မစိုးနတ်မှ တစ်ပါးသော နတ်ပြဟ္မာများ၊ နိရယ တလိုက ပြိတ္တာ၊ ငရဲသတ္တဝါတို့သည် ဥပပါတ် တစ်ခုသာ ရသည်။ ကြွင်းသော သတ္တဝါတို့သည် ယောနိလေးပါးလုံးဖြင့် ပဋိသန္ဓေ နေကြသည်။

* *။ ဘုမ္မစိုးဖြတ်၊ ကြွင်းနတ်, နိရ္ဗျာ၊ ငရဲရွာ၊ တစ်သာ ဥပပါတ်။*

* *။ အကြွင်း ဂတိ၊ လေးယောနိ၊ ရသိ ပုံသေမှတ်။*

ရုပ်ပိုင်းပြီး၏။

* * * * * *

http://www.dhammadownload.com


# သမုစ္စည်းပိုင်း

ပရမတ္ထတရားတို့ကို သဘောတူခြင်း ပေါင်းစုဖွဲ့စည်း၍ ပြရာအပိုင်းဖြစ်သောကြောင့် **သမုစ္စည်းပိုင်း**ဟုခေါ်ကြောင်း မိန့်ဆိုကြ၏၊ ပိဋကသုံးပုံ နိကာယ် ၅-ရပ်မှ လိုအပ်သော ဝေါဟာရများကို စုစည်းပေးသော အပိုင်းဟုဆိုလျှင် ပို၍သင့်လျော်မည်။

**တရားအိုယ်စစ် ၇၂**

| | |
|---|---|
| အာရုံကိုသိခြင်း လက္ခဏာရှိသောစိတ် | ၁-ပါး၊ |
| ပုသန-စသော လက္ခဏာရှိသော စေတသိက် | ၅၂-ပါး၊ |
| ကက္ခဠ-စသော လက္ခဏာရှိသော နိပ္ဖန္နရုပ် | ၁၈-ပါး၊ |
| သန္တိလက္ခဏာ-ရှိသော နိဗ္ဗာန် | ၁-ပါး၊ |
| ပေါင်း | ၇၂-ပါး။ |

* *အာရုံသိပြား၊ စိတ်ကားတစ်ဖြာ၊ စေ ပညာနှို၊ နာဝ် တိပညာ၊*
*နိပ္ဖန် ဆယ့်ရှစ်၊ နိဗ်တစ် ပေါင်းပါ။ သတ္တတိ၊ ဒွေသိ ဝတ်ဝမ္ဗာ။*

**မှတ်ချက်။** ။ဝတ္ထုဓမ္မ-ကိုယ်ပိုင်လက္ခဏာရှိပြီး အထည်ကိုယ်ရနိုင်သောတရား။

သတ္တတိ = ၇၀
ဒွေ, ဒွိ = ၂
ပညာ = ၅၀

**သင်္ဂဟ ၄-ပါး**

(၁) အကုသလသင်္ဂဟ-အကုသိုလ်တရားတို့ကို သိမ်းယူရာအခန်း။
(၂) မိဿကသင်္ဂဟ- ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့ကို ရောနှောသိမ်းယူရာအခန်း။
(၃) ဗောဓိပက္ခိယသင်္ဂဟ-မဂ်ဉာဏ်၏အဖို့၌ ဖြစ်သောတရားများကို သိမ်းယူရာအခန်း။
(၄) သဗ္ဗသင်္ဂဟ-ပရမတ္ထတရားအားလုံးကို သိမ်းယူရာအခန်း။

* *အကု, မိဿ၊ ဗော, သဗ္ဗ၊ လေးဝ သမုစ္စည်း။*

**အကုသလသင်္ဂဟ**

အကုသိုလ်တရားတို့ကို သိမ်းယူရာအခန်းကို **အကုသလသင်္ဂဟ**-ဟု ခေါ်သည်။

http://www.dhammadownload.com


## အကုသလသင်္ဂဟ

| အမည် | | သင်္ချာ | သရုပ် | တရားကိုယ် |
|---|---|---|---|---|
| အာသဝ | | ၄ | ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ | ၃ |
| ဩဃ | | ၄ | ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ | ၃ |
| ယောဂ | | ၄ | ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ | ၃ |
| ဂန္ထ | | ၄ | အဘိဇ္ဈာ ကာယဂန္ထ, ဗျာပါဒ–, သီလဗ္ဗတပရာမာသ–, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ | ၃ |
| ဥပါဒါန | | ၄ | ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် | ၂ |
| နီဝရဏ | | ၆ | ကာမစ္ဆန္ဒ, ဗျာပါဒ, ထိန+မိဒ္ဓ, ဥဒ္ဓစ္စ+ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ | ၈ |
| အနုသယ | | ၇ | ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာ– အဝိဇ္ဇာ– | ၆ |
| သံယောဇဉ် | အဘိဓမ္မာ | ၁၀ | ကာမရာဂ, ဘဝရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, အဝိဇ္ဇာ | ၈ (၉) |
| | သုတ္တန် | ၁၀ | ကာမရာဂ, ရူပရာဂ, အရူပရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ | ၇ |
| ကိလေသာ | | ၁၀ | လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ | ၁၀ |

### ဆိုရိုး

၁။ ယိုစီးတတ်သောကြောင့်၎င်း, ရှေးအဖို့မထင်ရှားသည့်အတွက် ကြာမြင့်စွာထုံအပ်သော အရက်နှင့်တူသောကြောင့်၎င်း **အာသဝ**မည်သည်၊ ယင်းအာသဝတို့သည် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝအားဖြင့် ၄–ပါးတို့တည်း။ (ယောဃကြည့်ရှုဆိုပါလေ)

၂။ ရေအလျဉ်ကဲ့သို့ သတ္တဝါတို့ကို လွှမ်းမိုးနှစ်မြုပ်၍ သတ်တတ်သောကြောင့် **ဩဃ** မည်သည်၊ ယင်းဩဃတို့သည် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃအားဖြင့် ၄–ပါးတို့တည်း။

၃။ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ကပ်ထားတတ်သောကြောင့် **ယောဂ**မည်သည်၊ ယင်းယောဂ–တို့သည် ကာမယောဂ, ဘဝ, ဒိဋ္ဌိ, အဝိဇ္ဇာယောဂအားဖြင့် ၄–ပါးတို့တည်း။

၄။ မလွတ်ရအောင် ရစ်ပတ်ချည်နှောင် ထုံးဖွဲ့ထားတတ်သောကြောင့် ဂန္ထမည်သည်၊ ယင်းဂန္ထတို့သည် အဘိဇ္ဈာကာယဂန္ထ......ဣဒံသစ္စာဘိနိဝေသကာယဂန္ထအားဖြင့် ၄–ပါးတို့တည်း။

၅။ လွန်ကဲမြဲမြံစွာ စွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်သည်၊ ယင်းဥပါဒါန်တို့သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် ၄–ပါးတို့တည်း။

၆။ ချာန်စသော ကုသိုလ်တရားများ ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်တတ်သောကြောင့် နီဝရဏမည်သည်၊ ယင်းနီဝရဏတို့သည် ကာမစ္ဆန္ဒနီဝရဏ......အဝိဇ္ဇာနီဝရဏအားဖြင့် ၆–

http://www.dhammadownload.com



ပါးတို့တည်း။

၇။ ဆိုင်ရာအာရုံနှင့် တွေ့ကြုံလျှင် အဆင်သင့်ဖြစ်ဖို့ရန် သတ္တဝါတို့၏သန္တာန်၌ အစဉ်လိုက်ကာ အဖန်ဖန် ကိန်းဝပ် နေတတ်သောကြောင့် **အနုသယ**မည်သည်၊ ယင်းအနုသယတို့သည် ကာမရာဂါနုသယ ...... အဝိဇ္ဇာနုသယအားဖြင့် ၇–ပါးတို့တည်း။

၈။ သတ္တဝါတို့ကို ဝဋ်ဘဝမှ မလွတ်ရအောင် ချည်တုပ်ဖွဲ့နှောင်တတ်သောကြောင့် **သံယောဇဉ်**မည်သည်၊ ယင်းသံယောဇဉ်တို့သည် အဘိဓမ္မာနည်းအရ ကာမရာဂသံယောဇဉ်.... အဝိဇ္ဇာသံယောဇဉ်အားဖြင့် ၁၀–ပါးတို့တည်း၊ သုတ္တန်နည်းအားဖြင့် ကာမရာဂသံယောဇဉ်.... ၁၀–ပါးတို့တည်း။

၉။ စိတ်ကိုညစ်နွမ်းစေတတ်သောကြောင့် **ကိလေသာ**မည်သည်၊ ယင်းကိလေသာတို့သည် လောဘ........အနောတ္တပ္ပ–အားဖြင့် ၁၀–ပါးတို့တည်း။

၉–ဌာန အကုသလသင်္ဂဟ၌– အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာအားဖြင့် ၉–ဌာန ရှိသည်။

* *အာ, ဩ, ယော, ဂန်၊ ဥ, နီ–မှန်၊ နု, သံ, ကိလေ ကိုးဌာနေ။*

* *အာ, ဩ, ယောဂ၊ ဂန္ထ, ဥပါ။ လေးပါးစီထား။ နီ–ကား ခြောက်ဖြာ။*
*အနုသယ၊ သတ္တ မှန်စွာ။ ဆယ်စီတော၊ သံယော, ကိလေသာ။*

* *ကာမ, ဘဝ၊ ဒိဋ္ဌိ, အ၊ ပြားကြ အာ, ဩ, ယော။*

* *အဘိဇ်, ဗျာ, သီ၊ ဣဒံမှီ၊ လေးလီ ဂန္ထ ပြား။*

* *ကာ, ဒိဋ္ဌ်, သီ, အတ်၊ စွဲလမ်းတတ်၊ လေးရပ် ဥပါဒါန်။*

* *ကာမစ္ဆန္ဒ၊ ဗျာပါဒ နှင့်၊ ထိန+မိဒ္ဓ၊ ဥဒ်+ကုက်, ပါ–ဝိ၊ အဝိဇ် သီ၊ ခြောက်ရှိ နီဝရဏ။*

* *ကာမ, ဘဝ၊ ပဋိဃ နှင့်၊ မာန, ဒိဋ္ဌိ၊ ဝိစိ, အဝိဇ္ဇာ၊ ခုနစ်ဖြာ မှတ်ပါ နုသယ။*

* *ကာမ, ဘဝ၊ ပဋိဃ နှင့်၊ မာန, ဒိဋ္ဌိ၊ သီ, ဝိစိ, ဣဿ၊ မစ်,အဝိဇ်၊ ဆယ်စိတ် အဘိသံ။*

* *ဘဝ အစား။ ရူ, ရူ ပွား၍၊ နှစ်ပါး ဣဿ, မစ်၊ ပြောင်း ဥဒ္ဓစ်၊ သံ–ဖြစ် သုတ္တန်နည်း။*

* *လော, ဒေါ်, မော, မာ၊ တစ်ဖြာ ဒိဋ္ဌိ၊ ဝိ, ထိ, ဥဒ်, အ၊ နောတ္တပ္ပ၊ ဆယ်ဝ ကိလေသာ။*

---

၆။ ထိစွ, အကြောင်း, ဆန့်ကျင်ဘက်ချင်း တူသောကြောင့် ထိနနှင့် မိဒ္ဓ–ကို ၁–ဝါး၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ–ကို ၁–ဝါးအဖြစ် ယူသည်။

၇။ အနာဂတ်ကိလေသာသည် မုချ၊ ဝစ္စုပ္ပန်, အတိတ်ကိလေသာသည် သဒိသူပစာအားဖြင့် အနုသယမည်၏ဟု ဋီကာကျော်၌ဆိုသည်၊ အဋ္ဌကထာကြီးများ၌ ကာလအားလုံးဟု ဆိုသည်။

၈။ * *ကာမ, ပဋိ၊ ဒိဋ္ဌ်, သီ, ဝိ–မှာ၊ ဩရမ္ဘာ၊ ဥဒ်မှာ ရူ, ရူ, မာ, ဥဒ်, အ။* (ဩရမ္ဘာဂိယ, ဥဒ္ဓမ္ဘာဂိယ)

http://www.dhammadownload.com


## တရားကိုယ်အညွှန်း

| အမည် | တရားကိုယ် |
| --- | --- |
| ကာမ, ဘဝ, အဘိဇ္ဈာ | လောဘ |
| ဗျာပါဒ, ပဋိဃ | ဒေါသ |
| သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တဝါဒ | ဒိဋ္ဌိ |
| အကြွင်း | ဆိုင်ရာအမည်အတိုင်း |

## တရားကိုယ်ကောက်နည်း

ကာမ, ဘဝ, အဘိဇ္ဈာ-တို့အရ လောဘစေတသိက်ကို အရကောက်ရမည်၊ ဗျာပါဒ, ပဋိဃ-တို့အရ ဒေါသစေတသိက်ကို အရကောက်ရမည်၊ သီလဗ္ဗတပရာမာသအခြင်းအရာ, ဣဒံသစ္စာဘိနိဝေသအခြင်းအရာ, အတ္တဝါဒအခြင်းအရာ ကွဲပြားသောကြောင့် ဒိဋ္ဌိစေတသိက် ၁-ခုတည်းကိုပင် ၃-မျိုးခွဲ၍ သီလဗ္ဗတပရာမာသ စသည်ဖြင့်ဆိုထားသည်။

### သံယောဇဉ် ၂-မျိုး

| အဘိဇ္ဈာ | ကာမရာဂ | ဘဝရာဂ | | ပဋိဃ | မာန | ဒိဋ္ဌိ | သီလဗ္ဗတပရာမာသ | ဝိစိကိစ္ဆာ | ဣဿာ | မစ္ဆရိယ | အဝိဇ္ဇာ |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| သုတ္တန် | ။ | ရူပရာဂ | အရူပရာဂ | ။ | ။ | ။ | ။ | ။ | ဥဒ္ဓစ္စ | | ။ |

*ဘိဇ္ဈာ, ကာမ၊ ဘဝ-လောဘာ။ ဗျာပါ, ပဋိ၊ တွေ့ရှိ ဒေါသာ။*
*ဣဒံ, သီလ၊ အတ္တဝါဒါ။ ခြင်းရာမျှ၊ တွဲကြ ဒိဋ္ဌိသာ။*
* *အာ, ဩ, ယောဂ၊ ဂန္ထ လေးဖြာ။ တရားကိုယ်များ။ သုံးပါးစီသာ။*
*ဥ-နှစ် နီ-ရှစ်၊ ခြောက်ဆစ် နမှာ။ သံယော ကိုး။ ဆယ်မျိုး ကိလေသာ။*

---

**တစ်ထောင့်ငါးရာ ကိလေသာ**

* *နာမ်တေပည်၊ ရုပ် နိပ္ဖန်နှင့်၊ လက္ခဏာကို၊ သန္တာန် နှစ်ထွေ၊ ဆယ်ကိလေများ။*
*ဆက်မြှောက်ပွား။ မှတ်သားကိလေသာ ထောင့်ငါးရာ။*

(စိတ် ၁-ခု+စေတသိက် ၅၂-ခု) နာမ် ၅၃-ခု+နိပ္ဖန္နရုပ် ၁၈-ခု-သတ္တကရုပ် ၄-ခု=၆၇ × သန္တာန် ၂-ခု × ကိလေသာ ၁၀-ခု=၁၃၄၀)

(အနုဋီ ၁-၁၉)

**ကာမာသဝ**- (ကာမ+အာသဝ) ဝတ္ထု အာရုံ ကာမဂုဏ်၌ တပ်မက်သောတဏှာ တည်းဟူသော အာသဝ။

http://www.dhammadownload.com


**ထရားဆိုင်ထှင် ဌာန**

အကုသလသင်္ဂဟလာ တရားများမှာ စေတသိက်ပိုင်း၌ပြခဲ့သော အကုသိုလ်စေတသိက် ၁၄-ပါးတို့ပင်တည်း၊ ထိုတွင် လောဘသည် အာ, ဩ, ယော, ဂန်, ဥ, နီ, နု, သံ, ကိလေသာ-ဟု ၉-ဌာန ပါဝင်သည်၊ စသည်ဖြင့်သိလေ။

* *လော-ကိုးမည်ရှိ၊ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသာ၊ ကာမီ လေးထုတ်၊ မာနုဒ္ဓစ္စ၊ သုံးမည်ရ၏၊ ထိန နှစ်မည်၊ ကြွင်းသည် ခြောက်ဝ၊ တစ်မည်ရ၊ ပေါင်းက စုဒ္ဒသ။ (ဧရှး)*

---

**ဘဝါသဝ-** ရူပဈာန်. အရူပဈာန်နှင့် ထိုဈာန်၏အကျိုးဗိပါက်ဟူသောဘဝ၌ တပ်မက်သောတဏှာ တည်းဟူသော အာသဝ။

**ကာယဂန္ထ-** နာမ်အစုကို နာမကာယ. ရုပ်အစုကို ရူပကာယဟုခေါ်သည်၊ သတ္တဝါတို့၏ နာမကာယ.ရူပကာယကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် စုတိပြီး ပဋိသန္ဓေ. ပဋိသန္ဓေပြီး စုတိ ဤကဲ့သို့ ဆက်စပ်ထားတတ်သောကြောင့် ကာယဂန္ထ ဟုခေါ်သည်၊

**အဘိဇ္ဈာ-** ဝိထိမုတ်ပိုင်း ဒုစရိုက်ခန်း၌ သူတစ်ပါးဥစ္စာကို မတရားလိုချင်သော အကြမ်းစားလောဘကို အဘိဇ္ဈာဟုခေါ်သည်၊ ဤ၌ကား လိုချင်မှု လောဘ ဟူသမျှသည် အဘိဇ္ဈာမည်သည်။

**ဗျာပါဒ-** ဝိထိမုတ်ပိုင်း ဒုစရိုက်ခန်း၌ သူတစ်ပါးကို ဖျက်စီးစေလိုသော ဒေါသအကြမ်းစားကို ဗျာပါဒခေါ်သည်၊ ဤ၌ကား ဒေါသဟူသမျှသည် ဗျာပါဒ မည်သည်။

**သီလဗ္ဗတပရာမာသ-** (သီလ-အလေ့+ ဝတ-အကျင့်) နွား. ခွေး စသည်တို့၏ အလေ့. အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၏ဟု မှားယွင်းစွာ သုံးသပ်စွဲလန်းမှု ဒိဋ္ဌိစေတသိက်။

**ဣဒံသစ္စာဘိနိဝေသ-** (ဣဒံ+ သစ္စံ+ အဘိ+ နိဝေသ) မိမိတအများကို စွဲယူပြီး ဤ ငါ့အယူသာ အမှန်၊ ကျန်သမျှအလွဲကြီးဟု မှားယွင်းစွာ စွဲလန်းတတ်သော ဒိဋ္ဌိ။

**အတ္တဝါဒ-** အတ္တရှိ၏ဟု ပြောဆို ယူဆမှု၊ **ပဋိဃ-** ကြမ်းတမ်းသော သဘောရှိသည်ဖြစ်၍ အာရုံကို ထိပါးသကဲ့သို့ဖြစ်တတ်သော ဒေါသ။

**ယောဂ, ဂန္ထ သံယောဇဉ် ၃-မျိုးအထူး**

**ယောဂ-** သစ်ဆေးဖြင့် ထပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိတိန်းရာ သတ္တဝါကို ယှဉ်စပ် တပ်ထားတတ်သော သဘော၊

**ဂန္ထ-** သံတွင်းချင်း ဖွဲ့ဆက်သကဲ့သို့ စုတိနှင့် ပဋိသန္ဓေ. ပဋိသန္ဓေနှင့် စုတိအားဖြင့် ရုပ်. နာမ် အပေါင်းကို ဖွဲ့ဆက်တတ်သော သဘော၊

**သံယောဇဉ်-** အလေးဘုံဘဝသို့ ရောက်သွားစေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲထားဘိသကဲ့သို့ ဆွဲချည်ဖွဲ့နှောင်တတ်သော သဘော၊ ဤသို့ထူးသည်။

**အနုသယ-** အသီး သီးမည့်သစ်ပင်၌ အသီး သီးစေတတ်သော ဓာတ်သတ္တိများ သစ်ဖုဝယ် အညောက်ထွက်သည်ကစ၍ ပင်စည်. အခက်.အညွန့်စသည် အလုံး၌ပါရှိနေသကဲ့သို့ ပဋိသန္ဓေ တည်စ ရုပ်. နာမ် အစဉ်မှာ ရှိနေသော (ဥပါဒ်. ဌီ. ဘင်အားဖြင့် ဖြစ်နေသည်မဟုတ်သေးဘဲ) အကြောင်းပေါ်လျှင် ဖြစ်ပေါ်ဖို့တိန်းနေသော အင်အားကောင်းသည့် ကာမရာဂ စသော ကိလေသာ ဓာတ်သတ္တိများ။

http://www.dhammadownload.com


**မိဿကသင်္ဂဟ**

ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့ကို ရောနှောပြရာ အခန်းကို **မိဿက သင်္ဂဟ**–ဟုခေါ်သည်။

**မိဿကသင်္ဂဟ၌**–ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရ အားဖြင့် ခုနစ်ဌာန။

* *ခြောက်ဖြာ ဟေတု၊ ခုနစ်ခု ဈာနင်၊ မဂ္ဂင် ဆယ့်နှစ်၊ နှစ်ဆယ့်နှစ် ဣန္ဒြေ၊ ဗိုလ်ကိုးတွေ နှင့်၊ မှတ်လေ မိ, တာ၊ လေးစီသာ၊ ရောရာ မိဿက။*

**ဆိုင်ရှိုး**

ရေသောက်မြစ်ကဲ့သို့ တစ်ကွပြစ်ဖက် ရုပ်, နာမ်တရားတို့ကို ထောက်ပံ့နိုင်စေတတ်သော အကြောင်းရင်းများ ဖြစ်သောကြောင့် **ဟိတ်**မည်သည်၊ ယင်းဟိတ်တို့သည်–လောဘ...... အမောဟအားဖြင့် ၆–ပါးတို့တည်း။

အာရုံကိုကပ်၍ စူးစိုက်မြဲမြံစွာ ရှုတတ်သောကြောင့် **ဈာန်** မည်သည်၊ထိုဈာန်၏ အစိတ်အပိုင်းများကို **ဈာနင်** ဟုခေါ်သည်၊ ယင်းဈာနင်များမှာ–ဝိတက်......ဥပေက္ခာအားဖြင့် ၇–ပါး။

ဒုဂ္ဂတိ, သုဂတိ, နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းဖြစ်သောကြောင့် **မဂ္ဂ**မည်သည်၊ ယင်း **မဂ္ဂ**၏အစိတ်အပိုင်းဖြစ်သောကြောင့် **မဂ္ဂင်** မည်သည်၊ ယင်းမဂ္ဂင်များမှာ သမ္မာဒိဋ္ဌိ–-အားဖြင့် ၁၂ပါး။

မိမိနှင့်သက်ဆိုင်သည့်တရားများကို မိမိအလိုအတိုင်း ဖြစ်စေသောအားဖြင့် အစိုးတရဖြစ်သောကြောင့် **ဣန္ဒြေ** မည်သည်၊ ယင်းဣန္ဒြေများမှာ– စက္ခုန္ဒြေ–-အညာတာ–အားဖြင့် ၂၂–ပါး။

ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေအပ်, မယိမ်းမယိုင် မြဲခိုင်တည်တံ့သောသဘောကြောင့် **ဗိုလ်** မည်သည်၊ ယင်းဗိုလ်များမှာသဒ္ဓါဗိုလ်.....အနောတ္တပ္ပဗိုလ်အားဖြင့် ၉–ပါး။

မိမိနှင့်စပ်သော တရားအားလုံးကို ပြိုင်ဘက်မရှိ စိုးမိုးနိုင်သောကြောင့် **အဓိပတိ**–မည်သည်၊ ယင်းအဓိပတိများမှာ ဆန္ဒာဓိပတိ–-ဝီမံသာဓိပတိ အားဖြင့် ၄–ပါး။

မိမိဆိုင်ရာ အကျိုးတရားများကို ဖြစ်စေခြင်း ထောက်ပံ့နိုင်စေခြင်းအားဖြင့် ရှက်ဆောင်တဘ်သောကြောင့် **အာဟာရ**မည်သည်။ ယင်းအာဟာရများမှာ ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဥ္စေတနာဟာရ, ဝိညာဏာဟာရအားဖြင့် ၄–ပါး။

http://www.dhammadownload.com



## မိဿကသင်္ဂဟ

| အမည် | သင်္ချာ | သရုပ် | တရားကိုယ် |
|---|---|---|---|
| ဟိတ် | ၆ | လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ | ၆ |
| ဈာနင် | ၇ | ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ | ၅ |
| မဂ္ဂင် | ၁၂ | သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ | ၉ |
| ဣန္ဒြေ | ၂၂ | စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ | ၁၆ |
| ဗိုလ် | ၉ | သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ် | ၉ |
| အဓိပတိ | ၄ | ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ | ၄ |
| အာဟာရ | ၄ | ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ | ၄ |

* လော, ဒေါ, မောဟာ၊ အ–နှင့်ပြ၍၊ ကြောင်း, ဆ တေတုံ၊ ရှေ့သုံးခုမှာ၊ အကုသာ၊ ကု, ဗျာ နောက်သုံးခု။

* တက်, စာ, ပီ, ဧ ဝေ သုံးထွေ သော၊ ဒေါ, ဥ နှော၊ မှတ်လော ဈာနင် ခုနစ်ပါး။

* ဒိဋ္ဌိ, သင်, ဝါစာ၊ ကမ္မန်, အာ နှင့်၊ ဝါယာ, သတိ၊ သမာဓိ၊ ရှစ်သိ သမ္မာ မဂ္ဂင်များ။
ဒိဋ္ဌိ, သင်, ဝါယာ၊ နောက် သမာ၊ မိစ္ဆာ မဂ္ဂင်–လေး။

* စက်, သော, ဃာ, ဇိ၊ ကာယ, ထိ နှင့်၊ ပု, ဇီ, မန၊ ဝေ ငါး၀ ပါ၊ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ, အနည်၊ အည် နှစ်အည်၊ ပေါင်းလျှင် ဣန္ဒြိယ ဗာဝီသ။

* သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ တစ်လီ၊ ဟိရီ, ဩတ္တပ်၊ အ–နှင့်ကပ်၊ ကိုးရပ် ဗိုလ်အပြား။

* ဆန်, ဝီရိယံ၊ စိတ်, ဝီမံ၊ လေးတန် ဓိပတိ။

* ကဗဠီ, ဖဿ၊ စေ, ဝိဉ် မှတ်၊ လေးရပ် အာဟာရ။

* ပညာ ငါးမည်၊ လေးမည် ဝီ, ဧ၊ သုံးထွေ စိတ်, သ၊ နှစ်ဝ ဝေ, သဒ်၊ ဝိတက် မှတ်၊ ကြွင်းလတ် တစ်မည်စီ။

http://www.dhammadownload.com


## တရားကိုယ်ကောက်နည်း

* ***အနုဉ် စ-မဂ်၊ ခြောက်ချက် လယ်မှာ။ အညိန္ဒြိ၊ ဆုံးသိ အညာ။***
***ရုပ်, နာမ် ဇီဝိ၊ ဇီဝိတိန်မှာ။ ဈာန် မရ၊ ပဥ္စဝိညာဏာ။***
* ***အဟိတ် ဆယ့်ရှစ်၊ မဖြစ် မဂ္ဂါ။ မယှဉ် ဝီရိ၊ မရှိ ဗလာ။***
***အဝီရိယစိတ်၊ ဝိကိစ် မှော။ ထွန်-မရ၊ မဂ္ဂ, ဗိုလ်လည်းပါ။***
* ***မဂ္ဂင် သမ္မာ၊ သော-စိတ်မှာ၊ မိစ္ဆာ အကုသိုလ်။***
***ဒွိ, တိဟေသာ၊ အဝိလာ၊ ဖြစ်တာ တစ်ခုစီ။***
* ***တရားကိုယ်မျှား၊ မှတ်သားဘို့ရာ၊ ဟိတ်ခြောက်, ဈာ ငါး၊ မဂ်ကား ကိုးဖြာ။***
***ထွန် ဆယ့်ခြောက်ပါး၊ ကိုးပါး ဗိုလ်မှာ။ လေးစီရ၊ နှစ်ဝ ဝိနှင့်အာ။***

သောတာပတ္တိ မဂ်၌ရှိသော ပညာသည် **အနညာတညဿာမိတိန္ဒြေမည်၏၊**

အလယ် လောကုတ္တရာ ၆-ခု၌ ရှိသော ပညာသည် **အညိန္ဒြေ မည်၏၊**

အရဟတ္တဖိုလ်၌ ရှိသော ပညာသည် **အညာတာဝိန္ဒြေမည်၏။**

ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် **ဇီဝိတိန္ဒြေမည်၏၊**

ပဥ္စဝိညာဉ် စိတ်၌ **ဈာနင် မရ၊** (ထို့ကြောင့်- ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၌ရှိသော ဧကဂ္ဂတာသည် **ဧကဂ္ဂတာဈာနင်၊** စက္ခု, သောတ, ဃာန, ဇိဝှါဝိညာဉ်ကြဉ် ဥပေက္ခာ ၄၇-ခု၌ရှိသော ဝေဒနာသည် ဥပေက္ခာဈာနင် မည်၏။ ကြွင်းဈာနင် ၅-ပါး ထူးခြားမှု မရှိ)

အဟိတ် စိတ်၌ **မဂ္ဂင် မရ၊**

**(သမ္မာမဂ္ဂင်များကို သောဘနစိတ်၌ အရကောက်၍ မိစ္ဆာမဂ္ဂင်များကို အကုသိုလ်စိတ်၌ အရကောက်ပါ။)**

**သမ္မာသင်္ကပ္ပမဂ္ဂင်**- ကာမာဝစရ သောဘန ၂၄-ခု, ပဌမဈာန် ၁၁-ခု ပေါင်း ၃၅-ခု၌ရှိ ဝိတက်။

**သမ္မာဝါယာမ, (သမ္မာသမာဓိ)**- သောဘနစိတ် ၅၉-ခု၌ရှိသော ဝီရိယ, (ဧကဂ္ဂတာ)။

**မိစ္ဆာသင်္ကပ္ပ, (မိစ္ဆာဝါယာမ)**- အကုသိုလ် ၁၂-ခု၌ရှိသော ဝိတက်, (ဝီရိယ)။

**မိစ္ဆာသမာဓိ**- ဝိစိကိစ္ဆာကြဉ် အကုသိုလ် ၁၁-ခု၌ရှိသော ဧကဂ္ဂတာ။

ဝီရိယ မယှဉ်သောစိတ်နှင့် ဝိစိကိစ္ဆာ၊ ဤ ၁၇-ခုတို့၌ရှိသော ဧကဂ္ဂတာသည် **မဂ္ဂင်, ဣန္ဒြေ, ဗိုလ် မရ၊** ကြွင်းသောစိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာသည်သာ **သမာဓိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ်** မည်သည်။

(ဝီရိယ မဖြစ်သောစိတ် ၁၆-ခု, ဝိစိကိစ္ဆာအားဖြင့် ၁၇-ခုကြဉ်သော) စိတ် ၇၂- ခု၌ ရှိသော ဧကဂ္ဂတာသည် **သမာဓိန္ဒြေမည်၏၊**

http://www.dhammadownload.com


လောကီ တိဟိတ်စိတ် ၃၉–ခုၶ၌ရှိသော ပညာသည် ပညိန္ဒြေမည်၏၊
ဝိရိယမယှဉ်သော စိတ် ၁၆–ခုတို့၌ ဓိုလ် မရ၊
အဓိပတိတရားကိုယ်ကို ဒွိဟိတ်, တိဟိတ်ဇောတို့၌သာ ကောက်ရမည်၊ ထို့ကြောင့်
သာဓိပတိဇော ၅၂–ခု၌ ရှိသော ဆန္ဒသည် ဆန္ဒာဓိပတိ၊
သာဓိပတိဇော ၅၂–ခု၌ ရှိသော ဝိရိယသည် ဝိရိယာဓိပတိ၊
သာဓိပတိဇော ၅၂–ခုသည် စိတ္တာဓိပတိ၊
သာဓိပတိ တိဟိတ်ဇော ၃၄–ခု၌ ရှိသောပညာသည် ဝိမံသာဓိပတိ မည်သည်၊
အဓိပတိသည် ၁–ပါးစီသာ အဓိပတိ ကိစ္စတပ်နိုင်သည်။

---

## ခေါင်းချင်း ခြေး

ဟိတ်, ဈာနင်, မဂ္ဂင်တို့သည် ဒုစရိုက်မှု, သုစရိုက်မှု အားလုံး၌ပင် မပါလျှင်မပြီးသော အရာများဖြစ်ကြသည်။

**ကဗဠီကာရာဟာရ**–ဟူသည် မျိုသုံး စားသောက်အပ်သော စားသောက်ဖွယ်၌ပါသော အဆီ,အစေးဓာတ် ဟူသော ဩဇာရုပ်တည်း၊ ဤကဗဠီကာရ အာဟာရသည် ဩဇာအဋ္ဌမကဖြစ်သော ရုပ်–၈–ပါးတည်းဟူသော အာဟာရဇ အဋ္ဌက ကလာပ်ရုပ်ကို ဆောင်ရွက်သည့်: ဖြစ်စေသည်။

**ဖဿာဟာရ**–ဟူသည် စိတ်ဖြစ်တိုင်း၌ ပါဝင်သော. ဓာတ်ခိုက်သကဲ့သို့ဖြစ်သော ဖဿစေတသိက်တည်း၊ ယင်းဖဿစေတသိက်သည်ပင် ခံစားမှုစသော နာမ်တရားများ ဖြစ်ပေါ်အောင် ဆောက်ရွက်ပေးတတ်သောကြောင့် အာဟာရမည်သည်၊ **ဖဿပစ္စယာ ဝေဒနာ**–အရ ယင်းဖဿာဟာရသည် ခံစားမှုဟူသော ဝေဒနာအကျိုးကို ဆောင်ရွက်သည်။

**မနောသဉ္စေတနာဟာရ**–ဟူသည် စိတ်ဖြစ်တိုင်း၌ ပါဝင်သော စေတနာစေတသိက်တည်း၊ စိတ်များဖြစ်ပေါ်အောင် ဦးဆောင် ဆော်ဩပေးသောအားဖြင့် ဆောင်ရွက်ပေးတတ်သောကြောင့် မနောသဉ္စေတနာဟာရမည်သည်၊ **သင်္ခါရပစ္စယာ ဝိညာဏံ**–အရ ယင်းမနောသဉ္စေတနာဟာရသည် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသည်။

**ဝိညာဏာဟာရ**– အသိစိတ်အားလုံးသည်ပင် ရုပ် နာမ်များ ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသောကြောင့် ဝိညာဏာဟာရမည်သည်၊ **ဝိညာဏပစ္စယာ–နာမရူပံ**–အရ ယင်းဝိညာဏာဟာရသည် စေတသိက်နာမ်များနှင့် ရုပ်များ ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသည်၊ ယင်းအာဟာရ ၄–ပါးကိုပင် ပဋ္ဌာန်း၌ အာဟာရပစ္စည်း အဖြစ်ဖြင့် ဟောကြားတော်မူသည်။

### ပဋ္ဌာန်းနှင့် မိဿကသင်္ဂဟ

ဤမိဿကသင်္ဂဟလာ ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, အဓိပတိ, အာဟာရ တရားတို့သည် ပဋ္ဌာန်း၌ **ဟေတု, ဈာန, မဂ္ဂ, ဣန္ဒြိယ, အဓိပတိ, အာဟာရ**, ပစ္စည်းများအတွက် အဓိက လိုအပ်သောတရားများ ဖြစ်ကြသည်။

http://www.dhammadownload.com


## ဗောဓိပက္ခိယသင်္ဂဟ

| အမည် | သင်္ချာ | သရုပ် | တရားကိုယ် |
|---|---|---|---|
| သတိပဋ္ဌာန် | ၄ | ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ | ၁ |
| သမ္မပ္ပဓာန် | ၄ | ဖြစ်ပြီးအကုသိုလ်များ ပယ်ရှားရန် အားထုတ်ခြင်း<br>မဖြစ်သေးသည့် အကုသိုလ်များ မဖြစ်ရန် အားထုတ်ခြင်း<br>မဖြစ်သေးသည့် ကုသိုလ်များ ဖြစ်ပွားရန် အားထုတ်ခြင်း<br>ဖြစ်ပြီး ကုသိုလ်များ တိုးပွားရန် အားထုတ်ခြင်း | ၁ |
| ဣဒ္ဓိပါဒ် | ၄ | ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် | ၄ |
| ဣန္ဒြေ | ၅ | သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ | ၅ |
| ဗိုလ် | ၅ | သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် | ၅ |
| ဗောဇ္ဈင် | ၇ | သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယ–, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင် | ၇ |
| မဂ္ဂင် | ၈ | သမ္မာဒိဋ္ဌိ, သင်္ကပ္ပ, ဝါစာ, ကမ္မန္တ, အာဇီဝ, ဝါယာမ, သတိ, သမာဓိ | ၈ |
| | ၃၇ | | |

မဂ်ဉာဏ်အဖို့၌ ဖြစ်သော တရားများကို သိမ်းယူရာအခန်းသည် ဗောဓိပက္ခိယ သင်္ဂဟ မည်သည်၊ ယင်းသင်္ဂဟ၌-သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ၇-ဌာန ရှိသည်။

* *သတိ, သမ္မပ်၊ ဣဒ္ဓိပါဒ်တို့၊ လေးရပ်စီသာ၊ ဣန္ဒ်, ဗိုလ်မှာကား၊ ငါးစီထား၍၊ ခုနစ်ပါး ဗောဇ္ဈင်၊ မဂ် ရှစ်အင်၊ ပေါင်းလျှင် ဗောဓိ သုံးဆွန်ရှိ။*

* *ကာယ, ဝေဒနာ၊ စိတ်, ဓမ္မာ၊ လေးဖြာ နုပဿ သတိ မှတ်။*

* *အကု-ပယ်ရှား၊ မဖြစ်ပွားစို့၊ ကု-များဖြစ်စေ၊ တိုးပွားစေ၊ လေးထွေ သမ္မပ် အားထုတ်အပ်။*

* *ဆန်, ဝီရိယံ၊ စိတ်, ဝီမံ၊ လေးတန် ဣဒ္ဓိပါဒ်။*

* *သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာပါ၊ ငါးဖြာ ဣန္ဒ်နှင့် ဗိုလ်။*

* *သတိ, ဓမ္မ၊ ဝီရိယ, ပီတိ၊ ပဿဒ္ဓိ, သမာ၊ ဥပေက္ခာ၊ သတ္တာ သမ္ဗောဇ္ဈင်။*

* *ဒိဋ္ဌိ, သင်, ဝါစာ၊ ကမ္မန်, အာဇီဝ၊ ဝါယာ, သတိ၊ သမာဓိ၊ ရှစ်သီ သမ္မာ မဂ္ဂင်များ။*

http://www.dhammadownload.com



၁။ ဆိုင်ရာအာရုံ၌ လွှန်လွှန်ကဲကဲမြဲစွာ တည်တတ်သောကြောင့် **သတိပဋ္ဌာန်** မည်သည်၊ ယင်းသတိပဋ္ဌာန်တို့သည် ကာယာနုပဿနာ.........ဓမ္မာနုပဿနာ အားဖြင့် ၄-ပါး။ တရားကိုယ်မှာ **သတိ** ၁- ပါးတည်းသာတည်း။

၂။ လွန်စွာအားထုတ်ကြောင်း တရားများဖြစ်သောကြောင့် **သမ္မပ္ပဓာန်** မည်သည်။

ယင်း **သမ္မပ္ပဓာန်တို့သည်**-ဖြစ်ပြီးအကုသိုလ်များ ပယ်ရှားရန်အားထုတ်ခြင်း-စသော ကိစ္စအားဖြင့် ၄-မျိုးပြားသည်၊ တရားကိုယ်မှာ **ဝီရိယ** ၁- ပါးတည်းသာတည်း။

** ဝတ္တ, ဂန္ထ၊ ဓုတင်နှင့်၊ ဈာန, ဝိပဿ၊ တစ်ရပ် နဝ ကမ်၊ ဗြဟ္မာပြန်၊ ငြိမ်းရန် အကု ခုနှစ်ခု။*

၃။ ဈာန်, မဂ်, ဖိုလ် အကျိုးများပြီးစီးရန် အခြေခံအကြောင်းများ ဖြစ်သောကြောင့် **ဣဒ္ဓိပါဒ်** မည်သည်၊ ယင်း ဣဒ္ဓိပါဒ်တို့သည် ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်အားဖြင့် ၄-ပါးတို့တည်း။

၆။ သစ္စာလေးပါးကို သိကြောင်းတရားအပေါင်းသည် **ဗောဓိ** မည်သည်၊ ယင်းဗောဓိ၏ အစိတ်အပိုင်းဖြစ်သောကြောင့် **ဗောဇ္ဈင်**မည်သည်၊ ယင်းဗောဇ္ဈင်တို့သည် သတိသမ္ဗောဇ္ဈင်..... ဥပေက္ခာသမ္ဗောဇ္ဈင်အားဖြင့် ၇-ပါးတို့တည်း။

---

၁။ သတိ ၁- ပါးတည်းဖြစ်သော်လည်း ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တအခြင်းအရာအားဖြင့်ယူခြင်း၏ အစွမ်းအားဖြင့်၎င်း၊ သုဘ, သုခ, နိစ္စ, အတ္တ သညာဝိပလ္လာသတို့ ပယ်ခြင်း၏အစွမ်းအားဖြင့်၎င်း ၄- ပါးပြားသည်၊ ကာယ, ဝေဒနာ, စိတ္တတို့ဖြင့်ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို ယူပြီးဖြစ်၍ ဓမ္မ- ဖြင့် သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကိုယူ။ (ဋီကာကျော်)

၂။ အသားအသွေး ခန်းခြောက်၍ အရေ, အကြော, အရိုးသာ ကြွင်းကျန်သည့်တိုင်အောင် မဆုတ်မနစ်သောစွဲဖြင့် အားထုတ်သောဝီရိယ။

မိမိသန္တာန်၌ ဖြစ်ပြီးအကုသိုလ်၊ ထိုအကုသိုလ်နှင့် အလားတူ အကုသိုလ်သည် ဥပ္ပန္နပါပမည်သည်၊ ဖြစ်ပြီးသော အကုသိုလ်ကို ပြန်လည်နှလုံးမသွင်းခြင်း၊ အလားတူအကုသိုလ်မဖြစ်ဖို့ရှောင်ကြဉ်ခြင်းဖြင့် ပယ်ရမည်၊ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင် ဝတ်ဖြည့်ခြင်း, ကျမ်းဂန်သင်အံပို့ချခြင်း, ဓုတင်ကျင့်ခြင်း, ဈာန်သမာပတ်ဝင်စားခြင်း, ဝိပဿနာရှုခြင်း, နဝကမ္မပြုခြင်း, ဗြဟ္မာ့ဘုံမှ ပြန်လာ၍ ဖြစ်ခြင်း, သတိထားရှောင်ကြဉ်ခြင်း စသည်ဖြင့် အားထုတ်ရမည်။ (အဘိ၆ ၂-၂၈၃)

၄။ ၅။ ၇။ ဣန္ဒြေ, ဖိုလ်နှင့် မဂ္ဂင်တို့ကို မိဿကသင်္ဂဟအတိုင်းသိ၊ သို့သော် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောကြောင့် ဤ၌ မဂ္ဂ- မည်သည်၊ မဂ္ဂ၏အစိတ်အပိုင်းဖြစ်သောကြောင့် မဂ္ဂင်မည်သည်။

၆။ **ဓမ္မဝိစယ**- ဆိုင်ရာတရားတို့ကို စိစစ်တတ်သော ဝိပဿနာပညာ၊ **ဥပေက္ခာ**- သမ္ပယုတ်တရားတို့ကို မိမိတို့ကိစ္စမှ အပိုအလွန် မရှိစေရအောင် အလယ်အလတ်၌တည်မှု, လျစ်လျူရှုမှု ဟူသော တတြမဇ္ဈတ္တတာ စေတသိက်။

http://www.dhammadownload.com


## အရေးတိုင်ပ်ာကောင်းနည်း

ဗောဓိပက္ခိယတရားများကို လောကုတ္တရာစိတ်အားလုံး၌ အပြည့်အစုံမှချရနိုင်သည်၊ သို့သော်လည်း ဝိတက်ကို ဒုတိယဈာန်စသည်တို့၌ မရ၊ ပီတိကို စတုတ္ထ, ပဉ္စမဈာန်တို့၌ မရ၊ ဝိသုဒ္ဓိခြောက်ပါး ဖြစ်သောအခါ လောကီသောဘနဇောစိတ်တို့၌ လည်းရနိုင်သည်၊ ထိုတွင်-

**သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်**တို့ကို ကုသိုလ် ၂၁-ခု၌သာ အရကောက်ရသည်၊ ထို့ကြောင့် ကုသိုလ် ၂၁-ခုသည် စိတ္တိဒ္ဓိပါဒ်၊ ယင်းကုသိုလ် ၂၁-ခု၌ရှိသော ဝီရိယသည် သမ္မပ္ပဓာန်၊ ဝီရိယိဒ္ဓိပါဒ်၊ ဆန္ဒသည်ဆန္ဒိဒ္ဓိပါဒ်၊ တိဟိတ်ကုသိုလ် ၁၇-ခု၌ရှိသော ပညာသည် ဝီမံသိဒ္ဓိပါဒ်မည်၏။

**သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်**တို့ကို မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇော ၂၆-ခု ဟူသော သောဘနဇော ၄၂-ခုတို့၌ အရကောက်ရမည်။

ထို့ကြောင့် သောဘနဇော ၄၂-ခု၌ရှိသော-

၁။ **သတိ**သည် သတိပဋ္ဌာန်, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်၊

၂။ **ဝီရိယ**သည် ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်. သမ္မာဝါယာမ မဂ္ဂင်၊

၃။ **ဧကဂ္ဂတာ**သည် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိ မဂ္ဂင်၊

၄။ **သဒ္ဓါ**သည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်၊

၅။ **ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ**သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

၆။ **တတြမဇ္ဈတ္တတာ**သည် ဥပေက္ခာသမ္ဗောဇ္ဈင်၊

၇။ တိဟိတ်ဇော ၃၄-ခု၌ရှိသော **ပညာ**သည် ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ မဂ္ဂင်၊

၈။ မဟာကုသိုလ်, မဟာကြိယာ, ပဌမဈာန်ဇော ၁၀-ခုအားဖြင့် ၂၆-ခုတို့၌ရှိသော **ဝိတက်**သည် သမ္မာသင်္ကပ္ပ မဂ္ဂင်၊

၉။ မဟာကုသိုလ်, မဟာကြိယာ သောမနဿ ၈-ခု၊ ပ, ဒု, တ-ဈာန်ဇော ၃၀-အားဖြင့် ၃၈-ခု၌ရှိသော **ပီတိ**သည် ပီတိသမ္ဗောဇ္ဈင်၊

၁၀။ မဟာကုသိုလ်, လောကုတ္တရာ၌ရှိသော **ဝိရတီ**သည် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်။

**သတိပဋ္ဌာန်**အရ သတိစေတသိက်, **သမ္မပ္ပဓာန်**အရ ဝီရိယစေတသိက် သာဖြစ်သည်။

* *သမ္မပ်, ဣဒ္ဓိ၊ ကု သာရှိ၍၊ သတိ, ဣန်, ဗ၊ ဗော, မဂ္ဂ၊ ရကြ သော-ဇောကုန်။*

http://www.dhammadownload.com


* *လုံးစုံဓာတ်၊ ရှိကုတ်မှာ။ ဝိတက်, ပီတိ၊ မရှိချိန်မှာ။ (ပီ, ပ ၃ တ၊ တက် ပ.ရှာနိသာ)*
*ဝိသုဒ္ဓိ ဆ၊ ဖြစ်က ကိမှာ။ သောဘန၊ ဇောမျှ ရထိုက်ပါ။*

* *သတိပဋ္ဌာ၊ သတိသာ၊ ဝိသာ သမ္ပပ္ပတန်မှတ်။*

**အရေးတော်ချိုဟ်များနှင့် ဌာန**

| ဝီရိယ | သတိ | ပညာ | ဧကဂ္ဂတာ | သဒ္ဓါ | ဆန္ဒ | စိတ် | ပီတိ | ပဿဒ္ဓိ | တတြမဇ္ဈတ္တတာ | ဝိတက် | သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | ၁၄. |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၉ | ၈ | ၅ | ၄ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၃၇ |

* *ဝီရိကိုးဖြစ်၊ သတိ ရှစ်တည်း၊ ငါးဆစ် ပညာ၊ ဧ လေးဖြာနှင့်၊ သဒ္ဓါ နှစ်တန်၊ ဆန်,စိတ်,*
*ပီ, ပဿ်၊ တတ်, တက်, ဝိရတီ၊ တစ်ဌာစီ ထား၊ ဆယ့်ငလေးပါး၊ မှတ်သား တရားကိုယ်။*

၁။ **ဝီရိယ**သည်– သမ္မပ္ပဓာန် ၄–ပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမ မဂ္ဂင်အားဖြင့် ၉–ဌာနပါဝင်သည်။

၂။ **သတိ**သည်–သတိပဋ္ဌာန် ၄–ပါး, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင် အားဖြင့် ၈–ဌာနပါဝင်သည်။

၃။ **ပညာ**သည်–ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ မဂ္ဂင်အား ဖြင့် ၅–ဌာနပါဝင်သည်။

၄။ **ဧကဂ္ဂတာ**သည်–သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိ မဂ္ဂင်အားဖြင့် ၄–ဌာနပါဝင်သည်။

၅။ **သဒ္ဓါ**သည်– သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် ၂–ဌာနပါဝင်သည်။

၆–၁၄။ ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တတာ, ဝိတက်, ဝိရတီ ၃–ပါးအားဖြင့် ၉–ခုတို့ သည် ၁–ဌာနစီသာ ပါဝင်ကြသည်။(ဗောဓိပက္ခိယ ၃၇– ပါး၏ တရားကိုယ်မှာ ဝီရိယစသော ၁၄– ပါးသာတည်း)

---

သဒ္ဓါနှင့် ပညာ ညီမျှရာ၏။ သဒ္ဓါကဲ၍ ပညာနည်းသော် မကြည်ညိုသင့်သည်ကို ကြည်ညိုမိတတ်၍ ဆိုးကျိုးနှင့် တွေ့ရတတ်သည်။ ပညာကဲ၍ သဒ္ဓါနည်းသော် ဆေးကြောင့်ဖြစ်သော ရောဂါ ကုမရသကဲ့သို့ ကောက်ကျစ်စဉ်းလဲတတ်သည်။

ဝီရိယနှင့် သမာဓိညီမျှရာ၏ ဝီရိယကဲ၍ သမာဓိနည်းသော် ပျံ့လွင့်တတ်၏။ သမာဓိကဲ၍ ဝီရိယနည်းသော် ပျင်းရိငိုက်မည်းတတ်၏။

(အဘိ၄ ၂– ၂၆၄)

**သတိပဋ္ဌာန် ဌာနတော်ချိုး**

* *စင်ကြယ်, ပူဆွေး၊ ငိုကြွေး ကင်းရန်။ ကိုယ်, စိတ်ဆင်းရဲ၊ အမြဲချုပ်ရန်။*

* *မဂ်ဉာဏ်သို့ရောက်၊ မျက်မှောက် နိဗ္ဗာန်။ စသည်ကျိုး၊ ပွားတိုး သတိပဋ္ဌာန်။*

http://www.dhammadownload.com



| | သရုပ်တရားကိုယ် | ခန္ဓာ ၅-ပါး | အာယတန ၁၂-ပါး | ဓာတ် ၁၈-ပါး |
|---|---|---|---|---|
| ရုပ် ၂၈ / ဩဠာရိကရုပ် ၁၂ | စက္ခုပသာဒ | ရူပက္ခန္ဓာ | စက္ခွာယတန | စက္ခုဓာတ် |
| | သောတပသာဒ | | သောတာယတန | သောတဓာတ် |
| | ဃာနပသာဒ | | ဃာနာယတန | ဃာနဓာတ် |
| | ဇိဝှါပသာဒ | | ဇိဝှါယတန | ဇိဝှါဓာတ် |
| | ကာယပသာဒ | | ကာယာယတန | ကာယဓာတ် |
| | ရူပါရုံ | | ရူပါယတန | ရူပဓာတ် |
| | သဒ္ဒါရုံ | | သဒ္ဒါယတန | သဒ္ဒဓာတ် |
| | ဂန္ဓာရုံ | | ဂန္ဓာယတန | ဂန္ဓဓာတ် |
| | ရသာရုံ | | ရသာယတန | ရသဓာတ် |
| | ပ-တေ-ဝါ-ဖောဋ္ဌဗ္ဗာရုံ | | ဖောဋ္ဌဗ္ဗာယတန | ဖောဋ္ဌဗ္ဗဓာတ် |
| | သုခုမရုပ် ၁၆ | | ဓမ္မာယတန | ဓမ္မဓာတ် |
| စေ ၅၂ | ဝေဒနာစေတသိက် ၁ | ဝေဒနာက္ခန္ဓာ | | |
| | သညာစေတသိက် ၁ | သညာက္ခန္ဓာ | | |
| | ကြွင်းစေတသိက် ၅၀ | သင်္ခါရက္ခန္ဓာ | | |
| နိဗ္ဗာန် | နိဗ္ဗာန် | × | | |
| စိတ် ၈၉ | စက္ခုဝိညာဉ်နှစ် | ဝိညာဏက္ခန္ဓာ | မနာယတန | စက္ခုဝိညာဏဓာတ် |
| | သောတဝိညာဉ်နှစ် | | | သောတဝိညာဏဓာတ် |
| | ဃာနဝိညာဉ်နှစ် | | | ဃာနဝိညာဏဓာတ် |
| | ဇိဝှါဝိညာဉ်နှစ် | | | ဇိဝှါဝိညာဏဓာတ် |
| | ကာယဝိညာဉ်နှစ် | | | ကာယဝိညာဏဓာတ် |
| | ပဉ္စဒွါရ-သမ္ပဋိစ္ဆိုင်းနှစ် | | | မနောဓာတ် |
| | ကြွင်းစိတ် ၇၆ | | | မနောဝိညာဏဓာတ် |

| သစ္စာလေးပါး | |
|---|---|
| လောကီစိတ် ၈၁၊ (လောဘကြဉ်) စေ ၅၁၊ ရုပ် ၂၈ | ဒုက္ခသစ္စာ |
| လောဘစေတသိက် | သမုဒယသစ္စာ |
| နိဗ္ဗာန် | နိရောဓသစ္စာ |
| မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး, ၇-ပါး | မဂ္ဂသစ္စာ |
| ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု | သစ္စာဝိမုတ် |

အရိယာအဖြစ်ကို ပြုတတ်သောကြောင့်၎င်း မှန်ကန်သောကြောင့်၎င်း သစ္စာ မည်သည်။ (ဋီကာကျော်)

http://www.dhammadownload.com


## သဗ္ဗသင်္ဂဟ

ပရမတ္ထတရားအားလုံးကို သိမ်းကျုံးရေတွက်ရာ ဖြစ်သောကြောင့် **သဗ္ဗသင်္ဂဟ**မည်သည်။ **သဗ္ဗသင်္ဂဟ**-၌ ခန္ဓာ, အာယတန, ဓာတ်, သစ္စာအားဖြင့် ၄-ဌာနရှိသည်။

### ဆိုရိုး

(၁) **ခန္ဓာ**သည် ရူပက္ခန္ဓာ.......ဝိညာဏက္ခန္ဓာ အားဖြင့် ၅-ပါး၊ ထိုတွင်-

**ရူပက္ခန္ဓာ**ဟူသည် ရုပ် ၂၈-ခုတည်း၊ **ဝေဒနာက္ခန္ဓာ**ဟူသည် ဝေဒနာစေတသိက်တည်း၊ **သညာက္ခန္ဓာ**ဟူသည် သညာစေတသိက်တည်း၊ **သင်္ခါရက္ခန္ဓာ**ဟူသည် ဝေဒနာ, သညာမှကြွင်းသောစေတသိက် ၅၀-တည်း၊ **ဝိညာဏက္ခန္ဓာ**ဟူသည် စိတ် ၈၉-ခုတည်း။

**ဥပါဒါနက္ခန္ဓာ**ဟူသည်- ရူပုပါဒါနက္ခန္ဓာ............ဝိညာဏုပါဒါနက္ခန္ဓာ အားဖြင့် ၅-ပါး။
(ရူပုပါဒါနက္ခန္ဓာကို ရူပက္ခန္ဓာအတိုင်းကောက်၊ ဝေဒနုပါဒါနက္ခန္ဓာစသည်ကို လောကီစိတ်၌သာ ကောက်ပါလေ)

(၂) **အာယတန**သည် စက္ခာယတန......ဓမ္မာယတနအားဖြင့် ၁၂-ပါး။

ထိုတွင်- **စက္ခာယတန**ဟူသည် စက္ခုပသာဒရုပ်တည်း......**ရူပါယတန**ဟူသည် ရူပါရုံတည်း.........**ဖောဋ္ဌဗ္ဗာယတန**ဟူသည် ပထဝီ, တေဇော,. ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံတည်း၊ **မနာယတန**ဟူသည် စိတ် ၈၉-ခုတည်း၊ **ဓမ္မာယတန**ဟူသည် စေတသိက် ၅၂, သုခုမရုပ် ၁၆, နိဗ္ဗာန်တို့တည်း။

ဒွါရ ၆-ပါး, အာရုံ ၆-ပါးပြားသောကြောင့် အာယတန ၁၂-ပါးပြားရသည်။

(၃) **ဓာတ်**သည် စက္ခုဓာတ်...........ဓမ္မဓာတ်အားဖြင့် ၁၈-ပါး။

ထိုတွင် **စက္ခုဓာတ်**ဟူသည် စက္ခုပသာဒရုပ်တည်း၊........**စက္ခုဝိညာဏဓာတ်**ဟူသည် စက္ခုဝိညာဏ်ဒွေတည်း.......**မနောဓာတ်**ဟူသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းတည်း၊ **မနောဝိညာဏဓာတ်**ဟူသည် ကြွင်းသော စိတ် ၇၆-ခုတည်း၊ **ဓမ္မဓာတ်**ဟူသည် စေတသိက် ၅၂-ခု, သုခုမရုပ် ၁၆-ခု, နိဗ္ဗာန်တို့တည်း။ ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ထိုဒွါရ, အာရုံကိုမှီ၍ဖြစ်သော ဝိညာဏ် ၆-ပါးပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားရသည်။

(၄) **သစ္စာ**ဟူသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အားဖြင့် ၄-ပါး။

---

၂။ စိတ်, စေတသိက်များ ဖြစ်ပေါ်ရကြောင်း ဖြစ်သောကြောင့် ဒွါရ, အာရုံများကို အာယတန ဟုခေါ်သည်။ (ဋီကာကျော်)

၃။ မိမိသဘောကို ဆောင်တတ်သောကြောင့် ဓာတ်မည်သည်၊

http://www.dhammadownload.com



ထိုတွင်– **ဒုက္ခသစ္စာ**ဟူသည် လောကီစိတ် ၈၁–ခု၊ လောဘကြဉ်သော စေတသိက် ၅၁–ခု၊ ရုပ် ၂၈–ခုတို့တည်း၊ **သမုဒယသစ္စာ**ဟူသည် လောဘစေတသိက်တည်း၊ **နိရောဓသစ္စာ**ဟူသည် နိဗ္ဗာန်တည်း၊ **မဂ္ဂသစ္စာ**ဟူသည် မဂ်စိတ် ၄–ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈–ပါး, ၇–ပါးတည်း။

မဂ္ဂင် ၈–ပါးမှ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉–ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခုသည် သစ္စာမှ အလွတ်ဖြစ်သည်။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်စသော ၁၁–ပါးသော အပြားမရှိသောကြောင့် နိဗ္ဗာန်သည် ခန္ဓာမှ အလွတ်ဖြစ်သည်။

* *ခန်, အာ, ဓာ, သစ်၊ ဣန္ဒြေဆစ်၊ မှတ်လစ် သဗ္ဗသင်္ဂဟာ။*

* *ရုပ်, ဝေဒနာ၊ သည်, သင်္ခါ၊ ဝိညာ ငါးခု၊ ခန္ဓာ ဥ။*

* *ဥပါဒါနက္ခန္ဓာ၊ လောကီသာ၊ ခန္ဓာ ကီ, ကုတ် နှစ်ပါးထုတ်။*

* *ဒွါရ ခြောက်စုံ၊ အာရုံ ခြောက်ခု၊ ကွဲပြားမှု၊ နှစ်ခုဆယ်ဂ အာယတန။*

* *ဒွါရ, အာရုံ၊ ဆယ့်နှစ်စုံတွင်၊ စိတ် ဝိညာဏ်များ၊ သတ္တပ္ပွား၊ ဓာတ်ကား တစ်ဆယ့်ရှစ်။*

* *စေ, သုခုမ၊ နိဗ္ဗာန၊ ဓမ္မ အာနှင့် ဓာတ်။*

* *ဒု, သ, နိ, မင်၊ မှန်လေးချက်၊ မိန့်မြွက် သစ္စာများ။*

* *သမုဒယ၊ လောဘတဏှာ၊ ကြွင်းစိတ်, စေ, ရုပ်၊ ကီထုတ် ဒုက္ခာ။*
*နိဗ္ဗာန် နိရော၊ မင်လော မဂ္ဂါ၊ ကြွင်းလောကုတ် ဝိမုတ်သစ္စာမှာ။*

---

ပစ္စုပ္ပန်, အတိတ်, အနာဂတ်စသော ၁၁–ပါးပြားသော တရားတို့ကို ဉာဏ်ဖြင့် စုပေါင်းအပ်သောကြောင့် **ခန္ဓာ**မည်သည်။ (ဋီကာကျော်)

* *ပွန်, တိတ်, နာဂတ်၊ အဇ္ဈတ်, ဗတိ၊ ဩဠာရိက၊ သုခုမနှင့်၊ ဟီန, ပဏီတော၊ ဒူရေ, သန္တိက၊ ဆယ့်တစ်ဝ ပြား၊ တရားများ၊ ပေါင်းထား ခန္ဓာခေါ်။*

* *ရေမြှုပ် ရုပ်သာ၊ ဝေဒနာ ရေပွက်၊ သညာက် တံလှပ်၊ တစ်ရပ် သင်္ခါ၊ ငှက်ပျောသာ၊ ဝိညာ မျက်လှည့်သွင်။*

**သမုစ္စည်းပိုင်း ပြီး၏။**

http://www.dhammadownload.com



# ပစ္စည်းပိုင်း

ရုပ်, နာမ် ဓမ္မတို့သည် ဣဿရနိမ္မာန(တန်ခိုးရှင်ဖန်ဆင်းမှု)ကြောင့် ဖြစ်ပေါ်ရသည်မဟုတ်၊ အကြောင်းမရှိဘဲလည်း ဖြစ်ပေါ်လာရသည်မဟုတ်ပေ၊ အကြောင်းတရားကြောင့် အကျိုးတရားများ ဖြစ်ပေါ်လာရသည်။

ကြောင်း, ကျိုးဆက်သွယ်ပုံကို ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် ပြဆိုရာအပိုင်းကို **ပစ္စည်းပိုင်း**ဟုခေါ်သည်။

**နည်း ၂-ပါး အထူး**

**၁။ ပဋိစ္စသမုပ္ပါဒ်နည်းဟူသည်**–အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ဖြစ်ခြင်းကြောင့် ဖြစ်ပေ ရှိသော သင်္ခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာ လောက်မျှဖြင့် မှတ်အပ်သော နည်းတည်း။

**(ပစ္စယသတ္တိမပါ၊ ကြောင်း, ကျိုး ဆက်သွယ်ပုံမျှ ပြသောနည်းဟူလို)**

**၂။ ပဋ္ဌာန်းနည်းဟူသည်**– အကြောင်း, အကျိုးဆက်သွယ်ရုံမက အထူးပြု၍ဖြစ်သော ပစ္စည်း ဟုဆိုအပ်သော တည်ရာ ပစ္စယသတ္တိကိုပါ ပြသောနည်းတည်း။

လိုရင်းချုပ်မှာ–ပဋိစ္စသမုပ္ပါဒ်နည်း၌ အကြောင်းပစ္စည်း, အကျိုးပစ္စယုပ္ပန်မျှသာပြသည်၊ ပဋ္ဌာန်းနည်း၌ကား အကြောင်းပစ္စည်း, အကျိုးပစ္စယုပ္ပန်နှင့် ကျေးဇူးပြုပုံ ပစ္စယသတ္တိကိုပါ ပြသည်။

* *ပဋိစ္စမှာ၊ ကြောင်း, ကျိုးသာ၊ ပဋ္ဌာ သတ္တိ အပိုသိ။*

**ပစ္စည်း**–အကျိုးကို ဖြစ်စေသော အကြောင်းတရား **(သင်္ခတ, အသင်္ခတ တရားအားလုံး)**

**ယေ ဓမ္မာ ပစ္စယာ (သင်္ဂဟ)**

**ပစ္စယုပ္ပန်**–အကြောင်းကြောင့်ဖြစ်ပေါ်ရသော အကျိုးတရား **(သင်္ခတတရားသာ)**

**ယေသံ သင်္ခတ ဓမ္မာနံ (သင်္ဂဟ)**

**ပစ္စယသတ္တိ**–ပစ္စည်းတို့၏ စွမ်းအင်သတ္တိ။


**ကျေးဇူးပြုပုံ**–မဖြစ်သေးသည်ကို ဖြစ်စေခြင်း၊ ဖြစ်ပြီးသည်ကို တည်တံ့စေခြင်း။

* *ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။ (အခြေပြု)*

http://www.dhammadownload.com



## စက်ဝိုင်း



ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏအားဖြင့် အင်္ဂါ ၁၂–ပါး၊ ထိုတွင်

၁။ အဝိဇ္ဇာ, သင်္ခါရအားဖြင့် **အတိတ်အင်္ဂါ** ၂–ပါး။

၂။ ဇာတိ, ဇရာမရဏအားဖြင့် **အနာဂတ်အင်္ဂါ** ၂–ပါး။

၃။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝအားဖြင့် **ပစ္စုပ္ပန်အင်္ဂါ** ၈–ပါး။

* *နှစ်ပါးအတိတ်၊ အဝိဇ်, သင်္ခါ။ နာဂတ် ဆုံးဒွိ၊ ဇာတိ ဇ, မာ။* (ဇ– ဇရာ၊ မာ– မရဏ)

*ဝိညာဏ်အစ၊ ဘဝတိုင်မှာ။ ပွန် ရှစ်ဝ၊ အင် ဆယ့်နှစ်ဖြာ။*

*သုံးပါး အစပ်၊ လေးရပ် အလွှာ။ ငါးပါးစီရှ၊ ဝိသခြင်းရာ။*

*မူလ နှစ်ပါး၊ ဝဋ်ကား သုံးဖြာ။ ကျိုးဆက်မျှ သောဝ အင်မပါ။*

(သောကစသည် အင်္ဂါ၌ မပါဝင်)

---

မှတ်ချက်။ ။ဇာတိ၏အကျိုးချည်းသာဖြစ်၍ ဇရာနှင့် မရဏကို အင်္ဂါတစ်ခုတည်းယူသည်၊ ဇာတိ၏မုချအကျိုးမဟုတ် အကျိုးဆက်မျှသာဖြစ်သောကြောင့် သောကစသည်ကို အင်္ဂါစာရင်းထဲသို့ မသွင်းပါ။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်နည်း

| အနုလောမပဋိစ္စဒေသနာ | | | ပဋိလောမပဋိစ္စဒေသနာ | |
|---|---|---|---|---|
| | အကြောင်း | အကျိုး | အကြောင်း | အကျိုး |
| ၁ | အဝိဇ္ဇာ ပစ္စယာ | သင်္ခါရာ | အဝိဇ္ဇာယ၊ တွေဝ အသေသ ဝိရာဂ နိရောဓာ | သင်္ခါရ နိရောဓော |
| ၂ | သင်္ခါရ ။ | ဝိညာဏံ | သင်္ခါရ နိရောဓာ | ဝိညာဏ ။ |
| ၃ | ဝိညာဏ ။ | နာမ ရူပံ | ဝိညာဏ ။ | နာမရူပ ။ |
| ၄ | နာမရူပ ။ | သဠာယတနံ | နာမရူပ ။ | သဠာယတန ။ |
| ၅ | သဠာယတန ။ | ဖဿော | သဠာယတန ။ | ဖဿ ။ |
| ၆ | ဖဿ ။ | ဝေဒနာ | ဖဿ ။ | ဝေဒနာ ။ |
| ၇ | ဝေဒနာ ။ | တဏှာ | ဝေဒနာ ။ | တဏှာ ။ |
| ၈ | တဏှာ ။ | ဥပါဒါနံ | တဏှာ ။ | ဥပါဒါန ။ |
| ၉ | ဥပါဒါန ။ | ဘဝေါ | ဥပါဒါန ။ | ဘဝ ။ |
| ၁၀ | ဘဝ ။ | ဇာတိ | ဘဝ ။ | ဇာတိ ။ |
| ၁၁/ ၁၂ | ဇာတိ ။ | ဇရာမရဏံ | ဇာတိ ။ | ဇရာမရဏံ |
| အကျိုးဆက် | သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ ၊ (နိရုဇ္ဈန္တိ) ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော (နိရောဓော) ဟောတိ | | | |

## ပဋိစ္စသမုပ္ပါဒ်မှာ သိစရာများ

ပဋိစ္စသမုပ္ပါဒ်၌–အင်္ဂါ ၁၂–ပါး၊ ကာလ ၃–ပါး၊ အစပ် ၃–ပါး၊ အလ္လာ ၄–လ္လာ၊ အခြင်းအရာ–၂၀၊ ဝဋ် ၃–ပါး၊ မူလ ၂–ပါး၊ ဤ ၇–မျိုးတို့ကို သိအပ်၏။

* ***အင်္ဂါဆယ့်နှစ်၊ သုံးဆစ် ကာလ၊ သုံးဝ အစပ်၊ လေးရပ် အလ္လာ၊ ခြင်းရာ နှစ်ဆယ်၊ ဝဋ် သုံးသွယ်နှင့်၊ နှစ်သွယ် မူလ၊ ခုနစ်ဝ သိကြ ပဋိစ်မှာ။***

http://www.dhammadownload.com


**(၁) အစပ် ၃–ပါးတွင်သည်–**

(က)အတိတ်အကြောင်း၏ အဆုံးသင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး၏အစ ဝိညာဏ်တို့၏ အကြားသည် ၁–စပ်။

(ခ)ပစ္စုပ္ပန်အကျိုး၏အဆုံး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း၏အစ တဏှာတို့၏ အကြားသည် ၁–စပ်။

(ဂ)ပစ္စုပ္ပန်အကြောင်း၏အဆုံး ကမ္မဘဝနှင့် အနာဂတ်အကျိုး၏အစ ဇာတိတို့၏ အကြားသည် ၁–စပ်။

**(၂) အလ္လာ ၄–ပါးတွင်သည်–**

(က) အတိတ်အကြောင်း ၁–လ္လာ၊
(ခ) ပစ္စုပ္ပန်အကျိုး ၁–လ္လာ၊
(ဂ) ပစ္စုပ္ပန်အကြောင်း ၁–လ္လာ၊
(ဃ) အနာဂတ်အကျိုး ၁–လ္လာ။

---

**အဝိဇ္ဇာကို အစထားမှု** ဝဋ်သုံးပါး၏ ပြဿနာ, ထင်ရှားသော အကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာကို အစထား၍ ဟောကြားတော်မူသည်။

**အဝိဇ္ဇာ**–အမှန်မမြင်ခြင်း, သိအပ်သည်ကို မသိခြင်း, မသိအပ်သည်ကို သိခြင်း။

**တရားကိုယ်မှာ**–အကုသိုလ်စိတ် ၁၂–ခု၌ရှိသော မောဟစေတသိက်။

**အဝိဇ္ဇာ ၈–ဌာန**– သစ္စာ ၄–ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤ ၈–ဌာနတို့၌ မသိခြင်းကိုသာ **အဝိဇ္ဇာ**– ဟုဆိုသည်၊ အခြားသောအရာတို့ကို မသိခြင်းကို အဝိဇ္ဇာဟုမဆိုလို။

**သင်္ခါရ** – ထိုထိုဘုံဘဝ၌ ခန္ဓာအပင်ကို ပေါက်ရောက်အောင် ပြုလုပ်ပေးသော လောကီကုသိုလ်, အကုသိုလ်ကံ။

## သင်္ခါရ အပြား

၁။ **ပုညာဘိသင်္ခါရ** –ကာမကုသိုလ်, ရူပကုသိုလ် စေတနာ ၁၃–ခု၊
၂။ **အပုညာဘိသင်္ခါရ**–အကုသိုလ် စေတနာ ၁၂–ခု၊
၃။ အာနေဉ္ဇာဘိသင်္ခါရ–အရူပကုသိုလ် စေတနာ ၄–ခု၊

* *ပုညာ, ပုည၊ အာနေဉ္ဇ၊ သုံးဝ သင်္ခါရာ။*

http://www.dhammadownload.com


**ကြောင်းကျိုး ၅-ပါးစီနှင့် ခြင်းရာ ၂၀-ဖြစ်ပုံ**

အတိတ်အကြောင်းနှင့် ပစ္စုပ္ပန် အကြောင်းတို့သည် မကင်းရာမကင်းကြောင်း များဖြစ်၍ အဝိဇ္ဇာ, သင်္ခါရ ရလျှင် တဏှာ, ဥပါဒါန်, ဘဝလည်း ရနိုင်သည်။

တဏှာ, ဥပါဒါန်, ဘဝရလျှင် အဝိဇ္ဇာ, သင်္ခါရလည်း ရနိုင်သည်။

ဇာတိ, ဇရာ မရဏဟူသည်မှာလည်း သီခြားမရှိ၊ ဝိညာဏ် စသော ၅-ပါး၏ အခိုက် အတန့်မျှသာ ဖြစ်သည်၊ ထို့ကြောင့်-ဇာတိ, ဇရာ မရဏအရ ဝိညာဏ်စသော ၅-ပါးကိုယူရသည်။

**(၃) အခြင်းအရာ ၂၀-တူသည်-**

| | |
|---|---|
| (က) အတိတ်အကြောင်း | ၅-ပါး၊ |
| (ခ) ပစ္စုပ္ပန်အကျိုး | ၅-ပါး၊ |
| (ဂ) ပစ္စုပ္ပန်အကြောင်း | ၅-ပါး၊ |
| (ဃ) အနာဂတ်အကျိုး | ၅-ပါး၊ |
| ပေါင်း | ၂၀-ပါး။ |

---

**ဝိညာဏ်**-ပဋိသန္ဓေစိတ် ၁၉-ခုနှင့် လောကီဝိပါက်စိတ် ၃၂-ခု။

**နာမ်ရုပ်**- ပဋိသန္ဓေ, ဝိညာဏ်နှင့် အတူတကွဖြစ်သော ဝေဒနာ, သညာ, သင်္ခါရဟူသော စေတသိက်ခန္ဓာ ၃-ပါးသည် နာမ။ ပဋိသန္ဓေ ဝိညာဏ်နှင့် အတူတကွဖြစ်သော ကမ္မဇရုပ် များသည် **ရုပ။**

**သဠာယတန**-ပဋိသန္ဓေ, စိတ်, စေတသိက်, ရုပ်တို့မှ ဆက်လက်ဖြစ်ပေါ်လာသော အာရုံယူဖို့ရန် ဒွါရ ၆-ပါးခေါ်သော အာယတန ၆-ပါး။

**ဖဿ**-ဒွါရနှင့် အာရုံ ဆုံဆည်းသောအခါ အာရုံကို တွေ့ထိ( တက်ခိုက်) သော အခြင်း အရာအားဖြင့် ဖြစ်သော စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ အားဖြင့် ၆-ပါး။

**ဝေဒနာ**-ဖဿဖြင့် အာရုံကို တွေ့ထိသောအခါ ခံစားမှု၊ ထိုဝေဒနာသည် စက္ခု သမ္ဖဿဇာ ဝေဒနာ-စသောအားဖြင့် ၆-ပါးပြားသည်။

http://www.dhammadownload.com


**(၄) မူလ ၂-ပါးတူသည်-** အဝိဇ္ဇာနှင့် တဏှာတို့တည်း၊ ထိုတွင်-

(က) အဝိဇ္ဇာသည် ပုဗ္ဗန္တ (ရှေ့ပိုင်း) မူလ၊

(ခ) တဏှာသည် အပရန္တ (နောက်ပိုင်း) မူလ။

**(၅) ဝဋ် ၃-ပါးတူသည်-** ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့တည်း၊ ထိုတွင်-

(က) အဝိဇ္ဇာ၊ ဘဏှာ၊ ဉပါဒါန် တို့သည် **ကိလေသဝဋ်၊**

(ခ) သင်္ခါရနှင့် ကမ္မဘဝတစ်စိတ် တို့သည် **ကမ္မဝဋ်၊**

(ဂ) ဉပပတ္တိဘဝတစ်စိတ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ တို့သည် **ဝိပါကဝဋ်။**

* *ကိလေ၊ ကမ္မ၊ ဝိပါက၊ သုံးဝ ဝဋ်အပြား။*

---

**တဏှာ**-ခံစားမှုပေါ်မှာ သာယာနှစ်သက် တပ်မက်တောင့်တမှု သဘော။

**တဏှာအစစ်** ၁၀၈

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဤ ၃-ပါးကို အာရုံ ၆-ပါးနှင့်မြှောက် ၁၈-ပါး၊ ယင်းကို အဇ္ဈတ္တ၊ ဗဟိဒ္ဓ သန္တာန် ၂-ပါးနှင့်မြှောက် ၃၆-ပါး၊ ယင်းကို ကာလ ၃-ပါးဖြင့်မြှောက် တဏှာ ၁၀၈-ပါးဖြစ်၏။ (ဋီကာကျော်)

* *တဏှာသုံးစုံ၊ အာရုံ မြှောက်ခု၊ နှစ်စု သန္တာန်၊ သုံးတန် ကာလ၊ ဆက်မြှောက်က၊ တရာ့ရှစ်ပါး တဏှာပွား။*

ဉပါဒါန်-တပ်မက်မှု အားကြီးပြီး မလွှတ်နိုင်လောက်အောင် စွဲလမ်းမှု။ ထိုဉပါဒါန်သည် ကာမုပါဒါန်စသော ၄-ပါးပင်တည်း၊ တရားကိုယ်မှာ လောဘနှင့် ဒိဋ္ဌိ-တည်း။

## တဏှာနှင့် ဉပါဒါန်အထူး

အားသေးသောလောဘသည် **တဏှာ၊** အားကြီးသောလောဘသည် **ဉပါဒါန်၊** ဤသို့ထူးသည်။ (ဋီကာကျော်)

http://www.dhammadownload.com


**ပဋိစ္စသမုပ္ပါဒ် စတ်ရဟတ်**

ဇရာ, မရဏ, သောက–စသည်နှိပ်စက်ခံရသူမှာ အာသဝေါတရားများဖြစ်ရသည်၊ အာသဝေါတရားများဖြစ်လျှင် မသိမှုအဝိဇ္ဇာလည်း ပါလာတော့သည်၊ အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ စသော အကျိုးတရား များဆက်ကာ ဆက်ကာ ဖြစ်ပြန်သည်၊ တစ်ဖန် ဇရာ မရဏ သောကစသည်ကြောင့် အာသဝေါတရားများနှင့် အဝိဇ္ဇာဖြစ်ပြီး သင်္ခါရစသောအကျိုးတရားများဖြစ်ပြန်သည်၊ ချားရဟတ်ကဲ့သို့ မပြတ်လည်နေတော့သည်။

* ***ဇရာ, မရဏ၊ သောက စ–ဖြာ။ နှိပ်စက်လေက၊ ဖြစ်ရ သဝါ။***
***အာသဝရှိ၊ မသိ ဖြစ်လာ။ ဆက်မပြတ်၊ ရဟတ်ချားပမာ။***

**ပဋိစ္စသမုပ္ပါဒ်**

အစမရှိဘဲ ချာချာလည်နေသော ဒုက္ခသက်သက် ဖြစ်ပျက်နေသည့် လောကီဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ် (အကြောင်းရှိလျှင် အကျိုးများဖြစ်ပေါ်တတ်သောတရား) ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။

* ***အကြောင်းရှိခြား၊ ကျိုးများပေါ်လာ။ လောကီသက်သက်၊ ဖြစ်ပျက်ဒုက္ခာ။***
***အစ မရှိ၊ လည်ဘိချာချာ။ မြတ်ဗုဒ္ဓ၊ ဟောပြပဋိစ္စာ။***

---

ဘဝ–ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂–မျိုးရှိသည်။
ကမ္မဘဝ–အနာဂတ်အကျိုးကို ဖြစ်စေတတ်သော ပစ္စုပ္ပန် လောကီကုသိုလ်, အကုသိုလ် ကံစေတနာ ၂၉–ခု။
ဥပပတ္တိဘဝ– ထင်ရှားဖြစ်ပေါ်လာတတ်သော လောကီဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်များ။
**သင်္ခါရနှင့် ကမ္မဘဝ–**
* ***။ အတိတ် စေတနာ၊ သင်္ခါရာ၊ တမ်မှာ ပစ္စုပ္ပန်။***

**ဘဝ ၂–ခုအထူး**
**ဥပါဒါနပစ္စယာ ဘဝေါ–၌** ဘဝအရ ကမ္မဘဝ, ဥပပတ္တိဘဝ ၂–မျိုးလုံးယူရသည်၊
**ဘဝပစ္စယာ ဇာတိ ၌** ဘဝအရ ကမ္မဘဝကိုသာ ယူရသည်။ **(ဋီကာကျော်)**

http://www.dhammadownload.com



**ဇာတိ၏အကျိုးရင်း အကျိုးဆက်**

ဇရာ, မရဏသည် မလွဲမသွေဖြစ်ရသော ဇာတိ၏ မုချအကျိုးရင်းဖြစ်သည်၊ သောက စသည်သည် အချို့သတ္တဝါမှာသာဖြစ်၍ အချို့သတ္တဝါမှာမဖြစ်သော ဇာတိ၏အကျိုးဆက်, အကျိုးပျားများဖြစ်သည်။

---

**ဇာတိ**– ဝိညာဏ်စသော အကျိုးငါးပါး၏ ထင်ရှားဖြစ်ပေါ်လာခြင်း။

**ဇရာ**– ဝိညာဏ်စသော အကျိုးငါးပါး၏ ရင့်ရော်လာမှု။

**မရဏ**– ဝိညာဏ်စသော အကျိုးငါးပါး၏ ချုပ်ဆုံး ပျက်စီးမှု။

**သောက**– ဝမ်းနည်း ပူဆွေးသောအားဖြင့် ဖြစ်သော ဒေါမနဿ ဝေဒနာ။

**ပရိဒေဝ**– ဝမ်းနည်းပူဆွေးမှုမှ တစ်ဆင့်တက်ပြီး အသံထွက်အောင်ငိုကြွေးရခြင်း၊ တရားကိုယ်မှာ စိတ္တဇ ဝိပလ္လာသ သဒ္ဒတည်း။

**ဒုက္ခ**– ကိုယ်၏ဆင်းရဲခြင်း ကာယိက ဒုက္ခဝေဒနာ။

**ဒေါမနဿ**– စိတ်နှလုံး မသာယာမှု ဒေါမနဿဝေဒနာ။

**ဥပါယာသ**– ဉာတိဗျသန စသည်တို့ဖြင့် တွေ့ထိ နှိပ်စက်ခံရသူအား လွန်ကဲပြင်းထန်စွာဖြစ်သော ဒေါသစေတသိက်။

**သောက, ပရိဒေဝ, ဥပါယာသ အထူး**

ဆီချက်ရာ အိုးတွင်း၌ ဆီကျက်နေသလို အတွင်း၌ ပူဆွေးနေခြင်းသည် **သောက။**

ကျက်အားကြီး၍ ဆီများ လျှံတက်ခြင်းကဲ့သို့ ငိုသံထွက်လာခြင်းသည် **ပရိဒေဝ။**

ဆီများ လျှံထွက်ပြီးနောက် ကျန်ရစ်သော ဆီများ ကုန်ခန်း ခြောက်သွားသကဲ့သို့ အတွင်းဆွေး ဆွေးကာ ရှိုက်ကြီးတငင် ပြင်းစွာ ပူလောင်ခြင်းသည် **ဥပါယာသ**၊ ဤသို့ထူးသည်။

**(ဝိသုဒ္ဓိ ၂-၁၃၅ )**

http://www.dhammadownload.com


**သံသရာစက်ပြတ်ပုံ**

အရဟတ္တမဂ်ဖြင့် မူလနှစ်ပြာကို ဖြတ်လိုက်လျှင် သံသရာစက် ပြတ်သွားတော့၏။

## ပဋိစ္စသမုပ္ပါဒ်နိဂုံးနှင့် ရည်ရွယ်ချက်

ဤဆိုခဲ့ပြီးအတိုင်း အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့် သခင်္ခါရစသော အကျိုးတရားတို့၏ အဆက်ဆက်ဖြစ်ပေါ်မှု ဒုက္ခသက်သက်မျှသာ လောကဋ္ဌထင်ရှားသည်၊ ဗြဟ္မာ, ဗိဿနိုးတန်ခိုးရှင်ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်မဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်း မစသည်ဖြစ်ခြင်းလည်းမဟုတ်၊ ဒုက္ခစု၏ ဖြစ်ခြင်းသာဖြစ်သည်ဟု သိစေလိုသောကြောင့်–

**ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ**- ဟု

နိဂုံးသတ် ဟောထားခြင်းဖြစ်သည်။

### ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ

*အာသဝပွား၊ အမြင်မှားကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်တိုးလျှက်၊ သုံးမျိုးမှုတ်၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်, ရုပ် တပ်လျှက်၊ ခြောက်ရပ် အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ တံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အို, နာ, သေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြေ့၊ ပင်ပန်းရ၏၊ ထိုမှ အာသဝ၊ အဝိဇ္ဇာ စ၊ ဖြစ်ပြန်ကြသည်၊ လုံး၀ ဆင်းရဲစု သက်သက်မျှသာတည်း။ (ရွှေ)*

---

*ဝဋ်သံသရာ၊ ရှည်မင်းစွာ၌၊ သူ, ငါ တ စ၊ ဖြစ်သမျှကား၊ သတ္တ မဟုတ်၊ ဓာတ်မှုန်ထုတ်သော်၊ နာမ်, ရုပ် နှစ်သင်း၊ အမြင် လင်းလော့၊ အရင်း အဝိဇ္ဇာ၊ ထိုမှ ဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည်၊ ဓမ္မ အပြား၊ ဆယ့်နှစ်ပါးကို၊ ဤတား လူပင်၊ ဤလျှင် နတ်ပဲ၊ အထင် လွဲလျက်၊ တဝဲ လည်လည်၊ ဝဋ်နွယ် စည်၏။ ၊ ရှည်လေသမျှ၊ အနန္တကား၊ သုခတူသည်၊ မြူမျှ မတွက်၊ အဆက်ဆက်လျှင်၊ သက်သက် ဒုက္ခ၊ ဓာတ်မှုန်ရသည်၊ ဘဝဤကိုယ်–ဖြစ်ထိုးတည်း။ (ထယ်ထီ)*

http://www.dhammadownload.com


## ဝဏ္ဏနာန်းနည်း

### ပစ္စယုဒ္ဒေသပါဠိတော်

| ဟေတု ပစ္စယော | အာရမ္မဏ ပစ္စယော | အဓိပတိ ပစ္စယော | အနန္တရ ပစ္စယော |
|---|---|---|---|
| သမနန္တရ ။ | သဟဇာတ ။ | အညမည ။ | နိဿယ ။ |
| ဥပနိဿယ ။ | ပုရေဇာတ ။ | ပစ္ဆာဇာတ ။ | အာသေဝန ။ |
| ကမ္မ ။ | ဝိပါက ။ | အာဟာရ ။ | ဣန္ဒြိယ ။ |
| ဈာန ။ | မဂ္ဂ ။ | သမ္ပယုတ္တ ။ | ဝိပ္ပယုတ္တ ။ |
| အတ္ထိ ။ | နတ္ထိ ။ | ဝိဂတ ။ | အဝိဂတ ပစ္စယော–တိ။ |

ဟေတုပစ္စယ– အကြောင်းရင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အာရမ္မဏ– ပျော်မွေ့ရာ မှီတွယ်ရာဖြစ်။ အဓိပတိပြိုင်ဘက်မရှိ အကြီးအမှူး ဖြစ်။ အနန္တရ– အခြားမဲ့ဖြစ်။ သမနန္တရ– ကောင်းစွာအခြားမဲ့ဖြစ်။ သဟဇာတ– အတူတကွဖြစ်။ အညမည– အချင်းချင်းအတူတကွဖြစ်။ နိဿယ– မှီရာဖြစ်။ ဥပနိဿယ– အားကောင်းသောအကြောင်းဖြစ်။ ပုရေဇာတ– ရှေ့၌ဖြစ်။ ပစ္ဆာဇာတ– နောက်၌ဖြစ်။ အာသေဝန– အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်။ ကမ္မ– အကျိုးဖြစ်ထွန်းအောင် ပြုစီမံသည်ဖြစ်။ ဝိပါက– ရင့်ကျက်သောအကျိုးဖြစ်။ အာဟာရ– ဆောင်ရွက်ပေးတတ်သည်ဖြစ်။ ဣန္ဒြိယ– အစိုးတရ ဖြစ်။ ဈာန– စူးစိုက်မြဲမြန် ရှုအားသန်သည်ဖြစ်။ မဂ္ဂ– ဒုဂ္ဂတိ, သုဂတိ, နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်။ သမ္ပယုတ္တ– ယှဉ်ဘက်ဖြစ်။ ဝိပ္ပယုတ္တ– မယှဉ်သည်ဖြစ်။ အတ္ထိ– ထင်ရှားရှိသည်ဖြစ်။ နတ္ထိ– ထင်ရှားမရှိသည်ဖြစ်။ ဝိဂတ– ထင်းကွာသည်ဖြစ်။ အဝိဂတပစ္စယ– မကင်းကွာသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

---

ဤ ပစ္စယုဒ္ဒေသသည် အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းကြီး၌ မြတ်စွာဘုရား ဟောကြားအပ်သော အကြောင်းတရားများကို အချုပ်ပြသော ဒေသနာဖြစ်သည်။ ဤပစ္စယုဒ္ဒေသ၏ အဆုံး၌ **အဝိဂတ ပစ္စယောတိ**–ဟု တိ–တစ်လုံးဖြင့် ပြီးသော ပုဒ်ဖြစ်သည်။ **ယောတိ**–ဟု ယော–ထည့်၍ မဆိုသင့်။

ပဋ္ဌာန်းပါဠိတော်ကို အနက်အဓိပ္ပါယ်မသိဘဲ ရွတ်ဆိုနေကာမျှ အကျိုးအာနိသင် ရနိုင်သည်။ အနက်အဓိပ္ပါယ်သိလျှင်ကား ပြောဖွယ်ရာ မရှိ။ အချို့က အတိုက်, အသွင်း, အသင်းများ ထယ်ကျူးရန် အနုလောမ, ပဋိလောမ ရွတ်ဆိုလေ့ရှိကြသည်။ အနုလောမ, ပဋိလောမ ရွတ်ဆိုပုံ –

၁။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော။ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယော။ ၂။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော။ အဓိပတိပစ္စယော၊ အာရမ္မဏ ပစ္စယော၊ ဟေတုပစ္စယော။ ၃။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော။ အနန္တရပစ္စယော၊ အဓိပတိပစ္စယော၊ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယော။ ၄။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော။ သမနန္တရပစ္စယော။ သမနန္တရပစ္စယော၊ အနန္တရပစ္စယော၊ အဓိပတိပစ္စယော၊ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယော။ ၅။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော ။ ။ ။ ။ ။ ။ ။

http://www.dhammadownload.com



## ကျေးဇူးပြုပုံ (၆) မျိုး

| စဉ် | ပစ္စည်းတရားသည် | ပစ္စယုပ္ပန်တရားအား | သတ္တိဖြင့် ကျေးဇူးပြုသည် |
|---|---|---|---|
| ၁။ | နာမ် | နာမ် | အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ–ဟူသော (၆) |
| ၂။ | နာမ် | နာမ်+ရုပ် | ဟေတု,ကမ္မ,ဝိပါက,ဈာန,မဂ္ဂ (၅) |
| ၃။ | နာမ် | ရုပ် | ပစ္ဆာဇာတ (၁) |
| ၄။ | ရုပ် | နာမ် | ပုရေဇာတ (၁) |
| ၅။ | နာမ်+ရုပ်+ပညတ် | နာမ် | အာရမ္မဏ, ဥပနိဿယ (၂) |
| ၆။ | နာမ်+ရုပ် | နာမ်+ရုပ် | အဓိပတိ,သဟဇာတ,အညမည,နိဿယ, အာဟာရ, ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ (၉) |

**ဆိုရိုး**

၁။ နာမ်ပစ္စည်းတရားသည် နာမ်ပစ္စယုပ္ပန်တရားအား အနန္တရ, သမနန္တရ,အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ–ဟူသော ၆.ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။

၂။ နာမ်ပစ္စည်းတရားသည် နာမ်+ရုပ်ပစ္စယုပ္ပန်တရားအား ဟေတု,ကမ္မ,ဝိပါက,ဈာန, မဂ္ဂ–ဟူသော ၅.ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။ **(အကြွင်းတို့ ဤနည်းအတိုင်း ထေားကြည့်၍ ဆိုပါလေ)**

***ဆောင်။*** *နန်, နန် နှစ်ရပ်၊ သေ,သမ်,နတ်၊ ဝိဂတ် ခြောက်ပါး နာမ်နာမ်အား။*

*ဟေ, ကမ်, ဝိပါ၊ ဈာ, မဂ္ဂါ၊ ငါးပြာ နာမ်က နာမ်ရုပ်အား။*

*နာမ်က ရုပ်အား၊ ပစ္ဆာထား၊ နာမ်အား ရုပ်က ပု–ဇော။*

*နာမ်,ရုပ်,ပညတ်၊ နာမ်အားတပ်၊ နှစ်ရပ် အာနှင့်ဥ။*

*နာမ်ရုပ်နှစ်ဝ၊ ချင်းချင်းကျမှာ၊ ဓိ, သ, အည်, နိဿ်၊ ဟာ, ဣန်,ဝိပ်၊ နောက်ပိတ် အတ်,အဝိ။*

**အထက်ပါဇယားကိုကြည့်၍– (က) နာမ်ပစ္စည်းများမှာ နံပါတ် ၁, ၂, ၃.တို့မှ ၁၂.ပစ္စည်း၊**

**(ခ) ရုပ်ပစ္စည်းများမှာ နံပါတ် ၄.မှ ပုရေဇာတ ၁.ပစ္စည်း၊**

**(ဂ) နာမ်ရုပ် ပစ္စည်းများမှာ နံပါတ် ၆.မှ အဓိပတိစသော ၉.ပစ္စည်း၊**

**(ဃ) နာမ် ရုပ် ပညတ်ပစ္စည်းများမှာ နံပါတ် ၅.မှ အာရမ္မဏ, ဥပနိဿယ ၂.ပစ္စည်း။**

http://www.dhammadownload.com



## ၁။ နာမ်သည် နာမ်အား ၆-ပစ္စည်း

| ပစ္စည်းတရား(တို့)သည် | ပစ္စယုပ္ပန်တရား(တို့)အား | သတ္တိဖြင့် ကျေးဇူးပြုသည် |
|---|---|---|
| (ရဟန္တာတို့၏စုတိကြဉ်) အလုံးစုံသောစိတ် ၈၉,စေ-၅၂,ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ-၄.ပါး | ရဟန္တာတို့၏စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ -၄.ပါး | အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ |
| (အဆုံးဇောကြဉ်) ရှေးရှေးလောကီဇော သတ္တစတ္တာလီသ | (ပ-ဇော, ဖိုလ်ဇောကြဉ်) နောက်နောက် ဇော-၅၁ | အာသေဝန |
| အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး | အချင်းချင်း | သမ္ပယုတ္တ |

ဆိုရိုး

၁။ ရဟန္တာတို့၏ စုတိကြဉ်သော အလုံးစုံသော စိတ် ၈၉.ခု၊ စေတသိက် ၅၂.ခု၊ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားတို့သည် ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄.ပါး ပစ္စယုပ္ပန်တရားတို့အား **အနန္တရ, သမနန္တရ, နတ္ထိ,** ဝိဂတ သတ္တိဖြင့် ကျေးဇူးပြုသည်။ (စသည်ဖြင့် ဇယားကြည့်၍ဆိုလေ)

၂။ (အဆုံးဇောကြဉ်) ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ ပစ္စည်းတရားတို့သည် (ပထမဇော, ဖိုလ်ဇောကြဉ်)နောက်နောက်သော ဇော ကေပညာသ ပစ္စယုပ္ပန်တရားတို့အား **အာသေဝန**သတ္တိဖြင့် ကျေးဇူးပြု။

၃။ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားတို့သည် အချင်းချင်းအား **သမ္ပယုတ္တ**သတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com


၂။ နာမ်သည် နာမ်ရုပ်အား ၅–ပစ္စည်း

| ပစ္စည်းတရား(တို့)သည် | ပစ္စယုပ္ပန်တရား(တို့)အား | သတ္တိဖြင့်ကျေးဇူးပြုသည် |
|---|---|---|
| ဟိတ် ၆.ပါး | သဟိတ်စိတ် ၇၁၊ မောဟ၌ မောကြည် စေ ၅၂၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ဟေတု |
| တက်,စာ,ပီ,ဝေ,ကေဂ္ဂတာ ဟုဆိုအပ်သော ဈာနင် တရားကိုယ် ၅.ပါး | ဒွေပဉ္စဝိညာဏ် ၁၀.ကြည် စိတ် ၇၉၊ စေ ၅၂၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ဈာန |
| မဂ္ဂင်တရားကိုယ် ၉.ပါး | သဟိတ်စိတ် ၇၁၊ စေ ၅၂၊ သဟိတ်စိတ္တဇ ရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | မဂ္ဂ |
| စိတ် ၈၉.ခု၌ စေတနာ | စိတ် ၈၉၊ စေတနာကြည် စေ ၅၁၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | သဟဇာတကမ္မ |
| အတိတ် ကု,အကု စေတနာ | ဝိ– ၃၆ နာမက္ခန္ဓာ၊ ကဋတ္တာရုပ် | နာနာက္ခဏိကကမ္မ |
| အလုံးစုံ ဝိပါက်,ပဝတ္တိ,ပဋိ သန္ဓေ နာမက္ခန္ဓာ ၄.ပါး | အချင်းချင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ဝိပါက |

**ဆိုရိုး**

၁။ ဟိတ် ၆.ပါး ပစ္စည်းတရားတို့သည် သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား **ဟေတုသတ္တိဖြင့်** ကျေးဇူးပြုသည်။ **(ဈာန်, မဂ္ဂ ဖောအဆိုင်းဆို)**

၄။ စိတ် ၈၉.ခု၌ရှိသော **စေတနာ**ပစ္စည်းတရားသည် စိတ် ၈၉.ခု၊ စေတနာကြဉ် စေတသိက် ၅၁.ခု၊ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား **သဟဇာတကမ္မသတ္တိ** ဖြင့်၎င်း၊ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ပစ္စည်း တရားသည် ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားတို့အား**နာနာက္ခဏိ ကကမ္မ**သတ္တိ ဖြင့်၎င်း ကျေးဇူးပြုသည်။

၅။ အလုံးစုံသော ဝိပါက် ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားသည် အချင်း ချင်းအား၎င်း, အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား၎င်း **ဝိပါက** သတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com


၃။ **နာမ်သည် ရုပ်အား ၁-ဝစ္စည်း ဆိုရိုး**

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သောနာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားသည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်ဆိုင်ရှိသို့ရောက်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ပစ္စယုပ္ပန်တရားအား **ပစ္ဆာဇာတသတ္တိဖြင့်** ကျေးဇူးပြုသည်။

## ၄။ ရုပ်သည်နာမ်အား ၁-ဝစ္စည်း

ဆိုရိုး- ပဝတ္တိအခါ ဆဝတ္ထုပစ္စည်းတရားသည် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄.ခုကြဉ်သော သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား **ဝတ္ထုပုရေဇာတသတ္တိဖြင့်ရင်း၊**

ပဉ္စာရုံပစ္စည်းတရားသည် ပဉ္စဝိညာဏဝီထိ ပစ္စယုပ္ပန်တရားအား **အာရမ္မဏပုရေဇာတ သတ္တိဖြင့်ရင်း** ကျေးဇူးပြုသည်။

*မှတ်ချက်။ ဆဝတ္ထုဆိုရိုးကို အောက်ပါအတိုင်း ဆိုပါ။*

**စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု ဇိဝှာဝတ္ထုအားဖြင့် ၃.ပါးတို့တွင် ဇိဝှာဝတ္ထုဖြစ်၍ အတိတ်ဘဝင် တစ်ချက်တွန့်နှင့် ဥပါဒ်ပြိုင်သော ဝတ္ထုဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်ဆိုင်ရှိသို့ရောက်သော ဟဒယဝတ္ထု၊ နိုင်ရာသေဇာဝတ်မှ ထသောအခါ ရှေးစိတ္တက္ခဏ တစ်ချက်ခန့်တာတည်၍ဖြစ်သော ဟဒယဝတ္ထု၊ စုတိစိတ်မှဖြစ်နှိပ်ရေသော် ၁၇.ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုတည်းဟူသောဆဝတ္ထု။**

**အာရမ္မဏပုရေဇာတ၌လည်း သင်္ဂြိုဟ်လာအတိုင်း ဖြင့်ခြင်းဖြစ်သည်၊ ဝင္ဘန်းဆိုရိုးအတိုင်း အပြည့်အစုံဆိုလျှင်-**

**ပစ္စုပ္ပန်ဖြစ်ခွင့်ရှိသည့် အတ္ထာရသ ပစ္စည်းတရားသည် ကာမစိတ် စတုဝညာသ၊ ဒိမ္မစက္ခု၊ ဒိမ္မသောတ အဘိညာဉ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုသည် ဟု ဆိုရမည်။**

## ၅။ ပဉ္စတ်နာမ်ရုပ်သည် နာမ်အား ၂-ဝစ္စည်း (အာရမ္မဏ+ဥပနိဿယ)

**၁။ *အာရမ္မဏ* (အာရမ္မဏဟူသည် ရှုပါရုံစသော အာရုံ ၆.ပါးဝင်တည်း)**

စိတ် ၈၉.ခု, စေတသိက် ၅၂.ခု, ရုပ် ၂၈.ခု, နိဗ္ဗာန်, ပညတ်, အာရုံ ၆.ပါး ပစ္စည်းတရား သည် စိတ် ၈၉.ခု, စေတသိက် ၅၂.ခု ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com


***၂။ ဥပနိဿယ ၃.မျိုး (အာရမ္မဏူပနိဿယ+အနန္တရူပနိဿယ+ပတတူပနိဿယ)***

***(တ)အာရမ္မဏူပနိဿယ***

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ် အဇ္ဈာရုသ၊ ဒေါသမူဒွေ့, မောဟမူဒွေ့ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄.ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇.ခု၊ နိဗ္ဗာန်ပစ္စည်းတရားသည် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈.ခု၊ မဟာကုသိုလ်စိတ် ၈.ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄.ခု၊ လောကုတ္တရာ စိတ် ၈.ခု ပစ္စယုပ္ပန်တရားအား **အာရမ္မဏူပနိဿယသတ္တိဖြင့်** ကျေးဇူးပြုသည်။

***(ခ) အနန္တရူပနိဿယ***

(အနန္တရူပနိဿယသည် အနန္တရနှင့်တူ၊ အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်သာ ထူးသည်)

***(ဂ) ပတတူပနိဿယ***

(က) သဒ္ဓါစသောကုသိုလ်တရားများ၊ ရာဂစသော အကုသိုလ်တရားများ၊ သုခ, ဒုက္ခ, ဥတု, ဘောဇန, ပုဂ္ဂလ, သေနာသန ဤတရားတို့သည် ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ကုသိုလ်စသောတရားတို့အားရင်း၊

(ခ) ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ်ကံသည် ဝိပါက်နာမက္ခန္ဓာတို့အားရင်း **ပကတူပနိဿယသတ္တိဖြင့်** ကျေးဇူးပြုသည်။

***ဆောင်။ သဒ္ဓါ စဖြာ၊ တုသလာနှင့်၊ ရာဂ စပြုံ အတုစုနှော၊ ဥတု, ဘောဇန်၊ ပုဂ္ဂလ် သေနာ၊ သု ဒုက္ခာစ၊ တွင်း,ပြင်မှ၊ များလှ ပတတူ။***

၆။ **နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား ၉-ပစ္စည်း**

***၁။ အဓိပတိ ၂-မျိုး (အာဓိ+သဟာဓိ)***

(က)(အာရမ္မဏာဓိပတိသည် အာရမ္မဏူပနိဿယနှင့်တူ၊ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုသည်သာ ထူးသည်)

(ခ) အဓိပတိတရားကိုယ် ၃.ပါး ၄.ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရားသည် သာဓိပတိဇော ၅၂.ခု၊ အဓိပတိတပ်ခိုက် အဓိပတိတရားကိုယ်, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား **သဟဇာတာဓိပတိသတ္တိဖြင့်** ကျေးဇူးပြုသည်။

http://www.dhammadownload.com


***၂။ သတဇာတ***

(က) အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားသည် အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားရင်း၊

(ခ) မဟာဘုတ် ၄.ပါး ပစ္စည်းတရားသည် အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း၊

(ဂ) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်းတရားသည် အချင်းချင်းအား **သတဇာတသတ္တိဖြင့်** ကျေးဇူးပြုသည်။

***၃။ အညမည***

(က) အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားသည် အချင်းချင်းအား၊

(ခ) မဟာဘုတ် ၄.ပါး ပစ္စည်းတရားသည် အချင်းချင်းအား၊

(ဂ) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်းတရားသည် အချင်းချင်းအား **အညမညသတ္တိဖြင့်** ကျေးဇူးပြုသည်။

***၄။ နိဿယ ၂.မျိုး (သဟဇာတနိဿယ+ဝတ္ထုပုရေဇာတနိဿယ)***

(က) (သဟဇာတနိဿယသည် သဟဇာတနှင့်တူ၊ သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်သာထူးသည်၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုအချင်းချင်းတို့ သဖြုတ်ပစ်မဖြ)

(ခ) (ဝတ္ထုပုရေဇာတနိဿယသည် ဝတ္ထုပုရေဇာတနှင့်တူ၊ ဝတ္ထုပုရေဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်သာထူးသည်)

***၅။ အာဟာရ ၂.မျိုး (ရုပ်+နာမ်အာဟာရ)***

(က) စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားသည် (ကလာပ်တူဩဇာကြည်) ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားအား **ရုပ်အာဟာရသတ္တိဖြင့်** ကျေးဇူးပြုသည်။

(ခ) ဖဿ, စေတနာ, ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃.ပါး ပစ္စည်းတရား စိတ် ၈၉.ခု၊ စေတသိက် ၅၂-ခု သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရား အား **နာမ်အာဟာရသတ္တိဖြင့်** ကျေးဇူးပြုသည်။

***၆။ ဣန္ဒြိယ ၃.မျိုး (ပုရေဇာတိန္ဒြိယ+ရူပဇီဝိတိန္ဒြိယ+သဟဇာတိန္ဒြိယ)***

(က) မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် ၃.ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍

http://www.dhammadownload.com



အတိ[illegible] ချက်လွန်နှင့် ဥပါဒ်ပြိုင်သော ပဉ္စပသာဒရုပ် ပစ္စည်းတရားသည် ဒွေပဉ္စဝိညာဏ် ၁၀– ပစ္စယုပ္ပန်တရားအား **ပုရေဇာတိန္ဒြိယသတ္တိဖြင့်** ကျေးဇူးပြုသည်။

(ခ) ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် ရုပ်ဇီဝိတိန္ဒြေကြဉ် ကလာပ်တူကမ္မဇရုပ် ၉.ခု ပစ္စယုပ္ပန်တရားအား **ရူပဇီဝိတိန္ဒြိယသတ္တိဖြင့်** ကျေးဇူးပြုသည်။

(ဂ) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈.ပါး ပစ္စည်းတရားသည် စိတ် ၈၉.ခု၊ စေတသိက် ၅၂–ခု သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား **သဟဇာတိန္ဒြိယသတ္တိဖြင့်** ကျေးဇူးပြုသည်။

## *၇။ ဝိပ္ပယုတ္တ ၃.မျိုး*

***(သဟဇာတ+ပစ္ဆာဇာတ+ပုရေဇာတဝိပ္ပယုတ်)***

(က) ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄.ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး ပစ္စည်းတရားသည် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား။

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်းတရားသည် အချင်းချင်းအား **သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့်** ကျေးဇူးပြုသည်။

*မှတ်ချက်။* ။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု အချင်းချင်းကျေးဇူးပြုရာ၌ ပဋ္ဌာန်းသင်ရိုးကိုမှီ၍ ပြခြင်းဖြစ်သည်၊ သင်္ဂြိုဟ်၌ထားဟဒယဝတ္ထုပစ္စည်းတရားသည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား– ဟုတစ်ဝက်ထစ်ဖျတ်သာ လာသည်။

(ခ) (ပစ္ဆာဇာတဝိပ္ပယုတ္တသည် ပစ္ဆာဇာတနှင့်တူ၊ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူး ပြုသည်ဟု ဆိုသည်သာထူးသည်)

(ဂ) (ပုရေဇာတဝိပ္ပယုတ္တသည် ဝတ္ထုပုရေဇာတနှင့်တူ ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်သာထူးသည်)

http://www.dhammadownload.com



## အတ္ထိ, (အဝိဂတ) ၅–မျိုး

အတ္ထိသည်– သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရုပ်အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ၅–ပါး။

အဝိဂတသည်– သဟဇာတအဝိဂတ, ပုရေဇာတအဝိဂတ, ပစ္ဆာဇာတအဝိဂတ, ရုပ်အာဟာရ အဝိဂတ, ရူပဇီဝိတိန္ဒြိယအဝိဂတ အားဖြင့် ၅–ပါး။

* *သ, ပု, ပစ္ဆာ၊ ရုပ်, အာဟာနှင့်၊ ရူပါ ဇီဝိ၊ ငါး၀–ရှိ၊ အတ္ထိ, အဝိဂတမှတ်။*

## ၄–ပစ္စည်း၌ ပစ္စည်းအားလုံး ဝင်ပုံ

အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိပစ္စည်းတို့၌ ပစ္စည်းအားလုံး ဝင်ကုန်၏။

* *အာ, ဥ, ကမ်, အတ်၊ ဤလေးရပ်တွင်၊ အကုန်ဝင်၊ ထိုပြင် ကိုးမျိုးထား။*

အာရုံအဖြစ်, ဥပနိဿယအဖြစ်သို့ မရောက်သော ပစ္စည်း မရှိသောကြောင့်လည်းကောင်း၊ ပစ္စည်းအားလုံး ကမ္မသဘောတို့ မလွန်ဆန်နိုင်သော ပရမတ္ထအားဖြင့်လည်းကောင်း၊ လောကသမ္မုတိအားဖြင့်လည်းကောင်း ထင်ရှားရှိနေသောကြောင့်လည်းကောင်း ၄–ပစ္စည်း၌ ပစ္စည်းအားလုံး ဝင်သည်။ (ဋီကာကျော်)

## သဟဇာတရုပ်

သဟဇာတရုပ်ဟူသည် ပဝတ္တိအခါ စိတ္တဇရုပ်နှင့် ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့၏ အစွမ်းအားဖြင့် ၂–ပါး ပြားသည်။

## တေကာလိကစသည်

## ပစ္စယ ကာလဝိဘာဂ

၁။ အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန–အားဖြင့် ၅–ပစ္စည်းသည် အတီတကာလိက ပစ္စည်းမည်၏။

၂။ ကမ္မပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်အားဖြင့် ဒွိကာလိကပစ္စည်းမည်၏။ (သဟဇာတကမ္မသည် ပစ္စုပ္ပန်၊ နာနာက္ခဏိကကမ္မသည် အတိတ်)

၃။ အာရမ္မဏ, အဓိပတိ, ဥပနိဿယ– အားဖြင့် ၃– ပစ္စည်းသည် တိကာလိက ကာလဝိမုတ္တ ပစ္စည်းမည်၏။ (နိဗ္ဗာန်, ပညတ်သည် ကာလဝိမုတ်)

၄။ ကြွင်းသော (ဟေ, သဟ, ည, နိ, ပု, ပစ်, ဝိပါ, ဟာ, ဣန္ဒြိ, ဈာ, မဂ်, သံ, ဝိပ်, အတ်, အဝိ) ၁၅–ပစ္စည်းသည် ပစ္စုပ္ပန္နကာလိကပစ္စည်းမည်၏။

http://www.dhammadownload.com


* အနန် ဒွယေ၊ နတ်, ဝိ, သေ–ငါး၊ တိတေ ထား၍၊ ကမ်ကား ပွန်,တိ၊ တလီမှတ်ရှု၊
အာ, ဓိ, ဥ–မှာ၊ သုံးကာလာ၊ တစ်ဖြာ ဝိမုတ္တံ။
ကြွင်းကျန် ဆယ့်ငါး၊ ပစ္စည်းများ၊ မှတ်သား ပစ္စုပ္ပန်။

## ဝဇ္ဇတ္တိက သန္တာနဝိဘာဂ

၁။ သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ–အားဖြင့် ၅–ပစ္စည်းသည် ဗဟိဒ္ဓမှာလည်း ဖြစ်သည်၊ အဇ္ဈတ္တသန္တာန်၌ကား ပစ္စည်းအားလုံးဖြစ်သည်။

(တစ်နည်း) စက္ခုစသည်, ရာဂစသည်, သဒ္ဓါစသည်သည် အဇ္ဈတ္တ၊
ပုဂ္ဂလ, ဥတု, ဘောဇနစသည်သည် ဗဟိဒ္ဓ။

* သဟ, အည၊ နိဿယ–ထည့်၊ အတ်, အဝိ–မှာ၊ ဗဟိဒ္ဓါ၊ သဗ္ဗာ အဇ္ဈတ္တ။

## အချုပ်တရား ၃–ပါး

| | အမျိုးအစား | အရတရား |
|---|---|---|
| ၁ | နာမ် | နာမက္ခန္ဓာ ၄–ပါးနှင့်နိဗ္ဗာန်(သို့မဟုတ်) စိတ်, စေတသိက်,နိဗ္ဗာန် |
| ၂ | ရုပ် | ရုပ် ၂၈–ပါးတည်းဟူသော ရူပက္ခန္ဓာ |
| ၃ | ပညတ် | သဒ္ဒပညတ်( သိစေတတ်သော ဝေါဟာရ)<br>အတ္ထပညတ် (သိစေတတ်သော အနက်) |

## ဆိုရိုး

၁။ နာမ်တူသည် နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့တည်း (သို့မဟုတ်) စိတ်, စေတသိက်, နိဗ္ဗာန်တို့တည်း။

၂။ ရုပ်တူသည် ရုပ် ၂၈–ပါးဟူသော ရူပက္ခန္ဓာတည်း။

၃။ ပညတ်တူသည် (က) သဒ္ဒပညတ် (သိစေတတ်သော ဝေါဟာရသဒ္ဒါ)
(ခ) အတ္ထပညတ်(သိစေအပ်သော အနက်) တို့တည်း။

* သဒ္ဒ ပညတ်၊ သိစေတတ်၊ အတ် ဥတ် သိစေအပ်။

http://www.dhammadownload.com


## အတ္ထပညတ်

၁။ သဏ္ဌာနပညတ်–မဟာဘုတ်များ ဖောက်ပြန်သည့် ပုံသဏ္ဌာန်ကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော တောင်, မြေ, မြစ် စသည်။

၂။ သမူဟပညတ်– သစ်, ဝါး စသော အဆောက်အဦးတို့၏ ပေါင်းစပ်မှုကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော ဇရပ်, အိမ်, လှည်း, ရထား စသည်။

၃။ သတ္တပညတ်–ခန္ဓာငါးပါးအပေါင်းကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော လူ, နတ်, ကျား, မ ပုဂ္ဂိုလ်စသည်။

၄။ ဒိသာကာလာဒိပညတ်–နေ, လ–တို့၏ ထွက်, ဝင်မှုကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော အရှေ့, အနောက်, နံနက်, ညဥ့် စသည်။

၅။ အာကာသပညတ်–ကိုင်တွယ်တွေ့ထိ၍ မရရှိရာကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော တွင်း, လိုဏ်, ဂူ စသည်။

၆။ ကသိဏ နိမိတ္တာဒိ ပညတ်–ပွားများအားထုတ်အပ်သော မဟာဘုတ်စသည်ကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော ပထဝီ ကသိုဏ်း နိမိတ် စသည်။

* *ဘုတ်များ ဖောက်ပြန်၊ ပုံသဏ္ဌာန်နေ၊ စွဲ၍ပေ၊ တောင်, မြေ, မြစ်စ, သဏ္ဌာန။*
* *ဆောက်ဦ ပေါင်းစပ်၊ စွဲပညတ်သည်၊ ဇရပ်, အိမ်, လှည်း၊ ရထားတွဲ၊ ခေါ်မြဲ သမူဟ။*
* *ခန္ဓာငါးရပ်၊ စွဲ ပညတ်သည့်၊ လူ နတ် ကျား မ၊ ပုဂ္ဂိုလ်စ၊ ခေါ်ကြ သတ္တပညတ်တည်း။*
* *နေ, လ ထွက်, ဝင်၊ စွဲ၍ပင်၊ ခေါ်ငင် ဒိသာ ကာလာဒိ။*
* *ကိုင်တွယ် တွေ့ထိ၊ မရရှိရာ၊ စွဲ၍သာ၊ တွင်းပါ ဂူစ အာကာသ။*
* *ပွားများအားထုတ်၊ မဟာဘုတ်စ၊ စွဲခေါ်ကြ၊ ကသိဏ နိမိတ္တာဒိ။*

## အတ္ထပညတ်ခေါ်ပုံ အကျယ်

ပရမတ္ထအားဖြင့် ထင်ရှား မရှိသော်လည်း ပရမတ္ထ၏ အရိပ်အရောင် အတုဟူသော အခြင်းရာဖြင့် စိတ်, စေတသိက်တို့၏ အာရုံဖြစ်၍ဖြစ်သော အတ္ထပညတ်ကို ထိုထိုသို့သော အခြင်းရာကို စွဲမှီ ထောက်ဆ၍ အကြောင်းပြု၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် ကြံဆအပ်သည်ဖြစ်၍ ရေတွက်အပ်, သမုတ်အပ်, ခေါ်ဝေါ်အပ်သောကြောင့် အတ္ထပညတ်မည်သည်။

http://www.dhammadownload.com


### သဒ္ဒဝဋ္ဋတ် ၆–မျိုး

| | အမည် | မြယုက် |
|---|---|---|
| ၁ | ပိဋ္ဌမာန (ပရမတ္ထအားဖြင့်ထင်ရှားရှိ) | ဝဿ/ပေဒနာ/ရူပ |
| ၂ | အဝိဋ္ဌမာန(ပရမတ္ထအားဖြင့် ထင်ရှားမရှိ) | မောင်ဝ/ဘူမိ/ပဋ္ဌပ |
| ၃ | ဝိဋ္ဌမာနေန အဝိဋ္ဌမာန | ဉာဏ်ရှိသူ/ဆဠဘိည |
| ၄ | အဝိဋ္ဌမာနေန ဝိဋ္ဌမာန | သူ့စိတ်/ဣတ္ထိသဒ္ဒ |
| ၅ | ဝိဋ္ဌမာနေန ဝိဋ္ဌမာန | နာမ်ရုပ်/စက္ခုဝိညာဏ |
| ၆ | အဝိဋ္ဌမာနေန အဝိဋ္ဌမာန | ကိုတုတ် မမြူ/ ရာဇပုတ္တ |

* *ဝဿ, မောင်ဝ၊ ဉာဏရှိသူ။ သူ့စိတ်, နာမ်ရုပ်၊ ကိုတုတ်မမြူ။*
*ဝိဋ္ဌနှင့် အ၊ ဝိဝ်အ, ပြန်ယူ၊ ဝိဝ် ဝိဋ္ဌ၊ အ အ သဒ်–ခြောက်ဆူ။*

### သဒ္ဒဝဋ္ဋတ်၏အခေါ်များ

အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်သည်–

၁။ အနက်၌ ညွှတ်တတ်သော အမည်ဖြစ်သောကြောင့် နာမ မည်သည်။
၂။ အနက်၌ ညွှတ်တတ်သည်ဖြစ်၍ မြဲအပ် (မှည့်ခေါ်အပ်)သော အမည်ဖြစ်သောကြောင့် နာမကမ္မ မည်သည်။
၃။ အနက်၌ ညွှတ်သည်ဖြစ်၍ ထားအပ်သော အမည်ဖြစ်သောကြောင့် နာမဓေယျ မည်သည်။
၄။ အနက်၌ ညွှတ်သည်ဖြစ်၍ ထုတ်၍ဆိုအပ်သော ဝိဂြိုဟ်ဖြစ်သောကြောင့် နာမနိရုတ္တိ မည်သည်။
၅။ အနက်၌ ညွှတ်သည်ဖြစ်၍ အနက်ကို ထင်ရှားပြတတ်သော ဝါကျဖြစ်သောကြောင့် နာမဗျဉ္ဇန မည်သည်။
၆။ အနက်၌ ညွှတ်သည်ဖြစ်၍ ရှေ့ရှုအနက်ကိုဟောတတ်သော သဒ္ဒါဖြစ်သောကြောင့် နာမာဘိလာပ မည်သည်။

### သဒ္ဒ, အတ္ထ ပညတ်သိပုံ
### ဆိုရိုး

အသံတစ်ခုကို ကြားရာ၌ –

(က) ပထမဆုံးဖြစ်သော သောတဒွါရဝီထိစိတ်ဖြင့် ပစ္စုပ္ပန်သဒ္ဒါရုံ(အသံ)ကို သိသည်။
(ခ) ဒုတိယဖြစ်သော တဒနုဝတ္တက မနောဒွါရဝီထိစိတ်ဖြင့် လွန်ပြီးသော အတိတ်သဒ္ဒါရုံကို

http://www.dhammadownload.com


(ဂ) တတိယဖြစ်သော သုဒ္ဓ မနောဒွါရဝီထိစိတ်ဖြင့် နာမ(သဒ္ဒ)ပညတ်ကို သိသည်။
(ဃ) စတုတ္ထဖြစ်သော သုဒ္ဓ မနောဒွါရဝီထိစိတ်ဖြင့် အတ္ထပညတ်ကို သိသည်။

ရူပါရုံတစ်ခုကို မြင်ရာ၌-

(က) ပထမဆုံးဖြစ်သော စက္ခုဒွါရ ဝီထိစိတ်ဖြင့် ပစ္စုပ္ပန် ရူပါရုံ (ပုံရိပ်)ကို သိသည်။
(ခ) ဒုတိယဖြစ်သော တဒနုဝတ္တက မနောဒွါရ ဝီထိစိတ်ဖြင့် လွန်ပြီးသော အတိတ်ရူပါရုံကို သိသည်။
(ဂ) တတိယဖြစ်သော သုဒ္ဓ မနောဒွါရ ဝီထိစိတ်ဖြင့် အတ္ထပညတ်ကို သိသည်။
(ဃ) စတုတ္ထဖြစ်သော သုဒ္ဓ မနောဒွါရ ဝီထိစိတ်ဖြင့် နာမ (သဒ္ဒ) ပညတ်ကို သိသည်။

မှတ်ချက်။ ။ကြားရာ၌ နာမပညတ်ကို အရင်သိသည်၊ နောက်မှ အတ္ထပညတ်ကို သိသည်၊ မြင်ရာ၌ အတ္ထပညတ်ကို အရင်သိသည်၊ နောက်မှ နာမပညတ်ကို သိသည်။

* *ပထမစိတ်၊ ပုံရိပ်, အသံ။ လွန်ပြီးအတိတ်၊ ဒုစိတ် သိပြန်။*
*တတိ စိတ်က၊ သိရ နာမ်။ စတုတ္ထ၊ အတ္ထ ပညတ္တံ။*

http://www.dhammadownload.com



## ပဋ္ဌာန်းနည်း နောက်ဆက်တွဲ

အပိုသိလိုသူများအတွက် ပဋ္ဌာန်းသင်ကြားသောအခါ အထောက်အကူပြုရန် ဤဆိုလတ္တံ့သော နောက်ဆက်တွဲကို ကျက်မှတ်နိုင်ပါသည်။

### အာရမ္မဏာမျိုး

*။ အာ, အဓိ, နိဿ၊ ဥ, ပု, ဝိပ်၊ နောက်ဝိတ် အတ်, အဝိ။*

*။ အာဓိ, အာပု၊ ဝတ္ထာရှု၊ သုံးခု အာ အုပ်စု။*

*။ ဓိ, ဥနစ်ရပ်၊ အာဓိမှတ်၍၊ ပု, အတ်, အဝိ၊ အာပုသိ၊ ဝိပ်,နိ ထပ်ထား ဝတ္ထာဇါး။*

*။ စိတ်, စေ, ရုပ၊ နိဗ္ဗာန, ညတ်၊ ရုံခြောက်ရပ်ကား၊ စိတ်, စေအား၊ ပြု ငြား အာသတ္တိ။*

*။ လေးမြွတ်ပြုအပ်၊ ရုံခြောက်ရပ်ကား၊ ရှစ်ပါး လောဘာ၊ ရှစ် မဟာကု၊ လေးခု မဟာ၊ ကြိယာ သမ်၊ လောကုတ္တံ၊ ပြုရန် အာဓိ သုံး။*

*။ ပွန် နိပ္ပန္န၊ ရုပ် ဌာရသည်၊ ကာမ မနော၊ ဘိဉ် စက်, သော၊ တယော အာပု ကျေးဇူးပြု။*

*။ စုတိရှေးဖြစ်၊ ဆယ့်ခုနစ်နှင့်၊ တူဖြစ် ဟဒယ၊ ဝတ္ထုကကား၊ မရဏာသန်၊ မနောဒွံရှို၊ စိတ် ဝိထိအား၊ ဝတ္ထာဇါး၊ မှတ်သား ကျေးဇူးပြု။*

### သဟဇာတမျိုး

*။ ဟေ,ဓိ, သဟံ၊ အဉ်, နိ, ကမ်၊ ဝိပ်, ဟာ, ဣန်, ဈာန်။*

*။ မဂ်, သမ်, ဝိပ်, အတ်၊ အဝိ မှတ်၊ သဟတ် ဆယ့်ငါးတန်။*

*။ ဟေ, ဓိ, ကမ်, ဟာ၊ ဣန်နှင့် ဈာ၊ မဂ္ဂါ သတ္တ ငယ်သဟ။*

(သဟဇာတမျိုးပစ္စည်းများမှာ ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ အဝိဂတအားဖြင့် ၁၅–ပါး။)

### သဟငယ် (၇)

*။ ဟေတု ခြောက်ဆစ်၊ လေးဓိ တစ်သာ၊ စေတနာနှင့်၊ နာမ်ဟာ သုံးဝ၊ အဋ္ဌ ဣန်နာမ်၊ ငါးတန် ဈာနင်၊ မဂ္ဂင် ကိုးပါး၊ ပစ္စည်းများကား၊ ယှဉ်ငြား ဓမ္မ၊ စိတ္တဇနှင့်၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန် ကျေးဇူးပြု။*

http://www.dhammadownload.com



## သဟကြီး (၄)

။ သဟ, နိဿ, အတ်၊ အဝိ မှတ်၊ လေးရပ် သဟကြီး။

။ နာမ်ခန္ဓာများ၊ ချင်းချင်းအားနှင့်၊ ရုပ်များစိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန် ကျေးဇူးပြု။

။ မဟာဘုတ်များ၊ ချင်းချင်းအားနှင့်၊ ရုပ်များဥပါ၊ ဖြစ်ဖို့ရာ၊ မှန်စွာ ကျေးဇူးပြု။

။ ပဋိသန် ပဋိသန်၊ နာမက္ခန်နှင့်၊ ဟဒယ်ဝတ္ထု၊ ချင်းချင်းပြု၊ သုံးစု သဟကြီး။

## သဟလတ် (၄)

။ အညာ, ဝိပါ, သမ်, ဝိပ်မှာ၊ လေးဖြာ သဟလတ်။

။ နာမ်ခန္ဓာများ၊ ချင်းချင်းအားတည်း၊ ဘုတ်များမဟာ၊ ချင်းချင်းသာပင်၊ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန်နှင့်၊ ဟဒယ်ဝတ္ထု၊ ချင်းချင်းပြု၊ သုံးစု အညမှာ။

။ ဝိပါက် နာမ်များ၊ ချင်းချင်းအားနှင့်၊ ရုပ်များစိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန် ကျေးဇူးပြု။

။ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန်ကား၊ ဝတ္ထုအား၊ ပြု ငြားဝိပါက်၊ နောက်တစ်ချက်။

။ သမ္ပယုတ်ပါ၊ ဒွေပဉ္စာထား၊ စိတ်, စေများကား၊ ရုပ်များ စိတ္တဇ၊ ကမ္မဇသန်၊ ဖြစ်ထွန်းရန်၊ အမှန်ကျေးဇူးပြု။

။ ပဋ္ဌဝေါ် ပဋိသန်၊ နာမက္ခန်နှင့်၊ ဟဒယ်ဝတ္ထု၊ ချင်းချင်းပြု၊ နှစ်ခုသဟဝိပ်။

## အနန္တရမျိုး–

။ နန်, နန်, ဥပ၊ အာသေဝ နှင့်၊ ကမ္မ, နတ္ထိ၊ ဝိကိုထည့်၊ ခွန်ရှိ အနန်မျိုး။

။ ပြီးမှဲ့ချုပ်သွား၊ စိတ်,စေများကား၊ နောက်ပါးဖြစ်လာ၊ နာမ်ခန္ဓာအား၊ အနန်ငါး မှတ်သား ကျေးဇူးပြု။

။ မျှေးရှေးဖြစ်ငြား၊ ကိစေများကား၊ ဗိုလ်များဖယ်ထား၊ နောက်ဇောအား၊ ပြုငြား နန် သေ ခြောက်။

။ မဂ်၌ ယှဉ်လာ၊ စေတနာသည်၊ မဂ္ဂါနန္တရ၊ ဗိုလ်လေးဝ၊ ပြု ကြ နန်ကမ် ခြောက်။

## ဝတ္ထုမျိုး

။ နိ, ပု. ဣန္ဒြိ၊ ဝိပ်, အတ္ထိ၊ အဝိ ဝတ္ထုခြောက်။

။ ဝတ္ထုခြောက်ပါး၊ သတ်ဝိဉ်အား၊ ဣန်ထားဝတ်ငါးပြု။

။ ပဉ်ဝတ္ထုကား၊ ပဉ်ဝိဉ်အား၊ ပြု ငြား ဝတ္ထုခြောက်။

http://www.dhammadownload.com



### ပစ္ဆာဇာတမျိုး

*။ ပစ္ဆာ, ဝိပ်, အတ်၊ အဝိမှတ်၊ လေးရပ် ပစ္ဆာမျိုး။*

*။ နောက်နောက်ဖြစ်ငြား၊ စိတ်, စေများကား၊ ရှေ့ဖျား သန္ဓေ၊ စ–ပြုလေ၍၊ လေးထွေ ငေ စ၊ ရုပ်ကာယအား၊ ပစ်လေးပါး၊ မှတ်သား ကျေးဇူးပြု။*

### ရုပ်အာဟာရမျိုး

*။ဟာ, အတ်, အဝိ၊ သုံးပါးရှိ၊ မှတ်သိ ရုပ်ဟာမျိုး။*

*။ ကဗဠီကာရ၊ အာဟာရဖြစ်၊ ဩဇာစစ်သည်၊ ကြွင်းလစ်ကာယ၊ စတုဇ၊ သုံးဝရုပ်ဟာပြု။*

### ရူပဇီဝိတိန္ဒြိယမျိုး

*။ ဣန်, အတ်, အဝိ၊ သုံးပါးရှိ၊ မှတ်သိ ရူပဇီဝိတိန္ဒြိယမျိုး။*

*။ ရုပ်ဇီဝိတ၊ ကမ္မဇကြွင်း၊ ကလာပ်တွင်း၊ ကြင်း ရူပဇီဝိတိန္ဒြိယ ပြု။*

### ဝတာ[illegible]ဝမျိုး

*။ ဥပနှင့် ကမ်၊ ဤနှစ်တန်၊ မှတ်ရန် ပကတူ။*

*။ စိတ်, စေ, ရုပ်, ညတ်၊ ဗလဝတ်ကား၊ စိတ်, စေအား ပြုငြား ပကတူ။*

### နာနာက္ခဏိကကမ္မမျိုး

*။ တိတ်ကု, အကု၊ ကမ် စေစုသည်၊ ခြားမှုဝိပါ၊ ကမ္မဇာ၊ နာနာ ကမ္မပြု။*

### ၈.ပစ္စည်း ၉.မျိုး

ခေါင်းဆောင်ပစ္စည်းများမှာ အာရမ္မဏ, သဟဇာတ, ဥပနိဿယ, ဝတ္ထုပုရေဇာတ, ပစ္ဆာဇာတ, နာနာက္ခဏိကကမ္မ, ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယအားဖြင့် ၈.ပစ္စည်း။

**ဆောင်။** *။ အာ,သ,ဥ,ရေ၊ စ္ဆာ, ကမ္မေ၊ ဟာရေ, ဣန္ဒြိ ရှစ်ပါးသိ။ (ရှေး)*

*။ ဆယ့်ငါးသဟာ၊ ရှစ်ဝ အာနှင့်၊ ခုနစ်ဖြာ နန်၊ ခြောက်တန် ဝတ္ထု၊ လေးခုပစ္ဆာ၊ သုံးဖြာ ဟာရော၊ တယော ဣန္ဒြိ၊ ဒွိ ပကတူ၊ တစ်ခုမှု ကမ်၊ မျိုးကိုးတန်၊ ဆောင်ရန် နှုတ်တက် အာဂုံတည်း။ (ရှေး)*

http://www.dhammadownload.com


## ပဋ္ဌာန်းအခြေခံ ပဏ္ဏာဝါရ သုဒ္ဓသင်္ချာဆိုရိုးများ

### အာရမ္မဏမျိုး သုဒ္ဓသင်္ချာ

***အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌*** ကာမစိတ် စတုပညာသ, ဝိညာဏဉ္စာယတန စိတ် ၃.ခု, နေဝသညာနာသညာယတနစိတ် ၃.ခု, အဘိညာဉ်ဒွေ, လောကုတ္တရာစိတ် ၈.ခုအား တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန် ဤတရား တို့သည် အာရမ္မဏပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

***အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၌*** - အလေးအမြတ်ပြုတတ်သော လောဘမူ ၈.ခု, မဟာကုသိုလ် ၈.ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄.ခု, လောကုတ္တရာစိတ် ၈.ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေ, မောဟမူ ဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄.ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇.ခု, နိဗ္ဗာန်။

၃။ ***အာရမ္မဏပုရေဇာတ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏပုရေဇာတ အဝိဂတ၌*** - ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတအဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။

၄။ ***ဝတ္ထာရမ္မဏပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ, ဝတ္ထာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ၌*** - မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅.ချက်၊ တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇.ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။

၅။ ***အာပုဗ္ဗ၌*** - အလေးအမြတ်ပြုတတ်သော လောဘမူ ၈.ခုအားတပ်သော အလေး အမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။

၆။ ***ဝတ္ထာဝိ၌*** - အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော ၅.ချက်အား တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇.ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။

http://www.dhammadownload.com


**သတဓာတမျိုး သုဒ္ဓသရုပ်**

***သတယ် ၇.ပစ္စည်း***

၁။ *ဟေတု၌*– သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ် ၆.ပါး။

၂။ *သတဇာတာဓိပတိ–၌*– သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် ၁–ပါးပါး။

၃။ *သတဇာတကမ္မ၌*– သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။

၄။ *နာမ်အာဟာရ၌*– သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃.ပါး။

၅။ *သတဇာတိန္ဒြိယ၌*– သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈.ပါး။

၆။ *ဈာန၌*– သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅.ပါး။

၇။ *မဂ္ဂ၌*– သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပညာ, ဝိတက်, ဝိရတီ ၃.ခု, ဝီရိယ, သတိ,ဧကဂ္ဂတာ, ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၉.ပါး။

**သတကြီး ၄–ပစ္စည်း**

***သဟဇာတ, သဟဇာတနိဿယ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ၌–***

၁။ အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အားရင်း တပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး၊

၂။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်းတပ်သော အလုံးစုံသော မဟာဘုတ် ၄.ပါး၊

၃။ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု။

http://www.dhammadownload.com


## သတာလတ် ၄–ဝဇ္ဇည်း

၁။ *အညမည* ၌– (က) အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄.ပါး။

(ခ) အချင်းချင်းအားတပ်သော စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ် ကမ္မဇ, ပဝတ္တိ ကမ္မဇ အားဖြင့် မဟာဘုတ် ၄–ပါး။

(ဂ) အချင်းချင်းအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

၂။ *ဝိပါက*၌– (က) အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အားရင်း တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။

(ခ) ဟဒယဝတ္ထုအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။

၃။ *သမ္ပယုတ္တ*၌–အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄.ပါး။

၄။ *သဟဇာတဝိပ္ပယုတ္တ*၌– (က) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဥ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄.ခု၊ ဒွေပဥ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄.ပါး။

(ခ) အချင်းချင်းအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယ ဝတ္ထု။

## အနန္တရမျိုး သုဒ္ဓသန်ျာ

၁။ *အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ*၌– ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ်တစ်ခု ယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။

၂။ *အာသေဝန* ၌– ပထမဇော, ဗိုလ်ဇောကြဉ်သော နောက်နောက်သော ဇောကေ ပညာသအားတပ်သောအဆုံးဇောကြဉ်သောရှေးရှေးသော လောကီဇော သတ္တ စတ္တာလီသ။

၃။ *အနန္တရကမ္မ*၌– မဂ္ဂါနန္တရဖိုလ် ၄–ခု အားတပ်သော မဂ် ၄–ခု စေတနာ။

http://www.dhammadownload.com


## ဝေဒနာဝမျိုး သုဒ္ဓသချာ

၁။ *ပကတူပ* ၌- စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသအားတပ်သော ဗလဝဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ။

၂။ *နာနာက္ခဏိကကမ္မ* ၌- ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ်အားတပ်သော အတိတ် ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ။

## ဝဏ္ဏမျိုး သုဒ္ဓသချာ

၁။ *ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတ, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ, ဝတ္ထုပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတအဝိဂတ* ၌- ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထု။

၂။ *ပုရေဇာတိန္ဒြိယ*၌- ဒွေပဉ္စဝိညာဏ် တစ်ဆယ်အားတပ်သော မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် ၃-ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။

## ဝဏ္ဏာမျိုး သုဒ္ဓသချာ

*ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတ*၌- ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ် သော ပထမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ ၄-ပါး။

## ရုပ်အာဟာရမျိုး သုဒ္ဓသချာ

*ရုပ်အာဟာရ, ရုပ်အာဟာရတ္ထိ, ရုပ်အာဟာရအဝိဂတ*၌- ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော စတုသမုဋ္ဌာနိကဩဇာ။

## ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသချာ

*ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယအဝိဂတ*၌- ရုပ်ဇီဝိတိန္ဒြေကြဉ် သော ကလာပ်တူ ကမ္မဇရုပ်ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ။

**ပစ္စည်းပိုင်း ပြီး၏။**

* * * * * * *

http://www.dhammadownload.com


# ကမ္မဋ္ဌာန်းပိုင်း

## ဘာဝနာ ၂-မျိုး၊ ကမ္မဋ္ဌာန်း ၂-မျိုး

သမထဘာဝနာကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းအားဖြင့် ၂-ပါး။

သမထ- (နီဝရဏတို့ ငြိမ်းစေတတ်သောကြောင့် သမထ)

ဝိပဿနာ- (အနိစ္စ, ဒုက္ခ, အနတ္တ-စသည်းတို့သော အခြင်းအရာအားဖြင့် ရှုတတ်သည်၏ အဖြစ်ကြောင့် ဝိပဿနာ)

ကမ္မဋ္ဌာန်း- (၂-ပါး အပြားရှိသော ဘာဝနာတို့၏ တည်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဖြစ်၍ဖြစ်သော ပထဝီကသိုဏ်းအစရှိသော ဝတ္ထု, တေဘူမက သင်္ခါရတည်းဟူသော အာရုံ၊ ဝါ-နောက်နောက်သော ဘာဝနာတို့၏ နည်းစွာသော အကြောင်းဖြစ်၍ ဖြစ်သော ရှေးရှေးသော ဘာဝနာအစဉ်ဟုဆိုအပ်သော ကမ္မဋ္ဌာန်း၊ ဝါ- ဈာနသုခ, ဖလသုခ, နိဗ္ဗာနသုခ-စသည်၏ အကြောင်းဖြစ်သော ဘာဝနာတည်းဟူသော ကမ္မဋ္ဌာန်း။

## သမထသင်္ဂဟ ၇-ပါး

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ သညာ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး အားဖြင့် ၇-ပါး။

## ဘာဝနာ ၃-ပါး

ပရိကမ္မဘာဝနာ- အပ္ပနာဘာဝနာကို ပြုပြင်တတ်သော ဘာဝနာ၊ ဝါ- အပ္ပနာဘာဝနာ၏ ရှေးအဖို့ဖြစ်သော ဘာဝနာ၊

ဥပစာရဘာဝနာ- တဒင်္ဂပဟာန်ဖြင့် နီဝရဏတို့ကို ပယ်ခွါသည်မှစ၍ ဂေါတြဘူအဆုံးရှိသော ကာမာဝစရဘာဝနာ၊ ဝါ- အပ္ပနာ၏ အနီးဖြစ်သော ဘာဝနာ၊

အပ္ပနာဘာဝနာ- တွေရှုတ်အဖြစ်သို့ ရောက်သော ဘာဝနာ။

## နိမိတ် ၃-ပါး

ပရိကမ္မနိမိတ်- ပထဝီ ပထဝီအစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသည်၊

ဥဂ္ဂဟနိမိတ်- စက္ခုဝိညာဏ်ဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရ၌ကတုသိုလ်ဘေသည် ယူအပ်သောအာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသည်၊ ဝါ- စက္ခုဝိညာဏ်ဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရ၌ကတုသိုလ်ဇောဖြင့် ယူတတ်သော ယောဂါဝစရ်ပုဂ္ဂိုလ်၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသည်၊

ပဋိဘာဂနိမိတ်- ဥဂ္ဂဟနိမိတ်နှင့် တူသော ညီသောအဆင်းစသော ကသိုဏ်းအပြစ်မှထင်သော ဥပစာရ, အပ္ပနာ-တို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသည်။

http://www.dhammadownload.com



## သမာဓိသိက္ခာအခန်း

မနောကံဖြစ်ပေါ်မှု ပရိယုဋ္ဌာန အကုသိုလ်ကို ကာကွယ်တားမြစ်ရန် သမာဓိသိက္ခာကို ဘုရားရှင် ဟောကြားခဲ့သည်၊ သမာဓိသိက္ခာ ထူထောင်ရန် နည်းလမ်းများဖြစ်သည့် သမထကမ္မဋ္ဌာန်းများကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း ၄၀–ပြဆိုထားသည်။ (ဝိသုဒ္ဓိ ၁–၁၀၇)

ကမ္မဋ္ဌာန်း ၄၀–

| သင်္ချာ ရ | အမည် | သင်္ချာ | သရုပ် |
|---|---|---|---|
| ၁ | ကသိုဏ်း | ၁၀ | ပထဝီ,အာပေါ,တေဇော,ဝါယော,နီလ,ပီတ,လောဟိတ,ဩဒါတ,အာကာသ,အာလောက |
| ၂ | အသုဘ | ၁၀ | ဥဒ္ဓုမာတက,ဝိနီလက,ဝိပုဗ္ဗက,ဝိစ္ဆိဒ္ဒက,ဝိက္ခာယိတက,ဝိက္ခိတ္တက,ဟတဝိက္ခိတ္တက, လောဟိတက,ပုဠုဝက,အဋ္ဌိက |
| ၃ | အနုဿတိ | ၁၀ | ဗုဒ္ဓါနုဿတိ,ဓမ္မာနုဿတိ,သံဃာနုဿတိ,သီလာနုဿတိ,စာဂါနုဿတိ,ဒေဝတာနုဿတိ, ဥပသမာနုဿတိ,မရဏာနုဿတိ,ကာယဂတာသတိ,အာနာပါနဿတိ |
| ၄ | အပ္ပမညာ(ဗြဟ္မစိုရ်) | ၄ | မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ |
| ၅ | သညာ | ၁ | အာဟာရေ ပဋိကူလသညာ |
| ၆ | ဝဝတ္ထာန် | ၁ | စတုဓာတု ဝဝတ္ထာန် |
| ၇ | အာရုပ္ပ | ၄ | အာကာသာနဉ္စာယတန, ဝိညာ– အာကိဉ်– နေဝ––––– |
| | | ၄၀ | |

* *ကသိုဏ်း ဆယ်ဝ၊ ဒသ အသု၊ အနု ဆယ်ဖြာ၊ လေးဖြာ အပ္ပ၊ ဧက ဝီသာ၊ သညာ, ဝဝတ္ထာန်၊ လေးတန် အာရုပ္ပ၊ ခုနှစ်ဝ မှတ်ကြ သမထသင်္ဂဟ။*

* *ပ, အာ, တေ, ဝါ၊ နီ, ပီတာနှင့်၊ တစ်ဖြာ လော, ဩ၊ အာ, အာလော၊ ပြန့်ပြော ဆယ် ကသိုဏ်း။*

* *ဥဒ္ဓု, ဝိနီ၊ တစ်လီ ဝိပုဗ်၊ ဝိစ္ဆိဒ် ထုတ်ပါ၊ ဝိက္ခာ, ဝိက္ခိတ်၊ ဟတဝိက် မှတ်၊ လော, ပု, အဋ္ဌိ၊ ဆယ်ရပ် အသုဘ။*

* *ဗုဒ္ဓ, ဓမ္မ၊ သံ, သီလနှင့်၊ စာဂ, ဒေဝတာ၊ ဥ, မ, ကာ၊ အာနာ ဆယ် အနုသ်။*

---

ပထဝီ (မြေကြီး) အာပေါ (ရေ) တေဇော (မီး) ဝါယော (လေ)

နီလ (ညိုသောအဆင်း) ပီတ (ရွှေသောအဆင်း) လောဟိတ (နီသောအဆင်း) ဩဒါတ (ဖြူသောအဆင်း)

အာကာသ(ဟင်းလင်းပြင်) အာလောက (အလင်းရောင်) ကသိုဏ်း (အလုံးစုံ ဖျံ့နှံ့ခြင်း)

http://www.dhammadownload.com



## အသုဘ ၁၀–ပါး

ဥဒ္ဓုမာတက– သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဝိနီလက– အဖြူ, အနီ–စသည်နှင့်ရောယှက် များသောအားဖြင့် ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဝိပုဗ္ဗက– ယိုသော ပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဝိစ္ဆိဒ္ဒက– အလယ်၌ နှစ်ပိုင်းပြတ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဝိက္ခာယိတက– ခွေး, မြေခွေး–အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဝိက္ခိတ္တက– ခွေး, မြေခွေး–အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်းအပိုင်း ဖြတ်လျက် ထိုထိုအရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ဟတဝိက္ခိတ္တက– ကျီးခြေသဏ္ဍာန်အစရှိသည်ဖြင့် ဓား, လက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

လောဟိတက– ယိုသော သွေးရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

ပုဠုဝက– ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်၊

အဋ္ဌိက– အရိုးစုသာဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်။

## အနုဿတိ ၁၀–ပါး

ဗုဒ္ဓါနုဿတိ– အရဟံ အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော် ၉–ပါးတို့ အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

ဓမ္မာနုဿတိ– သွာက္ခာတ အစရှိသော တရားတော်၏ ဂုဏ်တော် ၆–ပါးတို့ အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

သံဃာနုဿတိ– သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်တို့၏ ဂုဏ်တော် ၉–ပါးတို့ အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

သီလာနုဿတိ– မိမိ၏ သီလဂုဏ်ကို အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

စာဂါနုဿတိ– မိမိ၏ စွန့်ကြဲခြင်း ဂုဏ်ကို အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

ဒေဝတာနုဿတိ– သဒ္ဓါ–အစရှိသောဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်၏ အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါ–အစရှိသော ဂုဏ်တို့သည် ငါ့၌လည်း ရှိကုန်၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ နတ်တို့၏ သဒ္ဓါ–အစရှိသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါ–အစရှိသောဂုဏ်ကို အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

ဥပသမာနုဿတိ– နိဗ္ဗာန်၏ ဝိရာဂ–စသော ဂုဏ်ကို အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

မရဏာနုဿတိ– သေခြင်းတရားကို အဖန်ဖန်ထလဲလဲ အောက်မေ့ခြင်း၊

ကာယဂတာသတိ–ဆံ–အစရှိသော ကိုယ်အစု၌ ဖြစ်သော သတိ၊

အာနာပါနဿတိ– ထွက်သက်, ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်း သတိ။

http://www.dhammadownload.com



## အပ္ပမညာ ၄–ပါး

၁။ မေတ္တာ– အတိုင်းမသိသော သုခိတ, ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ အမြဲချစ်ခြင်း၊

၂။ ကရုဏာ– အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း၊

၃။ မုဒိတာ– အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊

၄။ ဥပေက္ခာ– အတိုင်းမသိသော သုခိတ, ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း။

## သညာ ၁–ပါး

မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်။

## ဝဝတ္ထာန် ၁–ပါး

ပထဝီ, အာပေါ, တေဇော, ဝါယော–ဓာတ်ဟူသော ဓာတ် ၄–ပါးကို ပိုင်းခြားခြင်း။

## အာဟာရေ ပဋိကူလသညာ

အစာရှာသွားရခြင်း, ရှာမှီးရခြင်း, သုံးစားရခြင်း အစရှိသည်ကို ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့် မျိုအပ်သော အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်။

## စတုဓာတု ဝဝတ္ထာန်

မိမိလက္ခဏာအားဖြင့်လည်းကောင်း, ဆံပင်အစရှိသော အဆောက်အဦးနှင့်တကွ ဖြစ်သော ဓာတ်အစရှိသည်အားဖြင့်လည်းကောင်း ပိုင်းခြားမှတ်သားခြင်း။

---

## ပညတ် + ပရမတ်အခွဲ

| အမျိုးအစား | သရုပ် |
|---|---|
| ပညတ်<br>ကမ္မဋ္ဌာန်း | ကသိုဏ်း ၁၀၊ အသုဘ ၁၀၊ ကာယဂတာသတိ ၁၊<br>အာနာပါန ၁၊ အပ္ပမညာ ၄၊ အာကာ ၁၊ အာကိဉ် ၁။ (၂၈) |
| ပရမတ်<br>ကမ္မဋ္ဌာန်း | ဗုဒ္ဓါနုဿတိ စသော ၈၊ သညာ ၁၊ ဝဝတ္ထာန် ၁။<br>ဝိညာ ၁၊ နေဝ ၁။ (၁၂) |

* ကာယဂတာသတိစသည်သည် ပညတ်မဟုတ်၊ ပရမတ်သာ၊ ကာယဂတာသတိစသည်၏ အာရုံသည်သာ ပညတ်ဖြစ်သည်။

http://www.dhammadownload.com



## အပ္ပမညာ (ဗြဟ္မစိုရ်)

မည်သည့်သတ္တဝါဟု သတ်မှတ်ချက် ပမာဏ မရှိလောက်အောင် ကျယ်ပြန့်သောကြောင့် အပ္ပမညာမည်သည်၊ မြင့်မြတ်သူတို့ ကျင့်သုံးအပ်သောကြောင့် ဗြဟ္မစိုရ်လည်းမည်သည်။

---

### အပ္ပမညာ ၄–ပါးနှင့် လက္ခဏာ

၁။ မေတ္တာသည်– သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ခြင်း လက္ခဏာရှိသည်၊

၂။ ကရုဏာသည်–သူတစ်ပါးဒုက္ခကို ပယ်လိုခြင်း လက္ခဏာရှိသည်၊

၃။ မုဒိတာသည်– သူတစ်ပါး စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိသည်၊

၄။ ဥပေက္ခာသည်–ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ မဇ္ဈတ္တတာရအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိသည်။

### ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ

**အနောဓိသ (ရည်ရွယ်မှု မရှိသော) ပုဂ္ဂိုလ် ၅–ယောက်–**

သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ,သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။

**ဩဓိသ (ရည်ရွယ်မှု ရှိသော) ပုဂ္ဂိုလ် ၇–ယောက်–**

သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ, သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ။

**မေတ္တာတရား နည်း–၄–ပါး –**

အဝေရာဟောန္တု, အဗျာပဇ္ဈာဟောန္တု, အနီဃာဟောန္တု, သုခီအတ္တာနံပရိဟရန္တု။

(ဘေးရန်, ကြောင့်ကြ, ဆင်းရဲဝ၍ ကာယ, နှစ်လုံး ရွှင်ပြုံးကြပါစေ)

### မြှောက်ပွားပုံ

ပုဂ္ဂိုလ် ၁၂–ဦးကို နည်း– ၄–ပါးဖြင့်မြှောက်လျှင် သာမန်မေတ္တာ ၄၈–ပါးရသည်၊ ယင်း ၄၈–ပါးကို (ရှေ့, နောက်, တောင်, မြောက်, ထောင့်, ထက်, အောက်)အရပ် ၁၀–မျက်နှာဖြင့် မြှောက်ပွားလျှင် ၄၈၀–ဖြစ်သည်၊ အရပ်မျက်နှာဆိုင်ရာမေတ္တာ ၄၈၀–နှင့် မူလသာမန်မေတ္တာ ၄၈–ပါးကိုပေါင်းလျှင် ၅၂၈–ဖြစ်သည်။

*    *အနောဓိသ် ငါး ဩဓိသ် ကား ခုနစ်၊ ဆယ်နှစ်တန်၊ လေးတန် နည်း–ထုတ် လေးဆယ့် ရှစ်။* (၅+၇= ၁၂× ၄ = ၄၈)

*    *လေးဆယ်ရှစ်ပြား သတ္တဝါကို၊ ဆယ်ပြားအရပ်၊ မြှောက်ထုံးယက်၊ မှတ်အပ်လေးရာ့ ရှစ်ဆယ်ပွား။*

*    *လေးဆယ်ရှစ်ဝ သာမညတွင်၊ လေးရာရှစ်ဆယ်၊ ပေါင်းနှံ့သွယ်၊ အကျယ်ငါးရာ့ နှစ်ဆယ်ရှစ်။*

မှတ်ချက်။ ။ ဤ ၅၂၀–မြှောက်ပွားနည်းသည် ပဋိသမ္ဘိဒါမဂ်၌ အရှင်သာရိပုတ္တရာမိန့်ဆိုသည့် နည်းကို အခြေခံ၍ တွက်ချက်ခြင်းဖြစ်သည်၊ ဘုရားရှင်အလိုကျကား ဝရိတ်ကြီးမေတ္တသုတ်လာ ပွားများနည်းသာ ဖြစ်သည်။

http://www.dhammadownload.com



## မေတ္တာအကျိုး ၁၁–မျိုး

*ချမ်းသာ အိပ်, နိုး၊ အိပ်မက်ဆိုးတင်း၊ ချစ်ခြင်းလူ, နတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်, မီး, ဆိပ်၊ ကင်း ဆိတ်မငြိ၊ သမာဓိတည်၊ မျက်နှာကြည်၍၊ သေသည် မတွေဝေ၊ ဗြဟ္မာ့ပြည်လား၊ ဆယ့်တစ်ပါး၊ ကျိုးများ မေတ္တာရှင်။*

---

## မေတ္တသုတ်လာ မေတ္တာဘာဝနာ

### မေတ္တာရှေ့သွား ကျင့်ဆယ့်ငါး

| | |
|---|---|
| စွမ်းနိုင်, ဖြောင့်မတ်၊ ပိုလတ်ဖြောင့်စေ။ | သက္ကော, ဥဇူ စ, သုဟုဇူ စ၊ |
| ဆိုလွယ်, နူးညက်၊ မတက်မာန်တွေ။ | သုဝစော စဿ, မုဒု, အနတိမာနီ။ |
| ရောင့်ရဲသမှု၊ မြူစု လွယ်စေ။ | သန္တုဿကော စ, သုဘရော စ၊ |
| ကိစ္စသေး၊ သက်မွေးပေါ့ပါးစေ။ | အပ္ပကိစ္စော စ, သလ္လဟုကဝုတ္တိ။ |
| ဣန္ဒြေ ငြိမ်သက်၊ ရင့်ကျက် ဉာဏ်တွေ။ | သန္တိန္ဒြိယော စ, နိပကော စ၊ |
| မကြမ်းတမ်းဘဲ မစွဲ မျိုးဆွေ။ | အပ္ပဂဗ္ဘော, ကုလေသွနနုဂိဒ္ဓေါ။ |
| ကဲ့ရဲ့ဘွယ်ဟုတ်၊ သေးနုပ်ပါစေ။ | န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ |
| မပြုဘဲ ရှောင်လွှဲ နိုင်ကြစေ။ | ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ |

| | | | |
|---|---|---|---|
| ၁။ ကြောက်တတ်, မကြောက်တတ်၊ | နှစ်ရပ်များစွာ၊ သတ္တဝါ၊ | ချမ်းသာကိုယ်စိတ် မြဲပါစေ၊ | ဥပဒ်ရန်ဘေး ကင်းဆင်ဝေး ငြိမ်းအေးကြပါစေ။ |
| ၂။ မြင်အပ်, မမြင်အပ်၊ | နှစ်ရပ်များစွာ၊ သတ္တဝါ၊ | ။ | ။ |
| ၃။ ဝေးနေ, နီးနေ၊ | နှစ်ထွေများစွာ၊ သတ္တဝါ၊ | ။ | ။ |
| ၄။ ဘဝဇာတ်ဆုံး | မဆုံးများစွာ၊ သတ္တဝါ၊ | ။ | ။ |
| ၅။ ရှည်, တို, အလတ်၊ | သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ | ။ | ။ |
| ၆။ ကြီး, ငယ်, အလတ်၊ | သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ | ။ | ။ |
| ၇။ ဆူ, တုံ့, အလတ်၊ | သုံးရပ်ခန္ဓာ၊ သတ္တဝါ | ။ | ။ |

၈။ လူအချင်းချင်း လှည့်ပတ်ခြင်း တင်းရှင်းကြပါစေ။

၉။ အထင်သေးခြင်း အချင်းချင်း တင်းရှင်းကြပါစေ။

၁၀။ ဆင်းရဲလိုခြင်း အချင်းချင်း တင်းရှင်းကြပါစေ။ (မင်းကွန်းတိပိဋကဓရ)

* *ကြောက်, မြင်, ဝေး, ဆုံး၊ နှစ်လေးလုံး၊ သုံး, သုံးရှည်, ကြီး, ဆူ။*

(၂–ယောက်တွဲ ၄–တွဲ=၈–ယောက်၊ ၃–ယောက်တွဲ ၃–တွဲ= ၉–ယောက် စုစုပေါင်း ၁၇–ယောက်)

http://www.dhammadownload.com



## စရိုက် ၆–ပါး

အများသူ၏ ပင်ကိုယ်ရိုးရာဖြစ်နေကျထက် ပိုမိုလွန်ကဲပြီးဖြစ်တတ်သော အမူအရာကို စရိုက်ဟုခေါ်သည်၊ ထိုစရိုက်သည်–

၁။ ရာဂစရိုက် – ရာဂကြီးမှု, ကာမဂုဏ် လိုက်စားလွန်းမှု၊

၂။ ဒေါသစရိုက် – ဒေါသကြီးမှု၊

---

## ရန်ငြိုးပျောက်နည်း ၁၁–နည်း

၁။ မေတ္တာရှုနည်းကို ဝင်စား၍၎င်း၊ ၂။ ဒေါသ၏အပြစ်ကို ဆင်ခြင်၍၎င်း၊

၃။ ရန်သူ၏အကျင့်ကောင်းတို့ကို အောက်မေ့၍၎င်း၊ ၄။ ကရုဏာထား၍၎င်း၊

၅။ ဘုရား၏ အဆုံးအမတို့ကို ဆင်ခြင်လျက် မိမိကိုယ်ကို ဆုံးမ၍၎င်း၊

၆။ သတ္တဝါများသည် သူ့ထံအတိုင်းသာ ဖြစ်သည်ဟူသော ကမ္မဿကတာ ဉာဏ်ဖြင့်၎င်း၊

၇။ သည်းခံပုံ ဇာတ်တော်များကို ဆင်ခြင်၍၎င်း၊

၈။ သံသရာတစ်လျှောက်၌ မိဘ, ဆွေမျိုး မတော်ခဲ့ဘူးသူ မရှိပုံကို ဆင်ခြင်၍၎င်း၊

၉။ မေတ္တာအကျိုးများကို ဆင်ခြင်၍၎င်း၊

၁၀။ သင်သည် ဆံပင်စသည်ကို အမျက်ထွက်သလော, ပထဝီဓာတ်စသည်ကို အမျက်ထွက်သလောစသည်ဖြင့် ဓာတ်ခွဲ၍ဆော်၍၎င်း၊

၁၁။ ဥစ္စာပေး, ယူသောအားဖြင့်၎င်း ရန်ငြိုးပျောက်ရမည်။ (ဝိသုဒ္ဓိမဂ် ၁–၂၉၀)

## ကရုဏာပွားနည်း

လောက၌ ကရုဏာမဲ့ ညှင်းဆဲတတ်သူသည် လောကီရှုံးပါးလေ၏ ဂုဏ်သိက္ခာလည်းယုတ်လျော့ရ၏ မကောင်းသတင်း ကျော်စောလေ၏ ပရိသတ်ထဲ မဝင်ရဲ တွေဝေစွာ သေရ၏ အပါယ်လေးဘုံ၌လည်း ကျင်လည်ရပြန်လည်း အမျိုးယုတ်၏ အနာများ၏ အသင်းမတွေ့ ဆင်းရဲနွမ်းပါး၏ အသက်တို၏ ထိုသို့ဖြင့် ကရုဏာခေါင်းပါးခြင်း၏ အပြစ်, ကရုဏာထားခြင်း၏ အကျိုးတို့ကို ဆင်ခြင်၍ အလွန် သနားစရာ ဒုက္ခိတသတ္တဝါကို–

ဒုက္ခာ မုစ္စန္တု–(ဒုက္ခအပေါင်းမှ လွတ်မြောက်ပါစေ) ဟု ကရုဏာပွားရမည်။ (ဝိသုဒ္ဓိ ၄–၁–၃၀၇) အနောဓိသ ၅+ဩဓိသ ၇=၁၂–ယောက်ကို ဒုက္ခာ မုစ္စန္တု–ဖြင့် မြှောက်လျှင် ၁၂–ပါးရ၏ ယင်း ၁၂–ပါးကို အရပ်မျက်နှာ ၁၀–ပါးဖြင့် မြှောက်လျှင် ၁၂၀–ဖြစ်၏ ယင်း ၁၂၀–ကို မူရင်း ကရုဏာ ၁၂–ပါးဖြင့် ပေါင်းလျှင် ကရုဏာပေါင်း ၁၃၂–ဖြစ်တော့သည်။

## သုခိတသတ္တဝါတို့ဝယ် ကရုဏာပွားနိုင်ပုံ

ဒုက္ခိတသတ္တဝါမရှိလျှင် မကောင်းမှုပြုသူ သုခိတသတ္တဝါ၏ ဖြစ်လတ်သော, အပါယ်ဘေးစသည်ကို ဆင်ခြင်၍၎င်း ကောင်းမှုပြုသူ သုခိတသတ္တဝါ၏ ဉာတိဗျသန စသော ဗျသနဘေး, သံသရာဘေးစသည်ကို ဆင်ခြင်၍၎င်း ကရုဏာပွားနိုင်သည်။ (ဝိသုဒ္ဓိ ၄–၁–၃၀၈)

http://www.dhammadownload.com



၃။ မောဟ စရိုက်– ထုံထိုင်း, ဖျင်းအ မှု၊ အသိဉာဏ်နည်းမှု၊

၄။ ဝိတက္က စရိုက်– အတွေးအကြံများမှု၊

၅။ သဒ္ဓါ စရိုက် – ကြည်ညိုလွန်ကဲမှု၊

၆။ ဗုဒ္ဓိ စရိုက် – အသိဉာဏ်ထက်မြက်မှု၊ ရင့်ကျက်မှု။

---

ဓုဒ်တောင္ဘားဝုံ

သုဒ်တသတ္တါကို–ယထာလဒ္ဓသမ္ပတ္တိတော ဟ ဝိဂစ္ဆန္တု –

(ရရှိတိုင်းသော စည်းစိမ်မှ မခွေ့လျော့ပါစေသတည်း) ဟု ပွားရမည်။ (မုဒိတာလည်း ထရှဏာတဲ့သို့ ၁၃၂–ပါးပြားနိုင်သည်။)

ဒုက္ခိတသတ္တဝါတိုင်ဝင် ဓုဒ်တောင္ဘားနိုင်ဝုံ

ဒုက္ခိတသတ္တဝါ ဖြစ်စေတာမှု ရှေ့နောက်ကာလတို့၌ ရအူး, ရလတ္တံ့သော သုခ ကိုအာရုံပြု၍ ပွားများနိုင်သည်။(ဝိသုဒ္ဓိ ၄ ၁–၃၀၉)

အာဟာရေပဋိကူလသညာ–စားသောက်ပွယ်အစာအာဟာရ၌ စက်ဆုတ်ရွံရှာပွယ် ဟူသောအမှတ်။

* ။ပိုးစာ, ဓာတ်မီး၊ ကျင်ကြီး, ကျင်ငယ်၊ တစ်သွယ် သွေးသား၊ ဖြစ်လေပြားသည်၊ ငါးပါးအစု ခွဲဝေတည်း။ (ပိုးစာ, လောင်မီး)

စတုဓာတုဝဝတ္ထာန် – ပထဝီသော ဓာတ်ကြီးလေးပါးတို့၏ သဘောကို ပိုင်းခြား ထင်ထင်သိမြင်အောင် ပွားများမှု။

ပထဝီ –မာ, ပျော့, ကြမ်း, နု သဘော။ (မြေ, တုံး, တိုင်စသော အတုံးအခဲများ၌ထင်ရှား)

အာပေါ် –ယိုစီး, ဖွဲ့စည်း, ပူးတွဲ, လုံးခဲသဘော။ (ရေ၌ ယိုစီးမှုထင်ရှား၊ အမှုန့်ကို အတုံးအခဲပြုလုပ်ရာ၌ လုံးခဲ, ပူးတွဲ, ဖွဲ့စည်းမှု ထင်ရှား)

တေဇော–ပူ, အေး သဘော။ (မီး၌ ပူမှုထင်ရှား၊ ဆီးနှင်းစသည်၌ အေးမှုထင်ရှား)

ဝါယော –ထောက်, ကန်, တောင့်, တင်း, လှုပ်ရှား, ရွေ့ရှား သဘော။(လောလုံးစသည်၌ထင်ရှား)

အာရုပ္ပ ၄–ပါး

၁။ အာကာသာနဉ္စာယတန –အဆုံးအပိုင်း အခြားမရှိသော ကောင်းကင်ပညတ်ကိုအာရုံပြု၍ ပွားများမှု။

၂။ ဝိညာဏဉ္စာယတန –ပထမအရူပစိတ်၏ အပိုင်းအခြား မရှိပုံကို အာရုံပြု၍ ပွားများမှု။

၃။ အာကိဉ္စညာယတန –ပထမ အရူပဈာန်စိတ်၏ မရှိခြင်း(နတ္ထိဘောပညတ်)ကို အာရုံပြု၍ဖြစ်သော ပွားများမှု။

၄။ နေဝသညာနာသညာယတန –တတိယ အရူပဈာန်စိတ်၏ ငြိမ်သက်ခြင်းသဘောကို အာရုံပြု၍ဖြစ်သော ပွားများမှု။

စတုရာရက္ခ ကမ္မဋ္ဌာန်း– ဗုဒ္ဓါနုဿတိ, အသုဘ, မေတ္တာ, မရဏာနုဿတိ–ဤ၄–ပါးသည် အတွင်း, အပ ရန်များကို ကာကွယ်နိုင်သော ကိုယ်စောင့် ၄–ပါးဖြစ်သည်။ (ဒွေသိက္ခာ ၄၆၁)

http://www.dhammadownload.com



**သပ္ပါယဘေဒ**

စရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို ခွဲခြားပြသော အခန်းသည် သပ္ပါယဘေဒ မည်သည်။

**သပ္ပါယဘေဒ(စရိုက်နှင့်ကမ္မဋ္ဌာန်း)**

| စရိုက် | သင့်လျော်သော ကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂ | အသုဘ-၁၀၊ ကာယဂတာသတိ-၁၊ | ၁၁ |
| ဒေါသ | နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်း ၄- အပ္ပမညာ-၄ | ၈ |
| မောဟ+ဝိတက် | အာနာပါနဿတိ | ၁ |
| သဒ္ဓါ | ဗုဒ္ဓ- ဓမ္မ- သံဃာ- သီလာ- စာဂ- ဒေဝတာနုဿတိ | ၆ |
| ဗုဒ္ဓိ | ဥပသမာနုဿတိ, မရဏာနုဿတိ, သညာ, ဝဝတ္ထာန် | ၄ |
| စရိုက်အားလုံး | ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကကသိုဏ်း, အာရုပ္ပ-၄ | ၁၀ |

* *ရာ, ဒေါ်, မော, တက်၊ တစ်ချက် သဒ္ဓါ၊ ဗုဒ္ဓိပါ၊ ခြောက်ဖြာ စရိုက်ပြား။*

* *အသု, ကာယ၊ သင့်ရာဂတည်း၊ လေး၀ ရောင်မှာ၊ ပ္ပမညာကား၊ ဒေါသတား၍၊ နှစ်ပါး မော, တက်၊ အာနာဗျက်၏၊ ခြောက်ချက် ဗုဒ်ဓ၊ သဒ္ဓါမျှလျက်၊ ဥပ မရဏာ၊ ၀, သညာ၊ သင့်ရာ ဗုဒ္ဓိမှတ်။*

* *ပ, အာ, တေ, ဝါ၊ အာကာ, အာနှင့်၊ လေးဖြာ အရူ၊ ဤဆယ်ဆူ၊ မှတ်ယူအများဆိုင်။*

**ဆိုရိုး**

၁။ အသုဘ ၁၀-ပါး, ကာယဂတာသတိ ၁-ပါးအားဖြင့် ၁၁-ပါးသည် ရာဂစရိုက်ရှိသူနှင့် သင့်လျော်သည်။ **(ရာဂ၏ ပြောင့်ပြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း)**

၂။ နီလစသော အရောင်ကသိုဏ်း ၄-ပါးနှင့် အပ္ပမညာ ၄-ပါးအားဖြင့် ၈-ပါးသည် ဒေါသစရိုက်ရှိသူနှင့် သင့်လျော်သည်။

**(ဒေါသဖယ်ကြောင်းလည်းဖြစ်. မညှင်းဆဲမှုတို့လည်း အာရုံပြုသောကြောင့်တည်း)**

http://www.dhammadownload.com


၃။ အာနာပါနဿတိသည် မောဟစရိုက်, ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သည်။
**(အာနာပါနဿတိသည် ပညာအာရုံအဖြစ်ဖြင့် မောဟစရိုက်ဆန့်ကျင်ဘက်လည်းဖြစ်, ဝိတက်ပြေးသွားမှုကို တားမြစ်တတ်သည်လည်း ဖြစ်သောကြောင့် အာနာပါနဿတိသည် မောဟစရိုက်, ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သည်)**

၄။ ဗုဒ္ဓါနုဿတိစသော ၆-ပါးသည် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်သည်။
**(သဒ္ဓါပွားကြောင်း ဖြစ်သောကြောင့်တည်း)**

၅။ ဥပသမာနုဿတိ, မရဏာနုဿတိ, သညာ, ဝဝတ္ထာန်အားဖြင့် ၄-ပါးသည် ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်သည်။
**(နက်နဲသည်ဖြစ်၍ ဉာဏ်ပညာအရာဖြစ်သောကြောင့်တည်း)**

၆။ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော ဘူတကသိုဏ်း ၄-ပါး၊ အာကာသ, အာလောက, အာရုပ္ပ ၄-ပါးအားဖြင့် ၁၀-ပါးသည် စရိုက်အားလုံးနှင့် သင့်လျော်သည်။
*အမှာ-*
မောဟစရိုက်ရှိသူသည် ခပ်ကျယ်ကျယ် ကသိုဏ်းဝန်းနှင့်သာ သင့်လျော်သည်၊ ဝိတက်စရိုက်ရှိသူကား ခပ်ကျဉ်းကျဉ်း ကသိုဏ်းဝန်းနှင့်သာ သင့်လျော်သည်။

---

ကျဉ်းမြောင်းသော အရပ်၌ စိတ်သည် အတိုင်းထက်အလွန် တွေဝေတတ်သောကြောင့် ကောက် နယ် တလင်းခန့် ကျယ်ပြန့်သော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်သည်။

ကျယ်ဝန်းသော အာရုံသည် ဝိတက် ပြေးသွားကြောင်း ဖြစ်သောကြောင့် ပန်း, စလော, အိုးဖုံး, စလောင်းမျှ ကျဉ်းငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သည်။

ရာဂစသည်ကို မပယ်ခွါနိုင်သော ကမ္မဋ္ဌာန်း, သဒ္ဓါစသည်အား ကျေးဇူးမပြုသော ကမ္မဋ္ဌာန်း မည်သည်မရှိ၊ သို့သော်ဖြောင့်ဖြောင့်ဆန့်ကျင်ပြီး သက်ဆိုင်ရာ စရိုက်ရှိသူနှင့် အလွန်သင့်လျော်သော ကမ္မဋ္ဌာန်းများကို ခွဲဝေပြသောအခန်းသည် သပ္ပါယဘေဒ။

http://www.dhammadownload.com



## ဘာဝနာဘေဒ (ကမ္မဋ္ဌာန်း+ ဘာဝနာ)

| ကမ္မဋ္ဌာန်းသရုပ် | | ပရိကမ္မဘာဝနာ | ဥပစာရဘာဝနာ | အပ္ပနာဘာဝနာ | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဈာန်–၁ | ဈာန်–၂ | ဈာန်–၃ | ဈာန်–၄ | ဈာန်–၅ |
| ဗုဒ္ဓါနုဿတိ–စသော ၈၊ သညာ၊ ဝဝတ္ထာန် | ၁၀ | ။ | | | | | | |
| ကသိုဏ်း–၁၀၊ အာနာပါနဿတိ | ၁၁ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| အသုဘ–၁၀၊ ကာယဂတာသတိ | ၁၁ | ။ | ။ | ။ | | | | |
| မေတ္တာ၊ ကရုဏာ၊ မုဒိတာ | ၃ | ။ | ။ | ။ | ။ | ။ | ။ | |
| ဥပေက္ခာ | ၁ | ။ | ။ | | | | | ။ |
| ရူပဈာန်ဖြစ်အာရုံစုစုပေါင်း | ၂၆ | | | ၂၅ | ၁၄ | ၁၄ | ၁၄ | ၁၂ |
| အာကာ/ဝိညာ/အာကိဉ်/နေဝ | | ။ | ။ | အာကာ/ဝိညာ/အာကိဉ်/နေဝ | | | | |

* *ကသိုဏ်း, အာနာ၊ ဈာန်ငါးဖြာတည်း၊ ကာယာ, အသု၊ ပ–ဈာန်ပြဲ၍၊ သုံးခု မေတ်စ၊ ဈာန်လေးဝနှင့်၊ ပဉ္စမ ဥ၊ အရူပမှာ၊ သူ့ဆိုင်ရာ၊ ဆယ်ဖြာ ဈာန်မရ။*

ဆိုရိုး– ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာကို ကမ္မဋ္ဌာန်းတိုင်း၌ ရနိုင်သည်။ ဗုဒ္ဓါနုဿတိ စသော ၈–ပါးနှင့် သညာ, ဝဝတ္ထာန်အားဖြင့် ၁၀–ပါးတို့၌ကား အပ္ပနာဘာဝနာ မရနိုင်။ (ယုံကြည်မှုကြီးရမည်, များသောအပြုံးရှိရမည်, နက်နဲလည်း နက်နဲသောကြောင့် အပ္ပနာဘာဝနာကို မရနိုင်) ကြွင်းသော ကမ္မဋ္ဌာန်း၃၀–တို့၌သာ အပ္ပနာဘာဝနာ ရနိုင်သည်၊ အပ္ပနာဘာဝနာ ရနိုင်သော ကမ္မဋ္ဌာန်း ၃၀–တို့တွင်–

၁။ ကသိုဏ်း ၁၀–ပါး, အာနာပါနအားဖြင့် ၁၁–ပါးသည် ဈာန် ၅–ပါးလုံး ရစေနိုင်သည်။

၂။ အသုဘ ၁၀–ပါး, ကာယဂတာသတိအားဖြင့် ၁၁–ပါးသည် ပထမဈာန်တစ်မျိုးကိုသာ ရစေနိုင်သည်။ (အသုဘသည် ဓာတ်ဆုပ်မှုမဲ့ အာရုံရှိသည် ဖြစ်၍ ဝိတက်နှင့် ကင်း၍ မတည်တံ့နိုင်သောကြောင့်တည်း)

၃။ မေတ္တာစသော ၃–ပါးသည် ပ, ဒု, တ, စ ဟူသော အောက်ဈာန်လေးပါးကို ရစေနိုင်သည်၊

၄။ ဥပေက္ခာသည် ပဉ္စမဈာန် တစ်မျိုးကိုသာ ရစေနိုင်သည်။

၅။ အာရုပ္ပ ကမ္မဋ္ဌာန်း ၄–ပါးသည် သက်ဆိုင်ရာ အရူပဈာန်အသီးသီးကိုသာ ရစေနိုင်သည်။

http://www.dhammadownload.com


## ဓါတုပ(နိမိတ္တ)ခဏ္ဍ

နိမိတ်တို့တွင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂–ပါးကို ကမ္မဋ္ဌာန်း ၄၀–လုံး၌ ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရနိုင်သည်။

ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိဘာဝနာ၊ အာနာပါနဿတိ–ဟူသော ကမ္မဋ္ဌာန်း ၂၂–ပါးတို့၌သာ ရအပ်သည်၊ ကြွင်းသော ဗုဒ္ဓါနုဿတိ–စသော အနုဿတိ ၈–ပါး၊ သညာ၊ ဝဝတ္ထာန်၊ အပ္ပမညာ ၄–ပါး၊ အာရုပ္ပ ၄–ပါး–ဟူသော ၁၈–ပါးတို့၌ မရအပ်။

## နိမိတ် ၃–မျိုး

ကမ္မဋ္ဌာန်း ဘာဝနာ ပွားများစဉ် ထင်မြင်လာသောအာရုံများကို နိမိတ် ဟုခေါ်သည်၊ ထို နိမိတ် သည်–

၁။ ပရိကမ္မနိမိတ် – အခြေခံ စ–တည် ရှုမှတ် ပွားများအပ်သော ပထဝီကသိုဏ်းဝန်း စသော အာရုံများ။

၂။ ဥဂ္ဂဟနိမိတ်– ပရိကမ္မဘာဝနာဖြင့် အတော်အတန် ပွားများပြီးသောအခါ ပကတိမျက်စိဖြင့် မြင်နေသလို စိတ်ထဲ၌ စွဲမြဲ ထင်မြင်နေသော ပထဝီကသိုဏ်း စသော ကမ္မဋ္ဌာန်း အာရုံများ။

၃။ ပဋိဘာဂနိမိတ် –ဥဂ္ဂဟနိမိတ် ထင်ပြီးနောက် ဥပစာရဘာဝနာ အချိန်ရောက်သောအခါ ဥဂ္ဂဟနိမိတ်နှင့် အလားတူသော, ပရမတ္ထဓမ္မမှ အလွတ်ဖြစ်သော, ပညတ် ဟုဆိုအပ်သော, ဘာဝနာကြောင့်ဖြစ်ရသော, စိတ်ထဲ၌ စွဲမြဲစွာ သက်ဝင်တည်တံ့နေသော အာရုံတစ်မျိုး။

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံနှင့် ရူပဈာန်ဖြစ်ပုံ

ပရိကမ္မဘာဝနာ ပွားများချိန်မှာပင် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်များထင်လာသည်၊ ဥဂ္ဂဟ နိမိတ်ထင်ပြီးနောက် ပဋိဘာဂနိမိတ် ထင်လာသောအခါ၌ကား ဥပစာရဘာဝနာဖြစ်လာတော့သည်။

ထိုဥပစာရဘာဝနာဟူသည် သမာဓိ၏ဘေးရန် နီဝရဏများကို ပယ်ရှားတတ်သည့် ကာမာဝစရ ဘာဝနာပင်ဖြစ်သည်၊ ဥပစာရဘာဝနာဖြစ်ပြီးနောက် ထိုပဋိဘာဂနိမိတ်ကို ဥပစာရ သမာဓိဖြင့် ကောင်းစွာမှီဝဲလျှင် ရူပ ပထမဈာန်ဟူသော အပ္ပနာဘာဝနာ ဆက်ဖြစ်တော့သည်။

* *ပရိကမ္မ၊ ဥဂ္ဂဟနှင့်၊ တစ်ဝ ပဋိဘာ၊ ဤသုံးဖြာ၊ ထင်လာနိမိတ်ပြား။*

* *ပရိကမ်တွင်၊ ပ, ဥဂ်ထင်၍၊ ဥ လျှင် ပဋိဘာ၊ ထင်မြင်လာ၊ အပ္ပနာဆက်လက်ဖြစ်။*

http://www.dhammadownload.com


## ဒုတိယဈာန်စသည် ဖြစ်ပေါ်ပုံ

ထိုပထမဈာန်ကိုပင် ဝသီဘော် ငါးမျိုးဖြင့် လေ့လာပွားများလျှင် ဝိတက်စသောရန်နှင့်ရင်းသော ဈာန်အင်္ဂါများကို ပယ်ရှားရန်, ဝိစာရ စသော သိမ်မွေ့သော ဈာန်အင်္ဂါများဖြစ်ပေါ်ရန် အားထုတ်သောအခါ ဒုတိယဈာန်စသည်ဖြစ်ပေါ်လာသည်။

* *အစွမ်းထက်အောင်၊ ပြုလုပ်ဆောင်၊ အခေါ်င် ဝသီဘော်။*

* *အာဝဇ်, သမာ၊ အဓိဋ္ဌာနှင့်၊ ဝုဋ္ဌာန လှစ်၊ ပစ္စဝေက်၊ ငါးဆစ် ဝသီဘော်။*

* *ဝသီဘော်များ၊ လေ့လာပွားက၊ ဈာန်များစွမ်းထက်၊ ထက်လှမ်းတက်နိုင်၊ လိုတိုင်းပိုင်၏။*

### ဝသီဘော် ၅–ပါး

၁။ **အာဝဇ္ဇနဝသီဘော်**– ဝထမဈာန်၏ ဈာန်အင်္ဂါ ၅–ပါးတို့တွင် ၁–ပါးပါးသော အာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ၄–ကြိမ် ၅–ကြိမ်သော ဇော, ၂–ကြိမ် ၃–ကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်း၌ စွမ်းနိုင်သည့်၏ အဖြစ်တည်းဟူသော ဈာန်အင်္ဂါကို ဆင်ခြင်ခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၂။ **သမာပဇ္ဇနဝသီဘော်**– ဝင်စားခြင်း၌ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်၏ အခြားမဲ့၌ ၂–ကြိမ် ၃–ကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်း၌ စွမ်းနိုင်သည့်၏ အဖြစ်တည်းဟူသော ဈာန်ကို ဝင်စားခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၃။ **အဓိဋ္ဌာနဝသီဘော်**– ထံထားသည့် ရေအလျဉ်ရှိသော မြစ်၏ ရေအလျဉ်ကို ဖြတ်သကဲ့သို့ ဘဝင်၏ အလျဉ်ကိုဖြတ်၍ ပိုင်းခြားတိုင်းသော ကာလပတ်လုံး ဈာန်ကို ထားခြင်း၌ စွမ်းနိုင်သည့်၏ အဖြစ်တည်းဟူသော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်း၌ လျော်သော ဆောက်တည်ခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊ ပါ–ပိုင်းခြားတိုင်းသော ကာလမှ အထက်သို့ သွားခြင်း၌ မပေးမူ၍ ဈာန်ကို ထားခြင်း၌ စွမ်းနိုင်သည့်၏ အဖြစ်တည်းဟူသော ဆောက်တည်ခြင်း၌ စွမ်းနိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၄။ **ဝုဋ္ဌာနဝသီဘော်**– ပိုင်းခြားတိုင်းသော ကာလကို မလွန်စေမူ၍ ဈာန်မှ ထခြင်း၌ စွမ်းနိုင်သူ၏ အဖြစ်တည်းဟူသော ဈာန်မှ ထခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊ ပါ–ပိုင်းခြားတိုင်းသော ကာလ၏ အတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသော ကာလ၏ အစွမ်းဖြင့်သာလျှင် ဈာန်မှ ထခြင်း၌ စွမ်းနိုင်သည့်၏ အဖြစ်တည်းဟူသော ဈာန်မှ ထခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၅။ **ပစ္စဝေက္ခဏဝသီဘော်**– ပထမဈာန်၏ အင်္ဂါ ၅–ပါးတို့တွင် ၁–ပါးပါးသော အာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ၄–ကြိမ် ၅–ကြိမ်သော ဇော, ၂–ကြိမ် ၃–ကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ အထပ်ထပ်ဈာန်အင်္ဂါကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်း၌ ထက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

http://www.dhammadownload.com


**အရူပဈာန်ဖြစ်ပေါ်ပုံ**

၁။ ရူပါဝစရ ပဉ္စမဈာန်ကို အခြေခံ၍ အရူပဈာန်သို့ တက်လှမ်းရာ၌ ရူပါဝစရပဉ္စမဈာန်ကို ဝသီဘော် ၅-တန်ဖြင့် အပန်ဖန် လေ့လာပြီးသောအခါ ရုပ်ခန္ဓာ၌ စက်ဆုပ်သဖြင့် အာကာသမှ အခြားကသိုဏ်း ၉-ပါးတို့တွင် တစ်ပါးပါးကို ပယ်ခွါသဖြင့် ရလာသော-

ကောင်းကင်ပညတ်ကို **အနန္တော အာကာသော(ကောင်းကင်ပညတ်သည် အဆုံးအပိုင်းအခြားမရှိ)**ဟု အပန်တလဲလဲ ပွားများလျှင် အာကာသာနဉ္စာယတနဈာန်ဟူသော **ပထမအရူပစိတ်** ဖြစ်ပေါ်လာ၏။

၂။ ထိုပထမာရုပ္ပဝိညာဉ်ကိုပင် **အနန္တံ ဝိညာဏံ(ပထမာရုပ္ပဝိညာဉ်သည် အဆုံးအပိုင်းအခြား မရှိ)** ဟု အပန်တလဲလဲ ပွားများလျှင် ဝိညာဏဉ္စာယတနဈာန်ဟူသော ဒုတိယ **အရူပစိတ်** ဖြစ်ပေါ်လာ၏။

၃။ ထိုပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို **နတ္ထိ ကိဉ္စိ(စိုးစဉ်း အနည်းငယ်မျှ မရှိ)** ဟု အပန်တလဲလဲ ပွားများလျှင် အာကိဉ္စညာယတနဈာန်ဟူသော **တတိယအရူပစိတ်** ဖြစ်ပေါ်လာ၏။

၄။ ထိုတတိယာရုပ္ပဝိညာဉ်ကို **သန္တမေတံ ပဏီတ မေတံ (ဤတတိယာရုပ္ပဝိညာဉ်သည် ငြိမ်သက်၏ မွန်မြတ်၏)** ဟု အပန်တလဲလဲ ပွားများလျှင် နေဝသညာ နာသညာယတန ဈာန်ဟူသော **စတုတ္ထ အရူပစိတ်** ဖြစ်ပေါ်လာ၏။

**အဘိညာဉ်ဖြစ်ပုံ**

အဘိညာဉ်၏ အစွမ်းပြင့်ဖြစ်သော ရူပါဝစရပဉ္စမဈာန်သည် အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရပဉ္စမဈာန်မှထ၍ အဓိဋ္ဌာန်ခြင်း အစရှိသည်ကို ဝါ- အဓိဋ္ဌာန်အပ် ဖန်ဆင်းအပ်သော အရာအထောင်-စသော သူငယ်အသွင် အစရှိသည်ကို ဆင်ခြင်၍ သတံ ဟောမိ သဟဿံ ဟောမိ- အစရှိသည်ဖြင့် အပန်ဖန်တလဲလဲ စီးဖြန်းခြင်းပရိကံကို ပြုသောယောဂီပုဂ္ဂိုလ်အား ရူပါရုံ- အစရှိကုန်သော အာရုံ ၆-ပါးတို့၌ ထိုက်သည်အားလျော်စွာ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

**အဘိညာဉ် ၅-ပါး**

၁။ ဣဒ္ဓိဝိဓအဘိညာဉ်- **အထူးထူးအပြားပြား ထန်ဖို့ဖန်ဆင်းခြင်းငှါ စွမ်းနိုင်သော အဘိညာဉ်၊**
၂။ ဒိဗ္ဗသောတအဘိညာဉ်- **နတ်၏ နားကဲ့သို့ အဝေးမှ အသံကို ကြားစွမ်းနိုင်သော အဘိညာဉ်၊**
၃။ ပရစိတ္တဝိဇာနနအဘိညာဉ်- **သူတစ်ပါးစိတ်ကို သိစွမ်းနိုင်သော အဘိညာဉ်၊**

http://www.dhammadownload.com



၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်- ရှေးဌ်ိ နေဖူးသော ခန္ဓာအစဉ်ကို အဖန်ဖန်တလဲလဲ အောက်မေ့ခြင်း သတိနှင့်ယှဉ်သော အဘိညာဉ်၊

၅။ ဒိဗ္ဗစက္ခုအဘိညာဉ်- နတ်တို့ မျက်စိကဲ့သို့ အဝေးမှ အဆင်းကို မြင်စွမ်းနိုင်သော အဘိညာဉ်။

## အဘိညာဉ် ၅-ပါး ၆-ပါး

ယထာကမ္မူပဂနှင့် အနာဂတံသ ၂-ပါးသည် ဒိဗ္ဗစက္ခု၏ အကျိုးဆက်များဖြစ်၍ ယင်း ၂-ပါးကို ဒိဗ္ဗစက္ခု၌ သွင်းလျှင် အဘိညာဉ် ၅-ပါးဖြစ်၏။

ယင်း ၅-ပါး၌ အာသဝက္ခယအဘိညာဉ်ကို ထည့်သွင်းလျှင် အဘိညာဉ် ၆-ပါးဖြစ်သည်၊ ဤအာသဝက္ခယအဘိညာဉ်ကား လောကုတ္တရာဖြစ်၍ ရှေ့ ၅-ပါးသည် လောကီဖြစ်သည်။

* *ဝ, သော, တ္တန်, ပ၊ ပုဗ်, ယ, အ-တု၊ သတ္တာဘိညာ၊ ငါးဖြာဖြစ်တ၊ ယနှင့် အ-ကို၊ ဝ-၌ သွင်းယူ၊ ခြောက်မူ အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက် နားလည်စေ။(သြဒနီ-၁/ဝိ)*

---

## သမထ ဘာဝနာအကျိုး

၁။ ရျာန်ချမ်းသာခံစားရခြင်း၊ ၂။ အဘိညာဉ်ရခြင်း၊ ၃။ ဝိပဿနာအခြေခံဖြစ်ခြင်း၊ ၄။ နိရောဓသမာပတ်၏ အခြေခံဖြစ်ခြင်း၊ ၅။ ဈာန်မြင့်ကွယ်လွန်လျှင် ဗြဟ္မာဘုံ၌ ဖြစ်ရခြင်း။ (ဝိသုဒ္ဓိ ၁-၃၆၈)

## သမထနှင့် ဝိပဿနာ

**သမထသည်** ဝညတ်ကို အာရုံပြု၍ ရှုမှတ်ပွားများမှုတည်း။ နီဝရဏတို့ကို ငြိမ်သက်စေသည်၊ ထပ်မံမဖြစ်အောင် အနုသယကိလေသာကို အမြစ်ပြတ်မပယ်နိုင်၊ ဈာန်အဘိညာဉ် ရစေနိုင်၏၊ သမာဓိခေါ်သော စေတသိကို အရကောက်ရ၏၊ သာသနာတွင်း, သာသနာပ ၂-မျိုးလုံး၌ရှိနိုင်၊ ခဲသိုးတစ်လျှောင်ခေး ဆိုသကဲ့သို့ အသုံးမချတတ်လျှင် အပါယ်သို့ပင် ရောက်စေနိုင်သည်။

**ဝိပဿနာကား** ပညတ်ကျော်ပြီး ပရမတ်ရောက်အောင် ရှုမှတ်ပွားများမှုတည်း၊ ထေဘူမက ရုပ်နာမ်သင်္ခါရ ပရမတ်တို့အာရုံပြု၏၊ ပညာကို အရကောက်ရ၏၊ မဂ်, ဖိုလ် မဆိုက်သည့်တိုင် လောကီကျိုးတွင် အမြင့်မြတ်ဆုံးကို ပေးစွမ်းနိုင်သည်၊ မဂ် ဆိုက်လျှင်ကား အနုသယကိလေသာကို အမြစ်ဝါကျေနှ ပယ်နိုင်၏၊ အနည်းဆုံး အပါယ်တံခါး ပိတ်သွားပြီ၊

ဤဝိပဿနာသည်- သာသနာတွင်းမှသာ ရှိနိုင်သည်၊ ဖြစ်လာသောအခွင့်အရေးကို လက်လွှတ် ဆုံးရှုံးခံသူသည် သောကဖြင့် အဆုံးသတ်ရသည်ဟု ဘုရားဟောထားသည်၊ သာသနာနှင့် ကြုံပါလျက် သမထဖြင့် မတင်းတိမ်သင့်။ (ဝိသုဒ္ဓိမဂ် ဆည)

http://www.dhammadownload.com


## ဝိသုဒ္ဓိ ၇–ပါး

၁။ သီလဝိသုဒ္ဓိ– စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ– ဥပစာရသမာဓိ, အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ– လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ– နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသည်ဖြစ်၍ ၁၆–ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ–ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း၊

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ–ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ၉–ပါးသော ဝိပဿနာဉာဏ်ဟုဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျိုးဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ– နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်း။

## လက္ခဏာရေး ၃–ပါး

၁။ အနိစ္စလက္ခဏာ– မှတ်အပ်သော၊ ဝါ–မှတ်ကြောင်းဖြစ်သော အမြဲမရှိခြင်း၊

၂။ ဒုက္ခလက္ခဏာ– မှတ်အပ်သော၊ ဝါ–မှတ်ကြောင်းဖြစ်သော ဆင်းရဲခြင်း၊

၃။ အနတ္တလက္ခဏာ– မှတ်အပ်သော၊ ဝါ–မှတ်ကြောင်းဖြစ်သော အတ္တမဟုတ်ခြင်း။

အနိစ္စ– မမြဲသော ရုပ်, နာမ်ခန္ဓာ၊ အနိစ္စလက္ခဏာ– ရုပ်, နာမ်ခန္ဓာတို့၏ ကုန်ခမ်းပျက်စီးခြင်း မမြဲခြင်း အမှတ်အသား။

ဒုက္ခ– ဆင်းရဲသော ရုပ်, နာမ်ခန္ဓာ၊ ဒုက္ခလက္ခဏာ– ရုပ်, နာမ်ခန္ဓာတို့၏ ဆင်းရဲခြင်း အမှတ်အသား။

အနတ္တ– အတ္တမဟုတ်သော ရုပ်, နာမ်ခန္ဓာ၊ အနတ္တလက္ခဏာ– ရုပ်, နာမ်ခန္ဓာတို့၏ အတ္တမှ ကင်းဆိတ်ခြင်း အမှတ်အသား။

## အနုပဿနာ ၃–ပါး

၁။ အနိစ္စာနုပဿနာ– အမြဲမရှိခြင်းကို အဖန်တလဲလဲ ရှုခြင်း၊

၂။ ဒုက္ခာနုပဿနာ– ဆင်းရဲခြင်းကို အဖန်တလဲလဲ ရှုခြင်း၊

၃။ အနတ္တာနုပဿနာ– အတ္တမဟုတ်ခြင်းကို အဖန်တလဲလဲ ရှုခြင်း။

## ဝိပဿနာဉာဏ် ၁၀–ပါး

၁။ သမ္မသနဉာဏ်– ခန္ဓာအစရှိသည်တို့ကို အပေါင်းအစည်းအားဖြင့် သုံးသပ်သောအစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၂။ ဥဒယဗ္ဗယဉာဏ်– ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန်တလဲလဲရှုသော အစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၃။ ဘင်္ဂဉာဏ်– ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်း၌ ဖြစ်သော ဉာဏ်၊

http://www.dhammadownload.com



၄။ ဘယဉာဏ်– သင်္ခါရတို့ကို ဘေးအားဖြင့် အဖန်ဖန်တလဲလဲရှုသောအစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၅။ အာဒီနဝဉာဏ်– မြင်အပ်သော ဘေးရှိသော သင်္ခါရတို့ကို အပြစ်အားဖြင့် ရှုသောအစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၆။ နိဗ္ဗိဒါဉာဏ်– မြင်အပ်သော အပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၇။ မုစ္စိတုကမျတာဉာဏ်– ငြီးငွေ့၍ သင်္ခါရတို့မှ လွတ်ခြင်းငှါ အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၈။ ပဋိသင်္ခါဉာဏ်– လွတ်ခြင်း၏ အကြောင်း၏ ပြည့်စုံခြင်းငှါ တစ်ဖန် သင်္ခါရတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်၊

၉။ သင်္ခါရုပေက္ခာဉာဏ်– သင်္ခါရတရားတို့၌ ကြောက်ခြင်း, နှစ်သက်ခြင်းတို့ ကြဉ်သောအစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သော ဉာဏ်၊

၁၀။ အနုလောမဉာဏ်– ရှေ့ဉာဏ် ၉–ပါးတို့၏ ကိစ္စပြီးခြင်း, အထက်၌ ၃၇–ပါးသော ဗောဓိပက္ခိယတရားနှင့် လျော်သော ဉာဏ်။

### ၁။ သီလဝိသုဒ္ဓိ

ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလ–ဟူသော စတုပါရိသုဒ္ဓိသီလသည် သီလဝိသုဒ္ဓိမည်၏။

*ဆောင်–* ပါ, ဣန္ဒ်, အာ, ပစ်၊ လေးဆစ် သီလ စင်ကြယ်မှု၊ သီလဝိသုဒ္ဓိ။*

### ၂။ စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ, အပ္ပနာသမာဓိ–ဟူသော သမာဓိ ၂–မျိုးသည် စိတ္တဝိသုဒ္ဓိမည်၏။

*ဆောင်–* ဥပစာရာ၊ အပ္ပနာ ထိ၊ သမာဓိရ၊ စင်ကြယ်မှု၊ စိတ္တဝိသုဒ္ဓိ။*

### ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်–တို့၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

*ဆောင်–* ရုပ် နာမ်ပေါ်မှာ၊ လက္ခဏာနှင့်၊ ရသာ, ပစ္စု၊ သိမ်းဆည်းမှု၊ မှတ်ရှု ဒိဋ္ဌိဝိသုဒ္ဓိ။*

---

မှတ်ချက်– ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိ၌ မလိုအပ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကျမှ လိုအပ်သည်ဟု ဆရာများ ဆိုကြသည်။

၂။ ဆိုခဲ့ပြီးသော သမာဓိသိက္ခာ, သမာဓိဘာဝနာသည်ပင် စိတ္တဝိသုဒ္ဓိအတွက်ဖြစ်သည်။

ခဏိကသမာဓိသည်လည်း စိတ္တဝိသုဒ္ဓိဖြစ်နိုင်ခြင်းကြောင့် ဝိပဿနာသက်သက် အားထုတ်သူများသည် သတိပဋ္ဌာန်ပွားများမှု ခဏိကသမာဓိဖြင့် စိတ္တဝိသုဒ္ဓိယူယောင်ကြသည်။ (ဝိသုဒ္ဓိ ၁၊ ၂၈၁၊ ၃၄၇၊ မဟာဋီ ၂၊ ၃၄၂၊ ၄၃၆)

၃။ ဒိဋ္ဌိဝိသုဒ္ဓိကို နာမရူပ ပရိစ္ဆေဒဉာဏ် ဟုလည်းခေါ်သည်၊ ဤ ဒိဋ္ဌိဝိသုဒ္ဓိအခိုက်၌ ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းမှု မလို၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ အခိုက်ကျမှသာ နာမ် ရုပ်၏အ[illegible] ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းရမည်ဟု ပညာရှင်များ ဆိုကြသည်။

http://www.dhammadownload.com


## ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

*ဆောင်-* * *နာမ်, ရုပ်ကြောင်းတိုင်၊ သိမ်းဆည်းနိုင်က၊ ပါယ် မကျဘဲ၊ စူဠသောတာ၊ ခေါ်နိုင်ပါ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။*

---

၄။ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒိဋ္ဌိကိုလည်း၊ ဤကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် ဝိစိကိစ္ဆာကိုလည်း အခိုက်အတန့် ပယ်ထားခြင်းကြောင့် အပါယ်မှလွတ်သော စူဠသောတာပန်ဟု ခေါ်ခြင်းဖြစ်သည်၊ အပါယ်ဘေးမှ အပြီးအပိုင် လွတ်ခြင်းတော့မဟုတ်။ ၅။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ဓမ္မဋ္ဌိတိ ဉာဏ် ယထာဘူတဉာဏ် ဟုလည်းခေါ်သည်။

### သုတ္တန်လာ ယုံမှားခြင်း ၁၆-ပါး (မ-၁၊ ၁၀)

### အတိတ်, အနာဂတ်၌ ဖြစ်သော ယုံမှားခြင်းများ ၅-ပါးစီ

| ငါသည်ရှေး၌- | ငါသည်နောင်အခါ- |
|---|---|
| ၁။ ဖြစ်ဘူးပြီလော၊ | ၁။ ဖြစ်လတ္တံ့လော၊ |
| ၂။ မဖြစ်ဘူးလော၊ | ၂။ မဖြစ်လတ္တံ့လော၊ |
| ၃။ ဘယ်အမျိုးနွယ်ဖြစ်ခဲ့သနည်း၊ | ၃။ ဘယ်အမျိုးနွယ် ဖြစ်လတ္တံ့နည်း၊ |
| ၄။ ဘယ်အခြင်းအရာဖြင့် ဖြစ်ခဲ့သနည်း၊ | ၄။ ဘယ်အခြင်းအရာဖြင့် ဖြစ်လတ္တံ့နည်း၊ |
| ၅။ ဘယ်သူဖြစ်ပြီးမှ ဘယ်သူဖြစ်ခဲ့သနည်း၊ | ၅။ ဘယ်သူဖြစ်ပြီးမှ ဘယ်သူဖြစ်လတ္တံ့နည်း။ |

* *ဖြစ်ဘူးသလား၊ မဖြစ်လားနှင့်၊ မျိုးကားဘယ်မူ၊ ခြင်းရာယူ၊ ဘယ်သူ ဖြစ်၍ ဖြစ်သနည်း။*

* *ဖြစ်လတ္တံ့လား၊ မဖြစ်လားနှင့်၊ မျိုးကားဘယ်မူ၊ ခြင်းရာယူ၊ ဘယ်သူဖြစ်၍ ဖြစ်သနည်း။*

### ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆-ပါး

ယခုငါသည်-

| | |
|---|---|
| ၁။ ဖြစ်ဆဲလော၊ | ၂။ ဖြစ်ဆဲ မဟုတ်သလော၊ |
| ၃။ ဘယ်အမျိုးအနွယ် ဖြစ်နေသနည်း၊ | ၄။ ဘယ်အခြင်းအရာအားဖြင့် ဖြစ်နေသနည်း၊ |
| ၅။ ဘယ်ဘဝမှ လာခဲ့သနည်း၊ | ၆။ ဘယ်ဘဝသို့ သွားရမည်နည်း။ |

* *ဖြစ်ဆဲတုတ်လား၊ မတုတ်လားနှင့်၊ မျိုးကားဘယ်မူ၊ ဘယ်မူခြင်းရာ၊ ဘယ်က လာလို့၊ အဘယ်သို့သွား၊ ဤခြောက်ပါး၊ ယုံမှား ပစ္စုပ္ပန်။*

### အဘိဓမ္မာလာ ယုံမှားခြင်း ၈-ပါး

၁။ ဘုရား၌ယုံမှားခြင်း၊ ၂။ တရား၌ယုံမှားခြင်း၊ ၃။ သံဃာ၌ယုံမှားခြင်း၊
၄။ သိက္ခာ၌ယုံမှားခြင်း၊ ၅။ အတိတ်၌ယုံမှားခြင်း၊ ၆။ အနာဂတ်၌ယုံမှားခြင်း၊
၇။ အတိတ်အနာဂတ်၌ယုံမှားခြင်း၊ ၈။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။ (အဘိ-၁၊ ၂၂၅)

http://www.dhammadownload.com


## ၈ဋ္ဌမ၀ဇ္ဇညာဏဒသကနဝိသုဒ္ဓိ

ဆိုရိုး– ကဒ်ဝိတရဏဝိသုဒ္ဓိဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းပြီးနောက် အကြောင်းနှင့် တကွ ဖြစ်ကုန်သော အတိတ်စသည် အပြားတို့ဖြင့် ပြားကုန်သော တေဘူမကသင်္ခါရတရားတို့၌ ခန္ဓာအစရှိသောနည်းကို အာရုံပြု၍ ကလာပ၏ အစွမ်းဖြင့် ချုံး၍ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန–ဟု အဒ္ဓါန၏ အစွမ်းဖြင့်လည်းကောင်း, သန္တတိ၏ အစွမ်းဖြင့်လည်းကောင်း, ခဏ၏ အစွမ်းဖြင့်လည်းကောင်း, သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ် ၃–ပါးကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အားလည်းကောင်း၊ ထိုတေဘူမကသင်္ခါရတရားတို့၌သာလျှင် ပစ္စယ၏ အစွမ်းဖြင့်လည်းကောင်း, ခဏ၏ အစွမ်းဖြင့်လည်းကောင်း, ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်ပျက်ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အားလည်းကောင်း ဩဘာသ–စသော ဝိပဿနာ ညစ်ညူးကြောင်း ၁၀–ပါး ဖြစ်ပေါ် လာသည်။

---

## သမ္မသနအမျိုးမျိုး

၁။ ကလာပ သမ္မသန– ရုပ်ကန္ဓာအားလုံး, ဝေဒနာကန္ဓာအားလုံး စသည်ဖြင့် ခန္ဓာတစ်ခုခုကို အပေါင်းပြု၍ သုံးသပ်ခြင်း။
၂။ အဒ္ဓါန သမ္မသန– အတိတ်ကာလ၌ဖြစ်သော ရုပ်ကန္ဓာ, ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်ကန္ဓာစသည်ဖြင့် ကာလခွဲခြား၍ သုံးသပ်ခြင်း။
၃။ သန္တတိ သမ္မသန–အအေးရုပ်အစဉ်, အပူရုပ်အစဉ် စသည်ဖြင့် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်ခြင်း။
၄။ ခဏသမ္မသန– ရုပ်အစဉ်တစ်မျိုးတည်း၌ပင် ဥပါဒ်, ဌီ, ဘင်ဟူသော ခဏအားဖြင့် ခွဲ၍သုံးသပ်ခြင်း။

ပစ္စယ–အရ အကြောင်းများမှာ–

၁။ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ–တို့သည် ရုပ် တရား၏ အကြောင်းများဖြစ်သည်။
၂။အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ–တို့သည် စေတသိက်နာမ် တရား၏ အကြောင်းများဖြစ်သည်။ (ပုဒ်ံ ၅၃–၅၄)
၃။ အဝိဇ္ဇာ, တဏှာ, ကံ, နာမ် ရုပ်–တို့သည် စိတ်နာမ် တရား၏ အကြောင်းများဖြစ်သည်။

* *အဝိဇ်, တဏှာ၊ ကံ, အာဟာနှင့်၊ တစ်ဖြာ ဖဿ၊ နာမ်ရုပ်ပြု၊ မှတ်ကြ ပစ္စယ အကြောင်း။*

http://www.dhammadownload.com


## လေ့ကျင့်ခန်း

တောဘူမကသခါရတို့သည်–

၁။ ကုန်ခန်းပျက်စီးခြင်း အနက်သဘောကြောင့် အနိစ္စမည်သည်၊

၂။ ကြောက်မက်ဖွယ်ဘေးဟူသော အနက်သဘောကြောင့် ဒုက္ခမည်သည်၊

၃။ အနှစ်သာရ လုံးဝမရှိသောအနက်သဘောကြောင့် အနတ္တမည်သည်။

**မှတ်ချက်–** ဖော်ပြပါ ဆိုရိုးကို ကြည့်၍–

**(က)** **အသယ်ဉာဏ်များဖြစ်ပေါ်ချိန်၌ ဩဘာသ–စသည် ဖြစ်ပါသနည်း၊**

**(ခ)** **အသယ်အချိန်, အသယ်တရားတို့၌, အသယ်သို့ ရှုမှတ်လျှင် သမ္မသနဉာဏ်, ဥဒယဗ္ဗယ ဉာဏ် ဖြစ်ပါသနည်း–**

ဟူသော မေးခွန်းကို ဖြေကြည့်ပါလေ။

## ဝိပဿနာညစ်ညူးကြောင်း

ပရိယတ်၌ မကျွမ်းကျင်သူ, ဆရာသမား၏ လမ်းညွှန်ချက် မရရှိသူများသည် ထိုအရောင် စသည်တို့ကို တရားထူးဟု ထင်မှတ်ပြီး သာယာနေတတ်သည်၊ သာယာရုံ မကဘဲ အထင်ကြီးမှု မာန, ငါဟု စွဲလမ်းမှု ဒိဋ္ဌိ–တို့လည်း ဖြစ်ပေါ်လာတတ်သည်။

ထိုတဏှာ, မာန, ဒိဋ္ဌိ–တို့သည် ဩဘာသ–စသည်ကို စွဲ၍ ဖြစ်ပေါ်ရသောကြောင့် လူမိုက် အားပေးသကဲ့သို့ ဩဘာသ–စသည်တို့ကိုလည်း ဝိပဿနာညစ်ညူးကြောင်း ဘေးရန်များဟုပင် ဆိုရသည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ပရိယတ်၌ ကျွမ်းကျင်သူ, ဆရာသမား၏ အကူအညီကို ရရှိသူ ယောဂီသည်ကား ထိုဩဘာသစသည်ကို နှစ်သက်စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်သော အမဂ္ဂတည်း၊ မူလရှုမှတ်မှုအတိုင်း ဆက်လက်အားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဂ္ဂအစစ်ဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်နိုင်သည်။

ယင်းသို့လမ်းမှန် လမ်းမှားကို ခွဲခြားသိမြင်နိုင်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်သည်။

***ဆောင် * သမ္မသန၊ ဥဒယ ဉာဏ်၊ အမြင်သန့်၊ လမ်းမှန် မြင်သိ မဂ္ဂါဝိ။***

http://www.dhammadownload.com



## ဝိပဿနာညစ်ညူးကြောင်း ၁၀-ပါး

၁။ ဩဘာသ- ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အလင်းဟုဆိုအပ်သော အရောင်၊

၂။ ပီတိ- ဝိပဿနာနှင့် တကွဖြစ်သော ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂပီတိ, ဖရဏာပီတိတည်းဟူသော ၅-ပါးအပြားရှိသော ပီတိ၊ ဝါ-အနည်းငယ်နှစ်သက်ခြင်း, တစ်ခဏနှစ်သက်ခြင်း, သမုဒ္ဒရာလှိုင်းထပိုးတဲ့သို့ သက်၍ သက်၍ ဖျက်သော နှစ်သက်ခြင်း, ကိုယ်ကိုကောင်းကင်သို့ လွင့်စေတတ်သော နှစ်သက်ခြင်း, တစ်ကိုယ်လုံး နှံ့သော နှစ်သက်ခြင်း တည်းဟူသော ၅-ပါး အပြားရှိသော နှစ်သက်ခြင်း၊

၃။ ပဿဒ္ဓိ- ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့် ၂-ပါး အပြားရှိသော ငြိမ်းခြင်း၊

၄။ အဓိမောက္ခ- အားကြီးသော သဒ္ဓါတည်းဟု ဆိုအပ်သော သဒ္ဓါယုံကြည်ခြင်း၊

၅။ ပဂ္ဂဟ- သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော ဝီရိယသမ္ဗောဇ္ဈင်ဟုဆိုအပ်သော ထောက်ပံ့ခိုင်စေခြင်း၊

၆။ သုခ- လွန်မြတ်သော ချမ်းသာခြင်း၊ ဝါ-ဝိပဿနာစိတ်နှင့် သမ္ပယုတ်ဖြစ်သော စေတသိကသုခ၊

၇။ ဉာဏ- သိကြားမင်းသည် လွှတ်အပ်သော ဝဇိရ်နှိုးကြိုးစက်နှင့်တူသော လက္ခဏာယာဉ် ၃-ပါးတို့ ရှုသည်ဖြစ်၍ဖြစ်သော ဉာဏ်၊

၈။ ဥပဋ္ဌာန- သတိပဋ္ဌာန်ဖြစ်၍ဖြစ်သော ကြာမြင့်စွာ ပြုအပ်ပြီးသော အမှုစသည်တို့ အဖန်တလဲလဲ အောက်မေ့ခြင်းငှါ စွမ်းနိုင်သော ထင်ခြင်းဟုဆိုအပ်သော သတိ၊

၉။ ဥပေက္ခာ- သမ္ပယုတ်တရားတို့နှင့် အညီအညွတ်ဖြစ်သော ဝိပဿနာနှင့်တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၍ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ, မနောဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပယုတ်ဖြစ်၍ဖြစ်သော စေတနာတည်းဟူသော အာဝဇ္ဇနုပေက္ခာအားဖြင့် ၂-ပါး အပြားရှိသော ဥပေက္ခာ၊

၁၀။ နိကန္တိ- ဩဘာသ-စသော ၉-ပါးတို့သည် ဖြစ်ကုန်သည်ရှိသော် ငါ့အား ဤမျှ ရှေးကာလ၌ ဤသို့ သဘောရှိသော အရောင်သည် မဖြစ်စဖူး ဤသို့စသောနည်းဖြင့် ထိုဩဘာသ-စသော ၉-ပါးတို့၌ တပ်ခြင်းကိုပြုသော သိမ်မွေ့သော တဏှာ။

* *အရောင်, ပီတိ၊ ပဿဒ္ဓိ, သဒ္ဓါ၊ ဝီရိယာ, သုခ၊ ဉာဏ, သတိ၊ နိကန္တိ, ဥပေက္ခာ၊ ဆယ်ဖြာ ဝိပဿ်၊ ညစ်ညူး လတ်။*

http://www.dhammadownload.com


## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ထိုသို့သော အခြင်းအရာဖြင့် ဩဘာသစသော ၁၀-ပါးသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့မှ လွတ်သော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် လက္ခဏာယာဉ် ၃-ပါးကို ဝိပဿနာအဆင့်ဆင့်အားဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ၉-ပါးသော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

*ဆောင် *   ဥဒယ ဉာဏ်၊ အခြေခံ၍၊ ကိုးတန်ဉာဏ်များ၊ ကျင့်ကြံပွား၊ မှတ်သား ပဋိ ဝိသုဒ္ဓိ။*

## ဉာဏဒဿနဝိသုဒ္ဓိ

ဤဆိုခဲ့ပြီးသောနည်းဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဟုဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ် ရင့်ခြင်းကို စွဲ၍ မဂ်ဖြစ်ခါနီးတွင် မဂ္ဂဝီထိ အစဉ်ဖြစ်ပေါ်လာသည်၊ ဖြစ်ပေါ်ပုံမှာ-

ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, မဂ်ဇော ၁-ကြိမ်, မဂ္ဂါနန္တရဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်, ထို့နောင် ဘဝင် ကျသည်။

### မဂ္ဂဝီထိဗီဇ

န- ဒ- မ- ပ- ဥ- နု- ဂေါ- မဂ်- ဖိုလ်-၂/၃ ကြိမ်- ဘ

## အနုလောမဉာဏ်နှင့် အာရုံ

မဂ်ဖြစ်ခါနီး မဂ္ဂဝီထိတွင်ပါဝင်သော ပရိကံ ဥပစာ အနုလုံအမည်ဖြင့်ဖြစ်သော ဝိပဿနာဇောစိတ် ၂-ကြိမ် ၃-ကြိမ်ကို အနုလောမဉာဏ် ဟုခေါ်သည်၊ ယင်းဝိပဿနာစိတ်များသည် အနိစ္စာဒိ လက္ခဏာဟူသော တေဘူမက သင်္ခါရကို အာရုံပြုသည်။

*ဆောင် *  မဂ်ဖြစ် နီးလာ၊ အနိစ္စာ ဒိ၊ အာရုံရှိ၊ ပရိ, ဥ, နု၊ ဝိ သုံးခု။*

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ဤ ၂-ပါးကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟုခေါ်သည်။

http://www.dhammadownload.com


* *ထွက်ထိပ်ရောက်မှု၊ သင်္ခါရုနှင့်၊ အနုလောမ၊ ဒွေဉာဏ၊ ဆေါကြ ဂုဏ္ဍာနုဂါမိနီဝိပဿနာ။*

## ဂေါတြဘုဉာဏ်

ဂေါတြ–အနွယ်၊ ဘု–လွှမ်းမိုးတတ်, ဖြစ်စေတတ်။

ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက်၍ အရိယာအနွယ်ကို ဖြစ်ပွားစေတတ်သောကြောင့် ဂေါတြဘုဟုခေါ်သည်။ ယင်းဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။

မဂ်၏ရှေ့သွားအာဝဇ္ဇန်းအရာ၌တည်သောကြောင့် ပဋိပဒါဉာဏဒဿနနှင့် ဉာဏဒဿနဝိသုဒ္ဓိတို့သို့မဝင်၊ ဝိပဿနာအလျဉ်၌ ကျသောကြောင့် ဝိပဿနာသာမည်သည်၊ ဝိပဿနာ၏ ဦးထိပ်ဖြစ်သည်၊ ပုထုဇဉ်, ကာမနယ်၏အဆုံး နယ်ခြား မှတ်တိုင်သဖွယ်ဖြစ်သည်။

(ဝိသုဒ္ဓိ ၂–၃၁၂၊ အဘိဓမ္မာဝတာရ၊ ၁၃၁၉၊ ၁၃၂၀ ဂါထာ)

* *ပုထုဇဉ်နွယ်၊ ချိုးနှိမ်ပယ်၍၊ ရိနွယ်ဖြစ်စေ၊ ကြောင်းနှစ်ထွေကြောင့်၊ ခေါ်လေဂေါတြဘူ၊ မြတ်နိဗ္ဗူ၊ ရုံယူ မဂ်ရှေ့သွား။*

## ဓမ်ဉာဏ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ

ဂေါတြဘု၏ အခြားမဲ့၌ မဂ်စိတ်တည်းဟူသော အပ္ပနာဇောဖြစ်သည်၊ မဂ်စိတ်သည် တစ်ကြိမ်ဖြစ်ရုံဖြင့်ပင် ဆိုင်ရာကိလေသာပယ်သတ်မှု ကိစ္စပြီး ပြည့်စုံသောကြောင့် တစ်ကြိမ်သာဖြစ်ရိုးထုံးစံရှိသည်၊ မဂ်ဉာဏ်ကိုပင် ဉာဏဒဿနဝိသုဒ္ဓိဟုဆိုသည်။

* *ပဋိဉာဏ၊ စခန်းတကျော်၊ မဂ်ဖြစ်ပေါ်၊ မိန့်သော်ဉာဏ၊ ဒဿန။*

---

ဖင်အားလျော်စွာ အဝါယ် အစဖို့သည်မှငင်း, သင်္ခါရနိမိတ်မှငင်း ထမြောက်တတ်သည့် ဖင်သို့ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်သည်။

သစ္စာ ၄–ပါးတို့ကို သိတတ်သောကြောင့်လည်းကောင်း, (ဉာဏအမည်ရကြောင်း)

မျက်မှောက်ပြုတတ်သောကြောင့်လည်းကောင်း, (ဒဿနအမည်ရကြောင်း)

ကိလေသာအညစ်အကြေးတို့မှ အထူးစင်ကြယ်သောကြောင့်လည်းကောင်း (ဝိသုဒ္ဓိအမည်ရကြောင်း) ဉာဏဒဿနဝိသုဒ္ဓိမည်သည်။

http://www.dhammadownload.com


## မဂ်ကိစ္စ ၁၆-ချက်

**ယင်းမဂ်စိတ်သည်-**

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊

၂။ သမုဒယသစ္စာကို ပယ်ခြင်း၊

၃။ နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုက်ရောက်ခြင်း၊

၄။ မဂ္ဂသစ္စာကို ပွားများခြင်း။ ဤကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်တည်းပြုသည်။

ဆီမီးသည် အမှောင်ခွင်းခြင်း, အလင်းဆောင်ခြင်း, ဆီကိုခန်းစေခြင်း, မီးစာကုန်စေခြင်း ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြုသကဲ့သို့တည်း။ (ဋီကာကျော်)

မဂ်စိတ်တိုင်း ဤ ကိစ္စ ၄-ချက်ကို ပြုကြသဖြင့် မဂ် ၄-ပါးအတွက် ကိစ္စ ၁၆-ချက်ဖြစ်ရသည်။

* ***သိ, ပယ်, ဆိုက်, ပွား၊ ကိစ် လေးပါး၊ ကျယ်ကား ဆယ့်ခြောက်ချက်။***

* ***မှောင်ပယ်, လင်းပြု၊ ဆီခန်းမှု၊ မှတ်ရှု မီးစာကုန်။***

၁။ **သောတာပတ္တိမဂ်သည်** ဒိဋ္ဌိ,ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်သတ်သည်၊ ကြွင်းသော ကိလေသာတို့၏ အပါယဂမနီယ (အပါယ်သို့ လားရောက်စေတတ်သော) သတ္တိကိုလည်း ပယ်သည်၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ် မလားတော့ဘဲ ၇-ဘဝထက် ပိုပြီး ကာမဘုံ၌ ပဋိသန္ဓေ မနေတော့။

၂။ **သကဒါဂါမိမဂ်သည်** ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးအောင်သာပြုသည်၊ အကြွင်းမဲ့ မပယ်၊ ဤလူ့ဘုံသို့ (တစ်နည်း) ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာ လာရောက်မည့်သူဖြစ်သောကြောင့် သကဒါဂါမိ ဟုခေါ်သည်။

---

### မဂ် ၄-ပါးနှင့် ပယ်သောအစုသိုင်း

မဂ်က ကိလေသာကို ပယ်ရာ၌ ဖြစ်ပေါ်ဆဲ ပရိယုဋ္ဌာန ကိလေသာကို ပယ်သည်မဟုတ်၊ အနုသယသတ္တိကိုသာ ပယ်ခြင်းဖြစ်သည်။

http://www.dhammadownload.com


၃။ အနာဂါမိမဂ်သည် ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ်သတ်လိုက်သည်၊ ကာမရာဂကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာရောက်သောကြောင့် အနာဂါမ်မည်သည်၊ ဒေါသပယ်ပြီးဖြစ်၍ ကြောက်ခြင်း, စိတ်ဆိုးခြင်းလည်း မရှိတော့။

၄။ အရဟတ္တမဂ်သည် ကြွင်းကျန်သည့် (မာန, ဘဝရာဂ, အဝိဇ္ဇာနုသယ ၃–ပါးနှင့်)လောဘ, မောဟ, မာန, ဒိဋ္ဌိ, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပကိလေသာတို့ကို အကြွင်းမဲ့ပယ်သည် ကိလေသာ အာသဝေါ အားလုံး ကင်းရှင်းသဖြင့် လောက၌ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ရဟန္တာ ဖြစ်တော့သည်။

* *သောတာပတ္တိ၊ ဒိဋ္ဌိ, ဝိစိနှင့်၊ ပဋိ, ကာမ၊ နာ–ပယ်ချ၊ အရ ကြွင်းကျန်ပယ်။*

## မဂ္ဂါနုဗ္ဗရမိုလ်ဇော

မဂ်ဇော်အခြားမဲ့ဖြစ်သော မဂ္ဂါနန္တရဖိုလ်ဇောများသည် မန္ဒပညာပုဂ္ဂိုလ်မှာ ၂–ကြိမ်, တိက္ခပညာပုဂ္ဂိုလ်မှာ သုံးကြိမ်ဖြစ်ပြီး ဘဝင်ကျတော့သည်။

## ပစ္စဝေက္ခဏာ ၁၉–တန်

မဂ္ဂဝီထိဖြစ်ပြီးနောက် ဘဝင်အနည်းငယ်ခြား၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီး ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ ထိုက်သည်အားလျော်စွာ ဖြစ်ကြသည်။

ထိုတွင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ၃–မျိုးသာ ဖလဋ္ဌာန်ပုဂ္ဂိုလ်တိုင်းမှာ အမြဲဖြစ်၍ ပယ်ပြီးကိလေသာနှင့် ကြွင်းကျန်ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ၂–မျိုးမှာကား ရံခါသာဖြစ်သည်၊ ၎င်းပြင် ရဟန္တာပုဂ္ဂိုလ်အတွက် ကြွင်းကျန်သည့် ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ လုံးဝ မရတော့၊ ထို့ကြောင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၌ ပစ္စဝေက္ခဏာ ၅–မျိုးစီ ရသဖြင့် (၅×၃) ၁၅–မျိုး၊ ရဟန္တာပုဂ္ဂိုလ်၌ ပစ္စဝေက္ခဏာ ၄–မျိုးအားဖြင့် (၁၅+၄) ပစ္စဝေက္ခဏာ ၁၉–တန်ဖြစ်သည်။ (ဝိသုဒ္ဓိ ၂–၃၁၆)

* *မဂ်, ဖိုလ်, နိဗ္ဗာန်၊ မြဲသုံးတန်နှင့်၊ ပယ်, ကျန် ရံခါ၊ ပစ် ငါးဖြာ၊ ကျယ်မှာ ဆယ့်ကိုးတန်။*

http://www.dhammadownload.com



## ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်

| ဥပမာ | စဉ် | ဝိသုဒ္ဓိ | ဉာဏ်စဉ် ၁၀–ပါး | ဉာဏ်စဉ် ၁၆–ပါး |
|---|---|---|---|---|
| ဦးခေါင်း | | | | ဗိုလ်,ပစ္စဝေက္ခဏာ |
| | ၇ | ဉာဏဒဿန | | ဂေါ်တြဘု, မဂ် |
| ကိုယ်ထည် | ၆ | ပဋိပဒါဉာဏဒဿန | ဥဒယဗ္ဗယ (နောက်ပိုင်း) ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ၊ | ဥဒယဗ္ဗယ (နောက်ပိုင်း) ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ အနုလောမ |
| | ၅ | မဂ္ဂါမဂ္ဂဉာဏဒဿန | သမ္မသန၊ ဥဒယဗ္ဗယ(ရှေ့ပိုင်း) | သမ္မသန၊ ဥဒယဗ္ဗယ (ရှေ့ပိုင်း) |
| ခြေထောက် | ၄ | ကင်္ခါဝိတရဏ | | ပစ္စယပရိဂ္ဂဟ |
| | ၃ | ဒိဋ္ဌိ | | နာမရူပပရိစ္ဆေဒ |
| | ၂ | စိတ္တ | | |
| | ၁ | သီလ | | |

ဉာဏ်စဉ် ၁၆–ပါး

* *ဉာဏ်စဉ် ဆယ်ဝ၊ မှတည်ပြ၍၊ နာမရူပ၊ ပစ္စယဝင်၊ အောက်နှစ်ချက်နှင့်၊ ဂေါ်, မဂ်, ဖိုလ်, ပစ်၊ ထက်လေးဆစ်၊ ပေါင်းလစ် ဉာဏ်စဉ် ဆယ့်ခြောက်ပါး။*

---

မူလဝိသုဒ္ဓိ ၂–ပါး၊ (သီလ, စိတ္တဝိသုဒ္ဓိ)

သရီရ ဝိသုဒ္ဓိ ၄–ပါး၊ (ဒိဋ္ဌိ, ကင်္ခါဝိတရဏ, မဂ္ဂါမဂ္ဂဉာဏဒဿန, ပဋိပဒါဉာဏဒဿန) (ငြိကာကျော်)

အခြေခံဉာဏ်– ၂–ပါး၊ (နာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟဉာဏ်)

ကိုယ်ထည်ဉာဏ်–၁၀–ပါး၊ (သမ္မ, ဥဒ, ဘင်, ဘယ, အာဒီ, နိဗ္ဗိ, မုစ္စိ, ပဋိပဒါ, သင်္ခါ, အနုလောမဉာဏ်)

ဦးခေါင်းပိုင်းဉာဏ်–၄–ပါး၊ (ဂေါ်တြဘု, မဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်)

ပေါင်း – ၁၆–ပါး။

http://www.dhammadownload.com



## ဝိမောက္ခဒေသ

### ဝိမောက္ခမုခ

ဝိမောက္ခမည်သော မဂ်, ဖိုလ်သို့ ရောက်ကြောင်းလည်းဖြစ်, ဝင်ပေါက်လည်းဖြစ်သော ကြောင့် သုညတာနုပဿနာစသော ဝိပဿနာ ၃-ပါးသည် **ဝိမောက္ခမုခ**မည်သည်။

၁။ အနတ္တာနုပဿနာသည် အတ္တ ဟုစွဲလန်းခြင်းကို စွန့်လွှတ်နိုင်ခြင်းကြောင့် **သုညတာနု-ပဿနာ ဝိမောက္ခမုခ** မည်၏။

၂။ အနိစ္စာနုပဿနာသည် ဝိပလ္လာသ နိမိတ်ကို စွန့်လွှတ်နိုင်ခြင်းကြောင့် **အနိမိတ္တာနု-ပဿနာ ဝိမောက္ခမုခ** မည်၏။

၃။ ဒုက္ခာနုပဿနာသည် တဏှာပဏိဓိကို စွန့်လွှတ်နိုင်ခြင်းကြောင့် **အပ္ပဏိဟိတာနု-ပဿနာ ဝိမောက္ခမုခ** မည်၏။

### ဝိမောက္ခ

ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်မြောက်တတ်သောကြောင့် မဂ်, ဖိုလ်တို့သည် **ဝိမောက္ခ**မည်ကုန်၏။

၁။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တဟုရှုလျှင် မဂ်သည် **သုညတဝိမောက္ခ**မည်၏။

၂။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနိစ္စဟုရှုလျှင် မဂ်သည် **အနိမိတ္တဝိမောက္ခ**မည်၏။

၃။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟုရှုလျှင် မဂ်သည် **အပ္ပဏိဟိတဝိမောက္ခ**မည်၏။

---

| | လွန်ကဲသူ | ရှုလျှင် | ပယ်စွန့်ခြင်းကြောင့် | မည်သော ဝိမောက္ခမုခ | မည်သောဝိမောက္ခ |
|---|---|---|---|---|---|
| ၁။ | သဒ္ဓါ | အနိစ္စ ဟု | ဝိပလ္လာသနိမိတ်ကို | အနိမိတ္တာ နုပဿနာ | အနိမိတ္တ |
| ၂။ | သမာဓိ | ဒုက္ခ ဟု | တဏှာပဏိဓိ ကို | အပ္ပဏိဟိတာနုပဿနာ | အပ္ပဏိဟိတ |
| ၃။ | ပညာ | အနတ္တ ဟု | အတ္တာဘိနိဝေသကို | သုညတာနုပဿနာ | သုညတ |

၁။ သဒ္ဓါခြေလွန်ကဲသူသည် အနိစ္စဟုအရှုများသောကြောင့် အနိမိတ္တဝိမောက္ခမုခဖြင့် အနိမိတ္တဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်၊

၂။ သမာဓိခြေလွန်ကဲသူသည် ဒုက္ခဟုအရှုများသောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခဖြင့် အပ္ပဏိဟိတဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်၊

၃။ ပညာခြေလွန်ကဲသူသည် အနတ္တဟုအရှုများသောကြောင့် သုညတဝိမောက္ခမုခဖြင့် သုညတဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်။

* *သဒ္ဓါ, အနိစ်၊ အနိမိတ်သိ၊ သမာဓိ မြာ၊ ဒုတ်, အပ်သာ၊ ပညာ အနတ် သုညမှတ်။*

(ပဋိသံ-၂၄၈၊ ၂၆၂၊ ဝိသုဒ္ဓိ၂-၂၉၆)

http://www.dhammadownload.com


## ခ၊ ဖိုလ်တို့၏ အခညီရကြောင်း

(က) **မဂ်နှင့် ဖလသမာပတ္တိဝီထိလာဖိုလ်တို့သည်**–ဝိပဿနာဂမနအစွမ်း၊ အာရမ္မဏ အစွမ်း၊ သရသအစွမ်းတို့ဖြင့် သုညတ–စသောအမည် ၃–မျိုးကို ရသည်။

(ခ) **မဂ္ဂဝီထိလာဖိုလ်သည်**– မဂ္ဂါဂမနအစွမ်း၊ အာရမ္မဏအစွမ်း၊ သရသအစွမ်းတို့ဖြင့် သုညတ–စသော အမည် ၃–မျိုးကို ရသည်။

---

ဝိပဿနာဂမန– ဝိပဿနာတည်းဟူသော ရောက်ကြောင်း၊ မဂ္ဂါဂမန– မဂ်တည်းဟူသောရောက်ကြောင်း၊ အာရမ္မဏ– အာရုံတည်းဟူသော အကြောင်း၊ သရသ– မိမိ၏ ဂုဏ်, မိမိ၏သဘော တည်းဟူသော အကြောင်း။

### ပဋိပဒါ ၄–ပါး

၁။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊ (ကျင့်ကြံစဉ်အခါလည်းခက်ခဲ, အသိလည်း နှေးကွေး)

၂။ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ၊ (ကျင့်ကြံစဉ်အခါမှာ ခက်ခဲသော်လည်း, အသိလျင်မြန်)

၃။ သုခပဋိပဒါ ဒန္ဓာဘိညာ၊ (ကျင့်ကြံစဉ်အခါမှာ လွယ်ကူသော်လည်း, အသိနှေးကွေး)

၄။ သုခပဋိပဒါ ခိပ္ပါဘိညာ၊ (ကျင့်ကြံစဉ်အခါမှာလည်းလွယ်ကူ, အသိလည်းလျင်မြန်)

ပဋိပဒါ–နိဗ္ဗာန်ကင်းကွာသည်အထိ ကျင့်ကြံချိန်၊ ဒုက္ခ–ခဲယဉ်း၊ သုခ– လွယ်ကူ။

**အဘိညာ**– ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာဆိုက်ရောက်ချိန်၊ ဒန္ဓ–နှေးကွေး၊ ခိပ္ပ–လျင်မြန်။

**ဒုက္ခပဋိပဒါဖြစ်ကြောင်း ၆–ပါး**–၁။ အသပ္ပါယ ၇–ပါးကို မှီဝဲခြင်း၊ ၂။ ပလိဗောဓ ၁၀–ပါးကို မဖြတ်ခြင်း၊ ၃။ ရာဂစရိုက်ထူပြောခြင်း၊ ၄။ ရှေးဘဝက သမထမလေ့ကျက်ခဲ့ဘူးခြင်း၊ ၅။ တာမစ္ဆန္ဒစသော ကိလေသာအားကြီးခြင်း၊ ၆။ သဒ္ဓါစသော ဣန္ဒြေများညံ့ဖျင်းခြင်းတို့ကြောင့် ဒုက္ခပဋိပဒါဖြစ်ရသည်။ (ဝိသုဒ္ဓိမဂ္ဂ ၁–၈၄၊ မဟာဋီကာ ၁–၁၁၁)

**ဒန္ဓာဘိညာဖြစ်ရကြောင်း ၆–ပါး**–၁။ အသပ္ပါယများကို မှီဝဲရခြင်း၊ ၂။ အပ္ပနာကောသလ္လ ၁၀–ပါး မပြည့်စုံခြင်း၊ ၃။ မောဟစရိုက်ထူပြောခြင်း၊ ၄။ ရှေးဘဝက ဝိပဿနာ မလေ့ကျက်ခဲ့ခြင်း၊ ၅။ တာမစ္ဆန္ဒစသော ကိလေသာအားကြီးခြင်း၊ ၆။ သဒ္ဓါစသော ဣန္ဒြေပျော့ညံ့ခြင်းတို့တည်း။

### အရိယာပုဂ္ဂိုလ်များ

မဂ်ဉာဏ်ဖြစ်ပေါ်ဘူးသောပုဂ္ဂိုလ်များကို အရိယာ(ကိလေသာပယ်သတ်ထားသူ)ပုဂ္ဂိုလ်ဟုခေါ်သည်။(အဘိ–၄ ၃၊ ၃၉) ယင်းအရိယာပုဂ္ဂိုလ်သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု ၂–မျိုးစီရှိသည်၊ ယင်း ၂–မျိုးတွင်လည်း အဆင့် ၄–ဆင့်စီရှိကြသည်။

၁။ **သောတာပတ္တိ**–အရိယာမဂ်ရေအလျဉ်သို့ ရှေးဦးစွာရောက်သူ၊ (သောတာပတ္တိမဂ္ဂဋ္ဌာန်– သောတာပတ္တိမဂ်၌တည်သူ၊ သောတာပတ္တိဖလဋ္ဌာန်– သောတာပတ္တိဖိုလ်၌တည်သူ၊ သောတာပတ္တိဖလဋ္ဌာန်ကို သောတာပန်ဟုခေါ်သည်) သောတာပတ္တိမဂ်က အပါယ်လားကြောင်း ကိလေသာအပေါင်းကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ အပါယ်မကျတော့၊ ကာမဘုံ၌ ၇–ကြိမ်ထက်ပို၍ ပဋိသန္ဓေမနေတော့။

http://www.dhammadownload.com


**ဖလသမာပတ်**

ဖလဋ္ဌာန်အရိယာပုဂ္ဂိုလ်များသည် မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ချမ်းသာခံစားလျက် ချမ်းသာစွာနေဖို့ရန် မိမိရရှိထားသော ဖိုလ်စိတ်များကို ဝင်စားကြသည်၊ မိမိဖိုလ်စိတ်များ အလိုရှိသလောက်ဖြစ်နေစေမှုကို **ဖိုလ်ဝင်စား** သည်ဟု ခေါ်သည်။

---

**သောတာပန်သည်–**

၁။ **သတ္တက္ခတ္တုပရမသောတာပန်**– ၇–ဘဝအဆုံး၌ ပရိနိဗ္ဗာန်ဝင်စံမည့်သူ။

၂။ **ကောလံကောလသောတာပန်**– ၂–ဘဝမှ ၆–ဘဝတိုင်အောင် မြင့်မြတ်သော မျိုးရိုးများ၌ ပဋိသန္ဓေနေပြီး ပရိနိဗ္ဗာန်ဝင်စံမည့်သူ။

၃။ **ဧကဗီဇီသောတာပန်**– ၁–ဘဝသာ ပဋိသန္ဓေနေပြီး ပရိနိဗ္ဗာန်ဝင်စံမည့်သူ။

(သောတာပန်ဖြစ်ထားသူသည် လွန်လွန်မင်းမင်း မေ့လျော့သူဖြစ်စေကာမူ ၇–ဘဝထက်ကျော်လွန်ပြီး ၈–ဘဝကိုမယူတော့၊ ***ဟိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ***–ရတနသုတ်၊ ဘဝသတ်မှတ်ချက်ကို မိမိ၏တိက္ခ, မဇ္ဈိမ, မန္ဒဖြစ်သော ဝိပဿနာဉာဏသာ သတ်မှတ်ပေးသည်)

**သကဒါဂါမိ**–ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် ၁–ကြိမ်သာပြန်လာမည့်သူ၊ (သကဒါဂါမိမဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်–သကဒါဂါမ်) ဤအဆင့်၌ အကြွင်းမဲ့ပယ်သတ်သောကိလေသာမရှိ၊ နည်းပါးအောင် အချောသတ်ရုံသာ ပယ်သည်။ သကဒါဂါမ်သည်–

၁။ ဣဓ ပတ္ဘာ ဣဓ ပရိနိဗ္ဗာယီ –ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်။

၂။ ဣဓ ပတ္ဘာ တတ္ထ ပရိနိဗ္ဗာယီ –ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်။

၃။ တတ္ထ ပတ္ဘာ တတ္ထ ပရိနိဗ္ဗာယီ–ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်။

၄။ တတ္ထ ပတ္ဘာ ဣဓ ပရိနိဗ္ဗာယီ–ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်။

၅။ ဣဓ ပတ္ဘာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ –ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ဖြစ်ပြီး ဤလူ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်၊

၆။ တတ္ထ ပတ္ဘာ ဣဓ နိဗ္ဗတ္တိတွာ တတ္ထ ပရိနိဗ္ဗာယီ– **ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ဖြစ်ပြီး ထိုနတ်ဘုံ၌ပင်** ပရိနိဗ္ဗာန်ပြုသူ သကဒါဂါမ်။ ဟု ၆–မျိုးပြား၏။

(နံပါတ် ၆–သကဒါဂါမ်ကို ဒီ၅ ၂–၁၃၄ ၌လာကြောင်း ပရမတ္ထဒီပနီ လောကုတ္တရာစိတ်အဖွင့်၊ ဒီ–၅ ၂–၁၃၄)

http://www.dhammadownload.com



**ဖိုလ်ဝင်စား**

ဖလသမာပတ်သည် သမာဓိဘာဝနာ၏ အကျိုးအာနိသင်မဟုတ်၊ ဝိပဿနာပညာ, မဂ်ပညာ၏ အကျိုးအာနိသင်ဖြစ်၍ လောကီဈာန် ရမှုနှင့်မဆိုင်၊ လောကီဈာန်ရသည်ဖြစ်စေ, မရသည်ဖြစ်စေ ဖလဋ္ဌာန်ပုဂ္ဂိုလ်များ မိမိပိုင်ဖိုလ်ကို ဝင်စားနိုင်သည်။

| | |
|---|---|
| ၁။ သောတာပန်ပုဂ္ဂိုလ်သည် | သောတာပတ္တိ ဖိုလ်ကိုသာ ဝင်စားသည်။ |
| ၂။ သကဒါဂါမ် ။ | သကဒါဂါမိ ။ ။ |
| ၃။ အနာဂါမ် ။ | အနာဂါမိ ။ ။ |
| ၄။ ရဟန္တာ ။ | အရဟတ္တ ။ ။ |

လက်ရှိအဆင့်ထက် မြင့်သောဖိုလ်ကို မရသေးသောကြောင့် မဝင်စားနိုင်၊ နိမ့်သောဖိုလ်လည်း ချုပ်ပြီးဖြစ်၍ မဝင်စားနိုင်။

---

**အနာဂါမိ**–ကာမဘုံသို့ပဋိသန္ဓေနေသောအားဖြင့် မလာရောက်တော့မည့်သူ။(အနာဂါမိမဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်–အနာဂါမ်) ဤအဆင့်၌ ကာမရာဂနှင့် ပဋိဃကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ ကာမဂုဏ်ခံစားမှုလည်း မရှိ၊ စိတ်ဆိုး စိတ်ညစ်မှု ကြောက်ရွံ့မှုများလည်း မရှိတော့။

**အနာဂါမ်သည်**–

၁။ **အန္တရာပရိနိဗ္ဗာယီ**–သုဒ္ဓါဝါသ ၅–ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်အပိုင်းအခြား ရွှေထက်ဝက်အတွင်း ရဟန္တာဖြစ်မည့်အနာဂါမ်။

၂။ **ဥပဟစ္စပရိနိဗ္ဗာယီ** – သုဒ္ဓါဝါသ ၅–ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်ထက်ဝက်ကို လွန်ပြီးမှ ရဟန္တာဖြစ်သောအနာဂါမ်။

၃။ **အသင်္ခါရပရိနိဗ္ဗာယီ**– ဆင်းဆင်းရဲရဲ အလွန်လုလ္လမပြုဘဲ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၄။ **သသင်္ခါရပရိနိဗ္ဗာယီ**–ဆင်းဆင်းရဲရဲငြိုငြင်ပင်ပန်းစွာ အလွန်လုလ္လပြုပြီးမှ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၅။ **ဥဒ္ဓံသောတအကနိဋ္ဌဂါမီ**–သုဒ္ဓါဝါသ ၅–ဘုံတွင် အောက်အောက်သောဘုံတို့၌ အရဟတ္တမဂ်ကို မရမူ၍ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံသို့ ရောက်မှ ရဟန္တာဖြစ်သော အနာဂါမ်။ (ဝိသုဒ္ဓိ ၄–၂–၃၅၂)

**အရဟတ္တ**–ကိလေသာ အာသဝေါကင်းရှင်းသဖြင့် မြတ်သောအလှူကို ခံထိုက်သူ၊ ဝါ–မြတ်သည်ဖြစ်၍ အလှူကိုခံထိုက်သူ၊ (အရဟတ္တ/ ရဟန္တာ)။

http://www.dhammadownload.com



**ဖလသမာပတ္တိ ထ**

ဖလသမာပတ်ဝင်စားပြီး ရည်ရွယ်ရင်း အချိန်စေ့လျှင် ဗိုလ်စိတ်အစဉ် ပြတ်စဲကာ ဘဝင်စိတ်များ ဖြစ်ပေါ်လာခြင်းကို ဖလသမာပတ်မှ ထ သည်ဟုဆိုသည်။

**ဖလသမာပတ္တိဝီထိပုံစံ**

န–ဒ–မ–နု–နု–နု–နု–ဗိုလ်များစွာ...............ဘ

---

**ရဟန္တာပုဂ္ဂိုလ်သည်–**

၁။ သဒ္ဓါဝိမုတ္တ, ပညာဝိမုတ္တ, ဥဘတောဘာဂဝိမုတ္တ, တေဝိဇ္ဇ, ဆဠဘိည, ပဋိသမ္ဘိဒါ ပတ္တရဟန္တာ–စသည်ဖြင့် အမျိုးမျိုးပြား၏။ (ဝိသုဒ္ဓိ ၄–၂–၃၅၂)

**အရိယာပုဂ္ဂိုလ် ၁၀၈–ယောက်**

**သောတာပန်ပုဂ္ဂိုလ်သည်**–ကောဝိဇ, ကောလံကောလ, သတ္တက္ခတ္တုပရမ–ဟူသော သောတာပန် ၃–မျိုးကို ပဋိပဒါ ၄–ပါးဖြင့်မြှောက်လျှင် ၁၂–ယောက်ဖြစ်၏။

**သကဒါဂါမိပုဂ္ဂိုလ်သည်**–ကာမ, ရူပ, အရူပဟူသော သကဒါဂါမ် ၃–မျိုးကို ပဋိပဒါ ၄–ပါးဖြင့် မြှောက်လျှင် ၁၂–ယောက်ဖြစ်၏။

**အနာဂါမိပုဂ္ဂိုလ်သည်**–အန္တရာ ပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ, ဥဒ္ဓံသောတအကနိဋ္ဌဂါမီဟူသော အနာဂါမ် ၅–ယောက်ကို သုဒ္ဓါဝါသ ၅–ဘုံဖြင့် မြှောက်လျှင် ၂၅–ယောက် ရသော်လည်း အကနိဋ္ဌာဘုံ၌ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ မရှိတော့သဖြင့်၂၅–၁=၂၄–ယောက်သာ ဖြစ်၏။

**ရဟန္တာပုဂ္ဂိုလ်သည်**–သုက္ခဝိပဿက, သမထယာနိကအားဖြင့် ၂–ယောက်ဖြစ်၏။

ဆိုခဲ့ပြီးသော သောတာပန် ၁၂–ယောက်+သကဒါဂါမ် ၁၂–ယောက်+အနာဂါမ် ၂၄–ယောက်+ ရဟန္တာ ၂–ယောက်+မဂ္ဂဋ္ဌာန် ၄–ယောက်=စုစုပေါင်း ၅၄–ယောက်ဖြစ်၏၊ ယင်း ၅၄–ယောက်ကို သဒ္ဓါ, ပညာ ဓုရ ၂–ပါးဖြင့် မြှောက်လျှင် ၅၄ × ၂=၁၀၈–ယောက်ဖြစ်၏။

(သုတ္တနိပါတ်၄–၂–၂၀၁, ၂၊ မဟာဗုဒ္ဓဝင် ပဥ္စမ–ဂုရု)

* *သောတာ, သကာ၊ ဆယ့်နှစ်ဝ စီ၊ စတုဝီ အနာ၊ ရဟန္တာနှစ်၊ မဂ်လေးဆစ်တွေး၊*

*ငါးဆယ့် လေးကို၊ မြှောက်ရေး ဓုရ၊ သဒ်, ပဉ် ဒွ၊ တစ်ရာ့ရှစ်ယောက်၊ ရိယာမြောက်။*

http://www.dhammadownload.com


## နိရောဓသမာပတ်

လိုသလောက် စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းနေခြင်းကို နိရောဓသမာပတ်ဟု ဆိုသည်၊ ယင်းသမာပတ်ကို မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာနေဖို့ရန် ဝင်စားသည်၊ ကာမ, ရူပဘုံ၌တည်သော သမာပတ် ၈–ပါးနှင့်ပြည့်စုံသူ အနာဂါမ်, ရဟန္တာများသာ ဝင်စားနိုင်ကြသည်။

## ဝင်စားချိန်

နိရောဓသမာပတ်ကို နာရီပိုင်း. ရက်ပိုင်း စသည် လိုသလောက် သတ်မှတ်ဝင်စားနိုင်သည်၊ သို့သော် ကဗဠီကာရာဟာရကို မှီရသော ကာမဘုံ၌ကား ထမင်းအသက်ရ–ရက်ထက်ပိုပြီး မဝင်စားနိုင်ဟု မိန့်ဆိုကြသည်၊ ကဗဠီကာရာဟာရကို မမှီရသော ရူပဘုံ၌ကား ရ–ရက်ထက်ပိုပြီး အကန့်အသတ်မရှိ ဝင်စားနိုင်သည်။ **(ဝိသုဒ္ဓိမဂ်စသည်)**

## နိရောဓသမာပတ်ဝင်စားပုံ

နိရောဓသမာပတ် ဝင်စားလိုသူသည် ပထမဈာန်စသော မဟဂ္ဂုတ်သမာပတ်ကို အာကိဉ္စညာယတနဈာန် တိုင်အောင် အစဉ်အတိုင်းဝင်စားရသည်၊ ယင်း ဝင်စားသည့်ဈာန်မှ ထတိုင်း ထတိုင်းသခါရ တရားတို့ကို ဝိပဿနာရှုပြီး ဆက်လက်ဝင်စားရသည်၊ အာကိဉ္စညာယတနဈာန်မှ ထပြီးသောအခါ–

၁။ ကိုယ်နှင့်မစပ် သီးခြားထားအပ်သော ပရိက္ခရာ, ကျောင်း စသည်တို့ကို မီးစသည် မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း၊

၂။ အသက်အပိုင်းအခြားကိုကြည့်ခြင်း၊

၃။ ဘုရားခေါ်မည့် အရေးကိုကြည့်ခြင်း၊

၄။ သံဃာတော်က မိမိကို ခေါ်ယူလိုကြောင်း ရှိ, မရှိဆင်ခြင်ခြင်း၊ **(ဋီကာကျော်)**

ဟူသော ပုဗ္ဗကိစ္စလေးပါးကို ပြုပြီးလျှင် နေဝသညာနာသညာယတန ဈာန်ဇော ၂–ကြိမ်ဖြစ်၍ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှု နိရောဓသို့ ရောက်သွားသည်။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော ၁–ကြိမ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် ဇော ၁–ကြိမ်ဖြစ်၍ ဘဝင်ကျသည်။

## နိရောဓသမာပတ္တိ ဝီထိပုံစံ

န–ဒ–မ–ပ–ဥ–နု–ဂေါ်–နေဝ $\frac{\text{ကု}}{\text{ကြိ}}$ ဈာန်ဇော ၂–ကြိမ် (နိရောဓ) $\frac{\text{အနာဂါမိ}}{\text{အရဟတ္တ}}$ ဖိုလ် ဘ

http://www.dhammadownload.com



**အရှင်အနုရုဒ္ဓါ၏ဓေတနာစွန်**

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

**သာသနာ ၃–ရပ်**

**– ပရိယတ္တိသာသနာ** –ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် ရရေး နည်းလမ်းစည်းကမ်းများ၊

**– ပဋိပတ္တိသာသနာ** –ပရိယတ္တိ နည်းလမ်း စည်းကမ်းအတိုင်း ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် ရ, ရောက်ရေးအတွက် ကျင့်ကြံပွားများမှု၊

**– ပဋိဝေဓသာသနာ** –ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် အရသာခံစားမှု။

သီလ, သမာဓိ, ပညာဟူသော သာသနာ ၃–ရပ်(သို့)သိက္ခာ ၃–ရပ်ဟူသည်မှာလည်း ပဋိပတ္တိသာသနာပင် ဖြစ်သည်၊ ထို့ကြောင့် သာသနာ၏ အနှစ်သာရသည် ပရိယတ်အခြေခံထား သော ပဋိပတ်ပင်တည်းဟု မိန့်ဆိုကြသည်၊ အသိမှ တစ်ဆင့်တက်၍ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်မှသာလျှင် သက်ဆိုင်ရာအရသာများကို မလွဲမသွေ ခံစား ရပေမည်။

သမထဘာဝနာကို ပွားများအားထုတ်ခြင်းကြောင့် ဈာန်, အဘိညာဉ်အရသာကို ခံစား ရပေမည်၊ ဝိပဿနာဘာဝနာကို ပွားများအားထုတ်လျှင်ကား ဝိမုတ္တိရသဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန် အရသာများအထိ ခံစားရပေမည်၊ ထို့ကြောင့် ဈာန်အဘိညာဉ်အရသာ, မဂ်, ဖိုလ်, နိဗ္ဗာန် အရသာ လိုရာရနိုင်သော သမထ, ဝိပဿနာ နှစ်ဖြာသော ဘာဝနာမြတ်တို့ကို ပွားများအား ထုတ်ကြခြင်းဖြင့် ရရှိထားသောအခွင့်အရေးကို လက်မလွှတ်တန်း ရယူနိုင်ကြပါစေသတည်းဟု အရှင် အနုရုဒ္ဓါ မထေရ်မြတ်က ဥယျောဇဉ်စကား မှာထားခြင်းဖြင့် သူ၏ သင်္ဂြိုဟ်ကျမ်းကို အဆုံးသတ် ထားပါသည်။

**အဘိဓမ္မာလက်ဆောင်ကျမ်းပြီးပါပြီ။**

http://www.dhammadownload.com

# ကျမ်းကိုးစာရင်း

| ကျမ်းအမည် | ကျမ်းပြု | ကျမ်းညွှန်း |
|---|---|---|
| ၁။ ဓမ္မသင်္ဂဏီပါဠိတော် | | အဘိ ၁၊ |
| ၂။ ဝိဘင်္ဂပါဠိတော် | | အဘိ ၂၊ |
| ၃။ မူလပဏ္ဏာသ ပါဠိတော် | | မ- ၁၊ |
| ၄။ သံယုတ်ပါဠိတော်-ပ | | သံ ၁၊ |
| ၅။ ဝိနယမဟာဝဂ္ဂပါဠိတော် | | ဝိ ၃၊ |
| ၆။ ဇာတကပါဠိတော်-ဒု | | ဇာတက-၂၊ |
| ၇။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် | | ပဋိသံ၊ |
| ၈။ အဋ္ဌသာလိနီ | (အရှင်မဟာဗုဒ္ဓဃောသ) | အဘိ-ဋ္ဌ ၁၊ |
| ၉။ ဝိဘင်းအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | အဘိ-ဋ္ဌ ၂၊ |
| ၁၀။ပဥ္စပကရဏအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | အဘိ-ဋ္ဌ ၃၊ |
| ၁၁။ဒီဃနိကာယ်မဟာဝဂ္ဂအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | ဒီ-ဋ္ဌ ၂၊ |
| ၁၂။ပါထိကဝဂ္ဂအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | ဒီ-ဋ္ဌ ၃၊ |
| ၁၃။မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | မ-ဋ္ဌ ၃၊ |
| ၁၄။သုတ္တနိပါတအဋ္ဌကထာ | (အရှင်မဟာဗုဒ္ဓဃောသ) | သုတ္တနိပါတ ဋ္ဌ၊ |
| ၁၅။ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-ပ | (အရှင်မဟာဗုဒ္ဓဃောသ) | ဝိသုဒ္ဓိ ၁၊ |
| ၁၆။ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-ဒု | (အရှင်မဟာဗုဒ္ဓဃောသ) | ဝိသုဒ္ဓိ ၂၊ |
| ၁၇။မူလဋီကာ-ပ | (ရှင်အာနန္ဒာ) | အဘိ-ဋီ ၁၊ |
| ၁၈။မူလဋီကာ-ဒု | (ရှင်အာနန္ဒာ) | အဘိ-ဋီ ၂၊ |
| ၁၉။မူလဋီကာ-တ | (ရှင်အာနန္ဒာ) | အဘိ-ဋီ ၃၊ |
| ၂၀။အနုဋီကာ-ပ | (ရှင်ဓမ္မပါလ) | အနု-ဋီ ၁၊ |
| ၂၁။အနုဋီကာ-ဒု | (ရှင်ဓမ္မပါလ) | အနု-ဋီ ၂၊ |
| ၂၂။အနုဋီကာ-တ | (ရှင်ဓမ္မပါလ) | အနု-ဋီ ၃၊ |
| ၂၃။ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ-ပ, ဒု | (ရှင်ဓမ္မပါလ) | ဝိသုဒ္ဓိ-ဋီ ၁၊ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၄။အဘိဓမ္မဝဘာရ | (ရှင်သုဒ္ဒဒတ္တ) | အဘိဓမ္မာဝတာရ၊ |
| ၂၅။နာမရူပပရိစ္ဆေဒ | (ရှင်အနုရုဒ္ဓါ) | နာမရူပပရိစ္ဆေဒ၊ |
| ၂၆။အဘိဓမ္မတ္ထသင်္ဂဟာအဌကထာ | (ရှင်အနုရုဒ္ဓါ) | သင်္ဂြိုဟ်၊ |
| ၂၇။ပရမတ္ထဝိနိစ္ဆယ | (ရှင်အနုရုဒ္ဓါ) | ပရမတ္ထဝိနိစ္ဆယ၊ |
| ၂၈။သစ္စသခေ်ပ | (ရှင်သာရိပုတ္တရာ) | သစ္စသခေ်ပ၊ |
| ၂၉။အဘိဓမ္မတ္ထဝိဘာဝိနီ | (ရှင်သုမင်္ဂလသာမိ) | ဋီကာကျော်၊ |
| ၃၀။သခေ်ပဝဏ္ဏနာဋီကာ | (သဒ္ဓမ္မဇောတိပါလဆာပဒထေရ်) | သခေ်ပဋီကာ၊ |
| ၃၁။မဏိသာရမဉ္ဇူသာ-ပ | (ရှင်အရိယဝံသ) | မဏိ ၁၊ |
| ၃၂။မဏိသာရမဉ္ဇူသာ-ဒု | (ရှင်အရိယဝံသ) | မဏိ ၂၊ |
| ၃၃။ပရမတ္ထသရူပဘေဒနီ-ပ | (ဝိသုဒ္ဓါရုံဆရာတော်) | ဘေဒနီ ၁/ဝိ၊ |
| ၃၄။ပရမတ္ထသရူပဘေဒနီ-ဒု | (ဝိသုဒ္ဓါရုံဆရာတော်) | ဘေဒနီ ၂/ဝိ၊ |
| ၃၅။ပရမတ္ထဒီပနီ | (လယ်တီဆရာတော်) | ပရမတ္ထဒီပနီ၊ |
| ၃၆။ပရမတ္ထသံခိပ် | (လယ်တီဆရာတော်) | ပရမတ္ထသံခိပ်/တီ၊ |
| ၃၇။ပရမတ္ထစက္ခု | (ဒီပဲရင်းဆရာတော်) | ပရမတ္ထစက္ခု/ဒီ၊ |
| ၃၈။ယမိုက်အရကောက်ကျမ်း | (ထန်းတစ်ပင်ဆရာတော်) | ယမိုက်အရကောက်၊ |
| ၃၉။အဘိဓမ္မတ္ထဒီပက-ပ | (ဗိုလ်တုန်းဆရာတော်) | အဘိဓမ္မတ္ထဒီပက ၁၊ |
| ၄၀။အဘိဓမ္မတ္ထဒီပက-ဒု | (ဗိုလ်တုန်းဆရာတော်) | အဘိဓမ္မတ္ထဒီပက ၂၊ |
| ၄၁။သတပဒီကပုစ္ဆာဝိသဇ္ဇနာ | (မင်းကွန်းတောရ ဦးပဏ္ဍဝံသ) | သတပဒီကပုစ္ဆာ၊ |
| ၄၂။သင်္ဂြိုဟ်ဘာသာဋီကာ | (အရှင်ဇနကာဘိဝံသ) | ဘာသာဋီကာ၊ |
| ၄၃။အခြေပြုသင်္ဂြိုဟ် | (အရှင်ဇနကာဘိဝံသ) | အခြေပြု၊ |
| ၄၄။မဟာဗုဒ္ဓဝင် | (မင်းကွန်းတိပိဋကဓရဆရာတော်ကြီး) | မဟာဗုဒ္ဓဝင်။ |

http://www.dhammadownload.com

http://www.dhammadownload.com